၇၃-ဖြေ။ ။အ၁ဝဏ် (၂) လုံး၏ နောက်၌ ဣဒါနိ-ဣတိ-ဣဝ-ဧဝ-စသော ပုဒ်တို့၏ ဣ-နှင့်-ဧ-သရများသာ ကျေနိုင်ပါ၏။

**(ကြွင်းသော သရများ မကျေ)**

ဣဝဏ်(၂) လုံး }
ဥဝဏ်(၂) လုံး } တို့၏နောက်၌ အသဒိ-

ဧဝ-စသော ပုဒ်တို့၏ အ၁-ဧ- တို့နှင့် တကွ ရသသရတို့သာ ကျေနိုင်၏။

**(ကြွင်းသော ဒီဃတို့ အရာခပ်သိမ်းမကျေ)**

ဤသို့ စည်းကမ်း ဥပဒေသ ထားခဲ့၏။

**အဝဏ္ဏတော သရော-ဒါနိ၊**
**တီဝေဝါဒိ° ဝိနာပရော။**
**နလုပ္ပတညတော ဒီဃော၊**
**အာသေဝါဒိ ဝိဝဇ္ဇိတော။** **။ရူပသိဒ္ဓိ။**

---

၇၄-မေး။ ။ဝါ-သန္ဓိသည် မည်သည့် အနက်တို့၌ ဖြစ်နိုင်သည်ကို ဖော်ပြ၍ ဤသုတ်၌ ဝါ သန္ဓိ၏ ဖြစ်ထိုက်သော အနက်ကို သေချာစွာ ရေးခဲ့ပါ။

၇၄-ဖြေ။ ။အ၁-သန္ဓိသည် မရိယာဒ-အနက် အဘိဝိဓိ-အနက်တို့၌ ဖြစ်သကဲ့သို့ ဝါ-သန္ဓိသည် ဝိကပ်အနက် ဝဝတ္ထိတဝိဘာသာ အနက်တို့၌ ဖြစ်ပါသည်။

ဤသုတ်၌ ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်၌ ဖြစ်ပါ၏။

---

၇၅-မေး။ ။ဤသုတ်၌ ဝဝတ္ထိတဝိဘာသာ အနက်ဟော ဝါ-သဒ္ဒါဖြင့် မည်သို့သော အစီရင်မျိုးကို ပြပါသနည်း။ ဥဒါဟရဏ်ဖြင့် ယှဉ်တွဲပြခဲ့ပါ။

၇၅-ဖြေ။ ။အောက်ပါ ဝိဓိ-သုံးပါးကို ပြပါ၏။

(က) နိစ္စ-ဝိဓိ- **စက္ခု႞န္ဒြိယာနိ။** **(အမြဲစီရင်)**

(ခ) အနိစ္စဝိဓိ- { **စက္ခာရောမေ** / **စက္ခာရောစ္စမေ** } **(ရံခါသာ စီရင်)**

(ဂ) အသန္တဝိဓိ- **ပဋ္ဌိန္ဒြိယာနိ။** **(အခါခပ်သိမ်း မစီရင်ရ)**

**(နိစ္စ-အနိစ္စ-အစီအရင်(၂)ပါး ထင်ရှားမရှိ-ဟူလို)**

---

၇၆-မေး။ ။အောက်ပါ (က)(ခ)(ဂ)တို့ကို ပုဒ်စပ်၍ (ဃ)(င)(စ)တို့ကို ပုဒ်ဖြတ်ပြပါ။

(က) **ယဿ+ဣဒါနိ၊** (ဃ) **ဣတိ-ပိ၊**
(ခ) **သညာ+ဣတိ၊** (င) **အဿမဏီ-သိ၊**
(ဂ) **ဆာယာ+ဣဝ၊** (စ) **စက္ခု-န္ဒြိယံ၊**

၇၆-ဖြေ။ ။

(က) **ယဿ-ဒါနိ၊** (ဃ) **ဣတိ+အပိ၊**
(ခ) **သညာ-တိ၊** (င) **အဿမဏီ+အသိ၊**
(ဂ) **ဆာယာ-ဝ၊** (စ) **စက္ခု+ဣန္ဒြိယံ၊**

**(ဤဥဒါဟရဏ်(၆)ခုသည် ရူပသိဒ္ဓိလာ နိစ္စဝိဓိတည်း။)**

---

၇၇-မေး။ ။အောက်ပါ (က)မှ (င)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (စ)မှ (ည)အထိ ပုဒ်တို့ကို မှန်ကန်စွာ ဖြတ်ခဲ့ပါ။

(က) အကဘညူ+အသိ၊ (စ) စတ္တာရော-မေ၊
(ခ) အာကာသေ+ဣဝ၊ (ဆ) ဝသလော-တိ၊
(ဂ) တေ+အသိ၊ (ဇ) မောဂ္ဂလာနော-သိ ဗိဇကော၊
(ဃ) ဝန္ဒေ+အဟံ၊ (ဈ) ကထာ-ဝ ကာ၊
(င) သော+အဟံ၊ (ည) ပါတော-ဝ၊

၇၇-ဖြေ။

(က) အကတညူ-သိ၊ (စ) စတ္တာရော+ဣမေ၊
(ခ) အာကာသေ-ဝ၊ (ဆ) ဝသလော+ဣတိ၊
(ဂ) တေ-သိ၊ (ဇ) မောဂ္ဂလာနော+အသိ ဗိဇကော၊
(ဃ) ဝန္ဒေ-ဟံ၊ (ဈ) ကထာ+ဧဝ ကာ၊
(င) သော-ဟံ၊ (ည) ပါတော+ဧဝ၊

(ဤဥဒါဟရုဏ်(၁၀)ခုသည် ရူပသိဒ္ဓိလာ အနီးစပ်မိတည်း။)

---

၇၈-မေး။ ။အောက်ပါ(က)မှ (င)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (စ)မှ (ည)အထိ ပုဒ်တို့ကို ကျနစွာ ဖြတ်ခဲ့ပါ။

(က) ပဋ္ဌ+ဣန္ဒြိယာနိ၊ (စ) သုဂတော-ဝါဒေါ၊
(ခ) သဒ္ဓါ+ဣန္ဒြိယံ၊ (ဆ) ဒိဋ္ဌာ-သဝေါ၊
(ဂ) သတ္တ+ဉတ္တမော၊ (ဇ) ဒိဋ္ဌော-ဃော၊
(ဃ) ကေ+ဥဒ္ဓိသတိ၊ (ဈ) စက္ခာ-ယတနံ၊
(င) ယသ+ဧတော၊ (ည) တံ ကုတေ-ဏ္ဏ လဣ္ဆာ၊

၇၈-ဖြေ။

(က) ပဋ္ဌိ-ဣန္ဒြိယာနိ၊ (စ) သုဂတ+ဩဝါဒေါ၊
(ခ) သဒ္ဓိ-ဣန္ဒြိယာနိ၊ (ဆ) ဒိဋ္ဌ+အာသဝေါ၊
(ဂ) သဗ္ဗ-ဗ္ဗမော၊ (ဇ) ဒိဋ္ဌ+ဩဃော၊
(ဃ) ကျေ-နဝိသတိ၊ (ဈ) စက္ခု+အာယတနံ၊
(င) ယသော-တော၊ (ည) တံ ကုတော+တွေ လဗ္ဘာ၊

(ဤဥဒါဟရုဏ် (၁၀) ခုသည် ရူပသိဒ္ဓိလာ အသန္တဝိဓိတည်း။)

(ခဏာခဏာလေ့ကျင့်ပါ။)

---

၇၉-မေး။ ။"သရာ သရေ လောပံ" ဟူသော ရှေ့သုတ်ကို ထောက်၍၎င်း(အသရူပါ) ဟူသော ပုဗ္ဗ နိမိတ်ကို ထောက်၍၎င်း (ပရော)သဒ္ဒါ မပါပဲ သော်လည်း နောက်သရ၏ ကျေ ခြင်းကို သိနိုင် ပါလျက် (ပရော) သဒ္ဒါကို ထည့်ရခြင်း၏ အကျိုး ကို ဘော်ပြပါ။

၇၉-ဖြေ။ ။

ပပံ-ကို-ပ+အာပံ-ပုဒ်ဖြတ်၍၎င်း၊ နာလံ ကို-န+အလံ-ပုဒ်ဖြတ်၍၎င်း၊ ဤသို့စသော ဥဒါဟရဏ်တို့၌ သုတ်ပင်တူသော်လည်း နောက်သရကို ချေနိုင်၏ဟု သိစေခြင်း အကျိုးငှါ (ပရော) သဒ္ဒါကို ထည့်ထားရ

ပါ၏။ ။(ဝါပရော- ဟူသော ဣတ္ထိကရဏ ယောဂဝိဘာဂဖြင့် ချေရမည်)

ဝါ ပရောတိ ဝိဘာဂေန၊
သရူပေါဝိ ပရော လောပေါ။
တတ္ထ ဝိန္ဒုု ပပံ နာလံ၊
အာဒယော ဣတိ အာဒိသု။

နိဒ္ဒေသ။

---

## ကွဲခေသဝဏ္ဏ လုပ္ပွေ။

### (အာဒေသ ဝိဓိသုတ်။)

၇၀-မေး။ ။အာသဝဏ္ဏ-ပုဒ်ကို ဝစနတ္ထပြု၍ အနက်ပေးပြီးလျှင် အာသဝဏ္ဏ-ပုဒ် အရကိုလည်း ထုတ်ပြခဲ့ပါ။

၇၀-ဖြေ။ ။နတ္ထိ သဝဏ္ဏာ ဧတေသန္တိ အာသဝဏ္ဏာ။ ဧတေသံ သရာနံ၊ ထိုသရတို့အား။ သဝဏ္ဏာ၊ သုတိတူသောသရတို့သည်။ နတ္ထိ၊ မရှိကုန်။ ဣတိ တသ္မာ၊ ထိုကြောင့်။ တေ သရာ၊ ထိုသရတို့သည်။ အာသဝဏ္ဏာ၊ အာသဝဏ္ဏမည်ကုန်၏။

(၁) { ဧ } အာသဝဏ္ဏ(အသရူပ)လည်းမည်၏။
(၂) { ဩ }

---

၈၁-မေး။ ။ဣ-ဝဏ်ကို (ဧ)၊ဥ-သရကို ဩ-မပြုပဲ၊ အဘယ်၏ အစွမ်းကြောင့် ဣ-ဝဏ်ကို-ဧ၊ဥ-သရကို (ဩ)-ပြုရပါသနည်း။

၈၁-ဖြေ။

ဌာန်ချင်း နီးသည်၏ အစွမ်းကြောင့် (ဝါ) ဌာန်ချင်း တူသည့် အစွမ်းကြောင့် ပြုရပါသည်။

ဌာနာ သန္နဝသေန ဣဝဏ္ဏုကာရာ
န ဧကာရောကာရာ ဟောန္တိ။
ရူပသိဒ္ဓိ။

---

၈၂-မေး။ ။"ဝါပရော အသရူပါ"သုတ်မှ ဝါ-သဒ္ဒါ လိုက်၍ လာသဖြင့် ကွစိ-သဒ္ဒါ မပါမဝင်စေပဲ(အသဝဏ္ဏေ လုတ္တေ)ဟု တည်သင့်သည် မဟုတ်ပါလော၊ အဘယ်ကြောင့် ကွစိ-သဒ္ဒါကိုထည့်၍ မိန့်ဆိုပါသနည်း။

၈၂-ဖြေ။ ။အဝဏ်-ကျေရာ၌သာ(ဧ-ဩ) ဟူသော အသဝဏ် အစီအရင် ဖြစ်နိုင်သည်-ဟု သိစေ လိုသောကြောင့် ကွစိ-သဒ္ဒါကို ထည့်၍ မိန့်ဆိုပါ၏။

ဧတ္ထ စ သတိပိ ဟေဋ္ဌာ ဝါဂ္ဂဟဏေ ကွစိ ကရဏတော အဝဏ္ဏေ ဝေ လုတ္တေ ဧဝ ဝုတ္တဝိဓိ ဟောတီတိ ဒဋ္ဌဗ္ဗံ ။
ရူပသိဒ္ဓိ။

**တနည်း။**

အနက်ပြားသောကြောင့် ဝါ-သဒ္ဒါ မလိုက်စေပဲး"ကွစာသဝဏ္ဏံ လုဗ္ဘော"ဟု တည်ရပါ၏။

**နိဗ္ဗေသ။**

---

၈၃-မေး။ ။"သရာ သရေ လောပံ"သုတ်မှ လောပသဒ္ဒါ အလိုက်ခံ၍ ကွစာ သဝဏ္ဏံ-ဟု တည်ပါက ပြီးစီး နိုင်ပါလျက် လုဗ္ဘော-သဒ္ဒါထည့်ရခြင်း၏ အကျိုးကို ရေးပါ။

၈၃-ဖြေ။ ။

**ဆ ဋ္ဌမေ ဓမ္မာ၊ ယထာ ဋ္ဌဒံ၊**

စသောဥဒါဟရဏ်တို့၌ရှေ့သရမကျေသောကြောင့်အသဝဏ်-အပြုကိုတားမြစ်ခြင်း အကျိုးရှိပါ၏။

**(ရူပသိဒ္ဓိအလို။)**

လုဗ္ဘော-သဒ္ဒါကို ထည့်ရခြင်းသည် ပိုလွန်၏။ထိုပိုလွန်သော လုဗ္ဘော-သဒ္ဒါဖြင့် **မုနေ လယော- ဋ္ဌသေ လယော-** စသော ဥဒါဟရဏ်တို့၌ နောက်သရ ကျေရာ၌လည်း ရှေ့သရကို အသဝဏ်-ပြုရခြင်း အကျိုးရှိ၏။

**(နိဗ္ဗေသအလို။)**

(၁) ဓုနိ+အာလယော
(၂) ဓုသိ+အာလယော } ပုဒ်ဖြတ်ထားပုံ။

လုတ္တေတိ ပုန္နစ္စာရဏော၊
အသဝဏ္ဏံ ပရလောပေ။
မုနေလယော-ဓုသေလယော၊
ရထေသဘောတိ အာဒိသု။

နိဒ္ဒေသ။

---

၈၄-မေး။ ။ဧ္သုတ်၏ အစီအရင်ဖြစ်သော နိမိတ်ဖြစ်ထိုက်သော သရတို့ကို ထုတ်ပြပြီးလျှင် ဧ္သုတ်၌ပင် ကာရီနှင့် ကာရိယဖြစ်ထိုက်သော သရတို့ကို ယှဉ်တွဲးပြခဲ့ပါ။

၈၄-ဖြေ။

နိမိတ်ဖြစ်ထိုက်သော သရများ။

(က) အ-နှင့်-အာ။ (ရူပသိဒ္ဓိ အလို)
(ခ) အ-အာ-ဣ-ဤ-ဥ-ဦ။ (ဆရာများ အလို)

ကာရီ။ ကာရိယ။

(က) ဣ-နှင့်-ဤ——ဧ
(ခ) ဥ —— ဩ } ရူပသိဒ္ဓိအလို။

(က) ဣ-နှင့်-ဤ——ဧ
(ခ) ဥ-နှင့်-ဦ——ဩ } သဒ္ဒနီတိအလို။

၈၅-မေး။ ။ကွစိ-သဒ္ဒါ ဝါ-သဒ္ဒါတို့၏ အထူးကို ဖော်ပြပါ။

၈၅-ဖြေ။ ။(က) ကွစိ-သဒ္ဒါသည် အသန္တဝိဓိ-ကို ပြ၏။

(ခ) ဝါ-သဒ္ဒါသည်နိစ္စ-အနိစ္စ-အသန္တ-ဝိဓိကို ပြ၏။

(နိဒ္ဒေသအလို)

(က) ကွစိ-သဒ္ဒါသည် ဧကရုပ်ကိုပြ၏။

(ခ) ဝါ-သဒ္ဒါသည် ဒွိရုပ်ကို ပြ၏။

(ဉာသအလို)

(က) ကွစိ-နှင့် နဝါ-သဒ္ဒါသည်အနက်တူ၏။ အများအားဖြင့် ဧကရုပ်ကို ပြ၏။

(ခ) ဝါ-နှင့်ဝိဘာသာသဒ္ဒါသည် အနက်တူ၏။ အများအားဖြင့် ဒွိရုပ်ကို ပြ၏။

(ရှေးဆရာတော်ကြီးများအလို။)

ကွစိ နဝါ စ ဧတ္ထာ၊
ယေဘုယျေန ဧကရူပကာ။
ဝါ ဝိဘာသာ သမာနတ္ထာ၊
ပါယေနော ဘယရူပကာ။ ။

၈၆-မေး။ ။အောက်ပါ(က)မှ (ဃ)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (င)မှ (ဇ) အထိ ပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

(က) မနုဿ+ဣဝ၊ (င) ဗိနေ-ရိတံ၊

(ခ) ဥပ+ဣက္ခတိ၊ (စ) နော-ပေတိ၊

(ဂ) ဥပ+ဣတော၊ (ဆ) စန္ဒော-ဒယော၊

(ဃ) အဝ+ဣစ္စ၊ (ဇ) ယထော-ဒကေ၊

၈၆-ဖြေ။ ။

(က) မနုဿေ-ဝ၊ (င) ဗိန+ဤရိတံ၊

(ခ) ဥပေ-က္ခတိ၊ (စ) နု+ဥပေတိ၊

(ဂ) ဥပေ-တော၊ (ဆ) စန္ဒ+ဥဒယော၊

(ဃ) အဝေ-စ္စ၊ (ဇ) ယထာ+ဥဒကေ၊

---

## ဒီဃံ။

## (အာဒေသဝိဓိသုတ်။)

၈၇-မေး။ ။ဒီဃံ-ဟူသောသုတ်၌ ဒီဃ၏ အမျိုးအစား မည်မျှရှိသည်ကို သရုပ်နှင့်တကွ ခွဲပြခဲ့ပါ။

၈၇-ဖြေ။

**ဒီဃသည်....**

(၁) သဝဏ္ဏ-ဒီဃ၊

(၂) အသဝဏ္ဏ-ဒီဃ ဟု(၂) မျိုး(၂) စားရှိပါ၏။

(၁) အ-ဣ-ဥ-သည် သဝဏ္ဏဒီဃ-မည်ပါ၏။
(၂) ဧ-နှင့်-ဩ-သည် အသဝဏ္ဏဒီဃ-မည်ပါ၏။

---

၈၈-မေး။ ။ဤသုတ်၌ ဒီဃ-ဟု သာမညဆိုသော ကြောင့် ဒီဃ(၂)မျိုး (၂) စားလုံးကိုပင် ယူရအံ့လော။ အဘယ်ဒီဃကို ယူရမည် ဟု အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

၈၈-ဖြေ။ ။သဝဏ္ဏ- ဒီဃ ကိုသာ ယူရ ပါ၏။ အကြောင်းကား ဌာနချင်း နီးသည်၏၊ ဝါ-တူသည်၏ အဖြစ်ကြောင့်တည်း။

**ဌာနာသန္နဝသေန ရဿသရာနံ သဝဏ္ဏ ဒီဃော။**

**ရူပသိဒ္ဓိ။**

---

၈၉-မေး။ ။အောက်ပါ(က)မှ (စ)အထိ ပုဒ်တို့ကို ကျနစွာ စပ်ပြီးလျှင်(ဆ)မှ (ဌ)အထိ ပုဒ်တို့ကို သေချာစွာ ဖြတ်ခဲ့ပါ။

| | |
|---|---|
| (က) တတြ+အယံ၊ | (ဆ) ဂန္တွာမီ-တိ၊ |
| (ခ) ဗုဒ္ဓ+အနုဿတိ၊ | (ဇ) အတီ-တော၊ |
| (ဂ) သ+အတ္ထိကာ၊ | (ဈ) ကီကီ-ဝ၊ |
| (ဃ) ပညဝါ+အဿ၊ | (ဉ) ဗဟူ-ပကာရံ၊ |
| (င) တဒါ+အဟံ၊ | (ဋ) မဓူ-ဒကံ၊ |
| (စ) ယာနိ+ဣဓဘူတာနိ၊ | (ဌ) သူ-ပဓာရိတံ၊ |

၇၉ ဖြေ။

(က) တတြ-ယံ၊
(ခ) ဗုဒ္ဓါ-နုဿတိ၊
(ဂ) သာ-တ္ထိကာ၊
(ဃ) ပည ဝါ-ဿ၊
(င) တဒါ-ဟံ၊
(စ) ယာနီ-ဓဘူတာနိ၊
(ဆ) ဂန္တွာမိ+ဣတိ၊
(ဇ) အတိ+ဣတော၊
(ဈ) ကိကီ+ဣဝ၊
(ည) ဗဟု+ဥပကာရံ၊
(ဋ) မရု+ဥဒကံ၊
(ဌ) သု+ဥပဓာရိတံ၊

---

၈၀-မေး။ ။အောက်ပါ(က)မှ (င)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (စ)မှ (ည)အထိ ပုဒ်တို့ကို ဖြတ်ခဲ့ပါ။

(က) ယောပိ+အယံ၊
(ခ) ဣဒါနိ+အဟံ၊
(ဂ) သစေ+အယံ၊
(ဃ) အပ္ပဿုတော+အယံ၊
(င) ဣတရ+ဣတရေန၊
(စ) သဒ္ဓီ-ဓ ဝိတ္တံ၊
(ဆ) ကမ္မူ-ပနိဿယော၊
(ဇ) တထူ-ပမံ၊
(ဈ) ရတ္တူ-ပရတော၊
(ည) ဝူ-ပသမော၊

၈၀-ဖြေ။ ။

(က) ယောပါ-ယံ၊
(ခ) ဣဒါနာ-ဟံ၊
(ဂ) သစာ-ယံ၊
(ဃ) အပ္ပဿုတာ-ယံ၊
(င) ဣတရီ-တရေန၊
(စ) သဒ္ဓါ+ဣဓ ဝိတ္တံ၊
(ဆ) ကမ္မ+ဥပ နိဿယော၊
(ဇ) တထာ+ဥပမံ၊
(ဈ) ရတ္တိ+ဥပရတော၊
(ည) ဝိ+ဥပသမော၊

---

## ပုဗ္ဗော စ။

(အာဒေသဝိဓိသုတ်။)

၉၁-မေး။ ။"ပုဗ္ဗော စ"သုတ်၌ အဘယ် အကျိုးငှါ စ-သဒ္ဒါကို ထည့်ပါသနည်း။

၉၁-ဖြေ။ ။လုတ္တေ-သဒ္ဒါ ဒီဃံ-သဒ္ဒါတို့ကို ဆွဲးယူခြင်းအကျိုးငှါ ထည့်ပါ၏။

စဂ္ဂဟတ္ထံ လုတ္တေ ဒီဃာနုကမ္ပနတ္ထံ။
ရူပသိဒ္ဓိ။

---

၉၂-မေး။ ။သဒ္ဒါကျမ်းတို့၏ ထုံးစံအတိုင်း ရှေ့ရှေ့သုတ်က နိမိတ်-ကာရီ-ကာရိယ-တို့သည် နောက်နောက်သုတ်သို့လိုက်မြဲဖြစ်ရကား မဆွဲးယူ မငင်သော်လဲး လုတ္တေ- သဒ္ဒါ၊ ဒီဃံ- သဒ္ဒါတို့သည် လိုက်လာကြသည် မဟုတ်ပါလော၊ မည်သို့ အကျိုးရှိ၍ စ-သဒ္ဒါဖြင့် ဆွဲးယူရ ငင်ရပါသနည်း။

၉၂-ဖြေ။ ။ဆွဲးယူပြီး ငင်ပြီးသော လုတ္တေ- သဒ္ဒါ ဒီဃံ-သဒ္ဒါတို့သည် နောက်နောက် သုတ်သို့ မလိုက်နိုင်-ဟု သိစေခြင်း အကျိုးရှိပါ၏ (မဆွဲးယူ-မငင်ပဲး ထားပါက နောက်နောက် သုတ်သို့ ဆက်ခါ ဆက်ခါ လိုက်လိမ့်မည်-ဟူလို။)

တဒ္ဓိတာနုကမ္ပိတ မုတ္တရတြ နာနုဝတ္တတေတိ ဉာပနတ္ထံ။ ။ရူပသိဒ္ဓိ။

---

၉၃-မေး။ ။အနန္တရကစုန-အပြားကို ပြပြီးလျှင် ဤသုတ်၌ လိုအပ်သော အနန္တရကစုန-ကို ရေးသား ဖြေဆိုပါ။

၉၃-ဖြေ။ ။

(က) အနန္တရဝတ္တမာန အနန္တရကစုန။ { မိမိ အလိုလို လိုက်၍ ပင်လာပါသော်လည်း ကျော်လွန်၍ မလိုက်စေပဲ မိမိသုတ်၌သာ ရပ်တည်စေလို၍ ငင်ခြင်း။

(ခ) အနန္တရဝတ္တမာန အနန္တရကစုန။ { မိမိအလိုလို လိုက်မလာသောကြောင့် လိုက်လာစေခြင်းငှါ ငင်ခြင်း။

ဤသို့(၂)ပါး ရှိပါ၏။

ဤသုတ်၌ အနန္တရဝတ္တမာန အနန္တရကစုနကို အလိုရှိအပ်ပါ၏။

---

၉၄-မေး။ ။ဤသုတ်သည် ဒိဿ ပြုရသော သုတ်ဖြစ်၍ ဒိဿ (၅) လုံးကိုပင် ယူထိုက် မယူထိုက် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၉၄-ဖြေ။ ။"ကွစာသဝဏ္ဏံ လုတ္တေ" သုတ်က အသဝဏ်ကို ယူပြီးဖြစ်သောကြောင့် အဓာ-ဤ-ဦ-ဟူသော သဝဏ္ဏဒိဿ သုံးလုံးကိုသာ ယူရပါ၏။

---

၉၅-မေး။ ။"ဒိဿံ" နှင့် "ပုဗ္ဗေဝ စ" သုတ်တို့သည် ဒိဿ-ပြုသော သုတ်တို့ချည်း ဖြစ်ကြ၍ မထူးပဲကို ရှင်ကစ္စည်းမထေရ် မတည်ခဲ့ရာ။အထူးကား အသိရှိပါနည်း။

၉၅-ဖြေ။ ။"ဒိဿံ"သုတ်ကား "သရာ သရေ လောပံ"သုတ်ဖြင့် ရှေ့သရချေပြီးမှ နောက်သရကို ဒိဿ-ပြု၏။

"ပုဗ္ဗေဝ စ" သုတ်ကား "ဝါပရော အသရူပါ"သုတ်ဖြင့် နောက်သရကို ချေပြီးမှ ရှေ့သရကို ဒိဿပြု၏။

(ဤကား အထူး။)

---

၉၆-မေး။ ။အောက်ပါ(က)မှ (ဃ)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (င) မှ (ဈ)အထိ ပုဒ်တို့ကို ဖြတ်ပြပါ။

(က) လောကဿ+ဣတိ၊ (င) သံဃာဋ္ဌီ-မိ၊
(ခ) ဒေဝ+ဣတိ၊ (စ) ဇီဝိတဟေတူ-မိ၊
(ဂ) ဝိ+အတိပတန္တိ၊ (ဆ) ဝိဋ္ဌူ-ဝ၊
(ဃ) ဝိ+အတိနာမေန္တိ၊ (ဇ) ကိံ သူ-ဓ ဝိတ္တံ၊
(ဈ) သာဓူ-တိ၊

၉၆-ဖြေ။ ။

| | |
|---|---|
| (က) လောကဿာ-တိ၊ | (င) သံဃာဋိ+အပိ၊ |
| (ခ) ဒေဝါ-တိ၊ | (စ) ဇီဝိတဟေတု+အပိ၊ |
| (ဂ) ဝီ-တိပတန္တိ၊ | (ဆ) ဝိဇ္ဇု+ဣဝ၊ |
| (ဃ) ဝီ-တိနာမေန္တိ၊ | (ဇ) ကိံသု+ဣဓ ဝိတ္တံ၊ |

(ဈ) သာဓု+ဣတိ၊

---

## ယ မေဒန္တဿ ဒေသော။

(အာဒေသဝိဓိသုတ်။)

၉၇-မေး။ ။ဤသုတ်ဖြင့် သရနှောင်းရှေ့၌ အစိတ်ဖြစ်သော ဧ-ကို-ယ-အပြုကို စီရင်ရာ၌ အမှတ်မရှိသော သရ နှောင်းရှေ့၌ အပိုင်းအခြား အမှတ်အသားမရှိသော သဒ္ဒါ၏ အစိတ် ဖြစ်သော ဧ-ကို- ယ- ပြုရမည်လော။

၉၇-ဖြေ။ ။အမှတ်အသားမရှိ။ယံဝါတံဝါ-ပြုရသည်မဟုတ်ပါ။

(၁) အ-သရ နှောင်းခြင်း။

(၂) မေ-တေ-ယေ-စသည်တို့၏ အစိတ် ဧ-သရ ဖြစ်ရခြင်း။

ဤသို့သော လက္ခဏာရှိမှ ယ-ပြုရပါ ပါသည်။

အကာရေမေ-တေ-ယေ-သဒ္ဒါဒိသောဝါယံ။
ရူပသိဒ္ဓိ။

ယော-တော
မေ-ပဗ္ဗတော } စသော ပုဒ်တို့၏ အစိတ် ေ-ကိုသာ-ယ-ပြုရမည်။

(သဒ္ဒနီတိ-အလို။)

(က) ယေ-တေ-မေ-တော၊ပဗ္ဗတော၊ယမေဒန္တ-သုတ်ဘို့တည်း။
(ခ) ယေ-ကို မလို၊နီတိဆို၊စေကို-ဆရာကြီးတို့နည်း။

(မာန်လည်နိယံ။)

---

၉၇-မေး။ ။ဤ"ယ-မေဒန္တသာဒေသော" သုတ်ကို ရွမ်းနိုင်ပါသမျှ ပုဒ်ဖြတ်ပြခဲ့ပါ။

၉၇-ဖြေ။ ။

(က) ယံ ေ အန္တသ အာဒေသော။ { ရူပသိဒ္ဓိ / နျာသ } တို့၏ အလို။

(ခ) ယော ေ အန္တသ အာဒေသော။ { ဗာလာဝတာရစာကိုယ် / ၎င်းဋီကာဟောင်း } တို့၏ အလို။

(က) ယန္တိ ယံရူပံ။ ။(ရူပသိဒ္ဓိ။)
ယန္တိ ဝစနံ၊ယံ ရူပန္တိ ဝါ သမ္ဗန္ဓော။(ချာသ။)

(ခ) အန္တသ ကောရသ ကွစိ
ယော အာဒေသော ဟောတိ၊ } (ဗာလာဝတာရ။)
ယော ဒေန္တသာတိ
ဆေဒံ ကတွာ။ } (ဗာလာဝတာရဋီကာဟောင်း။)

(ဋီကာဟောင်း၌ ဝါဒကွဲးရာ ယ-ပုဒ်ကိုသာ အဓိကထား၍ ပုဒ်ဖြတ်ထား၏။)

၉၉-မေး။ ။ဝါဒအသီးသီး ကွဲပြားကြရာ၌ ဤသုတ်၏ ဝုတ္တိနှင့်ညီမျှသော ဝါဒကို ထုတ်ပြပါ။

၉၉-ဖြေ။ ။ဝုတ္တိ-၌ ယ-ကာရာဒေသော- ဟု ဘွင့်သည်ကို ထောက်ဆလျှင် ဗာလာဝတာရနှင့် ဇင်းမြိုကာပေါင်းတို့၏ ဝါဒနှင့် ညီမျှပါသည်။

---

၁၀၀-မေး။ ။ ယ-သဒ္ဒါသည်....

(၁) အာဒေသကို ငဲ့ခြင်း၊

(၂) အာဒေသ၏ ပုလ္လိင်ဖြစ်ခြင်း၊

တို့ကြောင့် "ယော ဧ ဒန္တသော"- ဟု ဆိုထိုက်ပါလျက် အဘယ်အကျိုးငှါ "ယ-မေဒန္တဿာဒေသော" ဟု မိန့်ဆိုပါသနည်း။

၁၀၀-ဖြေ။ ။သုခုစ္စာရဏ အကျိုးငှါ မိန့်ဆိုပါ၏။

---

၁၀၁-မေး။ ။ဤသုတ်၌ အန္တ-သဒ္ဒါကိုအဘယ်အကျိုးငှါ ဆိုပါသနည်း။

၁၀၁-ဖြေ။ ။"ဓမ္မစက္ကံ ပဝတ္တေန္တော"-စသောဥဒါဟရဏတို့၌ အစိတ် မဟုတ်သည့် အဖြစ်ကြောင့် ဧ-သရ၏ ယ-အပြုကို နစ်စေခြင်းအကျိုးငှါ ဆိုပါသည်။

---

၁၀၂-မေး။ ။အောက်ပါ(က)(ခ)တို့ကို ပုဒ်စပ်၍ (ဂ)(ဃ)(င)တို့ကို ပုဒ်ဖြတ်ခဲ့ပါ။

(က) အဓိဂတော ခေါ မေ+အယံ ဓမ္မော။ (ဂ) တျာ-ဿ ပဟီနာ။
(ခ) ပုဗ္ဗော တေ+အဟံ။ (ဃ) ပဗ္ဗတျာ-ဟံ။
(င) ယျ-ဿ။

၁၀၂-ဖြေ။ ။

(က) အဓိဂတော ခေါ မျာ-ယံ ဓမ္မော၊ (ဂ) တေ+အဿ ပဟီနာ၊
(ခ) ပုဗ္ဗော တျာ ဟံ၊ (ဃ) ပဗ္ဗတေ+အဟံ၊
(င) ယေ+အဿ။

---

## ဝမ္မောဒုဒန္တန္တာဒိ။

## (အာဒေသဝိဓိသုတ်။)

၁၀၃-မေး။ ။ဤသုတ်ဖြင့် (ဝ)ပြုရာ၌ အဘယ် သဒ္ဒါတို့၏ အစိတ်ဖြစ်သော (ဩ-ဥ)အက္ခရာတို့ကို (ဝ)ပြုရပါသနည်း။

၁၀၃-ဖြေ။ ။(က-ခ-ယ-သ-တ)သဒ္ဒါ စသည်တို့၏ အစိတ် ဖြစ်သော (ဩ) အက္ခရာကိုသာ (ဝ)ပြုရပါသည်။ (ဥ)အက္ခရာကို (ဝ)ပြုရာ၌ အမှတ်အသား မရှိပါ။

က- ခ- ယ- သ- တ- သဒ္ဒါဒိဩကာရဿေ ဒံ
ဂဟဏံ။

ရူပသိဒ္ဓိ။

တနည်း။

(က-ခ-တ-ထ-ဒ-န-ယ-သ-ဟ) ၏အက္ခရာ ကိုးလုံးတို့၏ အစိတ် (ဩ-ဦ)တို့ကိုသာ (ဝ)ပြုရ၏။

(သဒ္ဒနီတိအလို။)

(ဂ-ဓ-ဘ-လ) တို့၏ အစိတ် ကိုလည်း ဝ-ပြုသေး၏။

(သက္ကဋအလို။)

(က) က-ခ-တ-ထ၊ဒ-န-ယ၊သ-ဟ-ကိုးခရာ။

(ခ) ဝမောဒုဒန်၊ဝ-ပြုဟန်၊အမှန်ပါဠိလာ။

(ဂ) ဂ-ဓ-ဘ-လ၊ဝါဒေသ၊ထုတ်ကြ နောက်ဆရာ။

မဒန်လည်င်ရိုယ်။

(မခွာသဝေါ-ကား ပါဠိတော်လာတည်း။)

---

၁၀၄-မေး။ ။"ယမေ ဒန္တဿာဒေသော" သုတ်လာ အန္တ-သဒ္ဒါနှင့် ၎င်းသုတ်ပါ အန္တ-သဒ္ဒါတို့၏ အထူးကိုပြပါ။

၁၀၄-ဖြေ။ ။ရှေ့သုတ်လာ အန္တ- သဒ္ဒါကား ပုဒ်၏ အဆုံး၌သာ ယ-ပြု၏။

၎င်းသုတ်ပါ အန္တ- သဒ္ဒါကား ပုဒ်၏ အလယ်-အဆုံး-တို့၌ ဝ-ပြုပါ၏။

**ထိုမှတပါး။**

(၁) ဇာတေ္ဝ-ဇာတိ+ဧဝ၊

(၂) သ္ဝဂ္ဂ-သာ+အဂ္ဂ၊ တို့၌ (ဩ-ဥ)မှ တပါး (ဇာ-အာ) တို့ကိုလည်း (ဝ) ပြုရသေး၏။

**နိဒ္ဒေသအလို။**

(ဤကား အထူး။)

---

**၁၀၅-မေး။** ။ဤသုတ်၌ အနန္တ-သဒ္ဒါကို အဘယ်အကျိုး ငှါ ဆိုပါသနည်း။

**၁၀၅-ဖြေ။** ။**သဝနီယံ-**စသော ဥဒါဟရုဏ် တို့၌ အစိတ်မဟုတ်သည်၏ အဖြစ်ကြောင့် (ဝ) အပြုကို နှစ်စေခြင်း အကျိုးငှါ ဆိုပါသည်။

---

**၁၀၆-မေး။** ။သရ-အစဉ်အတိုင်း "ဝမှဒေါဒန္တာဒံ"ဟု မိန့်ဆို ထိုက်ပါလျက် ဩသရကို ရှေ့ထား၍ "ဝမောဒုဒန္တာဒံ"ဟု တည်ရခြင်း အကြောင်းကို ပြဆိုပါ။

**၁၀၆-ဖြေ။** ။(က) ကာရိယ (ဝ)လည်း ဒွိဇအက္ခရာ၊
(ခ) ကာရီ (ဩ)လည်း ဒွိဇအက္ခရာ၊ ဖြစ်၍ ကာရီ- ကာရိယ လိုက်လျောစေလို သောကြောင့် ရှေ့ထား၍ မိန့်ဆိုပါ၏။

---

၁၀၇-မေး။ ။အောက်ပါ(က) မှ (င)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (စ) မှ (ည)အထိ ပုဒ်တို့ကို ဖြတ်ခဲ့ပါ။

(က) ယာဝတကော+အဿ ကာယော၊ (စ) ယွာ-ယံ၊
(ခ) တာဝတကော+အဿ ဗျာမော၊ (ဆ) သွ-ဿ၊
(ဂ) ကော+အတ္ထော၊ (ဇ) သွေ-ဝ၊
(ဃ) အထခေါ+အဿ၊ (ဈ) ယတွာ-ဓိကရဏံ၊
(င) အဟံ ခေါ+အဇ္ဇ၊ (ည) အနွ-ဍ္ဎမာသံ၊

၁၀၇-ဖြေ။ ။

(က) ယာဝတကွ-ဿကာယော၊ (စ) ယော+အယံ၊
(ခ) တာဝတကွ-ဿဗျာမော၊ (ဆ) သော+အဿ၊
(ဂ) ကွ-တ္ထော၊ (ဇ) သော+ဧဝ၊
(ဃ) အထခွ-ဿ၊ (ဈ) ယတော+အဓိကရဏံ၊
(င) အဟံခွ-ဇ္ဇ၊ (ည) အနု+အဍ္ဎမာသံ၊

---

၁၀၈-မေး။ ။အောက်ပါ (က)မှ (ဃ)အထိ ပုဒ်တို့ကို ပုဒ်စပ်၍ (င)မှ (ဇ)အထိ ပုဒ်များကို ပုဒ်ဖြတ်ခဲ့ပါ။

(က) အနု+ဧတိ၊ (င) စက္ခွာ-ဗာဓံ၊
(ခ) သု+အာဂတံ၊ (စ) ဗဟွာ-ဗာဓော၊
(ဂ) သု+အာကာရော၊ (ဆ) ပါတွာ-ကာသိ၊
(ဃ) ဒု+အာကာရော၊ (ဇ) နွေ-ဝ၊

၁၀၇-ဖြေ။ ။

(က) အနွေ-တိ၊
(ခ) သွာ-ဂတံ၊
(ဂ) သွာ-ကာရော၊
(ဃ) ဒွါ-ကာရော၊
(င) စက္ခု+အာဗာဓံ၊
(စ) ဗဟု+အာဗာဓော၊
(ဆ) ပါတု+အာကာသိ၊
(ဇ) နတု+ဧဝ၊

---

## ဣဝဏ္ဏော ယံ နဝါ။

### (အာဒေသဝိဓိသုတ်။)

၁၀၉-မေး။ ။“ကွစာသဝဏ္ဏံလုတ္တေ” သုတ်မှ ကွစိ-သဒ္ဒါကို အလိုက်ခံ၍ “ဣဝဏ္ဏော ယံ”-ဟု သုတ်တည်က ပြီးသင့်ပါလျက် နဝါ-သဒ္ဒါကို ထည့်ရခြင်း၏ အကြောင်းကိုရေးခဲ့ပါ။

၁၀၉-ဖြေ။ ။ကွစိ-နှင့် နဝါ-တို့ ပရိယာယ်တူသည်၏ အဖြစ်ကို သိစေလိုသောကြောင့် တည်ပါသည်။

**နဝါသဒ္ဒေါ ကွစိသဒ္ဒပရိယာယော။**

**ရူပသိဒ္ဓိ။**

---

၁၁၀-မေး။ ။“ဣကာရော ယံ နဝါ” ဟု မတည်ပဲ (ဣဝဏ္ဏော)ဟု ဝဏ္ဏ-သဒ္ဒါကို ထည့်၍ တည်ရခြင်း၏ အကျိုးကို ရေးပါ။

၁၁၀-ဖြေ။ ။(ဤ)ကို ယူရခြင်း အကျိုးရှိပါ၏။

---

**၁၁၁ မေး။** ။ဤသုတ်ဖြင့် သုတိ တူ-မတူ သရနှောင်း ရာတို့တွင် အဘယ်သရနှောင်းရာ၌ (ယ) ပြုရပါသနည်း။ အကြောင်းပြ၍ ဖြေခဲ့ပါ။

**၁၁၁-ဖြေ။** ။"ဝါ ပရော အသရူပါ"သုတ်မှ(အသရူပ) သဒ္ဒါ လိုက်လာခြင်းကြောင့် သုတိ မတူ သရနှောင်းရာ၌သာ(ယ)ပြုပါသည်။သုတိ တူ သရနှောင်းရာ၌ကား (ယ)မပြုရပါ။

**ဣဝဏ္ဏော ယံ နဝါတိစ၊**
**အသရူပါဓိကာရတော။**
**ဣဝဏ္ဏဿ သရူပသ္မိံ၊**
**ယာဒေသော စ န သမ္ဘဝေ။** ။

**ရူပသိဒ္ဓိ။**

---

**၁၁၂-မေး။** ။ဤသုတ်၌ ကာရီ- ကာရိယ- နိမိတ်-ဖြစ် ထိုက်သော အက္ခရာများကို ခွဲဝေခဲ့ပါ။

**၁၁၂-ဖြေ။** ။(၁) ဣ } (၂) ဤ } **ကာရီ။**
(၁) ယ =**ကာရိယ။**
(၁) အ-အာ }
(၂) ဥ - ဦ } **နိမိတ်။**
(၃) ဧ - ဩ }

---

၁၁၃-မေး။ ။အောက်ပါ(က)(ခ)ပုဒ်တို့ကို စပ်ပြီးလျှင် (ဂ)(ဃ)ပုဒ်တို့ကို ဖြတ်ပြပါ။

(က) ပဉ္စသန္ဓာရဂုတ္တိ+အဿ၊ (ဂ) ဗျ-ဉ္ဇနံ၊

(ခ) သဗ္ဗဝိတ္တိ+အနုဘူယျတေ၊ (ဃ) ဗျာ-ကတော၊

၁၁၃-ဖြေ။ ။

(က) ပဉ္စသန္ဓာရဂုတျ-ဿ၊ (ဂ) ဝိ+အဉ္ဇနံ၊

(ခ) သဗ္ဗဝိတျာ-နုဘူယျတေ၊ (ဃ) ဝိ+အာကတော၊

---

## သဗ္ဗော စံ တိ။

**(အာဒေသဝိဓိသုတ်။)**

၁၁၄-မေး။ ။ဤသုတ်ဖြင့် (တိ) သဒ္ဒါကို (စ) ပြုရာ၌ အမှတ်မရှိသော သဒ္ဒါတို့၏ (တိ)သဒ္ဒါကို (စ)ပြုရအံ့လော။ ပိုင်းခြား သတ်မှတ်၍ ပြခဲ့ပါ။

၁၁၄-ဖြေ။ ။အမှတ်မရှိသော သဒ္ဒါတို့၏ (တိ)သဒ္ဒါကို (စ)ပြုရသည် မဟုတ်ပါ။

(က) အတိ၊

(ခ) ပတိ၊

(ဂ) ဣတိ၊

ဤ သဒ္ဒါတို့၏ အစိတ် (တိ) သဒ္ဒါကို သာ(စ)ပြုရပါသည်။

**အတိ-ပတိ-ဣတိ-တိသဒ္ဒဿေဒံ ဂဟဏံ ရူပသိဒ္ဓိ။**

---

**၁၁၅-မေး။** ။နျာသဆရာ၏ အလိုအားဖြင့် (တျ) ကို (စ)ပြုရမည်-ဟု မိန့်ဆိုထားရာ ရူပသိဒ္ဓိ အလို ကိုလည်း အတူတူပင် မှတ်ရအံ့လော။

**၁၁၅-ဖြေ။** ။မတူပါ။ အသျှင်ကစ္စည်း မဟာထေရ် ကျော် ကိုယ်တော်တိုင်က(သဗ္ဗာ စံ တိ) သုတ်၌ (တိ)ဟူ၍ တစ်တစ်ခွခွ ညွှန်ပြခဲ့ ခြင်းကြောင့် အစိတ်ဖြစ်သော(ဣ)သရကို (ယ)မပြုပဲ (တိ)သဒ္ဒါသက်သက်ကိုသာ (စ)ပြုရမည်- ဟု ရူပသိဒ္ဓိဆရာ အသေ အချာ မိန့်ဆို မှာထားပါသည်။

**တိတိနိဒ္ဒေသတော အကာတယကာရသော ဝါယံ ဝိဓိ။**

**ရူပသိဒ္ဓိ။**

---

**၁၁၆-မေး။** ။အဘယ်ကြောင့် ရူပသိဒ္ဓိဆရာ၏ အလိုတော် ကျဖြစ်သော (တိ)သဒ္ဒါကို (စ) မပြုပါပဲ နျာသ-ဆရာ၏ အလိုအတိုင်း (တျ)သဒ္ဒါ ကိုသာ (စ)ပြုခဲ့ပါလျှင် မည်သို့သော အပြစ်ဒေါသသို့ သက်ရောက် နိုင်ပါသနည်း။

**၁၁၆-ဖြေ။** ။ဤသုတ်သို့ လိုက်လာခဲ့သော ကွစိ-သဒ္ဒါ ၏ ၎င်း၊ "အတိသာ စ န္တ သာ" သုတ်၏ ၎င်း၊

အကျိုးမရှိခြင်း တည်းဟူသော နိရတ္ထက
အပြစ်ဒေါသသို့ သက်ရောက်နိုင်ပါသည်။

ဉာတရထာ ကွစိဂ္ဂဟဏာဿ စ အတိဿ
စန္တဿာတိ သုတ္တဿ နိရတ္ထကတာ
သိယာ။

ရူပသိဒ္ဓိ။

၁၁၇-မေး။ ။ချာသနှင့် ရူပသိဒ္ဓိ ဆရာကြီးတို့ ဝါဒကွဲ
ပြားလျက် ရှိရာ မည်သည့် ဝါဒ-သင့်
ကြောင်း အထောက်ပြ၍ ဝိနိစ္ဆယ ချမှတ်
ခဲ့ပါ။

၁၁၇-ဖြေ။ ။(ဉာတိဿ-ရဟုတ္တမ္ဘိ) ဟူသော ကိံဥဒါ
ဟရဏ်ကို ထောက်၍ ရူပသိဒ္ဓိ ဝါဒသာ
သင့်ပါသည်။

ဉာတိဿ မုဟုတ္တမ္ဘိတိ ကိမုဒါဟရဏံ နိဿာယ၊
အယမေဝ အတ္ထော သုန္ဒရတရောတိ ဝဒန္တိ။

နိဒ္ဒေသ။

(၁) တျ-ကိုသာ၊(စ)ပြုပါ၊မိန့်မှာ ချာသော။
(၂) တိ-ကိုသာ(စ)၊ပြုပါကြ၊မိန့်ဟာ ရူ-ဂန္ဓိ။
(၃) ပဏ္ဍာဝါဒေါ၊သုန္ဒရော၊မိန့်ဟော နိဒ္ဒေသော။
အောင်မြေဘုံစံ နိယံ။

## အခိပ္ပါယ် ရှင်းလင်း သောင်ပြချက်။

### နျာသအလို။

''သဗ္ဗောစံတိ''သုတ်၏ ဝုတ္တိ၌(သဗ္ဗော ဗျဥ္ဇနော)ဟု ဖွင့်ပြလျက် ရှိခြင်းကြောင့် အလုံးစုံ ဗျည်းဖြစ်စေရန် ရည်သန်တော်မူ၍ ''ဍာဝဏ္ဏော ယံ နဝါ''သုတ်ဖြင့်(တိ)အစိတ် ဍာ-ကို ယ-ပြုပြီးမှ (တျ)ကို (စ)ပြုရမည်ဟု မိန့်တော်မူ၏။ ။(ဗာလာဝတာရ-လည်း နျာသအလို အတိုင်းပင်)။

### ရူပသိဒ္ဓိအလို။

နျာသ-ဆရာ၏ ယူဆနည်းအတိုင်း အလုံးစုံ ဗျည်းဖြစ်ပြီးမှ (တျ) ကို(စ)ပြုစေလိုပါလျှင်(သဗ္ဗော စံ တျော)ဟု သုတ်ကို တည်ထားရာ၏။ တည်လည်း မတည်ခဲ့၊မူလဥဒါဟရုဏ်အတိုင်း ပြုပြင်စီစဉ်ပြီးမှ စောဒနာမြဲ ထုံးစံဖြစ်သော(ဍာတိဿ)ဟူသော ကိံဥဒါဟရုဏ်ကို (ဍာတျ+အဿ)ဟု ပြုပြင် စီစဉ်ပြီးမှ စောဒနာရသော်(ဍာတိ-ဿ)ဟု မပြီးစီးနိုင်၍ ကိံ-ဥဒါဟရုဏ်နှင့်လည်း ဆန့်ကျင်နေ၏။

ဤမျှမကသေး။ ။ဤသုတ်သို့ လိုက်၍ လာခဲ့သော ကွစိ-သဒ္ဒါ၏ ၎င်း,(အတိရိတံ)စသော ဥဒါဟရုဏ်တို့ကို အပြီးအစီး စီရင်နိုင်ရန် တည်ထားအပ်သော''အတိဿ စန္တဿ''ဟူသော ပဋိသေဓဝိဓိ, သုတ်၏ ၎င်း ,အကျိုးမရှိ နိရတ္ထက ဧကန် ဖြစ်ကြရတော့မည်။ထို့ကြောင့် (တိ)အစိတ် ဍာ-ကို ယ-မပြုပဲ(တိ) သက်သက်ကိုသာ(စ) ပြုရမည်-ဟု မိန့်ဆိုတော်မူ၏။

### နိဿယအလို။

နိဿယ၌ကား ထူးထူးထွေထွေ မိန့်ဆိုတော်မမူတော့ပဲ(ဍာတိဿ-မုဟုတ္တမ္ပိ)ဟူသော ကိံ-ဥဒါဟရုဏ်ကို အမှီပြုပြီးလျှင် ရူပသိဒ္ဓိဝါဒသာ လျှင် အလွန်ကောင်းမြတ်လှသတည်း-ဟု အာစရိယဝါဒပြ ဆုံးဖြတ်ချက်ကို ချမှတ်တော်မူခဲ့၏။

---

**၁၁၈-မေး။** ။တိ-ကိုသာ (စ)ပြုစေလိုပါလျှင် အဘယ်ကြောင့် သဗ္ဗော-သဒ္ဒါကို ထည့်စွက်၍ မိန့်ဆိုပါသနည်း။

**၁၁၈-ဖြေ။** ။“ယမေ ဒန္တသာ ဒေသော” “ဝမော ဒုဒန္တာနံ”သုတ်တို့မှ အန္တ-သဒ္ဒါကို နစ်စေလိုသောကြောင့်တည်း။

---

**၁၁၉-မေး။** ။ဤသုတ်၌ ကာရိ-ကာရိယ နိမိတ် ဖြစ်ထိုက်သော အက္ခရာတို့ကို ကျနစွာ ဘော်ပြပါ။

**၁၁၉-ဖြေ။** ။(က) တိ———ကာရိ၊(ရူပသိဒ္ဓိ)

တျ———ကာရိ၊(နျာသ)

(ခ) စ ———ကာရိယ၊

(ဂ) { အ-အာ, ဥ-ဦ, ဧ-ဩ } ———နိမိတ်၊

**(အတိသ စန္တသ-သုဘ်ကို ထောက်၍ (ဧ-ဩ) ၂-လုံး နိမိတ်မဖြစ်ထိုက်သည်ကို သတိပြုပါ။)**

---

**၁၂၀-မေး။** ။ဤသုတ်သည် သရ-နှောင်းရာ၌သာ (စ) ပြုနိုင်သည်။ ဗျည်း နှောင်းရာ၌ကား (စ) မပြုနိုင်။

ဤသို့မှတ်ရအံ့သော။ ဥဒါဟရဏ်ထုတ်၍ ရှင်းခဲ့ပါ။

၁၂၀-ဖြေ။ ။

| ပုဒ်စပ်ထားပုံ။ | ပုဒ်ဖြတ်ထားပုံ။ |
|---|---|
| (က) ဓဗ္ဗ-ဗဓိရော။ | (က) ဓာတိ+ဗဓိရော။ |
| (ခ) ဓဗ္ဗ မူဂေါ၊ | (ခ) ဓာတိ+မူဂေါ။ |

စသော ဥဒါဟရဏ်တို့၌ လိုက်လာသော သရေသဒ္ဒါကို ကြည့်သော "သဗ္ဗော စံ တိ" ဟူသော "ဝိနာဓိကာရ ယောဂ ဝိဘာဂ"ဖြင့် ဗျည်းနှောင်းရော၌လည်း (စ) ပြုနိုင်ပါသေး၏။

**(ဝိနာ-ကြည့်ခြင်း၊အဓိကာရ-လိုက်လာသောသဒ္ဒါ၊ ယောဂဝိဘာဂ-သုတ်ကိုဝေဘန်ခြင်း။)**

---

၁၂၁-မေး။ ။အောက်ပါ(က)မှ (ဃ)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (င)မှ (ဇ) အထိ ပုဒ်တို့ကို ဖြတ်ပြပါ။

| | |
|---|---|
| (က) အတိ+အန္တံ၊ | (င) ပစ္စေ-တိ၊ |
| (ခ) အတိ+ဩဒါတာ၊ | (စ) ဇစ္စ-သ |
| (ဂ) ပတိ+အယော၊ | (ဆ) ဇစ္စေ-တံ၊ |
| (ဃ) ပတိ+အာဟရတိ၊ | (ဇ) ဇစ္စာ-ဒိ၊ |

၁၂၁-ဖြေ။ ॥

(က) အစ္စ-န္တံ၊ (င) ပတိ+ဧတိ၊
(ခ) အစ္စာ-ဒါတာ၊ (စ) ဉတိ+အဿ၊
(ဂ) ပစ္စ-ယော၊ (ဆ) ဉတိ+ဧတံ၊
(ဃ) ပစ္စာ-ဟရတိ၊ (ဇ) ဉတိ+အာဒိ၊

(ခဏခဏ လေ့ကျင့်ရန် မမေ့ပါနှင့်။)

---

## အတိဿ စန္တဿ။

### (ပဋိသေဓဝိဓိသုတ်။)

၁၂၂-မေး။ ။ဤသုတ်၌အတိ-သဒ္ဒါသည် ဥပသာရပုဒ် ဖြစ်၏။ ဥပသာရပုဒ်တို့၏ နောက်၌ သက်သော ဝိဘတ်မှန်လျှင် "သဗ္ဗာ သမာ ရသော" စသော သုတ်ဖြင့် ကျေ၊ရမြဲး ထုံးစံအတိုင်း ဝိဘတ်ကိုချေ၍ "အတိ-စန္တဿ"-ဟူသော သုတ်ကို တည်ထားသင့်၏။ အဘယ်ကြောင့် ဝိဘတ်နှင့် တကွ တည်ထားပါသနည်း။

၁၂၂-ဖြေ။ ။အတိ-သဒ္ဒါသည် ဥပသာရပုဒ် အစစ် မဟုတ်ပါ။ အတုသာ ဖြစ်ပါသည်။ ထို ကြောင့် ဝိဘတ်ကို မချေရပဲး ဝိဘတ်နှင့် တကွ တည်ထားပါ၏။

အတိဿာတိ ဥပသဂ္ဂါနုကရဏမေတံ၊
တေနေဝေတ္ထ ဝိဘတ္တိ လောပါဘာဝေါ၊

ရူပသိဒ္ဓိ။

---

၁၂၃-မေး။ ။ဤသုတ်၌ အန္တ-သဒ္ဒါသည် (တ)အက္ခရာ၏ အစိတ်ဖြစ်သော (ရူ) သရကိုပင် ဟောပါသလော။ အဘာယ်သဒ္ဒါကို ဟောသည်ဟု အကြောင်းပြပြီး ဖြေဆိုခဲ့ပါ။

၁၂၃-ဖြေ။ ။"တေ န ဝါ ရူဝဏ္ဏော"သုတ်ဖြင့် ရူဝဏ် နှောင်းရာ၌ အဘိ-အဓိ-သဒ္ဒါတို့၏ အန္တ-အစ္ဆ-အပြုအစီရင်ကို မြစ်သော အရာ ဖြစ်သောကြောင့် အန္တ-သဒ္ဒါသည် (တိ) ကိုသာလျှင် ဟောပါ၏။အစိတ်ဖြစ်သော (ရူ)သရကို မဟောပါ။

**ဧတ္ထ စ အန္တသဒ္ဒေါ သဒ္ဒဝိဓိနိသေဓပ္ပကရဏတော အတိသဒ္ဒန္တဘူတံ တိသဒ္ဒမေဝ ဝဒတိ-န ရူဝဏ္ဏံ။**

**ရူပသိဒ္ဓိ။**

---

၁၂၄-မေး။ ။အန္တ-သဒ္ဒါသည် (တိ) သဒ္ဒါကိုမဟော။ အစိတ် (ရူ) သရကိုသာ ဟောသည်ဟု ယူခဲ့ ပါလျှင် မည်သို့သော အပြစ်သို့ သက်ရောက်နိုင်ပါသနည်း။

၁၂၄-ဖြေ။ ။ဤသုတ်ကိုစီရင်ခြင်း၌ တစုံတရာအကျိုး မရှိသောအပြစ်သို့သက်ရောက်နိုင်ပါ၏။

**ရူတရထာ ရူဒံ သုတ္တမေဝ နိရတ္ထကံ သိယာ။**

**ရူပသိဒ္ဓိ။**

---

၁၂၅-မေး။ ။အဘယ်အကျိုးငှါ စ-သဒ္ဒါကို မိန့်ဆိုသည်-ဟု ဘော်ပြပြီးလျှင် ထို စ-သဒ္ဒါဖြင့် သိသင့်သိထိုက်သော ရုပ်အစီရင်ကိုလည်း ဖြေဆိုခဲ့ပါ။

၁၂၅-ဖြေ။ ။စ-သဒ္ဒါကို မိန့်ဆိုခြင်းသည့် ဤသုတ်၌ မဆိုအပ်သော အတိ-သဒ္ဒါ၊ ပတိ-သဒ္ဒါတို့၏ အစိတ် ဖြစ်သော (တိ) သဒ္ဒါကို ဆည်းခြင်း အဝုတ္တသမုစ္စည်း အနက်ရှိပါ၏။ထို စ-သဒ္ဒါဖြင့် အတိ-သဒ္ဒါ၏ (တိ) ကိုသာ"သဗ္ဗော စံ တိ" သုတ်ဖြင့် (စ)မပြုရသည်မဟုတ်သေး။

(၁) ဣတိ-ဒံ၊ဣတိ+ဣဒံ၊

(၂) ပတိ-တိ၊ပတိ+ဣတိ၊

စသော ဥဒါဟရဏ်တို့၌ ဣတိ-ပတိ-သဒ္ဒါတို့၏ အစိတ်ဖြစ်သော (တိ) ကိုလည်း (စ)မပြုရဟူသော အစီအရင်ကို သိရပါ၏။

**တေန ဣတိ ပတီနမန္တဿ န ဟောတိ။**

**ရူပသိဒ္ဓိ။**

## အခန္တာ အဘိ။

### (ပဒါဒေသဝိမိသုတ်။)

၁၂၆-မေး။ ။သုတ်၌ ပဌမာဝိဘတ် အဆုံး ရှိသော အဘိ- သဒ္ဒါကို ဝုတ္တိ၌ "အဘိ- ရူပွေ တသော"ဟု အာဘယ်ကြောင့် ဆဋ္ဌိဝိဘတ်ဖြင့် ယှဉ်၍ ဖွင့်ဆိုပါသနည်း။

၁၂၆-ဖြေ။ ။အာဒေသကို ငဲ့သောကြောင့်တည်း။

**အဘီတိ ဧဋ္ဌမန္တဿ ဝုတ္တိယံ ဆဋ္ဌီယောဇနံ**
**အာဒေသာပေက္ခတော ဝုတ္တံ။**

ရူပသိဒ္ဓိ။

---

၁၂၇-မေး။ ။"အခန္တော အဘိဿ"ဟု ဝိဘတ်နှင့်တကွ တည်သင့်ပါလျက် ဝိဘတ် မပါခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၁၂၇-ဖြေ။ ။ဥပသာရ-ပုဒ်၊နိပါတ်-ပုဒ်တို့သည် "အဝိဘတ္တိက" ပုဒ်တို့သာ များကြသည်-ဟု သိစေခြင်း အကျိုးရှိပါ၏။

---

၁၂၈-မေး။ ။ဤသုတ်သည် နိစ္စဝိဓိသုတ်၊ အနိစ္စဝိဓိ သုတ်၊ ၂-မျိုးတို့တွင် အဘယ်သုတ်ဟု သုတ်အထောက်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

၁၂၈ ဖြေ။ ။"တေ န ဝါ ဣဝဏ္ဏေ" သုတ်ကိုထောက် ဆ၍ (အနိစ္စဝိဓိ)သုတ်ဟု သိရပါ၏။

---

၁၂၉-မေး။ ။"အဇ္ဈုဒိရိတံ" စသော ဥဒါဟရဏ်တို့၌ ဤသုတ်ကို မဆိုသော်လည်း "ဝဂ္ဂေဃောသာဃော သာနံ" သုတ်ဖြင့် ပြီးစီးနိုင်ပါလျက် ဤသုတ်ကို ဆိုရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၁၂၉-ဖြေ။ ။"ဇ္ဈာဝဏ္ဏော ယံ နဝါ" သုတ်ကို ဖြစ်ခြင်း အကျိုး ရှိပါ၏။

---

၁၃၀-မေး။ ။အောက်ပါ (က)(ခ)(ဂ)ပုဒ်တို့ကို ကျကျနန ပုဒ်စပ်ပြပါ။

(က) အဘိ+အက္ခာနံ၊
(ခ) အဘိ+ဥဂ္ဂတော၊
(ဂ) အဘိ+ဩကာသေ၊

၁၃၀-ဖြေ။

(က) အဗ္ဘ-က္ခာနံ၊
(ခ) အဗ္ဘု-ဂ္ဂတော၊
(ဂ) အဗ္ဘော-ကာသေ၊

---

## အဇ္ဈော အဓိ။

### (ပဒါဒေသဝိဓိသုတ်။)

၁၃၁-မေး။ ။ဤသုတ်သည် ....

(၁) သရ-နိမိတ်နှောင်းခြင်း၊
(၂) အဓိ-ဟူသော ကာရိရှိခြင်း၊

ဤအခါ ၂-ပါးနှင့် ပြည့်စုံ မှသာ (အစ္ဆ)ဟူသော ကာရိယသို့ ရောက်နိုင်ပါသလော။

၁၃၁-ဖြေ။ ။အဆိုပါ အင်္ဂါနှင့် ပြည့်စုံမှသာ (အစ္ဆ) ဟူသော ကာရိယသို့ ရောက်နိုင်သည် မဟုတ်ပါ။ သရေ- သန္ဓိ လိုက်ခြင်းကို ကြည့်သော

(က) "ဝိနာ-ဓိကာရ ယောဂ ဝိဘာဂ" ဖြင့် **အစ္ဆ သော ဝသိ**-ပုဒ်ကို **အဓိ+ သော ဝသိ**-ဟု ပုဒ်ဖြတ်၍ သ-ဗျည်း နှောင်းရှာ၍လည်း အဓိ-ကို အစ္ဆ- ပြုနိုင်ပါသေး၏။

ထိုမှတပါး သုတ်ကို ၂-ဖြာခွဲဝေ၍ ထားသော (အဓိ) ဟူသော

(ခ) "ဒွိဓာကရဏာယောဂဝိဘာဂ" ဖြင့် **အဇ္ဈဘူတော**- ပုဒ်ကို **အဓိ + ဘူတော**- ပုဒ် ဖြတ်၍ ဘ-ဗျည်း နှောင်းရှာ၍လည်း အဓိ-ကို အဇ္ဈ- ပြုနိုင်ပါ သေး၏။

---

၁၃၂-မေး။ ။အောက်ပါ (က) (ခ) (ဂ) အမှတ်ရှိ ပုဒ်တို့ကို ကျနစွာ ပုဒ်စပ်၍ ပြခဲ့ပါ။

(က) အဘိ+အာဂမော၊

(ခ) အဘိ+ဥပဂတော၊

(ဂ) အဘိ+ဩဂဟိတွာ၊

၁၃၂-ဖြေ။

(က) အဗ္ဘာ-ဂမော၊

(ခ) အဗ္ဘု-ပဂတော၊

(ဂ) အဗ္ဘော-ဂဟိတွာ၊

---

တေနဝါ ဗျဝဇ္ဇော။

(ပဉ္စမီသေဝဝိမိသုတ်။)

၁၃၃-မေး။ ။"တေ ဝါ ဗျဝဇ္ဇော"ဟု ဆိုလျှင် လိုအပ်သော အနက် ပြီးနိုင်ပါလျက် (နှ) သဒ္ဒါ ထည့်ရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၁၃၃-ဖြေ။ ။"အတိသသ စန္တသသ"ဟူသော နောက် သုတ်သို့ လိုက်ခြင်း အကျိုးရှိ၏။

ဥတ္တရဿံ ။ ။ချာသာ။

---

၁၃၄-မေး။ ။နောက် သုတ်သို့ လိုက်စေ လိုပါလျှင် နောက်သုတ်သို့ ရောက်မှပင် ထည့်ထိုက်ပါလျက် ဤသုတ်မှ စောစော ကြိုတင် ထည့်ထားရခြင်း၏ အကြောင်းကို ဖော်ပြပါ။

၁၃၄-ဖြေ။ ။ဣဝဏ်နှောင်းရှေ့....

(က) အဣ-အဏ္ဍ-မပြုရသည်ကား များလှ၏၊

(ခ) အဣ-အဏ္ဍ-ပြုရသည်ကား နည်းလှ၏၊

ဟူသော ဝိုးစဉ်းမှုသော အကျိုးထူး ဖြစ်သင့်သောကြောင့်တည်း။

ဣဟာပိ ကိစ္စမဏ္ဍသန္တဝတော။ ။ချာသ။

---

၁၃၅-မေး။ ။အောက်ပါ(က)နှင့် (ခ) အမှတ်ပြပုဒ်တို့ကို ပုဒ်စပ်ပြီးလျှင်(ဂ)နှင့် (ဃ) အမှတ်ပြပုဒ်များကို ပုဒ်ဖြတ်ပြခဲ့ပါ။

(က) အဘိ+ဣန္ဒိတံ၊ (ဂ) အဏ္ဍိ-ဏာမုဏ္ဍော၊

(ခ) အဓိ+ဤရိတံ၊ (ဃ) အဏ္ဍိ-ဋ္ဌော၊

၁၃၅-ဖြေ။ ။

(က) အဘိ-န္ဒိတံ၊ (ဂ) အဓိ+ဣဏာမုဏ္ဍော၊

(ခ) အဓီ-ရိတံ၊ (ဃ) အဓိ+ဣဋ္ဌော၊

---

ဒေါ ဝေသာ စ။

(အာဒေသဝိဓိသုတ်။)

၁၃၆-မေး။ ။"ဒေါ ဝေသာ စ"သုတ်ဖြင့် သရနှောင်းရှေ့ (ဝ) အက္ခရာကို (ဒ) ပြုရခြင်းသည် မည်သည့်အရာ၌သာ ပြုရသည်-ဟု ဘော်ပြပြီးလျှင် စ-သဒ္ဒါ၏ အကျိုး ကိုလည်း ရေးခဲ့ပါ။

၁၃၆-မေး။ ။"ကေ-မိဒါဟံ" ဟူသော ဥဒါဟရဏ်၌ ကေ-သဒ္ဒါ၏ နောက်၌ရှိသော ဣမ-ပုဒ်၌ (ဣ)အက္ခရာကိုသာလျှင်(ဒ) ပြုရပါသည်။ စ-သဒ္ဒါဖြင့် "သာဟုဒဿနံ" ဥဒါဟရဏ်၌ (ဥ) အက္ခရာကို (ဟ) အက္ခရာ ပြုရခြင်း အကျိုး ရှိပါ၏။

**ကေတော ပရဿ ဣစဿ ကောရဿ ဝါယံ။ ။ရူပသိဒ္ဓိ။**

**ထိုမှ တပါး။**

(က) ပသောနဓိ-၌ ဓ-ကို ဒ-ပြု၍

**ပသောနုဒိ၊**

(ခ) ပညတ္တိ-၌ ည-ကို ဏ-ပြု၍

**ပဏ္ဏတ္တိ၊**

(ဂ) ဒိဃာယု-၌ ယ-ကို ဝ-ပြု၍

**ဒိဃာဝု၊**

(ဃ) အဋ္ဌကထာ-၌ ထ-ကို ဌ-ပြု၍

**အဍ္ဍကထာ၊**

(င) ဓလာယု-၌ ယ-ကို ဗ-ပြု၍

**ဓလာဗု၊**

(စ) နေလဍ္ဍလာ-၌ လ-ကို ရ-ပြု၍

**နေရဍ္ဍရာ၊**

(ဆ) ကာလုဏံ-၌ ဏ-ကို န-ပြု၍၊

ကာလုန်၊ (သနားဘွယ်)

(ဇ) ဒုဗ္ဗဒါဟ-၌ ဗ္ဗ-ကို ဒြ-ပြု၍၊

ဒုဒြဒါဟ၊ (ဒုဗ္ဗင်္ဂါမဖွာ၌ဖြစ်သောအသပြာ)

(ဈ) သိဓောသ-၌ ဿ-ကို ဟ-ပြု၍။

သီဟော၊

စသည်တို့ကား စ သဒ္ဒါ၏ အကျိုးတို့တည်း။

အမ္ဗာစကား။

ဤသုတ်၏ အစီအရင်ကား များလှသတည်း။ ထိုကြောင့် ရှေးဆရာတော်ကြီးတို့သည်

'သန္ဓိမှာ ဒေါ၊ နာမ်မှာ ဂေါ၊ အပြောကျယ်လှစွာ'

ဟု မိန့်တော်မူစမှတ် ပြုကြသတည်း။

---

၁၃၇-မေး။ ။"ဧက-မိဒါဟံ"၌ ပုဒ်ချင်းစပ်ခြင်းကြောင့် (သန္ဓိ)မည်တန်စေ။ "သာဟုဒဿနံ"စသော အက္ခရာလွဲပြောင်းရုံမျှ ဥဒါဟရဏ်တို့၌ (သန္ဓိ) မည်နိုင် မမည်နိုင်အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၁၃၇-ဖြေ။ ။တပုဒ် ထည်း၌ပင် အက္ခရာချင်း လွဲပြောင်းခြင်းသည် ပုဒ်စပ်သည် မည်ခြင်းကြောင့် သန္ဓိမည်နိုင်ပါ၏။

အမှာ စကား။

(က) ပုဒ်ချင်းစပ်သည်ကို (ပဒသန္ဓိ)ခေါ်ရ၏။
(ခ) တပုဒ်ထည်း၌ အက္ခရာလွဲပြောင်းသည်ကို
(ဝဏ္ဏသန္ဓိ) ခေါ်ရ၏။

(၁) ရှေ့-နောက်ပဒ၊စပ်သမျှ၊ပဒသန္ဓိမှတ်။
(၂) အက္ခရာမျှ၊လွဲပြောင်းက၊ဝဏ္ဏသန္ဓိမှတ်။
အောင်မြေဘုံစံ နိယံ။

---

ဝေါဒိဿ ရှိ ပုဗ္ဗာ စ ရဿော။

(အာဒေသဝိဓိသုတ်။)

၁၃၈-မေး။ ။မည်သို့သော အင်္ဂါလက္ခဏာ ရှိမှ ဧ အက္ခရာကို ရိ-ပြုရမည် ဟု ရေးသား ဘော်ပြခဲ့ပါ။

၁၃၈-ဖြေ။ ။ (၁) ရှေ၌ ယထာ-တထာ-သဒ္ဒါ ၂-ခု တို့တွင် တခုခု ရှိခြင်း၊
(၂) နောက်၌ ဧဝ-သဒ္ဒါ ရှိခြင်း၊
ဤသို့ အင်္ဂါလက္ခဏာ ၂-ပါး ရှိမှ ရိ-ပြုရပါသည်။

ယထာ တထာ ဒွယပရဿေဝံ ဂဟဏံ။
ရူပသိဒ္ဓိ။

---

၁၃၉-မေး။ ။ဤသုတ်၌ နိမိတ်-ကာရီ-ကာရိယ- ဖြစ် ထိုက်သော အက္ခရာတို့ကို ခွဲဝေပြပါ။

နိဂုံး။

၁၃၉-ဖြေ။ ။(က) ပုဒ်၏ အစိတ် (အာ)

ကာရီ။

(ခ) ဝေ-သဒ္ဒါ၏ အစဖြစ်သော (ဧ)
ဝေ-သဒ္ဒါ၏ ရှေ့ဖြစ်သော (အာ)

ကာရိယ။

(ဂ) ရိ-နှင့် အာ။

---

၁၄၀-မေး။ ။"ဝေါဒိဿ ရိ ပုဗ္ဗဿ စ ရဿော" ဟု မိန့်ဆို ထိုက်ပါလျက် အဘယ်ကြောင့် "ပုဗ္ဗော စ ရဿော" မိန့်ဆို ပါသနည်း။

၁၄၀-ဖြေ။ ။"ဒေဝဒတ္တော ရာဇာ ဟောတိ" ၌ကဲ့သို့ ကာရိယ-နှင့် ကာရီ-ကို အပြားမရှိသည်၏ အစွမ်းဖြင့် ယူအပ်သည်၏ အဖြစ်ကြောင့် တူသော တည်ရာရှိသည်ကို ပြ၍ "ပုဗ္ဗော စ ရဿော"ဟု မိန့်ဆိုပါ၏။

**ဒေဝဒတ္တော ရာဇာ ဟောတီတိ**
**အာဒီသု ဝိယ ကာရိယ ကာရီနော**
**အဘေဒဝသေန ဂဟိတတ္တာ သမာ**
**နာဓိကရဏံ ကတွာ "ပုဗ္ဗော စ**
**ရဿော"တိ ဝုတ္တံ။**

ချာသာ။

---

၁၄၁-မေး။ ။အောက်ပါ(က)နှင့် ( ခ ) အမှတ်ပြပုဒ်တို့ကို ပုဒ်စပ်ပြီး ပြခဲ့ပါ။

(က) ယထာ+ဣဝ၊
( ခ ) တထာ+ဣဝ၊

၁၄၁-ဖြေ။ ။ (က) ယထ-ရိဝ၊
( ခ ) တထ-ရိဝ၊

---

## ဣဝဏ္ဏုဝဏ္ဏာ ဈ လာ။

(သညာသုတ်။)

၁၄၂-မေး။ ။"ဣ-ဥ-ဈ လာ" ဆိုပါက ပြီးကောင်းပါလျက် အဘယ် အကျိုးငှါ ဝဏ္ဏ-သဒ္ဒါကို ထည့်၍ "ဣဝဏ္ဏုဝဏ္ဏာ ဈ လာ" ဟုတည်ရပါသနည်း။

၁၄၂-ဖြေ။ ။(၁) ဣ-နှင့် သုတိတူသော ဤ-ကိုရင်း၊ (၂) ဥ-နှင့်-သုတိတူသော ဦ-ကိုရင်း၊ ယူခြင်းအကျိုးငှါ ဝဏ္ဏ-သဒ္ဒါကို ထည့်၍တည်ရပါ၏။

ဝဏ္ဏဂ္ဂဟဏံ သဝဏ္ဏဂ္ဂဟဏတ္ထံ ။ ။ရူပသိဒ္ဓိ။

---

၁၄၃-မေး။ ။"ဣဝဏ္ဏုဝဏ္ဏာဈလာ"သုတ်ဖြင့် ဣဝဏ် ဥဝဏ်တို့ကို ဈ-လ-အမည် မှည့်ခြင်းနှင့် "တေ ဣတ္ထိချာ ပေါ" သုတ်ဖြင့် ပ-အမည် မှည့်ခြင်းတို့၏ ထူးခြားပုံကို အကြောင်းနှင့်တကွ ရုံလင်အောင် ပြခဲ့ပါ။

၁၄၃-ဖြေ။ ။ ပ-အမည် မှည့်ခြင်းသည်....

(၁) ရုတ္တိ၊
(၂) ရူဠ္ဌိ၊
(၃) နေ၊
(၄) ဝရု၊

ဟူ၍ကုန်သော ရူဠ္ဌိလိင် အဆုံး ရှိသော ရူဝက်-ဥဝက်-ကိုသာလျှင် မှီ၍ ဖြစ်သကဲ့သို့ (ရျ)ဟူသောအမည်(လ)ဟူသော အမည်သည် (အဂ္ဂ)စသောလိင်၏အဆုံး ကိုသာလျှင် မှီ၍ဖြစ်သည်မဟုတ်ပါ။

**အကြောင်းကား။**

ကုဗ္ဗန္တိ-စသော အာချာတ် ပုဒ်၌ရင်း၊ ကုဗ္ဗန္တော- ပုလ္လိင်ဂ်ဳ-စသော လိင်၏ အ လယ်၌ရင်း၊ပုလ္လိင်-နပုလ္လိင်တို့၏ အဆုံး၌ ရင်း၊ရျ-လ-သည်သာလျှင် အကြောင်းရင်းရှိ သော အာဒေသ-ကို မြင်ရခြင်းကြောင့် တည်း။

**တနည်းကား။**

ပ-အမည်သည် ယုတ်နိမ့်လှသောရူဠ္ဌိ လိင်ကို မှီ၍ဖြစ်သကဲ့သို့ ရျ-လ-အမည် သည် ရူဠ္ဌိလိင်ကို မှီ၍မဖြစ်ပါ။

အကြောင်းကား။

ပုလ္လိင်-နပုလ္လိင်တို့၏ အဆုံး၌ ဧ-လ-သညာလျှင် အကြောင်းရင်းရှိသော အာဒေသ-ကို မြင်ရခြင်းကြောင့်တည်း။

အကျဉ်းဖြေပုံ။

ပ-အမည် မှည့်ခြင်းသည် ပုဒ်အဆုံး၌ ယှဉ်၏။ ဧ-လ-အမည် မှည့်ခြင်းသည် ပုဒ်အဆုံး၌၎င်း အလယ်၌၎င်း မှည့်၏။ အကြောင်းကား အစီအရင်ကို မြင်သောကြောင့်တည်း။

တနည်းကား။

ပ-အမည်သည် ဣတ္ထိလိင်၌ ယှဉ်၏။ ဧ-လ- အမည်သည် ပုလ္လိင်- နပုလ္လိင်၌ ယှဉ်၏။

အကြောင်းကား .... အစီအရင်ကို မြင်ရသောကြောင့်တည်း။

ဧ-လ-သညာ-ပသညာ၀၊
န လိင်္ဂဉ္စ နိဿိတာ။
အာချာတေ လိင်္ဂမဇ္ဈေ စ၊
ဣလိင်္ဂေ စ ဒဿနာ။ ။

ရူပသိဒ္ဓိ။

(၁) အာချာတ်-လိင်လယ်၊လိင်ဆုံးရယ်၊သုံးနယ်-ဈ-လ-မှာ။
(၂) လိင်၏အဆုံး၊မှည့်လေအုံး၊ခေါ်သုံး ပ-သညာ။

တနည်း။

(၃) ရှဏ္ဍိလိင်ဝယ်၊ပ-မှည့်ဘွယ်၊နားလယ် သောတုမောင်။
(၄) ပုံး-နပုံးမှာ၊ဈ-လ-သာ၊မှတ်ပါ စွဲးမြဲးအောင်။

အောင်မြေဘုံစံ နိယံ။

---

၁၄၄-မေး။ ။ဤသုတ်သည် လိင် သုံးပါးတို့တွင် အဘယ် လိင်၌ အမည် မှည့်သော သညာသုတ်ဖြစ်ပါသနည်း။သုတ်အထောက်ပြ၍ ဖြေဆိုပါ။

၁၄၄-ဖြေ။ ။ရှဏ္ဍိလိင်ဟော ရှဝဏ်၊ ဥဝဏ်တို့ကို (ပ)အမည်မှည့်သော"တေ ရှဏ္ဍိဈာ ပေါ" သုတ်ကို ထောက်၍ ပုလ္လိင်-နပုလ္လိင်-အမည်မှည့်သော သုတ်ဖြစ်ပါ၏။

---

၁၄၅-မေး။ ။"ဣဝဏ္ဏုဝဏ္ဏာ ဇ ဠာ" ဟု မဆိုမူ၍ "ဣဝဏ္ဏုဝဏ္ဏာ ဈ လာ"ဟု ဆိုရခြင်း၏ အကြောင်းကို ပြဆိုပါ။

၁၄၅-ဖြေ။ ။ရှဏ္ဍိလိင်ထက် ပုလ္လိင်- နပုလ္လိင် တို့က မြတ်သည်၏ အဖြစ်ကြောင့် ကာမတရားထက် မြတ်သော ဈာန်တရားမှ (ဈ)ဟူသော အမည်ကိုရင်း၊လောကုတ္တရာတရား

မှ (ဃ) ဟူသော အမည်ကိုငင်း ယူ၍ မှည့်ဆိုပါ၏။

ဈလာဝနမိယာ ဝါ သရေ ဝါ။

(အာဒေသဝိဓိသုတ်။)

၁၄၆-မေး။ ။"တိယန္တံ-ဘိက္ခုဝါသနေ"-စသော ဥဒါဟာရဏ်တို့၌ ဤသုတ်ကိုပင် မတည်သော်လည်း ယ ဝ မ ဒ န-စသော သုတ်ဖြင့် ပြီးစီးနိုင်ပါလျက် အဘယ်အကျိုးငှါ ထပ်မံ တည်ထားရပါသနည်း။

၁၄၆-ဖြေ။ ။"တိယန္တံ၊ ဘိက္ခုဝါသနေ" တို့၌ ပြီးစီးနိုင်ပါသော်လည်း

(က) သယဿုဝါသနေ၊

(ခ) အဘိဘုဝါသနေ၊

စသော ဥဒါဟာရဏ်တို့၌ ယ ဝ မ ဒ န-စသော သုတ်ဖြင့် မပြီးစီးနိုင်သည် ဖြစ်၍ ထိုဥဒါဟာရဏ်တို့ ပြီးစီးနိုင်ပါစေခြင်း အကျိုးငှါ ထပ်မံတည်ထားရပါ၏။

ရှာသာ။

၁၄၇-မေး။ ။အောက်ပါ(က) မှ (ဃ)အထိပုဒ်တို့ကို စပ်ပြီးလျှင် (င) မှ (ဇ) အထိ ပုဒ်တို့ကို ဖြတ်ပြပါ။

| | |
|---|---|
| (က) တိ+အန္တံ၊ | (င) ဒွာ-ဂ်ိဳကံ၊ |
| (ခ) အဂ္ဂိ+အာဂါရေ၊ | (စ) ဘိက္ခု-ဝါသနေ၊ |
| (ဂ) သတ္တမိ+အဇ္ဈေ၊ | (ဆ) ပုထု-ဝါသနေ၊ |
| (ဃ) ပဉ္စမိ+အန္တံ၊ | (ဇ) သယမ္ဘု-ဝါသနေ၊ |

၁၃၇-ဖြေ။ ။

| | |
|---|---|
| (က) တိယ-န္တံ၊ | (င) ဒွ+အဂ်ိဳကံ၊ |
| (ခ) အဂ္ဂိယာ-ဂါရေ၊ | (စ) ဘိက္ခု+အာသနေ၊ |
| (ဂ) သတ္တမိ-ယဇ္ဈေ၊ | (ဆ) ပုထု+အာသနေ၊ |
| (ဃ) ပဉ္စမိ-ယန္တံ၊ | (ဇ) သယမ္ဘူ+အာသနေ၊ |

---

## ဩ သရေ စ။

### (အာဒေသဝိဓိသုတ်။)

၁၃၈-မေး။ ။"ဂါဝေသ" သုတ်မှ (ဩ)အက္ခရာ လိုက်၍လာသည် မဟုတ်တုံလော။ အဘယ် အကျိုးငှါ"ဩသရေ စ"ဟု (ဩ)သဒ္ဒါကို တဖန် မိန့်ဆိုပြန်ပါသနည်း။

၁၃၈-ဖြေ။ ။နောက်သုတ်သို့ မလိုက်စေခြင်း အကျိုး ငှါ မိန့်ဆိုပြန်ပါ၏။

ပုနဩဂဟဏံ ဥတ္တရနိဝတ္တနတ္ထံ။

ဝိဒွေသာ။

---

၁၃၉-မေး။ ။ဤသုတ်၏ ဝုတ္တိ၌ သမာသေ-ဟု သာ မညမိန့်ဆိုလျက် ရှိခြင်းကြောင့် လုတ္တ-

အလုတ္တ-သမာသ် ၂-မျိုးတွင် မည်သည့်သမာသ်၌ စိရင်ရမည်နည်း။

၁၄၉-ဖြေ။ ။အလုတ္တ- သဒ္ဒါ၏ မလိုက်မပါ ကျန်ရစ်နစ်လေပြီးဖြစ်သောကြောင့်လုတ္တသမာသ်၌သာ စိရင်ရပါ၏။

**သမာသေတိ သာမညေန ဝုတ္တေပိ**
**အလုတ္တသဒ္ဒဿ နိဝတ္တနတ္ထာ လုတ္တ**
**သမာသေ ဝ ဉာယတိ။**
**နိဒ္ဒေသ။**

---

၁၅၀-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါဖြင့် စိရင်သော ရုပ်တို့ကို ထုတ်ပြပါ။

၁၅၀-ဖြေ။ ။(က) ဘုဝိ-၌ ဥ-ကို ဥဝ-ပြုပါ၏။
(ခ) ပသဝေါ-၌ ဥ-ကို အဝ-ပြုပါ၏။

---

၁၅၁-မေး။ ။အောက်ပါ(က)နှင့်(ခ)ပုဒ်တို့ကိုစပ်ပြပါ။

(က) ဂေါ+အဇိနံ၊
(ခ) ဂေါ+ဧဠကံ၊

၁၅၁-ဖြေ။ ။ (က) ဂဝါ-ဇိနံ၊
(ခ) ဂဝေ-ဠကံ၊

---

**ဂေါ သရေ ပုထုဿာဂမော ကွစိ။**
**(အာဂမဝိဓိသုတ်။)**

၁၅၂-မေး။ ။"အာဂမော" ပုဒ်ကို ဝစနတ္ထ ပြု၍ အနက်ပေးပြီးလျှင် မည်သို့သော အရာကို (အာဂမ) ခေါ်သည်ဟု ထင်ရှားစွာ ပြခဲ့ပါ။

၁၅၂-ဖြေ။ ။ အာဂစ္ဆတီတိ အာဂမော။
ယော အက္ခရော၊ အကြင်အက္ခရာသည်။
အာဂစ္ဆတိ၊ လာတတ်၏။ ဣတိ တသ္မာ၊
ထိုကြောင့်။သော အက္ခရော၊ထို အက္ခရာ
သည်။အာဂမော၊အာဂမ မည်၏။
ရှေး၌ ထင်ရှား မရှိသော အက္ခရာ၏
ထင်ရှားစွာ ဖြစ်ပေါ်မှုကို (အာဂမ)အာဂုမ်
ခေါ်ပါ၏။

**အသန္တုပ္ပတ္တိ အာဂမော။ ။ ရူပသိဒ္ဓိ။**

---

၁၅၃-မေး။ ။"ပုထဝီ" ဟု သုတ်၌ သာမညဆိုထား
သောကြောင့် ပုထ-သဒ္ဒါ၏ ရှေ၌လည်း
(ဂ) အက္ခရာ လာထိုက်သည် မဟုတ်ပါ
လော။ အဘယ်ကြောင့် (ပုထ) သဒ္ဒါ၏
အဆုံး၌သာ လာရပါသနည်း။

၁၅၃-ဖြေ။ ။သရေ-ဟူသော နိမိတ်နှင့် နီးသည်၏
အစွမ်းကြောင့် အဆုံး၌သာ လာရပါ၏။

**ဧတ္ထ သရေတိ နိမိတ္တာသန္နဝသေန အန္တေတိ လဗ္ဘတိ။**

**ရူပသိဒ္ဓိ။**

---

၁၅၄-မေး။ ။"ယ-ဝ-မ-ဒ-န"-သုတ်၌ စ-သဒ္ဒါဖြင့်(ဂ)
အက္ခရာလာမှု ပြီးစီးနိုင်ပါလျက် အဘယ်
အကျိုးငှါ ဤသုတ်ကို မိန့်ဆိုပါသနည်း။

၁၅၄-ဖြေ။ ။ပုထ-နိပါတ်၏ အဆုံး၌ (ဂ) အက္ခရာ လာသည် ဟု သိစေခြင်းအကျိုး၌ါ မိန့်ဆိုပါ၏။ ။ ချသသ။

---

၁၅၅-မေး။ ။“ယ-ဝ-မ-ဒ-န”သုတ်၌ စ-သဒ္ဒါဖြင့် (ဂ) အက္ခရာ လာပုံနှင့် ဤသုတ်ဖြင့် (ဂ)အက္ခရာလာပုံတို့၏ အထူးကို ဖော်ပြပါ။

၁၅၅-ဖြေ။ ။“ယ-ဝ-မ--ဒ-န” သုတ်ဖြင့်ကား ဌာနကို မမှတ်မူ၍ လာ၏။

ဤ သုတ်ဖြင့်ကား ဌာနကို မှတ်၍ လာ၏။

(ဤကား အထူး။)

---

၁၅၆-မေး။ ။ဤသုတ်၏ ဥဒါဟရဏ်ကို ပုဒ်ဖြတ်ပုံ၊ ပုဒ်စပ်ပုံ၊ နှစ်မျိုးလုံးကိုပင် ဖော်ပြပါ။

၁၅၆-ဖြေ။ ။ ပုဒ်ဖြတ်ပုံ ပုဒ်စပ်ပုံ

ပုထ+ဧဝ၊ ပုထ-ဂေဝ၊

---

## ပါဠိ စန္ဒော ရသော။

### (အာဒေသဝိဓိသုတ်၂)

၁၅၇-မေး။ ။ပါဠိ-၌ (ပါ)သဒ္ဒါသည် “ဥပသာရ”ပုဒ် ဖြစ်၍ ဝိဘတ်နှဲ့ (အဝိဘတ္တိက) နိဒ္ဒေသ အားဖြင့် (ပါ) ဟု ညွှန်ပြထိုက်ပါလျက် ဝိဘတ်နှင့် တကွ ညွှန်ပြ ရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

၁၅၇-ဖြေ။ ။"ဥပသာရ"ပုဒ် အစစ်မဟုတ်ပါ။ အတုသာ ဖြစ်သောကြောင့်တည်း။

ဧတ္တ ပါဿာတိ ဇူဒံ ဥပသဂ္ဂါနုကရဏတ္တာ သဝိဘတ္တိကံ ဝုတ္တံ။

နိဒ္ဒေသ။

---

၁၅၈-မေး။ ။ရှေ့သုတ်၌ အန္တ-သဒ္ဒါ မပါသော်လည်း လိုအပ်သော အနက် ပြီးစီး နိုင်သကဲ့သို့ ဤသုတ်၌လည်း ပြီးစီးနိုင်ပါလျက် အန္တ-သဒ္ဒါ ထည့်ရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၁၅၈-ဖြေ။ ။(က) ကာရိကို ညွှန်ပြခြင်းအကျိုးငှါလည်းကောင်း၊ (ခ) နောက်(၉)သုတ်၏ ရဿအဖြစ်ကို နစ်စေခြင်းအကျိုးငှါလည်းကောင်း၊ အန္တ-သဒ္ဒါကို ထည့်ရပါ၏။

(က) ကာရိနိဒ္ဒေသနတ္ထဉ္စ၊

(ခ) ပရဿ ရဿဘာဝနိဝတ္တနတ္ထဉ္စ၊

အန္တဂ္ဂဟဏံ ကတံ။

နိဒ္ဒေသ။

---

ယာ-ဝ-မ-ဒ-န-တ-ရ-လာစာဂမာ။

(အာဂမဝိဓိသုတ်။)

၁၅၉-မေး။ ။ဤသုတ်သို့ လိုက်၍လာသော ဝါ-သဒ္ဒါ၏ အနက်ကို သေချာစွာ ဖော်ပြပါ။

၁၅၉-ဖြေ။ ။ဝါ- သန္ဓါသည်- ဝဝဏ္ဏိတ ဝိဘာသာ အနက်ရှိပါ၏။

---

၁၆၀-မေး။ ။ယ-ဝ-မ-ဒ-န-တ-ရ-လ-၏ အက္ခရာ(၈) လုံးတို့၏ လာကောင်းရာ ဌာန များကို သီးခြား ခွဲဝေ၍ ကျနစွာ ပြခဲ့ပါ။

၁၆၀-ဖြေ။(ယ) ဣ-အက္ခရာ၊ဧ-အက္ခရာ စသည်နှောင်းသောကြောင့် ယထာ-စသော သန္ဓါတို့၏နောက်၌ (ယ)အက္ခရာလာရ၏။

(ဝ) အ-ဝဏ်၊ ဥ-အက္ခရာတို့ နှောင်းသောကြောင့် တိ-အစရှိသော သန္ဓါတို့၏ နောက်၌ (ဝ)အက္ခရာ လာရ၏။

(မ) သရ-နှောင်းသောကြောင့် ဆန်းဂိုဏ်း စောင့်ခြင်း စသော အရာ၌ လဟု-စသော သန္ဓါတို့၏နောက်၌ (မ)အက္ခရာ လာရ၏။

(ဒ) ဥ-ဟူသော ဥပသာရပုဒ်၊သကိံ-ကေန စိ- ကိဉ္စိ- ကိသ္မိဉ္စိ- ကောစိ- သမ္မာ ယာဝ-တာဝ-ပုန-ယ-တ-တေ-အတ္တ-ပုဒ်၊သ-အစရှိသောသန္ဓါတို့၏ နောက်၌ (ဒ)အက္ခရာ လာရ၏။

(န) အာယတိ- အစရှိသော သန္ဓါ တို့၏ အစ၌ (န)အက္ခရာ လာရ၏။

(တ) ဠဟာ- အစရှိသော သဒ္ဒါ နှောင်းသော ကြောင့် ယသ္မာ- တသ္မာ- အဇ္ဈ-အစရှိ သော ပုဒ်တို့၏နောက်၌ (တ)အကျရာ လာရ၏။

(ရ) နိ- ဒု - ပါတု- ပုန- ဓိ- ပါတ- စတု - စသောပုဒ်တို့၏ နောက်၌(ရ)အကျရာ လာရပါ၏။

(လ) ဆ-သဉ္ဇာသဒ္ဒါတို့၏ နောက်၌ (လ) အကျရာ လာရပါ၏။

(၁) ယ-ကာရာဂမော ယထာဒိတော ဉကာရေ ကာရာဒိသု၊

(၂) ဝ-ကာရောတိသဒ္ဒါဒိတောအဝဏ္ဏုကာရေသု၊

(၃) မ-ကာရော လဟုပ္ပဘုတိတော သရေ ဆန္ဒာ နုရက္ခဏာဒိမှိ၊

(၄) ဒ-ကာရော ဥ-ဥပသဂ္ဂ-သကိံ-ကေနစိ-ကိဉ္စိ- ကိသ္မိဉ္စိ-ကောစိ-သမ္မာ- ယာဝ-တာဝ-ပုန- ယတေ-တ-တ္တ-သာ-ဒိဟိ၊

(၅) န-ကာရော အာယတာဒိမှိ၊

(၆) တ-ကာရော ယသ္မာ- တသ္မာ- အဇ္ဈာဒိတော ဠဟာဒိမှိ၊

(၇) ရ-ကာရော နိ-ဒု-ပါတု-ပုန-ဓိ-ပါတ-စတု ရာဒိတော၊

(၈) လ-ကာရော ဆသဉ္ဇာဟိ။

ရူပသိဒ္ဓိ။

၁၆၁-မေး။ ။ဤသုတ်၌ လာသော အက္ခရာ တို့တွင် (လ)ငယ် အက္ခရာသာ ပါရှိ၏။ ဥဒါဟာ ရဏ်၌မူ ဆင္ဓာဘိညာ-ဟု (ဠ)ကြီးနှင့်ပါရှိ နေခြင်းကြောင့် သုတ်နှင့် ဥဒါဟရဏ် ဆန့်ကျင်နေသည် မဟုတ်ပါလော။

၁၆၁-ဖြေ။ ။(လ)ငယ်နှင့် (ဠ)ကြီးတို့၏ အထူးမရှိ ခြင်းကြောင့် မဆန့်ကျင်ပါ။

**လ-ဠာနံ မဝိသေသော။ ။ ရူပသိဒ္ဓိ။**

---

၁၆၂-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အကျိုး များကို ထင်ရှားအောင် ထုတ်ပြပါ။

၁၆၂-ဖြေ။ ။ စ-သဒ္ဒါဖြင့်....

(၁) ဂ-အက္ခရာလာခြင်းအကျိုးရှိ၏၊

**(ရူပသိဒ္ဓိအလို။)**

(၂) မ-အက္ခရာကို-ပ ပြုခြင်း၊ တ-အက္ခ ရာကို ဒ- ပြုခြင်း၊ ဒ- အက္ခရာကို တ-ပြုခြင်း အကျိုးရှိပါ၏။

**(သဒ္ဒါကြီးအလို။)**

(၃) ယ- ဝ- မ-ဒ- န-တ- ရ- လ- အံ- မှ တပါး ကျန်အက္ခရာ(၂၄)လုံး လာ ခြင်း အကျိုးရှိ၏။

**(သဒ္ဒသာရတ္ထဇာလိနီအလို။)**

(၁) စသဒ္ဒေန ဂကာရာဂမော စ॥

ရူပသိဒ္ဓိ။

(၂) ယ-ဝ-မ-ဒါဒိသုတ္တေန၊

အဋ္ဌ ဗျဉ္ဇနာ အာဂမာ။

စ-သဒ္ဒေန ပန သေသာ၊

စတုဝီသတိ ဗျဉ္ဇနာ။ ။

သဒ္ဒသာရတ္ထဇာလိနီ။

**အမှာ စကား။**

(ကစ္စာယနဝဏ္ဏနာ၌ကား (၂၄)လုံး အက္ခရာတို့လာပုံ ဥဒါဟရုဏ်ကို အလိုရှိသူတို့အား နိရုတ္တိ၌ ကြည့်ရန် မှာထားတော် မူ၏။ ပါဠိတော်,အဋ္ဌကထာလာ ပါဌ်များ မဟုတ်သောကြောင့် ငါတို့ မထုတ်လိုကုန်-ဟု မိန့်တော်မူ၏။)

---

**၁၆၃-မေး။** ။အောက်ပါ(က)မှ (ဆ)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (ဇ)မှ (ဎ)အထိ ပုဒ်တို့ကို ဖြတ်ပြပါ။

| | |
|---|---|
| (က) ယထာ+ဣဒံ၊ | (ဇ) န-ယိမဿ၊ |
| (ခ) ယထာ+ဧဝ၊ | (ဈ) န-ယိမာနိ၊ |
| (ဂ) မာ+ဣဒံ၊ | (ည) နဝ-ယိမေ ဓမ္မာ၊ |
| (ဃ) မာ+ဧဝံ၊ | (ဋ) ဗုဒ္ဓါနံ-ယေဝ၊ |
| (င) တံ+ဣဒံ၊ | (ဌ) သန္တိ-ယေဝ၊ |
| (စ) တံ+ဧဝ၊ | (ဍ) ဗောဓိယာ-ယေဝ၊ |
| (ဆ) န+ဣဒံ၊ | (ဎ) သတိ-ယေဝ၊ |

ခ၆၃-ဖြေ။ ။

(က) ယထာ-ယိဒံ၊
(ခ) ယထာ-ယေဝ၊
(ဂ) မာ-ယိဒံ၊
(ဃ) မာ-ယေဝံ၊
(င) တ-ယိဒံ၊
(စ) တံ-ယေဝ၊
(ဆ) န-ယိဒံ၊
(ဇ) န+ဣမဿ၊
(ဈ) န+ဣမာနိ၊
(ည) နဝ+ဣမေ ဓမ္မာ၊
(ဋ) ဗုဒ္ဓါနံ+ဧဝ၊
(ဌ) သင်္ဂ+ဧဝ၊
(ဍ) ဗောဓိယာ+ဧဝ၊
(ဎ) သတိ+ဧဝ၊

---

ခ၆၄-မေး။ ။အောက်ပါ (က)မှ (စ)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (ဆ) မှ (ဍ)အထိ ပုဒ်တို့ကို ဖြတ်ပြပါ။

(က) ပထဝီ+ဧဝ၊
(ခ) ဓာတု+ဧဝ၊
(ဂ) တေသု+ဧဝ၊
(ဃ) သော+ဧဝ၊
(င) ပါဋိ+ဧက္ကံ၊
(စ) ဝိ+အဇ္ဈုနာ၊
(ဆ) ဝိ-ယာကာသိ(ဗျာကာသိ၊)
(ဇ) ပရိ-ယန္တံ၊
(ဈ) ပရိ-ယာဒါနံ၊
(ည) ပရိ-ယုဋ္ဌာနံ၊
(ဋ) ပရိ-ယေသနာ၊
(ဌ) ပရိ-ယောသာနံ၊
(ဍ) နိ-ယာယောဂေါ၊

၁၆၄-ဖြေ။ ။

(က) ပထဝီ-ယေဝ၊
(ခ) ဓာတု-ယေဝ၊
(ဂ) တေသု-ယေဝ၊
(ဃ) သော-ယေဝ၊
(င) ပါဠိ-ယေတ္တံ၊
(စ) ဝိ-ယဉ္ဇနာ၊ / ဗျ-ဉ္ဇနာ၊
(ဆ) ဝိ+အာကာသိ။
(ဇ) ပရိ+အန္တံ၊
(ဈ) ပရိ+အာဒါနံ၊
(ည) ပရိ+ဥဋ္ဌာနံ၊
(ဋ) ပရိ+ဧသနာ၊
(ဌ) ပရိ+ဩသာနံ၊
(ဍ) နိ+အာယောဂေါ။

(ယ)လာရပုံ၊ဥဒါဟရုဏ်းအစုံ သိနိုင်ပြီ။

---

၁၆၅-မေး။ ။အောက်ပါ (က) (ခ) (ဂ) ပုဒ်တို့ကို စပ်ပြီးလျှင် (ဃ) (င) (စ) ပုဒ်တို့ကို ဖြတ်ပြပါ။

(က) တိ+အင်္ဂုလံ၊
(ခ) တိ+အင်္ဂ ကံ၊
(ဂ) ဘူ+အာဒယော၊
(ဃ) မိဂီ ဘန္တာ-ဝုဒိက္ခတိ၊
(င) ပ-ဝုစ္စတိ၊
(စ) ပါဂုည-ဝုဇုတာ၊

၁၆၅-ဖြေ။ ။

(က) တိ-ဝင်္ဂုလံ၊
(ခ) တိ-ဝင်္ဂ ကံ၊
(ဂ) ဘူ-ဝါဒယော၊
(ဃ) မိဂီ ဘန္တာ+ဥဒိက္ခတိ၊
(င) ပ+ဥစ္စတိ၊
(စ) ပါဂုည+ဥဇုတာ၊

(၁) လာရပုံ၊ဥဒါဟရုဏ်းအစုံ သိနိုင်ပြီ။

---

၁၆၆-မေး။ ။အောက်ပါ (က)မှ (ဃ)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (င)မှ (ဈ) အထိ ပုဒ်တို့ကို ဖြတ်ပြပါ။

(က) လဟု+ဧဿတိ၊ (င) ဘဒြော ကသာ-မိဝ၊
(ခ) ဂရု+ဧဿတိ၊ (စ) အာကာသေ-မဘိပူဇယေ၊
(ဂ) ဣဓ+အာဟု၊ (ဆ) ဧက-မေကဿ၊
(ဃ) ဣဓ+ဣန္ဒြိတိ၊ (ဇ) ယေန-မိဓေကစ္စေ၊
(ဈ) ဘာယတိ-မေဝ၊

၁၆၆-ဖြေ။ ။

(က) လဟု-မေဿတိ၊ (င) ဘဒြော ကသာ+ဣဝ၊
(ခ) ဂရု-မေဿတိ၊ (စ) အာကာသေ+အဘိပူဇယေ၊
(ဂ) ဣဓ-မာဟု၊ (ဆ) ဧက+ဧကဿ၊
(ဃ) ဣဓ-မိန္ဒြိတိ၊ (ဇ) ယေန+ဣဓေ ကစ္စေ၊
(ဈ) ဘာယတိ+ဧဝ၊

(မ) လာရပုံ ဥဒါဟရဏ်းအစုံ သိနိုင်ပြီ။

---

၁၆၇-မေး။ ။အောက်ပါ (က)မှ (င)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (စ)မှ (ည)အထိ ပုဒ်တို့ကို ဖြတ်ပြပါ။

(က) ဥ+အဂ္ဂေါ၊ (စ) ဥ-ဒီရိတော၊
(ခ) ဥ+အယော၊ (ဆ) ဥ-ဒေတိ၊
(ဂ) ဥ+အပါဒိ၊ (ဇ) သကိံ-ဒေဝ၊
(ဃ) ဥ+အာဟဋ္ဋံ၊ (ဈ) သက-ဒါဂါမီ၊
(င) ဥ+ဤရိတံ၊ (ည) ကေနစိ-ဒေဝ၊

၁၆၇-ဖြေ။ ။

(က) ဥ-ဒင္ဂေါ၊
(ခ) ဥ-ဒယော၊
(ဂ) ဥ-ဒပါဒိ၊
(ဃ) ဥ-ဒါဟဋ္ဌံ၊
(င) ဥ-ဒီရိတံ၊
(စ) ဥ+ဇုရိတော၊
(ဆ) ဥ+တော၊
(ဇ) သကိံ+ဝေ၊
(ဈ) သကိံ+အာဂါမီ၊
(ည) ကေနစိ+ဝေ၊

---

၁၆၈-မေး။ ။အောက်ပါ (က)မှ (င) အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (စ)မှ (ဋ) အထိ ပုဒ်တို့ကို ဖြတ်ခဲ့ပါ။

(က) ကိဉ္စိ+ဝေ၊
(ခ) ကိသ္မိဉ္စိ+ဝေ၊
(ဂ) ကောစိ+ဝေ၊
(ဃ) သမ္မာ+အဇ္ဈော၊
(င) သမ္မာ+အက္ခာတော၊
(စ) သမ္မာ-ဒညာဝိမုတ္တာနံ၊
(ဆ) သမ္မ-ဒေဝ၊
(ဇ) ယာဝ-ဒတ္ထံ၊
(ဈ) ယာဝ-ဒေဝ၊
(ည) တာဝ-ဒေဝ၊
(ဋ) ပုန-ဒေဝ၊

၁၆၈-ဖြေ။

(က) ကိဉ္စိ-ဒေဝ၊
(ခ) ကိသ္မိဉ္စိ-ဒေဝ၊
(ဂ) ကောစိ-ဒေဝ၊
(ဃ) သမ္မ-ဒဇ္ဈော၊
(င) သမ္မ-ဒက္ခာတော၊
(စ) သမ္မာ+အညာဝိမုတ္တာနံ၊
(ဆ) သမ္မာ+ဝေ၊
(ဇ) ယာဝ+အတ္ထံ၊
(ဈ) ယာဝ+ဝေ၊
(ည) တာဝ+ဝေ၊
(ဋ) ပုန+ဝေ၊

---

၁၆၉-မေး။ ။အောက်ပါ (က)မှ (စ) အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (ဆ)မှ (ဋ) အထိ ပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

| | |
|---|---|
| (က) ယံ+အဂ္ဂံ၊ | (ဆ) အဇ္ဇ-ဒဂ္ဂံ၊ |
| (ခ) တံ+အဂ္ဂံ၊ | (ဇ) သ-ဒတ္ထပသုတော သိယာ၊ |
| (ဂ) ယံ+အနန္တရာ၊ | (ဈ) အည-ဒဂ္ဂံ၊ |
| (ဃ) တံ+အနန္တရာ၊ | (ည) မနသာ-ဒညာဝိမုတ္တာနံ၊ |
| (င) တံ+အင်္ဂဝိမုတ္တိ၊ | (ဋ) ဗဟု-ဒေဝရတ္တိံ၊ |
| (စ) ဧတံ+အဂ္ဂံ၊ | (ဌ) အဟု-ဒေဝ ဘယံ၊ |

၁၆၉-ဖြေ။

| | |
|---|---|
| (က) ယ-ဒဂ္ဂံ၊ | (ဆ) အဇ္ဇ+အဂ္ဂံ၊ |
| (ခ) တ-ဒဂ္ဂံ၊ | (ဇ) သ+အတ္ထ ပသုတောသိယာ၊ |
| (ဂ) ယ-ဒနန္တရာ၊ | (ဈ) အည+အဂ္ဂံ၊ |
| (ဃ) တ-ဒနန္တရာ၊ | (ည) မနသာ+အညာဝိမုတ္တာနံ၊ |
| (င) တ-ဒင်္ဂဝိမုတ္တိ၊ | (ဋ) ဗဟု+ဧဝ ရတ္တိံ၊ |
| (စ) ဧတ-ဒဂ္ဂံ၊ | (ဌ) ဗဟု+ဧဝဘယံ၊ |

(ဒ) လာရပုံ၊ဥဒါဟရဏ်၊အစုံ သိနိုင်ပြီ။

## အမှာ စကား။

(ယ- တ-ဧတ- အဇ္ဇ-သ-ပုဒ်တို့၏- နောက်မှ သမာသ် အရာ၌ သာလျှင် (ဒ) အက္ခရာ လာရသည်။)

၁၇၀-မေး။ ။အောက်ပါ (က)နှင့် (ခ) အမှတ်ပြပုဒ်တို့ကို စပ်ပြခဲ့ပါ။

(က) ဣတော+အာယတိ၊

(ခ) စိရံ+အာယတိ၊

၁၇၀-ဖြေ။ ။

(က) ဣတော-နာယတိ၊

(ခ) စိရံ-နာယတိ၊

(နု) လာရုပုံ၊ဥဒါဟရဏ်၊အစုံသိနိုင်ပြီ။

---

၁၇၁-မေး။ ။အောက်ပါ (က) (ခ) (ဂ) အမှတ်ပြပုဒ်တို့ကို စပ်ပြခဲ့ပါ။

(က) ယသ္မာ+ဣဟ၊

(ခ) တသ္မာ+ဣဟ၊

(ဂ) အဋ္ဌ+အင်္ဂေ၊

၁၇၁-ဖြေ။ ။

(က) ယသ္မာ-တိဟ၊

(ခ) တသ္မာ-တိဟ၊

(ဂ) အဋ္ဌ-တင်္ဂေ၊

(တ) လာရုပုံ၊ဥဒါဟရဏ်၊အစုံ သိနိုင်ပြီ။

---

၁၇၂ မေး။ ။အောက်ပါ (က)မှ(င)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (စ)မှ (ည )အထိ ပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

(က) နီ+အန္တရုံ၊
(ခ) နီ+အာလယော၊
(ဂ) နီ+ဣန္ဓနော၊
(ဃ) နီ+ဤဟကံ၊
(င) နီ+ဥတ္တရော၊
(စ) နီ-ရောဇံ၊
(ဆ) ဒု-ရတိက္ကမော၊
(ဇ) ဒု-ရာဂတံ၊
(ဈ) ဒု-ရုတ္တံ၊
(ည) ပါတု-ရဟောသိ၊

၁၇၂-ဖြေ။ ။

(က) နီ-ရန္တရုံ၊
(ခ) နီ-ရာလယော၊
(ဂ) နီ-ရိန္ဓနော၊
(ဃ) နီ-ရီဟကံ၊
(င) နီ-ရုတ္တရော၊
(စ) နီ+ဩဇံ၊
(ဆ) ဒု+အတိက္ကမော၊
(ဇ) ဒု+အာဂတံ၊
(ဈ) ဒု+ဥတ္တံ၊
(ည) ပါတု+အဟောသိ၊

---

၁၇၃-မေး။ ။အောက်ပါ (က)မှ (င)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (စ)မှ (ည)အထိ ပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

(က) ပါတု+အဟေသုံ၊
(ခ) ပုန+အာဂစ္ဆေယျ၊
(ဂ) ပုန+ဥတ္တံ၊
(ဃ) ပုန+ဧဝ၊
(င) ပုန+ဧတိ၊
(စ) ဓိ-ရတ္ထု ပါတရာသော၊
(ဆ) စတု-ရင်္ဂိကံ၊
(ဇ) စတု-ရာရက္ခာ၊
(ဈ) စတု-ရိဒ္ဓိယာ ပဋိလာဘော၊
(ည) စတု-ရောဃနိတ္ထရဏတ္ထံ၊

၁၇၃-ဖြေ။ ။

(က) ပါတု-ရဟေသုံ၊ (စ) ဓိ+အတ္ထု၊ ပါတရာသော၊

(ခ) ပုန-ရာဂစ္ဆေယျ၊ (ဆ) စတု+အင်္ဂိကံ၊

(ဂ) ပုန-ရုတ္တံ၊ (ဇ) စတု+အာရက္ခာ၊

(ဃ) ပုန-ရေဝ၊ (ဈ) စတု+ဣဒ္ဓိယ ပဋိလာဘော၊

(င) ပုန-ရေတိ၊ (ည) စတု+ဩဃ နိတ္ထရဏတ္ထံ၊

---

၁၇၄-မေး။ ။အောက်ပါ (က)မှ (ဃ)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (င)မှ (ဈ)အထိ ပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

(က) ဘတ္တု+အဂ္ဂေ၊ (င) ဝိဇ္ဇု-ရိဝ ဗ္ဘကူဋေ၊

(ခ) ဝုတ္တိ+ဧသာ၊ (စ) အာရဂ္ဂေ-ရိဝ သာသပေါ၊

(ဂ) ပထဝီဓာတု+ဧဝ သော၊ (ဆ) သာသပေါ-ရိဝ အာရဂ္ဂေ၊

(ဃ) နက္ခတ္တရာဇာ+ဣဝ တာရကာနံ၊ (ဇ) ဥသဘော-ရိဝ၊

(ဈ) သဗ္ဘိ-ရေဝ သမာသေထ၊

၁၇၄-ဖြေ။ ။

(က) ဘတ္တု-ရဂ္ဂေ၊ (င) ဝိဇ္ဇု+ဣဝ အဗ္ဘကူဋေ၊

(ခ) ဝုတ္တိ-ရေသာ၊ (စ) အာရဂ္ဂေ+ဣဝ သာသပေါ၊

(ဂ) ပထဝီဓာတု-ရေဝ သော၊ (ဆ) သာသပေါ+ဣဝ အာရဂ္ဂေ၊

(ဃ) နက္ခတ္တရာဇာ-ရိဝ တာရကာနံ၊ (ဇ) ဥသဘော+ဣဝ၊

(ဈ) သဗ္ဘိ +ဧဝ သမာသေထ၊

(ရ) လာရပုံ ဥဒါဟရဏ်းအစုံ သိနိုင်ပြီ။

---

၁၇၅-မေး။ ။အောက်ပါ(က)နှင့် (ခ)အမှတ် ပုဒ်တို့ကို စပ်ပြီးလျှင် (ဂ) (ဃ) (င)အမှတ် ပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

(က) သ+အဘိညာ၊ (ဂ) သ-ဥဿတိ၊
(ခ) သ+အဂ်ံ၊ (ဃ) သ-ဥံသာ၊
(င) သ-ဥဿယတနံ၊

၁၇၅-ဖြေ။

(က) သ-ဥဿဘိညာ၊ (ဂ) သ+အသီတိ၊
(ခ) သ-ဥဂ်ံ၊ (ဃ) သ+အံသာ၊
(င) သ+အာယတနံ၊

(ဠ) လာရပုံ၊ဥဒါဟာရဏ်၊အစုံ သိနိုင်ပြီ။

---

၁၇၆ မေး။ ။သရသန္ဓိ၌ စီရင်ရသော သုတ်များ၏ အမည်ကိုကုန်စင်အောင် ထုတ်ပြခဲ့ပါ။

၁၇၆-ဖြေ။ ။

(၁) သရာ သရေ လောပံ၊
(၂) ဝါ ပရော အသရူပါ၊
(၃) ကွစာသဝဏ္ဏံ လုတ္တေ၊
(၄) ဒီဃံ၊
(၅) ပုဗ္ဗော စ၊
(၆) ယမေဒန္တဿာဒေသော၊
(၇) ဝမောဒုဒန္တာနံ၊
(၈) ဣဝဏ္ဏော ယံ နဝါ၊
(၉) သဗ္ဗော စံ တိ၊
(၁၀) အဘိဿာ ဘန္တဿ၊
(၁၁) အဓော အာတိ၊
(၁၂) အဓော အဓိ၊
(၁၃) တေ န ဝါ ဣဝဏ္ဏေ၊

(၁၄) ဒေါ ဓသာ စ၊

(၁၅) ဇေါဒိသာ ရိ ပုဗ္ဗော စ ရသော၊

(၁၆) ဣဝဏ္ဏုဝဏ္ဏာ ဈလာ၊

(၁၇) ဈလာနမိယုဝါ သရေ ဝါ၊

(၁၈) ဩသရေ စ၊

(၁၉) ဂေါ သရေ ပုထသာ ဂမော ကွစိ၊

(၂၀) ပါသာ စန္တော ရသော၊

(၂၁) ယ-ဝ-မ-ဒ-န-တ-ရ-လာစာဂမာ၊

ပေါင်း(၂၁) သုတ် ရှိပါ၏။

သရသန္ဓိအခန်း ပြည့်စုံပြီ။

---

## ပကတိသန္ဓိအခန်း။

၁၇၇-မေး။ ။သရသန္ဓိ၏ အခြားမဲ့၌ အဘယ်အကျိုး ငှါ ပကတိသန္ဓိကို မိန့်ဆိုရပါသနည်း။

၁၇၇-ဖြေ။ ။သရတို့၏ သန္ဓိပြုခြင်း အစီအရင်ကို တားမြစ်ခြင်း အကျိုးငှါ မိန့်ဆိုပါ၏။

---

### သရေ ကွစိ။

(ပကတိဝိဓိသုတ်။)

(ပဋိသေဓဝိဓိသုတ်။) သံပျင်ဋီကာအလို။

၁၇၈-မေး။ ။"သရေကွစိ" သုတ်ဖြင့် သရနှောင်းရှေ့၌ ပကတိပြုရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၁၇၈-ဖြေ။ ။(၁) သရာ သရေ လောပံ၊
(၂) ဝါ ပရော အသရူပါ၊
(၃) ကွစာသဝဏ္ဏံ လုတ္တေ၊
(၄) ဒီဃံ၊
(၅) ဝမောဒုဒန္တာနံ၊
သုတ်ဘို့ဖြင့် ချေခြင်း-လောပ၊ ပြုခြင်း-အာဒေသ၊ ဖေါက်ပြန်ခြင်း-ဝိကာရ တို့သို့ မရောက်ရခြင်း အကျိုးရှိပါ၏။

နှ လောပါဒေသဝိကာရ မာပဇ္ဇန္တေ ဗျဉ္ဇနာ။ ရူပသိဒ္ဓိ။

အခိပ္ပါယ် ရှင်းလင်း ဖော်ပြချက်။

"ကော ဣမံ" ဟူသော ဥဒါဟရုဏ်၌

(၁) "သရာသရေလောပံ" သုတ်ဖြင့်(က)အစိတ် ဩ-ကိုချေ၊ က-ကို ဣ-သို့ ကပ်ခဲ့သော်"ကိမံ"ဖြစ်မည်စိုး၍ငှင်း၊

(၂) "ဝါ ပရော အသရူပါ" သုတ်ဖြင့် နောက် ဣ-သရကို ချေခဲ့သော်"ကောမံ"ဖြစ်မည်စိုး၍ငှင်း၊

(၃) "ကွစာသဝဏ္ဏံ လုတ္တေ" သုတ်ဖြင့် ဣ-သရကို ဧ-အသဝဏ် ပြုကပ်ခဲ့သော်"ကေမံ"ဖြစ်မည်စိုး၍ငှင်း၊

(၄) "ဒီဃံ" သုတ်ဖြင့် ဣ-ကို ဤ-ဒီဃပြုကပ်ခဲ့သော်"ကီမံ" ဖြစ်မည်စိုး၍ငှင်း၊

(၅) "ဝမောဒုဒန္တာနံ" သုတ်ဖြင့် (က)အစိတ် ဩ-ကို ဝ-ပြု ကပ်ခဲ့သော်"က္ဝိမံ"ဖြစ်မည်စိုး၍ငှင်း၊

ဤသုတ်ဖြင့်(ပကတိ) ပြုသတည်း။

၁၇၉-မေး။ ။ဤသုတ်ဖြင့် ပကတိပြုရမည့် ဌာနများကို ရှင်းလင်းစွာ သတ်မှတ်ပိုင်းခြားခဲ့ပါ။

၁၇၉-ဖြေ။ ။ပကတိပြုရမည့် ဌာနများမှာ....

သာမညအားဖြင့်

(၁) ဆန်းဂိုဏ်း ပျက်မည်ကို စောင့်သင့်သောဌာန၊

(၂) အရွတ်အဆို ခက်ခဲသည့် ဌာန၊

(၃) ပုဒ်စပ်လိုခြင်းမှ ကင်းသောဌာန၊

ဤသို့ သုံးပါး ရှိပါ၏။

ဝိသေသအားဖြင့်

(၁) ဍုတိ-သဒ္ဒါနှင့် မယှဉ်သော အာလုပ်ပုဒ်၏ အဆုံး၊

(၂) ဆန်းဂိုဏ်း ပျက်မည်ကို စောင့်သင့်သောဌာန၊

(၃) သမာသ်မဟုတ်သော ပုဒ်၏ အဆုံး၌ တည်သော ဒိဃသရ၊

(၄) နိပါတ်ပုဒ်၊

(၅) နာမ်ပုဒ်၏ အဆုံးဖြစ်သော(ဣ)အက္ခရာ (ဉ) အက္ခရာနှင့် ကြိယာပုဒ်၏ အစ၊

ဤသို့ ငါးပါး ရှိပါ၏။

(က) ဆန္ဒဘေဒါ သုခုစ္စာရဏဋ္ဌာနေ သန္ဓိစ္ဆာရဟိတဋ္ဌာနေ စ ပကတိရူပါနိ ဟောန္တိ။

(၁) ပကတိဌာနံနာမ အာလပနန္တာနီတိသို့ ဆန္ဒာနုရက္ခဏော အသမာသေ ပဒန္တဒီဃမှိ စ ဠကာရဂကာရ နာမ ပဒန္တကြိယာဒိမှိတိ ဝေမာဒိ။

ရူပသိဒ္ဓိ၊

---

၁၇၀-မေး။ ။ပကတိပြုရမည့် (၅)ဌာနတို့၏ ဥဒါဟရဏ်တို့ကို ပွမ်းနိုင်သမျှ ထုတ်ပြခဲ့ပါ။

၁၇၀-ဖြေ။ ။(၁) ဣတိ-သဒ္ဒါနှင့် မယှဉ်သော အာလုပ်ပုဒ်၏ အဆုံး၌

ဥဒါဟရဏ်များ။

(က) ကတမာနန္ဒ+အနိစ္စသညာ၊
(ခ) သာရိပုတ္တ+ဣဓေကစ္စော၊
(ဂ) ပဋ္ဌမေ ဂဟပတယော+အာနိသံသာ၊

(၂) ဆန်းဂိုဏ်းပျက်မည်ကို စောင့်သင့်သော ဌာန၌

ဥဒါဟရဏ်ကား။

သောဟံ နူန+ဣတော ဂမိဿာ။

(၃) သမာသ်မဟုတ်သော ပုဒ်၏ အဆုံး၌ တည်သော ဒီဃသရ၌

ဥဒါဟရဏ်များ။

(က) အာယသ္မာ+အာနန္ဒော၊
(ခ) အာလောကော+ဥဒပါဒိ၊
(ဂ) ဧကော+ဧကာယ၊

(၄) နိပါတ်ပုဒ်၌

ဥဒါဟရုဏ်များ။

(က) အရေ+အဟမ္ပိ၊

(ခ) အဟော+အစ္ဆရိယော၊

(ဂ) အထခေါ+အာယသ္မာ၊

(၅) နာမ်ပုဒ်၏ အဆုံးဖြစ်သော (ဣ-ဥ) အက္ခရာတို့နှင့် ကြိယာပုဒ်၏အစ၌

ဥဒါဟရုဏ်များ။

(က) ဂါထာဟိ+အဇ္ဈဘာသိ၊

(ခ) ပုပ္ဖံနိ+အာဟရိံသု၊

(ဂ) သဇ္ဇု+အာဒါသိ၊

အမှာ။

(အသုခုစ္စာရဏာနှင့် သန္ဓိစ္ဆာရဟိတ ဌာနတို့ကား အလုံးစုံသော ဌာနတို့၌ ပါဝင်နိုင်ကြ၏။)

---

၁၇၁-မေး။ ။ကွစိ-သဒ္ဒါဖြင့် ပကတိအပြုကို တားမြစ်သော ဥဒါဟရုဏ်တို့ကို စွမ်းနိုင်သမျှ ထုတ်ပြခဲ့ပါ။

၁၇၁-ဖြေ။ ။(က) သက္ကာ ဒေဝီ-တိ၊

(ခ) နမော တေ ဗုဒ္ဓဝီရ-တ္ထု၊

(ဂ) အာဂတ-တ္ထ၊

(ဃ) ဣတ္ထီ-တိ၊

(င) စာမရီ-ဝ၊

(စ) သေ-ဝ နယော၊

(ဆ) တံကုတေ-တ္ထ လဗ္ဘာ၊

(ဇ) မနသာ-ကာသိ၊

## သရော ပကာတိ ဗျဥ္ဇနေ။
(ပကတိဝိဓိသုတ်။)
(ပဋိသေဓဝိဓိသုတ်။) (သံဟျင်ဒီကာအလို။)

၁၀၂ မေး။ ။ဤသုတ်ဖြင့် (ပကတိ) ပြုခြင်းဟူသည် အဘယ် သို့သော အစီအရင် မျိုးကို ခေါ်ဆိုပါသနည်း။ ထင်ရှားအောင်ပြပါ။

၁၀၂-ဖြေ။ ။ချေခြင်း-ပြုခြင်း-စသည်တို့ဖြင့် ဖေါက်ပြန်ခြင်းသို့ မရောက်ပဲ ရှေ့အတိုင်း ထားအပ် ပြုအပ်သည်ကို (ပကတိ) ဟု ခေါ်ဆိုပါသည်။

**ပကတိ နာမ အဝိကာရတ္တ မာပဇ္ဇနံ။**

သံဟျင်ဒီကာ။

---

၁၀၃-မေး။ ။အထူးမရှိပါပဲလျက် အဘယ် အကျိုး၌ ဗျည်းနှောင်းရှေ့သရကို(ပကတိ) ပြုရပါသနည်း။

၁၀၃-ဖြေ။ ။များသောအားဖြင့် ဒီဃ-ပြုခြင်း၊ ရဿ-ပြုခြင်း၊ ချေခြင်းတို့ဖြင့် မဖေါက်ပြန်ခြင်း အကျိုးရှိပါ၏။

**ယေဘုယျေန ဒီဃ ရဿ လောပေဟိ ဝိကာရာဘာဝေါ။**

ရူပသိဒ္ဓိ။

အစိပ္ပါယ် ရှင်းလင်း ဘောင်ပြချက်။

(က) (၁) အ+ဇ္ဈယော၊

(၂) ပ+ဇ္ဈယော၊

တို့၌''ဒီဃံ''သုတ်ဖြင့် ဒီဃ မပြုရ၊

(ခ) (၁) ဝေဒနာ+က္ခန္ဓော၊

(၂) ဘာ+ဂျဝါ၊

တို့၌''ရဿံ''သုတ်ဖြင့် ရဿ မပြုရ၊

(ဂ) (၁) သော+ဝမ္မံဒေသေတိ၊

(၂) တိဏ္ဏော+ပါရင်္ဂတော၊

တို့၌''လောပဉ္စတတြာကာရော'' သုတ်ဖြင့် ဩ-ကို ချေပြီး ထိုနေရာ၌(အ)မလာရ၊

ဤသို့သော အစီအရင်တို့ဖြင့် ဖေါက်ပြန်ခြင်း မရှိရ၊ဟူလိုသတည်း။

---

၁၈၄-မေး။ ။ဤသုတ်သည် အနိစ္စဝိဓိသုတ် ဖြစ်သောကြောင့် ဣဝဏ်-ဒါ-စသော သဒ္ဒါတို့တွင် တခုခုကို ထည့်သွင်းခါ တည်ထားထိုက်ပါလျက် မထည့်ခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

၁၈၄-ဖြေ။ ။ပကတိ ပြုရဌာန များသည်၏ အဖြစ်ကို သိစေလိုသောကြောင့်တည်း။

## အမှာ။

("ပိဋကတ်သုံးပုံ၌ အစီအရင်များသောကြောင့်တည်း-ဟု ဖြေဆိုလျှင် ပြီး၏။"ဟု မန္တလေးမြို့ တောင်ပြင် ဘုရားကြီးကျောင်းတိုက် (အဂ္ဂမဟာပဏ္ဍိတ) ဘွဲ့တံဆိပ်တော်ရ ပင်းသာ-ဆရာတော်ဘုရားကြီး ၁၂၇၂-ခုနှစ် နှ၂ာသပို့ချစဉ် မိန့်တော်မူသည်ကို နာယူမှတ်သားခဲ့ဘူး၏။)

---

**၁၇၅-မေး။** ။(၁) သရေ ကွစိ၊

(၂) သရာ ပကတိ ဗျဉ္ဇနေ၊

ဤနှစ်သုတ်တို့သည် ပကတိဝိဓိ-သုတ်တို့ချည်းဖြစ်၍ "သရာ ပကတိ ဗျဉ္ဇနေ ဝါ သရေ ဝါ ကွစိ"ဟု တသုတ်ထည်း တည်ထားထိုက်ပါလျက် ခွဲခြား၍ တည်ရခြင်း၏ အကြောင်းကို ဖြေဆိုပါ။

**၁၇၅-ဖြေ။** ။(၁) "သရေကွစိ"ကား သရ နိမိတ်နှောင်းရာ၌ စီရင်၏။

(၂) "သရာ ပကတိ ဗျဉ္ဇနေ"ကား ဗျဉ္ဇန နိမိတ်နှောင်းရာ၌ စီရင်၏။

ဤသို့နိမိတ်ချင်းမတူ ကွဲပြား ခြားနားခြင်းကြောင့်တည်း။

---

**၁၇၆-မေး။** ။ပကတိသန္ဓိ၌ စီရင်ရသော သုတ်တို့ကို ထုတ်ဆိုရေးသား ဖြကြားခဲ့ပါ။

၁၈၆-ဖြေ။ ။(၁) သဒ္ဒေ ကွဝိ၊
(၂) သဒ္ဒါ ပကတိ ဗျဉ္ဇနေ၊
ဤသို့အားဖြင့် နှစ်ပါးသော သုတ်တို့သာ ရှိပါ၏။

ပကတိသန္ဓိအခန်းပြည့်စုံပြီ။

---

# ဗျဉ္ဇနသန္ဓိအခန်း။

## ဒီဃံ။

(ဒီဃဝိဓိသုတ်။)

၁၈၇-မေး။ ။ဤသုတ်ဖြင့် ဗျည်းနှောင်းရာ၌ ရှေ့သရ တို့ကို ဒီဃ-ပြုရာဝယ် အရာခပ်သိမ်း ပြုရ မည်လော။ ဒီဃ-ပြုရာဌာနများကို ကျနစွာ ဖော်ပြပါ။

၁၈၇-ဖြေ။ ။(က) ရဿာယ-တို့၌ သုခစ္စာရဏဌာန၊
(ခ) ဂါထာတို့၌ ဆန္ဒာနုရက္ခဏဌာန၊
ဤ(၂) ဌာနတို့၌ ဒီဃပြုရပါသည်။

သုတ္တံသုခစ္စာရဏဆန္ဒာနုရက္ခဏ
ဌာနေသု ဒီဃော။

ရှုပသိဒ္ဓိ။

---

၁၈၈-မေး။ ။သဒ္ဒါအခန်း၌ ရဿသဒ္ဒါကို ရှေ့ဦး စွာ ပြပြီးမှ ဒီဃသဒ္ဒါကို ပြသကဲ့သို့

ဤသုတ်၌လည်း“ရဿံ”သုတ်ကို ရှေဦးစွာ ပြသင့်ပါလျက် မပြပဲ“ဒီဃံ” သုတ်ကို ရှေဦးစွာ ပြခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

၁၈၈-ဖြေ။ ။“သရာ ပကတိ ဗျဉ္ဇနေ”သုတ်မှ (ဗျဉ္ဇနေ) သဒ္ဒါသည် ဖါးကဲ့သို့ ခုန်ကျော်၍ လိုက်သောနည်းအားဖြင့် လိုက်လာ သည်၏ အဖြစ်ကို သိစေလိုသောကြောင့်တည်း။

---

၁၈၉-မေး။ ။အနီး၌တည်သော“သရေ ကွစိ” သုတ်မှ (သရေ)သဒ္ဒါတော့ မလိုက်လာပဲ အဝေး၌တည်သော “သရာ ပကတိ ဗျဉ္ဇနေ” သုတ်မှ (ဗျဉ္ဇနေ)သဒ္ဒါ လိုက်လာသည်၏ အဖြစ်ကို အဘယ်ကြောင့် သိရပါသနည်း။

၁၈၉-ဖြေ။ ။ထိုးစံအတိုင်း ရဿ-ဒီဃ- အစဉ်အားလျော်စွာ သုတ်ကိုတည်ထားရပါမည်ကို အစဉ်အတိုင်း မတည်ထားသောကြောင့် (ဗျဉ္ဇနေ)သဒ္ဒါ လိုက်လာသော အဖြစ်ကို သိရပါသည်။

ဧဝံ အဝုတ္တာ ဒီဃ ရဿန္တိ ဝစနံ ဗျဉ္ဇနဂ္ဂ ဟဏာနုဝတ္တနဘာဝဿ ဉာပနတ္ထံ။

ကစ္စာယနဝဏ္ဏနာ။

၁၉၀-မေး။ ။သရသန္ဓိ အခဏ်းလာ"ဒိဃံ" သုတ်နှင့် ဤဗျဉ္ဇနသန္ဓိအခဏ်းလာ"ဒိဃံ" သုတ်တို့၏ အထူးကို ဘော်ပြရေးသားပါ။

၁၉၀-ဖြေ။ ။(၁) သရ သန္ဓိခဏ်းလာ"ဒိဃံ" သုတ်သည် ရှေ့၌ သရကျေခြင်းကို ပြုပြီးမှ ဒီဃ-ပြု၏။

(၂) ဗျဉ္ဇန သန္ဓိခဏ်းလာ"ဒိဃံ" သုတ်သည် ရှေ့၌ သရ ကျေခြင်းကို မပြုမူ၍ ဒီဃ-ပြု၏။

(ဤကား အထူး။)

---

၁၉၁-မေး။ ။အချို့ဆရာတို့သည် (**ဗျာယံ**) ၌ ရှေ့(ဧ) သရကို (ယ) ပြုပြီးလျှင် ဒုတိယပိုင်းလာ ဒီဃံသုတ်ဖြင့် ဒီဃ-ပြုကြရာ၌ သင့်မသင့် ဆုံးဖြတ်ခဲ့ပါ။

၁၉၁-ဖြေ။ ။ဒုတိယပိုင်းလာ "ဒိဃံ"သုတ်သည်....

(က) ရှေ့သရကျေခြင်း၊(**လောပဝိဓိဖြစ်ခြင်း**)

(ခ) နောက်သရရှိခြင်း၊

ဤသို့ အင်္ဂါ(၂)ပါး ပြည့်စုံမှ စီရင်နိုင်ပါသည်။ (**ဗျာယံ**) ၌ ဧ-ကို ယ-ပြုခြင်းသည် (အာဒေသဝိဓိ)သာ ဖြစ်၏။ (လောပဝိဓိ) မဟုတ်ရကား အင်္ဂါ မညီသောကြောင့် မပြုသင့်ပါ။

## ကစ္စာယနဘောဒ္ဒိကာသစ်မှ အကျဉ်းချုပ်။

### ထုတ်နုတ်ချက်။

(မျာယံ)ပုဒ်၏ အာဒီဃပြုရာ၌
(က) အပရေဝါဒအလို၊
(ခ) ကေစိဝါဒအလို၊
(ဂ) သမာနဝါဒအလို၊
ဤသို့ သုံးဝါဒ ကွဲပြား အမြင်းတမ်း ငြင်းခုံ စကား ပွါးများလာခဲ့ကြ၏။

(က) အပရေဝါဒအလို။

(မျာယံ)၌ဧ-သရကို ယ-ပြုခြင်းသည်ရှေ့ရုပ်နှင့်မတူသည်၏ အဖြစ် ကြောင့် မကျေသော်လည်း ကျေသကဲ့သို့ အမှတ် ပြု၍ ဒုတိယပိုင်း "ဒီဃ"ဖြင့် အ-ကို(အာ)ဒီဃ-ပြုရမည်-ဟု မိန့်ဆိုကုန်၏။

ထိုစကားသည် အတ္တနောမတိ မျှသာတည်း။ အကြောင်းကား၊ (အာဒေသ)ခေါ်အပြုကို ကျေ၏ဟူ၍ တရံတဆစ်မျှ မဆိုထိုက်သော ကြောင့်တည်း။

(ခ) ကေစိဝါဒအလို။

(မျာယံ)၌ အ-နှင့် ယံ-သည် တပုဒ်တည်းဖြစ်၍ နိမိတ်မဖြစ်ထိုက်၊ ထိုကြောင့် "ကွစိဓာတု"သုတ်ကြီးဖြင့် အ-ကို (အာ)ဒီဃ ပြုရမည်-ဟု မိန့်ဆိုတော်မူကုန်၏။ ထိုစကားကို အနှစ်(သာရ)အားဖြင့် မမှတ်အပ်။ အကြောင်းကား (ဣစ္ဆေတံ)၌ ဣ-နှင့် စသဒ္ဒါတို့၏ တပုဒ်တည်း ဖြစ်လျက် နိမိတ်ဖြစ်သောကြောင့်တည်း။

(ဂ) သမာနဝါဒအလို။

(မျာယံ)၌ ဧ-ကို ယ-ပြုပြီးသော် တတိယပိုင်း"ဒီဃ"သုတ်ဖြင့် ယ ဗျည်း နိမိတ်ကြောင့် အ-ကို အာ-ဒီဃ ပြုရမည်-ဟု မိန့်တော်မူ ကုန်၏။

(၁) မျှာသံ-ပုဒ်မှာ၊ရုပ်သုံးပြား၊သေချာ မှတ်စေလို၊
(၂) အပရေ-ကောင်း၊စိန့်ဆိုဘိ၊ယုတ္တိ ကင်းသကို။
(၃) သမာနဝါဒေ၊နှစ်သာရေ၊ခွဲးစေ သောတုပျို။

အောင်မြေဘုံစံ နိယံ။

---

၁၉၂-မေး။ ။အောက်ပါ (က)မှ (င)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (စ) မှ (ည) အထိ ပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

(က) တျ+သ ပဟီနာ၊
(ခ) သွ+သ၊
(ဂ) မရ၀+မညတိ ဗာလော၊
(ဃ) ဂါမေ မုနိ+စရေ၊
(င) ခန္တိ+ပရမံ တပေါ တိတိက္ခာ၊

(စ) နမက်ျ-ဘ၀ိဿာမိ၊
(ဆ) သွာ-က္ခာတော၊
(ဇ) ယွာ-ဟံ၊
(ဈ) ကာမတော ဇာယတီ- သောကော၊
(ည) ကာမတော ဇာယတိ- ဘယံ။

၁၉၂-ဖြေ။ ။

(က) တျာ-သ ပဟီနာ၊
(ခ) သွာ-သ၊
(ဂ) မရ၀ါ-မညတိ ဗာလော၊
(ဃ) ဂါမေ မုနီ-စရေ၊
(င) ခန္တီ-ပရမံ တပေါ တိတိက္ခာ၊

(စ) နမက်ု+ဘ၀ိဿာမိ၊
(ဆ) သွ+က္ခာတော၊
(ဇ) ယွ+ဟံ၊
(ဈ) ကာမတော ဇာယတိ+ သောကော၊
(ည) ကာမတော ဇာယတိ+ ဘယံ၊

---

၁၉၃-မေး။ ။အောက်ပါ (က)(ခ)(ဂ) အမှတ်ရှိပုဒ်တို့ကိုစပ်၍ (ဃ)(င) (စ) အမှတ်ပါ ပုဒ်တို့ကို ပုဒ်ဖြတ်ပြပါ။

(က) သုဟု+ဋ္ဌ စ၊ (ဃ) ဒူ-ဒမံ၊

(ခ) အနု+ပဃာတော၊ (င) သူ-ရက္ခံ၊

(ဂ) ဒု+ရက္ခမံ၊ (စ) ဒူ-ဘရတာ၊

၁၉၃-ဖြေ။ ။

(က) သုဟူ-ဋ္ဌ စ၊ (ဃ) ဒု+ဒမံ၊

(ခ) အနူ-ပဃာတော၊ (င) သု+ရက္ခံ၊

(ဂ) ဒူ-ရက္ခမံ၊ (စ) ဒု+ဘရတာ၊

(အမှာ။)

(၁) ဗျဥ္ဇ၊

(၂) သွဿ၊

(၃) ပတိ လိယျတိ၊

တို့၌ ကွစိ-သဒ္ဒါကြောင့် ဒီဃမပြုရ

---

ရဿ။

(ရဿဝိဓိသုတ်။)

၁၉၄-မေး။ ။ဗျည်းနှောင်းရာ၌ ရှေ့ဒီဃသရကို ရဿ-ပြုရသော ဌာန များကို စေ့၍ ကုန်စင်အောင် ထုတ်ခဲ့ပါ။

၁၉၄-ဖြေ။ ။(၁) ဂါထာတို့၌ ဆန်းကိုက်ကို စောင့်ရှောက်ရာဌာန၊

(၂) အာဂမ်လာရာဌာန၊

(၃) သံယုဂ်နှောင်းရာဌာန၊

ဤသို့ သုံးဌာနတို့၌ ရဿ-ပြုရပါသည်။

**ဆန္ဒာနုရက္ခဏေ အာဂမေ သံယောဂေ စ ရဿတ္တံ။**

ရူပသိဒ္ဓိ။

---

၁၃၅-မေး။ ။အောက်ပါ(က)(ခ) အမှတ်ရှိ ပုဒ်တို့ကို ပုဒ်စပ်ပြီးလျှင် (ဂ) (ဃ) (င) အမှတ်ပြ ပုဒ်တို့ကို ပုဒ်ဖြတ်ပြပါ။

(က) ယိဋ္ဌံ ဝါ+ဟုတံ ဝါ+လောကေ၊

(ခ) ယဒိ ဝါ+သာဝကော၊

(ဂ) ပုဂ္ဂလ-ဓမ္မဒသာတေ၊

(ဃ) ဘောဝါဒီ-နာမ သော ဟောတိ၊

(င) ယထာ ဘာဝိ-ဂုဏေန သော၊

၁၃၅-ဖြေ။ ။

(က) ယိဋ္ဌံဝ-ဟုတံဝ-လောကေ၊

(ခ) ယဒိဝ-သာဝကော၊

(ဂ) ပုဂ္ဂလာ+ဓမ္မဒသာ တေ၊

(ဃ) ဘောဝါဒီ+နာမ သော ဟောတိ၊

(င) ယထာဘာဝီ+ဂုဏေန သော၊

(ဆန္ဒာနုရက္ခဏာဌာန၌ ဥဒါဟရဏ်များ။)

၁၉၆-မေး။ ။အောက်ပါ(က)အမှတ်ပုဒ်နှင့်(ခ)အမှတ်ပုဒ်တို့ကို ပုဒ်စပ်၍ ပြပါ။

(က) ယထာ+ယိဒံ၊

(ခ) သမ္မာ+ဒက္ခာတော၊

၁၉၆-ဖြေ။ ။

(က) ယထ-ယိဒံ၊

(ခ) သမ္မ-ဒက္ခာတော၊

(အာဂမ်ဗျဉ္ဇနသန္ဓိ ဥဒါဟရဏ်များ။)

---

၁၉၇-မေး။ ။အောက်ပါ (က)(ခ)(ဂ)အမှတ်ပုဒ်တို့ကို ပုဒ်စပ်ပြီးလျှင် (ဃ) (င)(စ) အမှတ်ပုဒ်တို့ကို ပုဒ်ဖြတ်ပြပါ။

(က) ပရာ+က္ကမော၊ (ဃ) လာဘိ-မှိ၊

(ခ) အာ+ဿာဒေါ၊ (င) ဝသိ-မှိ၊

(ဂ) တဏှာ+က္ခယော၊ (စ) ထု-လ္လစ္စယော၊

၁၉၇-ဖြေ။ ။

(က) ပရ-က္ကမော၊ (ဃ) လာဘီ+မှိ၊

(ခ) အ-ဿာဒေါ၊ (င) ဝသီ+မှိ၊

(ဂ) တဏှ-က္ခယော၊ (စ) ထူ+လ္လစ္စယော၊

(သံယုဂ်နှောင်းဗျဉ္ဇနသန္ဓိ ဥဒါဟရဏ်များ။)

---

၁၉၈-မေး။ ။(က) မာ-ယိဒံ၊

(ခ) မနသာ-ဒညာ ဝိမုတ္တာနံ၊

ဟူသောအာဂမ်ဗျဉ္ဇနဥဒါဟရဏ်တို့၌ရင်း၊

(က) ယထာကမ္မံ၊
(ခ) အာချာတိကံ၊
(ဂ) ဒီယျတိ၊
(ဃ) သူယျတိ၊

ဟူသော သံယုဂ် နှောင်းရောဋ္ဌာန ဥဒါဟ
ရဏ်တို့၌ရင်း၊ အဘယ်ကြောင့် ဤသုတ်
ဖြင့် (ရသာ) မပြုပါသနည်း။

၁၉၈-ဖြေ။ ။လိုက်၍လာသော(ကွစိ)သဒ္ဒါ မြစ်သော
ကြောင့်တည်း။

---

**လောပဥ္စ တတြာကာရော။**

**(လောပဝိမိ, အာဂမဝိမိ, နှစ်မည်ရသုတ်။)**

၁၉၉-မေး။ ။"လောပဥ္စ တတြာကာရော" သုတ်ဖြင့်
ဖျည်းနှောင်းသောကြောင့် ရှေ့သရ ကျေ
၏-ဟု မိန့်ဆိုရာဝယ် မည်သည့် သဒ္ဒါတို့
၏ အစိတ်ဖြစ်သော မည်သည့်သရ ကျေ
သည်-ဟု ကေန္တ- မှတ်သား ရအောင်
ဆုံးဖြတ်ခဲ့ပါ။

၁၉၉-ဖြေ။ ။(တေ-တ) သဒ္ဒါတို့၏ အစိတ်ဖြစ်သော
ဧ-သရသာ ကျေသည်-ဟု ကေန္တမှတ်
သားရပ်၏။

**တေ-တ-သဒ္ဒနှော ကာရဿဝါယံ လောပေါ၊**

**ရူပသိဒ္ဓိ။**

၂၀၀-မေး။ ။ဤသုတ်၌ပါသော (၈) သန္ဒါဖြင့် သိစေအပ်သော အနက်ထူး တို့ကို သိရှိသမျှ ထုတ်ပြခဲ့ပါ။

၂၀၀-ဖြေ။ ။

| ပုဒ်စပ်ထားပုံ။ | ပုဒ်ဖြတ်ထားပုံ။ |
|---|---|
| (က) သေ-အဇ္ဈော၊ | (က) သော+အဇ္ဈော၊ |
| (ခ) သေ-အာဘောဂေါ၊ | (ခ) သော+အာဘောဂေါ၊ |
| (ဂ) သေ-ဣဒါနိ၊ | (ဂ) သော+ဣဒါနိ၊ |

ဤဥဒါဟရဏ်တို့၌ သရနှောင်း ဣ၌လည်း ဩ-ကျေ၊ထို ကျေရာ၌ အ-လာရသေး၏။

**စသဒ္ဒေန တေသဒ္ဒတ္တေသ သရေပိ ကွစိ လောပံ။**

**ရူပသိဒ္ဓိ။**

| | |
|---|---|
| (က) ကစ္စိနော-တွံ၊ | ကစ္စိ+နု တွံ၊ |
| (ခ) ကထံ ဇာနေမု-တံ၊ | ကထံ ဇာနေမ+တံ၊ |

ဤဥဒါဟရဏ်တို့၌ (ဩ-ဥ)လာရသေး၏။

**(ဗာလာဝတာရအလို။)**

| | |
|---|---|
| (က) အာသိ-ဝိသော၊ | အာသုံ+ဝိသော၊ |

ဤ ဥဒါဟရဏ်တို့၌ (ဤ)အက္ခရာ လာရ သေး၏။

**(ရူဠှနိရုတ္တိအလို။)**

(က) သသီလဝါ၊

စသော ဥဒါဟရဏ်တို့၌ ရှေ့ဩ-သရ ကျေရုံသာ မဟုတ်သေး၊ (အ)လည်း လာ ရသေး၏။

(နျာသအလို။)

(အ) သရမှ ကြွင်းသော သရ ခုနစ်လုံး လာရသေး၏။

(သဒ္ဒသာရတ္ထဇာလိနီအလို။)

---

၂၀၁-မေး။ ။တဒ-မိနာ ဝိဇာနာထ-ဟူသော ဥဒါဟ ရဏ်သည် ဤသုတ်ဖြင့် ပြီးနိုင်၊ မပြီးနိုင် ရှင်းလင်း ဘော်ပြခဲ့ပါ။

၂၀၁-ဖြေ။ ။ ပြီးနိုင်ပါသည်။

ပြီးနိုင်ပုံကား။ ။"**တံ+ဣမိနာ ဝိဇာနာထ**" ဟု ပုဒ်ဖြတ်ပြီးလျှင် ဤသုတ်၌ (တဗ္ဗာ ကာရော) ဟူသော (ဒွိဓာကရဏယောဂ ဝိဘာဂ)ဖြင့် နိဂ္ဂဟိတ်မှ နောက်ဖြစ်သော ဣ-သရကိုချေ၊ဆိုကျေ၊ရာ၌ အ-လာ။"မ ဒါ သရေ"ဖြင့် နိဂ္ဂဟိတ်ကို (ဒ) ပြု၊ ကပ်၊ ပြီးတော့၏။

---

၂၁၂-မေး။ ။အောက်ပါ (က)(ခ)(ဂ)ပုဒ်တို့ကို စပ်ပြီးလျှင် (ဃ)(င)(စ)လုံးပုဒ်တို့ကို ဖြတ်ပြပါ။

(က) သော+ခေါ၊ (ဃ) သေ-ပတ္တော၊
(ခ) သော+ဂစ္ဆိ၊ (င) သ-မုနိ၊
(ဂ) သော+ဓမ္မော၊ (စ) သ-သီလဝါ၊

၂၁၂-ဖြေ။ ။

(က) သေ-ခေါ၊ (ဃ) သော+ပတ္တော၊
(ခ) သ-ဂစ္ဆိ၊ (င) သော+မုနိ၊
(ဂ) သေ-ဓမ္မော၊ (စ) သော+သီလဝါ၊

---

## ပရဒွေဘာဝေါ ဌာနေ။

### (အာဒေသဝိဓိသုတ်။)

၂၁၃-မေး။ ။ဒွေဘာဝ-ဟူသော ပုဒ်ကို ဝစနတ္ထပြု၍ အနက် ပေးပြီးလျှင် ဒွေဘော်ပြုရာ ဌာနများကို စေ့ငှစုံလင်အောင် ထုတ်ပြခဲ့ပါ။

၂၁၃-ဖြေ။ ။ဒွိန္နံ ဘာဝေါ ဒွိဘာဝေါ။ဒွိဘာဝေါ ဧဝ ဒွေဘာဝေါ။

ဒွိန္နံ၊ နှစ်လုံး ကုန်သော ဗျည်းတို့၏။ ဘာဝေါ၊အဖြစ်တည်း။ ဒွိဘာဝေါ၊ နှစ်လုံးကုန်သော ဗျည်းတို့၏ အဖြစ်။ ။ဒွိဘာဝေါ ဧဝ၊ ဒွိဘာဝ- ပုဒ်သည် သာလျှင်။ သကတ္ထေ၊ သကာတ်အနက်၌။ ဏပစ္စယာ

ဝသေနွ၊ လာပစ္စည်း၏ အစွမ်းဖြင့်။ ဒွေ
ဘာဝေါ၊ဒွေဘာဝမည်၏။

**ဒွေဘောဝ်ဖြစ်ရာဌာနများ။**

ရသာ(၃)လုံး (အာ) အက္ခရာ၏ နောက်
ဖြစ်ကုန်သော-

(က) (၁) ပါ၊ (၁၁) သိ၊
(၂) ပတိ၊ (၁၂) သု၊ (သဝနအနက်)
(၃) ပဋိ၊ (၁၃) သု၊ (ဂတိအနက်)
(၄) ကမု၊ (၁၄) သမ္ဘု၊
(၅) ကုသ၊ (၁၅) သရ၊
(၆) ကုဓ၊ (၁၆) သသ၊
(၇) ကီ၊ (၁၇) တိက၊
(၈) ဂဟ၊ (၁၈) တယ၊
(၉) ဇုတ၊ (၁၉) တိံသ၊
(၁၀) ဉာ၊ (၂၀) ဗတ၊

အစရှိသော သဒ္ဒါတို့၏ အစဗျည်းသည်
ဒွေဘောဝ်ရောက်၏။

(ခ) (၁) ဝတု၊
(၂) ဝဋ္ဍု၊
(၃) ဒိသ၊

အစရှိသော သဒ္ဒါတို့၏အဆုံးဗျည်းသည်
ဒွေဘောဝ်ရောက်၏။

(ဂ) (၁) ဉ၊ (၄) တ၊
(၂) ဒ၊ (၅) စတု၊
(၃) နိ၊ (၆) ဆ၊
(၇) သ၊ (သင်္ချာမှ)

ဤသဒ္ဒါတို့၏ နောက်ဖြစ်သော ဗျည်းတို့သည် ဒွေဘော် ရောက်ကြရကုန်၏။

(ဃ) ပုဒ်၏ အဆုံးလည်း မဟုတ်၊
အာ-အက္ခရာလည်း မဟုတ်သော၊
ဒိဃမှ နောက်ဖြစ်သော(ယ)အက္ခရာ စသည်သည်လည်း ဒွေဘော်ရောက်၏။

(င) (၁) "ယဝတံ" သုတ်ဖြင့် စိရင်အပ်သော စ-လ -ဉ၊
(၂) "သယေစ" သုတ်ဖြင့် ။ ဉ၊
(၃) "တဃဿစဝဂ္ဂ"သုတ်ဖြင့် ။ စဝဂ်-ယ-ဝ၊
(၄) "တပါဒိတောသီ"သုတ်ဖြင့် ။ သီ-ပစ္စည်း၊

ဤအက္ခရာတရတို့သည် ဒွေဘော်ရောက်ကြကုန်မြဲတည်း။

(စ) ဆန်းဂိုဏ်းကို စောင့်ရှောက်ရသော အရာဌာန၌လည်း ဒွေဘော်ရောက်ရ၏။

(ဆ) (၁) ဃရ၊
(၂) ဈေ၊

(၃) ဓံသု၊

(၄) ဘမု၊

ဤဓာတ်တို့၏ အစဗျည်းသည် ဒွေဘော် ရောက်ရ၏။

(ငှင်းကား အသဒိသဒွေဘော်တည်း။)

(က) ဍ္ဍ စ ဌာနံနာမ ရဿာကာရတော ပရံ ပတိ- ပဋိ- ကမု- ကုသ-ကုစ-ကီ-ဂဟ-ဇုတ-ဉာ-သိ-သု-သမ္ဘူ- သရ-သသာ ဒိနမာဒိဗျဉ္ဇနာနံ ဒွေဘာဝံ-တိက-တယ-တိံသ-ဝတာဒိန မာဒိ စ၊

(ခ) ဝတု-ဝဇ္ဇ-ဒိသာဒိနမန္တဿ၊

(ဂ) ဥ-ဒု-နိ-ဥပသဂ္ဂတော တ- စတု- ဆ- သန္တသဒ္ဒါ ဒေသာဒိ ပရဿ၊

(ဃ) အပဒန္တာ နာကာရာ ဒီဃတော ယကာရာဒိ စ၊

(င) ယဝတံ တလနာဒိနံ၊
မာဒေသော စ သယာဒိနံ။
သဟဓာဟွန္တဿာဒေသော၊
သိသကာရော တပါဒိတော။ ။

(စ) ဆန္ဒာနုရက္ခဏေ စ၊

(ဆ) ဃရ-ဈေ-ဓံသု-ဘမာဒိနမာဒိ စ။

ရူပသိဒ္ဓိ။

(၁) ပ-ပတိ-နှင့်၊ပဋိ-ကမု၊ ကုသ-ကုစ၊ကီ-ဂဟ-ဟု၊ ဇုတ-ဉာ- သိ၊သု-သူ-သမ္ဘူ၊သရ-သသ၊ သောဠသတို့၊အစ ဗျည်းမှာ၊ ဒွေဘော်လာ၊

(၂) တိတ-တယ၊တိံသ-ဟူကား၊အစဗျည်းမှာ ဒွေဘော်လာ။
(၃) ဝ-ကာရိယ၊ဗ-ဟူကား၊မှချ ဒွေဘော်ရောက်မြဲး။
(၄) ဥ-ဒု-နိ-နောက်၊ဒွေဘော်ရောက်၊မဖေါက် ကေန်မြဲး။
(၅) စတု-ဆ-သာ၊ဤသချာ၊နောက်မှာ ဒွေဘော်ဆင့်။
(၆) သန္တာဒေသ၊သ-ဟူကား၊နောက်မှာ ဒွေဘော်ဆင့်မြဲး။
(၇) ယဝတံ-သုတ်၊ပြီးပြယုဂ်၊ထုတ်လေ ဒွေဘော်ချည်း။
(၈) ဧဟော္ဍ-သယေစ၊ငြိးသမျှ၊ဘာဝ ဒွေဘော်ချည်း။
(၉) တဿ စဝဂ္ဂ၊ပြီးသမျှ၊ဘာဝ ဒွေဘော်ချည်း။
(၁၀) တပါဒိတော၊သက်သော(သီ)မှာ၊ ဒွေဘော်သာ။
(၁၁) ဓိသု-ဘမ၊ရေ-ဃရ-တို့၊အစဗျည်းမှာ၊ဒွေဘော်လာ။

(ဘုရားကြီး နိယံ၊)

(၁၂) တ-သဋ္ဌိနောင်၊ဒွေဘော်ဆောင်၊မြဲးအောင် နှလုံးသွင်း။

(တန္တိနွော။)

(၁၃) အပဒန္တာ၊နာဒိဃာ၊နောက်မှာ ဒွေဘော်သွင်း။

(နိယျာတိ။)

(၁၄) ဆန်းကိုဏ်းစောင့်ပေ၊ဤဥ္စာနေ၊သိစေ ဒွေဘော်မင်း။

(သုဂ္ဂတိံ။)

အောင်မြေဘုံစံ နိယံ။

## အမှာ။

(ဤသုတ်၌ ဒွေဘော်ဥာန၊ ကျယ်လှသည်ဖြစ်၍ ပါဠိနှင့် နိယံ၊ နှစ်တန်ရေးခဲ့သည်။အလိုရှိရာကို သုံးဆောင်နိုင်စေသတည်း။)

---

၂၀၄-မေး။ ။ဤသုတ်၌ ဝဂ်အက္ခရာ အဝဂ်အက္ခရာ တို့တွင် မည်သည့်အက္ခရာများ ဒွေဘော် ရောက်နိုင်ပါသနည်း။ဒွေဘော် ရောက်နိုင် သော အက္ခရာများကိုလည်း ထုတ်ပြခဲ့ပါ။

၂၀၄-ဖြေ။ ။ (၁) ဝဂ်အက္ခရာ၊
(၂) အဝဂ်အက္ခရာ၊
ဤ (၂) မျိုးပင် ဒွေဘော်ရောက်နိုင်ပါ၏။

ဒွေဘော်ရောက်နိုင်သော အက္ခရာများ။

**ဝဂ်ထဲးမှ၊**

(၁) ပထမက္ခရာ(၅)လုံး၊
(၂) တတိယက္ခရာ(၅)လုံး၊
(၃) ပဉ္စမက္ခရာ(၅)လုံး၊

**အဝဂ်ထဲးမှ၊**

(၄) ယ-လ-ဝ-သ၊
ပေါင်း(၁၉)လုံး၊
**(သဒ္ဒါကျမ်းအလို။)**

**တနည်းကား။**

ဤအက္ခရာ(၁၉)လုံးထဲးမှ (င)ကို ပယ်၍ (၁၈)လုံး၊ **(သာသနာတော်ကျမ်း အလို။)**

---

၂၀၅-မေး။ ။ဤသုတ်ဖြင့် သဒိသဒွေဘော် ပြုနိုင်ပုံကို ထင်ရှား သိသာအောင် အင်္ဂါ ထုတ်၍ ရှင်းလင်းခဲ့ပါ။

၂၀၅-ဖြေ။ ။ (၁) ဝဂ်ချင်းတူရခြင်း၊
(၂) အက္ခရာချင်းတူရခြင်း၊
ဤသို့ အင်္ဂါ(၂)ပါးတည်း။

**အဝဂ်ဖြစ်ခဲ့သော်**

(၁) အဝဂ်ချင်း တူရခြင်း၊
(၂) အက္ခရာချင်း တူရခြင်း၊
ဤသို့ အင်္ဂါ(၂)ပါးတည်း။

ဤအင်္ဂါတို့နှင့် ပြည့်စုံမှသာ သဒိသဒွေဘော် ပြုနိုင်ပါ၏။

**ဥပမာ။**

ကဝဂ်ထဲမှ (က)ဗျည်းနှောင်းလျှင် (က)ဒွေဘော်ပြုရမည်။
ကဝဂ်ထဲမှ (ဂ) ။ (ဂ)ဒွေဘော်ပြုရမည်။
စဝဂ်ထဲမှ (စ) ။ (စ)ဒွေဘော်ပြုရမည်။
စဝဂ်ထဲမှ (ဉ) ။ (ဉ)ဒွေဘော်ပြုရမည်။
အဝဂ်ထဲမှ (ယ) ။ (ယ)ဒွေဘော်ပြုရမည်။
အဝဂ်ထဲမှ (သ) ။ (သ)ဒွေဘော်ပြုရမည်။

(၁) ဝဂ်-ပ-တ-မ၊ဆဲ့ငါး၀၊ယ-လ-ဝ-သ-ပေ။
(၂) သဒိသဒွေဘော်းပြုလိုသော်၊တူနှော် ဝဂ်-ခရေ။
(၃) နား၊မရှုတ်ဘွယ်၊လက်ချယ်၊သိဘွယ် ဗျားသိသော။

အောင်မြေဘုံစံ နိယံ။

---

၂၀၆-မေး။ ။"ပရဿ ဒွေဘာဝေါ ဌာနေ"ဟု မဆိုပဲ အဘယ်အကျိုးငှါ"ပရဒွေဘာဝေါ ဌာနေ" ဟု မိန့်ဆိုပါသနည်း။

၂၀၆-ဖြေ။ ။သုခုစ္စာရဏ- အကျိုးငှါ နိပါတနသုတ်ဖြင့် သဝိဘတ်ကို ချေ၍ "ပရဒွေဘာဝေါ ဌာနေ"ဟု မိန့်ဆိုပါ၏။

ပရဿ-ဒွေဘာဝေါတိ ဝတ္တဗ္ဗေ ဉာမိနာ နိပါတနေန ဝိဘတ္တိလောပံ ကတွာ (ပရဒွေဘာဝေါဌာနေ)တိ ဝုတ္တံ ဘဋ္ဋဗ္ဗံ။

(ရူပသိဒ္ဓိဋီကာ။)

---

၂၀၇-မေး။ ။ ဓမ္မဘာဝသည်....

(၁) သဒိသဓမ္မဘာဝ၊
(၂) အသဒိသဓမ္မဘာဝ၊

ဟု နှစ်ပါးရှိခဲ့ရာ.... ဤသုတ်ဖြင့် အဘယ်ဓမ္မဘာဝ၌ စီရင်ပါသနည်း။အကြောင်းပြ၍ ဖြေဆိုပါ။

၂၀၇-ဖြေ။ ။"ဝဂ္ဂေ ယောသာ ယောသာနံ တတိယပထမာ"သုတ်ကိုထောက်၍ သဒိသ ဓမ္မဘာဝ၌ စီရင်ပါသည်။

---

၂၀၈-မေး။ ။အစဉ်းချည်း၌ ဓမ္မတော်ရောက်သော ဥဒါဟရဏ်များကို တခုစီမျှ ထုတ်ပြခဲ့ပါ။

၂၀၈-ဖြေ။ ။

(၁) ဇုစ-ပစ္စမာဒေါ၊ (၁၁) နိ-ဿယော၊
(၂) အစိ-ပစ္စတိပဗ္ဗယော၊ (၁၂) ဗဟု-ဿုတော၊
(၃) သု-ပ္ပဋိပန္နော၊ (၁၃) အ-ဿဝေါ၊
(၄) ပ-က္ကမော၊ (၁၄) ပ-ဿမ္ဘန္တော၊
(၅) အ-က္ကောသတိ၊ (၁၅) အနု-ဿရတိ၊
(၆) အတိ-က္ကောမော၊ (၁၆) ပ-ဿာသော၊
(၇) ဓနု-က္ကိတော၊ (၁၇) ကုသလ-တ္တိကံ။
(၈) ဝိ-ဂ္ဂဟော၊ (၁၈) ရတန-တ္တယံ၊
(၉) ပ-ဋ္ဌာတော၊ (၁၉) ဒွ-တ္တိံသ၊
(၁၀) ကတ-ညူ၊ (၂၀) သု-ဗ္ဗတော၊

၂၀၉-မေး။ ။အခြားဗျည်း၌ ခွဲသော်ရောက်သော ဥဒါဟာရဏ်များကို တခုစီ ထုတ်ပြခဲ့ပါ။

၂၀၉-ဖြေ။ ။(၁) ဝ-ဍ္ဍတိ၊
(၂) ဝ-ဍ္ဎတိ၊
(၃) ဒ-ဿနံ၊

---

၂၁၀-မေး။ ။ဥ-ဒု-နိ-ဟူသော ဥပသာရစသော ပုဒ်တို့၏ နောက်၌ ခွဲသော် ရောက်သော ဥဒါဟာရဏ်များကို ထုတ်ပြပါ။

၂၁၀-ဖြေ။ ။

(၁) ဥ-က္ကံသော၊ (၄) တ-က္ကရော၊
(၂) ဒု-က္ကရံ၊ (၅) စတု-က္ကံ၊
(၃) နိ-က္ခမော၊ (၆) ဆ-က္ကံ၊
(၇) သ-က္ကာရော၊

---

၂၁၁-မေး။ ။(၁) ယဝတံ-သုတ်၊
(၂) တဿစဝဂ္ဂ-သုတ်၊
(၃) သယေ စ-သုတ်၊
(၄) တပါဒိတောဿ-သုတ်
တို့ဖြင့် စီရင်အပ်သော အာဒေသတို့၏ ခွဲသော် ရောက်သော ဥဒါဟာရဏ်တို့ကို ထုတ်ပြပါ။

၂၁၁-ဖြေ။ ။

(ယဝတံ-သုတ်။)

(၁)
(က) ဇာဠွန္တော၊
(ခ) ဝိပလ္လာသော၊
(ဂ) သညာယော၊
(ဃ) ယန္တေဝံ၊

(တဿစဝဍ္ဍ သုတ်။)

(၂)
(က) ဝုဋ္ဌတော၊
(ခ) ကယျတော၊
(ဂ) သိဗ္ဗတော၊

(သယေ စ-သုတ်။)

(၃)
(က) သညောဂေါ၊
(ခ) သညုတ္တံ၊
(ဂ) သညောဇနံ၊

(တပါဒိတောသိ-သုတ်။)

(၄)
(က) တပဿီ၊
(ခ) ယသဿီ၊
(ဂ) တေဇဿီ၊

မှာထားချက်။

(ပုဒ်ဖြတ်နိုင်းပါလျှင် သဒ္ဒါ-ဒွေဘော် ရှိရာပုဒ်တို့၌ အပေါ် အက္ခရာတလုံးကို ပယ်ဖြုတ်လိုက်လျှင် ပုဒ်ဖြတ်ပြီး ဖြစ်တော့၏။)

နည်းပြ ဥဒါဟရုဏ်။

| ပုဒ်စပ်ပုံ | ပုဒ်ဖြတ်ပုံ |
| --- | --- |
| ဣစ-ပ္ပမာဒေါ | ဣစ+ပမာဒေါ၊ |
| ကုသလ-တ္တိကံ | ကုသလ+တိကံ၊ |
| သ-က္ကာရော | သ+ကာရော၊ |
| တေဇ-သီ | တေဇ+သီ၊ |

---

ဝဂ္ဂေ ဃောသာဃောသာနံ တတိယပဌမာ။

(အာဒေသဝိဓိသုတ်။)

၂၁၂-မေး။ ။"ဝဂ္ဂေ ဃောသာဃောသာနံ တတိယ ပဌမာ"ဟူသောသုတ်၌....
(၁) ဝဂ္ဂေ-သဒ္ဒါ၊
(၂) ဃောသာဃောသ-သဒ္ဒါ၊
(၃) တတိယ ပဌမာ-သဒ္ဒါ၊
တို့ဖြင့် သိစေအပ်သော အနက် တို့ကို အသီးအသီး ဝေဘန်ပြခဲ့ပါ။

၂၁၂-ဖြေ။ ။ (၁) ဝဂ္ဂေ-သဒ္ဒါဖြင့်....
ဝဂ်ဖြစ်သော ဃောသအဃောသ အက္ခရာတို့ကို ယူ၍၊အ ဝဂ်ဖြစ်သောဃောသ အဃောသအက္ခရာတို့ကိုနစ်စေပါသည်။
(၂) ဃောသာ ဃောသ-သဒ္ဒါဖြင့်....
အာဝါသိက-ကဲ့သို့ ရှိနေ-တည်နေ ရမည် ဖြစ်သောစတုတ္ထဃောသအက္ခရာ(၅)လုံး

ဒုတိယ အဃောသအက္ခရာ(၅)လုံးတို့ကို ပြတော်မူပါ၏။

(၃) တတိယပထမာ-သန္ဒါဖြင့်.... အာဂန္တုကကဲ့သို့ လာရမည် ဖြစ်သော တတိယ-ဃောသအက္ခရာ(၅)လုံး၊ပထမ အဃောသအက္ခရာ(၅)လုံးတို့ကိုပြတော် မူပါ၏။

---

၂၁၃-မေး။ ။ဧသသင်သားတို့ သိနားလည်အောင် ဇယားပုံတချဖြင့် ခွဲဝေထားခဲ့ပါ။

၂၁၃-ဖြေ။ ။

| | အဃောသ နှောင်းရာ အဃောသသာ လာရမည်။ | | ဃောသနှောင်းရာ ဃောသသာ လာရမည်။ | | |
|---|---|---|---|---|---|
| | အဃောသ အက္ခရာ ၁၀-လုံး။ | | ဃောသအက္ခရာ ၁၅-လုံး။ | | |
| က-ဝဂ် | က | ခ | ဂ | ဃ | င |
| စ-ဝဂ် | စ | ဆ | ဇ | ဈ | ည |
| ဋ-ဝဂ် | ဋ | ဌ | ဍ | ဎ | ဏ |
| တ-ဝဂ် | တ | ထ | ဒ | ဓ | န |
| ပ-ဝဂ် | ပ | ဖ | ဗ | ဘ | မ |
| | အာဂန္တုက (၅) | အာဒါသိက (၅) | အာဂန္တုက (၅) | အာဒါသိက (၅) | အလွတ် (၅) |
| | ပထမ | ဒုတိယ | တတိယ | စတုတ္ထ | ပဥ္စမ |

## မှတ်သားချက်။

(ပဉ္စမ အက္ခရာ (၅)လုံးတို့ကို ဤသုတ်ဖြင့် မလိုအပ်သောကြောင့် အလွတ်အက္ခရာ အမည်ပေးထားသည်။)

---

၂၁၄-မေး။ ။ဒွေဘော်ပြုသောအရာ၌ "ပရဒွေဘာဝေါ ဌာနေ"သုတ် ရှိပြီးဖြစ်ပါလျက် အဘယ်အကျိုးငှါ ဤသုတ်ကို ထပ်မံ၍ ဆိုရပါသနည်း။

၂၁၄-ဖြေ။ ။ဒုတိယအက္ခရာ စတုတ္ထအက္ခရာ တို့ကို အသဒိသ-ဒွေဘော်သာပြုရမည်-ဟု မှတ်ခြင်းအကျိုးငှါ ထပ်မံ ဆိုရပါသည်။

## အဓိပ္ပါယ် ရှင်းလင်း ဖော်ပြချက်။

''ပရဒွေဘာဝေါဌာနေ'' သုတ်ဖြင့် ဒွေဘော်ပြုရမည်-ဟု သာမညမိန့်ဆိုထားသောကြောင့်

(၁) ဝဂ်-အက္ခရာ၊ အဝဂ်-အက္ခရာဟု ပိုင်းခြား သတ်မှတ်မှု လည်း မရှိ၊

(၂) ပထမအက္ခရာ၊ ဒုတိယအက္ခရာစသည်ဖြင့် ပိုင်းခြား သတ်မှတ် ရွေးချယ်မှုလည်းမရှိ၊

အလုံးစုံသော အက္ခရာတို့သည် သဒိသဒွေဘော် အပြုသို့ ရောက်ရတော့မည် အခြေအနေသို့ ဆိုက်ရောက်နေသဖြင့် ဒုတိယ အက္ခရာနှင့် စတုတ္ထအက္ခရာတို့ကို ''ပရဒွေဘာဝေါ ဌာနေ'' သုတ်ဖြင့် သဒိသဒွေဘော် မပြုရ။ ဤသုတ်ဖြင့် အသဒိသဒွေဘော်ပြုရမည်ဟု မှတ်သားခြင်း အကျိုးငှါ ဤသုတ်ကို ထပ်မံဆိုရသတည်း။

---

**၂၁၅-မေး။** ။"တတိယ ပထမာ"-ဖြင့် တတိယက္ခရာ ပထမက္ခရာတို့ လာရမည်-ဟု ဆိုပြီ၊ အဘယ်သို့သော အက္ခရာ နှောင်းရာ၀ယ် မည်သို့သော တတိယ ဒုတိယတို့ လာရှိရမည်-ဟု အင်္ဂါနှင့်တကွ ရှင်းလင်းစွာ ဖြေဆိုခဲ့ပါ။

**၂၁၅-ဖြေ။** ။ အာဝါသိကအက္ခရာနှင့်....

(၁) ဝဂ်ချင်း တူရခြင်း၊

(၂) တည်ရာချင်း နီးရခြင်း၊ **(ဌာန်တူရခြင်း။)** ဤသို့သော အင်္ဂါ (၂) ပါး ပြည့်စုံသော အက္ခရာတို့သာ လာရပါ၏။

## ဥပမာ။

(က)ဝဂ်ထဲးမှ အဃောသ-ဒုတိယက္ခရာ (ခ)နှောင်းရာ၌ ဝဂ်ချင်းလည်းတူ၊ တည်ရာချင်းလည်း နီးသော (က)ဝဂ်ထဲးမှ အဃောသ ပထမက္ခရာ (က)သာ လာရပါ၏။ ဝဂ်ချင်းလည်းမတူ၊ တည်ရာချင်းလည်း မနီးသော စ ဝဂ်-ဋ ဝဂ်-တ ဝဂ်-ပ ဝဂ်တို့မှ အဃောသ ပထမက္ခရာတို့ မလာရပါ။

(က)ဝဂ်ထဲးမှ ဃောသ စတုတ္ထက္ခရာ (ဃ)နှောင်းရာ၌လည်း ဝဂ်ချင်းလည်းတူ၊ တည်ရာချင်းလည်း နီးသော (က)ဝဂ်ထဲးမှ ဃောသ တတိယက္ခရာ(ဂ)သာ လာရပါ၏။ ဝဂ်ချင်းလည်းမတူ၊ တည်ရာချင်း

လည်း မနီးသော စ-ဝဂ်၊ ဋ-ဝဂ်၊ တ-ဝဂ်၊ ပ-ဝဂ်တို့မှ ဃောသ တတိယက္ခရာတို့ မလာရပါ။ ။အကြွင်း သိသာလောက်ပြီ။

**ဌာနာသန္နဝသေန ဂဂ္ဂဟဏေန တတိယ ပထမာဝ ဟောန္တိ။**

**ရူပသိဒ္ဓိ။**

---

၂၁၆-မေး။ ။ပဉ္စမက္ခရာ (၅) လုံးတို့သည် ဃောသ အက္ခရာတို့ပင် ဖြစ်သောကြောင့် ဃောသ စတုတ္ထက္ခရာကို နှောင်းရာ၌ လာသကဲ့သို့ ပဉ္စမက္ခရာ(၅)လုံးနှောင်းရာ၌လည်း တတိယက္ခရာတို့ လာနိုင်သည် မဟုတ်တုံလော။ အဘယ်ကြောင့် မလာရသည်ကို အကြောင်းပြ ဖြေဆိုခဲ့ပါ။

၂၁၆-ဖြေ။ ။ ပါဠိတော်၌....

**ကတညူ-တန္နယော-တမ္မယော၊**

ဟူ၍သာ ရှိသည်။

**ကတဉ္ဈူ-တန္ဒယော-တမ္ဗယော၊**

ဟု မရှိရကား ဃောသ တတိယက္ခရာ လာရ ခြင်း၌ လျဉ်းပါးဘွယ် မရှိသောကြောင့် မလာရပါ။

**ဝဂ္ဂပဉ္စမာနံ သတိပိ ဃောသတ္တေ တတိယပ္ပသင်္ဂေါ န ဟောတိ။**

**ရူပသိဒ္ဓိ။**

---

၂၁၇-မေး။ ။ဤသုတ်ကို ထုတ်ဆိုခြင်း၌ သိသင့် သိထိုက်သောအနက်ထူးများကိုဖော်ပြခဲ့ပါ။

၂၁၇-ဖြေ။ ။ဤသုတ်ဖြင့် ဝဂ်၌ စတုတ္ထ- ဒုတိယ- အက္ခရာတို့၏ ဓွေဘာဝသည်"အသဒိသ ဓွေဘာဝ" ဟု အသေအချာ ပြဆိုသော ကြောင့် ရှေ့သုတ်ဖြင့်ဝဂ်၌ ပထမက္ခရာ- တတိယက္ခရာ-ပဉ္စမက္ခရာတို့၏၄င်း၊ အဝဂ်၌ ယ- လ- ဝ- သ-အက္ခရာတို့၏၄င်း ဓွေဘာဝသည် သဒိသဓွေဘာဝချည်းဖြစ်ကုန်၏-ဟူသော အနက်ထူးကို သိစေပါ၏။

---

၂၁၈-မေး။ ။(၁) ပရဓွေဘာဝေါ ဌာနေ၊
(၂) ဝဂ္ဂေ ဃောသာဃောသာနံ တတိယ ပထမာ၊

ဤဓွေဘာဝ နှစ်သုတ် တို့၏ အထူးကို ဖော်ပြပါ။

၂၁၈-ဖြေ။ ။

(၁) "ပရဓွေဘာဝေါ ဌာနေ"သုတ်၌၊
(က) သဒိသဓွေဘာဝ၊
(ခ) သာမညဓွေဘာဝ၊
(ဂ) ဝဂ်-အဝဂ်တို့၏ ဓွေဘာဝ၊

(၂) “ဝဂ္ဂေ ဃောသာဃောသာနံ တတိယာ ပဌမာ” သုတ်၌၊

(က) အသဒိသဒွေဘာဝ၊
(ခ) ဝိသေသဒွေဘာဝ၊
(ဂ) ဝဂ်အက္ခရာတို့၏ ဒွေဘာဝ၊

(ဤကား အထူး။)

---

၂၁၉-မေး။ ။ဤသုတ်ဖြင့် အသဒိသ ဒွေဘော် ပြုရာဌာနများကို သတ်မှတ်ပိုင်းခြားလျက် ဥဒါဟရုဏ်နှင့်တွဲယှဉ်၍ ပြခဲ့ပါ။

၂၁၉-ဖြေ။ ။

| အသဒိသဒွေဘော်ဌာနများ။ | | ဥဒါဟရုဏ်များ။ |
|---|---|---|
| (၁) ဓံသု | တို့၏ အစဗျည်းများ | (၁) ဝိဒ္ဓံသေတိ၊ |
| (၂) ဗျဓ | | (၂) ဝိဇ္ဈန္တော၊ |
| (၃) ဈေ | | (၃) အဘိဇ္ဈာယတိ၊ |
| (၄) ဃရ | | (၄) ပဂ္ဃရတိ၊ |
| (၁) ပ- | သဒ္ဒါတို့နောက်မှ စတုတ္ထက္ခရာများ | (၁) ပဂ္ဃရတိ၊ |
| (၂) ဥ- | | (၂) ဥဂ္ဃောသေတိ၊ |
| (၃) ဒု- | | (၃) ဒုဂ္ဃောသော၊ |
| (၄) နိ- | | (၄) နိဒ္ဓနော၊ |
| (၁) အ- ရဿ | တို့နောက်မှ ဒုတိယက္ခရာများ | (၁) ပဋိက္ခန္ဓာ၊ |
| (၂) ဉာ- ” | | (၂) ဉာတိက္ခေတ္တံ၊ |
| (၃) ဥ- ” | | (၃) အာယုက္ခယော၊ |
| (၄) အာ-ဒီဃ | | (၄) အာဏာက္ခေတ္တံ၊ |

## မှာထားချက်။

ပုဒ်ဖြတ်ခဲ့ပါ-မေးလျှင် အသဒိသဒွေဘော် ပုဒ်တို့၏ အပေါ်အက္ခရာ တလုံးကို ပယ်ဖြုတ်လိုက်ပါက ပုဒ်ဖြတ်ပြီး ဖြစ်တော့၏။

## နည်းပြဥဒါဟရဏ်များ။

| ပုဒ်စပ်ထားပုံ။ | ပုဒ်ဖြတ်ထားပုံ။ |
|---|---|
| (၁) ဝိ-ဒ္ဓံသေတိ၊ | (၁) ဝိ+ဓံသေတိ၊ |
| (၂) အဘိ-ဇ္ဈာယတိ၊ | (၂) အဘိ+ဈာယတိ၊ |
| (၃) ပ-ဂ္ဃရတိ၊ | (၃) ပ+ဃရတိ၊ |
| (၄) နိ-ဒ္ဓနော၊ | (၄) နိ+ဓနော၊ |
| (၅) ပဉ္စ-က္ခန္ဓာ၊ | (၅) ပဉ္စ+ခန္ဓာ၊ |
| (၆) အာဏာ-က္ခေတ္တံ၊ | (၆) အာဏာ+ခေတ္တံ၊ |

---

## ကွစိ ပဋိ ပတိဿ။

(အာဒေသဝိဓိသုတ်။)

၂၂၁-မေး။ ။ဤသုတ်၌ ကာရီ- ကာရိယ- နိမိတ် ဖြစ် ထိုက်သော အက္ခရာများကို ခွဲဝေပြခဲ့ပါ။

၂၂၀-ဖြေ။ ။(၁) ပတိ —— ကာရီ၊ (ဒန္တဇ)
(၂) ပဋိ —— ကာရိယ၊ (မုဒ္ဓဇ)
(၃) သရ(၈)လုံး ဗျည်း(၃၃)လုံး } နိမိတ်၊

---

၂၂၁-မေး။ ။ဤသုတ်၌ ကာရိန္နှင့် ကာရိယ တို့သာ တိုက်ရိုက် ရှိ၍ နိမိတ်သည် အဘယ် သုတ်တို့မှလိုက်လာပါသနည်း။

၂၂၁-ဖြေ။ ။(၁) သရေ-ဟူသော နိမိတ်သည် "ဂေါ သရေပုထသာဂမောက္ကစိ"သုတ် မှ ဖါးကဲ့သို့ ခုန်ကျော်လိုက်လာပါ သည်။

(၂) ဗျဉ္ဇနေ- ဟူသော နိမိတ် သည် "ပုထဿု ဗျဉ္ဇနေ" သုတ်မှ ခြင်္သေ့ ကဲ့သို့ နောက်ပြန် နေ့ာက်ဆုတ် လိုက်လာပါသည်။

---

၂၂၂-မေး။ ။"ဂေါ သရေ ပုထဿာဂမော ကွစိ" သုတ်မှ ကွစိ-သဒ္ဒါ အလိုက်ခံ၍ "ပဋိ ပတိဿ"ဟု တည်ထားပါက ပြီးစီးနိုင်ပါ လျက် ကွစိ-သဒ္ဒါ ထပ်မံ ထည့်ရခြင်း၏ အကျိုးကို ပြပါ။

၂၂၂-ဖြေ။ ။(၁) အထက်သုတ်၌ ကွစိ-သဒ္ဒါသည် ဒိဋ္ဌရူပ-ကို ပြသော (ဝါ)သဒ္ဒါ၏ အ အနက်ရှိ၏။

(၂) ဤသုတ်၌ ကွစိ-သဒ္ဒါသည် ကေရုဝ်ကို ပြသော (ကွစိ)သဒ္ဒါ၏ အနက်ရှိ၏။

ဤသို့ ထူးခြားခြင်းကို သိစေခြင်း အကျိုးရှိပါ၏။

(နိဒ္ဒေသအလို။)

---

၂၂၃-မေး။ ။ဗျည်းနှောင်းရာ၌ (ပဒို) ပြုခြင်းနှင့် သရနှောင်းရာ၌ (ပဒို) ပြုခြင်းတို့၏ အထူးကို ရေးပါ။

၂၂၃-ဖြေ။ ။(၁) ဗျည်းနှောင်းရာ၌ (ပဒို)ပြုခြင်းသည် မမြဲပါ။

(၂) သရနှောင်းရာ၌ ဧ (တိ) အစိတ် (ရာ)ကို ချေမှု (ပဒို)အပြု မြဲပါ၏။

(ဤကား အထူး။)

(၁) ပဒိုပြုမှာ၊ ဗျည်းနှောင်းရာ၊ လိုရာ ပြုလေ-မမြဲတည်း။

(၂) သရနှောင်းပေါ၊ ဧ့ကိုချေမှု၊ ပြုလေ ပဒို အမြဲတည်း။

မာနိလည်နိုယံ။

---

၂၂၄-မေး။ ။အောက်ပါ (က)နှင့်(ခ)ပုဒ်တို့ကို ပုဒ်ဖြတ်ပြခဲ့ပါ။

၂၂၄-ဖြေ။ ။(က) ပဋ္ဌ-ဂ္ဂိ။ (ခ) ပဋ္ဋိ-ဟညတိ။
(က) ပတိ+အဂ္ဂိ။ (ခ) ပတိ+ဟညတိ။

## ပုထသသု ဗျဉ္ဇနေ။

### (အာဒေသဝိဓိသုတ်။)

၂၂၅-မေး॥ ॥(ပုထသသ-အ-ပုထ။ ပုထသသ၊ ပုထသန္ဓါ၏။ အ၊ အတည်း။ ပုထ၊ပုထသန္ဓါ၏ အ။)
ဤသို့ တပ္ပုရိသ် သမာသ်ဖြင့် သာလျှင်
လိုအပ်သောအနက် ပြီးပါလျက် အန္တ-
သန္ဓါ လိုက်၍ လာရခြင်း၏ အကျိုးကို
ရေးခဲ့ပါ။

၂၂၅-ဖြေ॥ ॥

ပုဒ်စပ်ထားပုံ။ ပုဒ်ဖြတ်ထားပုံ။

မနု-ညံ——— မနော+အညံ၊

စသော ဥဒါဟရဏ်တို့၌ ပုထ- မဟုတ်
သော သန္ဓါ၏ အစိတ် (ဩ)-သရကိုလည်း
ဥ-ပြုရသေးသည်ဟု သိစေခြင်းအကျိုးငှါ
လိုက်လာရပါ၏။

**အန္တဂ္ဂဟဏာဓိကာရေန ကွစိ အပုထန္တဿပိ**

**ဥတ္တံ သရေ॥ ॥ ရူပသိဒ္ဓိ။**

**တနည်းကား॥**

အန္တမသော- ဟူသော ဥဒါဟရဏ်၌
အန္တိမ-သန္ဓါ၏ အစိတ် (ဣ)သရကို အ-

ပြုရသေးသည်ဟု သိစေခြင်း အကျိုးငှါ လိုက်ရပါ၏။

**(အာစရိယဝါဒ)**

---

၂၂၆-မေး။ ။ဤသုတ်သည် နိဗ္ဗာန်ဒ အနိဗ္ဗာန်ဒ (၂)ပါး တို့တွင် အဘယ်ဒ်ဒ်၌ စီရင်ပါသနည်း။ အကြောင်းပြ၍ ဖြေဆိုပါ။

၂၂၆-ဖြေ။ ။အနိဗ္ဗာန်ဒကို ထွန်းပြတတ်သော နဝါ-ဝါ-ကွစိ-စသော နိပါတသဒ္ဒါတို့ တိုက်ရိုက် လည်းမရှိ၊လိုက်၍လည်း မလာကြသော ကြောင့် နိဗ္ဗာန်ဒ်၌ စီရင်ပါ၏။

---

၂၂၇-မေး။ ။"ကွစိ ပဋိ ပတိဿ"သုတ်မှ ဗျဉ္ဇနေ-နိမိတ်အလိုက်ခံ၍ (ပုထသ)ဟု တည်ပါက ပြီးစီးနိုင်ပါလျက် ဗျဉ္ဇနေ- နိမိတ်ကို ထပ်မံဆိုရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၂၂၇-ဖြေ။ ။ဗျဉ္ဇနေ-နိမိတ်ကို အလိုက်ခံလျှင် သရေ-နိမိတ် လည်း လိုက် လာ မည် စိုးသော ကြောင့် သရေ-နိမိတ်ကို နစ်စေခြင်း အကျိုးငှါ ဗျဉ္ဇနေ-နိမိတ်ကို ထပ်မံ၍ ဆိုရ ပါ၏။

(၁) ကာရိ-ကာရိယ၊နိမိတ္တ၊ရှေ့မှ လိုက်စမြဲ။

(၂) နောက်နောက်သုတ်တွင်၊ရှိခဲ့လျှင်၊အစဉ် ရပ်စမြဲ။

အောင်မြေဘုံစံ နိယံ။

---

၂၂၈-မေး။ ။အောက်ပါ (က)နှင့်(ခ) အမှတ်ပုဒ်တို့ကို စပ်ပြီးလျှင် (ဂ)နှင့်(ဃ) အမှတ်ပုဒ်တို့ကို ဖြတ်ပြပါ။

(က) ပုထ+ဇနော၊ (ဂ) မနု-ညံ့၊
(ခ) ပုထ+ဘူတံ၊ (ဃ) ဝေ-မံ၊

၂၂၈-ဖြေ။ ။

(က) ပုထု-ဇ္ဇနော၊ (ဂ) မနော+အညံ၊
(ခ) ပုထု-ဘူတံ၊ (ဃ) ဝေံ+ရူမံ၊

---

## ဩ အဝသာ။

### (အာဒေသဝိဓိသုတ်။)

၂၂၉-မေး။ ။"ပုထသာ ဗျဉ္ဇနေ"သုတ်၌ ကာရိ-ကာရိယ-နိမိတ်တို့ကို အစဉ်အတိုင်း ထားသကဲ့သို့ ဤသုတ်၌လည်း (အဝသာ ဩ)ဟု အစဉ်အတိုင်း ထားထိုက်ပါလျက် မထားခြင်း၏ အကြောင်းကို ဆော်ပြပါ။

၂၂၉-ဖြေ။ ။

| ပုဒ်ဖြတ်ထားပုံ။ | ပုဒ်စပ်ထားပုံ။ |
|---|---|
| (၁) အပ+လောကေတွာ၊ | ဩ-လောကေတွာ၊ |
| (၂) အပ+သက္ကေတွာ၊ | ဩ-သက္ကေတွာ၊ |

ဟူသော ဥဒါဟရုဏ်တို့၌ (ဩ)ဟူသော "ဒွိဓာကရဏယောဂဝိဘာဂ"ဖြင့် အဝ-

သဒ္ဒါကိုသာ မဟုတ်သေး။ အပ- သဒ္ဒါကိုလည်း ဩ-ပြုနိုင်သေးသည်၏ အဖြစ်ကို သိစေလို သောကြောင့် အဝသာ ဩ-ဟု ကာရိ- ကာရိယ- အစဉ်အတိုင်း မတည်မူ၍ (ဩ အဝသာ) ဟု တည်ထားရပါ၏။

(အနက်ပေးပုံ။)

(၁) ဩလောကေတွာ-(ပန်ကြား၍)
(၂) ဩသက္ကေတွာ- (ဆုတ်နစ်၍)

---

၂၃၀-မေး။ ။အောက်ပါ (က)နှင့်(ခ)ပုဒ်တို့ကို ပုဒ်စပ်ပြီးလျှင် (ဂ)နှင့် (ဃ)ပုဒ်တို့ကို ပုဒ်ဖြတ်ပြခဲ့ပါ။

(က) အဝ+ကာသော၊ (ဂ) ဩ–ဝဒတိ၊
(ခ) အဝ+နဒ္ဓေါ၊ (ဃ) ဩ–သာနံ၊

၂၃၀-ဖြေ။ ။

(က) ဩ-ကာသော၊ (ဂ) အဝ+ဝဒတိ၊
(ခ) ဩ–နဒ္ဓေါ၊ (ဃ) အဝ+သာနံ၊

---

တဗ္ဗိပရီတူပပဒေ ဗျဉ္ဇနေ စ။

(အာဒေသဝိဓိသုတ်)

၂၃၁-မေး။ ။တဗ္ဗိပရိတ-သဒ္ဒါ၊ဥပပဒ-သဒ္ဒါတို့၏ ဝစနတ္ထကို ပြု၍ အနက်ပေးပြီးလျှင် (တဗ္ဗိ

ပရိတ) အရကိုဇ၊ (စ)သဒ္ဒါ၏ အကျိုး ကိုဇ ပြခဲ့ပါ။

၂၃၁-ဖြေ။ ။(က) တဿ ဝိပရိတော တဗ္ဗိပရိတော၊
(ခ) ဥပေါစ္စာရိတံ ပဒံ ဥပပဒံ၊

(က) တဿ၊ ထိုဤ-အက္ခရာ၏။ ဝိပရိတော၊ ဘောက်ပြန် ခြင်းတည်း။ တဗ္ဗိပရိတော၊ ထိုဤအက္ခရာ၏ ဘောက်ပြန်ခြင်း။

(ခ) ဥပေါစ္စာရိတံ၊ အနီး၌ ရွတ်အပ်သော။ပဒံ၊ ပုဒ်တည်း။ ဥပပဒံ၊ အနီး၌ ရွတ်အပ် သောပုဒ်။

**တဗ္ဗိပရိတ** အရကား (ဉ)အက္ခရာတည်း။ **စ-သဒ္ဒါ**၏ အကျိုးကား အချို့သော ပြ ယုဂ်၌ နှစ်စေခြင်းအကျိုးရှိ၏။

**စသဒ္ဒေါ ကတ္ထစိ ဒွိတ္တနတ္တော။**

**ရူပသိဒ္ဓိ။**

---

၂၃၂-မေး။ ။"ဝိပရိတ"ဟူသည် အဘယ်ပါနည်း။ ၎င်း သည် အပြားမရှိ၊ အဘောဒပင် ဖြစ်ပါ သလော။ဤသုတ်၌ လိုအပ်သော ဝိပရိတ် ကို ထုတ်ပြခဲ့ပါ။

၂၃၂-ဖြေ။ ။"ဝိပရိတ"ဟူသည် ပြုရိုးပြုစဉ် ထုံးစံ အတိုင်း မပြုပါပဲ၊ ပြုရိုးပြုစဉ် ထုံးစံကို

လွဲ့ပယ်၍ ဖေါက်ဖေါက်ပြန်ပြန် ပြုခြင်း တည်း။

ဝိပရိတသည်....

(၁) အ-ဝိပရိတ၊

(၂) ဣ-ဝိပရိတ၊

(၃) ဥ-ဝိပရိတ၊

ဟူ၍ သုံးမျိုးရှိပါ၏။ အပြား မရှိသော အဘေဒမဟုတ်ပါ။ ဤသုတ်၌(ဥ) ဝိပရိတ်ကို အလိုရှိအပ်ပါ၏။

မှာထားချက်။

ပြုရိုးပြုစဉ် ထုံးတမ်းအစဉ်အလာမှာ

(အ) ကို-အာ { ဒီဃ၊ ဝုဒ္ဓိ၊ }

(ဣ)ကို { ဤ / ဧ } ဒီဃ-ဝုဒ္ဓိ၊

(ဥ)ကို { ဦ / ဩ } ဒီဃ-ဝုဒ္ဓိ၊

ပြုမြဲတည်း။

၂၃၃-မေး။ ။ (၁) အာ၊
(၂) ဧ၊
(၃) ဥ၊
ဟူသော ဝိပရိတ် သုံးပါးသည် အဘယ် အက္ခရာ တို့၏ ဝိပရိတ် ဖြစ်သည်ဟု ခွဲဝေ ဖော်ပြခဲ့ပါ။

၂၃၃-ဖြေ။ ။

(၁) အာ-သည် အာ-အက္ခရာ၏ ဝိပရိတ်မည်၏။

(၂) ဧ-သည်- { ဤ / ဧ } အက္ခရာတို့၏ ဝိပရိတ်မည်၏။

(၃) ဥ-သည်- { ဦ / ဩ } အက္ခရာတို့၏ ဝိပရိတ်မည်၏။

---

၂၃၄-မေး။ ။(ဝိပရိတ်) နှင့် (ရဿ) တို့၏ အထူးကို ဖော်ပြပါ။

၂၃၄-ဖြေ။ ။အထူးမရှိပါ။အတူတူပင် ဖြစ်ပါ၏။

---

၂၃၅-မေး။ ။(၁) အာ၊ (၃) ဦ၊
(၂) ဤ၊ (၄) ဧ၊
(၅) ဩ၊
ဤ(၅) လုံးတို့ကို ဒီဃ-ဝုဒ္ဓိ-ခေါ်ရခြင်း၏ အကြောင်းကို ပြပါ။

၂၄၇-ဖြေ။ ။

(အာ)သည် (အ)ထက်၊
(ဤ-ဧ)သည် (ဣ)ထက်၊
(ဦ-ဩ)သည် (ဥ)ထက်၊

ရွတ်သော ကာလအားဖြင့် ရှည်သောကြောင့် ဒီဃ၊
အက္ခရာသဏ္ဌာန် တိုးပွါးလာခြင်းကြောင့် ဝုဒ္ဓိ၊

---

၂၄၈-မေး။ ။ဤသုတ်သည် ဗျည်းကြောင့် (အဝ)ကို ဥ-ပြုသောသုတ် ဖြစ်ခြင်းကြောင့် "အ ဝဿု ဗျဥ္ဇနေ စ"ဟု ရိုးရိုးမိန့်ဆိုထိုက်ပါလျက် အဘယ်အကျိုးငှါ (တဗ္ဗိပရီတူပပဒေ ဗျဥ္ဇနေ စ)ဟု ထူးထူးဆန်းဆန်း မိန့်ဆိုရပါသနည်း။

၂၄၈-ဖြေ။ ။ယုဝတန်ဓိ စာသင်ပျိုတို့၏ ဝိပရိတ် ဖြစ်ပုံ အသုံးစုံတို့ကို အကုန်သိစေခြင်း အကျိုးငှါ မိန့်ဆိုရပါ၏။

**ကုလပုတ္တာနံ ဧဝံ ဝိပရိတဘာဝဿ**
**ဇာနနတ္ထံ ဧဝံ ဝုတ္တံ။**
**နိဒ္ဒေသ။**

---

၂၄၉-မေး။ ။(၁) ဝိပရိတ၊
(၂) ဝိကာရ၊
(၃) ဝိပရိယာယ၊
ဤသုံးပါးတို့၏ အထူးကို ဥဒါဟရဏ် ထုတ်၍ ရှင်းခဲ့ပါ။

၂၃၇-ဖြေ။ ။
ဂုဒ်စပ်ထားပုံ။ ဂုဒ်ဖြတ်ထားပုံ။
(၁) ဥဂ္ဂတေ။ အ၀+ဂတေ။
ဤ၌(အ၀)ကို ဩ၏-ဝိပရိတ် (ဥ)ပြုခြင်းသည် ဝိပရိတမည်၏။
(၂) ပုရိသော၊
ဓိတ္တံ၊
ရာဇာ၊
စသော ဥဒါဟရဏ်တို့၌ သိဝိဘတ်တို့ကို ဩ-အံ-အာ- ပြုခြင်းသည် ဝိကာရမည်၏။
(၃) ဝုလှတိ၊
စသော ဥဒါဟရဏ်တို့၌ ဟ-လ-တို့၏ ရှေ့နောက် ပြန်ခြင်းသည် ဝိပရိယာယမည်၏။
(ဤကားအထူး။)

---

၂၃၈-မေး။ ။အောက်ပါ (က) (ခ) (ဂ) အမှတ်ပုဒ်တို့ကို ပုဒ်စပ်ပြခဲ့ပါ။
(က) အ၀+ဂတေ သူရိယေ၊
(ခ) အ၀+ဂစ္ဆတိ၊
(ဂ) အ၀+ဂဟေတွာ၊

၂၃၈-ဖြေ။ ။

(က) ဥ-ဂ္ဂတေ သုရိယေ၊

(ခ) ဥ-ဂ္ဂဏှတိ၊

(ဂ) ဥ-ဂ္ဂဟေတွာ၊

---

## ကွစိ ဩ ဗျဥ္ဇနေ။

### (အာဂမဝိဓိသုတ်။)

၂၃၉-မေး။ ။ဤသုတ်၌ ဖြစ်သင့်- ဖြစ်ထိုက်သော နိမိတ်-ဝိသယီ-ဝိသယ-တို့ကို ထုတ်ဆောင် ရေးသားခဲ့ပါ။

၂၃၉-ဖြေ။ ။

(၁) ခ- (၂) သ- ဗျည်း } နိမိတ်။ (ရူပသိဒ္ဓိ။)

(၁) သ- (၂) ဒ- ဗျည်း } နိမိတ်။ (သဒ္ဒနီတိ။)

(၃) ဩ-သရ——ဝိသယီ။

(၄) { အတိပ္ပ / ပရ } ဝိသယ။ (ရူပသိဒ္ဓိအလို။)

(၅) { ပရ / သရ } ဝိသယ။ (သဒ္ဒနီတိအလို။)

---

၂၄၀-မေး။ ။ဝိသယီနှင့် ဝိသယတို့၏ အဓိပ္ပါယ်ကို ရှင်းလင်းအောင် ဖော်ပြပါ။

၂၄၀-ဖြေ။ ။(၁) ပစ္စည်း၊
(၂) အာဂုမ်
သည် ဝိသယိမည်၏။
ထိုပစ္စည်း အာဂုမ်တို့၏ သက်ရောက်ရာဌာန
သည် ဝိသယမည်၏။

ပစ္စယော အာဂမော စေဝ၊
ဝိသယီတိ ပဝုစ္စတိ။
တေသံ အာဂမနဋ္ဌာနံ၊
ဝိသယောတိ ပဝုစ္စတိ။ ။

(၁) ပစ္စည်းအာဂုမ်၊ထိုနှစ်စုံ၊ခေါ်တုံ ဝိသယီ။
(၂) ပစ္စည်းအာဂမ၊လာဌာန၊ခေါ်ကြ ဝိသယာ။
အောင်မြေဘုံစံ နိယံ။

---

၂၄၁-မေး။ ။"ယ-ဝ-မ-ဒ-န" စသော သုတ်၌ စ-
သဒ္ဒါဖြင့် (ဂ) အက္ခရာ လာဘိသကဲ့သို့
(ညာ) အက္ခရာလည်း တပါတည်း လာခဲ့
သော်"အတိပ္ပဂေါခေါ"စသော ဥဒါဟရဏ်
တို့ ပြီးစီးနိုင်သောကြောင့် ဤသုတ်ကို
မဆိုသော်လဲ့ လိုအပ်သောအနက် ပြီးစီး
ပါလျက် ဆိုရခြင်း၌ အကြောင်းယုတ္တိကို
ရှာဖွေပြခဲ့ပါ။

၂၄၁-ဖြေ။ ။"ယ-ဝ-မ-ဒ-န"သုတ်၌ စ-သဒ္ဒါဖြင့် (ဂ) အက္ခရာလာခြင်းသည် သရနိမိတ်နှောင်း ရာ၌သာ လာ၏။
ဤသုတ်၌ (ဩ)-အက္ခရာ လာခြင်းသည် ကား ဗျဉ္ဇနနိမိတ် နှောင်းရာ၌သာ လာရ၏။ဤသို့သော အ-ကြောင်းယုတ္တိကြောင့် မိန့်ဆိုရပြန်ပါ၏။

**တတ္ထ သရော ၀ နိမိတ္တံ၊ ဉာဓ ပန ဗျဉ္ဇနမေ၀၊**

**ဉာသ။**

---

၂၄၂-မေး။ ။ဤသုတ်ဖြင့်(ဩ)အက္ခရာ လာရာဌာနကို သတ်မှတ်ပိုင်းခြား ထင်ရှားစွာဖော်ပြပါ။

၂၄၂-ဖြေ။ ။ (၁) အတိပ္ပ၊
(၂) ပရ၊
သဒ္ဒါတို့၏ နောက်၌(ဩ)လာရပါ၏။

**အတိပ္ပ-ပရသဒ္ဒေဟိ ဩကာရာဂမော။**

**ရူပသိဒ္ဓိ။**

(၁) ပရ၊
(၂) သရ၊
သဒ္ဒါတို့၏ နောက်၌ (ဩ)လာရပါ၏။

**(က) ပရော သဟဿံ၊**
**(ခ) ဇီ၀ တွံ သရဒေါသတံ၊**

**သဒ္ဒနီတိ။**

---

၂၄၃-မေး။ ။"အံ ဗျဉ္ဇနေ နိဂ္ဂဟိတံ" သုတ်မှ ဗျဉ္ဇနေ-နိမိတ် အလိုက်ခံ၍ "ကွစိဒြဲ"ဟု တည်ထားပါက သုတ်၏လက္ခဏာ(အပ္ပက္ခရ) ဂုဏ်နှင့် ပြည့်စုံ နိုင်ပါလျက် (ဗျဉ္ဇနေ) နိမိတ် ထည့်ရခြင်း၏ အကြောင်းကို ရှာဖွေပြခဲ့ပါ။

၂၄၃-ဖြေ။ ။"အံ ဗျဉ္ဇနေ နိဂ္ဂဟိတံ" သုတ်မှ ဗျဉ္ဇနေ-နိမိတ်အလိုက်ခံပါလျှင်"မဒါသရေ"သုတ်မှ သရေ-နိမိတ်လည်း လိုက်လာမည် စိုးသောကြောင့် (ဗျဉ္ဇနေ) နိမိတ်ကို ထည့်သွင်း မိန့်ဆိုရပါ၏။

---

၂၄၄-မေး။ ။"**အတိပ္ပဂေါခေါ**"ဟူသော ဥဒါဟရဏ်၌ ပုဒ်နေ-ပုဒ်ထား ဝါဒကွဲးများရှိလျှင် ထုတ်ဖော် ပြသခဲ့ပါ။

၂၄၄-ဖြေ။ ။"**အတိ-ပ္ပ ဂေါ-ခေါ**"၌ ပထမဆုံး (အတိ) သဒ္ဒါနှင့် အဆုံး (ခေါ)သဒ္ဒါတို့၌ ဝါဒ ကွဲးပြားမှု မရှိပါ။ အလယ်(**ပ-ဂေါ**)၌သာ ဝါဒ ကွဲးပြားကြပါ၏။

**(ကစ္စာယနဝဏ္ဏနာအလို။)**

(က) "**ပ-ဂေါ**"၌ ပ-ပုဒ် ဂေါ-ပုဒ်ခွဲး၍ (ပ) သဒ္ဒါသည် (ပါတ)သဒ္ဒါနှင့် အနက်

တူသောနိပါတ်ပုဒ်တည်း (**အတိ-ပ္ပ-ဂေါ- အလွန်ပင် စော သေး၏**။)ဟု-
အနက်ပေး။ (ဂေါ- ကား- အာဂုမ်
တည်း။)

**အတိပ္ပဂေါတိ အတိဝိယ ပါတောတျတ္ထော၊ ပ-သဒ္ဒေါ ပါတသဒ္ဒေန သမာနတ္ထော နိပါတောတိ ဒဋ္ဌဗ္ဗော။**

**ကစ္စာယနဝဏ္ဏနာ။**

**(သဒ္ဒနီတိအလို။)**

(၁) ပ-နှင့်-ဂေါ-ကို တပုဒ်တည်း ယူ၍ "ပဂေါ" သဒ္ဒါသည် ပါတော-သဒ္ဒါနှင့် အနက်တူ နိပါတ်ပုဒ်တည်း။

**(အတိပ္ပဂေါ၊ အလွန်ပင် စောသေး၏။)** ဟု အနက်ပေးပါ။(သြ)လာခြင်းကို အလိုမရှိ။

**ပဂေါ- သဒ္ဒေါ ပါတောသဒ္ဒေန သမာနတ္ထော နိပါတောတိ ဒဋ္ဌဗ္ဗော။ တေနှာ ဟု အဋ္ဌကထာ စရိယာ အတိပ္ပဂေါတိ အတိဝိယ ပါတောတိ အတ္ထောတိ။**

**သဒ္ဒနီတိ။**

**အတိပ္ပဂေါ ခေါတိ အတိဝိယပဂေါခေါ။ န တာဝ ကုလေသု ဃာဂုဘတ္တံ နိဋ္ဌိတန္တိ။**

ဟူသော ပါဠိယာသုတ် အဖွင့် ပါ
ထေယျ အဋ္ဌကထာကို အားထား
မှီခိုလျက် မိန့်ဆိုထား၏။
(ငါတို့ထင်မြင်ချက်။)

**မောဂ္ဂလာန်အလို။**

(ဂ) ပဂေါ- သဒ္ဒါသည် ပထမာဝိဘတ်
အဆုံးရှိသောပုဒ်တည်း။ ။(ဩ-လာ
ရန်မလို။)

**အတိပ္ပဂေါခေါ တာဝါတိ ပထမန္တော ပဂသဒ္ဒေါ၀။**

**မောဂ္ဂလာန်။**

(၁) ဗျာသ၊
(၂) ရူပသိဒ္ဓိ၊
(၃) ဗာလာဝတာရ၊

တို့၌ကား ထူးထူးထွေထွေ ပုဒ်ခွဲးခြားမှု
ကားမရှိ။သို့သော်လည်း အတိပ္ပ-တည်း၌
ဤသုတ်ဖြင့် ဩ-လာ။ ယ-ဝ-သုတ်၏ စ
သဒ္ဒါဖြင့် ဂ-လာ၍ ရုပ်ပြီးပုံကို မိန့်ဆိုကြ
သောကြောင့် (ပ)ပုဒ် ဂေါ- အာဂုမ်-ဟု
အယူရှိကြသတည်း။

၂၄၅-မေး။ ။အောက်ပါ (က)(ခ)(ဂ)အမှတ်ပုဒ်တို့ကို ပုဒ်စပ်ပြခဲ့ပါ။

(က) အတိပ္ပ+ခေါ တာဝ၊

(ခ) ပရ+သတံ၊

(ဂ) ပရ+သဟဿံ၊

၂၄၅-ဖြေ။ ။(က) အတိပ္ပဂေါ-ခေါ တာဝ၊

(ခ) ပရော-သတံ၊

(ဂ) ပရော-သဟဿံ၊

---

**တေသ မော လောပေ။**

**(အာဒေသဝိဓိသုတ်။)**

၂၄၆-မေး။ ။ ဤသုတ်၌ (လောပ)အရ

(၁) သရ-လောပ၊

(၂) ဝိဘတ္တိလောပ၊

နှစ်ပါးတို့တွင် အဘယ်လောပ-ကိုယူရပါ အံ့နည်း။အကြောင်းပြ၍ ဖြေဆိုပါ။

၂၄၆-ဖြေ။ ။"တေသံ ဝိဘတ္တိယော လောပါ စ" သုတ်၏ အရာဖြစ်သောကြောင့် (ဝိဘတ္တိ လောပ)ကိုသာ ယူရပါ၏။

---

၂၄၇-မေး။ ။ဤသုတ်၌(အာဒိ)သဒ္ဒါ မရှိပါပဲ အဘယ် ကြောင့် "အာဒိဂ္ဂဟဏံ ကိမတ္ထံ"ဟု မိန့် ဆိုတော် မူနိုင်ပါသနည်း။

၂၄၇-ဖြေ။ ။တိုက်ရိုက် မရှိသော်လည်း သုတ်တို့၏ ထုံးစံ အတိုင်း "မနော ဂဏာဒိတော" သုတ်မှ လိုက်လာသောကြောင့် "အာဒိဂ္ဂ ဟဏံ ကိမတ္ထံ"ဟု မိန့်ဆိုနိုင်ပါ၏။

---

၂၄၈-မေး။ ။အာဒိ-သဒ္ဒါ လိုက်၍လာသကဲ့သို့(မနော ဂဏော) သဒ္ဒါလည်း လိုက်လာနိုင်သော ကြောင့်(ဝေတသံ)သဒ္ဒါကို မထည့်တော့ ပဲ ဩလောပေ-ဟု တည်ထိုက်ပါလျက် (ဝေတသံ)ကို ထည့်ရခြင်းအကြောင်းကို ပြဆိုပါ။

၂၄၈-ဖြေ။ ။အလိုက် ခံပါလျှင် (မနောဂဏာဒိတော) ဟု အပါဒါန် အဖြစ်နှင့်သာ လိုက်လာပေ မည်။ အပါဒါန်ကိုကား အလိုမရှိ။ ဆဋ္ဌီ- ကာရီ၏ အနေဖြင့် လိုက်လာခြင်းကို အ လိုရှိသောကြောင့် (ဝေတသံ)ကို ထည့်ရ ပါ၏။

---

၂၄၉-မေး။ ။အောက်ပါ (က)မှ (စ)အထိ ပုဒ်တို့ကို ပုဒ်စပ်ပြီးလျှင် (ဆ)မှ(ဍ)အထိ ပုဒ်တို့ကို ပုဒ်ဖြတ်ပြပါ။

| | |
|---|---|
| (က) မန+မယံ၊ | (ဆ) သိရော-ရုဟော၊ |
| (ခ) အယ+မယံ၊ | (ဇ) တေဇော-ကသိဏံ၊ |
| (ဂ) မန+သေဋ္ဌော၊ | (ဈ) ရဇော-ဇလ္လံ၊ |
| (ဃ) အယ+ပတ္တော၊ | (ည) အဟော-ရတ္တံ၊ |
| (င) တပ+ဓနော၊ | (ဋ) ရဟော-ဂတော၊ |
| (စ) တမ+နုဒေါ၊ | (ဌ) အာပေါ-ဓာတု၊ |

(ဍ) ဝါယော-ဓာတု၊

၂၄၉-ဖြေ။ ။

| | |
|---|---|
| (က) မနော-မယံ၊ | (ဆ) သိရ+ရုဟော၊ |
| (ခ) အယော-မယံ၊ | (ဇ) တေဇ+ကသိဏံ၊ |
| (ဂ) မနော-သေဋ္ဌော၊ | (ဈ) ရဇ+ဇလ္လံ၊ |
| (ဃ) အယော-ပတ္တော၊ | (ည) အဟ+ရတ္တံ၊ |
| (င) တပေါ-ဓနော၊ | (ဋ) ရဟ+ဂတော၊ |
| (စ) တမော-နုဒေါ၊ | (ဌ) အာပ+ဓာတု၊ |

(ဍ) ဝါယ+ဓာတု။

---

၂၅၀-မေး။ ။ဗျဉ္ဇနသန္ဓိ၌ စိရင်သော သုတ်တို့၏ သ- ရုပ်ကို ထုတ်ပြခဲ့ပါ။

၂၅၀-ဖြေ။ ။

(၁) ဒီဃံ၊ (၆) ကွစိ ပဠ္ဍိ ပတိဃံ၊

(၂) ရဿံ၊ (၇) ပုထဿု ဗျဉ္ဇနေ၊

(၃) လောပဉ္စ တတြာကာရော၊ (၈) ဩ အဝဿ၊

(၄) ပရဒွေဘာဝေါ ဌာနေ၊ (၉) တဒ္ဒိပရီတူပပဒေ ဗျဉ္ဇနေ စ၊

(၅) ဝဂ္ဂေ ဃောသာဃော (၁၀) ကွစိ ဩဗျဉ္ဇနေ၊

သာနံ တတိယပဌမာ၊ (၁၁) ဧတေသမောလောပေ၊

ပေါင်း(၁၁)သုတ် ရှိပါ၏။

ဗျဉ္ဇနသန္ဓိအခဏ်း ပြည့်ရုံပြီ။

---

# နိဂ္ဂဟိတသန္ဓိအခဏ်း။

## ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ။

၂၅၁-မေး။ ။"ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ" သုတ်၌ ဝါ-သဒ္ဒါ၏ အနက်ကို ဖော်ပြ၍ ၎င်း ဝါ-သဒ္ဒါဖြင့် မည်သည့် အစီရင် မျိုးကို သိစေသည် ဟု ဥဒါဟရဏ် နှင့် ယှဉ်တွဲ ထုတ်ပြပါ။

၂၅၁-ဖြေ။ ။ဝါ- သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ-အနက် ရှိပါ၏။

ထို ဝါ-သဒ္ဒါဖြင့်....

(၁) တဗ္ဗာက်ရော-တို့၌-နိစ္စဝိဓိ၊

(၂) တန်ဏာံ-တံ ခဏာံ-တို့၌-အနိစ္စဝိဓိ၊

(၃) န တံ ကမ္မံ-တို့၌-အသန္တဝိဓိ၊

ဟူသော ဝိဓိသုံးပါးကို သိစေပါသည်။

---

၂၅၂-မေး။ ။အဘယ်ကြောင့် နိဂ္ဂဟိတ်ကို

| | | |
|---|---|---|
| က-ဝဂ် | နှောင်းရာ၌ | ငါ၊ |
| စ-ဝဂ် | ။ | ဉ၊ |
| ဋ-ဝဂ် | ။ | ဏ၊ |
| တ-ဝဂ် | ။ | န၊ |
| ပ-ဝဂ် | ။ | မ၊ |

ပြုရပါသနည်း။

၂၅၂-ဖြေ။ ။ဌာန်နီးသည်၏ အစွမ်းဖြင့် ဝါ-ဌာန်တူသောကြောင့် ပြုရပါသည်။

နိမိတ္တာနုသရာနံ ဌာနာသန္နဝသေန တဗ္ဗဂ္ဂပဉ္စမော ဟောတိ။

ရူပသိဒ္ဓိ။

ဌာန်ချင်း နီးပုံ-တူပုံ ရှင်းလင်း သောင်ပြချက်။

(က-ဝဂ်။)

| | |
|---|---|
| (၁) နိမိတ်(က)ဝဂ်(၅)လုံးသည် | ကဏ္ဌဌာန်၊ |
| (၂) ကာရိ-နိဂ္ဂဟိတ်သည် | နာသိကဌာန်၊ |
| (၃) ကာရိယ-က-ဝဂ္ဂန္တ(င)သည် | ကဏ္ဌ-နာသိကဌာန်၊ |

(ခ-ဝဂ်။)

(၁) နိမိတ်(ခ)ဝဂ်(၅)လုံးသည် တာလုဌာန်၊
(၂) ကာရိ-နိဂ္ဂဟိတ်သည် နာသိကဌာန်၊
(၃) ကာရိယ-ခ-ဝဂ္ဂန္တ(ဉ)သည် တာလု-နာသိကဌာန်၊

(ဋ-ဝဂ်။)

(၁) နိမိတ်(ဋ)ဝဂ်(၅)လုံးသည် မုဒ္ဓဌာန်၊
(၂) ကာရိ-နိဂ္ဂဟိတ်သည် နာသိကဌာန်၊
(၃) ကာရိယ-ဋ-ဝဂ္ဂန္တ(ဏ)သည် မုဒ္ဓ-နာသိကဌာန်၊

(တ-ဝဂ်။)

(၁) နိမိတ်-(တ)ဝဂ်(၅)လုံးသည် ဒန္တဌာန်၊
(၂) ကာရိ-နိဂ္ဂဟိတ်သည် နာသိကဌာန်၊
(၃) ကာရိယ-တ-ဝဂ္ဂန္တ(န)သည် ဒန္တ-နာသိကဌာန်၊

(ပ-ဝဂ်။)

(၁) နိမိတ်-(ပ)ဝဂ်(၅)လုံးသည် ဩဋ္ဌဌာန်၊
(၂) ကာရိ-နိဂ္ဂဟိတ်သည် နာသိကဌာန်၊
(၃) ကာရိယ-ပ-ဝဂ္ဂန္တ(မ)သည် ဩဋ္ဌ-နာသိကဌာန်၊

ဤသို့ တည်ရာဌာန နီးကြ တူကြသတည်း။

---

၂၅၃-မေး။ ။ဤသုတ်၌ကာရိယတ္ထသည် င-ဉ-ဏ-န-မ-ဟု ငါးလုံး ရှိသောကြောင့် "ဝဂ္ဂန္တေ-ဝါ-ဝဂ္ဂေ"ဟု ဗဟုဝုစ်နှင့် ဆိုထိုက်ပါလျက် အဘယ်ကြောင့် (ဝဂ္ဂန္တံ)ဟု ဧကဝုစ်နှင့် မိန့်ဆိုပါသနည်း။

၂၅၃-ဖြေ။ ။ဝဂ္ဂန္တ-ချင်း တူသောကြောင့် ဇာတ်ကို ငဲ့သောအားဖြင့် ဧကဝုစ်နှင့် မိန့်ဆိုပါ၏။

---

၂၅၄-မေး။ ။"အန္တံ ဝါ ဝဂ္ဂေ" ဟု ဆိုပါက လိုအပ် သော အစီအရင် ပြီးစီးနိုင်ပါလျက် (ဝဂ္ဂ) သဒ္ဒါထည့်၍. (ဝဂ္ဂန္တံ)ဟု ဆိုရခြင်း၌ အ ကြောင်းယုတ္တိကို ရှာပြပါ။

၂၅၄-ဖြေ။ ။မိမိ-ဝဂ်-အက္ခရာနှောင်းရှေ၌ မိမိ-ဝဂ္ဂန္တ အက္ခရာသာ ပြုရမည်။ အခြား ဝဂ္ဂန္တ အက္ခရာ မပြုရ- ဟူသော အနက်ထူးကို သိစေလိုသောကြောင့်(ဝဂ္ဂ)သဒ္ဒါထည့်၍. မိန့်ဆိုရပါ၏။

---

၂၅၅-မေး။ ။ဤသုတ်၌ (ဝဂ္ဂေ) ဟု နိမိတ်တိုက်ရိုက် ရှိခြင်းကြောင့် ဝဂ်မှတပါးသော နိမိတ် ကြောင့် ဝဂ္ဂန္တမှအခြားသော(ကာရိယ)မ ရောက်နိုင်ဟု မှတ်ရအံ့လော။ဆုံးဖြတ်ခဲ့ပါ။

၂၅၅-ဖြေ။ ။ ရောက်နိုင်ပါ၏။

(၁) ပုဂ္ဂလော၊ ပုဂ္ဂလံ၊

စသော ဥဒါဟရဏ် တို့၌ သရ- နိမိတ် ကြောင့် (လ) ကာရိယ ရောက်နိုင်ပါ သေး၏။

(၂) ပန္ဒိသလ္လီနော၊
ပုလ္လိင်ံ၊

စသော ဥဒါဟရုဏ် တို့၌ အ-ဝဂ် (လ) ဗျည်းနိမိတ်ကြောင့်(လ)ကာရိယ ရောက်နိုင်ပါသေး၏။

(ဤကား ဝိကပ်အနက်ရှိသော (ဝါ)သဒ္ဒါ၏ အကျိုးတည်း။)

---

၂၅၆-မေး။ ။အောက်ပါပုဒ်ကို ရုပ်အကျဉ်းစီရင်ခဲ့ပါ၊

(၁) ပုဂ္ဂလံ၊
(၂) ပန္ဒိသလ္လီနော၊
(၃) ပုလ္လိင်ံ၊

၂၅၆-ဖြေ။ ။ (၁) ပုဂ္ဂလံ

ကို ပုဂ္ဂ+အံ ဟုတည်။ "နိဂ္ဂဟီတဥ္စ"သုတ်ဖြင့် ဓ္ဓေ(ဂ္ဂ)အထက်၌ နိဂ္ဂဟိတ်လာ။ ဤသုတ်၌ ဝါ-သဒ္ဒါဖြင့်(အ)သရနှောင်းသောကြောင့် (ဂ္ဂ)အထက်ရှိနိဂ္ဂဟိတ်ကို လ-ပြု။ အံ-ကပ်၊ပြီး၏။

(၂) ပန္ဒိသလ္လီနော

ကို ပဋိသံ+လီနော-ဟု တည်။ဤ သုတ်၌ ဝါ-သဒ္ဒါဖြင့် အဝဂ် (လ)ဗျည်း နှောင်းသောကြောင့် (သ)ထက်ရှိ နိဂ္ဂဟိတ်ကို (လ)ပြု-ကပ်၊ပြီး၏။

(၃) ပုလ္လိင်ံ၊

ကို ပုံ+လိင်ံ-ဟု တည်။ ဤ သုတ်၌ ဝါ-သဒ္ဒါဖြင့် အဝင် (လ)ဗျည်းနှောင်းသော ကြောင့်(ပု)ထက်၌ နိဂ္ဂဟိတ်ကို (လ)ပြု-ကပ်၊ ပြီး၏။

(ပုမ-လိင်ံ-ဟု မတည်တော့မူ၍. အာချဉ်းချုံးသိုက်၏။)

---

၂၅၇-မေး။ ။"ပရော ဝါ သရော" သုတ်၌ ဝါ-သဒ္ဒါ ရှိသောကြောင့်ဋင်း၊"အံ ဗျဉ္ဇနေ နိဂ္ဂဟိတံ" သုတ်ဖြင့် နိဂ္ဂဟိတ်ကို အံ-ပြုခြင်း တည်း ဟူသောအစီအရင်အထူးရှိသောကြောင့် ဋင်း၊ ဤသုတ်၌ ဝါ-သဒ္ဒါထည့်ရန် မလိုပါ ပဲ။ အဘယ် အကျိုး၌ါ ကစ္စည်းထေရ် ကျော် မိန့်တော်မူအပ်ပါသနည်း။

၂၅၇-ဖြေ။ ။ "ပဋိသလ္လီနော၊ပုလ္လိင်ံ"

စသော ဥဒါဟရဏ် တို့၌ သံ-ဟူသော ဥပသာရပုဒ်၊ ပုမ-သဒ္ဒါ၏ အစိတ် ဖြစ် သော နိဂ္ဂဟိတ်၏ လ-ပြုရခြင်းတည်းဟူ အနက်ထူးကို သိစေခြင်း အကျိုး၌ါ မိန့် တော်မူအပ်ပါ၏။

**သတိ စောပရိဝါဂ္ဂဟဏေ ဝိဓ္ဓုန္တရေဝါ ဇှစ ဝါဂ္ဂဟဏာ ကရဏာ မဏ္ဍနံ့ရ ဝိညာ ပနဏ္ဍံ၊**

တေန နိဂ္ဂဟီ တဿ သံ ဥပသဂ္ဂ ပုမန္တဿ
လကာရော။

ရူပသိဒ္ဓိ။

---

၂၅၈-မေး။ ။အောက်ပါ(က)နှင့်(ခ)ပုဒ်တို့ကို စပ်ပြီးလျှင် (ဂ)(ဃ)(င)ပုဒ်တို့ကို ဖြတ်ခဲ့ပါ။

(က) တဏှံ+ကရော၊ (ဂ) သ-ဏ္ဌိတော၊
(ခ) ရဏံ+ဇဟော၊ (ဃ) ဇုတိ-န္ဓရော၊
(င) သမ္မတော၊

၂၅၈-ဖြေ။ ။

(က) တဏှ-င်္ကရော၊ (ဂ) သံ+ဌိတော၊
(ခ) ရဏ-ဉ္ဇဟော၊ (ဃ) ဇုတိံ+ဓရော၊
(င) သံ+မတော၊

(ဤငါးပုဒ်တို့ကား ရူပသိဒ္ဓိလာ နိစ္စဝိဓိ ဥဒါဟရုဏ်တို့တည်း။)

---

၂၅၉-မေး။ ။အောက်ပါ (က)မှ (င)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (စ)မှ(ဋ)အထိပုဒ်တို့ကို ဖြတ်ပြပါ။

(က) တံ+ကရောတိ၊ (စ) တ-ဉ္ဆိန္ဒံ၊
(ခ) တံ+ခဏံ၊ (ဆ) တ-ဉ္ဇာတံ၊
(ဂ) သံ+ဂဟော၊ (ဇ) တ-ညာဏံ၊
(ဃ) တံ+ဃတံ၊ (ဈ) တ-ဏ္ဌာနံ၊
(င) ဓမ္မံ+စရေ၊ (ည) တ-ဏ္ဍဟတိ၊
(ဋ) တ-န္တနောတိ၊

၂၅၉-ဖြေ။ ။

(က) တ-က်ရောတိ၊ (စ) တံ+ဆန္ဒ၊
(ခ) တ-ဒ်ထာံ၊ (ဆ) တံ+ဇာတံ၊
(ဂ) သ-ဂ်ဟော၊ (ဇ) တံ+ဥာဏ၊
(ဃ) တ-ဃ်တံ၊ (ဈ) တံ+ဌာနံ၊
(င) ဓမ္မ-ဋ္ဌရေ၊ (ည) တံ+ဍဟတိ၊
(ဋ) တံ+တနောတိ၊

၂၆၀-မေး။ ။အောက်ပါ (က)မှ (င)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (စ)မှ(ဋ)အထိပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

(က) တံ+ထိရံ၊ (စ) တ-ပ္ဖလံ၊
(ခ) တံ+ဒါနံ၊ (ဆ) တေသ-မ္ဗောဓော၊
(ဂ) တံ+ဓနံ၊ (ဇ) သ-မ္ဘူတော၊
(ဃ) တံ+နိစ္စုတံ၊ (ဈ) တ-မ္မိတ္တံ၊
(င) တံ+ပဗ္ဗတော၊ (ည) ကိ-ဂ်တော၊
(ဋ) ဒါတု-ဂ်တော၊

၂၆၀-ဖြေ။ ။

(က) တ-ဋ္ဌိရံ၊ (စ) တံ+ဖလံ၊
(ခ) တ-န္ဒါနံ၊ (ဆ) တေသံ+ဗောဓော၊
(ဂ) တ-န္ဓနံ၊ (ဇ) သံ+ဘူတော၊
(ဃ) တ-န္နိစ္စုတံ၊ (ဈ) တံ+မိတ္တံ၊
(င) တ-မ္ပဗ္ဗတော၊ (ည) ကိံ+ကတော၊
(ဋ) ဒါတုံ+ဂတော၊

(ဤ(၂၂)ပုဒ်တို့ကား ရူပသိဒ္ဓိလာ အနိစ္စဝိဓိ ဥဒါဟရဏ်တို့တည်း။)

မှတ်သားချက်။

(၁) န တံ ကမ္မံ ကတံ သာဓု၊

(၂) သရဏံ ဂစ္ဆာမိ၊

တို့ကား ရူပသိဒ္ဓိလာ အသန္တပဝိမိ- ဥဒါဟရုဏ်တည်း။

---

## ဧဟော ဎံ။

**(အာဒေသဝိဓိသုတ်။)**

၂၆၁-မေး။ ။"ဧဟော ဎံ"သုတ်သို့ လိုက်၍ လာသော ဝါ-သဒ္ဒါ၏ အနက်ကိုဘော်ပြ၍ ဝါ-သဒ္ဒါဖြင့် မည်သည့်အစီအရင်ကို တားမြစ်ပါသနည်း။

၂၆၁-ဖြေ။ ။ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိပါ၏။

ထို ဝါ-သဒ္ဒါဖြင့်....

(၁) ဧ-နိပါတ်ပုဒ်က, ဧ-သရနိမိတ်၊

(၂) ဟိ-နိပါတ်ပုဒ်က,ဟ-ဗျည်းနိမိတ်၊

ဤနှစ်ပါးကြောင့်သာ ဎ-ပြုရပါ၏။အခြားသာမည ဖြစ်သော ဧ-သရနှင့် ဟ-ဗျည်းနိမိတ်နှောင်းရာ၌ဎ-မပြုရဟုတားမြစ်ပါ၏။

ဝဝတ္ထိတဝိဘာသတ္တာ ဝါသဒ္ဒဿ ဧဝံ ဟိ နိပါတတော အညတ္ထ န ဟောတိ။

ရူပသိဒ္ဓိ။

၂၆၂-မေး။ ။ဤသုတ်ကို (ဥမေ ဟော)ဟု တည်ထိုက်ပါလျက် "ဇဟော ဥံ"ဟု တည်ထားရခြင်း၏ အကြောင်းကို ဆော်ပြပါ။

၂၆၂-ဖြေ။ ။ဥမေ-၌ ဥ-နှင့် မ-သည် ဒွန်ပုဒ် ဖြစ်၍ ဒွန်သမာသ် စီရင် ထားသည်၊ ယော-ဝိဘတ်၊ နိ-အက္ခရာကို ဇ-ပြု၍ ဥမေ-ဖြစ်နေသည်။ (ဟ) ဗျည်း နိမိတ်တခုတည်းကြောင့် နိဂ္ဂဟိတ်ကို (ဥ-နှင့်-မ) ကာရိယနှစ်မျိုး ပြုထားသည်ဟု အလွဲးလွဲး အမှားမှား ယူကြမည် စိုးသောကြောင့် (ဇဟော-ဥံ)ဟု တည်ထားရပါ၏။

(နျာသအလို။)

---

၂၆၃-မေး။ ။ဤသုတ်၌-ဖြစ်ကောင်း သော-ကာရီ-ကာရိယ-နိမိတ်တို့ကို ခွဲးခြားပြခဲ့ပါ။

၂၆၃-ဖြေ။ ။(၁) နိဂ္ဂဟိတ်သည် ကာရီ။

(၂) ဥ-အက္ခရာသည် ကာရိယ။

(၃) ဇ-နှင့် ဟ-သည် နိမိတ်။

---

၂၆၄-မေး။ ။ ဤသုတ်၌....

(၁) ဇ-နိမိတ်ကြောင့် ရောက်သော(ဥ) ကာရိယ-နှင့်၊

(၂) ဟ- နိမိတ်ကြောင့် ရောက်သော (ဥ) ကာရိယတ္ထ၏ ထူး-မထူးကို ဥဒါဟရုဏ်ဖြင့် ရှင်းလင်းခဲ့ပါ။

၂၆၄-ဖြေ။ ။(၁) ဇ-နိမိတ်ကြောင့် ရောက်သော(ဥ) ကာရိယသည် ဒွေဘော်နှင့် နေရ၏။

ဥဒါဟရုဏ်။

(က) ပစ္စတ္တ-ညေဝ၊
(ခ) တ-ညေဝ၊

(၂) ဟ- နိမိတ်ကြောင့် ရောက်သော (ဥ)ကာရိယသည် ဒွေဘော်မဲ့ နေရ၏။

ဥဒါဟရုဏ်။

(က) တ-ဉှိ၊
(ခ) ဝေ-ဉှိ၊

(ဤကား အထူး။)

ကောရေ ဉာဒေသဿ ဒွိဘာဝေါ။

ရူပသိဒ္ဓိ။

---

၂၆၅-မေး။ ။အောက်ပါ (က)နှင့်(ခ) အမှတ်ပုဒ်တို့ကို စပ်ပြီးလျှင် (ဂ)နှင့် (ဃ) အမှတ်ပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

(က) ပစ္စတ္တံ+ဧဝ၊ (ဂ) တ-ဦ၊

(ခ) တံ+ဧဝ၊ (ဃ) ဧဝ-ဦ၊

၂၆၅-ဖြေ။ ။

(က) ပစ္စတ္တ-ညေဝ၊ (ဂ) တံ+ဟိ၊

(ခ) တ-ညေဝ၊ (ဃ) ဧဝံ+ဟိ၊

---

## သယော စ။

### (အာဒေသဝိဓိသုတ်။)

၂၆၆-မေး။ ။"သယောစ"သုတ်သို့ လိုက်၍ လာသော ဝါ-သဒ္ဒါ၏ အနက်ကို ဘော်ပြ၍ ဝါ-သဒ္ဒါဖြင့် မည်သည့်အစီအရင်များကို တားမြစ်ပါသနည်း။

၂၆၆-ဖြေ။ ။ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိပါ၏။

ထို ဝါ-သဒ္ဒါဖြင့်....

(က) သံ-ဟူသော ဥပသာရပုဒ်၏ အစိတ်ဖြစ်သော နိဂ္ဂဟိတ်၊

(ခ) သမ္ဗုန္ဓာမ် (ယ)အက္ခရာနှောင်းခြင်း ရှိသော နိဂ္ဂဟိတ်၊

ဤနှစ်ပါးသော နိဂ္ဂဟိတ်တို့ကိုသာ (ဉ)ပြု ရပါ၏။ ဤမှတပါး အခြားသော အရာ၌သာ

၌ နိဂ္ဂဟိတ်တို့ကို (ဥ) မပြုရဟု တားမြစ်ပါ၏။

**ဝါသဒ္ဒဿ ဝဝတ္ထိတဝိဘာသတ္တာ၀ သံဟဒ္ဒ
တော စ သမ္ဗုန္ဓာမယကာရပရတော စ နိဂ္ဂဟီ
တာ အညတ္ထ န ဟောတိ။**

**ရူပသိဒ္ဓိ။**

---

၂၆၇-မေး။ ။"သဟယော စ"-ဟု ဆိုထိုက် ပါဠိ အဘယ်အကျိုးငှါ "သယော စ"ဟု မိန့်ဆိုပါသနည်း။

၂၆၇-ဖြေ။ ။ရွတ်လွယ်စေခြင်း အကျိုးငှါ ဟ-ကိုချေ၍ "သယော စ"ဟု မိန့်ဆိုပါ၏။

**သဟယောစာတိ ဝတ္တဗ္ဗေ သယောစာတိ ဝစန
တော ဟလောပေနသုတ္တန္တေသု သုခုစ္စာရဏတ္ထ
မဂ္ဂရလောပေါဒိတိ ဒဠှံ။**

**ရူပသိဒ္ဓိ။**

---

၂၆၈-မေး။ ။ဤသုတ်၌ ဖြစ်ကောင်းသော ကာရီ-ကာရိယ-နိမိတ်ကိုကို ရှင်းလင်းဝေဘန်ခဲ့ပါ။

၂၆၈-ဖြေ။ ။ (၁) ယ-အက္ခရာ- } ကာရီ။
နိဂ္ဂဟိတ်- }

(၂) ဥ-အက္ခရာ——ကာရိယ။

(၃) ယ-အက္ခရာ——နိမိတ်။

၂၆၉-မေး။ ။ဤသုတ်၌ စ-သဒ္ဒါကို ထည့်ရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၂၆၉-ဖြေ။ ။(ဥ) အက္ခရာကို ဆွဲငင်ခြင်း အကျိုးရှိပါ၏။

**စဂ္ဂဟဏံ ဥ ကာရဂ္ဂဟဏာနုကဍ္ဎနတ္ထံ။**

**ချုံသ။**

---

၂၇၀-မေး။ ။အောက်ပါ-(က)(ခ)(ဂ)ပုဒ်တို့ကို စပ်ပြီးလျှင် (ဃ)(င)(စ)ပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

(က) သံ+ယောဂေါ၊ (ဃ) သ-ညာဝိကာယ၊

(ခ) သံ+ယောဇနံ၊ (င) ယ-ညဒေဝ၊

(ဂ) သံ+ယတော၊ (စ) အာနန္တရိက-ညမာဟု၊

၂၇၀-ဖြေ။ ။

(က) သ-ညောဂေါ၊ (ဃ) သံ+ယာဝိကာယ၊

(ခ) သ-ညောဇနံ၊ (င) ယံ+ယဒေဝ၊

(ဂ) သ-ညတော၊ (စ) အာနန္တရိကံ+ယမာဟု၊

---

**မဒါ သရေ။**

**(အာဒေသဝိဓိသုတ်။)**

၂၇၁-မေး။ ။"မဒါသရေ" သုတ်ဖြင့် နိဂ္ဂဟိတ်ကို မ-အပြု-ဒ-အပြု ဟူရာ၌ အဘယ်သဒ္ဒါတို့၏ နောက်၌ရှိသော နိမိတ်ကိုသာပြုရမည်ဟု ဗိုင်းခြား သတ်မှတ်ခဲ့ပါ။

၂၇၁-မေး။ ။ (က) ယ-သဒ္ဒါ၊
(ခ) တ-သဒ္ဒါ၊
(ဂ) တေ-သဒ္ဒါ

တို့၏ နောက်ဖြစ်သော နိဂ္ဂဟိတ်ကိုသာ ဒ-ပြုရပါ၏။မ-အပြုမှာ ပိုင်းခြားသတ်မှတ်ခြင်း မရှိပါ။

ဧကာရော ယ-တေ-တသဒ္ဒတော ပရဿေ၀॥

ရူပသိဒ္ဓိ။

တနည်းကား။

(၁) နပုလ္လိင် ယ-တ-တေ-သဒ္ဒါတို့၏ နောက်၌ နိဂ္ဂဟိတ်ကို သရနိမိတ်နှောင်းခဲ့သော် (ဒ)ပြုရမည်။

(၂) ဣတ္ထိလိင် ပုလ္လိင် ယ-တ-တေ-သဒ္ဒါတို့၏ နောက်၌ နိဂ္ဂဟိတ်ကို သရ နိမိတ်နှောင်းခဲ့သော် (မ)ပြုရမည်။

(၃) သမာသ်အရာ ဖြစ်ခဲ့သော် လိင်သုံးပါး၌ပင် ယ-တ-တေ-သဒ္ဒါတို့၏ နောက်၌ နိဂ္ဂဟိတ်ကို သရနိမိတ် နှောင်းခဲ့သော် (ဒ)ပြုရမည်။

(၄) ယ- တ- တေ- သဒ္ဒါတို့မှ ကြွင်းသော "အဟံ ဧဝ"စသော ပုဒ်တို့၏ နောက်၌

နိဂ္ဂဟိတ်ကို သရ-ဗျည်းနိမိတ် နှစ်ပါးတို့တွင် တပါးပါး နှောင်းခဲ့သော် (မ)(ဒ)ပြုရမည်။

(သဒ္ဒနီတိအလို။)

---

၂၇၂-မေး။ ။ဗျည်းနှောင်းရာ၌ ဤသုတ်၏ အစီအရင်ရောက်နိုင် မရောက်နိုင် ဥဒါဟရဏ်ထုတ်ပြီး ရှင်းလင်းခဲ့ပါ။

၂၇၂-ဖြေ။ ။

| ပုဒ်ဖြတ်ထားပုံ။ | ပုဒ်စပ်ထားပုံ။ |
| --- | --- |
| (၁) ဗုဒ္ဓံ+သရဏံ+ဂစ္ဆာမိ | ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ၊ |
| (၂) တံ+ဟိတံ | တဒ္ဓိတံ၊ |

ဤဥဒါဟရဏ်တို့၌ သုတ်ကို(၂)ဖြာခွဲဝေသော (မ-ဒါ) ဟူသော "ဒွိဓာကရဏယောဂဝိဘာဂ"ဖြင့်ဗျည်းနှောင်းရာ၌ဥဒါဟရဏ် အစဉ်အတိုင်း(မ်)(ဒ်)ပြုနိုင်သောကြောင့် ဤသုတ်၏အစီအရင် ရောက်နိုင်ပါ၏။

ဗျဉ္ဇနေ စ မဒါတိ ယောဂဝိဘာဂေန ဗျဉ္ဇနေပိ မကာရာဒေသော ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတျာဒီ သိဒ္ဓျတိ။

ရူပသိဒ္ဓိ။

မော စေ ဧဝါ စ မဒါတိ ယောဂဝိဘာဂေန စ
တန္တိတန္တိ ဓေထ္တ စ နိဂ္ဂဟီတဿ ဒကာရော၊
တန္ဒိတံ။

(ရူပသိဒ္ဓိဋီကာ။)

---

၂၇၃-မေး။ ။ဤသုတ်ဖြင့် (မ-ဒ)မှ တပါးသော ကာရိယ-ရောက်နိုင် မရောက်နိုင်၊ ဥဒါဟရဏ်နှင့်တကွ ရှင်းခဲ့ပါ။

၂၇၃-ဖြေ။ ။"**တ-ယိဒ-မဿာရံ**"ဟူသော ဥဒါဟရဏ်၌ (သရေ) ဟူသော "ဒွိဓာကရဏယောဂဝိဘာဂ"ဖြင့် နိဂ္ဂဟိတ်ကို (ယ)ကာရိယပြုနိုင်ရောက်နိုင် ပါသေး၏။

---

၂၇၄-မေး။ ။(က) တန္ဒိတံ-နှင့် (ခ)တ-ယိဒ-မဿာရံ-တို့ကို ရုပ်အကျဉ်း စီရင်ခဲ့ပါ။

၂၇၄-ဖြေ။ ။(က) တံ+ဟိတံ-ပုဒ်ဖြစ်။ "ဒေါ ဓဿ စ"၌ စ-သဒ္ဒါဖြင့် ဟ-ကို ဓ-ပြု၊ဤသုတ်၌ (မဒါ) ဟူသော "ဒွိဓာကရဏဟောဂဝိဘာဂ"ဖြင့်ဓ-ဗျည်းနှောင်းသောကြောင့် နိဂ္ဂဟိတ်ကို ဒ-ပြု-ကပ်-ပြီး၏။

**(ရူပသိဒ္ဓိဋီကာဝါဒ။)**

(ခ) တံ+ဣဒံ အဿာရံ- ပုဒ်ဖြစ်။ ဤသုတ်၌ (သရေ) ဟူသော "ဒွိဓာ

ကရဏယောဂဝိဘာဂ" ဖြင့် ဇူ-
သရန္တောင်းသောကြောင့် နိဂ္ဂဟိတ်
ကို ယ-ပြု-ကပ်၊ ဤသုတ်ဖြင့် (ဒ)
ထက် နိဂ္ဂဟိတ်ကို (မ)ပြု၊ ကပ်-
ပြီး၏။

**(အာစရိယဝါဒ။)**

---

၂၇၅-မေး။ ။သဒ္ဒါကျမ်းတို့၌ အသုံးပြုသော (ယောဂ
ဝိဘာဂ) သုံးမျိုးကို ခွဲဝေ ပိုင်းခြားလျက်
ဆိုင်ရာသုတ်ကို ညွှန်ပြပြီးလျှင် ထင်ရှား
စွာ ပြဆိုခဲ့ပါ။

၂၇၅-ဖြေ။ ။ **(၁) ဒွိဓာကရဏ၊ ယောဂဝိဘာဂ၊**
**(၂) ဝိသုံကရဏ၊ ။**
**(၃) ဝိနာဓိကာရ၊ ။**

ဤကား ယောဂဝိဘာဂ ၃-မျိုးတည်း။

(၁) တသုတ်တည်းကိုပင် နိမိတ် အထူးကို
အလိုရှိ၍ ၎င်း၊ သို့မဟုတ် ကာရိယ
အထူးကို အလိုရှိ၍ ၎င်း၊ နှစ်ပိုင်း ခွဲဝေ
စီရင်မှုသည် ဒွိဓာကရဏယောဂဝိဘာ
ဂ- မည်၏။ "မဒါ သရေ"သုတ်၌ (မဒါ)
တည်း။သို့မဟုတ် (သရေ)တည်း။

(မှတ်ထားချက်။)

(မ-ဒါ)ကို ဖျည်းနိမိတ် အတူးကို အလိုရှိ၍ ခွဲဝေစီရင်ထား၏။ (၂၇၄-က)နံပါတ် အဖြေကိုပြန်ကြည့်ပါ။ (သရေ)ကို (ယ)ကာရိယအထူးကို အလိုရှိ၍ ခွဲဝေစီရင်ထား၏။ (၂၇၄-ခ)နံပါတ် အဖြေကို ပြန်ကြည့်ပါ။

(၂) မူလသုတ်ရင်းနှင့် အဆင်တူ မူလသုတ်ရင်းသို့ မျှော်၍ သုတ်သီးခြား တည်ထောင် ခွဲဝေစီရင်မှုသည် ဝိသုံကရဏာယောဂ ဝိဘာဂမည်၏။ "ဒေါဝဿ စ" သုတ်၌ (ဝေါ ဒဿ) စသည်တည်း။

(၃) ရှေ့သုတ်မှ လိုက်၍လာခဲ့သော သဒ္ဒါကို ကြည့်၍ ခွဲဝေ စီရင်မှုသည် ဝိနာဓိကာရယောဂဝိဘာဂ မည်၏။ (သဗ္ဗော စံ တိ)သုတ် စသည်တည်း။ ထို (သဗ္ဗော စံ တိ)သုတ်သည် ရှေ့သုတ်က လိုက်လာသော (သရေ)သဒ္ဒါကို ကြည့်၍ "**ဇန္တုပမိ ရော**" ဟူသော ဥဒါဟရဏ်၌ ဖျည်းနှောင်းရာ၌လည်း(တိ)ကို စ-ပြုသေး၏။ ပြန်ကြည့်ပါ။

**အမှတ်။**

{ ဝိနာ ——ကြည့်ခြင်း၊
အဓိကာရ——လိုက်လာသောသဒ္ဒါ၊ }

**လိုက်လာသော သဒ္ဒါကို ကြည့်ပယ်၍ စီရင်သည် ဟူလို။**

(၁) သုတ်ကိုနှစ်ဆိုင်း၊ခုတ်ဖြတ်ပိုင်း၊ကရိုဏ်း "ဒွိခေ" မှာ။
(၂) မူလသုတ်ယောင်၊သီးခြားမျှောင်၊တည်ထောင် "ဝိသုံ" မှာ။
(၃) အလိုက်ကိုကြည့်၊သုတ်စီရင်၊ခွဲးယှဉ် "ဝိနာ" မှာ။
(၄) နုံနုစိုစို၊သောတုပျို၊ထဲးသို နှလုံးမှာ။

ဓအောင်မြေဘုံစံ နိုယိ။

---

၂၇၆-မေး။ ။အောက်ပါ(က)မှ (ဃ)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (င)မှ(ဈ)အထိပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

(က) တံ+အဟံ မြူမိ၊ (င) နိန္နိတု-မရဟတိ၊
(ခ) ယံ+အာဟု၊ (စ) ယ-ဒနိစ္စံ၊
(ဂ) ဓနံ+ဧဝ၊ (ဆ) တ-ဒနတ္တာ၊
(ဃ) ကိံ+ဧတံ၊ (ဇ) ဧတ-ဒဝေါစ၊
(ဈ) ဧတ-ဒဝံ၊

၂၇၆-ဖြေ။ ။

(က) တ-မဟံ မြူမိ၊ (င) နိန္နိတုံ+အရဟတိ၊
(ခ) ယ-မာဟု၊ (စ) ယံ+အနိစ္စံ၊
(ဂ) ဓန-မေဝ၊ (ဆ) တံ+အနတ္တာ၊
(ဃ) ကိ-မေတံ၊ (ဇ) ဧတံ+အဝေါစ၊
(ဈ) ဧတံ+ဧဝံ၊

---

ကွစိ လောပံ။

(လောပဝိဓိသုတ်။)

၂၇၇-မေး။ ။"ကွစိ လောပံ" သုတ်ဖြင့် သရရှေ့ောင်းသောကြောင့် နိဂ္ဂဟိတ်ကို ချေရာဝယ်

မည်သို့သော ဌာနတို့၌ ချေရမည်ဟု ကျန်စွာ ဖြေပါ။

၂၇၇-ဖြေ။ ။(၁) ဆန်းဂိုဏ်းကို စောင့်ရမည့်ဌာန၊
(၂) ရှတ်လွယ်သောဌာန၊
ဤ(၂)ဌာနတို့၌ ချေရပါ၏။

ဆန္ဒာနုရက္ခဏာ သုခုစ္စာရဏာဌာနေ။ ။ရူပသိဒ္ဓိ။

---

၂၇၈-မေး။ ။"ကွစိ ဩ ဗျဉ္ဇနေ" သုတ်မှ ကွစိ-သဒ္ဒါ အလိုက်ခံ၍ (လောပံ)ဟု တည်ထားက ပြီးနိုင်ပါလျက် ကွစိ-သဒ္ဒါကို တဖန် ထည့်ရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

၂၇၈-ဖြေ။ ။ဤသုတ်သည် "ကာရိ" ပါသောသုတ် မဟုတ်ပါ။ကွစိ-သဒ္ဒါကို အလိုက်ခံပါလျှင် ဩ-ကာရိယလည်း လိုက်မည်စိုးလှ၍ ထို ဩကာရိယကို နစ်စေ လိုသောကြောင့် ကွစိ-ကို အသစ်ထပ်မံ ထည့်ရ ပြန်ပါသည်။

(နျာသအလို။)

---

၂၇၉-မေး။ ။"နိဂ္ဂဟီတဉ္စ"သုတ်မှ နိဂ္ဂဟီတ်သာ လိုက်လာသည် မဟုတ်ပါလော။ ဩ-ကာရိယ လိုက်လာမည်ကို အဘယ်ကြောင့် စိုးရိမ်ကြောင့်ကြ ဖြစ်ရပါသနည်း။

၂၇၉-ဖြေ။ ။မည်သည့် သုတ်က ကာရိ- ကာရိယ- နိမိတ်တို့သာ လိုက်ရမည်ဟု စည်းကမ်း သတ်မှတ်မှု(နိယာမ)မရှိခြင်းကြောင့်၎င်း၊ အခြားမှဲ့၌ ဖြစ်သော ကာရိ- ကာရိယ- နိမိတ်တို့ကိုလည်း ယူခြင်း၏ ဖြစ်သင့် သောကြောင့်၎င်း၊ဗိုးရိမ်ကြောင့်ကြ ဖြစ်ရ ပါ၏။

---

၂၈၀-မေး။ ။သရ-နှင့်-ဗျည်း နိမိတ် နှစ်ပါးတို့သည် "နိဂ္ဂဟီတဉ္စ" သုတ်သို့ လိုက်လာသကဲ့သို့ ဤသုတ်သို့လည်း လိုက်လာထိုက်ပါလျက် သရ-နိမိတ် တခုတည်းသာ လိုက်လာရ ခြင်း၏အကြောင်းကို ပြဆိုပါ။

၂၈၀-ဖြေ။ ။"ဗျဉ္ဇနေ စ"သုတ်ကို နောက်၌ ဆိုလတ္တံ့ ဖြစ်သောကြောင့် သရနိမိတ် တခုတည်း သာ လိုက်လာရပါ၏။

---

၂၈၁-မေး။ ။ဤသုတ်ကို "နိဂ္ဂဟီတဉ္စ" သုတ်၏ အခြားမှဲ့၌ ဆိုခြင်းသည် နိဂ္ဂဟိတ်ကို ချေ ခြင်း အကျိုးရှိ၏ ဟု သိခြင်းငှါ တတ် ကောင်းသောကြောင့် မိန့်ဆိုပါသလော။ အကြောင်းပြ ဖြေဆိုပါ။

၂၈၁-ဖြေ။ ။နိဂ္ဂဟိတ်ကို ချေခြင်းအကျိုးရှိ၏-ဟု သိခြင်းငှါ မတတ်ကောင်း သောကြောင့် မဟုတ်ပါ။ အာဂမဝိဓိ၏ လောပဝိဓိနှင့် ရောယှက်သည်၏ အဖြစ်ကို ကြဉ်ရှောင်လိုသောကြောင့် "နိဂ္ဂဟိတဍ္ဍ" သုတ်၏ အခြားမဲ့၌ မိန့်ဆိုရပါ၏။

(နျာသအလို။)

---

၂၈၂-မေး။ ။အောက်ပါ (က)(ခ)(ဂ)ပုဒ်တို့ကို စပ်ပြီးလျှင်(ဃ)(င)(စ)ပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

| | |
|---|---|
| (က) တာသံ+အဟံ၊ | (ဃ) တထာဂတာ-ဟံ၊ |
| (ခ) ဝိရူနံ+အဂ္ဂံ၊ | (င) ဧဝါ-ဟံ၊ |
| (ဂ) အဒါသိံ+အဟံ၊ | (စ) ကျာ-ဟံ၊ |

၂၈၂-ဖြေ။ ။

| | |
|---|---|
| (က) တာသာ-ဟံ၊ | (ဃ) တထာဂတံ+အဟံ၊ |
| (ခ) ဝိရူန-ဂ္ဂံ၊ | (င) ဧဝံ+အဟံ၊ |
| (ဂ) အဒါသာ-ဟံ၊ | (စ) ကိံ+အဟံ၊ |

---

## ဗျဉ္ဇနေ စ။

(လောပဝိဓိသုတ်။)

၂၈၃-မေး။ ။"ဗျဉ္ဇနေ စ" သုတ်ဖြင့် အရာဌာနတိုင်း၌ နိဂ္ဂဟိတ်ကို ချေရပါမည်လော။ ချေရမည့် ဌာနများကို ပြခဲ့ပါ။

၂၀၃-ဖြေ။ ။(၁) ဆန်းဂိုဏ်းကို စောင့်ရမည့်ဌာန၊
(၂) ရွတ်လွယ်သော ဌာန၊
တို့၌ ချေရပါ၏။

**ဆန္ဒာနုရက္ခဏာဒိမှိ။ ။ရူပသိဒ္ဓိ။**

---

၂၀၄-မေး။ ။ဗျဥ္ဇနေ-ဟု တည်ပါက ပြီးစီးနိုင်ပါလျက် (စ) သဒ္ဒါကို ထည့်ရခြင်း၏ အကျိုးကို ဘော်ပြပါ။

၂၀၄-ဖြေ။ ။(၁) ကွစိ-သဒ္ဒါကို ငင်ခြင်း အကျိုးငှါ ရင်း၊
(၂) စိရပ္ပဝါသိံ-စသည်တို့၌ နိဂ္ဂဟိတ်၏ (ပ)အပြုကို ဆည်းခြင်းအကျိုး ငှါရင်း၊
(စ)သဒ္ဒါကို ထည့်ရပါ၏။

---

၂၀၅-မေး။ ။(ကွစိ)သဒ္ဒါကို အဘယ်အကျိုးငှါ စ-သဒ္ဒါဖြင့် ငင်ရပါသနည်း။

၂၀၅-ဖြေ။ ။နောက်သုတ်တို့သို့မလိုက်စေခြင်းအကျိုး ငှါ ငင်ရပါ၏။

**စဂ္ဂဟာဏမုတ္တရတြ ကွစိဂ္ဂဟာဏ နိဝတ္တနတ္ထံ။**

**ချာသ။**

---

၂၀၆-မေး။ ။"ပရော ဝါ သရော" သုတ်၌ ဝါ-သဒ္ဒါ တိုက်ရိုက် ရှိနေရကား ကွဝိ- သဒ္ဒါကို သတ်ပစ်နိုင် နစ်စေနိုင်သည့် မဟုတ်ပါသလော၊ အဘယ်အကျိုးငှါ ဆွဲငင်ထားရပါသနည်း။

၂၀၆-ဖြေ။ ။"ပရော ဝါ သရော" သုတ်၌မူကား ဝါ-သဒ္ဒါရှိနေသောကြောင့် မလိုက်နိုင်သော်လည်း "ဗျဥ္ဇနော စ ဝိသညောဂေါ"သုတ်၌ ဝါ-သဒ္ဒါ မရှိ၍ ဖါးကဲ့သို့ ချန်ကျော်ခါ လိုက်လာမည်စိုး၍ မချန်ကျော်နိုင် မယှဉ်ရှားနိုင်ခြင်း အကျိုးငှါ ဆွဲငင် ထားရပါ၏။

(ချာသအသို။)

---

၂၀၇-မေး။ ။အောက်ပါ (က)မှ (ဃ)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (င)မှ (ဈ)အထိ ပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

(က) အရိယသစ္စာနံ+ဒဿနံ၊ (င) သာ–ရက္ခော၊

(ခ) တော် ဗုဒ္ဓါနံ+သာသနံ၊ (စ) အဝသာ–ဟာရော၊

(ဂ) သံ+ရက္ခော၊ (ဆ) စိရ-ပ္ပဝါသိံ၊

(ဃ) သံ+ရာဂေါ၊ (ဇ) ဂန္တု-ကာမော၊

(ဈ) ဂန္တု-မနော၊

၂၈၇-ဖြေ။ ။

(က) အရိယသစ္စာနု-ဒဿနံ၊ (င) သံ+ရမ္ဘော၊
(ခ) တော် ဗုဒ္ဓါနု-သာသနံ၊ (စ) အဝသံ+ဟာရော၊
(ဂ) သာ-ရဏ္ဍော၊ (ဆ) စိရံ+ပဝါသိ၊
(ဃ) သာ-ရာဂေါ၊ (ဇ) ဂန္တုံ+ကာမော၊
(ဈ) ဂန္တုံ+မနော၊

---

ပရော ဝါ သရော။

(လောပဝိဓိသုတ်။)

၂၈၈-မေး။ ။ဤသုတ်၌ ဖြစ်ထိုက်သော နိမိတ်-ကာရီ ကာရိယ-တို့ကို ထောင်ပြခဲ့ပါ။

၂၈၈-ဖြေ။ ။ (၁) နိဂ္ဂဟိတ်သည်- နိမိတ်၊

(၂) { အ-သရ, ဣ- ။, ဥ- ။ } တို့သည်- ကာရီ၊

(၃) လောပ-ကျေခြင်းသည်- ကာရိယ၊

---

၂၈၉-မေး။ ။ဤသုတ်၌ ဝါသဒ္ဒါ၏ အနက်ကို ထောင်ပြ၍ ထို-ဝါ-သဒ္ဒါဖြင့် မည်သို့သော အစီအရင်များကို ပိုင်းခြားအပ်ပါသနည်း။

၂၈၉-ဖြေ။ ။ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ကို ဟောပါ၏။

ထို ၇ါ-သဒ္ဒါဖြင့်....

(က) ဉာတိ၊ (ဃ) အသိ၊

(ခ) ဉာ၀၊ (င) အဝိ၊

(ဂ) ဉာဒါနိ၊ (စ) ဧ၀၊

အစရှိသော နိပါတ်ပုဒ်တို့မှ အခြားသော အရာ၌ နိဂ္ဂဟိတ်မှ နောက်ဖြစ်သော သရကို မချေရ-ဟု ပိုင်းခြားအပ်ပါ၏။

**ဝါသဒ္ဒဿ ဝဂ္ဂတ္ထိတဝိဘာသတ္တတာယ ဉာတိ-ဝိ-ဒါနိ-သိ- ဧဝ ဝါဒိ နိပါတတော အညတ္ထ နဟောတိ။**

ရူပသိဒ္ဓိ။

---

၂၉၀-မေး။ ။ကွစိ-သဒ္ဒါ အလိုက်ခံ၍ (ပရောသရော) ဟု မတည်ပဲ ဝါ-သဒ္ဒါကို အသစ် ထပ်မံ ထည့်ထားခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

၂၉၀-ဖြေ။ ။(၁) ကွစိ-သဒ္ဒါက ဧကရုပ်ကိုပြ၏။

(၂) ဝါ-သဒ္ဒါက ဒွိရုပ်ကိုပြ၏။

ဤသို့ အနက် ပြားသောကြောင့် ကွစိ-သဒ္ဒါ အလိုက်မခံပဲ ဝါ-သဒ္ဒါကို ထည့်ထားရပါ၏။

၂၉၁-မေး။ ။အောက်ပါ (က)မှ (င)အထိ ပုဒ်တို့ကို စပ်ပြီးလျှင် (စ) မှ (ဋ)အထိ ပုဒ်တို့ကို ဖြတ်ပြခဲ့ပါ။

(က) ကိံ+ဣတိ၊ (စ) ကိ-န္ဒာနိ၊
(ခ) အဘိနန္ဒုံ+ဣတိ၊ (ဆ) တွံ-သိ၊
(ဂ) ဥတ္တတ္တံ+ဣဝ၊ (ဇ) ဣဒ-မ္ပိ၊
(ဃ) စက္ကံ+ဣဝ၊ (ဈ) ဥတ္တရိ-မ္ပိ၊
(င) ကလိံ+ဣဒါနိ၊ (ည) ဒါတု-မ္ပိ၊
(ဋ) သဒိသံ-ဝ၊

၂၉၁-ဖြေ။ ။

(က) ကိ-န္တိ၊ (စ) ကိံ+ဣဒါနိ၊
(ခ) အဘိနန္ဒု-န္တိ၊ (ဆ) တွံ+အသိ၊
(ဂ) ဥတ္တတ္တံ-ဝ၊ (ဇ) ဣဒံ+အပိ၊
(ဃ) စက္ကံ-ဝ၊ (ဈ) ဥတ္တရိံ+အပိ၊
(င) ကလိ-န္ဒာနိ၊ (ည) ဒါတုံ+အပိ၊
(ဋ) သဒိသံ+ဧဝ၊

---

ဗျဉ္ဇနေ စ ဝိသညောဂေါ။

(လောပဝိဓိသုတ်။)

၂၉၂-မေး။ ။ဤသုတ်ကို "ပရေ ဝါ သရေ"သုတ်နှင့် တသုတ်တည်း မတည်ပဲ ခွဲခြား၍ တည်ထားရခြင်း၏ အကျိုးကို ပြဆိုပါ။

၂၉၂-ဖြေ။ ။ဤသုတ်ကား နိစ္စပိမိသုတ်ဖြစ်၍ "ပရော ဝါသရော" သုတ်မှ ဒိုရှပ်ပြ (ဝါ)သဒ္ဒါကို ကြည့်ခြင်းအကျိုးရှိပါ၏။

ဝါဂ္ဂဟာကာပရိဝစ္ဆနစ္စ ။ ။ချာသာ။

---

၂၉၃-မေး။ ။ဤသုတ်၌ ဖြစ်ကောင်းသော နိမိတ်-ကာ ရီ-ကာရိယ-ဘို့ကို ခွဲဝေခဲ့ပါ။

၂၉၃-ဖြေ။ ။(၁) နိဂ္ဂဟိတ်မှ နောက်သရ ကျေခြင်း သည် **နိမိတ်**။

(၂) အာဂန္တုက သသံယောဂ ဗျည်း သည် **ကာရီ**။

(၃) အာဝါသိက ဝိသညောဂ ဗျည်း သည် **ကာရိယ**။

---

၂၉၄-မေး။ ။ (၁) သညောဂ၊

(၂) ဝိသညောဂ၊

ပုဒ်တို့ကို ဝစနတ္ထပြု၍ အနက်ပေးပြီးလျှင် သညောဂဗျည်း၊ဝိသညောဂ ဗျည်းတို့ကို ဘော်ပြပါ။

၂၉၄-ဖြေ။ ။(၁) သံယုဇ္ဇိယတိတိ သညောဂေါ။ ယော အက္ခရော၊အကြင် ရှေ့အက္ခရာကို။ သံယုဇ္ဇိယတိ၊ နောက်အက္ခရာသို့ ယှဉ်

အဝ် ကပ်အဝ်၍။ဇာတိတဿ၊ထိုကြောင့်။ သော အကျွရော၊ ထိုရှေ့အကျွရာသည်။ သညောဂေါ၊သညောဂမည်၏။

ယှဉ်အဝ် ကပ်အဝ်သော ရှေ့ဖြစ် သော အပေါ်အကျွရာ အာဂန္တုက ဗျည်းကို သညောဂဗျည်းဟုခေါ်၏။

**သံယုတ္တိယတိတိ သညောဂေါ၊ပုရိမော ဝဏ္ဏော။**

**ရူပသိဒ္ဓိ။**

**တနည်းကား**

သမ္ဗာ ယုဇ္ဇတိ ဧတ္ထာတိ သညောဂေါ။ ဧတ္ထ၊ ဤ နောက်ဖြစ်သော အာဂါသိကဗျည်း၌။သမ္ဗာ၊ကောင်းစွာ။ ယုဇ္ဇတိ၊ ယှဉ် တတ်၊ကပ်တတ်၏။ ဇာတိ တဿ၊ထိုသို့ ယှဉ်ရာ၊ ကပ်ရာဖြစ်သော သတ္တိကြောင့်။ သော၊ ထိုနောက်ဖြစ်သော အာဝါသိကာ ဗျည်းသည်။သညောဂေါ၊သညောဂ မည် ၏။

ယှဉ်ရာ ကပ်ရာ ဖြစ်သော နောက် ဖြစ်သော အောက်အကျွရာ အာဝါ သိကဗျည်းကို သညောဂ-ဗျည်း ဟု ခေါ်၏။

(၂) ဝိဂတော သင်္ဘောဂေါ အသဿာတိ ဝိသသောဂေါ၊

အဿ၊ ထိုယှဉ်ရာ ကပ်ရာ ဖြစ်သော အောက်အကျွရာ အာဝါသိကဗျည်းအား။ ဝိဂတော၊ ကင်းသော။ သင်္ဘောဂေါ၊ သံယုဂ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။သော၊ထိုယှဉ်ရာ ကပ်ရာ ဖြစ်သော အောက်အကျွရာ အာဝါသိကဗျည်းသည်။ဝိသသောဂေါ၊ဝိသသောဂမည်၏။

ရှေ့ဖြစ်သော အပေါ်အကျွရာ အာဂန္တုက ဗျည်း၏ ယှဉ်ရာ ကပ်ရာ နောက်ဖြစ်သော အောက် အကျွရာ အာဝါသိက ဗျည်းကို ဝိသသောဂ ဟု ခေါ်၏။

ဝိဂတော သင်္ဘောဂေါ အဿာတိ ဝိသသောဂေါ၊ ပရော။

ရူပသိဒ္ဓိ။

---

၂၉၅-မေး။ ။သင်္ဘောဂေါ- အရသံယုဂ် ဟူသည် အဘယ်ပါနည်း။ ရှေ့ဖြစ်သော အာဂန္တုက ဗျည်းကို ခေါ်ပါ သလော၊ သို့မဟုတ် နောက်ဖြစ်သော အာဝါသိက ဗျည်းကို ခေါ်ပါသလော၊ကျွန်ုပ်တွေ့ ဖြေဆိုပါ။

၂၉၅-မေး။ ။တလုံး တည်းသော သရဌ် ဗျည်းနှစ်လုံး တို့၏ တည်နေ မှီနေခြင်းသည် သံယုဂ် မည်၏။

(၁) ရှေ့ဖြစ်သော အာဂန္တုက ဗျည်း၏ ၎င်း၊

(၂) နောက်ဖြစ်သော အာဝါသိက ဗျည်း ၏၎င်း၊

ဤနှစ်လုံးတို့၏ (သရ) တလုံး တည်း၌ တည်နေ မှီနေ ခြင်းသည်သာ သံယုဂ် မည်ပါ၏။ ရှေ့အက္ခရာ အာဂန္တုကဗျည်း သက်သက်ကို၎င်း၊နောက်အက္ခရာ အာဝါ သိကဗျည်း သက်သက်ကို၎င်း သံယုဂ်ဟု မခေါ်ရပါ။

**ဗ္ဗိန္ဒု ဗျဥ္ဇနာနု-မေကတြ ဋ္ဌိတိ သညောဂေါ။**

**ရူပသိဒ္ဓိ။**

**တနည်းကား**

နှစ်လုံး- သုံးလုံးသော ဗျည်းတို့၏ သရ တလုံးတည်း၌ပေါင်းဆုံခြင်းသည် သံယုဂ် မည်၏။

**ဗ္ဗိန္ဒု တိဏ္ဏံ ဝါ ဗျဥ္ဇနာနမေကတြ သံဇတ် သံယောဂေါ။**

**သဒ္ဒနီတိ။**

၂၉၆-မေး။ ။ဤသုတ်၌ ဗျဉ္ဇနော-အရ သာမညဖြစ်နေ၍ အာဂန္တုက သသံယောဂဗျည်း၊ အာဝါသိက ဝိသံယောဂဗျည်း နှစ်ပါးတို့တွင် အဘယ်ဗျည်းကို ယူရမည်ဟု ဥပမာဖြင့် ထင်ရှားစွာ ပြဆိုပါ။

၂၉၆-ဖြေ။ ။သာမည ဖြစ်သော်လည်း ဝိသဒ္ဒောဂ-ဖြစ်ခြင်း၌ ထိုက်သော အာဂန္တုက-သသံယောဂဗျည်းကို ယူရပါ၏။

## ဥပမာ။

**သေရော အဘိဓမ္မံ ဒေသေတိ၊**

၌ (ထေရ)အရ ဆယ်ဝါရပြီး သိတင်းကြီးမှန်သမျှနှင့် ဆက်ဆံပါသော်လည်း အဘိဓမ္မာတရားကို ဟောစွမ်းနိုင်သော သတ္တိထူးရှိသော ဓမ္မသေနာပတိ ဘွဲ့ထူးတော်ရ အသျှင် သာရိပုတ္တရာကို ယူရသကဲ့သို့တည်း။

**ဝိသဒ္ဒောဂံ ဘဝိတုံ သမတ္ထော သသဒ္ဒောဂ-**
**ဗျဉ္ဇနော၀ ဗျဉ္ဇနောတိ ဝုတ္တောတိ ဒဋ္ဌဗ္ဗော။**

ချာသာ။

---

၂၉၇-မေး။ ။"ဝိသဒ္ဒောဂေါ၊ ဝိသဒ္ဒောဂ-ဗျည်းအပြုသည်"ဟု နိသျ ဆရာတော်တို့ အနက်

သမ္ဗန်တော် မှုကြသောကြောင့် အာဒေသ ဝိဓိသုတ်ဟု မှတ်ရအံ့လော၊ဆုံးဖြတ်ခဲ့ပါ။

၂၉၇-ဖြေ။ ။"ဝိသညောဂ"ဗျည်းအပြုဆိုသည်မှာ ယဉ် ကျေးစွာသုံးနှုန်းခြင်းတမျိုးသာဖြစ်ပါသည်။ အမှန်စင်စစ်မှာ ကျေခြင်းကို ခေါ်သော ကြောင့် လောပဝိဓိသုတ်သာ ဖြစ်ပါသည်။ အာဒေသဝိဓိသုတ် မဟုတ်ပါ။

ဥပမာ။

လောက၌ သေသည်ကိုပင်....

(၁) သာသနာတော်ထမ်း ရဟန်းတော် ဖြစ်ခဲ့ လျှင် ဘဝနတ်ဌာန် ပြန်လွှန်တော်မူရှာပြီ၊

(၂) တိုင်းပြည့်အရှင် ဘုရင်ဖြစ်ခဲ့လျှင် နတ်ရွာ စံတော်မူရှာပြီ၊

(၃) လူသာမညဖြစ်ပါလျှင် ဘဝတပါး ပြောင်း သွားရှာပြီ၊

ဟု ပေါရိဝါစာ၊ သုခုမာလတာ ဂုဏ်နှင့် ပြည့်စုံအောင် သုံးနှုန်းသကဲ့သို့တည်း။

**ဝိသညောဂေါတိ ဥမိနာ ပန လောပမာဟ။**
**ဒေဝလောကံ ဂတောတိ ဝစနေန မရဏံ ဝိယ။**

**ချာသ။**

**ဝိသညောဂဂ္ဂဟဏေန စေတ္ထ သံယောဂါနံ အာဒိလောပမာဟ။ ။ရူပသိဒ္ဓိဋီကာ။**

၂၉၈-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကိုပြ၍....

(၁) သုတ်လုံး အစီအရင်၊

(၂) သုတ်စွန်း အစီအရင်၊

ဤ(၂)ပါး ကိုလည်း ထင်ရှားစွာ ဥဒါဟရဏ်နှင့်တကွ ခွဲဝေခဲ့ပါ။

၂၉၈-ဖြေ။ ။စ- သဒ္ဒါသည် သမုစ္စည်း အနက်ကို ဟောပါ၏။

သုတ်လုံး အစီအရင်ကား၊

(၁) "ပုပ္ဖံသာ ဥပ္ပဇ္ဇတိ"စသော ဥဒါဟရဏ်တို့၌ သုတိတူ ဗျည်းနှစ်လုံးတို့တွင် အစဗျည်း တလုံးကို ချေရ၏။

သုတ်စွန်း အစီအရင်ကား၊

(၂) "အဂျာဂါရံ"စသည်၌ သုတိတူ (၂)လုံး၊ သုတိမတူ(၁)လုံး အားဖြင့် ဗျည်းသုံးလုံး ရှိသည်တို့တွင်သုတိတူတလုံးကိုချေရ၏။

**ထိုမှတပါး**

**ဥပသမ္ပဒါပေက္ခော–**

စသည်၌ သုတိမတူ ဗျည်းနှစ်လုံးတို့တွင် အစဗျည်းကို ချေ၍

**ဥပသမ္ပဒါပေခေါ-**

ဟု ရှိထိုက်သေး၏။

အမှာ။

(သုတ်စွန်း အစီအရင်ကို သမုစ္စည်း အနက်ဖော်၊ ဤသုတ်ပါ ဧ-သဒ္ဒါဖြင့် စီရင်ရသတည်း)။

---

၂၉၉-မေး။ ။အောက်ပါ (က)နှင့် (ခ)ပုဒ်တို့ကို ပုဒ်စပ်ပြခဲ့ပါ။

(က) စေ+အသမတ္ထ အာသဝါ၊

(ခ) ပုပ္ဖ+အသောက ဥပ္ပလ္လတိ၊

၂၉၉-ဖြေ။ ။(က) စေ-သတေ အာသဝါ၊

(ခ) ပုပ္ဖ-သာ ဥပ္ပလ္လတိ၊

---

နိဂ္ဂဟီတာဒိ။

(အာဂမဝိဓိသုတ်။)

၃၀၀-မေး။ ။ဤသုတ်ဖြင့် နိဂ္ဂဟိတ် လာခြင်းသည် မည်သည့် အက္ခရာတို့၏ နောက်၌သာ လာရမည်ဟု အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

၃၀၀-ဖြေ။ ။နိဂ္ဂဟိတ်သည် ရဿသရ သုံးလုံးကိုသာ အမှီပြုသောကြောင့် ရဿသရ သုံးလုံးတို့၏ နောက်၌သာ လာရပါ၏။

နိဂ္ဂဟီတဉ္စ ရဿာ နုဂတတ္တာ ရဿတော

ယေဝါဂံ။ ။

ရူပသိဒ္ဓိ။

---

၃၀၁-မေး။ ။မည်သို့သော ဌာနနှင့် ဤသုတ်ဖြင့် နိဂ္ဂဟိတ်လာရမည်ဟု နိဂ္ဂဟိတ်လာရာဌာနကို သတ်မှတ်ပိုင်းခြား ပြခဲ့ပါ။

၃၀၁-ဖြေ။ ။ရှတ်လွှယ်ရာဌာနနှင့် လာရပါ၏။

**သုခုမ္ဗာရဏာဋ္ဌာနေ။ ။ရူပသိဒ္ဓိ။**

---

၃၀၂-မေး။ ။ဤသုတ်၌ ဖြစ်ထိုက်သော နိမိတ်-ဝိဿယီ-ဝိသယ-တို့ကို ခွဲဝေပြခဲ့ပါ။

၃၀၂-ဖြေ။ ။သရ(၈)လုံး၊ ဗျည်း(၃၃)လုံး၊ } တို့သည် **နိမိတ်။**

နိဂ္ဂဟိတ်သည်- **ဝိသယီ၊**

ရဿ(၃) လုံးတို့၏ နောက်ဖြစ်သောဌာန } သည် ဝိသယ၊

---

၃၀၃-မေး။ ။(နိဂ္ဂဟိတ်)မျှသာ မတည်ပဲ၊(စ)သဒ္ဒါကို ထည့်ရခြင်း အကျိုးကို ရေးသားခဲ့ပါ။

၃၀၃-ဖြေ။ ။နိဂ္ဂဟိတ်သာ လာနိုင်သည်မဟုတ်သေး၊

**ပုဒ်ဖြတ်ထားပုံ ——ဝိစ္ဆေသတိ၊**

**ပုဒ်ပြီးနေပုံ ——ပစ္ဆေသတိ၊**

၌ ဝိ-ကို ပ-ပြုခြင်းကိုရင်း၊

**ပုဒ်ဖြတ်ထားပုံ——ပစ္စပေက္ခတာ၊**

**ပုဒ်ပြီးနေပုံ ——ပစ္စဝေက္ခတာ၊**

ဠ္ဌ ပ-ကို-ဝ-ပြုခြင်းကိုရင်း၊
ပုဒ်ဖြတ်ထားပုံ——ကာပညံ၊
ပုဒ်ပြီးနေပုံ ——ကာဝညံ၊
ဠ္ဌ ပ-ကို-ဝ-ပြုခြင်းကိုရင်း၊
ပုဒ်ဖြတ်ထားပုံ——ဝိမာနံ၊
ပုဒ်ပြီးနေပုံ ——ဗျမှံ၊

ဠ္ဌ ဝိ-ကို-ဗျ-ပြုခြင်း၊ မာနကို- မှ- ပြုခြင်းကိုရင်း၊

ဆည်းခြင်းအနက်ရှိသည်-ဟု သိစေခြင်းအကျိုး၌ ထည့်ရပါ၏။

---

၃၀၄-မေး။ ။အောက်ပါ (က)(ခ)(ဂ)အမှတ်ပုဒ်တို့ကို ပုဒ်စပ်ပြီးလျှင် (ဃ)(င)(စ)(ဆ) အမှတ်ပုဒ်တို့ကို ပုဒ်ဖြတ်ပြပါ။

(က) စက္ခု+ဥဒပါဒိ၊ (ဃ) အဘုံ-ထုလာနိ၊
(ခ) အဝ+သိရော၊ (င) တံ-သမ္ပယုတ္တာ၊
(ဂ) ယာဝံ+စိဓ ဘိက္ခဝေ၊ (စ) ဧဝံ တ-က္ခဏော၊
(ဆ) တ-တ္တံ သဘာဝေါ၊

၃၀၄-ဖြေ။ ။

(က) စက္ခုံ-ဥဒပါဒိ၊ (ဃ) အဘု+ထုလာနိ၊
(ခ) အဝံ-သိရော၊ (င) တံသ+ပယုတ္တာ၊
(ဂ) ယာဝ-ဉ္စိဓဘိက္ခဝေ၊ (ခ) ဧဝံ တ+ခဏော၊
(ဆ) တံ တ+သဘာဝေါ၊

## အံဗျဉ္ဇနေ နိဂ္ဂဟီတံ။

### (အာဒေသပဝိမိသုတ်။)

၃၀၅-မေး။ ။ဤသုတ်၌ ကွစိ- နဝါ- ဝါ- သဒ္ဒါတို့တွင် တခုခုကို ထည့်၍ တည်ထိုက်ပါလျက် အဘယ်ကြောင့်"အံဗျဉ္ဇနေ နိဂ္ဂဟီတံ"ဟု တည်ရပါသနည်း။

၃၀၅-ဖြေ။ ။နိစ္စဝိဓိသုတ်ဟု သိစေလိုသောကြောင့်တည်း။

---

၃၀၆-မေး။ ။ဤသုတ်၌ ဖြစ်ကောင်းသော နိမိတ်- ကာရီ-ကာရိယ-တို့ကို ခွဲဝေပြခဲ့ပါ။

၃၀၆-ဖြေ။

(၁) အံ-မှတပါး ဗျည်း(၃၃)လုံး } သည်- နိမိတ်။

ဝ-ဗျည်း, သ-ဗျည်း } စသည်- နိမိတ်။ ။(ရူပသိဒ္ဓိဋီကာ။)

(၂) သရကောင်းသော ဗိန္ဒုသည်-ကာရီ၊

(၃) သရနှင့်တကွသော ဗိန္ဒုသည်-ကာရိယ၊

---

၃၀၇-မေး။ ။နိဂ္ဂဟီတ်နှင့် အံ-တို့၏ အထူးကို ဖော်ပြပါ။

၃၀၇-ဖြေ။ ။(၁) သရကင်းသော မိန္နုသည် နိဂ္ဂဟိတ်၊

(၂) သရနှင့်တကွသော မိန္နုသည် အံ၊

(ဤကား အထူး)

---

၃၀၈-မေး။ ။ဤသုတ်ဖြင့် နိဂ္ဂဟိတ်ကို (အံ) ပြုရမည်ဟုဆိုရာ အ-အက္ခရာမပါပဲး မိန္နုပြောက်မျှသာပြုရမည်။ သို့မဟုတ် (အ) သရနှင့်တကွ (အံ)ပြုရမည်ကို ရူပသိဒ္ဓိအလိုကျ ထုတ်ပြခဲ့ပါ။

၃၀၈-ဖြေ။ ။စင်စစ်မူကား မိန္နုအပြောက်မျှသာ ပြုရမည်။(အ)အက္ခရာကို ရွတ်ဆိုရ၍ ဖြစ်ရုံမျှ ထည့်ထားရ၏။ ။(ဤအလို ရှေ့သရချေ ရန်မရှိ။)

**အကာရော ဥစ္စာရဏတ္ထော။ ။ရူပသိဒ္ဓိ။**

**တနည်းကား**

အ-အက္ခရာနှင့်တကွ (အံ) ပြုရမည်။ ။

**(ဤအလို သရလောပေါ်နှင့်ချေ-ဖြီးမှကပ်။)**

**သရလောပေါ်ကျောဒိနာ ပုဗ္ဗသရလောပေါ် ဝါ။**

ရူပသိဒ္ဓိ။

---

၃၀၉-မေး။ ။နိဂ္ဂဟိတ်ကို (အံ) ပြုခြင်းသည် ရှေးရုပ်နှင့် မထူး၍ ဤသုတ်ကို တည်ခြင်းသည် အကျိုးမရှိ (နိရတ္ထက) မဟုတ်ပါလော၊ အကြောင်းပြပါ။

၃၀၉-ဖြေ။ ။အကျိုးမရှိ (နိရတ္ထက) မဟုတ်ပါ။

(၁) ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ၊
(၂) ဗျဉ္ဇနေ စ၊
(၃) ယေဟ ဉံ၊

သုတ်တို့ဖြင့် ဝဂ္ဂန္တ-အပြု၊ ချေခြင်း၊ ဉံ-ပြုခြင်းတို့ကို ဤသုတ်ဖြင့် နစ်စေခြင်း တည်းဟူသော အကျိုးထူး ဖြစ်သင့်သောကြောင့်တည်း။

န နိရုတ္တကံ၊ ပယောဂါနန္တရ သမ္ဘဝတော။

ဍျာသော။

ဍျမိနာ သုတ္တေန ပုဗ္ဗရူပတော အဝိသေသေနပိ နိဂ္ဂဟီတဿ လောပေါဒေသ ဝိကာရ နိဝါရ ဏတ္ထံ။

နိဒ္ဒေသာ။

---

၃၁၀-မေး။ ။အောက်ပါ (က)နှင့်(ခ) အမှတ်တို့ကို ပုဒ်စပ်၍ (ဂ)နှင့်(ဃ) အမှတ်တို့ကို ပုဒ်ဖြတ်ပြပါ။

(က) ဧဝံ+ဝုတ္တေ၊ (ဂ) ဧကံ-သမယံ ဘဂဝါ၊
(ခ) တံ+သာဓု၊ (ဃ) အဂ္ဂိံ-ဝ သန္ဓမံ၊

၃၁၀-ဖြေ။ ။

(က) ဝေံ-ပုဗ္ဗေ၊ (ဂ) ကေံ+သမယံ ဘဂဝါ၊

(ခ) တံ-သာရ၊ (ဃ) အဂ္ဂိ+ဝ သန္တမံ၊

(ဤသုတ်၌-ပုဒ်ဖြတ်-ပုဒ်စပ် မထူးကြ၊ ဥဒါဟာရဏ်ကို သိရုံမျှ ထုတ်ပြ လိုက်၏။)

---

## အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော။

(သုတ္တာဝတိဒေသသုတ်။)

၃၁၁-မေး။ ။အဘယ်အကျိုးငှါ ဤ"အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော"သုတ်ကို မိန့်ဆိုတော်မူပါသနည်း။

၃၁၁-ဖြေ။ ။ဤကစ္စည်းကျမ်း၌ မပြအပ် မဆိုအပ် ကုန်သေးသော ရုပ်အထူး အစီအရင် အထူးတို့သည် ပိဋကတ်သုံးပုံမှာ အလွန် များသေး၏။ ထိုရုပ်အထူး အစီအရင် အထူးတို့၏ ရုပ်ပြီးစီးအောင် တွက်ပုံ စီရင်ပုံကို သရသန္ဓိ-စသည်တို့၌ ငါဆို အပ်ပြီးသော နည်းကို အစဉ်မှီးသဖြင့် သိထိုက်ကြပြီ၊ သိနိုင်ကြပြီ၊ သိကြလေဟု ညွှန်းပြတော်မူခြင်း အကျိုးငှါ ဤသုတ်ကို မိန့်ဆိုတော်မူပါသည်။

---

၃၁၂-မေး။ ။ဤသုတ်၏ ဝုတ္တိ၌….
(၁) သရသန္ဓိ၊
(၂) ဗျဉ္ဇနသန္ဓိ၊
(၃) ဝုတ္တသန္ဓိ၊
တို့ကို ပြဆိုထားပါသော်လည်း ဝုတ္တသန္ဓိ၏ ဥဒါဟရဏ်ကိုမူ အဘယ်ကြောင့် ထုတ်ဆောင် မပြပါသနည်း။

၃၁၂-ဖြေ။ ။ဝုတ္တသန္ဓိမှာ အထူးအခြား စီရင်ရတော့သည် မဟုတ်ပါ။ သရသန္ဓိ- ဗျဉ္ဇနသန္ဓိ- တို့ဖြင့်ပင် စီရင်အပ်သည်ဖြစ်၍ သရသန္ဓိ-ဗျဉ္ဇန သန္ဓိတို့၌ အတွင်းဝင်ပြီးဖြစ် လေသောကြောင့် သီးခြား ဥဒါဟရဏ်ကို ထုတ်တော်မမူပါ။

ပဉ္စာဝုတ္တနယေန သရဗျဉ္ဇနသန္ဓိသွေဝ သင်္ဂဟံ
ဂစ္ဆတိ၊သရဗျဉ္ဇနေသု ဝိဟိတတ္တာ။
ချာသ။

---

၃၁၃-မေး။ ။အဘယ်သို့သော သန္ဓိသည် ဝုတ္တသန္ဓိမည်ပါသနည်း။

၃၁၃-ဖြေ။ ။ ဂါထာစီကုံးရာ၌……
ဆန်းဂိုဏ်းကို စောင့်ခြင်း
စကားပြေပြစ်စေခြင်း၊
အကျိုး၌ါရင်း၊

ဓုတ္တိယ-စိကုံးရာ၌......

စကားပြေပြစ်စေခြင်း အကျိုးဌါဝင်း၊ ချေသင့်သောပုဒ်-အက္ခရာကို ချေ၍ လာသင့်သော ပုဒ်-အက္ခရာကို လာစေလျက် စိရင်သောသန္ဓိသည် ဝုတ္တသန္ဓိ-မည်ပါ၏။

---

၃၁၄-မေး။ ။ချေ၍ စိရင်လျှင် လောပသန္ဓိ၊ လာ၍ စိရင်လျှင် အာဂမသန္ဓိ၊ ဟု ခေါ်ထိုက်ပါလျက် ဝုတ္တသန္ဓိ ခေါ်ရခြင်း၏ အကြောင်းကို ပြဆိုပါ။

၃၁၄-ဖြေ။ ။ဂါထာအား ကျေးဇူးများသောကြောင့် ဝုတ္တသန္ဓိ-ဟု ခေါ်ဆိုပါ၏။

**ဝုတ္တူပကာရတ္တာ ဝေနာမ ဇာတာ။**

**ချာသ။**

---

၃၁၅-မေး။ ။ဤသုတ်ကို သုတ်လေးမျိုးတို့တွင် မည်သည့်သုတ် ဟု ညွှန်ပြခဲ့ပါ။

၃၁၅-ဖြေ။ ။အတိဒေသပရိဘာသုတ် ဖြစ်ပါ၏။

---

၃၁၆-မေး။ ။အတိဒေသ-သုတ်တို့၏ အပြားကို ပြ၍ ဆိုင်ရာသုတ်တို့နှင့် တွဲယှဉ်ခဲ့ပါ။

၃၁၆-ဖြေ။

(၁) ဗျပဒေသ အတိဒေသ (**နာမ်ငံ့ပုံကို ညွှန်ပြခြင်း**)

(၂) နိမိတ္တ အတိဒေသ (**စိရင်ပုံ အကြောင်းကို ညွှန်ပြခြင်း**)

(၃) တံရူပံ အတိဒေသ (ထိုရုပ်ဖြစ်လာပုံကို ညွှန်ပြခြင်း)
(၄) တံသဘာဝ အတိဒေသ(ထို လိင်သဘော ဖြစ်လာ ပုံကို ညွှန်ပြခြင်း)
(၅) သုတ္တ အတိဒေသ (စီရင်မည့်သုတ်ကို ညွှန်ပြခြင်း)
(၆) ကာရိယ အတိဒေသ (စီရင်ရမည့် ကာရိယကို ညွှန်ပြခြင်း)

ဤသို့(၆)ပါး အပြားရှိပါ၏။

| အတိဒေသအမည်။ | သုတ်အမည်။ |
|---|---|
| (၁) ဗျပဒေသ- | တဒ္ဓိတသမာသ-လ-ဒိသုစ၊ |
| (၂) နိမိတ္တ- | ယထာကတ္တရိစ၊ |
| (၃) တံရူပ- | အမှတုမှန္တု-လ-သ္မာ နာဝ၊ |
| (၄) တံသဘာဝ- | ဣတ္ထိယံ-လ-စေ၊ |
| (၅) သုတ္တ- | အနုပဒိဋ္ဌာနံဝုတ္တယောဂတော၊ |
| (၆) ကာရိယ- | သေသေသုန္တုဝ၊ |

(၁) ဗျပဒေသော နိမိတ္တဉ္စ၊
တံ ရူပံ တံသဘာဝတော၊
သုတ္တဉ္စေဝ တထာကာရိ၊
ယာတိဒေသောတိ ဆဗ္ဗိဓော၊

(၂) ဗျပဒေသော တု နာမံဝ၊
တထာကတ္တရိ နိမိတ္တံ၊
တံရူပန္တု သ္မာ နာဝ၊
တံသဘာဝါ ပုမာ ဣဝ၊
သုတ္တံ အနုပဒိဋ္ဌာနံ၊
သေသေသုန္တုဝ ကာရိယံ၊

၃၁၇-မေး။ ။ဤသုတ်သည် လောပဝိဓိ- အစရှိသော ဝိဓိသုတ် ၅စ်ပါးတို့တွင် မည်သည့် ဝိဓိသုတ်-ဟု အကြောင်းပြ၍ ဖြေဆိုပါ။

၃၁၇-ဖြေ။ ။သရသန္ဓိ-စသည်တို့၌ ဆိုအပ်ပြီးသော နည်းကို အစဉ်မှီး၍ သိအပ်၏ ဟု ညွှန်ပြသော (သုတ္တာတိဒေသ) သုတ်ဖြစ်သော ကြောင့် ဝိဓိ၅စ်ပါးလုံးနှင့် ဆက်ဆံသော သုတ်ဖြစ်ပါသည်။

---

၃၁၈-မေး။ ။သရ သန္ဓိ- စသည် တို့၌ ထုတ်နုတ်၍ မပြအပ် သေးသော ဥဒါဟရဏ်တို့၏ တည်ထားပုံ ချပ်ပြီးပုံတို့ကို စီရင်သော သုတ်နှင့် တကွ အကျဉ်း ချုပ်ပြခဲ့ပါ။

၃၁၈-ဖြေ။ ။

| တည်ထားပုံ။ | ရုပ်ပြီးနေပုံ။ | စီရင်သောသုတ်ကား။ |
| --- | --- | --- |
| (က) ပရိယုဒါဟာသိ- | ပယိရုဒါဟာသိ | “ဒေါဓသေစ”၌ စ-သဒ္ဒါ။ |
| (ခ) အယိရသ- | အရိယသ | |
| (ဂ) ဗဟ္မာဗာဓေါ- | ဗ၅ါဗာဓေါ | |
| (ဃ) နအဘိနေယျ- | အနဘိနေယျ | |

(“ဒေါဓသေစ”သုတ်၌စ-သဒ္ဒါဖြင့်အကျွရေ တို့ကို ရှေ့နောက်ပြန်လှျင် ပြီးစီးတော့၏)။

(င) တံ+ဣမိနာပိ ဝိဇာနာထ-တဒမိနာပိ ဝိဇာနာထ၊

ဤ ဥဒါဟရဏ်၌"ပရော ဝါ သရော"ဖြင့် နိဂ္ဂဟိတ်မှ နောက်ဖြစ်သော (ဠ) ကိုချေ။ "လောပဥ္စတတြာကာရော"၌ တတြာကာ ရော- ဟူသော ယောဂဝိဘာဂဖြင့် ထို ကျေရာ၌(အ)လာ။"မဒါသရေ"ဖြင့်(ဒ)ပြု၊ ကပ် ပြီး၏။

---

၃၁၉-မေး။ ။နိဂ္ဂဟီတ-သန္ဓိ၌ စီရင်သော သုတ်တို့ကို ထုတ်ဘော်ရေတွက်ခဲ့ပါ။

၃၁၉-ဖြေ။ ။

| | | | |
|---|---|---|---|
| (၁) | ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ၊ | (၆) | ဗျဉ္ဇနေ စ၊ |
| (၂) | ဧဟေဉ်၊ | (၇) | ပရော ဝါ သရော၊ |
| (၃) | သယေ စ၊ | (၈) | ဗျဉ္ဇနော စ ဝိသညောဂေါ၊ |
| (၄) | မဒါ သရေ၊ | (၉) | နိဂ္ဂဟီတဉ္စ၊ |
| (၅) | ကွစိ လောပံ၊ | (၁၀) | အံဗျဉ္ဇနေ နိဂ္ဂဟီတံ၊ |

ဤသို့(၁၀)သုတ် ရှိပါ၏။

---

၃၂၀-မေး။ ။အလုံးစုံသော သန္ဓိတို့နှင့် ဆက်ဆံသော သုတ်တို့၏ အမည်များကို ရေတွက်ပြခဲ့ပါ။

၃၂၀-ဖြေ။ ။

(၁) ပုဗ္ဗမဝေ-ဠိတမသရံ သရေန ဝိယောဇယေ။

(၂) နယေ ပရံ ယုတ္တေ၊

(၃) အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော၊

ဤသို့ သုံးသုတ်ရှိပါ၏။

နိဂ္ဂဟိတ သန္ဓိ ပြည့်ရုံပြီ။

---

**နိဂမနံ။**

**ကောဏ္ဍညာဒိဘိခါနေန၊**

**အောင်မြေဘုမ်စံ နိဝါသိနာ။**

**ကတာ ဋီကာ သမတ္တောသာ၊**

**သန္ဓိကပ္ပဿ ဝဏ္ဏနာ။**

---

# နာမ်အခန်း။

**၁-မေး။** ။နာမ်မည်ခြင်း၏ အကြောင်းကို ပြ၍ (နာမ) သဒ္ဒါကိုလည်း ဝစနတ္ထပြုပြီးလျှင် အရကောက်ခဲ့ပါ။

**၁-ဖြေ။** ။(က) အနက်သို့ ရှေးရှုညွတ်တတ်သော ကြောင့်၎င်း၊

(ခ) မိမိသို့ အနက်တို့ကို ရှေးရှုညွတ်စေတတ်သောကြောင့်၎င်း၊ နာမ် မည်ပါ၏။

(က) အတ္တာဘိမုခံ နမတီတိ နာမံ။

(ခ) အတ္တနိ စ အတ္ထေ နာမေတီတိ နာမံ။

**အရကောက်ကား။**

ယောက်ျားစသော ဒြဗ်အနက်ကို ဟောတတ်သော ပုရိသ-စသော အက္ခရာတို့၏ ရုဝေးရာသဘောရှိသော အမည်နာမပညတ်ကို ရ၏။

(က) အတ္တာဘိမုခံ နမနတော နာမံ၊

(ခ) အတ္တနိ စတ္ထသာ နာမနတော ဝါ နာမံ၊

**ဒဗ္ဗာဘိဓာနံ။ ။ရူပသိဒ္ဓိ။**

## အခင်ပြုပြင်ပြီး ရှင်းလင်းချက်။

(က) ကမ္ဘာဦးသူ လူပညာရှိတို့သည် မြင်းဒြမ်ကို မြင်သောအခါ ဤသတ္တဝါကို အသို့လျှင် အမည်မှည့်ရပါအံ့နည်းဟု ကြံစီ စဉ်းစား အကဲခတ်ခါ နေကြစဉ် (စားခြင်းကြိယာ) လွန်ကဲလျက် ရှိသည်ကို မျက်ဝါးထင်ထင် မြင်လာကြ၏။ စားခြင်းကြိယာကို ဟောနိုင်မည့် သဒ္ဒါကို ဉာဏ်ဖြင့် ရူးစမ်းရှာဖွေ ကြသည်ရှိသော်"ဘက္ခန"အနက်ကို ဟော တတ်သည့်အသဓါတ်-အသ-သဒ္ဒါကိုဉာဏ်၌ ရှေးရှုထင်မြင် လာကြ၏။

ထို့ကြောင့်

အသတိ ဘက္ခတီတိ အဿော၊

စားတတ် သောကြောင့် စားခြင်း ကြိယာ လွန်ကဲ ခြင်းကြောင့် "အဿ" မည်စေဟု အဿ-ဟူသော အမည်နာမပညတ်ကို ခေါ်ဝေါ်မှတ် ပြုခဲ့ကြလေပြီ။

ဤအရာ၌ အဿ-သဒ္ဒါသည် (စားခြင်းကြိယာ) တည်းဟူသော အနက်ကိုအကြောင်းပြု၍ ဝါ-ညွတ်ကိုင်း၍ဖြစ်ပေါ်လာရသောကြောင့် အနက်သို့ ရှေးရှုညွတ်တတ်သည် မည်သတည်း။

(ခ) မြင်းကို ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသောမြင်းထိန်း ကို အရှင်ဖြစ်သော ပုဂ္ဂိုလ်က(အဿံ အာနေဟိ)ဟု အမိန့် ပေးလိုက်၏။ထိုအခါ မြင်းထိန်း၏နား၌(အဿ) သဒ္ဒါ ကို ရှေ့ဦးစွာကြား၏။နားထဲ၌ ကြားနာရသော(အဿ) ဟူသောအသံကို အာရုံပြုခါ ဆင်ခြင် စဉ်းစားသည်ရှိသော် ဤ(အဿ) သဒ္ဒါသည် မြင်းဒြမ်ကို ဟောပါတကားဟု နောက်မှ အသိဉာဏ်ဖြစ်ပေါ်လာ၏။ဤသို့ မြင်းဒြမ်ကို ဟောသော သဒ္ဒါပါတကား ဟု အသိဉာဏ် ဖြစ်ပေါ်လာ

ခြင်းသည်ပင် မိမိတည်းဟူသော အဿ-သဒ္ဒါသို့ မြင်းဖြစ်တည်းဟူသော အနက်ကို ညွှတ်စေတတ်သည် မည်တော့သတည်း။

(ငါတို့စီရင်သည့်''ပါဠိဋီကာ''မှထုတ်နုတ်ဘော်ပြလိုက်ပါ၏။)

---

၂-မေး။ ။နာမ-သဒ္ဒါကို ဝစနတ္ထ နှစ်နည်းပြုရခြင်း၌ အထူးကို အကျဉ်းချုပ်ဘော်ပြပါ။

၂-ဖြေ။ ။(က) ဝဒန္တ-ပုဂ္ဂိုလ် (ပြောဆိုတတ်သူ)ကို ရည်ရွယ်၍ သုဒ္ဓကတ္တုသာဓန-ပထမနည်းကို မိန့်ဆိုပါ၏။

(ခ) သုဏန္တ ပုဂ္ဂိုလ် (နားထောင်သူ) ကို ရည်ရွယ်၍ ဟေတု ကတ္တုသာဓန-ဒုတိယ နည်းကို မိန့်ဆိုပါ၏။

(ဤကား အထူး။)

(က) ဝဒန္တမှာ၊ သုဒ္ဓကတ္တု၊ ရည်မှတ်ပြု၊

(ခ) သုဏန္တမှာ၊ ဟေတုသာ၊ နှစ်ဖြာနာမ်၏၊ ဝိဂြိုဟ်အထူးတည်း။

ဘုရားကြီး နိယံ။

---

ဇိနဝစနယုတ္တံ ပာဠိ။

(အဓိကာရသုတ်။)

၃-မေး။ ။"ဇိနဝစနယုတ္တံ" ပုဒ်ကို ဝစနတ္ထ ပြု၍ အနက်ပေးပြီးလျှင်ဇိနဝစန-အရကိုလည်း ပြခဲ့ပါ။

၃-ဖြေ။ ။(၁) ပဉ္စမာရေ ဇိတဝါတိ ဇိနော၊
(၂) ဇိနဿ ဝစနံ ဇိနဝစနံ၊
(၃) ဇိနဝစနဿ ယုတ္တံ ဇိနဝစနယုတ္တံ၊

(၁) ယော ဗုဒ္ဓေါ၊ အကြင် မြတ်စွာဘုရားသည်။ ပဉ္စ မာရေ၊ ငါးပါးကုန်သော မာရ်တို့ကို။ ဇိတဝါ၊ အောင်တော် မူပြီ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရားသည်။ ဇိနော၊ ဇိန မည်တော်မူ၏။

(၂) ဇိနဿ၊ မာရ် ငါးပါးကို အောင်တော်မူပြီးသော မြတ်စွာဘုရား၏။ ဝစနံ၊ စကားတော်တည်း။ ဝါ-ပါဠိတော်တည်း။ ဇိနဝစနံ၊ မာရ်ငါးပါးကို အောင်တော် မူပြီးသော မြတ်စွာဘုရား၏ စကားတော်။ ဝါ-ပါဠိတော်။

(၃) ဇိနဝစနဿ၊ မာရ်ငါးပါးကို အောင်တော်မူပြီးသော မြတ်စွာဘုရား၏ စကားတော်အား။ ဝါ- ပါဠိတော်အား။ ယုတ္တံ၊ သင့်လျော် သည် တည်း။ ဇိနဝစနယုတ္တံ၊ မာရ်ငါးပါး

ကို အောင်တော်မူပြီးသော မြတ်စွာဘုရား၏ စကားတော်အား။ဝါ-ပါဠိတော်အား။သင့်လျော်သည်။

(က) သုတ္တန်ပိဋက၊
(ခ) အဘိဓမ္မာပိဋက၊
(ဂ) ဝိနယပိဋက၊

ဤကား ဖိနဝစနတည်း။

---

၄-မေး။ ။ဖိနဝစန-ခေါ် ပိဋကသုံးပုံကို မြတ်စွာဘုရားသည် အဘယ်ကြောင့် မာဂဓ ဘာသာဖြင့် ဟောတော်မူသည် ဟု ဖြေဆိုခဲ့ပါ။

၄-ဖြေ။ ။(က) မပေါက်မပြန်ခြင်းကြောင့်၎င်း၊
(ခ) နိရုတ္တိ ပဋိသမ္ဘိဒါ ဉာဏ်အား ကျေးဇူးများခြင်းကြောင့်၎င်း၊ မာဂဓ ဘာသာဖြင့်သာ ပိဋကသုံးပုံကို ဟောတော်မူပါ၏။

## ရူပသိဒ္ဓိဋီကာမှ ထုတ်နုတ် ဘော်ပြချက်။

မာဂဓဘာသာသည် ခပ်သိမ်းသော ဘာသာကို ဆိုတတ် ကုန်သော သတ္တဝါတို့အား တခုတည်းသော မာဂဓဘာသာဖြင့်သာလျှင် အနက်ကို သိစေတတ်သောကြောင့် မူလဘာသာမည်၏။ဘုရားရှင်တို့သည် သက္ကဋ ဘာသာ-ဒေသဘာသာ (အရပ်သူတို့၏ဘာသာ) စသည်တို့ဖြင့် တရား ဟောတော်မမူကုန်။

အကြောင်းကား......

(က) ထိုဘာသာကို ဆိုသောသူမှတပါး အခြားသူတို့အား အကျိုး မရှိသည်၏ အဖြစ်ကြောင့်၎င်း၊

(ခ) အချွတ်အယွင်း လျဉ်းပါးခြင်းများသည်၏ အဖြစ်ကြောင့် ၎င်းတည်း။

---

၅-မေး။ ။မာဂဓဘာသာကို ဟောကြ- ပြောကြ- အသုံးပြုကြသော ပုဂ္ဂိုလ်တို့၏ သရုပ်ကို ထုတ်ပြခဲ့ပါ။

၅-ဖြေ။ ။(၁) ကမ္ဘာဦး ပုဂ္ဂိုလ်များ၊
(၂) ဗြဟ္မာများ၊
(၃) လူတို့၏ စကားကို မကြားဘူးသော တောကြီးသားများ၊
(၄) အဆူဆူသော ဘုရားရှင်များ။

သာ မာဂဓီ မူလဘာသာ၊
နရာယာယာဒိကပ္ပိကာ။
ဗြဟ္မာနော စဿုတာ လာပါ၊
သမ္ဗုဒ္ဓါစာပိ ဘာသရေ။ ။

ရူပသိဒ္ဓိ။

---

၆-မေး။ ။မြတ်စွာဘုရား၏ အမည်တော်တို့သည် ဗုဒ္ဓ-ဒသဗလ- စသည်ဖြင့် များစွာ ရှိပါ လျက် အခြားသော အမည်တော်တို့ကို မယူမူ၍ အဘယ်အကျိုး၌ (ဇိန)ဟူသော

အမည်ဖြင့် "ဗိနဝစနယုတ္တံဟိ"ဟု သုတ်ကို ရှင်မဟာကစ္စည်းဆရာ တည်ထားတော်မူပါသနည်း။

ဖြေ။ ။(က) သာသနာတော်နှင့်ဆန့်ကျင်ဘက် ဖြစ်ကုန်သော အလုံးစုံသော ရဟန်း ပုဏ္ဏား တို့ကို နှိပ်နင်းခြင်း၌ အကျိုးဌါရင်း၊

(ခ) သုခုစ္စာရဏာအကျိုးဌါရင်း၊

(ဇိန)ဟူသော အမည်ဖြင့်"ဇိနဝစနယုတ္တံ ဟိ"ဟု သုတ်ကို တည်ထားရပါ၏။

**(က) ပစ္စတ္ထိကာနံ နိဂ္ဂဏှိတုံ သေရေန နိက္ခိတ္တံ။**

**ကစ္စာယနဝဏ္ဏနာ။**

**(ခ) သုခုစ္စာရဏတ္ထံ နိက္ခိတ္တန္တိ ပိ။**

**နိဒ္ဒေသ။**

**တနည်းကား**

မြတ်စွာဘုရားကိုယ်တော်တိုင် နှုတ်တော်မှ ဖွင့်လှစ် ထုတ်ဟာတော်မူသော အမည်တော် ဖြစ်ခြင်းကြောင့် ရှင်မဟာကစ္စည်းဆရာသည် "ဇိနဝစနယုတ္တံဟိ"ဟု တည်ထားရပါ၏။

**သယမေဝ ဝုတ္တနာမတ္တာ ထေရေန နိက္ခိတ္တံ။**

**နိဒ္ဒေသ။**

မာဒိသာ စေ ဇိနာ ဟောန္တိ၊
ယေ ပတ္တာ အာသဝက္ခယံ။
ဇိတာ မေ ပါပကာ ဓမ္မာ၊
တသ္မာဟံ ဥပက ဇိနော။ ။

(ဝိနည်းမဟာဝါမှ ဗုဒ္ဓဝိန္ဒ်ခွန်းတော်။)

---

၇-မေး။ ။ဤ"ဖိနဝစနယုတ္တံ ဟိ" ဟူသော သုတ်၌ ဟိ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

၇-ဖြေ။ ။ဟိ-သဒ္ဒါသည် အဝဓာရဏအနက် ဖြစ်ပါသည်။

ဟီတိ အဝဓာရဏတ္ထေ နိပါတော။

ရူပသ။

## မှတ်ချက်။

အဝဓာရဏသည်.......

(၁) နိဝတ္တာပန အဝဓာရဏ (တပါးသော အနက်ကို တားမြစ် ခြင်း။)

(၂) သန္နိဋ္ဌာနာဝဓာရဏ (မိမိစကားကိုသာ နိုင်မြဲစေခြင်း။)

ဤသို့ နှစ်ပါးရှိသည့်တို့တွင် ဤသုတ်၌ ဟိ-သဒ္ဒါ၏ အဝဓာရဏသည် သန္နိဋ္ဌာနာဝဓာရဏတည်း။သန္နိဋ္ဌာနာဝဓာရဏမျိုးကား ကြိယာ ပုဒ်၏ နောက်၌ ထိုင်မြဲတည်း။

ဥဒါဟရုဏ်ကား "ယုတ္တံ ဝေ" စသည်တည်း။

နိဝတ္တာပနာဝဓာရဏမျိုးကား ဂုဏ်, ဒြဗ်, ကြိယာ, ပုဒ်တို့၏ နောက်၌ ထိုင်မြဲတည်း။

ဥဒါဟရဏ်ကား "တိဿော ဝေ ဓနုဝရော"စသည်တည်း။
ဝေ–သဒ္ဒါတွေ့မြင်ပါလျှင်
(၁) ဂဟေတဗ္ဗ၊
(၂) နိဝတ္တေတဗ္ဗ၊
(၃) အနုညာတ
၍သုံးမျိုးတို့ကို လျော်စွာထုတ်မြဲတည်း။
၍သုတ်၌ထုတ်ပုံမှာ……

(က) မြတ်စွာဘုရား၏ စကားတော်နှင့် သင့်လျော်သော သုတ်–ဝုတ္တိ–ဥဒါဟရဏ်–တို့ကိုသာ ယူရမည်။ (ဂဟေတဗ္ဗ၊)
(ခ) မြတ်စွာဘုရား၏ စကားတော်နှင့် မသင့်လျော်သော သုတ်–ဝုတ္တိ–ဥဒါဟရဏ်–တို့ကို မယူရ။ (နိဝတ္တေတဗ္ဗ၊)
(ဂ) သက္ကဋဘာသာ သုတ်–ဝုတ္တိ–ဥဒါဟရဏ်ပင် ဖြစ်စေကာမူ မြတ်စွာဘုရား၏ စကားတော်နှင့် သင့်လျော်ပါမူ ယူရပါသေး၏။ ယူပါတော့။ (အနုညာတ၊)

---

ဂ–မေး။ ။ ၍သုတ်သည်….
(၁) သညာသုတ် (အမည်မှည့်သောသုတ်)
(၂) အဓိကာရသုတ် (လိုက်သောသုတ်)
(၃) ပရိဘာသာသုတ် (သဒ္ဒါထုံးစံ စည်းမျဉ်းကို ထင်စွာဆိုတတ်သောသုတ်)
(၄) ဝိဓိသုတ် (စီရင်သောသုတ်)
၍လေးမျိုးတို့တွင် အဘယ်သုတ် ဖြစ်ပါသနည်း။

ဂ–ဖြေ။ ။အဓိကာရသုတ် ဖြစ်ပါ၏။

---

၉-မေး။ ။အဓိပတိပစ္စယသည် အပြားမရှိ၊ "အဘေဒ"ဟု မှတ်သားရအံ့လော၊ ထုတ်ဖော်ဝေဘန်ခဲ့ပါ။

၉-ဖြေ။ ။(၁) သဟဇာတာဓိပတိ (ခြင်္သေ့ကဲ့သို့ ရှေ့နောက် ကြည့်ခါ ခုန်လွှား ကျော်နင်း၍ လိုက်ခြင်း)

(၂) မဇ္ဈိမ ဂတိက အဓိပတိ (သုတ်စဉ် အတိုင်းမဟုတ်ပဲ ဘားကဲ့သို့ ခုန်ကာခုန်ကာ လိုက်ခြင်း)

(၃) ယထာနုပုဗ္ဗိကအဓိပတိ (သုတ်စဉ် အတိုင်း မခုန်မလွှား မကျော်နင်းပဲ လိုက်ခြင်း)

ဤသို့ သုံးမျိုး ရှိပါ၏။

အဓိကာရော ပန တိဝိဓော သီဟဂတိက,မဏ္ဍူကဂတိက,ယထာနုပုဗ္ဗိကဝသေန။

ရူပသိဒ္ဓိ။

---

၁၀-မေး။ ။ဤသုတ်သည် မည်သည့်အဓိပတိသုတ် မျိုး ဖြစ်သည်ကို အကြောင်းနှင့် တကွ ပြဆိုပါ။

၁၀-ဖြေ။ ။ရှေ့၌ ဆိုအပ်ခဲ့ပြီးသောသင်္ချုပ်များသို့ရင်း၊ နောင် လာလတ္တံ့သော နာမ်, ကာရက, စသည်တို့သို့ရင်း၊ ကြည့်ခါ လိုက်ခြင်း ကြောင့်၊

(၁) သိဟာဂတိက အဓိကာရ သုတ်မျိုး ဖြစ်ပါ၏။

**တနည်းကား**

အစဉ်အတိုင်းလိုက်သော ယထာနုပုဗ္ဗိက အဓိကာရသုတ် မည်ပါသေး၏။

**အယံ ပန သီဟာဂတိကော၊**

**ပုဗ္ဗာပရဝိလောကနတော၊**

**ယထာနုပုဗ္ဗိကော ယေဝ ဝါ၊**

**ရူပသိဒ္ဓိ။**

---

**၁၁-မေး။** ။ဤသုတ်သည် သိဟာဂတိက အဓိကာရ သုတ်ဖြစ်၍ ရှေ့သန္ဓိကျမ်းသို့ လိုက်ပုံကို ၎င်း၊ နောက် နာမ်ကျမ်းသို့ လိုက်ပုံကို၎င်း၊ သိသာရုံ အနက် ယောဇနာပြခဲ့ပါ။

**၁၁-ဖြေ။** ။ **သန္ဓိသို့ လိုက်ပုံ၊**

ဇိနဝစနယုတ္တံ ဟိ၊ ဇိနဝစနယုတ္တာ ဝေ၊ မြတ်စွာဘုရား၏ စကားတော်(ပါဠိတော်) အား လျော်ပတ်သည် သာလျှင် ဖြစ်ကုန်သော။ ဧကစတ္တာလီသံ၊ ကုန်သော။ အာဒယော၊တို့သည်။ အက္ခရာအပါ၊အက္ခရာဟူသော အမည် ရှိကုန်သည်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။

နာမ်သို့ လိုက်ပုံ၊

ဇိနဝစနယုတ္တံ ဟိ၊ ဇိနဝစနယုတ္တံ ဧဝ၊ မြတ်စွာဘုရား၏ စကားတော် (ပါဠိတော်) အား လျှောက်ပတ်သည့် သာလျှင် ဖြစ်သော။ လိင်္ဂ၊ လိင်ကိုလည်း။ နိပ္ဖန္နတော၊ ပြီးစေအပ်၏။

---

## လိင်္ဂ နိပ္ဖန္နတော။

(ပရိဘာသာသုတ်။)

၁၂-မေး။ ။ရှင်ကစ္စည်းဆရာ မဟာထေရ်မြတ်သည် အဘယ် အကျိုးငှါ ဤသုတ်ကို မိန့်ဆိုတော်မူပါသနည်း။

၁၂-ဖြေ။ ။သက္ကတဘာသာနှင့် မတူစေရပဲ မြတ်စွာဘုရား၏ ပါဠိတော်အား လျှောက်ပတ်သည့်၏ အစွမ်းဖြင့် (လိင်)ကို ထားခြင်း အကျိုးငှါ ဤသုတ်ကိုမိန့်ဆိုတော်မူပါ၏။

**သက္ကတဝိသဒိသံ ကတွာ ဇိနဝစနာနုရူပဝသေန ပကတိထပနတ္ထံ ပရိဘာသမာဟ။**

**ရူပသိဒ္ဓိ။**

---

၁၃-မေး။ ။"လိင်္ဂ"ပုဒ်ကို နှစ်နည်းမျှဝစနတ္ထပြု၍ အနက်ပေးပြီးလျှင် (လိင်္ဂ)သဒ္ဒါ၏ အရကောက်ကိုလည်း ထုတ်ပြခဲ့ပါ။

၁၃-ဖြေ။ ။

(က) လီနံ အပါကဋံ အင်္ဂံ လိင်္ဂံ။

လီနံ အပါကဋံ၊ ကတ္တားကံ စသည်ဖြင့် မထင်ရှားသော။ အင်္ဂံ၊ အစိတ်တည်း။ လိင်္ဂံ၊ ကတ္တားကံ စသည်ဖြင့် မထင်ရှား သော အစိတ်။

**အရကောက်ကား**

ကတ္တား-ကံ- စသည်ဖြင့် မထင်ရှားသော ပုရိသ-ကညာ-စိတ္တ-ဟူ၍ ဝိဘတ်မပါပဲ ရှေးဦးစွာ တည်ထားအပ်သော "အနိပ္ဖန္န" သဒ္ဒါကို ရ၏။

(ခ) လီနမတ္ထံ ဂမယတီတိ ဗောဓေတီတိ လိင်္ဂံ။

လီနံ၊ ကွယ်ဝှက်သော။ အတ္ထံ၊ ကတ္တား-ကံ- စသောအနက်ကို။ ဂမယတိ ဗောဓေတိ၊ သိစေတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ လိင်္ဂံ၊ လိင်မည်၏။

**အရကောက်ကား**

ကွယ်ဝှက် နေသော ကတ္တား-ကံ- စသော အနက်ကို သိစေတတ်သော

(၁) ပုရိသော၊

(၂) ကညာ၊

(၃) စိတ္တံ

စသော ဝိဘတ်နှင့်တကွ ပုဒ်ပြီး "နိပ္ဖန္န" သဒ္ဒါကို ရ၏။

(ပါဠိဋီကာမှ ထုတ်နှုတ်ဘော်ပြချက်။)

ပထမဝိဂြိုဟ်အရ မထင်ရှားသော အစိတ်ဖြစ်သောကြောင့် (လိင်) မည်၏။ ။ထင်ရှားစေအံ့။ (ပုရိသော) သဒ္ဒါကို ပုရိသ-သဒ္ဒါ တည်ထားနိုက် "ယောကျ်ားသည်" ဟူသော ကတ္တား- အနက်သည်၎င်း၊ "ယောကျ်ားကို" ဟူသော ကံ-အနက်သည်၎င်း၊ "ယောကျ်ားဖြင့်" ဟူသော ကရိုဏ်း-အနက် စသည်တို့သည်၎င်းမထင်ရှားချေ။ မည်ကဲ့သို့ အနက် ပေးရမည်ကို မသိသာသေး သောကြောင့်၎င်း၊ "ပုရိသော" ဟူသော ရုပ်ပြီးပြီးဖြစ်သည့်(နိပ္ဖန္န)သဒ္ဒါ၏ တစိတ်တဒေသဖြစ်သော ကြောင့်၎င်း (လိင်)ဟု ခေါ်ရ၏။

ဒုတိယ ဝိဂြိုဟ်အရ ကွယ်ဝှက်သော အနက်ကို သိစေတတ်သော ကြောင့် လိင်မည်၏။ ။ထင်ရှားစေအံ့။ ပုရိသ-ဟု တည်ထားနိုက် ကတ္တား-ကံ-စသော အနက်တို့သည် ကွယ်ဝှက် ပုန်းအောင်း၍ နေခဲ့၏။ မည်ကဲ့သို့ အနက်ပေးရမည်ကို မသိနိုင်။ စဉ်းစားပါသော်လည်း မပေါ်နိုင်။ ပုရိသော- ပုရိသံ- ပုရိသေန- စသည်ဖြင့် ရုပ်ပြီးသော အခါ ယောကျ်ားသည်၊ ယောကျ်ားကို၊ ယောကျ်ားဖြင့်၊ စသော အနက်တို့သည် ပေါ်လွင် ထင်ရှား လာကြ၏။ ကွယ်ဝှက် တိမ်မြုပ်ခြင်း မရှိတော့ချေ။ မစဉ်းစားပဲ ပေါ်လာ ထင်လာကြ၏။

ထိုသို့ ကွယ်ဝှက် တိမ်မြုပ် ပုန်းအောင်း၍ နေသော (ပုရိသ) သဒ္ဒါ၏ ကတ္တား-ကံ-စသော အနက်ကို လွယ်ကူစွာ သိစေတတ်သော ကြောင့် (ပုရိသော)စသော ရုပ်ပြီးပြီးသော "နိပ္ဖန္န"သဒ္ဒါကို(လိင်)ဟု ခေါ်ဆိုရသတည်း။ ။

(၁) ပုရိသ- စသော ရုပ်တွက်၍ မပြီးသေးသော "အနိပ္ဖန္န" သဒ္ဒါကို လိင်-ဟု ခေါ်၏၊(ပဌမဝစနတ္ထအလို။)
(၂) ပုရိသော-စသော ရုပ်တွက်၍ ပြီးပြီးသော "နိပ္ဖန္န"သဒ္ဒါကို လိင်-ဟု ခေါ်၏(ဒုတိယဝစနတ္ထအလို။)

---

၁၄-မေး။ ။ လိင်သည်....
(၁) သဒ္ဒလိင်၊
(၂) အတ္ထလိင်
ဟူ၍ နှစ်ပါးရှိခဲ့ရာ ဤသုတ်၌ မည်သည့် လိင်ကို ယူရမည်ဟု အကြောင်း ပြ၍ ဖြေဆိုပါ။

၁၄-ဖြေ။ ။ဓာတ်-ပစ္စည်း-ဝိဘတ်တို့ဖြင့် ပြီးကောင်းသောကြောင့် (သဒ္ဒလိင်) ကိုသာ ယူရပါ၏။

---

၁၅-မေး။ ။ သဒ္ဒလိင်သည်လည်း....
(၁) နိပ္ဖန္နလိင်၊
(၂) အနိပ္ဖန္နလိင်
ဟူ၍ နှစ်ပါးရှိခဲ့ရာ ဤသုတ်၌ အလိုရှိအပ်သည့် လိင်ကို အထောက် ပြ၍ ဆုံးဖြတ်ပါ။

၁၅-ဖြေ။ ။ "နိပ္ဖန္နတေ"
ပုဒ်ကို ထောက်၍၎င်း၊

"တတော စ ဝိဘတ္တိယော"

သုတ်ကို ထောက်၍လည်း (အနိပ္ဖန္န) လိင်ကိုသာ အလိုရှိအပ်ပါ၏။

---

**၁၆-မေး။** ။ဤသုတ်၌ အနိပ္ဖန္န-လိင်ကိုသာ အလိုရှိအပ်ပါလျှင် ဥဒါဟရဏ်၌ **"တေ-အမှ"** စသည့်တ္ထကိုသာ ထုတ်ထိုက်ပါလျက် အဘယ်အကျိုးငှါ **"သော-နော"**စသည်ဖြင့် နိပ္ဖန္နလိင်ကို ထုတ်ဆောင်ထားပါသနည်း။

**၁၆-ဖြေ။** ။ဘူတပုဗ္ဗဂတိက- နည်း၏ အစွမ်းဖြင့် ပစ္စည်းဝိဘတ်နှင့် တကွသော နိပ္ဖန္န-သဒ္ဒါကိုလည်း (လိင်) ဟု ဘော်ပြ ခြင်းငှါ **"သော-နော"**စသော နိပ္ဖန္န လိင်ကို ထုတ်ဆောင်ထားပါ၏။

**ဘူတပုဗ္ဗဂတိကဝသေန သပစ္စယ ဝိဘတ္တိကမ္ပိ လိင်္ဂနာမာတိ ဒဿေတုံ သော-နော-သတ္တာတိ အာဒိမာဟ။**

နိဋ္ဌိတံ။

## အဓိပ္ပါယ် ရှင်းလင်း ဘော်ပြချက်။

**"ရူပါဒိသု သတ္တာတိတိ သတ္တော" ဟူသော ဝစနတ္ထအရ ရူပါရုံစသော ကာမဂုဏ်တရား ငါးပါးတို့၌ တပ်တတ်သောကြောင့် သတ္တ-ဟူသောအမည်သည် ပုထုဇန်အဖြစ်နှင့်ရှိနေခိုက် မှုချဟုတ်မှန်သော အ-**

မည်ဖြစ်ခဲ့၏။အဆင့်ဆင့်တရားတို့ကို ကြိုးပန်းအားထုတ်၍ ရုပ်ပါရုံစသော ကာမဂုဏ်တရားတို့ကို မစုံမက် မနှစ်သက်သော ရဟန္တာပုဂ္ဂိုလ် အဖြစ်သို့ပင် ရောက်ရှိနေပြီးဖြစ်ပါလျက် ရှေးပုထုဇန်အခါက(သတ္တ)ဟူသော အမည်ကို အစွဲးပြုခါ ရဟန္တာပုဂ္ဂိုလ်ကို (သတ္တ) ဟု ခေါ်ခြင်းသည် ''ဘူတပုဗ္ဗဂတိက'' နည်းမည်၏။

ဤအရာ၌လည်း အနိပ္ပန္နဖြစ်သော တုမှ-အမှ-သဒ္ဒါ၏ (လိင်)ဟူသော ရှေးအမည်ကို ယခု နိပ္ပန္နလိင်ဖြစ်သော ''ဧသော-နော'' စသည်၌ တင်စား၍ ထုတ်ပြထားသတည်း။ ။

{ ဘူတပုဗ္ဗ- ရှေးကဖြစ်ဘူးသော၊
ဂတိက- အလား၊ }

ရှေးက ဖြစ်ဘူးသော အလားကို အစွဲးပြု၍ ခေါ်သောနည်း။

---

၁၇-မေး။ ။အချို့အချို့သော အရာတို့၌ "လိင်"ဟူ၍၎င်း၊ "ပါဋိပဒိက"ဟူ၍၎င်း၊ "နာမ်"ဟူ၍၎င်း၊အမည် ထူးထူးထွေထွေ မိန့်ဆိုထားကြရာထိုလိင်-ပါဋိပဒိက-နာမ်တို့သည်တူကြသလောထူးကြသလော၊ဆုံးဖြတ်ပြပါ။

၁၇-ဖြေ။ ။ (၁) လိင်၊
(၂) ပါဋိပဒိက၊
(၃) နာမ်

ဤသုံးပါးသော အမည် တို့သည် မထူးကြပါ။အတူတူပင် ဖြစ်ပါသည်။

လိင်ံ ပါဋိပဒိကန္တိ နာမဿေဝ ပရိယာယော။
ရူပသိဒ္ဓိဋီကာ။

---

၁၇-မေး။ ။"လိင်္ဂံ နိပ္ပစ္စတေ"ဟုဆိုက လိုအပ်သော အနက် ပြီးစီးနိုင်ပါလျက် အဘယ်အကျိုး ငှါ စ-သဒ္ဒါကို မိန့်ဆိုပါသနည်း။

၁၇-ဖြေ။ ။သမုစ္စည်းအနက်ကို ပြခြင်းငှါ စ-သဒ္ဒါကို မိန့်ဆိုပါ၏။

---

၁၉-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါဖြင့် ဆည်းအပ်သော သမုစ္စည်းအပြားကို ဥဒါဟရဏ် တခုစီဖြင့် ထုတ်ပြခဲ့ပါ။

၁၉-ဖြေ။ ။

(၁) ကာရကသမုစ္စည်း။

လိင်္ဂဥ္စ ဓာတုစ နိပ္ပစ္စတေ၊

(ဤ၌ ဓာတု-ဟူသောကာရကကို ဆည်းထား၏။)

(၂) ကြိယာသမုစ္စည်း။

လိင်္ဂံ နိပ္ပစ္စတေ စ ထပိယတေ စ၊

(ဤ၌ ထပိယတေ-ဟူသော ကြိယာကို ဆည်းထား၏။)

(၃) ဝါကျသမုစ္စည်း။

လိင်္ဂဥ္စ နိပ္ပစ္စတေ ဓာတုစ ထပိယတေ၊

(ဤ၌ ဓာတု-ဟူသော ကာရကနှင့် ထပိယတေ-ဟူသော ကြိယာ-အစုံအလင်ပါသော ဝါကျကို ဆည်းထား၏။)

(၁) ကာရက ကြိယာ၊ဝါကျပါ၊ သုံးဖြာ သမုစ္စည်း။
(၂) ကြိယာ ကော၊ကာရကတွေ၊ဆည်းလေ''ကြိယာ''တည်း။
(၃) ကာရက ကော၊ကြိယာတွေ၊ဆည်းလေ''ကာရက''တည်း။
(၄) ကြိယာ ကာရက၊ဆည်းပါက၊''ဝါကျ''သမုစ္စည်း။

ဧအောင်မြေဘုံစံ နိဿံ။

---

## တဘော စ ဝိဘတ္တိယော။

(ဝိဘတ္တိဝိဓိသုတ်။)

(ဝိရုဂ်ဓာရိဘာသာသုတ်။) သုတ်စစ်။

၂၀-မေး။ ။ဤသုတ်၌ တတော-သဒ္ဒါ၊ စ-သဒ္ဒါထည့်ရခြင်း၏ အကျိုးကို ဘော်ပြပါ။

၂၀-ဖြေ။ ။ဝိဘတ်သက်ရာ၌ဘာန ဝိသေသကို ပြခြင်းအကျိုး၌ါ (တတော) သဒ္ဒါကို ထည့်ရပါ၏။

လိင်၏နောက်သာ ဝိဘတ် သက်ရသည် မဟုတ်သေး။အလိင်ဖြစ်သော တဝေ-တုန-စသော ပစ္စည်းအဆုံး ရှိသော ပုဒ်တို့၏ နောက်၌လည်း ဝိဘတ်သက်နိုင်သည် ဟု ဆည်းခြင်းအကျိုး၌ါ စ-သဒ္ဒါကို ထည့်ရပါ၏။

စသဒ္ဒဂ္ဂဟဏေန တဝေတုနာဒိ ပစ္စယန္တနိပါတတောပိ။

ရူပသိဒ္ဓိ။

တနည်းကား

ဝိဘတ်တို့၏ ကေဝုစ်-ဗဟုဝုစ်-ဟူသော အမည်သညာ၊ ပထမာ-ဒုတိယာ-စသော အမည်သညာ ကိုလည်း ရသေး၏ ဟူသော အနက်ကို ဆည်းခြင်း၌ စ-သဒ္ဒါကို ထည့်ရပါ၏။

(ဉျာသအလို။)

---

၂၁-မေး။ ။"ဝိဘတ္တိယော"ပုဒ်ကို ရှုပသိဒ္ဓိ အလိုကျ ဝစနတ္ထပြုပြီးလျှင် အဓိပ္ပါယ်ကျကျ ဘောင်ပြပါ။

၂၁-ဖြေ။ ။ကမ္မာဒိဝသေန ဧကတ္တာဒိ ဝသေန စ လိင်္ဂတ္ထံ ဝိဘဇန္တီတိ ဝိဘတ္တိယော။

အဓိပ္ပါယ်ကား၊

(၁) ဤဝိဘတ်ကား ကတ္တား-အနက်ကို ဟော၏၊
(၂) ဤဝိဘတ်ကား ကံ- အနက်ကို ဟော၏ စသည်ဖြင့်၎င်း၊
(၃) ဤဝိဘတ်ကား တခုတည်းဖြစ်သည်၊
(၄) ဤဝိဘတ်ကား အများဖြစ်သည် ဟူ၍၎င်း၊ ယောက်ျားဝိဘတ်-စသော လိင်၏အနက်ကို ဝေဘန်တတ်သောကြောင့် ဝိဘတ် မည်ပါ၏။

---

၂၂-မေး။ ။ဤသုတ်ဖြင့် (လိင်)နောင် ဝိဘတ်သက်ရမည် ဟု ဆိုရာ မည်သည့် လိင်-နောင် သက်ရမည် ဟု အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၂၂-ဖြေ။ ။"လိင်္ဂေ နိပ္ပဒ္ဓတော" သုတ်၌ ဆိုအပ်ပြီးသော "အနိပ္ဖန္န" လိင်နောင်သာ ဝိဘတ်သက်ရပါ၏။

အကြောင်းကား

တတော-၌ တ-သဒ္ဒါသည် ပဉ္စမီသဝိသယဖြစ်၍ "လိင်္ဂေ" ပုဒ်၏ အနိပ္ဖန္န-လိင်ကို စွဲသောကြောင့်တည်း။

---

၂၃-မေး။ ။"တတော စ ဝိဘတ္တိယော" သုတ်ဖြင့် လိင်နောင် ဝိဘတ် သက်ရမည် ဟု ဆိုသောကြောင့် အလိင် ဖြစ်ကုန်သော ဥပသာရပုဒ်၊နိပါတ်ပုဒ်၊စသည်တို့၏နောက်၌ အဘယ့်ကြောင့် ဝိဘတ်သက်နိုင်ပါအံ့နည်း၊ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၂၃-ဖြေ။ ။ဥပသာရပုဒ်၊ နိပါတ်ပုဒ် တို့သည် လိင်မဟုတ်သောကြောင့် "အလိင်" ဆိုသည် မဟုတ်ပါ၊လိင်သုံးပါးတို့ကြောင့်ရပ်အထူးမရှိသောကြောင့်သာ အလိင်-ဟု ခေါ်ဆို

ရပါ၏။ ထို"အလိင်"ပုဒ်တို့၌လည်း ကွယ်
ပျက်သော အနက်ကို သိစေတတ်သော
သတ္တိ-စသည့်ရှိခြင်းကြောင့် လိင်-တို့သာ
တည်း။ ထို့ကြောင့် ဤသုတ်ဖြင့် ဝိဘတ်
သက်နိုင်ပါ၏။

မေး- { အလိင်ံ စေ ကထံ တမှာ၊
သမ္ဘဝန္တိ ဝိဘတ္တိယော။

ဖြေ- { လိင်ရူပန္တရာ ဘာဝါ၊
အလိင်ံ လိင်မဖြစ်ုံ။

နိဒ္ဒေသ။

---

သိ-ယော+အံ-ယော+နာ-ဟိ+သ-နံ+သ္မာ-ဟိ+
သ-နံ+သ္မိံ-သု။

(သညာသုတ်)။ ။ရူပသိဒ္ဓိ။

(ပရိဘာသာသုတ်)။ ။နိဒ္ဒေသ။

၂၄-မေး။ ။"တတော စ ဝိဘတ္တိယော" သုတ်၏
အခြားမဲ့၌ ဤသုတ်ကို ထုတ်ဆိုရခြင်း၏
အကျိုးကို ပြဆိုခဲ့ပါ။

၂၄-ဖြေ။ ။"တတော စ ဝိဘတ္တိယော" ဟူ၍
ဝိဘတ်အမည်သညာကို ရှေးက အမှတ်
မထားမူ၍ မိန့်ဆိုခြင်းကြောင့် လိင်နောင်
သက်ရမည့် ဝိဘတ်တို့သည် ဤဝိဘတ်

တို့ပင်တည်း ဟု သိစေခြင်း အကျိုးငှါ "တတော စ ဝိဘတ္တိယော" သုတ်၏ အခြားမဲ့၌ ဤသုတ်ကို ထုတ်ဆိုရပါ၏။

**တတော စ ဝိဘတ္တိယောတိ ပုဗ္ဗေ ဝိဘတ္တိသညံ ဥဇ္ဈိတွာ တာပနီ-မာတိ ဥာပနတ္တံ တဒ-နန္တရံ ဥဇ္ဈံ။**

နျာသ။

---

၂၅-မေး။ ။ဤသုတ်သည် နိဒ္ဒေသအလို ပရိဘာသာ သုတ်၊ ရူပသိဒ္ဓိအလို သညာသုတ်၊ ဟူ၍ နှစ်မျိုးကွဲနေခဲ့ရာ၊ မည်သည့်ဝါဒသာ သင့်ကြောင်း ကစ္စည်းဆရာကို ခံသမာဓိ ထား၍ ဆုံးဖြတ်ခဲ့ပါ။

၂၅-ဖြေ။ ။(က) ဝိဘတ္တိ ဇာစ္စနေန ကွစ္ဆော၊
(ခ) အမှာသာ မမံ သဝိဘတ္တိသဿော- ဟူသော ကစ္စည်းဆရာ၏ ဝုတ္တိ လာစကားကို ခံသမာဓိ အရာ ထား၍ ရူပသိဒ္ဓိဝါဒသာ သင့် မြတ်သတည်း။

---

၂၆-မေး။ ။အချို့ဆရာတို့က ဤသုတ်သည် ဝိဘတ် တို့၏ သရုပ်ကိုမှတ်သားခြင်းငှါ မိန့်ဆို သောကြောင့် (နိယမ) သုတ်ဟု မိန့်ဆို

ကြရာ ရူပသိဒ္ဓိအလိုကျ-မကျ ဆုံးဖြတ်ခဲ့ပါ။

၂၆-ဖြေ။ ။ရူပသိဒ္ဓိအလိုကျ မဟုတ်နိုင်ပါ။

**အကြောင်းကား**

"တတော စ ဝိဘတ္တိယော" သုတ်သည် လိင်နောင်ဝိဘတ် သက်ခြင်းကို မှတ်၍ ပြသောသုတ်ဖြစ်သောကြောင့် (နိယမ) သဘောရှိခဲ့၏။ ဤသုတ်သည်လည်းဆရာအချို့တို့၏ ဝါဒအရ နိယမ-သုတ်ဖြစ်ခဲ့သော် ရှေးဖြစ်သော"တတော စ ဝိဘတ္တိယော"ဟူသော သုတ်နှင့် တသုတ်တည်းရောလျက် တည်ထားထိုက်၏။ ထိုသို့လည်း မတည်ထားခဲ့ချေ။ထို့ကြောင့် ရူပသိဒ္ဓိအလိုကျ မဟုတ်နိုင်ပါ။

**ဋ္ဌတရထာ ပုရိမ သုတ္တေန ကေယောဂေါ ကတ္တဗ္ဗော ဘဝေတိ။**

**ရူပသိဒ္ဓိ။**

---

၂၇-မေး။ ။ချာသသဆရာ၏ အလိုအားဖြင့် ဤသုတ်၌ ပထမာ-ဒုတိယာ-စသော အမည်၊ ဧကဝုစ်-ဗဟုဝုစ်- အမည်တို့ကို "တတော စ ဝိဘတ္တိယော"သုတ်ပါ စ-သဒ္ဒါဖြင့် ဆည်း

သည့်ဟု မိန့်ဆိုထားရာ ရူပသိဒ္ဓိဆရာ၏ အလိုနှင့်လျော် မလျော် ထုတ်ဘော်ရေးသားခဲ့ပါ။

၂၇-ဖြေ။ ။ပထမာ-ဒုတိယာ-စသော အမည်၊ ဧက ဝုစ်-ဗဟုဝုစ်-အမည်တို့သည် အနွတ္ထ၏ အစွမ်း အားဖြင့်၎င်း၊ ပရသမညာ၏ အစွမ်းအားဖြင့်၎င်း၊ ပြီးစီးပြီးသား ဖြစ်ကုန်၏။ (စသဒ္ဒါဖြင့် ဆည်းဘွယ်မရှိ)ဟု မိန့်ဆိုချက်ရှိသောကြောင့် ရူပသိဒ္ဓိ အလိုနှင့် မလျော်ပါ။

ဧတ္ထ စ ပထမာဒိဝေါဟာရော ကော စနာဒိ ဝေါဟာရော စ အနွတ္ထဝသေန ပရသမညာဝသေန ဝါ သိဒ္ဓေါတိ ဝေဒိတဗ္ဗော။

ရူပသိဒ္ဓိ။

---

၂၈-မေး။ ။ပထမာ-ဒုတိယာ-စသောအမည်၊ ဧက ဝုစ်-ဗဟုဝုစ်- စသော အမည်တို့သည် အနွတ္ထ၏ အစွမ်းအားဖြင့်၎င်း၊ ပရသမညာ၏ အစွမ်းအားဖြင့်၎င်း၊ ပြီးစီး ပြီးသား ဖြစ်၍ စ-သဒ္ဒါဖြင့် ဆည်းဘွယ်မရှိ ဟူသော ရူပသိဒ္ဓိ အလိုကို မနာယူဘဲ၊ ပထမာ-ဒုတိယာ-စသော အမည်တို့ကို "တတော စ ဝိဘတ္တိယော"သုတ်ပါ စ-သဒ္ဒါဖြင့်ပင်

ဆည်းသည်- ဟု လိပ်ခဲး တင်းထင်း ယူခဲ့ပါလျှင် မည်ကဲ့သို့သော အဖြစ် ဒေါသများသို့ သက်ရောက်နိုင်ပါသနည်း၊ ရှုပသိဒ္ဓိအလိုကျ ဘော်ပြပါ။

၂၈-ဖြေ။ ။(၁) "တတောစပိဘတ္တိယော"သုတ်သည် ဝိဘတ် သက်ခြင်းကို စီရင်သော "ဝိဘတ္တိဝိဓိ"သုတ်ဖောနိဖြစ်၍။ ထိုသုတ်၌ပင် စ-သဒ္ဒါဖြင့် သညာကို စီရင်သည်-ဟု ဆိုခဲ့ပြန်ပါလျှင် မင်္ဂလာအရာ၌ အမင်္ဂလာအမှုကို စီရင်သကဲ့သို့ အရာမဟုတ်သည်၌ စီရင်သည်၏ အဖြစ် တည်းဟူသော အပြစ်သို့ရောင်း၊

(၂) အကယ်၍ စ-သဒ္ဒါဖြင့် ပထမာ-စသော သညာအမည် မှည့်ပြီးဖြစ်ခဲ့ပါလျှင် ဤသုတ်ဖြင့် တဖန်ထပ်၍ အမည်မှည့်ခြင်းကို ပြုသည်ရှိသော် ချက်ပြီး၍ နူးနပ်ပြီးသော ထမင်းကို ထပ်၍ ချက်သကဲ့သို့ အကျိုးမရှိသည်၌ စီရင်ခြင်း တည်းဟူသော အပြစ်သို့ရောင်း သက်ရောက်နိုင်ပါ၏။

ဣတရထာ ပုရိမသုတ္တေစသဒ္ဒေန သညာကရဏော
အပ္ပကတ နိရုတ္တကဝိဓိပ္ပသင်္ဂေါ သိယာ။

ရူပသိဒ္ဓိ။

---

၂၉-မေး။ ။ဝိဘတ်(၁၄)လုံး ရှိသည့်တို့တွင်....

(၁) သဒိသဝိဘတ် (အတူရှိသောဝိဘတ်)

(၂) အသဒိသဝိဘတ် (အတူမရှိသောဝိဘတ်)

(၃) အဝိကာရဝိဘတ် (ဖေါက်ပြန်ခြင်းမရှိသောဝိဘတ်)

(၄) သဝိကာရဝိဘတ် (ဖေါက်ပြန်ခြင်းရှိသောဝိဘတ်)

ဤ လေးပါးတို့ကို ခွဲခြား ဝေဘန်ခဲ့ပါ။

၂၉-ဖြေ။ ။

(၁) ယော-ဟိ
သ----နံ
ဤ လေးလုံးတို့သည် နှစ်လုံးစီရှိသော ကြောင့် သဒိသဝိဘတ် မည်ကုန်၏။

(၂) သိ--အံ--နှာ
သ္မာ-သ္မိံ-သု
ဤ ခြောက်းလုံးတို့သည်အတူမရှိ သောကြောင့် အသဒိသ ဝိဘတ် မည်ကုန်၏။

(၃) သု-ဝိဘတ်၊ဤ ဝိဘတ် တလုံးသည်သာ အဝိကာရ ဝိဘတ်မည်၏။

(၄) ကြွင်းကျန်သော ဝိဘတ် (၁၃)လုံး တို့သည်ကား သဝိကာရ-ဝိဘတ်မည်ကုန် ၏။

---

## တဒနု ပဗောဓနေ။

(ပရိဘာသာသုတ်။)

၃၀-မေး။ ။"လိင်္ဂဉ္စ နိပ္ပဇ္ဇတေ"သုတ်ရှိပြီးဖြစ်ပါလျက် အဘယ် အကျိုးငှါ ဤသုတ်ကို တဖန် ထပ်မံ မိန့်ဆိုပြန်ပါသနည်း။

၃၀-ဖြေ။ ။(က) ဤနာမ် ကျမ်း၌၎င်း၊ အာချာတ် ကျမ်း၌၎င်း၊

ဒွိဝုစ်ကို မယူစေခြင်း အကျိုးငှါ၎င်း၊

(ခ) သက္ကဋ ဘာသာနှင့် မတူသော အားဖြင့် ဝိဘတ် ပစ္စည်း-စသည် တို့၏ အစီအရင်ကိုပြုအပ်၏-ဟု သိစေခြင်းအကျိုးငှါ၎င်း၊ ဤသုတ် ကို တဖန် ထပ်မံ မိန့်ဆိုပြန်ပါ သည်။

(က) ဣမေ စ အာချာတေ စ ဒွိဝစနဂ္ဂဟဏံ၊

(ခ) သက္ကဋ ဝိသဒိသတော ဝိဘတ္တိ ပစ္စယာဒိ-ဝိဓာနတ္ထံ၊

ကတန္တိ ဒဋ္ဌဗ္ဗံ။ ။ရူပသိဒ္ဓိ

တနည်းကား။

သက္ကဋ-ကျမ်းတို့၌ လာသော ဒွိဝုစ်ကို တားမြစ်ခြင်း အကျိုးငှါ ဤသုတ်ကိုမိန့်ဆိုရပါ၏။

တ-ဒနုဗ္ဗာဒိကံ သုတ္တံ၊
ကိမတ္ထံ ဣဟ မီရိတံ။
ပရသတ္ထာ-ဂတံ ဒွိဗ္ဗ:
စနံ ဝါရေတု-မီရိတံ။

နိဒ္ဒေသ။

အဓိပ္ပါယ် ရှင်းလင်း ဖော်ပြချက်။

သာသနာတော်ကျမ်း၌

(က) { ကေဝုစ်(၇)လုံး၊ ဗဟုဝုစ်(၇)လုံး၊ } ပေါင်းဝိဘတ်(၁၄)လုံးသာရှိ၏။

သက္ကဋကျမ်း၌

(ခ) { ကေဝုစ်(၇)လုံး၊ ဒွိဝုစ် (၇) လုံး၊ ဗဟုဝုစ်(၇)လုံး } ပေါင်းဝိဘတ်(၂၁)လုံး ရှိ၏။

သက္ကဋကျမ်း၌ တခုကို ကေဝုစ်၊နှစ်ခုကို ဒွိ-ဝုစ်၊ သုံးခုမှစ၍ အထက်ကို ဗဟုဝုစ်၊ဤသို့ သုံးမျိုးသာရှိ၏။

သက္ကဋကျမ်းလာ ဒွိဝုစ်သည် မြတ်စွာဘုရား၏ ပါဠိတော်တို့နှင့် ဆန့်ကျင်သဖြင့် ဒွိဝုစ်ကို ပယ်ခြင်းငှါ ဤသုတ်ကို မိန့်ဆိုရသတည်း။

၃၁-မေး။ ။ဝိနည်းပိဋကဉ္ဈ

(၁) တပါးကို–အာယသ္မာ၊

(၂) နှစ်ပါးကို–အာယသ္မန္တာ၊

(၃) သုံးပါးကို–အာယသ္မန္တော၊

(၄) လေးပါးကို-သံဃော၊

ဟု ဤသို့ ကွဲပြားခြားနားလျက် ဟော တော်မူရကား ဒွိဝုစ်ကို အလိုရှိအပ်သည် ပင် မဟုတ်ပါလော၊ အကြောင်းပြ၍ ဖြေဆိုပါ။

၃၁-ဖြေ။ ။ဝိနည်းပိဋကဉ္ဈ နှစ်ပါးကို "အာယသ္မန္တာ" ဟု ဟောတော်မူခြင်းသည် ဒွိဝုစ်-ဖြစ်၍ မဟုတ်ပါ။ဝိနယဝေါဟာရအားဖြင့် ဂိုဏ်း ကိုငဲ့၍ အာယသ္မန္တာ- ဟု ဟောတော် မူခြင်း အမှန် ဖြစ်ပါသည်။ ထို့ကြောင့် သာသနာတော်၌ ဒွိဝုစ်-ဧကန်မရှိထိုက်ပါ။

---

၃၂-မေး။ ။"ဇိနဝစနယုတ္တံ ဟိ" သုတ်သည် အဓိ ကာရ သုတ်ဖြစ်သောကြောင့် ဤသုတ်သို့ လိုက်လာရကား (အနုပရော ဓေနု) ဟု တည်က ပြီးစီးနိုင်ပါလျက် (တ) သဒ္ဒါကို အဘယ်အကျိုး၌ ထည့်စွက်၍ မိန့်မြွက် တော်မူပါသနည်း။

၃၂-ဖြေ။ ။ဖိနဝစန-သဒ္ဒါ၏ လိုက်လာခြင်းကိုသာ အလိုရှိ၏။(ယုတ္တ)သဒ္ဒါ၏ လိုက်လာမှုကို မှုကားအလိုမရှိ။သို့ဖြစ်၍(ယုတ္တ)သဒ္ဒါကို နှစ်စေခြင်းအကျိုးငှါ (တ)သဒ္ဒါကို ထည့်စွက်၍ မိန့်မြွက်တော်မူရပါ၏။

---

၃၃-မေး။ ။ဤသုတ်သည် နာမ်ဝိဘတ်-ဒွိဝုစ်ကိုသာ တားမြစ်သည်၊အာချာတ်ဝိဘတ် ဒွိဝုစ်ကို မူကား မတားမြစ်၊ ဤသို့ မှတ်သားရအံ့လော၊ဖြေဆိုပါ။

၃၃-ဖြေ။ ။နာမ်ဝိဘတ် ဒွိဝုစ်ကိုသာ တားမြစ်သည် မဟုတ်သေး၊ အာချာတ် ဝိဘတ် ဒွိဝုစ် ကိုလည်း တားမြစ်ပါသေး၏။

ဍုဒ္ဒံ သုတ္တံ အာချာတေပိ အနုဝတ္တတိ။

နိဋ္ဌိတော။

---

၃၄-မေး။ ။"လိင်္ဂဉ္စ နိပ္ပဇ္ဇတေ" သုတ်နှင့် ဤသုတ်တို့သည် ပရိဘာသာ သုတ်တို့ချည်းဖြစ်၍ ထူးမထူးကို ဝေဘန်ခဲ့ပါ။

၃၄-ဖြေ။ ။(၁) "လိင်္ဂဉ္စနိပ္ပဇ္ဇတေ"သုတ်သည် မဖြစ်မှု၍ ပရိဘာသာပြု၏။

(၂) ဤသုတ်သည် ဒွိပုစ်ကို မြစ်၍ပရိ ဘာသာပြု၏။

(က) ရှေ့သုတ်ကား သာမည၊

(ခ) နောက်သုတ်ကား ဝိသေသ၊

(ဤကား အထူး)။

---

## အကာရန္တ-ပုလ္လိင်အခဏ်း။

### လိင်္ဂတ္ထေ ပဌမာ။

(ဝိဓိသုတ်။)

၃၅-မေး။ ။ဤသုတ်၌ "လိင်"နှင့် "လိင်္ဂတ္ထ" တို့၏ အထူးကို ခွဲဝေပြခဲ့ပါ။

၃၅-ဖြေ။ ။ရုက္ခ-စသော အနိပ္ဖန္န သဒ္ဒါသည် လိင် မည်၏။

ရုက္ခ-စသော အနိပ္ဖန္န သဒ္ဒါတို့၏ သစ်ပင် စသောအနက်သည် လိင်္ဂတ္ထမည်၏။

ရုက္ခောတိ ဂစနံ လိင်္ဂံ၊
လိင်္ဂတ္ထော တေန ဒီပိတော။
ဓဝံ လိင်္ဂဉ္စ လိင်္ဂတ္ထံ၊
ဉတွာ ယောဇေယျ ပဏ္ဍိတော။ ။

(လိင်အရကို "လိင်္ဂဉ္စ ဒိပ္ပဒေဿ"သုတ်၌ အကျယ်ပြခဲ့ပြီ။)

---

၃၆-မေး။ ။လိင်္ဂတ္ထ-အရဝါဒ အမျိုးမျိုးရှိသည်ဖြစ်ရာ ထို ဝါဒတို့ကို စွမ်းနိုင်ပါသမျှ ထုတ်ပြ၍ ဤသုတ်၌ အလိုရှိအပ်သော လိင်္ဂတ္ထကို ရွေးခြယ်ထုတ်ပြခဲ့ပါ။

၃၆-ဖြေ။ ။(၁) အသိဉာဏ်ဖြင့် ကြံဆအပ်သော တခုသော အခြင်းအရာဟု ဆိုအပ်သော ဝေါဟာရတ္ထသည်"လိင်္ဂတ္ထ"

(ဘာဝဓိကာ)

(၂) ကြီးသော လက်-ခြေ- သဏ္ဌာန် စသည်သည် "လိင်္ဂတ္ထ"။

(အဋ္ဌသာလိနီ။)

(၃) ဝိသဒါကာရ၊ အဝိသဒါကာရ၊ နေဝဝိသဒါနာဝိသဒါကာရ — တို့သည်"လိင်္ဂတ္ထ"။

(ရူပသိဒ္ဓိ)

(၄) မုတ်ဆိတ်- ကျင်စွယ်- ဆံပင်- သားမြတ်- စသည်တို့သည် "လိင်္ဂတ္ထ"။

(နျာသ)

(၅) နိပ္ဖန္နသဒ္ဒါ၏ အနက်သည်"လိင်္ဂတ္ထ"။

(စန်ကျမ်း)

(၆) အနိပ္ဖန္နသဒ္ဒါ၏ အနက်သည် "လိင်္ဂတ္ထ"။

(ကလာပ်ကျမ်း)

ဤသုတ်၌ ကလာပ်ကျမ်းဆရာ၏ အလိုဖြစ်သော လိင်္ဂတ္ထကိုသာ အလိုရှိအပ်ပါ၏။

**အမှာ။**

(သဒ္ဒတ္ထဘေဒစိန္တာ(၄၆)မှ(၅၀)အထိ ဂါထာတို့မှ ထုတ်နုတ်ပြဆိုလိုက်၏။ ပါဠိကို ထိုကျမ်းမှယူပါတော့)။

---

၃၇-မေး။ ။လိင်္ဂတ္ထအပြားကို ပြပြီးလျှင် ဤသုတ်၌ လိုအပ်သော လိင်္ဂတ္ထကို ညွှန်ပြခဲ့ပါ။

၃၇-ဖြေ။ ။(က) သုဒ္ဓလိင်္ဂတ္ထ(ကြိယာကိုမငဲ့နိုက်)
(ခ) သံသဋ္ဌလိင်္ဂတ္ထ(ကြိယာကိုငဲ့နိုက်)
ဤသို့ နှစ်ပါးရှိပါ၏။ဤသုတ်၌ လိင်္ဂတ္ထနှစ်ပါးလုံးကိုပင် အလိုရှိအပ်ပါ၏။

ဣမေသု ဒွီသု အတ္ထေသု ပဌမာ ဟောတိ။
နိဒ္ဒေသ။

---

၃၈-မေး။ ။(က) သုဒ္ဓလိင်္ဂတ္ထ၊
(ခ) သံသဋ္ဌလိင်္ဂတ္ထ၊
တို့၏ သရုပ်ကို ထုတ်ဘော်ရေးသားခဲ့ပါ။

၃၈-ဖြေ။ ။**သုဒ္ဓလိင်္ဂတ္ထသရုပ်။**
(၁) သကတ်၊
(၂) ဒြဗ်၊
(၃) လိင်၊

**သံသန္ဒလိင်္ဂတ္ထသရုပ်။**

(၁) သကတ်၊
(၂) ဒြဗ်၊
(၃) လိင်၊
(၄) သင်္ချာ၊
(၅) ကာရက၊

(ဘောဒစိန္တာအလို။)

(၁) သကတ်၊
(၂) ဒြဗ်၊
(၃) လိင်၊
(၄) သင်္ချာ၊
(၅) ပရိမာဏ၊

(သမ္ဗန္ဓစိန္တာအလို။)

---

၃၉-မေး။ ။"လိင်္ဂတ္ထေ ပဌမာ" ဟု မိန့်ဆိုခြင်းကြောင့် ပထမာဝိဘတ်သည် အနိပ္ဖန္နသဒ္ဒါဖြစ်သော လိင်၌သက်သည်မဟုတ်။ လိင်္ဂတ္ထဖြစ်သော အနိပ္ဖန္နသဒ္ဒါ၏ အနက်၌သာ သက်သည်ဟု မှတ်သားရအံ့လော၊ ဆုံးဖြတ်ခဲ့ပါ။

၃၉-ဖြေ။ ။လိင်္ဂတ္ထ- ဖြစ်သော အနိပ္ဖန္န သဒ္ဒါ၏ အနက်၌ ဝိဘတ်သက်ခြင်း၏ မဖြစ်သင့်ခြင်းကြောင့် အနိပ္ဖန္န- သဒ္ဒါ ဖြစ်သော လိင်၌သာ ပထမာဝိဘတ်သက်ရပါသည်။

လိင်္ဂတ္ထာဘိဓာနမတ္တေ ပထမာဝိဘတ္တိ ဟောတိ။

သဒ္ဒါကြီး။

---

၄၀-မေး။ ။ပထမာ-ဝိဘတ်သည် အနိပ္ဖန္န-လိင်၌သာ သက်ပါလျှင် "လိင်္ဂေ ပထမာ" ဟု တည် ထိုက်ပါလျက် အဘယ့်ကြောင့် အဋ္ဌ- သဒ္ဒါနှင့် တကွ "လိင်္ဂတ္ထေ ပထမာ" ဟု သုတ်ကို တည်ထားရပါသနည်း။

၄၀-ဖြေ။ ။(၁) ကတ္တားအနက်၊
(၂) ကံအနက်၊
စသည်တို့၌လည်း သက်နိုင်သေး၏-ဟု သိစေလိုသောကြောင့် (အတ္ထ) သဒ္ဒါနှင့် တကွ "လိင်္ဂတ္ထေ ပထမာ" ဟု မိန့်ဆိုပါ၏။

---

၄၁-မေး။ ။ပထမာဝိဘတ်သည်....

(၁) ဇောတကဝိဘတ် (ထွန်းပြတတ်သောဝိဘတ်)

(၂) ဝါစကဝိဘတ် (ဟောတတ်သောဝိဘတ်)

ဤနှစ်ပါး တို့တွင် အဘယ် ဝိဘတ်ဖြစ် သည်ဟု အကြောင်းနှင့်တကွ ပြဆိုခဲ့ပါ။

၄၁-ဖြေ။ ။ပထမာ ဝိဘတ်သည် ဓိဓိ ဟောစရာ အနက် မရှိသောကြောင့် ဝါစကမတတ်နိုင်ပါ။ ထွန်းပြရုံ ထွန်းပြ တတ်သောကြောင့် "ဇောတက" ဝိဘတ်ဖြစ်ပါ၏။

ပထမာ တု ပရဋ္ဌံ၊
ဇောတကတ္တာ န အတ္တဋ္ဌံ။
န ဝါစကာတိ ဘာသန္တိ၊
ဂေါစရာ သဒ္ဒသတ္ထေသု။

ဝါစ္စဝါစကာ။

## အခိပ္ပါယ် ရှင်းလင်း ဘောပြချက်။

### (က) သုဒ္ဓလိင်္ဂတ္ထ

၏ ဥဒါဟရုဏ်ဖြစ်သော ပုရိသော-၌ ပုရိသ-ပုဒ်နှင့် သိဝိဘတ်ဟု နှစ်ခု ခွဲထားပါ။ပုရိသ-ကို လိင်ဟူ၍၎င်း၊ ပကတိ-ဟူ၍၎င်း၊အန္တ-ဟူ၍၎င်း၊ခေါ်ရ၏။ထိုပုရိသ-သဒ္ဒါသည်

(၁) သကတ်၊
(၂) ဒြဗ်၊
(၃) လိင်၊

ဟူသော အနက်သုံးပါးကို ဟော၏။ဤအနက်သုံးပါးသည် လိင်၏ အနက် ဖြစ်သောကြောင့် "လိင်္ဂတ္ထ" လည်း မည်၏။ ပကတိ၏ အနက်ဖြစ်သောကြောင့် "ပကတျတ္ထ"လည်းမည်၏။အန္တ-၏ အနက် ဖြစ်သောကြောင့် "အန္တတ္ထ" လည်းမည်၏။ လိင်္ဂတ္ထ- ပကတျတ္ထ- အန္တတ္ထ-ဟူ၍ အမည်ရပြီးသော ထို သကတ်၊ဒြဗ်၊လိင်၊ဟု ဆိုအပ်

သော အနက်သုံးပါးကို (ပုရိသ)သဒ္ဒါသည် ဟောအပ်ပြီးလေပြီ၊ သိ-
ဝိဘတ်သည် ဟောဘို့ရာအနက်ကိုရှာသော် မတွေ့နိုင်ပြီ၊ဟောစရာအနက်
တခုမျှ မရှိတော့ပြီ။

## (ခ) သံသဋ္ဌလိင်္ဂတ္ထ

၏ ဥဒါဟရုဏ်ဖြစ်သော (ပုရိသော ဂစ္ဆတိ)တွင် ပုရိသော-၌

(၁) သကတ်၊
(၂) ဒြဗ်၊
(၃) လိင်၊
(၄) ကော့စ်သချ၊
(၅) ကတ္တုကာရက

အားဖြင့် အနက်ငါးပါး ရှိ၏။ ထိုငါးပါးတို့တွင် သကတ်-ဒြဗ်-လိင်-
ဤအနက်သုံးပါးကို ပုရိသ-သဒ္ဒါက ဟော၏။ ကျန်သော ကော့စ်
သချ်ာနှင့် ကတ္တုကာရကကိုမူကား ဂစ္ဆတိ-ပုဗ်၌တိ-ငိဘတ်ကဟောထား
သောကြောင့် သိဝိဘတ်၌ ဟောစရာ အနက်တဖုံတရာ မရှိတော့ပြီ။

ဤသို့ပင်သုဒ္ဓလိင်္ဂတ္ထ၊ သံသဋ္ဌလိင်္ဂတ္ထ၊နှစ်ပါးလုံးတို့၌ပင် သိဝိဘတ်၏
ဟောစရာအနက် တစုံတရာပင် မရှိလေ သောကြောင့် သုဒ္ဓလိင်္ဂတ္ထနှင့်
ကြုံကြိုက်နေပါမူ သကတ်,ဒြဗ်,လိင်,ဤအနက်သုံးပါးကို သံသဋ္ဌလိင်္ဂတ္ထ
နှင့်ကြုံကြိုက်နေပါမူ သကတ်,ဒြဗ်,လိင်,သချ်ာ,ကာရက, တည်းဟူသော
အနက်ငါးပါးတို့ကို ထွန်းပြရုံသာလျှင်၊ ငါ-ထွန်းပြခြင်းအကျိုးငှါ သာ
လျှင် ပထမာဝိဘတ် သက်ရပေတော့သတည်း။

---

**သော။**

(ဝိဓိသုတ်။)

၄၂ မေး။ ။ဤ(သော)ဟူသော သုတ်၌ ပုဒ်ပေါင်း
မည်မျှ ရှိသည်ကို ခွဲဝေ ပြခဲ့ပါ။

၄၂-ဖြေ။ ။(သိ-ဩ)ဟု ပုဒ်ဖြတ်၍ နှစ်ပုဒ်ရှိပါ၏။

ရူပသိဒ္ဓိ-နိဒ္ဒေသ။

(သိဿ-ဩ-သော)ဟု သမာသ် ဝိဂြိုဟ်ပြုခါ သမာသ်ပုဒ်အားဖြင့် တပုဒ်သာ ရှိပါ၏။

နျာသ။

သိ-ဩ-ဇာတိ ဒွိပဒမိဒံ။ ။ရူပသိဒ္ဓိ။

---

၄၃-မေး။ ။ဤသုတ်ကို ရူပသိဒ္ဓိ- နိဒ္ဒေသနှင့် နျာသ တို့၏ အလိုတော်ကျ အနက် ယောဇနာ ပြခဲ့ပါ။

၄၃-ဖြေ။ ။(က) သိ၊သိဝိဘတ်သည်။ ဩ၊ဩ အဖြစ် သည်။ဟောတိ၊ဖြစ်၏။

(ရူပသိဒ္ဓိအလို။)

(ခ) သိ၊ သိဝိဘတ်၏။ ဩ၊ဩ အဖြစ် သည်။ဟောတိ၊ဖြစ်၏။

(နိဒ္ဒေသအလို။)

(ဂ) သော၊ သိ-ဝိဘတ်၏ ဩ အဖြစ် သည်။ ဟောတိ၊ဖြစ်၏။

(နျာသအလို။)

## အဝိပ္ပါယ် ရှင်းလင်း ဖော်ပြချက်။

(ရူပသိဒ္ဓိအလို။)

(က) သုတ်တို့၌ ပထမာဝိဘတ်ဖြင့် ညွှန်းပြအပ်သော ကာရိကို ဆဋ္ဌီဝိဘတ်ပြန်သောအားဖြင့် ဘွင့်ခြင်းသည် အာဒေသကို ငဲ့၍သာ ဘွင့်သည်။ ထမန္တပင်တည်း ဟု သိစေ၏။

(နိဒ္ဒေသအလို။)

(ခ) ၎တ္တိ၌ သိ၀စနဿ–ဟု ဘွင့်ဆိုပုံကို ထောက်ဆ၍ သိ-နောင် ဆဋ္ဌီဝိဘတ်သက်ပြီးလျှင် 'သဗ္ဗာသမာ၀ုသော'' သုတ်၌ အာဒိသဒ္ဒ ဖြင့် ဆဋ္ဌီဝိဘတ်ကို ချေရမည်။ ဆဋ္ဌီဝိဘတ် အဆုံးရှိ၏။

(န္យာသအလို။)

(ဂ) သိဿ ဩ-သော-ဟု ဆဋ္ဌီတပ္ပုရိသ် ၀စနဋ္ဌပြု၍ တပုဒ်တည်းသာရှိ၏ ဟု မိန့်ဆိုလျက် ရှိ၏။

(ကစ္စာယနဝဏ္ဏနာနှင့် ရူပသိဒ္ဓိဋီကာအလို။)

(ဃ) န္យာသဆရာ၏ စကားကိုကာရီကာရိယတို့ကိုတပြိုင်နက်သောခဏ၌ မရနိုင်သောကြောင့် မသင့်ဟု ကစ္စာယနဝဏ္ဏနာ၌ အာစရိယဝါဒထုတ်ပြခါ ပယ်တော်မူခဲ့၏။ သမ္ဗန္ဓီဖြစ်သော ဩ-သည်ထင်ရှားမရှိသေးသောကြောင့်၎င်း၊ သိ-ဝိဘတ်ကို ဩ-ပြုလိုက်ပါမှ ဖြစ်ပေါ်လာရသောသမ္ဗန္ဓီဖြစ်သော ဩ-၏ သမ္ဗန်ဖြစ်သော သိ-ဝိဘတ်နှင့် သာပေက္ခမရှိကြသောကြောင့်၎င်း၊ သမာသ်မဖြစ်နိုင်ရကား မသင့်သည်သာတည်း–ဟု န္យာသဝါဒကိုရူပသိဒ္ဓိဋီကာလည်း ပယ်ဖျက်တော်မူခဲ့သတည်း။

၄၄-မေး။ ။ဤ"သော"ဟူသော သုတ်သည် အကာရန္တ-ပုလ္လိင်နောင်မှ သိ-ဝိဘတ်ကို ဩ-ပြု ခြင်းတည်းဟူသော ကာရိယ ကိုသာ ပြုနိုင်သည်။ အခြားသော ကာရိယ တို့ကို မပြုနိုင်ဟု မှတ်ရအံ့လော၊ အာစရိယဝါဒ ရှိသလို ဖော်ပြပါ။

၄၄-ဖြေ။ ။(၁) အကာရန္တ- သဒ္ဒါ လိုက်ခြင်းကို ကြည့်သော(သော)ဟူသော"ဝိနာဓိကာရ ယောဂဝိဘာဂ"ဖြင့်....

**အလီနသတ္တော၊**

၌ "အလီနသတ္တု" တည်း၍ လ-မှ နောက် ဖြစ်သော သိ-ဝိဘတ်ကို ဩ-ပြုနိုင်ပါသေး၏။

**(အလီနသတ္တော၊ အလီနသတ္တု မင်းသားသည်။)**

(၂) သော-ကို (သိ-ဩ)ဟု နှစ်ပိုင်း ခွဲ ဝေမှ "ဒွိဓာကရဏ" ပြုပြီးလျှင် သိ-ဟူသော "ဒွိဓာကရဏ ယောဂဝိဘာဂ"ဖြင့် လိင်သုံးပါး တို့၏ နောက်၌ ပထမာဝိဘတ်ကို ဧ-ပြုပါ သေး၏။

**(ဂနုပ္ပဂူမွေ၊ ဘောဘုပ်ကြီးသည်။)**

(၃) ဩ-ဟူသော "ဒွိဓာကရဏာ ယော ဂဝိဘာဂ" ဖြင့် (၈) အမည် ရှိသော သိ-ဝိဘတ်ကို ဩ-ပြုနိုင်ပါသေး၏။

(ဘော အယော္ဂါ၊ အိုအရှင်။)

---

## သရလောပေါ မာဒေသပစ္စယာဒိမှိ သရလောပေ တု ပကတိ။

(အာဒေသဝိဓိသုတ်။)

၄၅-မေး။ ။ဤသုတ်၏ အစ၌ (သရလောပေါ) ဟု ပါရှိပြီး ဖြစ်ပါလျက် (သရလောပေ) ဟု တဖန် ထပ်မံ ဆိုရခြင်းအကျိုးကို ရေးခဲ့ပါ။

၄၅-ဖြေ။ ။အစ၌ ပါရှိပြီး ဖြစ်ပါလျက် နောက်ထပ် တဖန်ဆိုခြင်းသည် တပါးသော သုတ်တို့ဖြင့် ချေရာ၌ နောက်သရကို ပကတိမပြုရ။ ဤသုတ်ဖြင့် ချေရာ၌သာ နောက်သရကို ပကတိပြုရခြင်းအကျိုး ရှိပါ၏။

**ဧတ္ထ စ သရလောပေတိ ပုနဂ္ဂဟဏံ ဣမိနာဝ ကတသရလောပနိမိတ္တေယေဝ ပရဿ ဝိကာရေ သမ္ဘဝေ ပကတိဘာဝတ္ထံ။**

ရူပသိဒ္ဓိ။

---

၄၆-မေး။ ။ဤသုတ်၌ သရလောပေါ-ဟု သာမည ဆိုထား ခြင်းကြောင့် ပုဗ္ဗသရလောပ

သုတ်၊ ပရသရလောပသုတ်၊ နှစ်မျိုးတို့တွင် အဘာယ်သုတ် ဖြစ်သည်ဟု အကြောင်း ပြ၍ ဖြေဆိုပါ။

၄၆-ဖြေ။ ။နောက်သရ၏ ပကတိ အဖြစ်ကို စီရင်သော အစွမ်း သတ္တိကြောင့် ပုဗ္ဗသရ လောပ-သုတ်ဟု သိအပ်ပါ၏။

**ပရသရဿ ပကတိဘာဝံ ဝိဓာန သာမတ္ထိယ တော အမာဒေသပစ္စယာဒိဘူတေ သရေ ပရေတိ ဝိ သိဒ္ဓံ။**

ရူပသိဒ္ဓိ။

---

၄၇-မေး။ ။(ပစ္စယာဒိမှ)၌ ပစ္စယ-သဒ္ဒါဖြင့် သိစေအပ်သော အနက်ကိုရင်း၊ အာဒိ-သဒ္ဒါ၏ အကျိုးကိုရင်း ထင်ရှားစွာ ပြခဲ့ပါ။

၄၇-ဖြေ။ ။ပစ္စယ-သဒ္ဒါဖြင့်တဒ္ဓိတ်ပစ္စည်းတို့ကိုသာ ပစ္စည်းအဖြစ်ဖြင့် ယူအပ် ကုန်သည် မဟုတ်ကုန်သေး၊ တိ- အစရှိသော အာချာတ် ဝိဘတ်တို့ကိုလည်း ပစ္စည်းအဖြစ်ဖြင့် ယူအပ်ကုန်၏-ဟူသော အနက်ကို သိစေပါသည်။ ။

**အာဒိသဒ္ဒါ၏ အကျိုးကား**

(၁) အာချာတ်၌ (**ဇူကာရာဂမော အသမ္ဘာတုကမှိ**)သုတ်။

(၂) ကိတ်၌ (ယထာဂမမိကာရော) သုတ်တို့ဖြင့် လာသော (ဏု)အာဂုမ်ကို ယူခြင်းအကျိုးရှိပါ၏။

**တျာဒိဝိဘတ္တိယော စေတ္တ၊**

**ပစ္စယတ္တေန ဂယှရေ။**

**အာဒိဂ္ဂဟာဏာ မာချာတ၊**

**ကိတာဒီသွာဂမတ္တိဒံ။ ။**

**ရူပသိဒ္ဓိ။**

---

၄၈-မေး။ ။(အာဒေသပစ္စယာဒိမှိ)၌ အာဒေသအပြားကို ခွဲဝေပြီးလျှင် ဤသုတ်၌ လိုအပ်သော အာဒေသကို ညွှန်ပြလျက် ထိုအာဒေသကို ယူရခြင်း၏ အကြောင်းကိုရင်း၊ အကျိုးကိုရင်း သေချာစွာ ပြခဲ့ပါ။

၄၈-ဖြေ။ ။ အာဒေသသည်....

(၁) ပဒါဒေသ(တပုဒ်လုံးကိုပြုခြင်း။)

(၂) ဝိဘတ္တာဒေသ (ဝိဘတ်ကိုသာပြုခြင်း။)

ဤသို့ နှစ်မျိုးနှစ်စား ရှိပါ၏။ဤသုတ်၌ ဓာတ်လိင်တို့၏ နောက်၌ စီရင်ရသော“ဝိဘတ္တာဒေသ”ကိုသာ ယူရပါ၏။

## အကြောင်းကား

(အာဒေသပစ္စယာဒိမှ)ဟု အာဒေသသဒ္ဒါ၏ "ပစ္စယ"သဒ္ဒါနှင့် တွဲးယှဉ်၍ ခါ အတူတကွ ရွတ်ဆိုရသောကြောင့်တည်း။

## အဓိပ္ပါယ် ရှင်းလင်း ဘောဒ်ပြချက်။

ပစ္စည်းတို့၏ ထုံးစံမှာ-"ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ"ဟူသော ပရိဘာသာအတိုင်း ဓာတ်လိင်တို့၏ နောက်မှသာ သက်ရမြဲတည်း။ ဓာတ်လိင်တို့၏ ရှေ့၌ သက်ရိုး ထုံးစံ ဓမ္မတာ မဟုတ်ချေ။ ယခု ဤသုတ်၌ "အာဒေသ"သဒ္ဒါသည်လည်း "ပစ္စယ"သဒ္ဒါနှင့် တွဲးယှဉ်ခါ အတူတကွ ရွတ်ဆိုရသောကြောင့် (မုဆိုးနှားနီး မုဆိုး၊တံငါနှားနီး တံငါ)ဆိုသကဲ့သို့ ပစ္စည်းသည် ဓာတ်လိင်တို့၏ နောက်၌သာ သက်ရသလို၊ အာဒေသကိုလည်း ဓာတ်လိင်တို့၏ နောက်၌သာ စီရင်ရသည့် "ဝိဘတ္တာဒေသ" ကိုသာ ယူရမည်။ ဓာတ်လိင်တို့၏ အစ၌ စီရင်ကောင်းသော"ပဒါဒေသ" ကို မယူရဟူလိုသတည်း။

## အကျိုးကား

ဤသို့"ပဒါဒေသ"ကို မယူရ၊ "ဝိဘတ္တာဒေသ"ကိုသာ ယူရခြင်းကြောင့်

(၁) ကိတ္တိသဒ္ဒေါ-အဗ္ဘုဂ္ဂတော၊
(၂) သတ္တာ-အာဟ၊

စသော ဥဒါဟရုဏ်တို့၌ နောက်က အဗ္ဘုဂ္ဂတော-အာဟ-ဟူသော"ပဒါဒေသ"တို့ နှောင်းလျက်ရှိသော်လည်း ရှေ့က(သဒ္ဒ)သဒ္ဒါ၏ အစိတ် (ဩ)သရနှင့် (တ္တ)၏ အစိတ် (အာသရ)တို့ကို မချေရခြင်းအကျိုးရှိသတည်း။

**ပစ္စယသာဟစရိယာ၊**
**စာဒေသော ပကတိပ္ပရော။**
**ပဒန္တသရလောပေါ နု၊**
**တေနဒ္ဓါဟဒိကေ ပရေ။ ။**

**ရူပသိဒ္ဓိ။**

---

၄၉-မေး။ ။ဤသုတ်၌ ကောင်းစွာ အကျုံးဝင်သော "တု"သဒ္ဒါ၏ အကျိုးကို ထင်ရှားအောင် ပြဆိုပါ။

၄၉-ဖြေ။ ။"**ဘိက္ခုနီ**"စသော ဥဒါဟရဏ်တို့၌ ဇုနီ-ပစ္စည်း နှောင်းသော်လည်း ရှေ့(ဥ)သရ ကျေခြင်းကို မြစ်ခြင်းအကျိုးရှိ၏။

**တုဂ္ဂဟဏံ ဘိက္ခုနီအာဒီသု သရလောပနိဝတ္တနတ္ထံ။ ။ရူပသိဒ္ဓိ။**

---

၅၀-မေး။ ။"သရာပကတိ ဗျဉ္ဇနေ" သုတ်မှ ပကတိ သဒ္ဒါအလိုက်ခံပါလျှင်ပြီးစီးနိုင်ပါလျက် ဤသုတ်၌ တဖန်ထပ်မံ၍ "ပကတိ" သဒ္ဒါကို ဆိုရခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

၅၀-ဖြေ။ ။ **ပကတိသဒ္ဒါ၏ အကျိုးကား**

(၁) မြဲခြင်းအကျိုးလည်း ရှိ၏။

(၂) အနက်ထူးကို သိစေခြင်းအကျိုးလည်း ရှိ၏။

ဇဝံ သန္တေပိ သိဒ္ဓေ သတ္ထာရမှော နိယမာယ
ဝါ ဟောတိ ဉာပကာယဝါ။

ချသာ။

(အဓိပ္ပါယ် ရှင်းလင်း ဘောင်ပြချက်။)

ဤသုတ်ဖြင့် ရှေ့သရကို ချေပြီးခဲ့သော် နောက်သရကို ဒီဃ-ပြုခြင်းစသော ဖေါက်ပြန်ခြင်းသို့ မရောက်စေရ-ဟု မြဲစေခြင်း အကျိုးငှါရင်း၊ ထိုမှတဖန် သေယျော-စသော အချို့သော ဥဒါဟရုဏ် တို့၌ ပကတိ မပြုရပဲ ဒီဃ ပြုနိုင်သေး၍ သန္ဓိပြုနိုင် စပ်နိုင် သေး၏ ဟူသော အနက်ထူးကို သိစေခြင်းအကျိုးငှါရင်း၊ပကတိ-သဒ္ဒါကို မိန့်ဆိုပြန်၏။

ဤအရာ၌ ရှေ့သရကျေရာ၌ နောက်သရကို သန္ဓိမစပ်ရ၊ ပကတိ-အတိုင်း ထားရမည်-ဟူသော သဒ္ဒါ့စည်းမျဉ်းကိုလည်း "ပကတိ" သဒ္ဒါကပင် ပြဆို၏။ ရှေ့သရကျေရာ၌ နောက်သရကို ပကတိ မပြုရ-သန္ဓိစပ်ရမည်ဟူသော သဒ္ဒါ့စည်းမျဉ်းကိုလည်း "ပကတိ"သဒ္ဒါကပင် ပြဆိုပြန်၏။ ထို့ကြောင့် ထိုပကတိသဒ္ဒါသည် (ဝဿကတော သုဘိက္ခ-ဒုဗ္ဘိက္ခော) ဝပြောမှု-တော်မွတ်မှု နှစ်ပါးကို မှီးသည် ပြုအပ်သကဲ့သို့ သန္ဓိမစပ်ရ၊ ပကတိအတိုင်းထားမှု၊ ပကတိအတိုင်း မထားရ သန္ဓိစပ်မှု နှစ်ပါးလုံးကိုပင် ပြတော်မူသတည်း။

(၁) တော်မွတ်,ဝပြော၊ထိုသဘော၊"ဒေဝေါ"ပြုသလို။
(၂) ပကတိ,သန္ဓိ၊ဒွေဝိဓိ၊"ပကတိ"အစွမ်းဆို။
အောင်မြေဘုံခံ နိယံ။

၅၁-မေး။ ။သန္တိကျမ်းလာ ပကတိ ပြုခြင်းနှင့် နာမ် ကျမ်းလာ ပကတိပြုခြင်းတို့၏ အထူးကို ဖော်ပြခဲ့ပါ။

၅၁-ဖြေ။ ။(က) သန္တိပကတိ-မှာ မိမိသုတ်ဖြင့် စီ ရင်ပြီးသော် အခြားသော သုတ် တို့၏ အစီအရင် မရောက်နိုင် တော့ပြီ။

(ခ) နာမ် ပကတိ- မှာ အခြားသော သုတ်တို့၏ အစီအရင် ရောက်နိုင် သေး၏။

(ဤကား အထူး။)

---

## သရုပ်ါနှ မေကာသေသွ သကိ ။

(၆၆ သုတ်။)

၅၂-မေး။ ။ဤသုတ်၌ (သရုပါနံ)ဟု ဗဟုဝစ်ဝိဘတ် နှင့် တိုက်ရိုက် မိန့်ဆိုလျက်ရှိခြင်းကြောင့် (အသကိ)သဒ္ဒါ မပါသော်လည်း လိုအပ် သောအနက် ပြီးစီးနိုင်ပါလျက် အဘယ် အကျိုး၌ အသကိ-သဒ္ဒါကို ထပ်မံ မိန့် ဆိုရပါသနည်း။

၅၂-ဖြေ။ ။ဝိဘတ်တူသော ပုဒ်ဗျည်းတို့၏ တကြိမ် မဟုတ်သော ပြယုဂ်၌သာလျှင် ဧါသုတ် ဖြင့် ကေသိသ် အစီအရင် ဖြစ်နိုင်၏ ဟူ သောအနက်ကိုပြခြင်း အကျိုးငှါ “အသ ကိံ”သဒ္ဒါကို ထပ်မံ မိန့်ဆိုရပါ၏။

**ဧတ္ထ စ သရူပါနန္တိ ဝုတ္တတ္တာ သိဒ္ဓေ အသကိံ ပယောဂေ ပုနာသကိံဂဟဏံ ကေဝိဘတ္တိ ဝိသ သယာနမေဝါသကိမ္ပယောဂေ ဝေါယန္တိ ဉာပ နတ္ထံ။**

ရူပသိဒ္ဓိ။

**တနည်းကား**

ထိုသရူပါနံ-ဟူသော ပုဒ်၏အနက်ကို ထင်ရှားပြုခြင်းအကျိုးငှါ “အသကိံ”သဒ္ဒါ ကိုဆိုရပြန်သည်။

**တပ္ပါကဋီကရဏတ္ထံ။ ။ညာသ။**

**တနည်းကား**

နာမ်ပုဒ်တို့၏ များသည်၏ အဖြစ်ကို သိစေခြင်း အကျိုးရှိ၏။

**နာမပဒါနံ ဗဟုဘာဝဉာပနတ္ထံ။ ။နိဒ္ဒေသ။**

---

၅၃-မေး။ ။မည်သည့်အစီအရင်မျိုးကို “ကေသိသ်” ခေါ်သည်ဟု ဘော်ပြ၍ ကေသိသ်အပြား

ကို အကျဉ်းခွဲခြား၍ ပြပြီးလျှင် ထိုဧက သိသ်တို့ကို စီရင်ရမည့်သုတ်များကို ဥဒါ ဟရဏ်နှင့် ထုတ်ပြခဲ့ပါ။

၅၃-ဖြေ။ ။သုတ္တိ တူသည်ဖြစ်စေ၊ သုတ္တိ မတူသည် ဖြစ်စေ ရှေ့ဖြစ်သော ပုဒ်တို့ကို ချေ၍ ကျေလေ ပြီးသော ပုဒ်တို့၏ အနက်ကို ဟောကြားရန် ထိုပုဒ်တို့၏ ကိုယ်စား **(တခုတည်းသော ပုဒ်ကို ကြွင်းကျန် စေမှုကို)** ဧကသိသ် ခေါ်ရပါ၏။

**ဧကသိသ်သည်**

(၁) သရူပေကသေသ **(သုတ္တိတူ တခုကြွင်း ပြုခြင်း။)**

(၂) ဝိရူပေကသေသ**(သုတ္တိမတူပဲ တခုကြွင်း ပြုခြင်း။)**

ဤသို့ အကျဉ်းအားဖြင့် နှစ်ပါးရှိပါ၏။

(၁) သရူပေကသေသ၊

| ဥဒါဟရဏ်။ | စီရင်သောသုတ်။ |
| --- | --- |
| **ပုရိသော စ-ပုရိသော စ-ပုရိသာ၊** | **သရူပါနမေကသေသွသကိံ၊** |

(၂) ဝိရူပေကသေသ၊

| ဥဒါဟရဏ်။ | စီရင်သောသုတ်။ |
| --- | --- |
| **(က) မာတာ စ-ပိတာ စ-မာတရော၊** | **ဧကသေသွသကိံ၊** |
| **(ခ) မာတာ စ-ပိတာ စ-ပိတရော၊** | **(ဝုဒ္ဓိတာကရဏယောဂဝိဘာဂ)** |

ယောဂဝိဘာဂတော စေတ္တံ၊
စကေသေသွသက်ိ ဉတိ။
ဝိရူပေကသေသော ဟောတိ၊
ဝါ ဝိတ္တန္တံ အာဒီသု။
ရူပသိဒ္ဓိ။
(အကျယ်ကို တဒ္ဓိတ်၌ တွေ့မြင်ရလတ္တံ့။)

၅၄-မေး။ ။ဝိဘတ်တူသော ပုဒ်ဗျည်းတို့ကိုသာ ဧကသိသ်ပြုရပါလျှင်
"ဂါဝေ ဂါဝေ"
စသောဝိဘတ်တူ ဝိစ္ဆာပြယုဂ်တို့၌လည်း ဧကသိသ် ပြုရ မည်ဟု မှတ်ရအံ့လော၊ အကြောင်းပြ၍ ဖြေဆိုပါ။

၅၄-ဖြေ။ ။ဝိဘတ်တူ ဝိစ္ဆာပြယုဂ်တို့၌ ဧကသိသ် မပြုရပါ။

အကြောင်းကား

(ပဋ္ဌပဋ္ဌသောမန္တာ)ဟူသော ပုဒ်၌ ပဋ္ဌပဋ္ဌသော-ဟူ၍ ညွှန်ပြ ခြင်းဖြင့် သာလျှင် ဝိစ္ဆာ- ပြယုဂ်၏ ဖြီးခြင်းကို သိစေအပ်သည်၏ အဖြစ်ကြောင့်တည်း။

န စ ဝိစ္ဆာပယောဂေတိ ပသင်္ဂေါ၊ ပဋ္ဌပဋ္ဌသော မန္တာတိ ဧတ္ထ ပဋ္ဌပဋ္ဌသောတိ နိဒ္ဒေသေနေဝ ဝိစ္ဆာပယောဂသိဒ္ဓိယာ ဉာပိတတ္တာ။
ရူပသိဒ္ဓိ။

## အဓိပ္ပါယ် ရှင်းလင်း ဘော်ပြချက်။

ဝိဇ္ဇာ-ဥဒါဟရုဏ်တို့၏ ထိုးစံသဘောမှာ အကြွင်းမဲ့နှံ့စေခြင်းငှါ နှစ်ကြိမ်ထားရိုးတည်း။ အသျှင် မဟာကစ္စည်းကိုယ်တိုင် တည်ထားတော်မူခဲ့သော "ပဋ္ဌပဋ္ဌသောမန္တာ" သုတ်၌ (ပဋ္ဌပဋ္ဌသော)ဟူသော ဝိဇ္ဇာပုဒ်ကို နှစ်ကြိမ်နှစ်ထပ် မိန့်ဆိုအပ်၊ထားအပ်သည်ကို မြင်အပ် သိအပ်သောကြောင့် ဝိဇ္ဇာပြယုဂ် ဥဒါဟရုဏ်တို့၌ ဝိဘတ်ပင်တူစေကာမူ ကေသိသ်မပြုရဟူသော အနက်သဘောသည် ထင်ရှားခဲ့၏။

အကယ်၍သာ ဝိဇ္ဇာပြယုဂ် ဥဒါဟရုဏ်ကို ကေသိသ်ပြုထိုက်ပါလျှင်(ပဋ္ဌပဋ္ဌသော မန္တာ) သုတ်၌ (ပဋ္ဌသော မန္တာ)ဟု ဤမျှသာ အသျှင်ကစ္စည်းဆရာ မိန့်ဆိုတော်မူခဲ့ရာ၏။ ဤသို့လည်း မိန့်တော်မမူခဲ့ချေ။ ထိုကြောင့် ဝိဘတ်တူ ဝိဇ္ဇာပြယုဂ် ဥဒါဟရုဏ်မှန်သမျှတို့၌ ကေသိသ်မပြုရဟု-ကေန္တ မှတ်သားရာသတည်း။

---

၅၅-မေး။ ။ကေသိသ် ပြုရသောဌာနကို ရူပသိဒ္ဓိ အလိုကျ ဘော်ပြပါ။

၅၅-ဖြေ။ ။များစွာကုန်သော အနက်တို့ကို တကွဆိုလိုသော အရာဌာန၌ ကေသိသ်ပြုရပါသည်။

**သဟာဝစနိစ္ဆာယမ္ပိ ကေသေသော ဟောတိ။**

ရူပသိဒ္ဓိ။

---

## သဗ္ဗသောနိနမာဒ။
## (အာဒေသဝိဝိသုတ်။)

၅၆-မေး။ ။"ယောနိ နမာဇ"ဟု ဆိုကာလိုအပ်သော အနက် ပြီးစီးနိုင်ပါလျက် အဘာယ်အကျိုး

၄ါ သဗ္ဗ-သဒ္ဒါကို ထည့်စွက်၍ မိန့်မြွက်ရပါသနည်း။

၅၆-ဖြေ။ ။

(၁) ပထမာယောဝိတ်ကိုရင်း၊
(၂) ပထမာယောဝိဘတ်၏ နိ-ကိုရင်း } အာ-ပြုရမည်၊

(၃) ဒုတိယာယောဝိဘတ်ကိုရင်း၊
(၄) ဒုတိယာယောဝိဘတ်၏ နိ-ကိုရင်း၊ } ဧ-ပြုရမည်၊

ဤသို့ အလုံးစုံသော ယောဝိဘတ်နှင့် နိ-အက္ခရာတို့ကို အာ-ဧ-ပြုခြင်း အကျိုး၄ါ (သဗ္ဗ) သဒ္ဒါကို ထည့်စွက်၍ မိန့်မြွက်ရပါ၏။

သဗ္ဗဂ္ဂဟဏံ သဗ္ဗာဒေသတ္ထံ ။

ရူပသိဒ္ဓိ။

---

၅၇-မေး။ ။ပထမာ ယော-ဝိဘတ်ကို အာ၊ဒုတိယာ ယော-ဝိဘတ်ကို ဧ-ပြုခြင်းနှင့် ပထမာ ယော-ဝိဘတ်၏ နိ-အက္ခရာကို အာ၊ဒုတိယာယောဝိဘတ်၏ နိ-အက္ခရာကို ဧ-ပြုခြင်းတို့၏ အထူးကို အကျဉ်းဖြေခဲ့ပါ။

၅၇-ဖြေ။ ။(၁) အကာရန္တ- ပုလ္လိုင်၏ နောက်၌ ပထမာ ဒုတိယာ ယောနှစ်လုံးကို အစဉ်အတိုင်း အာ-ဧ-ပြုရ၏။

(၂) အကာရန္တ- နပုလ္လိင်၏ နောက်၌ ပထမာ ဒုတိယာ နှိ-အကျွေရာနှစ် လုံးကို အစဉ်အတိုင်း အာ-ဧ-ပြု ရ၏။

(ဤကား အထူး။)

**အမှာ။**

**(နပုလ္လိင်ဖြစ်ခဲ့လျှင် ယော-ဝိဘတ်ကို "အဘောနိစ္စ" သုတ်ဖြင့် နိ-ပြုပြီးမှ ဤသုတ်ဖြင့် အာ-ဧ-ပြုရ၏။)**

---

**၁၈-မေး။** ။ဤသုတ်ပါ ဝါ-သဒ္ဒါ၏ အနက်ကိုဖော် ပြ၍ ထိုဝါသဒ္ဒါဖြင့် သိစေအပ်သော အစီ အရင်များကိုလည်း ဖော်ပြခဲ့ပါ။

**၁၈-ဖြေ။** ။ဝါ- သဒ္ဒါသည် ဝဝတ္ထိတ ဝိဘာသာ- အနက်ကို ဟောပါ၏။

ထိုဝါသဒ္ဒါဖြင့်....

(၁) ပုလ္လိင်၌ နိစ္စဝိဓိ **(ပုရိသာ)**

(၂) နပုလ္လိင်၌ အနိစ္စဝိဓိ **(ရူပါ-ရူပါနိ)**

(၃) ဈ-အမည်ရှိသော **(ဈဝဏ်)**ကို **(အ)** ပြုပြီး သည်ရှိသော်၊
အသန္တဝိဓိ **(အဂ္ဂယော-မုနယော)**
ဤအစီအရင်များကို ပြပါ၏။

နိဗ္ဗမေဝစ ပုလ္လိင်ေ၊
အနိဗ္ဗဿ နပုံသကေ။
အသဋ္ဌံ ဓျေ ကတဌ္ဌေတု၊
ဝိဓိ ဒိပေတိ ဝါ-သုတိ။

ရူပသိဒ္ဓိ။

---

အာလပနေ စ။
(ဝိဓိသုတ်)။

၅၉-မေး။ ။ဤသုတ်၌ (အာလုပ်)ဟူသည် အဘယ်ပါနည်း။ဤသုတ်ဖြင့် ပထမာဝိဘတ်သက်ခြင်းနှင့် "လိင်တ္ထေ ပထမာ" သုတ်ဖြင့် ပထမာ ဝိဘတ်သက်ခြင်းတို့၏ အထူးကို ဆော်ပြပါ။

၅၉-ဖြေ။ ။ခေါ်အပ်သောသူသို့ ရှေးရှုပြု၍ ခေါ်ဝေါ်ခြင်းသည် အာလုပ်မည်ပါ၏။

အဘိမုခံ ကတွာ လပနံ အာလပနံ။

ရူပသိဒ္ဓိ။

(၁) ဘာဝသာဓနအားဖြင့် ခေါ်ဝေါ်ခြင်းကြိယာသည် အာလုပ်မည်၏။

(၂) ကမ္မသာဓနအားဖြင့် ခေါ်ဝေါ်အပ်သောသူသည် အာလုပ်မည်၏။

(သံပျင်ဋီကာ)။

(က) ဤသုတ်ဖြင့် အာလုပ် အနက်လွှန်သော အနိပ္ဖန္နသဒ္ဒါ ဖြစ်သော လိင်သာမည၌ ပထမာဝိဘတ် သက်ပါ၏။

(ခ) "လိင်္ဂတ္ထေပထမာ" သုတ်ဖြင့် အနိပ္ဖန္န သဒ္ဒါဖြစ်သော လိင်သာမည၌သာ ပထ မာဝိဘတ် သက်ပါ၏။

(ဤကား အထူး)။

---

၆၀-မေး။ ။အာလုပ်အနက် လွှန်ပုံကို သိရအောင် အကျဉ်းချုပ်ပြခဲ့ပါ။

၆၀-ဖြေ။ ။လိင်အနက် သာမည၌ "အို" ဟူသော အသံပိုလာမှုကိုပင် အာလုပ် အနက်လွှန် သည်ဟု သိရပါ၏။

---

၆၁-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်တို့ကို ထင် ရှားအောင် ဖြေဆိုပါ။

၆၁-ဖြေ။ ။ စ-သဒ္ဒါသည်....
"ဓာရဏောတတဟိယာ" ဟူသော နောက် သုတ်သို့ ပထမာဝိဘတ် မလိုက်ရအောင် ငင်ထားသော အနုကာဍုန အနက်ရှိပါ၏။

(နျာသအလို။)

လိင်အနက်၊အာလုပ်အနက်၌သာ မဟုတ် သေး၊

(၁) ကဏ္ဍား၊ (၅) အပါဒါန်၊
(၂) ကံ၊ (၆) သြကာသ၊
(၃) ကရိုဏ်း၊ (၇) သာမိ၊
(၄) သမ္ပဒါန်၊ (၈) ဒိသာယောဂ၊

တို့၌လည်း-ပထမာဝိဘတ် သက်ရသေး၏ ဟု ဆည်းခြင်း- သမုဒ္ဒယ အနက်ရှိပါ၏။

(နိဒ္ဒေသအလို။)

---

**၆၂-မေး။** ။"အာလုပ်"သည် ကာရက ခြောက်ပါးတို့တွင် အပါအဝင် ဟုတ်မဟုတ်ကို သေချာစွာ အကြောင်းပြ၍ ဖြေဆိုပါ။

**၆၂-ဖြေ။** ။"အာလုပ်"သည် ကြိယာကို ပြီးစေတတ်သော သတ္တိမှ ကင်းသည်၏ အဖြစ်ကြောင့် (ကာရက) ခြောက်ပါး တို့တွင် အပါအဝင် မဖြစ်နိုင်ပါ။ ကြိယာဝိသေသနမျှသာ ဖြစ်ပါသည်။

တဉ္စ ကြိယာနိပ္ဖါဒက သတ္တိဝိရဟိတံ။ တသ္မာ ကာရကံ နဟောတိ။ ကြိယာဝိသေသနမတ္တမေဝ ဟောတိ။

နိဒ္ဒေသ။

---

ဒြ၃-မေး။ ။"လိင်္ဂတ္ထေ ပဌမာ" သုတ်ရှိပြီး ဖြစ်ပါလျက် ဤ "အာလပနေ စ" သုတ်ကို ဆိုရခြင်း၌ အကျိုးကို ထုတ်ပြပါ။

ဒြ၃-ဖြေ။ ။ ပဌမာဝိဘတ်သည်....

(၁) သက်သက်သော လိင်္ဂတ္ထ၌၎င်း၊

(၂) အာလုပ် အနက်ရှိသော လိင်္ဂတ္ထ၌၎င်း၊ သက်နိုင်၏ ဟု လိင်္ဂတ္ထ၌ ပဌမာဝိဘတ် သက်ခြင်း မြဲသည်ကို သိစေခြင်း အကျိုး ရှိပါ၏။

(နျာသအလို။)

---

ဒြ၄-မေး။ ။ထင်ရှားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရှေ့ရှုခေါ်ဝေါ်တိုင်းအာလုပ်မည်၊ မမည်ကို ဆုံးဖြတ်ခဲ့ပါ။

ဒြ၄-ဖြေ။ ။ထင်ရှားရှိသော ဝတ္ထုကို ရှေ့ရှုခေါ်ဝေါ်မှသာ အာလုပ်မည်ပါသည်။ ထင်ရှား မရှိသော ဝတ္ထုကို ရှေ့ရှုခေါ်ဝေါ်ခြင်းသည် အာလုပ် မမည်ပါ။

ဝိဇ္ဇမာနဿ ဝတ္ထုနော၊ အဘိမုခီကရဏတာယ လပနံ အာလပနံ။ အဝိဇ္ဇမာနေ ဝတ္ထုမှိ အာလပနံ န ဟောတီတိ အဓိပ္ပါယော။

နိဒ္ဒေသာ။

---

## အာလပနေ သိ ဂသဒ္ဒါ။

### (သဒ္ဒါသုတ်။)

၆၅-မေး။ ။"အက္ခရပါဒယော ဧကေ စတ္တာလီသံ" သုတ်သည် သဒ္ဒါသုတ် ဧကန် မှန်သော်လည်း(သဒ္ဒါ)သဒ္ဒါကိုမထည့်မူ၍ တည်ထားဘိသကဲ့သို့ ဤသုတ်၌လည်း(သဒ္ဒါ)သဒ္ဒါ မပါစေပဲ "အာလပနေသိဂေါ"ဟု တည်ထိုက်ပါလျက် မတည်ခြင်း၏ အကြောင်းနှင့် အကျိုးကို ထင်ရှားအောင် ပြခဲ့ပါ။

၆၅-ဖြေ။ ။ **အကြောင်းကား**

"အက္ခရပါဒယော ဧကေ စတ္တာလီသံ" သုတ်သည် အနုဝတ္တသဒ္ဒါသုတ် ဖြစ်သောကြောင့်(သဒ္ဒါ)သဒ္ဒါကို ထည့်၍ တည်တော် မမူပဲ ဤသုတ်ကား ရုဠှီသဒ္ဒါသုတ် ဖြစ်သောကြောင့် သဒ္ဒါ-သဒ္ဒါကို ထည့်စွက်၍ မိန့်မြွက်ရပါ၏။

**အကျိုးကား**

သိဝိဘတ်ကို (ဂ)ပြုရအံ့လော- ဟူသော ယုံမှားခြင်းကို နစ်စေခြင်းအကျိုးရှိပါ၏။

(က) ရုဠှီသဒ္ဒါဘာဝတော ဝါ။ ။နိဒ္ဒေသ။

(ခ) အာဒေသာ သက်ာ နိဝတ္တနတ္ထံ။ ။ဉျာသ။

၆၆-မေး။ ။သိ-ဝိဘတ်ကို အဘယ်အကျိုး၌(ဂ)အမည် မှည့်ရပါသနည်း။

၆၆-ဖြေ။ ။ရုပ်ပြီးခြင်းအကျိုး၌ မှည့်ရပါ၏။

---

၆၇-မေး။ ။(ဃ) အမည် မမှည့်မူ၍ (ဂ) အမည် မှည့်ရခြင်း၏ အကြောင်းကို ဘော်ပြပါ။

၆၇-ဖြေ။ ။**"ဘောဘောတိ ဂရုကာ ဥေ့ယျာ"**-၌ အာ လုပ်ပုံသည် ပဓာန-ဥက္ကဋ္ဌ နည်းအားဖြင့် အလေးအမြတ် ပြုအပ်သော ပုဂ္ဂိုလ်တို့၌ ဖြစ်မြဲဖြစ်ခြင်းကြောင့်"ဂရုကာ"မှ(ဂ)ကို ယူ၍ မှည့်ရပါ၏။

---

**အကာရပိတာဒျန္တာနု-မ။**

**(အာဒေသဝိဓိသုတ်။)**

၆၈-မေး။ ။"တတိယာ ပိုင်းလာ "ပိတာဒိနု-မသိမှိ" သုတ်၌- အာဒိသဒ္ဒါဖြင့် သတ္ထုသဒ္ဒါကို မယူပ်ပဲလျက် ဤသုတ်၌ အာဒိသဒ္ဒါဖြင့် သတ္ထုသဒ္ဒါကို ယူရခြင်း၏ အကြောင်း ကို ပြဆိုခဲ့ပါ။

၆၈-ဖြေ။ ။သိဝိဘတ်နှောင်းရာ၌ (အာရ) အပြုမရှိ။ မရှိသောကြောင့် "ပိတာဒိနု- မသိမှိ" သုတ်၌

**"သဗ္ဗရာ-သဗ္ဗရော"**

ဟူသော ဥဒါ ဟာရဏ်တို့ မဖြစ်သင့်။ ထို့ကြောင့် သဗ္ဗသဒ္ဒါကို မယူရပါ။ ဤ သုတ်၌ကား

**"ဘော-သတ္တာ"**

ဟူသော ဥဒါဟာရဏ် ဖြစ်ထိုက်သော ကြောင့် အာဒိသဒ္ဒါဖြင့် သတ္ထုသဒ္ဒါကို ယူရပါသည်။

**ဘောသတ္ထာ ပယောဂသမ္ဘဝတော ဂဟိတော။**

**နီဒွေသာ။**

---

၆၉-မေး။ ။ဤသုတ်၌ "အကာရပိတာဒျန္တာဒအာ"ဟု ပထမာအနက်၌ ပဌမာ ဝိဘတ်သက်ပြီး ဆိုသိုက်ပါလျက်ဆဋ္ဌီဝိဘတ်သက်၍ ဆိုရ ခြင်း၏ အကျိုးကို ဘော်ပြခဲ့ပါ။

၆၉-ဖြေ။ ။(၁) ဝါစာသိလိဋ္ဌ-အကျိုးငှါလည်း၊

(၂) သန္ဓိ ရှေးယှက်ခြင်း၏ မရှိခြင်း အကျိုးငှါလည်း၊

ပထမာအနက်၌ ဆဋ္ဌီဝိဘတ်သက်ရပါ၏။

**ဧတ္ထ ဒျန္တာနန္တိ ဝါစာသိလိဋ္ဌတ္ထံ သန္ဓိသက်ရာ ဘာဝတ္ထံ ဝါ ပထမတ္ထေ ဆဋ္ဌီဝိဘတ္တိ။**

နီဒွေသာ။

---

အာကာသ ဓာတ်ပါ။
(အာဒေသဝိဝိသုတ်)။

၄၀-မေး။ ။"အာကာသ-ရှိသော-ဝါဘာရူ-မ" သုတ်ဖြင့် ပြုပြီးသော(အာ)ကာရိယကို ဤသုတ်ဖြင့် (အ) တဖန်ထပ်မံ၍ ပြုခြင်းသည် မည်ကဲ့သို့သော(အာလုပ်)မျိုး၌သာ ပြုရသည်ဟု ကျေနပ် မှတ်သားရအောင် ကျနစွာ ဖြေဆိုခဲ့ပါ။

၄၀-ဖြေ။ ။ အာလုပ်သည်....
(၁) အဝေး၌ တည်ရှိနေသူကို ခေါ်ဝေါ်ခြင်း၊
(၂) အနီး၌ တည်ရှိနေသူကို ခေါ်ဝေါ်ခြင်း၊
ဟူ၍ (အာလုပ်) နှစ်မျိုးရှိခဲ့ရာ အနီး၌ တည်ရှိနေသူကို ခေါ်ဝေါ်သော(အာလုပ်) ၌သာဤသုတ်ဖြင့်(အ)တဖန်ထပ်မံ၍ ပြုရပါ၏။

အဒူရဋ္ဌာသာ လပနေ ဝါယံ။
ရူပသိဒ္ဓိ။

သန္တိကေ ပဒမာလာမှ လိုရင်းအကျဉ်းချုပ်၊ ထုတ်နုတ်ဖော်ပြချက်။

(၁) တဿ ဘဂဝါ ဗောဓိရုက်၊
(၂) တဿ သုဂတ ဗောဓိရုက်၊

ဟူသော ပါဠိတော်တို့၌"ဘဂဝါ"နှင့်"သုဂတ"ဟူသော အာလုပ်ပုဒ်တို့သည် အနီး၌ တည်ရှိတော်မူသော မြတ်စွာဘုရားကိုရင်း၊ အဝေး၌

တည်ရှိတော်မူသော မြတ်စွာဘုရားကိုငှင်း၊ခေါ်ဝေါ်သော အာလုပ်ပုဒ်တို့ ဖြစ်ထိုက်သည် မဟုတ်တုံလော။

ထိုသို့ပင် ဖြစ်ထိုက်သော်လည်း''ဘဂဝါ''ဟူသော (အာလုပ်)ပုဒ်သည် အနီး၌တည်နေတော်မူခိုက်ရသနှင့်(ဘဂဝ)ဟု ရှိထိုက်ပါလျက်လည်း တစုံတခုသော ပါဠိတော်၌ မထင်မြင် မလာမရှိ။ (သုဂတ) ဟူသော အာလုပ်ပုဒ်သည်လည်း အဝေး၌ တည်နေတော်မူခိုက်၊ဒီဃနှင့် (သုဂတာ)ဟု ရှိထိုက် ပါလျက်လည်း တစုံတခုသော ပါဠိတော်၌ မထင်မြင် မလာမရှိ။အနီး၌ တည်ရှိသူကိုဖြစ်စေ၊အဝေး၌ တည်ရှိသူကို ဖြစ်စေ၊ပကတိအသံဖြင့် ခေါ်ဝေါ်လျှင် ရဿနှင့်ရှိရမည်။ ရှည်စွာသော အသံဖြင့် ခေါ်ဝေါ်လျှင် ဒီဃနှင့်ရှိရမည်။အသံတို အသံရှည်သည်သာလျှင် ပမာဏဖြစ်သည်။

ထိုမှတပါးသောမနုဿဇာတ်၌သောမနုဿမင်းသားသည် အဝေး၌ တည်ရှိနေသော ခမည်းတော်မင်းကြီးကို (ဇနိန္ဒ)ဟု ရဿ–အာလုပ်ဖြင့် ခေါ်ဝေါ်မှုထင်ရှားရှိသော ဘုရားရှင်၏ ပါဠိတော်တိုက်ရိုက်လာရှိခြင်းကြောင့် ငါဆိုအပ်သောစကားကို သန္နိဋ္ဌာန်ချ မှတ်သားအပ်၏ ဟူလိုသတည်း။

(အနက်ပေးပုံ။)

(၁) ဘဂဝါ၊ဘုန်းတော်ခြောက်ဆိုင်၊ဘဝဂ်လှိုင်ပြား၊ အိုအသျှင်မြတ်ကြီးဘုရား။ မောဠျာဂ်၊မောဠျင်တရားတို့သည်။ တည၊ စင်စစ်ကောင်းလှပါကုန်၏။

(၂) သုဂတ၊စကားကောင်းကို၊ ငြိမ့်ချောင်းသံသာ၊ခွန်းလှစ်ပြောသား၊အိုအသျှင်မြတ်ကြီးဘုရား။ ။(တူပြီ)

## သေသတော လောပံ ဂသိ ပိ။

(လောပဝိဓိသုတ်။)

၇၁-မေး။ ။ဤသုတ်၌ "လောပံ-ဂသိပိ" ဆိုပါက ပြီးကောင်းပါလျက် (သေသတော) သဒ္ဒါ ထည့်ရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

၇၁-ဖြေ။ ။"သိံ-သော-သျာ စ"စသောသုတ်တို့ဖြင့် စီရင်အပ်သော လိင်တို့၌ ဤသုတ်၏ အစီအရင် မရောက်နိုင်-ဟု သိစေလိုသော ကြောင့် (သေသတော)သဒ္ဒါကို ထည့်ရ ပါ၏။

---

၇၂-မေး။ ။ဤသုတ်၌ (သေသတော) ဟူသောပုဒ် သည် အပါဒါန်ကို ဝှဲသော"အပါဒါ" ပုဒ် ဖြစ်သောကြောင့် ဤသုတ်ဖြင့် မစီရင် ကောင်းသည့် လိင်ကို ညွှန်ပြသော အပါ ဒါန်ဖြစ်ထိုက်သော သုတ်များကို စွမ်းနိုင် သမျှထုတ်ပြခဲ့ပါ။

၇၂-ဖြေ။ ။

| | |
|---|---|
| (၁) သိံ၊ | (၆) ပုမန္တဿာသိမှိ၊ |
| (၂) သော၊ | (၇) သခါတော ဂဿေ ဝါ၊ |
| (၃) သျာ စ၊ | (၈) ဃတေ စ၊ |
| (၄) အာသိမှိ၊ | (၉) အဝဏ္ဏာစ ဂေ၊ |
| (၅) အံ နပုံသကေ၊ | (၁၀) ဗြဟ္မတော ဂဿ စ၊ |

စသော သုတ်များသည် အပါဒါနိဖြစ်ထိုက်သော သုတ်များဖြစ်ပါသည်။

---

၇၃-မေး။ ။"သိ" ဟူသောသုတ်မှ (သိ) သဒ္ဒါကို အလိုက်ခံ၍ "သောသတောလောပံအပိ" ဟု တည်ပါက ပြီးနိုင်ပါလျက် (ဂ) သဒ္ဒါ အထူးပြု၍ "သောသတောလောပံဂသိပိ"ဟု တည်ရခြင်း၌ အကျိုးကို ပြဆိုခဲ့ပါ။

၇၃-ဖြေ။ ။အခြားသော သုတ်၌ (သိ)ဟု ပါရှိခဲ့ပါလျှင်

(၁) "ဂ"အမည်မရှိသော သိဝိဘတ်၊

(၂) "ဂ"အမည်ရှိသော သိဝိဘတ်၊

ဤနှစ်မျိုး တို့တွင် (ဂ)အမည် မရှိသော သိဝိဘတ်ကိုသာ ယူရမည်။(ဂ) အမည်ရှိသော သိဝိဘတ်ကို မယူရ။ ဤသုတ်၌ ကား (ဂ)သဒ္ဒါကို ထည့်စွက်၍ မိန့်ခြွက်ခြင်းကြောင့်

(၁) "ဂ" အမည်မရှိသော သိဝိဘတ် ကိုသာ ယူရမည်မဟုတ်သေး၊

(၂) "ဂ"အမည် ရှိသော သိဝိဘတ်-ကို လည်း ယူရမည်ဟု သိစေခြင်း အကျိုး ရှိပါ၏။

ဋ္ဌေ စ သတိပိ သိဂ္ဂဟကော ဂဏှာတိဝစနမေဝ
ဉာပက မညတ္တာပိ သိဂ္ဂဟကော အာလပနဂ္ဂ
ဟဏာဿ။

ရူပသိဒ္ဓိ။

(ဤ၌ "အာလပနာဂဟဏာဿ"-ဟု မူကွဲရှိ၏။)

---

၇၄-မေး။ ။"သောသတောသောပံဂသိ" ဟူ၍သာ မဆိုပ်ပဲ အပိ-သဒ္ဒါကို ထည့်စွက်၍ မိန့်မြွက်ရခြင်း၏ အကျိုးကို ဖော်ပြပါ။

၇၄-ဖြေ။ ။"ဂ"အမည်မရှိသော သိဝိဘတ် ကျေခြင်း တည်းဟူသော နှစ်ရမြောက်သော အနက်ကို ပေါင်းခြင်းအကျိုးရှိပါ၏။

အပိဂ္ဂဟဏံ ဒုတိယ သမ္ပိဏ္ဍနတ္ထံ။

ရူပသိဒ္ဓိ။

---

၇၅-မေး။ ။ ဤသုတ်၏ ဝုတ္တိ၌....

(က) သော-သဏ္ဍာ၊

(ခ) သော-ရာဇာ၊

ဟူသော ဥဒါဟရဏ် (၂)ခု တို့သည် အချို့သော စာမူတို့၌ ပါရှိ ကျန်အချို့သော စာမူတို့၌ မပါမရှိကြချေ မည်သည့်မူသည် သုတ်နှင့်ညီညွတ်သည်ဟု ထင်မြင်ချက် ရေးခဲ့ပါ။

၇၅-မြေ။ ။

(က) သော သတ္တာ၊

(ခ) သော ရာဇာ၊

ဟူသော ဥဒါဟရဏ်တို့သည် (သေသ တော) ၏ အပါဒါန် ဖြစ်ထိုက်သော "သျာစ" စသော သုတ်တို့ဖြင့် စီရင်အပ်, သည် ဖြစ်၍ ၎င်းဥဒါဟရဏ်တို့ မပါမရှိ သော(စာမူ) သည်သာလျှင် သုတ်နှင့်ညီ ညွတ်၍ သင့်တင့်မည်ဟု ထင်မြင်ချက် ရှိပါ၏။

## အခင်ပွါယ် ရှင်းလင်း ဘောင်ပြချက်။

ဤသုတ်၏ အစီအရင်သည် (၇၂) အမှတ် အဖြေ၌ ပြဆိုအပ်ခဲ့ပြီးသော

"သိံ-သော"

စသော သုတ်တို့၏ အစီအရင်မှ ကြွင်းကျန်သော သိဝိဘတ်ကိုသာ ချေသော လောပဝိဓိ-သုတ်ဖြစ်သည်။ သို့ပါလျက်

"သတ္တာ-ရာဇာ"

ဟူသောဥဒါဟရဏ်တို့သည်အဆိုပါသုတ်တို့ဖြင့်စီရင်အပ်သောသိဝိဘတ် ပါရှိသော ဥဒါဟရဏ်တို့ ဖြစ်နေသောကြောင့် သုတ်နှင့် ဆန့်ကျင်သကဲ့သို့ ရှိနေပေသည်။

ရူပသိဒ္ဓိ-နျာသ ဆရာတို့လည်း ၎င်းဥဒါဟရဏ် နှစ်ခုကို ဖွင့်လှစ်တော်မမူကြပဲ ချန်လှပ်တော်မူကြသောကြောင့် ရှေးဆရာတော်ကြီးတို့သည်

"သော သဒ္ဒါ"

"သော ရာဇာ"

ဟူသော ဥဒါဟရုဏ် နှစ်ခု၏ ရုပ်ပြီးမှုကို အလိုတော် မရှိကြကုန်ဟု နိဒ္ဒေသ၌ ပြတော်မူလျက်ရှိ၏။ သို့ပင်ဖြစ်လင့်ကစား သဒ္ဒနီတိ၌မူကား အထင်အရှားထုတ်ပြထားသဖြင့်မသင့်ဟုဆိုရန်လည်း ကေန်ခဲယဉ်းလျက် ရှိပေသည်။

အပရေဆရာတို့၏ အလိုအားဖြင့် သဒ္ဒနီတိ၌ မိန့်ဆိုချက်ရှိခြင်း ကြောင့် "သဒ္ဒါ-ရာဇာ" တို့၏ ရုပ်ပြီးမှုကို အလိုရှိကြကုန်၏။

နိရုတ္တိသာရ-မဉ္ဇူသာ ဋီကာ၌

အပရေဝါဒအရ-ရုပ်စီရင်ပြပုံ၊

"သဒ္ဒါ"ကို သဒ္ဒုတည်။ သိ-ဝိဘတ်သက်၊ "သဒ္ဒုပိတာဒီနံ-မာ သိသ္မိံ သိလောပေါ စ" သုတ်၌ "သဒ္ဒုပိတာဒီနမာသိသ္မိံ" ဟူသော (ဒွိဓာကရဏယောဂဝိဘာဂ)ဖြင့် သဒ္ဒုသဒ္ဒါ၏ အစိတ် (ဥ) ကို အာ-ပြု။ "သေသတော လောပံ ဂသိပိ" သုတ်ဖြင့် သိဝိဘတ်ကို ချေ။ ပြီး၏။

"ရာဇာ"ကို ရာဇ-တည်။ သိဝိဘတ်သက်၊ ဇ-ခွင်း၊ အ-ကြွင်းစေ။ (သန္ဓိ-တတိယပိုင်းလာ) "ဒီဃံ" သုတ်ဖြင့်အ-ကိုအာ-ဒီဃပြု။ ဇ-ကိုအာ-သို့ကပ်။ "သေသတော လောပံဂသိပိ" ဟူသော ဤသုတ်ဖြင့် သိဝိဘတ်ကိုချေ။ ပြီး၏။

နိဒ္ဒေသအလို။

(က) အကာရပိတာဒျန္တာနမာ၊

(ခ) အာကာရောဝါ၊

သုတ်တို့ကို ဆိုအပ်လတ္တံ့ဖြစ်သောကြောင့်

"ဘော သတ္တ-ဘော သတ္တာ"

"ဘောရာဇ-ဘောရာဇာ"

ဟူသော (အာလုပ်) ဥဒါဟရုဏ်တို့သည်သာ အလွန် သင့်မြတ်လှကုန်သတည်းဟု နိဒ္ဒေသဥ္ မိန့်တော်မူသတည်း။

(၁) သတ္တာ-ရာဇာ၊ ဤသုတ်မှာ၊ ရူ-ဥာ-မဖွင့်ပေ။

(၂) ထိုကြောင့်ရကား၊ ဆရာများ၊ ထည့်ထား မလိုချေ။

(၃) သဒ္ဒနီတိယံ၊ ထည့်ထားပြန်၊ ပယ်ရန်ဒုက္ကရေ။

(၄) အာလုပ်ပုဒ်သာ၊ ယုတ္တတရာ၊ မိန့်မှာ နိဒ္ဒေသေ။

ဧအောင်မြေဘုံခံ နိယံ။

---

## ယံ ကရောတိ တံ ကမ္မံ။

(သညာသုတ်။)

၇၆-မေး။ ။ကံ၏ အရ ကျနစွာသိရအောင် စွမ်းနိုင်သမျှ ဝစနတ္ထ ပြုပြီးလျှင် အကျဉ်းမျှ ကောက်ပြခဲ့ပါ။

၇၆-ဖြေ။ ။(၁) ကရိယာတော ပါပုဏီယတေတိ ကမ္မံ။ သွားခြင်း စသော ကြိယာ တို့ဖြင့် ရောက်အပ်သော ကြိယာ ပါပုဏနသတ္တိသည် ကံမည်ပါ၏။

(၂) ကရဏံ ကမ္မံ။ ပြုခြင်း စသော ကြိယာသည် ကံ မည်ပါ၏။

ယံ ကြိယာဘိဂန္တဗ္ဗံ၊
တံ ကမ္မံ ယံ ကရီယတေ။
ဇာတိသတ္တိ တဒါ ကမ္မံ၊
ကရဏတ္တံ ကြိယာ တထာ။

ဘောဒစိန္တာ။

အဓိပ္ပါယ်။

ပြုလုပ်အပ်သမျှ အပြုအလုပ်ခံရသမျှကို (ကံ)ဟု သာမန်အားဖြင့် မှတ်ထားပါ။

(အကျယ်ကို ကာရကဉ္ဇ တွေ့မြင်ရလတ္တံ့။)

ကမ္မဒွေဝုဒ္ဓ ဒုတိယာ။
(ဝိဘတ္တိဝိမိသုတ်။)

၇၇-မေး။ ။ဤသုတ်ကို "ကာရကေတတိယာ"သုတ်၌ ကဲ့သို့ "ကမ္မေ ဒုတိယာ" ဟု မဆိုမူ၍ အဘယ်အကျိုးငှါ "ကမ္မတ္ထေ ဒုတိယာ" ဟု မိန့်ဆိုရပါသနည်း။

၇၇-ဖြေ။ ။(၁) ကံ၌၎င်း၊
(၂) ကမ္မတ္ထ၌၎င်း၊
(၃) ကြိယာဝိသေသန
စသည်၌၎င်း၊ ဒုတိယာဝိဘတ်သက်ရ၏ဟု သိစေခြင်းအကျိုးငှါ "ကမ္မတ္ထေ ဒုတိယာ"ဟု မိန့်ဆိုရာ၏။

(နိဒ္ဒေသအလို။)
(အကျယ်ကို ကာရကရောက်မှ ဆိုမည်။)

## ယော ကာရောဒိ သကတ္တာ။

(သညာသုတ်။)

၇၈-မေး။ ။(က) ကတ္တား၏ အရကိုင်း၊
(ခ) ကတ္တား မည့်ခြင်း၏ အကြောင်းကိုင်း၊
ဘော်ပြခဲ့ပါ။

၇၈-ဖြေ။ ။(က) ယောကျ်ားဖြစ် စသည်၌ တည်သော ကြိယာနိပ္ဖာဒနသတ္တိသည် ကတ္တားမည်ပါ၏။

**အကြောင်းကား**

(ခ) ကြိယာကို ပြီးစေ တတ်သည့်၏ အဖြစ်ကြောင့်တည်း။

**အမှာ။**

**သွားတတ်- စားတတ်-ပြုလုပ်တတ် သမျှကို (ကတ္တား)ဟု သာမန် အားဖြင့် မှတ်ထားပါ။**

**(အကျယ်ကို ကာရကန်၌ တွေ့ရလတ္တံ့။)**

---

## ကဥ္စရိ စ။

(၆၆သုတ်။)

၇၉-မေး။ ။ဤသုတ်ပါ "စ"သဒ္ဒါ၏ အနက်ကို ဘော်ပြခဲ့ပါ။

၇၉-ဖြေ။ ။ စ-သဒ္ဒါဖြင့်....

အဓိပတိ ကတ္တား အနက်၌သာ တတိယာ ဝိဘတ် သက်ရသည်မဟုတ်သေး၊

(၁) ဇာတကံ့ဘူတလက္ခဏ၊

(၂) ကြိယာပဝဂ္ဂ၊

(၃) ပုဗ္ဗာဒိယောဂ

အနက် စသည်တို့၌လည်း တတိယာ ဝိ ဘတ် သက်ရ သေး၏ဟု ဆည်းခြင်း သမုစ္စယအနက် ရှိပါ၏။

**(အကျယ်ကို ကာရက၌ တွေ့ရလတ္တံ့။)**

---

**အဓောဝနေန။**

**(အာဒေသဝိဓိသုတ်။)**

၈၀-မေး။ ။"အဓော နေနေ"ဟု ဝိဘတ်နှင့် တကွ သုတ်ကို တည်ထား ထိုက်ပါလျက် "အဓောနေန"ဟု ဝိဘတ် မပါဝဲ သုတ်ကို တည်ထားရခြင်း၏ အကြောင်းကို ကျနစွာ ဖြေဆိုခဲ့ပါ။

၈၀-ဖြေ။ ။ သုတ်ကို ညွှန်ပြခြင်းသည်....

(၁) သဝိဘတ္တိကနိဒ္ဒေသ (ဝိဘတ်နှင့်တကွ ညွှန်ပြခြင်း)

(၂) အဝိဘတ္တိကနိဒ္ဒေသ (ဝိဘတ် မဲ့-ညွှန် ပြခြင်း)

ဤနှစ်ပါး ရှိသည်တို့တွင် ဤသုတ်၌ (အဝိ
ဘတ္တိကနိဒ္ဒေသ)အားဖြင့် သုတ်ကို ညွှန်ပြ
လိုသောကြောင့် "အတောနေန"ဟု သုတ်
ကို တည်ထားရပါ၏။

**နောတိ အဝိဘတ္တိက နိဒ္ဒေသော။**

**ရူပသိဒ္ဓိ။**

---

**၇၁-မေး။** ။"သုဟိသွကာရော၊" သုတ်မှ (အကာ
ရော)သဒ္ဒါ အလိုက်ခံပြီးလျှင် (အတော)
သဒ္ဒါ မထည့်တော့ပဲ (နေန)ဟု တည်
ထိုက်ပါလျက် (အတော) သဒ္ဒါ ထည့်ရ
ခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

**၇၁-ဖြေ။** ။(အကာရော)သဒ္ဒါကို အလိုက်ခံပါလျှင်
၎င်းသည် ကာရီအဖြစ်ဖြင့် လိုက်လာ ပေ
လိမ့်မည်။ဤသုတ်၌ကား ကာရီရှိပြီးဖြစ်၍
ကာရီကို အလိုမရှိ၊ အကာရော- သဒ္ဒါ၏
နိမိတ်အဖြစ်ဖြင့် လိုက်လာခြင်း ကိုသာ
အလိုရှိအပ်၏။ထို့ကြောင့် ကာရီ-အဖြစ်
ဖြင့် လိုက်လာမှုကို နှစ်စေခြင်း အကျိုးငှါ
(အတော)သဒ္ဒါကို ထည့်ရပါ၏။

**ကာရီနိဝတ္တနတ္ထံ။** ။**နိဒ္ဒေသ။**

## ကစ္စာယန ဝဏ္ဏနာ၌ ဆင်ခြင်ဘွယ်။

သုဟိသွကာရောစတေိ ဠတော အကာရေ အန္န
ဝတ္တမာနေ ပုန အကာရသုစ္စာရဏံ ကာရိယသ
နိဝတ္တနတ္ထံ။ ။(ကစ္စာယနဝဏ္ဏနာ။)

### အဓိပ္ပါယ်။

သုဟိသွကာရောစေ-သုတ်မှ (အ) အက္ခရာ လိုက်ပါလာလျက် ဤသုတ်၌ တဖန် (အတော)ဟု (အ)အက္ခရာကို ရွတ်ဆိုခြင်းသည် ကာရိယကို နှစ်စေခြင်းအကျိုးရှိ၏ ဟူလို။

သဒ္ဒါကျမ်းတို့၏ ထုံးစံစည်းမျဉ်းမှာ......

(က) ကာရိနာ ဟညတေ ကာရီ (ကာရီတခုဖြင့် ကာရီ တခုကို သတ်မြဲ။)

(ခ) ကာရိယံ ကာရိယေန ဝါ (ကာရိယတခုဖြင့် ကာရိယတခုကို သတ်မြဲ။)

(ဂ) နိမိတ္တန္တံ၊ နိမိတ္တေန (နိမိတ်တခုဖြင့် နိမိတ်တခုကိုသတ်မြဲ။)

(ဃ) ယံ သေသံ အနုဝတ္တတေ (မသတ်အပ်သော အကြွင်းသည် လိုက်မြဲ။)

ဟု မိန့်ဆိုလျက် ရှိခြင်းကြောင့် ဤသုတ်၌ (နာ) ဟူသော ကာရီဖြင့် (အကာရော)ဟူသော ကာရီကို သတ်လေပြီ၊ (နေ)ဟူသော ကာရိယဖြင့် (ဧ)ဟူသော ကာရိယကို သတ်လေပြီ။ (အတော)ဟူသော ပဉ္စမီနိမိတ်ဖြင့် "သဗ္ဗနာမာနံ နမှိ စ" သုတ်၏ (နမှိ)ဟူသော နိမိတ်ကို သတ်လေပြီ။ တစုံတရာ သတ်ရန် နှစ်စေရန် မရှိတော့ပြီ။ ထို့ကြောင့် ဤသုတ်၌ အတော–ဟု(အ)အက္ခရာကို ရွတ်ဆိုခြင်းသည် ကာရိယကို နှစ်စေခြင်း အကျိုးရှိ၏-ဟူသော စကားကို သင့်မသင့် ဆင်ခြင်ဘွယ်ရှိသတည်း။

---

၈၂-မေး။ ။ဉာသုတ်၌ (အတော)ဟု သာမည မိန့်ဆို ထားသောကြောင့်

(၁) ပုဒ်လုံးဖြစ်သော-အ၊

(၂) အစိတ်ဖြစ်သော-အ၊

ဟု နှစ်မျိုးရှိသည်တို့တွင် အဘယ်(အ)ကို ယူရပါအံ့နည်း။

၈၂-ဖြေ။ ။သာမညပင် ဖြစ်သော်လည်း လိင်၏ အစိတ်ဖြစ်သော (အ)ကိုသာလျှင် ယူအပ်ပါ၏။

**လိင်္ဂဿ သမ္ဗန္ဓိ အကာရော ဒွေဓာပဋ္ဌတော၊**

ရူပသိဒ္ဓိ။

**ဉာဒေါမှိ အတောတိ သာမညေန ဝုတ္တေပိ အဝယဝါကာရောဝ ဂဟေတဗ္ဗော၊ အကာရော ဧတဿ အတ္ထီတိ အ ဉာတိ ဝိဂ္ဂဟေန အာကာရန္တံ လိင်္ဂံ ဂဟေတဗ္ဗံ။**

နိဒ္ဒေသ။

---

၈၃-မေး။ ။ဉာသုတ်သည် လိင်သုံးပါး တို့တွင် အဘယ်လိင်၌ စီရင်အပ်ပါသနည်း။

၈၃-ဖြေ။ ။ပုလ္လိင်- နပုလ္လိင် နှစ်ပါးတို့၌သာ စီရင်အပ်ပါ၏။

---

## သုပဟိသွကာရော ၆။

(အာဒေသဝိဓိသုတ်။)

၇၄-မေး။ ။ဤသုတ်ကို ဝိဘတ်အစဉ်အား လျော်စွာ "ဟိသုသွကာရော ၆"ဟု ဆိုသင့်ပါလျက် ဝိဘတ်အစဉ်ကို ဖျက်၍ "သုပဟိသွကာရော ၆"ဟု ဆိုရခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

၇၄-ဖြေ။ ။(၁) တလုံးသော(သု)ဝိဘတ် ကျေခြင်းကို တားမြစ်ခြင်းအကျိုးငှါရင်း၊

(၂) ရွတ်လွယ်စေခြင်း အကျိုးငှါရင်း၊

"သုပဟိသွကာရော၆"ဟု မိန့်ဆိုရပါ၏။

ဧကေသ သုဝစနဿ လောပ နိဝါရဏတ္ထံ သုခုစ္စာရဏတ္ထံ ဝါ ဧဝံ ဝုတ္တံ။

နိဒ္ဒေသ။

---

## သွာပဟိသွံ နံ မှာဘိမှိ ဝါ။

(အာဒေသဝိဓိသုတ်)။

၇၅-မေး။ ။ဤသုတ်ကို ဝိဘတ်အစဉ်အတိုင်း(ဟိ-သ္မာ-သွံ-နံ)စသည်ဖြင့် ဆိုထိုက်ပါလျက် မဆိုမူ၍ (သွာ-ဟိ-သွံ-နံ) စသည်ဖြင့် ဝိဘတ် အစဉ်ကို ဖျက်၍ ဆိုရခြင်း၌ အကျိုးကိုရေးခဲ့ပါ။

၈၅-ဖြေ။ ။"ဒီဃောရေဟိ" သုတ်သို့ (သ္မာ)ဝိဘတ် လိုက်စေခြင်းအကျိုး ရှိပါ၏။

သ္မာဝစနဿ ဒီဃောရေဟိသုတ္တဿ အနု ဝတ္တနတ္ထံ။

နိဒ္ဒေသ။

ဟိသ္မာသ္မိံနဉ္စ အဝတွာ ဧဝံ ဝစနံ သ္မာဂ္ဂဟဏဉ္စ ဥတ္တရတြာပိ ဝတ္တတေတိ ဉာပနတ္ထံ။

ဉျာသ။

---

၈၆-မေး။ ။ဤသုတ်ဖြင့် ဟိ-ကို(ဘိ)ပြုပြီးသော ဘိ-နိမိတ် နှောင်းခြင်းနှင့် (ဘိ) မပြုပဲထားသော (ဟိ) နိမိတ် နှောင်းခြင်းတို့၏ ထူး မထူးကိုဖော်ပြရေးသားခဲ့ပါ။

၈၆-ဖြေ။ ။ဤသုတ်ဖြင့် (ဘိ)ပြု ပြီးသော နိမိတ် နှောင်းရာ၌ ဧသရကို (ဒီဃ) မပြုရပါ။ (ဟိ) နိမိတ်နှောင်းရာ၌မူကား ဧသရကို (ဒီဃ)ပြုရပါ၏။

(ဤကား အထူး)။

ဟိ-ကိုကား ဘိ၊ ပြုလျက်ရှိ၊ နတ္ထိ ဒီဃတ္တံ။

ဆရာတော် ဦးဗုဓ်။

---

၈၇-မေး။ ။ဤသုတ်၏ ဝုတ္တိ-၌ (သဗ္ဗတော လိင်္ဂ တော)ဟု"ပက္ခိပနဝုတ္တိ"ဖြင့် ဖွင့်ပြခြင်း၏ အကြောင်းကို ဖော်ပြပါ။

၇၇-ဖြေ။ ။အလုံးစုံ ကုန်သော လိင်သုံးပါးတို့၏ နောက်၌ မှာ-ဘိ-မှိ-ပြုရသည်ဟု သိစေလိုသောကြောင့် (သဗ္ဗတော-လိင်္ဂတော) ဟု "ပက္ခိပနဝုတ္တိ"ဖြင့် ဖွင့်ပြရပါ၏။

သဗ္ဗသဒ္ဒေန စေတ္ထ လိင်္ဂတ္တယံ ဂဟိတံ။

ကစ္စာယနဝဏ္ဏနာ။

## ဝါဒကွဲများကို တောင်ပြချက်။

### (နိဒ္ဒေသအလို)။

"ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ''ဟု မိန့်ဆိုအပ်သောကြောင့် အလုံးစုံ ကုန်သော ဝိဘတ်-ပစ္စည်းတို့သည် လိင်ပုဒ်၏ နောက်၌သာ သက်သတည်းဟု သိစေလိုသောကြောင့် "သဗ္ဗတော လိင်္ဂတော" ဟူသော "ပက္ခိပနဝုတ္တိ''ကို ထည့်တော်မူ၏။

ဤသုတ်၏ အစီအရင်သည်"သဗ္ဗတော လိင်္ဂတော"ဟု မိန့်ဆိုခြင်းကြောင့် လိင်သုံးပါးလုံး၌ စီရင်ရမည်မဟုတ်။(သဗ္ဗ)သဒ္ဒါသည် အကြွင်းအကျန်ရှိသော (သဗ္ဗ)ဖြစ်၍ ပုလ္လိင်,နပုလ္လိင်တို့၌သာ စီရင်ရမည်။

သဗ္ဗံ ပုန္နပုံသကလိင်္ဂံ သင်္ဂဟိတံ ဧဝံ ဝုတ္တံ၊
သပ္ပဒေသောဟေသ သဗ္ဗသဒ္ဒေါ။

### (သဒ္ဒနီတိအလို)။

(၁) ဟိ-ကို ဘိ-ပြုခြင်းသည် လိင်သုံးပါး၌ပင် ဖြစ်၏။

(၂) ဂါထာအရာ၌ အချို့သော ဣတ္ထိလိင်၏ နောက်၌ မှာ-မှိ-ပြုရ၏။

(၃) စုဏ္ဏိယအရာ၌ ဣတ္ထိလိင်၏ နောက်၌ မှာ-မှိ-အပြုမရှိထိုက်။

ကုသဝတိမှိ။ ။(စရိယာပိဋက)။
ဗလာကယောနိမှိ။ ။(ဥပါလိအပဒါန်)။
ဘိ-ပြ-ဟိ-မှာ၊သုံးလိင်သာ၊ မှာ,မှိ ပုန်း နပုန်း။
မာန်သည် နိယံ။

(၁) လိင်သုံးပါရှိ၊မှာ,ဘိ,မှိ၊ပြ၏ ဝဏ္ဏနေ။
(၂) ပုံ,နပုံ,မှာ သာ၊ခွင့်ပြုရှာ၊မိန့်မှာ နိဒ္ဒေသေ။
(၃) ဂါထာမှာရှိ၊ချို့ဥဒ္ဓိ၊မှာ,မှိ ပြုပါလေ။
(၄) စုဏ္ဏိယရှိ၊ထိုဥဒ္ဓိ၊မှာ,မှိ မပြုထိုက်ချေ။
(၅) လိင်သုံးပါးရှိ၊ ဟိ-ကို ဘိ၊နိတိ မိန့်ခွန်းချွေ။
အောင်မြေဘုံစံ နိယံ။

---

ယောနိ ဝါ ကရိယာတော တံ ကရဏံ။
(သညာသုတ်။)

**၁၁-မေး။** ။ကရိဏ်းကိုဣင်း၊ ကရိဏ်း မည်ခြင်း၏ အကြောင်းကိုဣင်း၊ဘော်ပြခဲ့ပါ။

**၁၁-ဖြေ။** ။တစ်ဥ္ဒြဗ် စသည်တို့၏ ကြိယာသာ ဓက တမသတ္တိသည် (ကရိဏ်း) မည် ပါ၏။

ကြိယာ ပြီးစီးခြင်း၏ အကြောင်းဖြစ်၍ ကတ္တားအား အလွန်ကျေးဇူး ပြုတတ် သည်၏ အဖြစ်ကြောင့် ကရိဏ်းမည် ပါ၏။

အမှာ။

ကြိယာပြီးခြင်း၏ အကြောင်းဟူသမျှကို (ကရိုဏ်း)ဟု သာမန်အားဖြင့် မှတ်ထားပါ။

(အကျယ်ကို ကာရကဏ္ဍ မြင်ရလတ္တံ့။)

---

ကရဏော တတိယာ။

(ဝိမိသုတ်။)

၈၉-မေး။ ။ဤသုတ်ဖြင့် ကရိုဏ်းအနက်၌သာ တတိယာဝိဘတ် သက်နိုင်သည်၊ အခြားသော အနက်တို့၌ မသက်နိုင်ဟု မှတ်ရအံ့လော၊ ဆုံးဖြတ်ခဲ့ပါ။

၈၉-ဖြေ။ ။ကရိုဏ်းအနက်၌သာ တတိယာဝိဘတ် သက်နိုင်သည် မဟုတ်ပါ။

(၁) သဟာဒိယောဂ၊ (၄) သတ္တမီ၊
(၂) ကတ္တား၊ (၅) အင်္ဂဝိကာရ၊
(၃) ဟိတ်၊ (၆) ဝိသေသန၊

အနက်တို့၌လည်း သက်နိုင်ပါသေး၏။

(အကျယ်ကို ကာရကဏ္ဍ တွေ့ရလတ္တံ့။)

---

ယသ္မာ ဒါတုကာမော ရောစတေ
ဓာရယတေ ဝါ တံ သမ္ပဒါနံ။

(သညာသုတ်။)

၉၀-မေး။ ။ဤသုတ်သည် မည်သည့် အရာကို ပြ

သောသုတ်ဖြစ်သည်ဟု ထင်ရှားအောင် ပြဆိုခဲ့ပါ။

၆၀-ဖြေ။ ။အကြွင်ပုဂ္ဂိုလ်အား....
(၁) ပေးလို၏၊
(၂) နှစ်သက်မြတ်နိုး၏၊
(၃) ဆောင်နှင်း၏၊
ပေးရော၊နှစ်သက်မြတ်နိုးရော၊ ဆောင်နှင်းရော၊ ဖြစ်သော ထိုပုဂ္ဂိုလ်သည် သမ္ပဒါန်မည်၏-ဟု သမ္ပဒါန်အမည်ကို ပြသောသုတ်ဖြစ်ပါ၏။

(အကျယ်ကို ကာရကန္၌ မြင်ရလတ္တံ့။)

---

သမ္ပဒါနေ စတုတ္ထီ။
(ဝိဓိသုတ်။)

၆၁-မေး။ ။ဤသုတ်ဖြင့် စတုတ္ထီဝိဘတ် သက်ခြင်းသည် မည်ကဲ့သို့သော ကာရကတို့၌ သက်ရသည်ဟု ဖြေဆိုခဲ့ပါ။

၆၁-ဖြေ။ ။(၁) ယဿ ဒါတုကာမော....၊
(၂) ဒိလာစာ ဟန္ဒာ....၊
နှစ်သုတ်တို့ဖြင့် မှည့်အပ်သော သမ္ပဒါန ကာရက၌သာလျှင် သက်နိုင်ပါ၏။

---

## သာဂမော သော။

(ဝိမိသုတ်။)

၉၂-မေး။ ။ဤသုတ်၌ နိမိတ်ဖြစ်ထိုက်သော (သ) ဝိဘတ်သည် စတုတ္ထီ-ဆဋ္ဌီ-နှစ်လုံးရှိသော ကြောင့်"သာဂမောသောသု"ဟု ဗဟုဝုစ် နှင့် ဆိုထိုက်ပါလျက်(သော)ဟု ဧကဝုစ်နှင့် ဆိုရခြင်း၏ အကြောင်းကို ပြပါ။

၉၂-ဖြေ။ ။စတုတ္ထီ-ဆဋ္ဌီ-(သ) ဝိဘတ် နှစ်လုံးပင် ရှိသော်လည်း (သ)ဝိဘတ်ချင်း တူသော ဇာတ်ကို ငဲ့သောအားဖြင့် ဧကဝုစ်နှင့် (သော)ဟု မိန့်ဆိုပါ၏။

(ဇာတိပဒတ္ထိကဆရာ၏ အလို။)

**ဧတ္ထ ဟိ သတိပိ စတုတ္ထီ ဆဋ္ဌီသကာရဒွယေ ဇာတိပဒတ္ထိ ကာစရိယာမတေန သောတိ ဧက ဝစနံ ကတံ။**

**နိဒ္ဒေသ။**

**ဇာတ်ကိုအနေ၊ဟောရိုးထွေ၊ချလေဧကဝုစ်။**

**တောတွင်းနိယံ။**

**တနည်းကား**

**(သောသု)** ဟု ဗဟုဝုစ်နှင့် ဆိုထိုက်ပါ သော်လည်း၊

"သော စ သော စ သော"၊

ဟု ကေဩသိသ်နည်းအားဖြင့် ကေဝုစ်နှင့် (သေ)ဟု မိန့်ဆိုပါ၏။

**(ဒုမ္ဗပဒတ္ထိကဆရာ၏ အလို။)**

**ဒုမ္ဗပဒတ္ထိကာစရိယမတေနာပိဝါ သော စ သော စ သောတိ ကေသေသနယေန ကေဝစနံ ကတံ။**

**နိဋ္ဌေသ။**

---

၉၃-မေး။ ။ဤသုတ်သည် လိင်သုံးပါးလုံး၌ပင် စီရင်နိုင်၊မစီရင်နိုင်၊ အထောက်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

၉၃-ဖြေ။ ။(သဗ္ဗတော လိင်မှာ)ဟူသော ဝုတ္တိကို ထောက်ဆ၍

(၁) ပုရိသသော၊ **(ပုလ္လိင်)**

(၂) ဗုဒ္ဓမာတုသော၊ **(ဣတ္ထိလိင်)**

(၃) စိတ္တသော၊ **(နပုလ္လိင်)**

ဤလိင်သုံးပါးလုံး၌ပင် (သ) ဝိဘတ်လာခြင်းကို စီရင်နိုင်ပါသည်။

**ရူပသိဒ္ဓိ။**

**တနည်းကား**

(၁) ပုလ္လိင်၊

(၂) နပုလ္လိင်၊

ဤနှစ်ပါးတို့၌သာ (သ)ဝိဘတ်လာခြင်းကို
စီရင်နိုင်ပါ၏။

**ပုံနပုံသကေသု သေ သာဂမော။**

သဒ္ဒနီတိ။

**ဣဒံ ပန သုတ္တံ ဒွိသု ပုမနပုံသကေသု ဝိဟိတံ။**

နိဒ္ဒေသ။

---

**သုနံဟိသု စ။**

**(အာဒေသဝိဓိသုတ်။)**

၃၄-မေး။ ။ဤသုတ်ကို ဝိဘတ်အစဥ်အားလျော်စွာ
(ဟိနံသုသုစ)ဟု တည်ထားထိုက်ပါလျက်
ဝိဘတ်အစဥ်ကိုဖျက်၍ တည်ထားခြင်း
၏ အကျိုးကို ဆော်ပြပါ။

၃၄-ဖြေ။ ။(၁) သု-ဝိဘတ်တလုံး၏ ကျေခြင်းကို
နှစ်စေခြင်းအကျိုးငှါရင်း။

(၂) သုခုစ္စာရဏ အကျိုးငှါရင်း၊
**(သုနံဟိသုစ)**ဟု ဝိဘတ်အစဥ်ကို ဖျက်၍
တည်ထားရပါ၏။

**ဝိဘတ္တာနုက္ကမာနု လောမေန ဟိနံသုသုစာတိ ဝတ္တဗ္ဗေ ကေသ သုဝစနဿ လောပနိဝါရဏတ္ထံ။ သုခုစ္စာရဏတ္ထံ ဝါ ဧဝံ ဝုတ္တံ။**

နိဒ္ဒေသ။

---

၉၅-မေး။ ။(သုနှံဟိသု)ဟု သုတ်ကို တည်ထားလျှင် ပြီးစီးနိုင်ပါလျက် အဘာယ်အကျိုး၌ စ-သဒ္ဒါကို ထည့်၍ မိန့်တော်မူပါသနည်း။

၉၅-ဖြေ။ ။ စ-သဒ္ဒါဖြင့်....

သု,နံ,ဟိ-ဝိဘတ်တို့ နှောင်းသောအချို ရ-ကာရန္တ, ဥကာရန္တ- ဥဒါဟရဏ်တို့၌ ဤသုတ်ဖြင့် ဒီဃမပြုရဟုမြစ်ခြင်းအကျိုး၌ စ-သဒ္ဒါကို ထည့်၍ မိန့်ဆိုရပါ၏။

**စဂ္ဂဟဏမိကာရုကာရာနံ ကွစိ နိဝတ္တနတ္ထံ။**

ရူပသိဒ္ဓိ။

တနည်းကား

သု,ဟိ-ဝိဘတ်တို့ နှောင်းကုန်သော အာ-ကာရန္တ ဥဒါဟရဏ်တို့၌သာ ဒီဃမပြုရဟု တားမြစ်ခြင်း အကျိုး၌ စ-သဒ္ဒါကို ထည့်၍ မိန့်ဆိုရပါ၏။

**နိဝတ္တနတ္ထဉ္စ၊ သုဟိသု ကာရောတော် သုတ္တမ-ပေက္ခာယ သုဟိပရေသု အကာရန္တေ သွေဝ ဟောတိ။**

နိဒ္ဒေသ။

---

၉၆-မေး။ ။ဤသုတ်လာ စ-သဒ္ဒါ၏ မိမိသုတ်၏ အစီအရင်ကို တားမြစ်သော နိဝတ္တာပန

အဝဝါရဏ-အနက်ကို ကြည့်၍ ဖြစ်ထိုက်သော ဝိဓိများကို ထုတ်ဆောင်ရေးသားခဲ့ပါ။

၉၆-ဖြေ။ ။ဖြစ်ထိုက်သော ဝိဓိများ။

(၁) နံဝိဘတ်နှောင်းခြင်း
(၂) အကာရန္တဖြစ်ခြင်း } ဤအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော ဥဒါဟရဏ်တို့၌ နိစ္စဝိဓိ (ပုရိသာနံ)

(၁) သု,ဟိ-နှောင်းခြင်း
(၂) ဣ-ဥကာရန္တဖြစ်ခြင်း } ဤအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော ဥဒါဟရဏ်တို့၌ အနိစ္စဝိဓိ(ဘိက္ခူသု-ပါဏီဘိ၊

(၁) သု,ဟိနှောင်းခြင်း
(၂) အကာရန္တဖြစ်ခြင်း } ဤအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံသော ဥဒါဟရဏ် တို့၌ အသန္တဝိဓိ။

(သုခေတ္တေသု-သကေဟိ)

---

## ယသ္မာဒပေတိ ဘယမာဒတ္တေ ဝါ ဘာဒပါဒါနံ။

(သညာသုတ်။)

၉၇-မေး။ ။ဤသုတ်၏ အဓိပ္ပါယ်ကို ထင်ရှားအောင် ပြဆိုပါ။

၉၇-ဖြေ။ ။(၁) အကြင်ရွာ စသည်မှ ဖဲရှောင်သွား၏။ ထိုဖဲရှောင် သွားရာ ရွာ စသည်သည် အပါဒါန်မည်၏။

(၂) အကြင်ကြောက်စရာကောင်းသည့် အာရုံစသည်မှ စိတ်သည် ဖဲရှောင်

ထွက်သွား၏။ ထိုဖဲ့ဖျောင် ထွက်သွားရာ ကြောက်စရာ ကောင်းသော အာရုံ စသည်သည် အပါဒါန်မည်၏။

(၃) အကြင်ဆရာ့ထံစသည်မှ အတတ်ကို သင်ယူ၏။ ထိုအတတ်ကို သင်ယူရာ ဆရာသည် အပါဒါန်မည်၏။ ဟု အပါဒါန်- အမည်ကို ပြသော သုတ် ဖြစ်ပါ၏။

(အကျယ်ကို ကာရကဌ် တွေ့မြင်ရလတ္တံ့။)

---

အပါဒါနေ ပဉ္စမီ။

(ဝိမိသုတ်။)

၉၈-မေး။ ။ဤသုတ်သည် အပါဒါန် အနက်၌ ပဉ္စမီဝိဘတ်သက်သောသုတ်ဖြစ်သောကြောင့် အပါဒါန်အနက် တွေ့တိုင်း ပဉ္စမီဝိဘတ် သက်နိုင်, မသက်နိုင် အကျဉ်းချုပ် ဖြေဆိုပါ။

၉၈-ဖြေ။ ။မသက်နိုင်ပါ။

(ကာရကရောက်မှ အကျယ်လာမည်။)

---

### သမ္ဘာဝန္တိ ၀ါ။
(အာဒေသဝိဓိသုတ်။)

၉၉-မေး။ ။"သောဝါ"သုတ်မှ လိုက်၍လာသော ဝါ-သဒ္ဒါ ရှိပါလျက် အဘယ် အကျိုးငှါ ဤသုတ်၌ ဝါ-သဒ္ဒါကို ထည့်ပြန် ပါသနည်း။

၉၉-ဖြေ။ ။လိုက်၍လာသော ဝါ-သဒ္ဒါသည် ဝဝတ္ထိ တဝိဘာသာ- အနက်ကို ဟောသောကြောင့် ၎င်းကို နစ်စေခြင်း အကျိုးငှါ ထည့်ပြန်ပါ၏။

**ဝါသဒ္ဒေါ ဝဝတ္ထိတဝိဘာသတ္တာ တံ နိဝတ္တနတ္တံ ကတံ။**

**နိဒ္ဒေသ။**

**တနည်းကား**

"သဗ္ဗယောနီနမာဧ" သုတ်မှ အာ-နှင့်ဧ-ကာရိယ တို့ကို နောက်သုတ်သို့ မလိုက်နိုင်အောင် ဆွဲးငင်ခြင်းအကျိုးငှါ ဝါ-သဒ္ဒါ အသစ်ကို ထည့်ရပါ၏။

**ဝါဂ္ဂဟဏံ အာ-ဧဝဟဏာနုကဍ္ဎနတ္တံ။**

**ရူပသ။**

## ယဿဿ ဝါ ပရိဌဟော တံ သာဝမိ။

(သညာသုတ်။)

၁၀၀-မေး။ ။ဤသုတ်၏ အဓိပ္ပါယ်ကို သိသာရုံ ဘော်ပြပါ။

၁၀၀-ဖြေ။ ။အကြင်ကာရကာ၏ ပစ္စည်းဥစ္စာကို သိမ်းဆည်းမှုသည် ရှိသည်ဖြစ်၏။ ထိုပစ္စည်းဥစ္စာရှင် ဖြစ်သော ကာရကာသည် သာဝမိ-မည်ပါ၏။ဝါ-သမ္ဗန် မည်ပါ၏။

(ကာရကရောက်မှ အကျယ်ဆိုမည်)

---

## သာဝမိသမ္ဗ ဆင္ဌီ။

(ဝိဓိသုတ်။)

၁၀၁-မေး။ ။ဤသုတ်ဖြင့် သာဝမိ အနက်၌သာ ဆဋ္ဌီဝိဘတ် သက်နိုင်၍ အခြားသော အနက်တို့၌မသက်နိုင်ဟု မှတ်ရအံ့လော၊အကျဉ်းမျှ ဖြေဆိုခဲ့ပါ။

၁၀၁-ဖြေ။ ။ဆဋ္ဌီဝိဘတ်သည် သာဝမိ အနက်၌သာ မဟုတ်သေး၊

(၁) နိဒ္ဓါရဏ၊ (၄) ကရိုဏ်း၊
(၂) အနာဒရ၊ (၅) အပါဒါန်၊
(၃) ကတ္တား၊ (၆) ဩကာသ၊

အနက်တို့၌လည်း သက်နိုင်ပါသေး၏။

(ကာရက၌ အကျယ် လာမည်)

---

## ယောခေရော တာမောက်ာသံ။

(သညာသုတ်။)

၁၀၂-မေး။ ။ဤသုတ်၏ အဓိပ္ပါယ်ကို သိလွယ်ရုံ အကျဉ်းပြခဲ့ပါ။

၁၀၂-ဖြေ။ ။ကဏ္ဍား-ကံ-တို့၏ တည်ရာ မှီရာ ဖြစ်သော အကြင် ကာရကသည် ရှိ၏။ ထိုကာရကသည် ဩကာသ မည်၏- ဟု အမည်သညာကို ပြသောသုတ် ဖြစ်ပါ၏။

(ကာရကဌ် အကျယ် လာမည်)

---

## ဩကာသေ သတ္တမီ။

(ဝိဓိသုတ်။)

၁၀၃-မေး။ ။ဤသုတ်ဖြင့် သတ္တမီ ဝိဘတ်သည် ဩကာသအနက်၌သာ သက်နိုင်၍ အခြားသော အနက်တို့၌ မသက်နိုင်ဟု မှတ်ရအံ့လော။

၁၀၃-ဖြေ။ ။သတ္တမီဝိဘတ်သည် ဩကာသအနက်၌သာ မဟုတ်သေး။

(၁) ကတ္တား၊ (၃) ကရိုဏ်း၊
(၂) ကံ၊ (၄) သမ္ပဒါန်၊
(၅) အပါဒါန်၊

အနက်တို့၌လည်း သက်နိုင်ပါသေး၏။

၁၀၄-မေး။ ။ပုရိသာဒိဂိုဏ်း၏ ပဒမာလာကို သွားပြီး လျှင် စီရင်သော နာမ်ကျမ်းလာ သုတ်များ ကိုလည်း ထုတ်ဘော် ရေးသားခဲ့ပါ။

၁၀၄-ဖြေ။ ။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| (ပထမာ) | ပုရိသော | ပုရိသာ |
| (အာလုပ်) | (ဘော) ပုရိသ-သာ | (ဘဝန္တော) ပုရိသာ |
| (ဒုတိယာ) | ပုရိသံ | ပုရိသေ |
| (တတိယာ) | ပုရိသေန | ပုရိသေဟိ-ဘိ |
| (စတုတ္ထီ) | ပုရိသဿ | ပုရိသာနံ |
| (ပဉ္စမီ) | ပုရိသာ-သ္မာ-မှာ- | ပုရိသေဟိ-ဘိ |
| (ဆဋ္ဌီ) | ပုရိသဿ | ပုရိသာနံ |
| (သတ္တမီ) | ပုရိသေ-သ္မိံ-မှိ | ပုရိသေသု |

စီရင်သော သုတ်များ။

(၁) သော၊
(၂) သရလောပေါ။လ။ပကတိ၊
(၃) သဗ္ဗယောနီနမာဧ၊
(၄) အာလပနေသိဂသညော၊
(၅) အကာရပိတာဒျန္တာနမာ၊
(၆) အာကာရော ဝါ၊
(၇) သေသတော လောပံ ဂသိပိ၊
(၈) အတောနေန၊
(၉) သုဟိသွကာရော ဧ၊
(၁၀) သ္မာဟိသ္မိံနံ မှာဘိမှိဝါ၊
(၁၁) သာဂမောသေ၊
(၁၂) သုနံဟိသု စ၊
(၁၃) သ္မာသ္မိံနံ ဝါ၊

ဤသို့(၁၃) သုတ်ရှိပါ၏။

၁၀၅-မေး။ ။ပုရိသ-နှင့် ရုပ်စဉ် ရုပ်သွား တူကြသော ပုရိသာဒိဂိုဏ်းဝင် ပုဒ်များကိုထုတ်ပြခဲ့ပါ။

၁၀၅-ဖြေ။ ။"ဓဝံ" သုရာ-သုရ နရော-ရဂ နာဂ ယက္ခာ၊
ဂန္ဓဗ္ဗ ကိန္နရ မနုဿ ပိသာစ ပေတာ။
မာတင်္ဂ ဇင်္ဂမ တုရင်္ဂ ဝရာဟ သီဟာ၊
ဗျဂ္ဃစ္ဆ ကစ္ဆပ တရစ္ဆ မိဂဿ သောဏာ။ ။
အာလောကာလောကနိလယာ-နိလစာဂယောဂါ၊
ဝါယာမ ဂါမ နိဂမာဂမ ဓမ္မကာမာ။
သံဃောဃ ဃောသပဋိဃာသဝကောဓလောဘာ၊
သာရမ္ဘ ထမ္ဘ မဒ မာန ပမာဒ မက္ခာ။ ။
ပုန္နာဂ ပူဂ ပနသာသန စမ္ပကမ္ဗာ၊
ဟိန္တာလ တာလ ဗကုလဇ္ဇုန ကိံသုကာ စ။
မန္ဒာရ ကုန္ဒ ပုစိမန္ဒ ကရဉ္ဇ ရုက္ခာ၊
ဥဿျာ မယူရ သကုဏာဏ္ဍဇ ကောဉ္စ ဟံသာ။ ။

အမှာ။ ။ဤ၌"ဓဝံ"မှာ ညွှန်ပြရုံမျှသာ။

---

## မနောဂဏာဒိတော သ္မိံနာနမိ အာ။

(အာဒေသဝိဓိသုတ်။)

၁၀၆-မေး။ ။ဤသုတ်၌ (ဂဏ) သဒ္ဒါကို ဝစနတ္ထပြုပြီး လျှင် အဓိပ္ပါယ်ကို ဖော်ပြခဲ့ပါ။

၁၀၆-ဖြေ။ ။ ဝစနတ္ထ။

(၁) ဂဏောတဗ္ဗောတိ ဂဏော၊

(၂) ဂဏီယတိ အာဝယဝေန သဟာတိ ဂဏော၊

(၃) ဂဏိယနွေ့ သင်္ချာယနွေ့ ဓာတာနာ တိ ဂဏော၊

**အဓိပ္ပါယ်**

(၁) တခု,နှစ်ခု စသည်ဖြင့် ရေတွက်အပ်သောကြောင့် ဂိုဏ်းမည်၏။

(၂) အစိတ်နှင့်တကွရေတွက်အပ်သောကြောင့် ဂိုဏ်းမည်၏။

(၃) အစိတ် ဖြစ်သော သဒ္ဒါတို့ကို တပေါင်းတည်းပြု၍ ရေတွက်ကြောင်းဖြစ်သောကြောင့် ဂိုဏ်းမည်ပါ၏။

---

**၁၀၇-မေး။** ။မနောဂဏာဒိ-ပုဒ်ကို အစိတ် ဝစနတ္ထ, အပေါင်း ဝစနတ္ထ တွဲးစပ်ပြခဲ့ပါ။

**၁၀၇-ဖြေ။** ။မနော ပဘုတိ ဂဏော မနောဂဏော။ **(အစိတ်ဝစနတ္ထ၊)**

မနောဂဏော အာဒိ ယဿာတိ မနောဂဏာဒိ။ **(အပေါင်းဝစနတ္ထ၊)**

---

**၁၀၈မေး။** ။ ဤသုတ်၌....

(၁) မနော-အရကိုဂုဏ်း၊

(၂) မနောဂဏ-အရကိုဂုဏ်း၊

(၃) မနောဂဏာဒိ-အရကိုဂုဏ်း၊

ခွဲးဝေပြခဲ့ပါ။

၁၀၈-ဖြေ။ ။(၁) မနောအရကား မနော-သဒ္ဒါရပါ၏။

(၂) မနောဂဏ အရကား ဝစ, ဝယ-စသော မနောဂိုဏ်းသဒ္ဒါ အပေါင်းရပါ၏။

(၃) မနောဂဏာဒိ-အရကား ဗိလ, ပဒ-စသော သဒ္ဒါအပေါင်းရ၏။

**(၁) ဣဓ ပန မနသဒ္ဒေါ မနောနာမ၊**

**(၂) ဝစ-သဒ္ဒါဒယော-မနောဂဏာနာမ ဟောန္တိ။**

နိဒ္ဒေသ။

**(၃) ဗိလ,ပဒါဒယော မနောဂဏာဒိနာမ။**

ကစ္စာယနဝဏ္ဏနာ။

---

၁၀၉-မေး။ ။ဤသုတ်၌ (အာဒိ)သဒ္ဒါ ထည့်ရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၁၀၉-ဖြေ။ ။ဗိလ, ပဒ-စသော သဒ္ဒါတို့၏ နောက်၌ လည်း သ္မိံ-ဝိဘတ်၊ နာဝိဘတ်တို့ကို အာ စဉ်အတိုင်း ဧ,အာ-ပြုခြင်းအကျိုးရှိ၏။

**အာဒိဂ္ဂဟဏေန ဗိလ,ပဒါဒိတောပိ။**

ရူပသိဒ္ဓိ။

---

၁၁၀-မေး။ ။မနောဂိုဏ်း၏ လက္ခဏာကို ထင်ရှားစွာ ပြဆိုပါ။

**၁၁၀-ဖြေ။** ။

(၁) { နာဝိဘတ်နှောင်းရာ၌- သာ
သဝိဘတ်နှောင်းရာ၌- သော
သ္မိံဝိဘတ်နှောင်းရာ၌- သိ } ဟု ပုဒ်ပြီးရှိနေရခြင်း၊

(၂) { သမာသ်
တဒ္ဓိတ် } တို့၏ အလယ်၌ ဩ-အက္ခရာရှိရခြင်း၊

(၃) ကြိယာ၏ ကံ-၌ ဩ-အက္ခရာအဆုံးရှိရခြင်း၊
ဤကား မနောဂိုဏ်း၏ လက္ခဏာသုံးပါးတည်း။

---

**၁၁၁-မေး။** ။မနောဂဏာဒိ ဂိုဏ်းလက္ခဏာကို ပြဆိုခဲ့ပါ။

**၁၁၁-ဖြေ။** ။

(က) { နာ-ဝိဘတ်နှောင်းရာ၌- သာ
သ-ဝိဘတ်နှောင်းရာ၌- သော
သ္မိံ-ဝိဘတ်နှောင်းရာ၌- သိ } ဟု ပုဒ်ပြီးရှိနေခြင်း၊

ဤလက္ခဏာ တပါးနှင့် ယှဉ်ခြင်းသည်ဎင်း၊

(ခ) သမာသ်- တဒ္ဓိတ်တို့၏ အလယ်၌ ဩ-အက္ခရာ အဆုံးရှိခြင်း, ဤလက္ခဏာ တပါးနှင့် ယှဉ်ခြင်း သည်ဎင်း၊

မနောဂဏာဒိဂိုဏ်း၏ လက္ခဏာ မည်၏။

---

၁၁၂-မေး။ ။အဘယ်သို့သော ဂိုဏ်းသည် အမနော ဂိုဏ်း မည်ပါသနည်း။

၁၁၂-ဖြေ။ ။မနောဂိုဏ်း၏ လက္ခဏာ သုံးပါးတို့တွင် တပါးပါးသောလက္ခဏာမျှ မရှိသောဂိုဏ်း သည် အမနောဂိုဏ်း မည်ပါ၏။

## သဒ္ဒနီတိပဒမာလာမှ အကျဉ်းချုပ်၊ ထုတ်နုတ်ချက်။

## မနောဂဏာဒိဂိုဏ်း လက္ခဏာ။

(က) နာဝိဘတ် နှောင်းရှ-သာ၊ သဝိဘတ်နှောင်းရှ-သော၊ သို့ ဝိဘတ်နှောင်းရှ-သိ အဆုံးရှိခြင်း၊ ဤလက္ခဏာ တပါးနှင့်သာ ယှဉ်၍။

(၁) သမာသ်, တဒ္ဓိတ်, တို့၏ အလယ်၌ ဩ-အက္ခရာ အဆုံးရှိခြင်း၊

(၂) ကြိယာ၏ ကံ၌ ဩ-အက္ခရာအဆုံးရှိခြင်း၊

ဤလက္ခဏာ နှစ်ပါးနှင့် မယှဉ်သော ဂိုဏ်းသည် မနောဂဏာဒိ ဂိုဏ်း မည်၏။

## ထို့မှတပါး။

(ခ) သမာသ်, တဒ္ဓိတ်တို့၏ အလယ်၌ ဩ-အက္ခရာ အဆုံးရှိခြင်း၊ ဤလက္ခဏာ တပါးနှင့်သာ ယှဉ်၍။

(၁) နာဝိသတ်နှောင်းရှ-သာ၊သဝိဘတ်နှောင်းရှ-သော၊ သို့-ဝိဘတ်နှောင်းရှ-သိ-အဆုံးရှိခြင်း၊

(၂) ကြိယာ၏ ကံ-၌ ဩ-အက္ခရာအဆုံးရှိခြင်း၊

ဤလက္ခဏာ နှစ်ပါးနှင့် မယှဉ်သော ဂိုဏ်းသည် မနောဂဏာဒိ ဂိုဏ်းမည်၏။

## အမနောဂိုဏ်းလက္ခဏာ။

နာဝိဘတ် နောင်းရာ၌ သာ-အဆုံးရှိခြင်း, သမ္ဗာဝိဘတ် နောင်းရာ၌ သော- အဆုံးရှိခြင်း, ဤလက္ခဏာနှင့် ယှဉ်သော နာ-ဝိဘတ်, သမ္ဗာ ဝိဘတ်အရာ၌ သော-အဆုံး ရှိခြင်း တူသော အတ္တ, ဗြဟ္မန, အက္ခရ-စသော သဒ္ဒါဒိဃ,ဩရ-သဒ္ဒါအပေါင်းသည် အမနောဂိုဏ်း မည်၏။

---

၁၁၃-မေး။ ။(မန)သဒ္ဒါကို ပုလ္လိင် ဟူ၍သာ ကောန် မှတ်သားရအံ့လော၊ အာစရိယ-ဝါဒ- ရှိ သလို ပြဆိုခဲ့ပါ။

၁၁၃-ဖြေ။ ။ "မန"သဒ္ဒါသည်....

(၁) ရူပသိဒ္ဓိအလို ပုလ္လိင်၊
(၂) ဗာလာဝတာရအလို နပုလ္လိင်၊
(၃) သဒ္ဒနီတိအလို ပုလ္လိင်,နပုလ္လိင်၊
ဤသို့ ဝါဒကွဲပြားလျက်ရှိပါ၏။

(၁) "မန"သဒ္ဒေါ၊ပုလ္လိင်ေါ၊မိန့်ဟော-ရူ ဝဍ္ဎေ။
(၂) ဗာလာဝတာရ၊နပုံးပြ၊ခွန်းဟ မိန့်သံဍ္ဎေ။
(၃) ပုံးနှင့်နပုံး၊နီတိသုံး၊မှတ်ထုံး နည်းဝါဒေ။

အောင်မြေဘုံစံ နိယံ။

---

## သ,သရေ ဝါဂမော။

### (အာဂမဝိဓိသုတ်။)

၁၁၄-မေး။ ။ဤသုတ်၌ နိမိတ်ကို(သရေ)ဟု သာမည မိန့်ဆိုချက်ကြောင့် သရ-ဂုစ်လုံးနှောင်းရာ

၌ပင် (သ)အက္ခရာ လာရခြင်းလော၊သေချာ စွာ ဖြေဆိုခဲ့ပါ။

၁၁၄-ဖြေ။ ။သာမည- ဆိုသော်လည်း အနှုအား လျော်စွာ....

(၁) မနောဂဏာဒိတော သို့ နှသန မိအာ၊

(၂) သသသစော၊

ဤသုတ်တို့ဖြင့် စီရင်အပ်သော ရူ, အာ, ဩ-သရတို့ နှောင်းရာ၌ သာလျှင် (သ) အက္ခရာ လာရပါ၏။

---

၁၁၅-မေး။ ။ဤသုတ်ပါ ဝါ-သဒ္ဒါ၏ အနက်ကို ရှုပထိန်း အလိုကျ သော်ပြ၍ ဥဒါဟရဏ်နှင့် ယှဉ် တွဲ၍ ထုတ်ပြပါ။

၁၁၅-ဖြေ။ ။ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ရှိပါ၏။

ထို ဝါ-သဒ္ဒါဖြင့်....

(၁) {မာနသိကံ / စေတသိကံ} စသည်တို့၌ နိစ္စဝိဓိ၊

(၂) {မနသိ / မနသ္မိံ} စသည်ကို၌ အနိစ္စဝိဓိ၊

(၃) { မနော,မနာ / မနံ,မနေ } စသည်တို့၌ အသန္တဝိဝိ၊
ဤဝိဝိသုံးပါးကို ပြတော်မူအပ်၏။

ဝဝတ္တိတ ဝိဘာသတ္တောယံ ဝါသဒ္ဒေါ တေန
မနော-မနာ- မနံ- မနေ-မန အာယတနန္တ္ယာ
ဒီသု န ဟောတိ၊မာနသိကံ- စေတသိကန္တ္ယာ
ဒီသု နိစ္စံ။

ရူပသိဒ္ဓိ။

---

## သသာ စော။

(အာဒေသဝိဓိသုတ်။)

၁၁၆-မေး။ ။ဤသုတ်သည် စတုတ္ထီ,ဆဋ္ဌီ, (သ)ဝိဘတ် နှလုံးတို့ကို သြ- ပြုသောသုတ် ဖြစ်ခြင်း ကြောင့်(သာနံ စော)ဟု ဗဟုဝုစ်နှင့်သုတ် ကို တည်ထားထိုက်ပါလျက် (သသာ)ဟု ဧကဝုစ်နှင့် တည်ထားရ ခြင်း၏ အ ကြောင်းကို ပြဆိုပါ။

၁၁၆-ဖြေ။ ။(သ)ဝိဘတ်ချင်း တူသော ဓာတ်ကို ငဲ့ သောကြောင့် (သသာ) ဟု ဧကဝုစ်နှင့် သုတ်ကို တည်ထားရပါ၏။

ဓာတ်ကိုအနေ၊ဟောရိုးထွေ၊ချလေ ဧကဝုစ်။

တောင်တွင်း နိယံ။

---

**၁၁၇-မေး။** ။ဤသုတ်ပါ စ-သဒ္ဒါဖြင့် စီရင်အပ်သော ရုပ်အထူးတို့ကို အာစရိယဝါဒ ရရှိသလို ထုတ်ဆိုပြခဲ့ပါ။

**၁၁၇-ဖြေ။** ။ စ-သဒ္ဒါဖြင့်....

(၁) သ္မာဝိဘတ်ကို အာပြုရ၏။

**မနသာ၊(ဗာလာဝတာရအလို)**

(၂) အံ,သိ,ဝိဘတ်တို့ကို ဩပြုရ၏။

**ကာယပဿ ဝစော သုတွာ**
**အဗျဂ္ဂ,မနသော နရော** } **(နိဒ္ဒေသအလို)**

(၃) သ္မိံ,ဝိဘတ်ကို ဥပြုရ၏။

**တဒဟု–အဟနိ (သဒ္ဒနီတိအလို)**

(၄) သ္မိံ,ဝိဘတ်ကို ဩ-ပြုရ၏။

**ရဟော (နိရုတ္တိဒီပနီအလို)**

---

**၁၁၈-မေး။** ။မနောဂိုဏ်း၏ ပဒမာလာကို ကျနစွာ ရေးပြီးလျှင် စီရင်ရသော သုတ်များ၏ အမည်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

၁၁၈-ဖြေ။ ×

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| (ပဌမာ) | မနော | မနာ |
| (အာလုပ်) ဟေ မန,မနာ | (ဘဝန္တော) | မနာ |
| (ဒုတိယာ) | မနံ | မနေ |
| (တတိယာ) | မနသာ,မနေန | မနေဟိ,ဘိ |
| (စတုတ္ထီ) | မနသော,မနဿ | မနာနံ |
| (ပဉ္စမီ) | မနာ,သ္မာ,မှာ | မနေဟိ,ဘိ |
| (ဆဋ္ဌီ) | မနသော,မနဿ | မနာနံ |
| (သတ္တမီ) | မနသိ,မနေ,သ္မိံ,မှိ | မနေသု။ |

စီရင်ခသော သုတ်များ။

(၁) သော၊
(၂) သရလောပေါ။လ။ပကတိ၊
(၃) သဗ္ဗယောနီနမာဧ၊
(၄) အာလပနေ သိ ဂသညော၊
(၅) အကာရပိတာဒျန္တာနမာ၊
(၆) အာကာရော ဝါ၊
(၇) သေသတော လောပံဂသိပိ၊
(၈) မနောဂဏာဒိတော သ္မိံနာနမိအာ။
(၉) သသရေဝါဂမော၊
(၁၀) အတောနေန၊
(၁၁) သုဟိသွကာရောဧ၊
(၁၂) သ္မာဟိ။လ။ဘိမှိဝါ၊
(၁၃) သဿစော၊
(၁၄) သာဂမော သေ၊
(၁၅) သုနံဟိသု စ၊
(၁၆) သ္မာသ္မိံနံဝါ၊

ဤသို့(၁၆)သုတ် ရှိ၏။

**၁၁၉-မေး။** ။မနောဂိုဏ်းနှင့် ပုဒ်သွားပုဒ်လာ တူကြသော မနောဂိုဏ်းဝင် ပုဒ်များကို ထုတ်ဘော်ရေးသားခဲ့ပါ။

**၁၁၉-ဖြေ။** ။

**မနံ-ဝစော ဝယော တေဇော၊**

**တပေါ စေတော တမော ယသော။**

**အယော ပယော သိရော ဆန္ဒော၊**

**သရော ဥရော ရဟော အဟော။**

အမှာ။ ။ဤ၌"မနံ"မှာ ညွှန်ပြရုံမျှသာ။

---

**အာ သိမ္ဗိ။**

**(အာဒေသဝိဓိသုတ်။)**

**၁၂၀-မေး။** ။အခြားမဲ့ ဖြစ်သော (ဋ္ဌသာ သော ဝါ) သုတ်မှ ဝါ-သဒ္ဒါ အလိုက်ခံ၍ (အာသိမ္ဗိဝါ)ဟု မိန့်ဆိုထိုက်ပါလျက် ဝါ-သဒ္ဒါမပါခြင်း၏ အကြောင်းရင်းကို ရှင်းလင်းခဲ့ပါ။

**၁၂၀-ဖြေ။** ။ဤသုတ်သည် (နိစ္စဝိဓိ) သုတ်တည်းဟု သိစေလိုသောကြောင့် ဝါ-သဒ္ဒါ မထည့်ဘဲ သုတ်ကို တည်ထားရပါ၏။

**တနည်းကား**

"သိမ္ဗိ ဝါ"သုတ်မှ ဝါ-သဒ္ဒါ လိုက်၍ ဤသုတ်သည် (အနိစ္စဝိဓိ)အဖြစ် ထင်ရှား

၏။ ထို့ကြောင့် ဝါ-သဒ္ဒါ အလိုက်ခံရန်
မလိုပါ။ (နိဒ္ဒေသလာ အာစရိယဝါဒ)

(နိစ္စဝိဓိ, အနိစ္စဝိဓိ ရှင်းလင်း ဖော်ပြချက်။)

အာစရိယဝါဒအလို ပြဆိုသော အနိစ္စဝိဓိ-ဟူသော စကားကို နိဒ္ဒေသဆရာ ပယ်တော်မူခဲ့၏။ ပယ်ပုံအကြောင်းပြစကားမှာ ဤ "အာသိမှိ"သုတ်သည် အနိစ္စဝိဓိသုတ်၏ အဖြစ် ထင်ရှား နေသောကြောင့် "န္တဿသေဝါ" သုတ်မှ ဝါ-ကို အလိုက်မခံရ-ဟု ဆိုခဲ့ပါလျှင် ပထမပိုင်းလာ"သဗ္ဗဿ ဝါအံသေသု"သုတ်၌ ဝါ-သဒ္ဒါ တိုက်ရိုက်ပါရှိလေပြီ ဖြစ်သောကြောင့် "သိမှိဝါ"သုတ်သည် အနိစ္စဝိဓိသုတ်အဖြစ် ထင်ရှားနေရကား ထို "သိမှိဝါ"သုတ်၌လည်း ဝါ-သဒ္ဒါကို ဆိုဘွယ်မလိုချေ။ အထင်အရှား ဆိုလည်းဆိုခဲ့ပြန်၏။ ထို့ကြောင့် အာစရိယဝါဒ-မသင့်သတည်းဟု ပယ်တော်မူခဲ့၏။

နိဒ္ဒေသဆရာ၏ ဝါဒ။

"ဂုဏဝါ, ဂုဏဝန္တော"

ဟူ၍ ဒွိရုပ်ကို အလိုမရှိအပ်။ ပါဠိ-အဋ္ဌကထာ-တို့၌လည်း

"ဂုဏဝန္တော, သီလဝန္တော"

ဟု ပထမာ ဧကဝုစ်နှင့် ဥဒါဟရုဏ်မရှိ။ "ဂုဏဝါ, သီလဝါ" ဟူ၍သာ ပထမာဧကဝုစ်နှင့် ရှိကြရကား ဤသုတ်သည် (နိစ္စဝိဓိ)သာ ဖြစ်သောကြောင့် ဝါ-သဒ္ဒါ မလိုက်သတည်း-ဟု မိမိဝါဒကို ပြတော်မူခဲ့၏။

ငါတို့၏ ထင်မြင်ချက်။

ထိုနိဒ္ဒေသဆရာ၏ စကားရပ်သည်"သိမှိဝါ"သုတ်၌

"ပုန ဝါဂ္ဂဟဏကရဏံ"

စသော ရူပသိဒ္ဓိ စကားကို ပယ်ရှားခါ ပထမာ ကေဝုစ်နှင့် ရှိထိုက်သော

"ဓီတိမန္တော စ သော ဉာသိ"

ဟူသော ဥဒါဟရုဏ် တို့ကို ထုတ်ပြထားချက်နှင့် ရှေ့ နောက် မညီညွတ်သကဲ့သို့ ထင်၏။သို့ရာတွင် ပထမန္တကေဝုစ်နှင့် "ဓီတိမန္တော" စသည်ကား အလွန်နည်းပါးလှ၍ စာမဖွဲ့လောက်တော့ချေ။ ထို့ကြောင့်ပင် ရူပသိဒ္ဓိ-ဆရာသည်

"ပုန ဝါဂ္ဂဟဏကရဏံ ဟိမဝန္တု-
သဒ္ဒတော အညတြ အတ္တ-နိသေဓနတ္ထံ"

ဟု မိန့်ဆိုပေ၏ဟု ထင်မြင်ချက်ရှိ၏။ သဒ္ဒနီတိ၌လည်း (သိမ္ဗိနိစ္စံ) ဟု အထင်အရှား သုတ်တည်ထား‌ခဲ့၏။ထို့ကြောင့် နိစ္စဝိဓိ-သုတ်တည်း ဟု ကေန္တ မှတ်သားအပ်သတည်း။

---

## န္တုဿ န္တော။

## (အာဒေသဝိဓိသုတ်)။

၁၂၁-မေး။ ။ဤသုတ်သည် န္တု-ပစ္စည်းနှင့်တကွ ပထမာ-ယောဝိဘတ်ကို န္တော-ပြုသော သုတ်ဖြစ်ရကား ဤသုတ်ကို မတည်သော်လည်း "န္တုဿန္တော ယောသု စ"သုတ်ဖြင့် (ဥ) ကို (အ)ပြု၍ "တတော ယောနမောတု" သုတ်၌ (တု)သဒ္ဒါဖြင့် ယော-ကို (ဩ) ပြုလျှင် ပြီးစီးနိုင်ပါလျက် အဘယ်အကျိုး ငှါ ဤသုတ်ကို မိန့်ဆိုပါသနည်း။

၁၂၁-ဖြေ။ ။(၁) "သဗ္ဗယောနိနမာဧ" သုတ်ဖြင့်(ဧ) အပြုကို နှစ်စေခြင်းအကျိုးငှါရင်း၊
(၂) နိစ္စဝိဓိ-ကို ပြခြင်း အကျိုးငှါရင်း၊
ဤသုတ်ကို မိန့်ဆိုရပါ၏။

သဗ္ဗံ တထာပိ သဗ္ဗယောနိနမာဧ–တိ သုတ္တေန အကာရတော ယောဝစနဿ ဧကာရာဒေသ နိဝတ္တနတ္ထံ ဝုတ္တံ။နိစ္စဒီပနတ္ထံ ဝါ။

နိဒ္ဒေသ။

သိဒ္ဓေတိ ဧဝံ သိဒ္ဓေပိ သဗ္ဗာရမ္ဘော နိယမတ္ထော။

ကစ္စာယနဝဏ္ဏနာ။

---

၁၂၂-မေး။ ။ဤသုတ်သည် ပဌမာ-ယော- ဝိဘတ် နှောင်းရာ၌သာ(နော)ပြုနိုင်သည်ဟု မှတ် ရအံ့လော၊သိသမျှ ဖြေဆိုပါ။

၁၂၂-ဖြေ။ ။"မယိ ယောမှိ ပထမေ"သုတ်မှ(ယောမှိ) သဒ္ဒါ လိုက်ခြင်းကို ကြည့်သော"နိုသော နော"ဟူသော "ဝိနာဓိကာရ-ယောဂဝိ ဘာဂ"ဖြင့်

"ပုညဝန္တော,ဓီတိမန္တော"

ဟူသော ဥဒါဟရဏ်တို့၌ သိ-ဝိဘတ် နှောင်းရာ၌လည်း (နော)ပြုနိုင်ပါသေး၏။

(အာစရိယဝါဒ)

---

## ဥပနိဿယပစ္စယော

(အာဒေသ၀ိမုတ်)။

၁၂၃-မေး။ ။ဤသုတ်ကို(ဥပနိဿယ)နှင့် သံယုဂ် မပါမဝင်စေဘဲ "တုဿဥပနိဿယ ပစ္စယော"ဟု မတည်မူ၍ အဘယ့်ကြောင့် (ဥပ) သံယုဂ်နှင့် တကွ "ဥပနိဿယ ပစ္စယော"ဟု တည်ထားရပါသနည်း။

၁၂၃-ဖြေ။ ။ပစ္စည်း၏ အစိတ် (ဥပနိဿယ)ဟု သိစေလိုသောကြောင့် သံယုဂ်နှင့် တကွ တည်ထားရပါ၏။

ပစ္စယေကဒေသတ္တာ ဥပနိဿယ ပစ္စယော။

နိဒ္ဒေသ။

### နိဒ္ဒေသ၏ အဓိပ္ပါယ်

ဝဥပ-ပစ္စည်း,မဥပ-ပစ္စည်း-တို့၏ အစိတ် (ဥပ) ဖြစ်လေသောကြောင့်(ဝ)အက္ခရာ, (မ)အက္ခရာတို့နှင့် ဆက်ဆံသည်၏ အစွမ်းဖြင့် (အဥပ)ဟူ၍ ရွတ်ဆိုရမည်။

ဝ,မ-ကာရာနံ သာဓာရဏာဝသေန အဥပတို ဥစ္စာရိတဗ္ဗံ။

---

၁၂၄-မေး။ ။ဆဋ္ဌီ-ဝိဘတ်၏ အစိတ်ကို ဝှဲသည်၏ အဖြစ်ကြောင့်"ဥပနိဿယ ပစ္စယော"ဟု ဤမျှနှင့် ပြီးစီးနိုင်ပါလျက် အဘယ်ကြောင့်

(အန္တ)သဒ္ဒါကို ထည့်၍ မိန့်တော်မူပါသနည်း။

၁၂၄-ဖြေ။ ။ပြီးစီး နိုင်ပါသော်လည်း "ဂုဏဝန္တ" စသော အချို့သော ဥဒါဟရဏ် တို့၌ ယော-ဝိဘတ်တို့ကို (ဉာ)ပြုစေ လိုသောကြောင့် (အန္တ)ဟူသော (သဒ္ဒါလွန်)ကို မိန့်ဆိုတော်မူပါ၏။

ဆင်္ဂါယာ သိဒ္ဓေပိ အန္တာဒေသေ ပုန အန္တဂ္ဂဟဏာ–ကရဏတော ယောနံ ဉာ-ကာရော စ ကတံ။

ရူပသိဒ္ဓိ။

---

၁၂၅-မေး။ ။(အန္တ)သဒ္ဒါ မပါမရှိသော်လည်း "ပဥ္စာဒိနမတ္တံ" သုတ်၌ကဲ့သို့ ဤသုတ်၌လည်း ပြီးစီးနိုင်သောကြောင့် (အန္တ)သဒ္ဒါထည့်ခြင်းသည် အကျိုးမရှိ မဟုတ်တုံလော၊ ဖြေဆိုခဲ့ပါ။

၁၂၅-ဖြေ။ ။"ပဥ္စာဒိနမတ္တံ"သုတ်၌ကား ပဥ္စ-စသော သဒ္ဒါတို့၏ အဆုံးဖြစ်သော (အ) ပြု၏။ (န္တု)ပစ္စည်း၌ကား ရုံခါ အဆုံး(ဥ)ကိုဖြင်း၊ ရုံခါအလုံးစုံ (န္တု)ကိုဖြင်း (အ)ပြု၏-ဟု သိစေခြင်းအကျိုးရှိပါ၏။

ပဏ္ဏာဒီနံ မန္တဿေ ဟောတိ ဂန္ထဿ တု ကဒါစိ အန္တဿ ကဒါစိ သဗ္ဗဿ ဝါ ဟောတီတိ ဉာပနတ္ထံ။

ချာသာ။

တနည်းကား

"သဗ္ဗဿဝါအံသေသု" ဟူသော နောက်သုတ်သို့ လိုက်စေခြင်းအကျိုး၌ (အန္တ) သဒ္ဒါကို ပြုအပ်ပ၏။

ဥတ္တရသုတ္တတ္ထံ အန္တဂ္ဂဟဏံ ကတံ။

ချာသာ။

---

၁၂၆-မေး။ ။ ဤသုတ်ပါ စ-သဒ္ဒါသည်....

(၁) ဝုတ္တ-သမုစ္စည်း (ဆိုခဲ့ပြီးသည်ကိုဆည်းခြင်း)

(၂) အဝုတ္တ-သမုစ္စည်း (မဆိုရသေးသည်ကို ဆည်းခြင်း)

(၃) ဝုတ္တာဝုတ္တ-သမုစ္စည်း(ဆိုပြီး,မဆိုရ-နှစ်ပါးကို ဆည်းခြင်း)

ဟူ၍ သုံးမျိုးရှိရာမည်သည့် သမုစ္စည်း-ဟု ထင်ရှားအောင်ပြဆိုခဲ့ပါ။

၁၂၆-ဖြေ။ ။(၁) ရှေးက ဆိုခဲ့ပြီးသော သု,နံ,ဟိ-ဝိဘတ်တို့ကိုရင်း၊

(၂) ဤသုတ်၌ မဆိုရသေးသော အံ, နာ, သ္မာ, သ္မိံ-ဝိဘတ် တို့ကိုရင်း၊

ဆည်းသောကြောင့် ဝုတ္တာဝုတ္တ-
သမုစ္စည်း ဖြစ်ပါ၏။

စတ္တုဟကောန အညေသု အံ-နာ-သွာ-သွိံ သု စ။

ရူပသိဒ္ဓိ။

---

အဝဏ္ဏဘာ စ ဂေ။

(အာဒေသဝိဓိသုတ်။)

၁၂၇-မေး ။ဤသုတ်၏ အင်္ဂါကို ရေး၍ ဥဒါဟရဏ်ကိုလည်း ထုတ်ပြပါ။

၁၂၇-ဖြေ ။(၁) ဂ-အမည် ရှိသော သိ-ဝိဘတ် နှောင်းခြင်း၊

(၂) ရှေ့က ဣ-ပစ္စည်း ရှိခြင်း၊

ဤအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါက ဝိဘတ်နှင့်တကွ ဣ-ပစ္စည်းကို အံ- အပြုနှင့် (အ-အာ)ဟူသော အဝဏ် အပြုကို စီရင်ပါ၏။

ဥဒါဟရဏ်များ။

ဘောဂဝတံ၊

ဘောဂဝတ၊

ဘောဂဝတာ၊

(သဒ္ဒနီတိ-အလိုတော်ပြချက်။)

သာသနာတော်၌ နိဂ္ဂဟိတ်ရှိသော အာလုပ်ပုဒ်မည်သည် မရှိ။

"သာသနသ္မိံ ဩသာနသ္မာ အာလပနံ နတ္ထိ"

ဟု မိန့်တော်မူ၍, ကစ္စည်း ဆရာမြတ်တို့၏ အလိုတော်အရ (ဂ) အမည်ရှိသော သိ-ဝိဘတ် နှောင်းရာ၌ ဝိဘတ်နှင့် တကွသော (ဤ) ပစ္စည်းကို အံ-ပြုလေဟု (မတန္တုစရ ဂေ) ဟု သုတ်ကို တည်တော်မူ ပြီးလျှင်......

"ဘောဂုဏဝံ"

ဟူသော ဥဒါဟရုဏ်ကိုထုတ်ပြတော်မူလေပြီ။ မိမိအလို အားဖြင့်ကား (အဝဏ္ဏော ယထာရဟံ)ဟု သုတ်တည်တော်မူ၍, ဥဒါဟရုဏ်တို့ ကိုလည်း......

"ဘောဂုဏဝ, ဘောဂုဏဝါ"

"ဘောသတိမ, ဘောသတိမာ"

ဟု နိဂ္ဂဟိတ် မပါသော ဥဒါဟရုဏ် တို့ကိုသာ ထုတ်တော် မူခဲ့လေ သတည်း။

---

၁၂၈-မေး။ ။ဤသုတ်၌ အဝဏ်သည် တရုတည်းရှိ သောကြောင့် "အဝဏ္ဏောစဂေ"ဟု ဧက ဝုစ်နှင့် မိန့်ဆိုသင့် ပါလျက် အဘယ် ကြောင့်(အဝဏ္ဏာ)ဟု ဗဟုဝုစ်နှင့် မိန့်ဆို ပါသနည်း။

၁၂၈-ဖြေ။ ။ဂုဏ်ဘောက်ပြန်သော (ဝဏ္ဏဝိပလ္လာသ) နည်းအားဖြင့် မိန့်ဆိုပါသည်။

ဝဏ္ဏဝိပလ္လာသဝသေန အဝဏ္ဏာတိ ဗဟုဝစနံ ကတံ။

နိဒ္ဒေသ။

ကစ္စာယနဝဏ္ဏနာအလို။

သုတ်-တူ(အ-နှင့် အာ)တို့ကိုရည်ရွယ်၍ မိန့်ဆိုတော်မူခြင်းကြောင့် ဗဟုဝုစ် အနက်၌ ဗဟုဝုစ် ဝိဘတ်ကဲ့သို့ ထင်၏။

သမာန သုတိ ဝသေန အကာရ-အာကာရာန မေဝ သန္ဓာယ ဝုတ္တတ္တာ ဗဟုတ္တေ ဗဟုဝစနံ ဝိယ ဒိဿတိ။

---

၁၂၉-မေး။ ။ဤသုတ်၌ စ-သဒ္ဒါကို အဘယ်အကျိုး၌ ဆိုပါသနည်း။

၁၂၉-ဖြေ။ ။(အံ) ကာရိယ-ကို ငင်ခြင်း အကျိုး၌ ဆိုပါ၏။

စသဒ္ဒေါ စဂ္ဂဟဏံ အံ-ကာရိယမနုကဍ္ဍတိ။

နိဒ္ဒေသ။

---

၁၃၀-မေး။ ။မငင် သော်လည်း လိုက်ပါ မည်ပင် မဟုတ်ပါလော၊ အဘယ်ကြောင့် ငင်ရပါသနည်း။

၁၃၀-ဖြေ။ ။ဤသုတ်၌"အဝဏ္ဏာ"ဟူသော ကာရိယာ တိုက်ရိုက်ရှိပြီဖြစ်၍ အံ-ကာရိယာ မလိုက် လာနိုင်ပါ။ထို့ကြောင့် ငင်ရပါ၏။

---

## တောတိတာ သသ္မိံနာသု။

(အာဒေသဝိဓိသုတ်။)

၁၃၁-မေး။ ။ဤသုတ်ကို"တာတောတိ နာသသ္မိံသု" ဟု ဝိဘတ် အစဉ်အတိုင်း မဆိုပါပဲ "တောတိတာ သသ္မိံနာသု"ဟု ဝိဘတ် အစဉ်ကို ဖျက်၍ အဘယ် အကျိုးငှါ မိန့်ဆိုပါသနည်း။

၁၃၁-ဖြေ။ ။ဝါစာသိလိဋ္ဌ-အကျိုးငှါ ဆိုပါ၏။

ဧတ္ထ ဝိဘတ္တာနုက္ကမေန တာတောတိနာသသ္မိံ သူတိ ဝတ္တဗ္ဗေပိ ဝါစာသိလိဋ္ဌတ္ထံ ဧဝံ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။

နိဿယ။

---

၁၃၂-မေး။ ။ဤသုတ်၌ ဝါ-သဒ္ဒါသည် အဘယ်သုတ် မှ လိုက်လာသည်၊အဘယ်ကြောင့် လိုက် လာသည်၊ အဘယ်နည်းအားဖြင့် လိုက် လာသည်-ဟု ရှင်းလင်းခဲ့ပါ။

၁၃၂-ဖြေ။ ။"န္တုသာ သေ၀ါ"သုတ်မှ

ဂုဏ၀တော၊

ဂုဏ၀န္တဿ၊

ဟူသော ဒွိရုပ်ကို လိုသောကြောင့် ဘား ကဲ့သို့ ချန်ခါ-ချန်ခါ လိုက်သော နည်းအား ဖြင့် ဝါ-သဒ္ဒါလိုက်ပါသည်။

န္တဿသေ၀ါတိ ဣတော မဏ္ဍူကဂတိယာ၀ါတိ ၀တ္တတေ။

ရူပသိဒ္ဓိ-ဋီကာ။

---

န္တဿ သေ ၀ါ။

(အာဒေသ၀ိဓိသုတ်။)

၁၃၃-မေး။ ။ဤသုတ်ကို မဆိုသော်လည်း "န္တုဿ န္တော ယောသု စ"သုတ်ဖြင့်(ဉ)ကို အ-ပြု ပြီးလျှင် "သာဂမော သေ" သုတ်ဖြင့် (သ)လာလျှင် ပြီးစီးနိုင်ပါလျက် အဘယ် အကျိုးငှါ ဤသုတ်ကို ထုတ်ဆိုရပြန်ပါ သနည်း။

၁၃၃-ဖြေ။ ။"အာယ စတုတ္ထေကဝစနဿ တု" သုတ်ဖြင့်(အကာရန္တ)မှ နောက်ဖြစ်သော (သ)ဝိဘတ်၏ (အာယ) အပြုကို နစ်စေ ခြင်းအကျိုးငှါ မိန့်ဆိုရပါ၏။

အာယ စတုဇ္ဈေက ဝစနသဿတုတိ- သုတ္တေန
အကာရတော သ-ကာရဿ အာယာဒေသနိ
ဝတ္တနတိ ဝုတ္တံ။

နိဒ္ဒေသ။

၁၃၄-မေး။ ။ဤသုတ်၌ ဝါ-သဒ္ဒါသည် ဝိဓိ-သုံးပါးတို့တွင် အဘယ်ဝိဓိကို ပြုပါသနည်း။

၁၃၄-ဖြေ။ ။အနိစ္စဝိဓိ-ကို ပြုဆိုပါသည်။

နံမှိ တံ ဝါ။

(အာဒေသဝိဓိသုတ်။)

၁၃၅-မေး။ ။ဤသုတ်သို့ လိုက်၍ လာသော ဝါ-သဒ္ဒါ ရှိပါလျက် အဘယ် အကျိုးငှါ ဝါ-သဒ္ဒါ တဖန်ထည့်၍ မိန့်ဆိုရပါသနည်း။

၁၃၅-ဖြေ။ ။ဘားကဲ့သို့ ချန်ခါချန်ခါ လိုက်လာခဲ့သော ဝါ-သဒ္ဒါသည် ဤသုတ်မှ နောက်သုတ်သို့ မလိုက်သည့်အဖြစ်ကို သိစေခြင်း အကျိုး ငှါ မိန့်ဆိုပါ၏။

ဣမ ဝါဂ္ဂဟဏကရဏံ မဏ္ဍူကဂတျာနုဝတ္တိ
တဿ ဥတ္တရတြ နာနုဝတ္တနတ္ထ ဥာပနတ္ထံ။

ချာသ။

၁၃၆-မေး။ ။ဤသုတ်ကို "တောဝတိတာသသုတ္တန်သု" သုတ်နှင့် တွဲးစပ်၍ "တောဝတိတာဝတံသ သုတ္တန်နသုတ်"ဟု တည်က ပြီးစီးနိုင်ပါလျက် အဘာယ်အကျိုးငှါ ခွဲးခြားခါ ဘည်ထားပါ သနည်း။

၁၃၆-ဖြေ။ ။သုတ်၏ ကြီးလေးသည့် အဖြစ်ကို ရှောင် လွှဲးခြင်းအကျိုးငှါ ခွဲးခြားခါ တည်ထားရ ပါ၏။

တနည်းကား

ဥက္ကပစ္စည်း၏ အစီအရင်ဖြစ်သော ဂုဏာ ဝါဒီ-ဂိုဏ်းကို ပြဆို၍ လာခဲ့ရာ ယခုအခါ ၌ကား အပြီးအဆုံး နိဂုံးသို့ ရောက်စေ ခြင်း အကျိုးငှါ ဝါ၊အပြီးအဆုံး နိဂုံးသို့ ရောက်ပေပြီဟု သိစေခြင်း အကျိုးငှါ ခွဲး ခြား၍ တည်ထားရပါ၏။

သုတ္တဂရုဘာဝ ပရိဟာရတ္ထံ ဘိန္ဒယောဂံ ကတံ၊ ဥက္က-ပစ္စယဿ ဝါ ပရိယောသာနတ္ထံ။

နိဒ္ဒေသ။

---

၁၃၇-မေး။ ။ဂုဏာဝါဒီ-ဂိုဏ်း၏ ပဒမာလာ-ကို စွမ်း နိုင်ပါသမျှ ကျနစွာ ဖြေဆို ပြီးလျှင် စီရင် သော သုတ်တို့ကိုလည်း ဖုတ်ဘော်ခဲ့ပါ။

၁၃၇-ဖြေ။ ။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| (ပဌမာ) | ဂုဏဝါ | ဂုဏဝန္တိ ဂုဏဝန္တော, |
| (အာလုပ်) ဘော | ဂုဏဝံ<br>ဂုဏဝ<br>ဂုဏဝါ | ဘဝန္တော ဂုဏဝန္တော<br>ဂုဏဝန္တာ |
| (ဒုတိယာ) | ဂုဏဝန္တံ | ဂုဏဝန္တေ |
| (တတိယာ) | ဂုဏဝတာ<br>ဂုဏဝန္တေန | ဂုဏဝန္တေဟိ<br>ဂုဏဝန္တေဘိ |
| (စတုတ္ထီ) | ဂုဏဝန္တဿ<br>ဂုဏဝတော | ဂုဏဝတံ<br>ဂုဏဝန္တာနံ |
| (ပဉ္စမီ) | ဂုဏဝတာ<br>ဂုဏဝန္တသ္မာ<br>ဂုဏဝန္တမှာ | ဂုဏဝန္တေဟိ<br>ဂုဏဝန္တေဘိ |
| (ဆဋ္ဌီ) | ဂုဏဝန္တဿ<br>ဂုဏဝတော | ဂုဏဝတံ<br>ဂုဏဝန္တာနံ |
| (သတ္တမီ) | ဂုဏဝတိ<br>ဂုဏဝန္တေ<br>ဂုဏဝန္တသ္မိံ<br>ဂုဏဝန္တမှိ | ဂုဏဝန္တေသု |

## စီရင်သောသုတ်များ။

(၁) အာသိမှိ၊
(၂) သရလောပေါ။လ။ပကတိ၊
(၃) န္တုဿန္တော၊
(၄) န္တုဿန္တောယောသု စ၊
(၅) အာလပနေ သိဂသညော၊
(၆) အဝဏ္ဏာ စ ဂေ၊
(၇) သဗ္ဗယောနီနမာဧ၊
(၈) တောတိတာသသ္မိံနာသု၊
(၉) အတော နေန၊
(၁၀) သုဟိသွကာရောဧ၊
(၁၁) သ္မာဟိသ္မိံနံမှာဘိမှိဝါ၊
(၁၂) န္တုဿသေဝါ၊
(၁၃) နံမှိ တံ ဝါ၊
(၁၄) သုနံဟိသု စ၊
(၁၅) အမှတုမှန္တု။လ။သ္မာနာဝ၊
(၁၆) သ္မာသ္မိံနံဝါ၊

---

**၁၃၈-မေး။** ။ဂုဏဝါဒိ- ဂိုဏ်းနှင့် ရုပ်သွား ရုပ်စဉ် တူကြသော ပုဒ်များကို ထုတ်ဆောင် ရေးသားခဲ့ပါ။

**၁၃၈-ဖြေ။** ။(၁) ဂဏဝါ၊ (၂) ကုလဝါ၊ (၃) ဗလဝါ၊ (၄) ယသဝါ၊ (၅) ဓနဝါ၊ (၆) သုတဝါ၊ (၇) ဘဂဝါ၊ (၈) ဟိမဝါ၊ (၉) ဖလဝါ၊ (၁၀) သီလဝါ၊ (၁၁) ပညဝါ

စသည်တို့ ဖြစ်ပါသည်။

---

## သိဗ္ဗ ဝါ။

(အာဒေသဝိဓိသုတ်။)

၁၃၉-မေး။ ။"သဗ္ဗဿဝါ အံသေသု"သုတ်မှ ဝါ-သဒ္ဒါ လိုက်၍ လာနိုင်ပါလျက် ဤသုတ်၌ တဖန် ဝါ-သဒ္ဒါကို ထည့်စွက်ပြန်ခြင်း၏ အကျိုးကို ဖော်ပြပါ။

၁၃၉-ဖြေ။ ။"**ဟိမဝန္တု**"သဒ္ဒါမှ တပါးသော သဒ္ဒါတို့၌ (န္တု)အစိတ် (ဥ)၏ (အ)အပြုကို နှစ်စေခြင်းအကျိုး ရှိပါ၏။

**ပုန ဝါဂ္ဂဟဏကရဏံ ဟိမဝန္တု သဒ္ဒတော အညတြ အတ္တနိသေဓနတ္ထံ။**

ရူပသိဒ္ဓိ။

**တနည်းကား**

ဝါ-သဒ္ဒါ အလိုက်ခံပါက (သဗ္ဗ) သဒ္ဒါလည်း လိုက်လာရာ၏ဟု-ယုံမှားသံသယ ဖြစ်ဘွယ်ရှိ၍ ထိုယုံမှားသံသယကို နှစ်စေခြင်းအကျိုးငှါ ဝါ-သဒ္ဒါကို တဖန်ထည့်စွက်၍ မိန့်ဆိုရပါ၏။

**ဝါဂ္ဂဟဏေ ဝတ္တမာနေ သဗ္ဗဂ္ဂဟဏမ္ပိ ဝတ္တတိ ဣတိ အာသင်္ကာ သိယာ၊ တန္နိဝတ္တနတ္ထံ။**

ညာသ။

၁၄၀-မေး။ ။ဤသုတ်ပါ ဝါ-သဒ္ဒါ၏ အနက်ကိုရင်း, ထို ဝါ-သဒ္ဒါဖြင့် သိစေအပ်သော ရုပ်အထူးကို ရင်း ဘော်ပြ ဖြေဆိုခဲ့ပါ။

၁၄၀-ဖြေ။ ။ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ- အနက်ရှိပါ၏။ ထို ဝါ-သဒ္ဒါဖြင့် "ဂုဏဝန္တ၊" စသော ဥဒါဟရဏ်တို့၌ (န္တ၊) အစိတ် (၃)ကို (အ)ပြုရအံ့လော၊ မပြုရအံ့လော- ဟု ယုံမှားဘွယ်မရှိ၊(မပြုရ)ဟူသော ရုပ် အထူးကို သိရခြင်းအကျိုး ရှိပါ၏။

ဝဝတ္ထိတ ဝိဘာသတ္ထောယံ ဝါသဒ္ဒေါ တေန ဂုဏဝန္တာဒီသု နာတိ ပသင်္ဂေါ။

ရူပသိဒ္ဓိ။

(အဖွင့်။)

"ဋီတိမန္တော စ သော ဇာသိ" (ဆေရဂါထာ)ကို ထောက်၍ ယေဘုယျ-သာ မှတ်ပါ။

(သော ဇာသိ၊ထိုအသျှင် အာနန္ဒာသည်။ ဓိတိမန္တော စ၊ ကြီးသော လုံ့လလည်းရှိ၏။)

---

၁၄၁-မေး။ ။ဤသုတ်ဖြင့် သိဝိဘတ် နှောင်းရော (န္တ၊) အစိတ် (၃)ကို (အ)ပြုခြင်းသည် ဂါထာ နှင့်-ဂုဏ္ဏိယာ ဤနှစ်ဌာနတို့တွင် အဘယ် ဌာန၌ ပြုအပ်ပါသနည်း။

၁၄၁-ဖြေ။ ။အချို့သော ဂါထာအရာ၌သာ (အ)ပြု အပ်ပါ၏။

သိမ္မိ ကတ္တုစိ (သုတ်)

ဏ္ဍွောစ ကတ္တုစိတိ ဍမိနာ ဂါထာဝိသယော ဂဟေ တဗ္ဗော၊

သဒ္ဒနီတိ။

ဟိမဝန္တောဝ ပဗ္ဗတော။ ။(ဓမ္မပဒ–ဥဒါဟရုဏ်)

---

၁၄၂-မေး။ ။ဤသုတ်သည် လိင်သုံးပါး တို့တွင် အ ဘယ်လိင်၌ စီရင်ပါသနည်း။

၁၄၂-ဖြေ။ ။ပုလ္လိင်၌ စီရင်ပါ၏။

ဍုံ သုတ္တံ ပုလ္လိင်ေ ဝိဒဓာတိ။

နီဒ္ဒေသ။

---

၁၄၃-မေး။ ။ဝန္တု-ပစ္စည်း အဆုံးရှိသော ပုဒ်တို့နှင့် ရုပ်စဉ်ရုပ်သွား အလားတူကြသော မန္တု ပစ္စည်း အဆုံးရှိသော ပုဒ်များကို စွမ်းနိုင် သမျှ ဘော်ပြခဲ့ပါ။

၁၄၃-ဖြေ။ ။(၁) သတိမာ၊ (၈) သိရိမာ၊
(၂) ဓိတိမာ၊ (၉) ဟိရိမာ၊
(၃) ဂတိမာ၊ (၁၀) ထုတိမာ၊
(၄) မတိမာ၊ (၁၁) ရတိမာ၊
(၅) မုတိမာ၊ (၁၂) ယတိမာ၊
(၆) မုတ္တိမာ၊ (၁၃) သုစိမာ၊
(၇) ဇုတိမာ၊ (၁၄) ကလိမာ၊

(၁၅) ဗလိမာ၊ (၂၁) ဟေတုမာ၊
(၁၆) ကသိမာ၊ (၂၂) သေတုမာ၊
(၁၇) ရုစိမာ၊ (၂၃) ကေတုမာ၊
(၁၈) ဗုဒ္ဓိမာ၊ (၂၄) ရာဟုမာ၊
(၁၉) စက္ခုမာ၊ (၂၅) ဘာဏုမာ၊
(၂၀) ဗန္ဓုမာ၊ (၂၆) ခါဏုမာ၊
(၂၇) ဝိဇ္ဇုမာ၊

စသည်တို့တည်း။

---

## သဗ္ဗဿ ဝါ အံသေသု။

(အာဒေသဝိဓိသုတ်။)

၁၄၄-မေး။ ။ဤသုတ်ကို (ဝါအံသေသု) ဟု ဤမျှသာ မဆိုမူ၍ "သဗ္ဗ" သဒ္ဒါထည့်၍ မိန့်ဆိုရခြင်း အကျိုးကို ဖော်ပြပါ။

၁၄၄-ဖြေ။ ။အနန္တ- သဒ္ဒါကို နစ်စေခြင်း အကျိုးငှါ "သဗ္ဗ"သဒ္ဒါကို ထည့်၍ မိန့်ဆိုရပါ၏။

ဣဓ သဗ္ဗဂ္ဂဟဏံ အနန္တဂ္ဂဟဏာ နိဝတ္တနတ္ထံ ဝုတ္တံ။

နိဒ္ဒေသ။

---

၁၄၅-မေး။ ။ဤသုတ်ပါ ဝါ-သဒ္ဒါကို ရူပသိဒ္ဓိ အလိုတော်ကျ ဖော်ပြ၍ ထို ဝါ-သဒ္ဒါဖြင့် သိစေအပ်သော ရုပ်အစီအစဉ်များကိုလည်း ဖော်ပြပါ။

၁၄၅-ဖြေ။ ။ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိပါ၏။

ထို ဝါ-သဒ္ဒါဖြင့် ...

(က) { သတိမံ၊ သတိမတော၊ / သတိမန္တံ၊ သတိမန္တဿ၊ / ဗန္ဓုမံ၊ ဗန္ဓုမတော၊ / ဗန္ဓုမန္တံ၊ ဗန္ဓုမန္တဿ၊ } တို့၌ "အနိစ္စဝိဓိ"၊

(ခ) "သတိမန္တု, ဗန္ဓုမန္တု"မှ တပါးသော ပုဒ်တို့၌ "အသန္တဝိဓိ"၏ ဝိဓိ-နှစ်ပါးတို့ကို ပြတော်မူပါ၏။

**ဣဓာပိ ဝါ-သဒ္ဒေါ ဝဝတ္ထိတ ဝိဘာသတ္တာ နာတိပ္ပသင်္ဂေါ။**

**ရူပသိဒ္ဓိ။**

---

၁၄၆-မေး။ ။ဤသုတ်သည် လိင်သုံးပါး တို့တွင် အဘယ်လိင်၌ စီရင်သည်၊ ဝန္တု- မန္တု- စသော ပစ္စည်းတို့တွင် အဘယ်ပစ္စည်းကို စီရင်သည်ဟု ဝေဘန် ခွဲခြားပြခဲ့ပါ။

၁၄၆-ဖြေ။ ။(၁) လိင်သုံးပါးတို့တွင် ပုလ္လိင်,နပုလ္လိင်၊

(၂) ပစ္စည်း တို့တွင် မန္တု- ပစ္စည်း၊ ကိုသာလျှင် စီရင်ပါ၏။

**ဣဒံ သုတ္တံ ပုမ-နပုံသက- ဝါစကံ မန္တု-ပစ္စယ မေဝ ဝိဒဓာတိ။**

**နိဒ္ဒေသ။**

---

**၁၄၇-မေး။** ။ဤသုတ်အစီအရင်နှင့်စပ်လျဉ်း၍ အခြား ဝါဒကွဲများ ရှိပါလျှင် သိသမျှထုတ်ပြခဲ့ပါ။

**၁၄၇-ဖြေ။** ။ နိရုတ္တိဒီပနီ-အလို။

(သတိမန္တ- ဗန္ဓုမန္တ- မဟုတ် ပါဠိလျက် ဤသုတ်လုံးဖြင့် (န္တ)ကို (အ)ပြုထားပုံ။)

(၁) ဟိမဝံ,ဂုဏဝံ၊ } အံ } နှောင်းရောက်၌ (န္တ)
(၂) ဟိမဝဿ,ဂုဏဝဿ၊ } သ } ကို(အ)ပြု၏။

အာစရိယဝါဒ။

(၁) ဇုတိမံ,စန္ဒိမံ၊ } အံ } နှောင်းရောက်၌ (န္တ) ကို
(၂) ဇုတိမဿ,စန္ဒိမဿ၊ } သ } (အ)ပြု၏။

ရုဠှနိရုတ္တိအလို။

(အံသ-မှ တပါးသော ဝိဘတ်နှောင်းရောက်၌ ဝါ-သဒ္ဒါဖြင့် (န္တ)ကို (အ) ပြုထားပုံ။)

(၁) ဂေါတမော၊ အနွယ်ရှိသောသူ၊
(၂) ဝဏ္ဏဝါ၊ အဆင်းရှိသောသူ၊

နိရုတ္တိဒီပနီအလို။

(ဂ- အမည် ရှိသော သိ-ဝိဘတ် နှောင်းရောက်၌ ဝါ-သဒ္ဒါဖြင့် (န္တ)အစိတ် (ဥ)ကို (အ)ပြုထားပုံ။)

(၁) "ပညာဝန္တ-မဟာဝီရ"
(ပညာဝန္တ-ပညာရှိသော၊ မဟာဝီရ- ကြီးသော လုံ့လရှိသောအရှင်။)

သဒ္ဒနိတိအခဝိ။

(ပထမာ–ယောဝိဘတ် နှောင်းရာ၌ (န္တ)ကို (အ) ပြုထားပုံ။)

(၁) ထေ တမှ အာဂ သော "သီလဝါ" ဟောာ ထ။

(၂) "စက္ခုမာ" အနိက ဟောက္ခိ မာဝတုဂါမ, ဝသံဂတော။

---

**၁၄၇-မေး။** ။"သတိမန္တ,ဗန္ဓုမန္တ" သဒ္ဒါတို့၏ ဂုဏ ဝန္တု-စသော သဒ္ဒါတို့နှင့် ရုပ်စဉ်ရုပ်သွား ထူးခြားရာ ဌာနတို့ကို သတ်မှတ်ခဲ့ပါ။

**၁၄၇-ဖြေ။** ။"သတိမန္တ,ဗန္ဓုမန္တ"-သဒ္ဒါတို့၏ အံ,သ- ဝိဘတ်နှောင်းရာ ဌာနတို့၌သော ရုပ်စဉ် ရုပ်သွား ထူးခြားပါ၏။ ကြွင်းကျန်သော ဝိဘတ်နှောင်းရာ ဌာနတို့၌ (ဂုဏဝန္တု) သဒ္ဒါတို့နှင့် တူပြီ။

**သတိမန္တု–ဗန္ဓုမန္တုသဒ္ဒါနံ အံ–သေသု ရူပ ဘေဒေါ။**

**ရူပသိဒ္ဓိ။**

(အမှာ။)

**ထူးခြားပုံကို(၁၄၅)အမှတ်အဖြေ၌ အနိစ္စဝိဓိမှာ ပြန်ကြည့်ပါ။**

---

**၁၄၈-မေး။** ။ဝန္တု- ပစ္စည်း အဆုံးရှိသော ပုဒ်တို့နှင့် မန္တု-ပစ္စည်း အဆုံးရှိသော ပုဒ်တို့သည်

ရုပ်စဉ်ရုပ်သွား တူကြသလော, ထူးကြသလော။

၁၄၉-ဖြေ။ ။ "ဘဂဝါ,အာယသ္မာ"

ဟူ၍ ဒီဃဖြင့် ဟောတော်မူအပ်သော ပုဒ်မျှကို ချန်လှပ်ထား၍ ကြွင်းသမျှပုဒ် တို့၌ ဝန္တု-ပစ္စည်း,မန္တု-ပစ္စည်း အဆုံးရှိသော ပုဒ်တို့သည် တူကြသတည်း။

**ဘဂဝါ အာယသ္မာ ဣတိ ဒီဃဝသေန ဝုတ္တပဒမတ္တံ ဌပေတွာ ဝန္တုပစ္စယဋ္ဌာနေပိ မန္တုပစ္စယနယော နေတဗ္ဗော၊ မန္တုပစ္စယဋ္ဌာနေပိ ဝန္တုပစ္စယနယော နေတဗ္ဗော။**

**သဒ္ဒနီတိပဒမာလာ။**

---

## သိဗ္ဗိ ဂစ္ဆန္တာဒိနံ န္တသဒ္ဒေါ အံ။
## (အာဒေသဝိဓိသုတ်။)

**၁၅၀-မေး။** ။ဤသုတ်ပါ အာဒိ-သဒ္ဒါဖြင့် မည်ကဲ့သို့သော အာဒိဝန်-သဒ္ဒါများကို ယူရမည်ဟု ကျနစွာ ဖြေဆိုပါ။

**၁၅၀-ဖြေ။** ။အာဒိ-သဒ္ဒါဖြင့် အက္ခရာ သုံးလုံးချင်းတူကုန်သော "မဟန္တ,စရန္တ" စသောသဒ္ဒါတို့ကိုယူရပါသည်။

ဋ္ဌာ၀ အာဒိသဒ္ဒေန တိအက္ခရသဒ္ဒိသာ ပယောဂါ ဂဟေတဗ္ဗာ။

နိဒ္ဒေသ။

---

၁၅၁-မေး။ ။ ဤသုတ်သည်....

(၁) နောက်၌ သိ-ဝိဘတ်နှောင်းခြင်း၊

(၂) ရှေ့က ဂစ္ဆန္တ-စသော သဒ္ဒါတို့ရှိခြင်း၊ ဤ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံမှသာ (အံ) တည်းဟူသော ကာရိယ- ပြုနိုင်သည်၊ အခြားသော နိမိတ်နှောင်းရာ၌ အခြားသော ကာရိယတို့ မပြုနိုင်-ဟု မှတ်ရ အံ့လော၊ဆိုးဖြတ်ခဲ့ပါ။

၁၅၁-ဖြေ။ ။ "ဂစ္ဆံ,ဂစ္ဆသ"

စသော ဥဒါဟရဏ်တို့၌ အံ-ဝိဘတ်,သ-ဝိဘတ်-နှောင်းရာ တို့ဝယ် "ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါ-ဟူသော"ဒွိခါကရဏ-ယောဂ ဝိဘာဂ"ဖြင့် (န္တ)ကို (အ) ပြုပါသေး၏။

"မဟာ,မဟံ"

"အရဟာ,အရဟံ"

စသော ဥဒါဟရဏ် တို့၌ သိ-ဝိဘတ် နှောင်းရာဝယ် "သိမှိ ဂစ္ဆန္တာဒီနံ န္တ

သဒ္ဒေါ" ဟူသော "ဒွိဝါကရဏာယောဂ ဝိဘာဂ"ဖြင့် (န္တ)ကို (အာ)ပြုပါသေး၏။

(အာစရိယဝါဒ။)

"တေ, ဂစ္ဆံ"

စသော ဥဒါဟရဏ်တို့၌ ပထမာယော ဝိဘတ် နှောင်းရာဝယ် "ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါ အံ" ဟူသော "ဒွိဝါကရဏာယော ဂဝိဘာဂ"ဖြင့် (န္တ)ကို (အံ) ပြုသေး၏။

(အာစရိယဒါဒ။)

(သဒ္ဒနီတိ၌ သုတ်သီးခြားတည်၏။)

---

၁၅၂-မေး။ ။ဤသုတ်သည် လိင်သုံးပါးတို့တွင် မည်သည့်လိင်၌ စီရင်သည်-ဟု ဖော်ပြခဲ့ပါ။

၁၅၂-ဖြေ။ ။ပုလ္လိင်,ဣတ္ထိလိင်-တို့၌ စီရင်ပါ၏။

(သဒ္ဒနီတိ။)

---

၁၅၃-မေး။ ။ဂစ္ဆန္တာဒိ-ဂိုဏ်းနှင့် သဘောတူ ယူရမည့် သဒ္ဒါတို့၏ လက္ခဏာတို့ကို ဖော်ပြပါ။

၁၅၃-ဖြေ။ ။(၁) ဂစ္ဆန္တ-သဒ္ဒါနှင့် အက္ခရာ သုံးလုံး ရှိပုံ တူခြင်း၊

(၂) အန္တ-ပစ္စည်း အဆုံးရှိပုံ တူခြင်း၊

ဤသို့ လက္ခဏာ နှစ်ပါးရှိပါ၏။

---

သောသောသုန္တုဝ။

(ကာရိယ–အတိဒေသသုတ်။)

၁၅၄-မေး။ ။ဤသုတ်ကို"သောသောသုန္တု"ဟု ဤမျှသာ မဆောင်မူ၍ ဧဝ-သဒ္ဒါကို ထည့်၍"သောသောသု န္တုဝ"ဟု ထည့်ရ ခြင်း၏ အကြောင်းကို ရေးသားပါ။

၁၅၄-ဖြေ။ ။"အတိဒေသ"သုတ်-ဟု သိစေလိုသော ကြောင့်တည်း။

(အတိဒေသ-အကျယ်ကို သန္ဓိ၌ ဆိုခဲ့ပြီ။)

၁၅၅-မေး။ ။ဤသုတ်သည် (အတိဒေသသုတ်) ခြောက် မျိုးတို့တွင် မည်သည့်(အတိဒေသ)သုတ် ဖြစ်ပါသနည်း။

၁၅၅-ဖြေ။ ။"ကာရိယ အတိဒေသ"- သုတ် ဖြစ်ပါ သည်။

အသိမှိ ကာရိယာတိဒေသောယံ။

ရူပသိဒ္ဓိ။

၁၅၆-မေး။ ။ဤသုတ်ဖြင့် "ကာရိယ အတိဒေသ" သုတ်ဟု ညွှန်ပြရခြင်း၏ အကျိုးကို ရေး ခဲ့ပါ။

၁၅၆-ဖြေ။ ။(၁) တော-တိ-တာ-သသွိံ နာသု၊
(၂) နံမှိတံဝါ၊

သုတ်တို့ဖြင့် (တော-တိ-တာ-တံ)ဤကာ
ရိယတို့ ရောက်နိုင်ခြင်းအကျိုး ရှိပါ၏။

---

**၁၅၇-မေး။** ။ဤသုတ်၌ သေသောသု-အရ မည်သည့် ဝိဘတ်၊မည်သည့် ပစ္စည်းတို့ကို ယူရပါ အံ့နည်း၊ထုတ်ဘော်ညွှန်ကြားခဲ့ပါ။

**၁၅၇-ဖြေ။** ။(၁) သေသောသု- အရ သိ-ဝိဘတ်မှ ကြွင်းသော ဝိဘတ် ဟူသမျှကို ယူစေလိုပါသည်။

(၂) ပစ္စည်း-အရ မည်သည့် ပစ္စည်းဟု မဆိုသော်လည်း အရာအားလျော် စွာ(ဤ) ပစ္စည်းကို ယူပါ။**(ဂန္ထတီ)** စသည်တည်း။

**(ဆရာတော်ဦးဗုဓ်။)**

**တနည်းကား**

**(၁) တော-တိ-တာ-သဿိံ နာသု၊**

**(၂) နံမှိတံဝါ၊**

ဤသုတ်တို့ဖြင့်လာသော ဝိဘတ်တို့သည် သေသောသု-အရ မည်ကုန်၏။

**သဿိံ နာနံသု ၁၂၀၊**

သဒ္ဒနီတိ။

၁၅၇-မေး။ ။ဤသုတ်သည် "ကာရိယ အတိဒေသ" သုတ်ဟု ဆို၍ သိရပါပြီ၊ ထိုအတိဒေသ-သုတ်မျိုးသည်....

(၁) သညာ၊

(၂) အဓိကာရ၊

(၃) ပရိဘာသာ၊

(၄) ဝိဓိ၊

အားဖြင့် သုတ်လေးမျိုးတို့တွင် အဘယ် အမျိုးအစား၌ ပါဝင်ပါသနည်း။

၁၅၇-ဖြေ။ ။ဝိဓိသုတ်၌ ပါဝင်ပါသည်။

**တမ္ပိ ဝိဓိ သုတ္တေ အန္တောဂဓန္တိ ဝေါတိဝိ ဝဒန္တိ။**

**နိဒ္ဒေသ။**

---

၁၅၉-မေး။ ။ဤ ဂစ္ဆန္တာဒိ-ဂိုဏ်းသည် မည်သည့် လိင်တို့နှင့် ဆက်ဆံပါသနည်း။

၁၅၉-ဖြေ။ ။လိင်သုံးပါးလုံးတို့နှင့်ပင် ဆက်ဆံပါ၏။

---

၁၆၀-မေး။ ။ဂစ္ဆန္တာဒိ- ဂိုဏ်းကို သချာစွာ ပဒ-မာလာသွားပြီးလျှင် စီရင်သည့် သုတ်များ ကိုလည်း ရေးသားဘော်ပြပါ။

၁၆၀-ဖြေ။ ။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| (ပထမာ) | ဂစ္ဆံ, ဂစ္ဆန္တော | ဂစ္ဆန္တော, ဂစ္ဆန္တာ |
| (အာလုပ်) (ဘော) | ဂစ္ဆံ, ဂစ္ဆ, ဂစ္ဆာ(ဘဝန္တော) | ဂစ္ဆန္တော, ဂစ္ဆန္တာ |
| (ဒုတိယာ) | ဂစ္ဆန္တံ, | ဂစ္ဆန္တေ |
| (တတိယာ) | ဂစ္ဆတာ, ဂစ္ဆန္တေန | ဂစ္ဆန္တေဟိ, ဘိ |
| (စတုတ္ထီ) | ဂစ္ဆတော, ဂစ္ဆန္တဿ | ဂစ္ဆတံ, ဂစ္ဆန္တာနံ |
| (ပဉ္စမီ) | ဂစ္ဆတာ, ဂစ္ဆန္တသ္မာ, မှာ | ဂစ္ဆန္တေဟိ, ဘိ |
| (ဆဋ္ဌီ) | ဂစ္ဆတော, ဂစ္ဆန္တဿ | ဂစ္ဆတံ, ဂစ္ဆန္တာနံ |
| (သတ္တမီ) | ဂစ္ဆတိ, ဂစ္ဆန္တေ<br>ဂစ္ဆန္တသ္မိံ, ဂစ္ဆန္တမှိ | ဂစ္ဆန္တေသု |

မီရင်သော သုတ်များ။

(၁) သိမှိ ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါ အံ၊
(၂) သော၊
(၃) သရလောပေါ၊ပ၊ပကတိ၊
(၄) န္တဿ န္တော၊
(၅) သဗ္ဗယောနီနမာ ဧ၊
(၆) အာလပနေ သိ ဂသညော၊
(၇) အဝဏ္ဏာ စ ဂေ၊
(၈) တောတိတာ သသ္မိံနာသု၊
(၉) အတောနေန၊
(၁၀) သုဟိသွကာရော ဧ၊
(၁၁) သ္မာဟိသ္မိံနံ မှာဘိမှိဝါ၊
(၁၂) န္တဿ သေဝါ၊
(၁၃) နံမှိ တံ ဝါ၊
(၁၄) သုနံဟိသု စ၊
(၁၅) သ္မာသ္မိံနံ ဝါ၊

ဤသို့လျှင် (၁၅)သုတ် ရှိပါ၏။

၁၆၁-မေး။ ။ဂစ္ဆန္တ-သဒ္ဒါနှင့် ရုပ်စဉ်ရုပ်သွား တူကြသော ဂစ္ဆန္တာဒိ ဂိုဏ်းဝင် သဒ္ဒါများကို ထုတ်ဘော် ဖြေဆိုခဲ့ပါ။

၁၆၁-ဖြေ။ ။"ဧဝံ"မဟံ, စရံ, တိဋ္ဌံ၊

ဒဒံ, ဘုဉ္ဇံ, သုဏံ, ပုစ္ဆံ။

ဈာယံ, ဇိရံ, စဝံ, ပိယံ၊

သရံ, ကုပ္ပံ, ဇပံ, ဝဇံ။ ။

စသည်တို့တည်း။

အမှာ။

(ဤ၌ "ဧဝံ"မှာ ညွှန်ပြရုံမျှသာ။)

---

## ဩဘာဝေါ် ကွစိ ယောသု ဝကာရဿ။

(အာဒေသဝိဓိသုတ်။)

၁၆၂-မေး။ ။ဤသုတ်သည် မည်သည့် အင်္ဂါများနှင့် ပြည့်စုံမှ မည်သည့် အစီအရင်ကို စီရင်နိုင်သည်ဟု ထုတ်ဘော် ရေးသားခဲ့ပါ။

၁၆၂-ဖြေ။ ။(၁) နောက်၌ "ယောဝိဘတ်" ရှိခြင်း၊

(၂) ရှေ့၌ "ဘဝန္တ"သဒ္ဒါ ရှိခြင်း၊

ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံလျှင် "ဘဝန္တ" သဒ္ဒါ၏ (ဝ)အက္ခရာကို (ဩ)ပြုပါသည်။

## ဘောဂေ တွ။

(အာဒေသဝိဓိသုတ်။)

၁၆၃-မေး။ ။ဤသုတ်ကို "ဘောဂေ"ဟူသော မတည့်ပါဝဲ အဘာယ်အကျိုးငှါ (တွ)သဒ္ဒါထည့်စွက်၍ မိန့်မြွက်ပါသနည်း။

၁၆၃-ဖြေ။ ။ဘာဝန္တ-သဒ္ဒါကို (ဘော)သာ ပြုရသေးသည် မဟုတ်သေး၊(တွ)သဒ္ဒါဖြင့်....

"ဘန္တေ-ဘောန္တာ"

စသော ကာရိယ တို့ကိုလည်း ပြုနိုင်ပါသေး၏ဟု- ဆည်းခြင်း သမုစ္စည်းအနက်ကို ပြခြင်းအကျိုးငှါ (တွ)သဒ္ဒါကို ထည့်စွက်၍ မိန့်မြွက်ရပါ၏။

**တုသဒ္ဒေန ဘန္တေ ဘဝန္တာဒိ စ။**

ရူပသိဒ္ဓိ။

---

၁၆၄-မေး။ ။သမုစ္စည်း အနက်ကို ပြခြင်းအကျိုးငှါ ထည့်ရပါလျှင် (တွ)သဒ္ဒါကို မထည့်ပဲ စသဒ္ဒါကို ထည့်၍ "ဘောဂေ စ" ဟု တည်ထိုက်ပါလျက်(တွ)သဒ္ဒါကို ထည့်ရခြင်း၏ အကြောင်းကို ပြဆိုပါ။

၁၆၄-ဖြေ။ ။နိပါတ်ပုဒ်တို့သည် များသောအနက် ရှိသည် ဖြစ်ရကား (တွ)ဟူသော နိပါတ်ပုဒ်

သည်လည်း သမ္မုဿည်းအနက်ကို ဟော
သည်ဟု သိစေလိုသောကြောင့် (စ)သဒ္ဒါ
ကို မထည့်ပဲ (တ)သဒ္ဒါဖြင့် မိန့်ဆိုရ
ပါ၏။

---

၁၆၅-မေး။ ။ဤသုတ်ဖြင့် ယောဝိဘတ်နှောင်းရာ၌သော
"ဘ၀ဂ္ဂ" သဒ္ဒါ၏ (ဝ)အက္ခရာကို (ဩ)
ပြုနိုင်ပါသလော၊ အခြားသော နိမိတ်တို့
ကြောင့် (ဩ)မပြုနိုင်ပါသလော။

၁၆၅-ဖြေ။ ။နာ- ဝိဘတ် သ-ဝိဘတ် နှောင်းရာတို့၌
လည်း "ဩဘာဝေါကွစိ"ဟူသော "ဒွိခါ
ကရဏ ယောဂဝိဘာဂ"ဖြင့် "ဘ၀ဂ္ဂ"
သဒ္ဒါ၏ (ဝ) အက္ခရာကို ဩ- ပြုနိုင်ပါ
သေး၏။

နာသေသု ဩဘာဝေါကွစိတိယောဂဝိဘာ
ဂေန-ဩဘာဝေါ၊

ရူပသိဒ္ဓိ။

---

၁၆၆-မေး။ ။ဤသုတ်ဖြင့် မည်သည့် ဝိဘတ် နှောင်း
ရာ၌ မည်သည့် ကာရိယများ ရောက်နိုင်
သည်ဟု အာစရိယဝါဒ ရှိသလို ထုတ်
ဆို ဝေဘန်ခဲ့ပါ။

၁၆၆-ဖြေ။ ။(၁) (ဂ) အမည် ရှိသော သိဝိဘတ်
နှောင်းရာ၌

(၁) **ဘန္တေ၊** (၅) **ဘဒန္တာ၊**
(၂) **ဘောန္တ၊** (၆) **ဘဒ္ဒန္တ၊**
(၃) **ဘောန္တာ၊** (၇) **ဘဒ္ဒန္တာ၊**
(၄) **ဘဒန္တ၊** (၈) **ဘဒန္တေ၊**
(၉) **ဘဒ္ဒန္တေ၊**

ဤသို့ ကာရိယ(၉)ချက် ရောက်နိုင် ပါ၏။

(၂) အာလုပ် ယော-ဝိဘတ် နှောင်းရော၌

(၁) **ဘန္တေ၊** (၃) **ဘောန္တာ၊**
(၂) **ဘောန္တော၊** (၄) **ဘဒန္တာ၊**
(၅) **ဘဒ္ဒန္တာ၊**

ဤသို့ ကာရိယ (၅)ချက် ရောက်နိုင်ပါ၏။

(၃) ပထမာ ယော-ဝိဘတ်နှောင်းရော၌

(၁) **ဘောန္တော၊** (၃) **ဘဒန္တာ၊**
(၂) **ဘောန္တာ၊** (၄) **ဘဒ္ဒန္တာ၊**

ဤသို့ ကာရိယ (၄)ချက် ရောက်နိုင်ပါ၏။

(၄) ဒုတိယာ ယော-ဝိဘတ်နှောင်းရော၌

(၁) **ဘောန္တေ၊**
(၂) **ဘဒန္တေ၊**
(၃) **ဘဒ္ဒန္တေ၊**

ဤသို့ ကာရိယ (၃)ချက် ရောက်နိုင်ပါ၏။

(၅) နာဝိဘတ် နှောင်းရော၌ "**ဘောတာ**"
သဝိဘတ်နှောင်းရော၌ "**ဘောတော**"

ဤကာရိယများ ရောက်နိုင်သည့်သာမက (တု)သဒ္ဒါဖြင့် "ဘောတုမှေ" ဟူသော ဥဒါဟရုဏ်၌(ဘော)အပြုကိုလည်း ဆည်းနိုင်ပါသေး၏။

---

၁၆၇-မေး။ ။ဘဝန္တသဒ္ဒါ၏ ပဒမာလာကို ရုပ်သိဒ္ဓိအလိုကျအောင် ရေးပြ ဖြေဆိုခဲ့ပါ။

၁၆၇-ဖြေ။ ။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | ဘဝံ, | ဘောန္တော,ဘဝန္တော,ဘဝန္တာ, |
| အာ | ဘော,<br>ဘန္တေ,ဘောန္တ, | ဘောန္တာ,ဘောန္တော,<br>ဘဝန္တော,ဘဝန္တာ, |
| ဒု | ဘဝန္တံ, | ဘောန္တေ,ဘဝန္တေ, |
| တ | ဘောတာ,ဘဝတာ,<br>ဘဝန္တေန, | ဘဝန္တေဟိ,<br>ဘဝန္တေဘိ, |
| စ | ဘောတော,ဘဝတော,<br>ဘဝန္တဿ, | ဘဝတံ,ဘဝန္တာနံ၊ |
| ပ | ဘောတာ,ဘဝတာ,ဘဝန္တာ,<br>ဘဝန္တသ္မာ,ဘဝန္တမှာ, | ဘဝန္တေဟိ,ဘဝန္တေဘိ |
| ဆ | ဘောတော,ဘဝတော,<br>ဘဝန္တဿ, | ဘဝတံ, ဘဝန္တာနံ, |
| သ | ဘဝတိ,ဘဝန္တေ,<br>ဘဝန္တသ္မိံ, ဘဝန္တမှိ, | ဘဝန္တေသု, |

(ပ-အာ-စသည်ကို ပထမာ-အာလုပ်-စသည် ဟု မှတ်ယူပါ။)

## ဘာဒန္တသသ ဘာဒန္တ ဘန္တေ။

(အာဒေသဝိဓိသုတ်)။

၁၆၈-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံမှသာ မည်သည့် ကာရိယမျိုး ပြုနိုင်ရောက်နိုင်သည်ဟု ခွဲခြားပြဆိုပါ။

၁၆၈-ဖြေ။ ။(၁) နောက်၌ (ဂ) အမည်ရှိသော သိဝိဘတ်နှင့် ယော-ဝိဘတ် တို့တွင် တလုံးလုံး နှောင်းခြင်း၊

(၂) ရှေ့၌ ဘဒန္တ-သဒ္ဒါရှိခြင်း၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံမှသာ

"ဘဒ္ဒန္တ,ဘန္တေ"

ဟူသော ကာရိယတို့ ပြုနိုင် ရောက်နိုင်ပါသည်။

---

၁၆၉-မေး။ ။ဤသုတ်ကို မဆိုသော်လည်း "ဘောဂေတု"သုတ်၌ (တု) သဒ္ဒါဖြင့် ပြီးနိုင် မပြီးနိုင် ဆုံးဖြတ်ခဲ့ပါ။

၁၆၉-ဖြေ။ ။ပြီးနိုင်ပါသည်။

## အဓိပ္ပာယ်

နျာသဆရာ၏ အလိုတော် အားဖြင့် ဤသုတ်သည် ပါဠိတော်မဟုတ်။“ဘောဂေတု”၌ (တု)သဒ္ဒါဖြင့် ပြီးနိုင်သောကြောင့် ဤသုတ်ကို တည်ထားမှုသည် အချည်းနှီး အကျိုးမရှိဟူလို။

---

၁၇၀-မေး။ ။ရူပသိဒ္ဓိဆရာ ဖွင့်ဆိုခဲ့ပြီးသော သုတ်များစွာတို့အနက် သဒ္ဒါကြီး၌ မပါ မရှိသော “သုတ်ထူး”များကို ထုတ်ပြခဲ့ပါ။

## သုတ်ထူးများ။

၁၇၀-ဖြေ။ ။(၁) ဩဘာဝေါ ကွစိ ယောသု ဝကာရဿ။

(၂) ဘဒန္တဿ ဘဒ္ဒန္တ ဘန္တေ။

ဤနှစ်သုတ်သာ ရှိပါသည်။

---

## သန္တသဒ္ဒဿ သော ဘော မော စန္တေ။

**(အာဒေသဝိဓိ–အာဂမဝိဓိ) နှစ်မည်ရသုတ်။**

၁၇၁-မေး။ ။ဤသုတ်၏ အင်္ဂါကိုရင်း၊ ကာရိယတို့ကိုရင်း ဖော်ပြခဲ့ပါ။

၁၇၁-ဖြေ။ ။(၁) နောက်၌(ဘ)အက္ခရာ နှောင်းခြင်း၊
(၂) ရှေ့က(သန္တ)သဒ္ဒါရှိခြင်း၊

ဤအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါက အလုံးစုံ သော(သန္တ)သဒ္ဒါကို (သ) ကာရိယပြု၍ (သ) အက္ခရာ၏ အဆုံး၌ (ဗ) အက္ခရာ လည်း လာရပါသေး၏။

---

၁၇၂-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ဘော် ပြ၍ ထို စ-သဒ္ဒါဖြင့် သိစေ အပ်သော အစီအရင်များကိုလည်း ရေးပြခဲ့ပါ။

၁၇၂-ဖြေ။ ။စ-သဒ္ဒါသည် အဝုတ္တသမုစ္စည်း အနက် ကို ဟောပါ၏။ထို စ-သဒ္ဒါဖြင့် သိဝိဘတ် နှောင်းရှေ့၌လည်း၊ သန္တ-သဒ္ဒါ၏ အစိတ် (န္တ)ကို(အံ)ပြုပါ၏။

**သံ-(သပ္ပုရိသော)**

အံ-ဝိဘတ် နှောင်းရှေ့၌လည်း (သန္တ) ကို (သ)ပြုပါ၏။

**သံဘဇတိ ယဒိဝါ အသံ(အသပ္ပုရိသံ)**

နံ-ဝိဘတ်နှောင်းရှေ့၌သည်း (သန္တ) သဒ္ဒါ ကို (သတ)ပြုသေး၏။

**သတာနံ-(သပ္ပုရိသာနံ)**

**(အာစရိယဝါဒ။)**

**၁၇၃-မေး။** ။သန္တသဒ္ဒါ၏ ပဒမာလာကို အစုံအလင် ရေးပြပါ။

**၁၇၃-ဖြေ။** ။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
| --- | --- | --- |
| ပ | သံ | သန္တော, သန္တာ |
| အာ | (ဘော)သန္တ | (ဘဝန္တော)သန္တော, သန္တာ |
| ဒု | သန္တံ | သန္တေ |
| တ | သတာ, သန္တေန | သဗ္ဘိ, သန္တေဟိ, ဘိ |
| စ | သတော, သန္တဿ | သတံ, သန္တာနံ |
| ပ | သတာ, သန္တာ<br>သန္တသ္မာ, မှာ | သဗ္ဘိ, သန္တေဟိ, ဘိ |
| ဆ | သတော, သန္တဿ | သတံ, သန္တာနံ |
| သ | သတိ, သန္တေ<br>သန္တသ္မိံ, မှိ | သန္တေသု |

## သျှာ ၈။

## (အာဒေသဝိဓိသုတ်။)

**၁၇၄-မေး။** ။ဤသုတ်သို့ လိုက်လာသော အာဒိ-သဒ္ဒါ၏ အကျိုးကို ဖော်ပြပါ။

**၁၇၄-ဖြေ။** ။"ဗြဟ္မ- အတ္တ- သခ- ရာဇ" တို့မှ တပါး "အာတုမ"သဒ္ဒါနောက်၌လည်း သိ-ဝိဘတ်ကို (အာ)ပြုရခြင်း အကျိုးရှိပါ၏။

၁၇၅-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါကို ထည့်စွက်၍ မိန့်မြွက်ရခြင်း၏ အကျိုးကား အဘယ်ပါနည်း။

၁၇၅-ဖြေ။ ။ဝါစာသိလိဋ္ဌအကျိုးလည်း ရှိ၏။ လိုက်၍လာသော ဝါသဒ္ဒါကို နစ်စေခြင်း အကျိုးလည်း ရှိပါ၏။

**စဂ္ဂဟဏံ ဝါစာသိလိဋ္ဌတ္ထံ ဝါဂ္ဂဟဏာနိဝတ္တနတ္ထဉ္စ၊**

**ဉာသ။**

**တနည်းကား**

**"ဗြဟ္မာ တိဋ္ဌန္တိ-အတ္တာ တိဋ္ဌန္တိ"**

ဟူသော ဥဒါဟရဏ်တို့၌ ပထမာယော ဝိဘတ်၏ (အာ)အပြု ကိုလည်း ဆည်းခြင်းအနက် ရှိ၏။

**(သဒ္ဒနီတိ၌မူ သီခြားသုတ် တည်ထား၏။)**

---

**ယောနံ-မာနော။**

**(အာဒေသဝိဓိသုတ်)။**

၁၇၆-မေး။ ။ဤသုတ်သည်ယောဝိဘတ်ကို(အာနော) ပြုသောသုတ် ဖြစ်သောကြောင့် "**ယောဝစနဿ-အာနော**" ဟု မိန့်ဆိုထိုက်ပါလျက်

"ယောနု-မာနော" ဟု ဗဟုဝုစ်နှင့် သုတ်ကို တည်ရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၁၇၆-ဖြေ။ ။(ယောဝ- ယောဝ-ယော) ဟု သုတ်တွ ကောသိသ်ပြုသည်၏ အခွင့်းဖြင့် ပထမာ- ဒုတိယာ ယော-နှစ်လုံးကို (အာနော)ပြု သည်ဟု သိစေခြင်း အကျိုးငှါ (ယောနု- မာနော)ဟု ဗဟုဝုစ်နှင့် သုတ်ကို တည်ရ ပါ၏။

> သဗ္ဗပေကသေသ ဝသေန ဂဟိတာနံ ပထမာ ဒုတိယာ ဗဟုဝစနာနံ အာနော အာဒေသော ဟောတီတိ ဉာပနတ္ထံ။
>
> ဓျာသ။

---

၁၇၇-မေး။ ။ဤသုတ်သည် (ယော)ဝိဘတ် ကာရိကို သာ (အာနော)ကာရိယ ပြုနိုင်သည်၊ အခြားသော ဝိဘတ်ကာရိကိုမူ (အာနော) ကာရိယ မပြုနိုင်ဟု မှတ်ရအံ့လော၊ ဆုံး ဖြတ်ခဲ့ပါ။

၁၇၇-ဖြေ။ ။"ရတ္တိတမာနုသာနော" စသော ဂါထာ အရာ သမာသ်အရာ ဥဒါဟရဏ်၌ (အာ နော) ဟူသော "ဒွိဝဓကရဏ ယောဂ

ဝိဘာဂ"ဖြင့် (သိ)ဝိဘတ် ကာရိကိုထည်း
(အာနော)ကာရိယ ပြုနိုင်ပါသေး၏။

(အာစရိယဝါဒ။)

(ရက္ခိတမာန,သာနော-စောင့်ရှောက်အပ်သော စိတ်ရှိသော ခွေးသည်။)

---

ဖြပဉ္စဣ-သခ-ရာဇာဒီတော အ-မာနံ။
(အာဒေသဝိဓိသုတ်။)

၁၇၈-မေး။ ။ဤသုတ်၌ အာဒိ-သဒ္ဒါဖြင့် ယူရမည့် ပုဒ်တို့ကိုရင်း၊ဝါ-သဒ္ဒါသည် မည်သည့် သုတ်မှ လိုက်လာသည်ကိုရင်း ဖော်ပြခဲ့ပါ။

၁၇၈-ဖြေ။ ။အာဒိ-သဒ္ဒါဖြင့်....

"အာတုမာ"

စသော ပုဒ်တို့ကို ယူပါ။ ဝါ-သဒ္ဒါသည် "သသရေ ဝါ ဂမော"သုတ်မှလိုက်လာပါသည်။

သသရေဝါဂမောတိ ဣတော ဝါတိ ဝတ္တတေ၊
(ရူပသိဒ္ဓိဋီကာ။)

---

၁၇၉-မေး။ ။ဤသုတ်ဖြင့် (အံ)ဝိဘတ်ကိုသာ (အာနံ) ပြုနိုင်သည်။ အခြား ဝိဘတ် တို့ကိုကား (အာနံ) မပြုနိုင်ဟု မှတ်သားရအံ့လော၊ ဥဒါဟရဏ်ထုတ်၍ ရှင်းလင်းခဲ့ပါ။

၁၇၉-ဖြေ။ ။(အာနန်) ဟူသော "ဒွိဓာကရဏယောဂ ဝိဘာဂ"ဖြင့် အတ္တ သဒ္ဒါမှ နောက်ဖြစ်သော (သိ)ဝိဘတ်ကိုလည်း (အာနံ) ပြုရပါသေး၏။

ဥဒါဟရဏ်။

အတ္တနာ"အတ္တာနံ"သမ္မနိတဗ္ဗံ၊

ဝိနည်းပါဠိတော်။

---

၁၈၀-မေး။ ။ဤသုတ်ကို ဝိဘတ်စဉ်အား ကျော်၍ "သျာစ" သုတ်၏ ရှေ့ဦး၌ ဆိုထိုက်ပါလျက် ဤနေရာ၌ ဆိုရခြင်း အကြောင်းကား အဘယ်ပါနည်း။

၁၈၀-ဖြေ။ ။(၁) "သသရေ ဝါဂမော" သုတ်မှ ဝါသဒ္ဒါ၏ လိုက်လာမှုကို ခံယူလိုသောကြောင့်၎င်း၊

(၂) ဗြဟ္မ-အတ္တ-သခ-ရာဇ- စသော သဒ္ဒါတို့ကို "သျာစ" အမှူးရှိသော နောက်သုတ် များသို့ လိုက်စေလိုသောကြောင့်၎င်းတည်း။

---

နာမှိ ရညော ဝါ။

(အာဒေသဝိဓိသုတ်။)

၁၇၁-မေး။ ။"ရညံနိမှိ ဝါ"သုတ်မှ ဝါ-သဒ္ဒါအလိုက်ခံ ပြီးလျှင် (နာမှိ ရညော)ဟု မိန့်တော်မမူပဲ ဝါ-သဒ္ဒါကို တဖန်ထည့်ရခြင်း၏ အကျိုး ကို ရေးခဲ့ပါ။

၁၇၁-ဖြေ။ ။နောက်သုတ်သို့ မလိုက်နိုင်စေခြင်း အကျိုး ရှိပါ၏။

ပုန ဝါဂ္ဂဟဏာကရဏံ ဥပရိ နာနုဝတ္တနတ္ထံ။

နိဒ္ဒေသ။

တနည်းကား

နာဝိဘတ်နှောင်းရာ၌ ဤသုတ်ဖြင့် ဝိဘတ် နှင့်တကွ(ရညာ)ပြုနိုင်သည်မဟုတ်သေး၊ (ရာဇ)လည်း (ဝိဘတ်မပါ) ပြုနိုင်သေး၏ ဟု သမုစ္စည်း အနက်ကို ပြခြင်း အကျိုး ရှိပါ၏။

(သမ္ပိဏ္ဍနေ ရာဇိနာ၊သမ္ပိဏ္ဍမင်းသည်။)

ယုဓိဋ္ဌိယဇာတ်။

## ရာဇသသ ရာဇ သု,နံ့,ဟိ,သု ၈။
(အာဒေသဝိဓိသုတ်။)

၁၇၂-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ဆော်ပြ၍ ၎င်း စ-သဒ္ဒါဖြင့် ပြအပ်သော ဝိဓိများကိုလည်း ရေးသားခဲ့ပါ။

၁၇၂-ဖြေ။ ။စ-သဒ္ဒါသည် ဝိကပ် အနက်ကို ဟောပါ၏။

"ရာဇေသု-ရာဇာနံ-ရာဇေဟိ"

စသော ဥဒါဟရဏ်တို့၌ အနိစ္စ ဝိဓိကို ပြပါ၏။

---

## ရာဇသသ ရညောရာဇိနော သေ။
(အာဒေသဝိဓိသုတ်။)

၁၇၃-မေး။ ။ဤသုတ်သည် သဝိဘတ် နှောင်းရာ၌ "ရညော-ရာဇိနော"သာ ပြုနိုင်သည်၊အခြားသော ကာရိယတို့ မပြုနိုင်ဟု မှတ်သားရအံ့လော၊ ဆုံးဖြတ်ခဲ့ပါ။

၁၇၃-ဖြေ။ ။(ရာဇဿသေ) ဟူသော "ဒွိဓာကရဏ ယောဂဝိဘာဂ"ဖြင့် (သ) ဝိဘတ်နှောင်းရာ၌ (ရညဿ)လည်း ပြုနိုင်ပါသေး၏။

(အာစရိယဝါဒ။)

---

၁၈၄-မေး။ ။ဤသုတ်ဖြင့် (သ)ဝိဘတ် နှောင်းပါမှသာ (ရာဇိနော) ပြုနိုင်သည်၊ အခြားသော ဝိဘတ်နှောင်းရာ၌ကား (ရာဇိနော) မပြုနိုင်ဟု မှတ်သားရအံ့လော၊ဆုံးဖြတ်ခဲ့ပါ။

၁၈၄-ဖြေ။ ။(အံ)ဝိဘတ်နှောင်းရာ၌လည်း(ရာဇိနော) ဟူသော "ဒွိဓာကရဏာယောဂ ဝိဘာဂ" ဖြင့် (ရာဇိနော)ပြုနိုင်ပါသေး၏။

(ရာဇိနော၊မင်းကြီးကို။) (အ.၁၀စရိယ၀ါဒ။)

---

ရညံ နံမှိ ဝါ။

(အာဒေသဝိဓိသုတ်။)

၁၈၅-မေး။ ။ဤသုတ်ပါ ဝါ-သဒ္ဒါသည် အဘယ် အနက်ကို ဟောသည်ဟု ဥဒါဟရဏ် အထောက်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

၁၈၅-ဖြေ။ ။ ရာဇူနံ-ရာဇာနံ"

ဟူသော ဥဒါဟရဏ် တို့ကို ထောက်၍ ဝိကပ်အနက်ကို ဟောပါသည်။

---

အမှတာမ္ဗန္ဓုံ ရာဇဗြဟ္မတ္တသခသတ္ထုပိတာဒီဟိ သ္မာ နာ၀ ။

(တံရူပ၊အတိဒေသသုတ်။)

၁၈၆-မေး။ ။ဤသုတ်ဖြင့် "နာ"ကဲ့သို့ ငဲ့ရမည်ဟု ဆိုထားရာ နာ-ဝိဘတ်ကဲ့သို့ ငဲ့ရုံသာငဲ့ရမည်

လော၊ သို့မဟုတ် နာ-ပင် ပြုရမည်လော။
ဥဒါဟရဏ်နှင့်တကွ ရှင်းလင်းခဲ့ပါ။

၁၈၆-ဖြေ။ ။ "မယာ-တယာ"

စသည်တို့၌ (သွာ)ဝိဘတ်ကို (နာ)ဝိဘတ်ကဲ့သို့ ငဲ့ရုံသာ ငဲ့ရပါ၏။ ဝါ- နာ-ဝိဘတ်ကဲ့သို့ အသိအမှတ် ပြုရုံသာ ပြုရပါ၏။

"မစ္စုနာ-ဗြဟ္မုနာ"

စသော ဥဒါဟရဏ်တို့၌ (သွာ)ဝိဘတ်ကို နာ-ကာရိယ ပြုရပါ၏။ ငဲ့ရုံ အသိအမှတ် ပြုရုံသာ မဟုတ်ပါ။

---

၁၈၇-မေး။ ။ဤသုတ်၏ အဆုံး၌ (သွာ-နာ) ဟူသော မဆိုပဲ (ဋ၀) ဟည့်ရခြင်း၏ အကြောင်းကို ပြဆိုပါ။

၁၈၇-ဖြေ။ ။အတိဒေသဝိဓိသုတ် ဟု သိစေလိုသော ကြောင့်တည်း။

---

၁၈၈-မေး။ ။ဤသုတ်သည် အဘယ့်ကြောင့် "တံ ရူပ အတိဒေသ"သုတ်မည်ပါသနည်း၊

၁၈၈-ဖြေ။ ။အမှ-တုမှ-လ-ပိတု စသည်တို့၏ နောက်၌ရှိသော သွာဝိဘတ်သည် သွာ-ဝိဘတ် ဖြင့် ပြီးသောရုပ်ကဲ့သို့ မနေရ၊ နာ-ဝိဘတ်

ဖြင့် ပြီးသော ရုပ်နေပုံမျိုးကဲ့သို့ နေရမည် ဟု ထို နာ-ဝိဘတ်ကဲ့သို့ ရုပ်နေပုံကို ညွှန် ပြခြင်းကြောင့် "တံ ရူပအတိဒေသ"သုတ် မည်ပါသည်။

---

၁၈၉-မေး။ ။ "မဇ္ဈေနာ-မုနေတ္တာ"

ဝ်၌ မဇ္ဈ-သဒ္ဒါမှ နောက်၌ သွာ-ဝိဘတ် ကို (နာ)ကဲ့သို့ ငဲ့ရ ပြုရလေသောကြောင့် အမှ-တုမှ-စသော သဒ္ဒါတို့ကို မထည့်ဘဲ အလုံးစုံ ရှိစေခြင်းငှါ (သွာနာဝ)ဟု သာ မည တည်ထိုက်ပါလျက် (အမှ-တုမှန္တာ) စသည်တို့ကို ထည့်ရခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

၁၈၉-ဖြေ။ ။(အမှ-တုမှ)စသော သဒ္ဒါတို့၏ နောက်၌ နာကဲ့သို့ ငဲ့ခြင်းသည်"နိစ္စဝိဓိ" တည်းဟု သိစေခြင်းအကျိုး ရှိပါ၏။

---

## သွိံ-မှိ ရဆော ရာဇ်နို။

**(အာဒေသဝိဓိသုတ်။)**

၁၉၀-မေး။ ။ဤသုတ်ဖြင့် သွိံ-ဝိဘတ် နှောင်းရာ၌ ရာဇ-သဒ္ဒါကို ဝိဘတ်နှင့်တကွ (ရညော-

ရာဇိနို)ဤကာရိယနှစ်ချက်သာ ရောက်နိုင်ပါသလော၊ဆုံးဖြစ်ပါ။

၁၉၀-ဖြေ။ ။(သွိမှိ) ဟူသော "ဒွိဓာကာရကာယောဂဝိဘာဂ"ဖြင့် ရာဇ-သဒ္ဒါကို ဝိဘတ်နှင့် တကွ(ရာဇိနေ)ပြုရပါသေး၏။

(အာစရိယဝါဒ။)

---

၁၉၁-မေး။ ။ရာဇာဒိဂိုဏ်း၏ ပဒမာလာကို ရုပ်သိဒ္ဓိ အလိုကျ စေ့ငုံအောင် ထုတ်ပြ၍ စီရင်သောသုတ်များကိုလည်း ရေးခဲ့ပါ။

၁၉၁-ဖြေ။ ။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| (ပဌမာ) | ရာဇာ | ရာဇာနော |
| (အာလုပ်) | (ဘော)ရာဇ-ရာဇာ | (ဘဝန္တော)ရာဇာနော, |
| (ဒုတိယာ) | ရာဇာနံ,ရာဇံ | ရာဇာနော |
| (တတိယာ) | ရညာ-ရာဇေန | ရာဇူဟိ-ရာဇူဘိ, ရာဇေဟိ,ဘိ |
| (စတုတ္ထီ) | ရညော,ရာဇိနော | ရညံ,ရာဇူနံ, ရာဇာနံ |
| (ပဉ္စမီ) | ရညာ | ရာဇူဟိ,ရာဇူဘိ, ရာဇေဟိ,ရာဇေဘိ |
| (ဆဋ္ဌီ) | ရညော,ရာဇိနော | ရညံ,ရာဇူနံ,ရာဇာနံ |
| (သတ္တမီ) | ရညေ,ရာဇိနိ | ရာဇူသု,ရာဇေသု |

## စီရင်သော သုတ်များ။

(၁) သျာစ၊
(၂) သရလောပေါ။လ။ပကတိ၊
(၃) ယောန,မာနော၊
(၄) အာလပနေသိ,ဂသညော၊
(၅) အကာရပိတာ-ဒျန္တာ,န-မာ၊
(၆) အာကာရော ဝါ၊
(၇) သေသတောလောပံဂသိပိ၊
(၈) ဗြဟ္မတ္တ။လ။အမာနံ၊
(၉) နာမှိ ရညာ ဝါ၊
(၁၀) အတောနေန၊
(၁၁) ရာဇဿရာဇုသုနံသုဟိစ၊
(၁၂) သုနံဟိသုစ၊
(၁၃) သ္မာဟိသ္မိံနံ,မှာ,ဘိ,မှိ,ဝါ၊
(၁၄) သုဟိသွကာရော၊
(၁၅) ရာဇဿရညော ရာဇိနောသေ၊
(၁၆) ရညံ,နံမှိဝါ၊
(၁၇) အမှ,တုမှန္တု။လ။သ္မာ,နာဝ၊
(၁၈) သ္မိံမှိရညေ ရာဇိနိ၊

ဤသို့(၁၈) သုတ်ရှိပါ၏။

---

## ဗြဟ္မတော ဂဿ စ။

(အာဒေသဝိဓိသုတ်။)

၃၉၂-မေး။ ။ဤသုတ်၌ စ-သဒ္ဒါကို ထည့်ရခြင်း၏ အကျိုးကို ရူပသိဒ္ဓိ-အလိုကျ ဖော်ပြပါ။

၃၉၂-ဖြေ။ ။စ-သဒ္ဒါသည် "သ္မိံ မေ"သုတ်မှ ဧ-ကို ငင်ခြင်းအကျိုး ရှိပါ၏။

**စဂ္ဂဟဏံ ဧဂ္ဂဟဏာနုကဍ္ဎနတ္ထံ။**

ရူပသိဒ္ဓိ။

---

၃၉၃-မေး။ ။စ-သဒ္ဒါသည် ရူပသိဒ္ဓိ အလိုကျ အနုကဍ္ဎနသာ ဖြစ်နိုင်ပါသလော၊အခြားသော

အနက်တို့၌ မဖြစ်နိုင်တော့ဘူးလော၊အာစရိယဝါဒ ရှိသလို ဖြေဆိုခဲ့ပါ။

၁၉၃-ဖြေ။ ။ "ဠသေ-မဟာမုနေ"

တို့၌ (ဂ)အမည်ရှိသော သိ-ဝိဘတ်၏ (ဧ)အပြုကိုရင်း၊

"ဟေ-ဖြဟ္မနေ"

စသည်တို့၌ (ဂ)အမည် ရှိသော သိ-ဝိဘတ်၏(အာနေ)အပြုကိုရင်း၊

"မဟာဖြဟ္မ"

စသည်တို့၌(ဂ)အမည်ရှိသော သိ-ဝိဘတ်၏(အ)အပြုကိုရင်း၊

"ကတွေ"(အို……အမှုကိစ္စတို့ကိုပြုတတ်သောအမတ်ကြီး။)

စသည်တို့၌ (ဂ)အမည် ရှိသော သိ-ဝိဘတ်၏(ဧ)အပြုကိုရင်း၊

ဆည်းခြင်းသမုဒ္ဒည်း အနက်ရှိပါ၏။

(အာစရိယဝါဒ။)

---

ဥတ္တံ သနာသ။

(အာဒေသဝိဓိသုတ်။)

၁၉၄-မေး။ ။ဤသုတ်ကို (ဥ-သနာသ)ဟု မိန့်တော်မမူပဲ(ဥတ္တံ)ဟု ဘာဝနိဒ္ဒေသ ညွှန်ပြခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၁၉၄-ဖြေ။ ။ "မြဟ္မသုံး-မြဟ္မောနှ"

စသည်တို့၌(သ-နာ)ဝိဘတ်တို့ပင် နှောင်းသော်လည်း (ဥ) မပြုရဟု သိစေခြင်းအကျိုး ရှိပါ၏။

ဥတ္တန္တိ ဘာဝနိဒ္ဒေသော ကတ္တုမ်
အဘာဝ ဒသုနတ္ထော။

ရူပသိဒ္ဓိ။

---

၁၉၅-မေး။ ။ဤသုတ်ဖြင့် (သ-နာ)ဝိဘတ်တို့ နှောင်းရာ၌သာ မြဟ္မ-သဒ္ဒါ၏ အဆိတ်(အ)ကို ဥ-ပြုရမည်၊ အခြားသောဝိဘတ် နှောင်းရာတို့၌ မြဟ္မ-သဒ္ဒါ၏အဆိတ် (အ)ကို (ဥ)မပြုရဟု မှတ်ရအံ့လော။

၁၉၅-ဖြေ။ ။"မြဟ္မုနံ" စသည်တို့၌ (ဥတ္တံ)ဟူသော "ဒွိဓာကရဏယောဂဝိဘာဂ"ဖြင့် နံ-ဝိဘတ်နှောင်းရာ၌လည်း မြဟ္မ-သဒ္ဒါ၏ အဆိတ်(အ)ကို (ဥ)ပြုရပါသေး၏။

ဥတ္တန္တိ ယောဂဝိဘာဂေန အညတ္ထာပိ ဥတ္တံ။

ရူပသိဒ္ဓိ။

---

၁၉၆-မေး။ ။ဤသုတ်ကို ဝိဘတ်အစဉ်အတိုင်း(ဥတ္တံ-နာသ-သု)ဟု တည်သင့်လျက် မတည်

မှု၍ (ဥတ္တံသနာသု)ဟု တည်ရခြင်း၏ အကျိုးကို ရေးခဲ့ပါ

၁၉၆-ဖြေ။ ။သုခုစ္စာရဏအကျိုး ရှိပါ၏။

---

ဗျ,လ,တော သသသ နော ဝါ။

(အာဒေသဝိဓိသုတ်။)

၁၉၇-မေး။ ။“အကတရဿာ”....သုတ်မှ“လတော” သဒ္ဒါ အလိုက်ခံ၍ “ဗျတော သသသ နော ဝါ”ဟု မတည်မူ၍ “လတော” သဒ္ဒါကို တဖန် ထည့်စွက်၍ မိန့်မြွက် ခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

၁၉၇-ဖြေ။ ။“လတော”သဒ္ဒါ အလိုက်ခံပါလျှင်(အကတရဿာ)သဒ္ဒါလည်း လိုက်လာပေလိမ့်မည်၊ ၎င်းကို နစ်စေခြင်း အကျိုးငှါ (လတော) သဒ္ဒါကို တဖန် ထည့်စွက်၍ မိန့်မြွက်ရပါ၏။

မေး။ ။ပုန လဂ္ဂဟဏံ ကိမတ္ထံ။

ဖြေ။ ။အကတရဿဂ္ဂဟဏနိဝတ္တနတ္ထံ။

နိဒ္ဒေသ။

---

၁၉၈-မေး။ ။(၁) “ယောသွ-ကတရဿော-ဈော”၊ (၂) “ဝေဝေါသုလောစ”၊

သုတ်တို့၏ (ဈ-လ) နှင့် ဤသုတ်လာ (ဈ-လ)တို့၏ အထူးကို ပြခဲ့ပါ။

၁၉၈-ဖြေ။ ။(၁) အောက်နှစ်သုတ်၏ (ဈ-လ) မှာ ကာရိဖြစ်ပါသည်။

(၂) ဤသုတ်လာ(ဈ-လာ)မှာ နိမိတ်ဖြစ်ပါသည်။

တနည်းကား

(၁) အောက်နှစ်သုတ်၏ (ဈ-လ) မှာ (ဣ)အက္ခရာ (ဥ)အက္ခရာ ဖြစ်၏။

(၂) ဤသုတ်လာ (ဈ-လ)မှာ ဣ-ဤ-နှင့် ဥ-ဦ-ဖြစ်ပါ၏။

(ဤကား အထူး။)

---

## ဗြဟ္မတော တုသ္မိံ နိ။

(အာဒေသဝိဓိသုတ်။)

၁၉၉-မေး။ ။ဤသုတ်ကို(ဗြဟ္မတောသ္မိံနိ)ဟု မတည်မူ၍ တု-သဒ္ဒါထည့်ပြီး တည်ရခြင်း၏ အကြောင်းကို ပြပါ။

၁၉၉-ဖြေ။ ။ဗြဟ္မ-သဒ္ဒါမှ တပါးသော(ကမ္မ,စမ္မ,မုဒ္ဓ) စသော သဒ္ဒါတို့၏ နောက်၌လည်း သ္မိံ-ဝိဘတ်၏ (နိ)အပြုကို သိစေလိုသောကြောင့်တည်း။

တုလပ္ပဒန ကမ္မ,စမ္မ,မုဒ္ဒါဒိတော စ ကွစိ။

ရူပသိဒ္ဓိ။

တနည်ကား

"ဒဏ္ဍိနီ"စသော ဥဒါဟရဏ်တို့၌ ဤကာရန္တမှ နောက်၌လည်း သိ-ဝိဘတ်၏ (နီ) အပြုကို သိစေလိုသောကြောင့် တု-သဒ္ဒါကို ထည့်၍ တည်ရပါ၏။

(အာစရိယဝါဒ။)

---

၂၀၀-မေး။ ။ပြဟ္မ-သဒ္ဒါ၏ ပဒမာလာကို ရူပသိဒ္ဓိလာတိုင်းပြည့်စုံအောင်ရေးသားပြီးလျှင် ပြဟ္မသဒ္ဒါ၌သာများသောအားဖြင့်စီရင်ရသောသုတ်များကိုလည်း ထုတ်ခဲ့ပါ။

၂၀၀-ဖြေ။ ။

| ဝိဘတ်များ။ | ကေဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | ပြဟ္မာ၊ | ပြဟ္မာနော၊ |
| အာ (ဘော) | ပြဟ္မေ၊ (ဘဝန္တော) | ပြဟ္မာနော၊ |
| ဒု | ပြဟ္မာနံ,ပြဟ္မံ၊ | ပြဟ္မာနော၊ |
| တ | ပြဟ္မုနာ၊ | ပြဟ္မေဟိ,ပြဟ္မေဘိ၊ |
| စ | ပြဟ္မုနော,ပြဟ္မဿ၊ | ပြဟ္မာနံ,ပြဟ္မူနံ၊ |
| ပ | ပြဟ္မုနာ၊ | ပြဟ္မေဟိ,ပြဟ္မေဘိ၊ |
| ဆ | ပြဟ္မုနော,ပြဟ္မဿ၊ | ပြဟ္မာနံ,ပြဟ္မူနံ၊ |
| သ | ပြဟ္မနိ၊ | ပြဟ္မေသု၊ |

ဗြဟ္မသဒ္ဒါ၌သာ များသောအားဖြင့်
စီရင်သော သုတ်များ။

(၁) ဗြဟ္မတော ဂဿ စ၊
(၂) ဥတ္တံသနာသု၊
(၃) ဗြဟ္မတော တုသ္မိံ နိ၊

ဤသုံးသုတ်သာလျှင် ဖြစ်ပါသည်။

---

## အကမ္မန္တဿ စ။

(အာဒေသဝိဓိသုတ်)။

၂၀၁-မေး။ ။“အကမ္မန္တဿ စ”သုတ်၌ ကောင်းစွာ အကျုံးဝင်သော စ-သဒ္ဒါဖြင့် အတ္တ-သဒ္ဒါ၏ အစိတ် (အ)ကို (အ)ပင် ထပ်မံပြုရခြင်း၏ အကျိုးကို ပြဆိုပါ။

၂၀၁-ဖြေ။ ။ပကတိဖြစ်ခြင်းအကျိုး ရှိပါ၏။

(ဖေါက်ပြန်ခြင်းမရှိ-ဟူလို)

အကာရန္တဿေဝ အတ္တကရဏဉ္စ
ပကတိဘာဝတ္ထံ။

ရူပသိဒ္ဓိဋီကာ။

---

## အတ္တနေ္တာပဟိသို့မ,နတ္တံ။
### (အာဒေသဝိဓိသုတ်။)

၂၀၂-မေး။ ၁ ။ဤသုတ်ကို (အတ္တနေ္တာပဟိသို့မနံ) ဆိုက ပြီးစီးနိုင်ပါလျက် (မ-နတ္တံ)ဟူသော(ဘာဝ နိဒ္ဒေသ)အားဖြင့် ဆိုရခြင်း၏ အကျိုးကို ဆော်ပြပါ။

၂၀၂-ဖြေ။ ။အတ္တံ- ဟူသော ဘာဝ နိဒ္ဒေသဖြင့် ဝိဘတ်ခုနစ်လုံး နှောင်းရှေ၌ (အတ္တ)သဒ္ဒါ ကို- (သ) ပြုရ၏ဟု သိစေခြင်းအကျိုး ရှိပါ၏။

**အတ္တမိတီဘာဝနိဒ္ဒေသေန အတ္တသဒ္ဒဿ**
**သကာရာဒေသော ဟောတိ သဗ္ဗာသု ဝိဘတ္တီသု။**
**သဒ္ဒါကြီး။**

---

၂၀၃-မေး။ ။ဤသုတ်၏ သုတ်လုံးဖြင့်(အတ္တ)သဒ္ဒါ၏ အစိတ်(အ)ကို (အန)ပြု၊ "ဘာဝနိဒ္ဒေသ" ဖြင့်(အတ္တ)ကို (သ)ပြု၊ ဤကာရိယနှစ်မျိုး သာ ပြုနိုင်ပါသလော၊အခြားသော ကာရိ ယတို့ မရောက်နိုင်ပြီလော၊ ဥဒါဟရဏ် နှင့်တကွ ရှင်းပါ။

၂၀၃-ဖြေ။ ။(အနတ္တံ) ဟူသော "ဒွိဓာကရဏယောဂ ဝိဘာဂ"ဖြင့်(သို့-သု) ဝိဘတ်(နှောင်းရှေ

တို့၌လည်း) (အတ္တ)သဒ္ဒါ၏ အစိတ်(အ) ကို(အန)ပြုရပါသေး၏။

"အတ္တနသို-အတ္တနေသု"

---

၂၀၄-မေး။ ။"သဗ္ဗတော ကော"သုတ်၏ ဥဒါဟရဏ် "သကော"နှင့်ဤသုတ်ဥဒါဟရဏ်"သကော" သဒ္ဒါတို့၏ အထူးကို ဖော်ပြပါ။

၂၀၄-ဖြေ။ ။"သဗ္ဗတောကော"သုတ်၏ ဥဒါဟရဏ် "သကော" သဒ္ဒါကား သဗ္ဗနာမ်တည်း။ ဤ သုတ်၏ "သကော" သဒ္ဒါကား သုဒ္ဓ နာမ်တည်း။

---

**သသသ နေဝ။**

**(အာဒေသဝိဓိသုတ်။)**

၂၀၅-မေး။ ။ဤသုတ်ကို မတည်ထား သော်လည်း "ဈလတောသသသနေဝါ"သုတ်၌ (သသသ နေဝါ) ဟူသော "ဓိဓာကရဏယောဂ ဝိဘာဂ"ဖြင့် ပြီးကောင်းပါလျက် ဤသုတ် ကို တဖန်တည်ထားရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၂၀၅-ဖြေ။ ။ပြီးစီး နိုင်ပါသော်လည်း "နိစ္စဝိဓိ" ကို ပြခြင်းအကျိုးငှါ တည်ထားရပါ၏။

---

## သွာ နာ။

(အာဒေသဝိဓိသုတ်။)

၂၀၆-မေး။ ။"အမှ တုမှန္တု။လ။သွာနာ၁၀" သုတ်ဖြင့် (သွာ)ကို (နာ)ကဲ့သို့ငဲ့၍ ပြီးစီးနိုင်သောကြောင့် ဤသုတ်ကို သီးခြားမတည်ပဲ အထက် သုတ်နှင့်ပေါင်း၍ (ဈ,လ,တောသွာနာ)ဟု တသုတ်ထည်း တည်သင့်ပါလျက် အဘယ်အကျိုးငှါ ခွဲခြား၍ တည်ပါသနည်း။

၂၀၆-ဖြေ။ ။ "အတြဇော"

ဟူသော ဥဒါဟရဏ်၌ (ဇ) အက္ခရာ နှောင်းသောကြောင့် အတ္တ- သဒ္ဒါ၏ အစိတ်ဖြစ်သော အောက်(တ) တလုံးကို (ရ)ပြုရသေး၏ ဟူသော အနက်ထူးကို ပြခြင်းအကျိုးငှါ သုတ်ခွဲခြား တည်ထားရပါ၏။

နာဘာ၀ါတိဒေသေန သိဒ္ဓေပိ ဥတ္တရသုတ္တေန ကေယောဂ- မကတွာ ဘိန္နယောဂ ကရဏံ အတ္တန္တိရ ဝိညာပနတ္ထံ။တေန အတ္တန္တိတကာရဿ ရကာရော ဇကာရေ ကွစိ။

ရူပသိဒ္ဓိ။

၂၀၇-မေး။ ။ဤသုတ်၌ သ္မာ-ဝိဘတ်ကို နာ-ပြုသော သုတ်ဖြစ်သောကြောင့် (သ္မသာနာ) ဆို ထိုက်ပါလျက် (သ္မာ နာ)ဟု ဆိုရခြင်း၏ အကြောင်းကို ပြဆိုခဲ့ပါ။

၂၀၇-ဖြေ။ ။"သဗ္ဗာ သမာဂုသော" သုတ်ဖြင့် သ-ဝိဘတ်ကို ချေထားသောကြောင့်(သ္မာနာ) ဟု မိန့်ဆိုပါ၏။

တနည်းကား

သုတ်ကို တည်ထားခြင်းသည်....

(၁) ဝါကျအားဖြင့် တည်ခြင်း၊

(၂) သမာသ်ပုဒ်အားဖြင့် တည်ခြင်း၊

ဟူ၍ နှစ်မျိုးရှိရာ ဤသုတ်၌(သ္မသာနာ-သ္မာနာ)ဟု သမာသ်ပုဒ်အားဖြင့် တည် ထားလိုသောကြောင့် (သ္မာနာ)ဟု ရှိရ သတည်း။

သမာသနိဒ္ဒေသောဝါ။ ။ရှာသ။

---

၂၀၈-မေး။ ။ဤသုတ်၏ ဝုတ္တိ၌ (ပုနာရန္တဂ္ဂဟဏေန) ဟူ၍၎င်း၊ (ပုနတဝောဂဟဏေန) ဟူ၍၎င်း၊ပါဌ်နှစ်ထွေရှိရာ၊ အဖွင့်သံဝဏ္ဏနာတို့၏ အလိုကို သိသာရုံမျှထုတ်ပြပါ။

၂၀၈-ဖြေ။ ။ နျာသ / နိဒ္ဒေသ } တို့၏အလို (ပုနတတောဂဟာဏောနှ)ရှိလို၏။
ကစ္စာယနဝဏ္ဏနာအလို (ပုနာဂရန္တဂ္ဂဟာဏောနှ)ရှိလို၏။

---

**တတော သွိ ံ နို။**

**(အာဒေသဝိဓိသုတ်။)**

၂၀၉-မေး။ ။ဤသုတ်ကို မတည်ပဲ "ဖြဟ္မတောတုသွိ ံ နို" သုတ်၌ (တု) သဒ္ဒါဖြင့် ဖြီးနိုင်ပါလျက် တဖန်ထပ်မံ တည်ထားရခြင်း အကျိုးကို ဆော်ပြပါ။

၂၀၉-ဖြေ။ ။"နိစ္စဝိဓိ"ကို ပြခြင်းအကျိုးရှိပါ၏။

---

၂၁၀-မေး။ ။"အတ္တန္တောဟိ သွိမနတ္တံ" သုတ်မှ အတ္တ-သဒ္ဒါ လိုက်၍ လာနိုင် သောကြောင့် (တတော)သဒ္ဒါမထည့်ပဲ (သွိ ံ နို) ဟူ၍သာ သုတ်ကို တည်ထား ထိုက်ပါလျက် (တတော)သဒ္ဒါထည့်ရခြင်း၏ အကျိုးကို ဆော်ပြပါ။

၂၁၀-ဖြေ ။(အတ္တ)သဒ္ဒါ အလိုက်ခံပါလျှင် ၎င်းနှင့် တွဲးကပ်လျက်ရှိသော (အန္တ)သဒ္ဒါလည်း လိုက်လာ တော့မည် ဧကန်တည်း။ ထို့ကြောင့်(အန္တ)သဒ္ဒါလိုက်လာမှုကို နှစ်စေ

ခြင်းအကျိုး၌ (တတော)သဒ္ဒါကို တည့်ရပါ၏။

တတော ဂဟဏေန အတ္တသဒ္ဒဂ္ဂဟဏံ

အန္တသဒ္ဒနိဝတ္တနတ္ထံ။

နိဒ္ဒေသ။

---

၂၁၁-မေး။ ။“ဗြဟ္မတော တုသ္မိံ နိ”သုတ်နှင့်“တတော သ္မိံ နိ”သုတ်တို့သည် ကာရိယချင်း တူကြသောကြောင့် ပူးပေါင်း၍ (ဗြဟ္မတ္တတော သ္မိံ နိ)ဟု မိန့်ဆို ထိုက်ပါလျက် ခွဲခြား တည်ထားခြင်း၌ အကျိုးကို ဘော်ပြပါ။

၂၁၁-ဖြေ။ ။ သုတ်ကို တည်ထားခြင်းသည်....

(၁) ပေါင်းစပ်တည်ထားခြင်း၊

(၂) သီးခြားခွဲဝေ တည်ထားခြင်း၊

ဤသို့ နှစ်မျိုးရှိရာ သီးခြားခွဲဝေတည်ထားခြင်းသည် ပေါင်းစပ် တည်ထားခြင်းထက် ပေါ်လွင်ထင်ရှား သိသာလှ၏။ ထိုအကျိုး၌ ခွဲခြားတည်ထားရပါ၏.

---

၂၁၂-မေး။ ။အတ္တ-သဒ္ဒါ၏ ပဒမာလာကို ရုပ်သိဒ္ဓိလာတိုင်း ရေးပြပြီးလျှင် အတ္တ-သဒ္ဒါတို့၌သာ စီရင်ရသောသုတ်များကို ထုတ်ပြပါ။

၂၁၂-ဖြေ။ ။

| ဝိဘတ်များ။ | ကေဝုစ်၊ | ဗဟုဝုစ်၊ |
| --- | --- | --- |
| ပ | အတ္တာ၊ | အတ္တာနော၊ |
| အာ | (ဘော)အတ္တ,အတ္တာ၊ (ဘဝန္တော)အတ္တာနော၊ | |
| ဒု | အတ္တာနံ,အတ္တံ၊ | အတ္တာနော၊ |
| တ | အတ္တနာ,အတ္တေန၊ | အတ္တနေဟိ,အတ္တနေဘိ၊ |
| စ | အတ္တနော၊ | အတ္တာနံ၊ |
| ပ | အတ္တနာ၊ | အတ္တနေဟိ,အတ္တနေဘိ၊ |
| ဆ | အတ္တနော၊ | အတ္တာနံ၊ |
| သ | အတ္တနိ၊ | အတ္တေသု(အတ္တနေသု၊) |

အတ္တ သဒ္ဒါ၌သာ ဗိရင်ရသောသုတ်များ။

(၁) အတ္တန္တော,ဟိ သ္မိံ,မနတ္တံ၊

(၂) သဿနော၊

(၃) သ္မာနာ၊

(၄) တတောသ္မိံနိ၊

ဤသို့ လေးသုတ်ရှိပါ၏။

---

သခါတော စာယောနော။

(အာဒေသဝိဓိသုတ်။)

၂၁၃-မေး။ ။"ပြဟ္မတ္တသခ ရာဇာဒိတော အမာနံ" သုတ်မှ (သခ)သဒ္ဒါ အလိုက်ခံ၍ (စာယောနော)သာ တည်သင့်လျက် (သခ) သဒ္ဒါကို တိုက်ရိုက် ထည့်ရခြင်း၏ အကျိုးကို ဖော်ပြပါ။

၂၁၃-ဖြေ။ ။(သခ)သဒ္ဒါကို အလိုက်ခံပါလျှင် ဖြဟွ-အတ္တ-သဒ္ဒါတို့လည်း လိုက်လာ ကြမည် ဖိုး၍ ၎င်းတို့ကို နစ်စေခြင်း အကျိုးငှါ (သခ)သဒ္ဒါကို တိုက်ရိုက်ထည့်ရပါ၏။

---

၂၁၄-မေး။ ။(သခတော-အာယောနော)ဟု မဖိနှိမဆို မူ၍ စ-သဒ္ဒါ ထည့်ရခြင်း၏ အကြောင်း ကို ဥဒါဟရဏ်ထုတ်၍ ရှင်းခဲ့ပါ။

၂၁၄-ဖြေ။ ။ "ပုရိသာယော-ပုရိသာနော"

"ဓမ္မာယော-ဓမ္မာနော"

စသော ဥဒါဟရဏ်တို့၌ (သခ) မဟုတ် သော သဒ္ဒါတို့၏ နောက်၌လည်း အာ ယော-အပြု၊နော-အပြုတို့ကို ပြုရသေး၏ ဟု သိစေလိုသောကြောင့် စ- သဒ္ဒါကို ထည့်ရပါ၏။

(ရူပသိဒ္ဓိ)

တနည်းကား

"ယောနမာနော"သုတ်မှ (ယော)ကာရိကို ငင်လိုသောကြောင့် စ-သဒ္ဒါကို ထည့်ရ ပါ၏။

(နိဒ္ဒေသ၊ ဉျာသ၊)

---

## သခတ္ထသိ နောဘ,နာဘ,နံဘောသု။

(အာဒေသဝိဓိသုတ်။)

၂၁၅-မေး။ ။ဤသုတ်ကို (သခသိ,နောဘ,နာဘ,နံ,ဘောသု) သာ မတည်ပဲ (အန္တ)သဒ္ဒါ ထည့်ရခြင်း၏ အကျိုးကို ရေးပါ။

၂၁၅-ဖြေ။ ။ ''အဒ္ဓုနာ-အဒ္ဓုနော''

စသော ဉဒါဟရဏ်တို့၌ (နာ-သွာ-သ) ဝိဘတ်တို့ကြောင့် အဒ္ဓ- သဒ္ဒါ၏ အစိတ်(အ)ကိုလည်း (ဥ)ပြုရသေး၏-ဟု သိစေခြင်း အကျိုးငှါ (အန္တ) သဒ္ဒါကို ထည့်ရပါ၏။

---

## သခတောဂဿေဝါ။

(အာဒေသဝိဓိသုတ်။)

၂၁၆-မေး။ ။ဤသုတ်ပါ ဝါ-သဒ္ဒါ၏ အနက်ကို အချက်ကျကျ ထင်ရှားအောင် ပြဆိုပါ။

၂၁၆-ဖြေ။ ။ဝါ-သဒ္ဒါသည် နိဝတ္တာပန အနက်ရှိ၏။ "ပတော ယာ"သုတ်မှ (ပတော) သဒ္ဒါကို နစ်စေသည်။

ဝါဂ္ဂဟဏံ-ပဂ္ဂဟဏသနိဝတ္တနတ္ထံ။

သျှာဘသ။

တနည်းကား

ဂါ-သဒ္ဒါသည် သမုစ္စည်းအနက်ကို ဟော၏။"ဘဒ္ဒန္တေ-ဇူသေ" စသည်တို့၌ (သခ) သဒ္ဒါမှ တပါးသော သဒ္ဒါတို့၏ နောက်၌လည်း (ဧ)ပြုသေး၏။

ဝါသဒ္ဒေန အညသ္မာပိ ကွစိ ဧကာရော၊
ယထာ ဘဒ္ဒန္တေ-ဇူသေ-ဇူတိ။

ရူပသိဒ္ဓိ။

## နိဒ္ဒေသဆရာ၏ ဆုံးဖြတ်ချက်။

သခတော......ဟူသော အဝ မိကိုမြင်၍ "ပတော ယာ" သုတ်မှ (ပ) သဒ္ဒါသည် အလိုလို နစ်နေခဲ့၏။ ထို့ကြောင့် နျာသအလိုအရ ဝါ-သဒ္ဒါ ဖြင့် နစ်စေဘွယ်ကိစ္စ မရှိပြီ။ ရူပသိဒ္ဓိဆရာ၏ အလိုအရ သမုစ္စည်း အနက်သည် သာလျှင် သင့်၏။ အကြောင်းကား (သခ) သဒ္ဒါမှ တပါးသော

"ဝနပ္ပဂုမ္ဗေ"

၌ ဝနပ္ပဂုမ္ဗ-သဒ္ဒါ၏ နောက်၌ (သိ) ဝိဘတ်၏ (ဧ) ပြုထားသော ဥဒါဟရုဏ်ကို မြင်ရသောကြောင့်တည်း။

---

၂၁၇-မေး။ ။(က) သခါတော ဂဿေဝါ၊
(ခ) သခတော ဂဿေဝါ၊
ဟု သခ-သဒ္ဒါ၏ ဒိဗ္ဗ-၌ မရှိ၊ဝါဒ ကွဲးလျက်ရှိရာ မည်သည့်ဝါဒ သင့်မည်ဟု ဝိနိစ္ဆယ ချမှတ်ခဲ့ပါ။

၂၁၇-ဖြေ။ ။(၁) "သခတော ဂလောဝါ" သုတ်၏ ဝုတ္တိ၌ ရှုပသိဒ္ဓိ ဆရာသည်....

"သခတော ဂဿ"

ဟု အကာရန္တနှင့် ဖွင့်တော်မူခြင်း ကြောင့်၎င်း၊ (သခ)သဒ္ဒါသည် အကာရန္တ ပုလ္လိင် ဖြစ်သောကြောင့်၎င်း၊ (သခတော)ဟု ဒီဃ မရှိခြင်းသည် အလွန်ပင် သင့်လျော်လှပါ၏။

(၂) နိဒ္ဒေသ၌ (သခ) သဒ္ဒါသည် အကာရန္တ ပုလ္လိင် ဖြစ်သောကြောင့် (သခတော)ဟု ဆိုထိုက်ပါ သော်လည်း ရွတ်လွယ်စိမ့်သောငှါ ဒီဃပြု၍ (သခါတော)ဟု မိန့်အပ်၏ဟု မှာတော်မူ၏။

ထိုသို့ နိဒ္ဒေသဆရာမိန့်မှာတော်မူခြင်းသည်လည်း(သခါတော)ပင် ရှိသော်လည်း သခါ-သည် အာကာရန္တ မဟုတ်၊ အကာရန္တသာ ဖြစ်သည်၊ ရွတ်လွယ်ရုံသာ ဒီဃ ပြုထားသည်ဟု မိန့်တော် မူလိုရကား ဝါဒ-နှစ်ပါးလုံးသင့်မြတ်သည် ချည်းတည်း။

## ငါတို့၏ ထင်မြင်ချက်။

နိဒ္ဒေသဆရာတော်တို့၏ လက်ထက်တော်အချိန် မူအစောင်စောင်တို့၌ "သခါတော ဂသေဝါ" ချည်း ရှိကြဟန်တူ၏။ စာမဖွဲ့လောက်သည့် အရာမျိုး၌ အသစ်ထွင်လို အဆန်းလုပ်လိုသော ဆန္ဒတော် မရှိရကား ညီညွတ်အောင် ညှိခါ မိန့်တော်မူခြင်းဖြစ်၍ ချီးမွမ်းဘွယ် ကောင်းလှပေတကား။

---

၂၁၇-မေး။ ။ဤသုတ်ပါ(ဂသေဝါ)ပုဒ်ကို ကာရိယနှင့် ညီအောင် ပုဒ်ဖြတ်ပြီးလျှင် (ဇ)ကိုလည်း ရူပသိဒ္ဓိအလိုကျ ဝစနတ္တ-ပြုခဲ့ပါ။

၂၁၇-ဖြေ။ ။"ကာရိယနှင့်ညီအောင် ပုဒ်ဖြတ်ပုံ"

ဂသ-အ-အာ-ဧ-ဤ-ဇ-ဝါ။

"ရူပသိဒ္ဓိအလိုကျ ဝစနတ္တပြုပုံ"

အစ-အာစ-ဧစ-ဤ စ-ဇ စာတိပိ ဇ။

(ကေသိသ်ဝိဂြုဟ်။)

---

၂၁၈-မေး။ ။(ဂသ-အ-အာ-ဧ-ဤ-ဇ-ဝါ) ဟု ကာရိယနှင့် ညီညွတ်စွာ ပုဒ်ဖြတ်ထားရာ၌ (ဇ) သရမှ ရှေ့၌ ရှိသော သရလေးလုံးကို မည်ကဲ့သို့ ချေရမည်ဟု ရူပသိဒ္ဓိ အလိုကျ အောင် ချေရပုံကို ဘော်ပြထားခဲ့ပါ။

၂၁၉-ဖြေ။ ။ ရူပသိဒ္ဓိ အလိုကျ ချေပုံ။

(၁) အာ- နှောင်းရှာ၌ ရှေ့ အ
(၂) ဧ- နှောင်းရှာ၌ ရှေ့ အာ
(၃) ဤ- နှောင်းရှာ၌ ရှေ့ ဧ
(၄) ဧ- နှောင်းရှာ၌ ရှေ့ ဤ
} သရကိုချေ။

ဤသို့ ရှေ့သရတို့ကို တလုံးတလုံးစီ အစဉ်အတိုင်း ချေရပါ၏။

ပုဗ္ဗသရာနံ ကမေန လောပေါ။ ။ရူပသိဒ္ဓိ။

ငါတို့၏ ထင်မြင်ချက်။

ရူပသိဒ္ဓိဆရာ၏

"ပုဗ္ဗသရာနံ ကမေန လောပေါ"

ဟူသော ဤနောက်စကားသည် "သရာသရေလောပံ" သုတ်အဖွင့်၌ (သရာ-ဟု ဗဟုဝုစ်ဖြင့် မိန့်ဆိုခြင်းသည် တလုံးတလုံးသော နောက်သရ နှောင်းရှာ၌ ရှေ့၌ရှိသော များစွာသော သရတို့၏ ကျေခြင်းကို သိစေခြင်းအကျိုးရှိ၏ )ဟူသော ရှေ့၌ မိမိဆိုအပ်ခဲ့ပြီးသော စကားနှင့် ဆန့်ကျင်နေသည် ဟု ထင်၏ ။

ထိုမှတပါး၊

"ကသ္မာ သရာတိ ဝုတ္တန္တိ ကေ ဒွိ တိ စတုန္နမ္ပိ
လောပေါ ဟောတီတိ ဉာပနတ္ထံ"

ဟူသော နျာသစကားနှင့်ဖင်း၊

"သရာဒေါ ကောပိ ဒွေပိ တယောပိသရေ ပရေ
လောပံ ပပ္ပေါန္တိ။

ဟူသော သဒ္ဒနီတိစကားနှင့်ဖင်း၊ ဆန့်ကျင်နေသည် ဟု ထင်၏ ။

## ဆရာတော်ဦးဗုဓ် အလို။

"မယားကိုဆဲး၊သားကိုမဲး၊မိုးပြီး ခုံမှိုင်းသား"

ဟူ၏့သို့ "ပုဗ္ဗသရာနံ ကမေန လောပေါ" ဟူသော စကားသည် (န္ယာသ) ဥာသ်ဆရာကိုလည်း ဆဲး၏့။ ဥာသ်-သို့ အတုလိုက်သော (သဒ္ဒနီတိ)ဆရာကိုလည်း မဲး၏့။

ဝဏ္ဏိတံ နိပ္ပပဉ္စံ ဝ၊
ကိလမထ ပဟာယိနာ။
တတော တဿ သာသနမှိ၊
ပပဉ္စော ကိလမော န ဟိ။ ။

ကိလမထ ပဟာယိနာ၊ကိုယ်၏ ပင်ပန်းခြင်းကို ပယ်ပြီးသော မြတ်စွာဘုရားသည်။နိပ္ပပဉ္စံ ဝ၊ ကြာမြင့်ကျယ်ပွါးခြင်း မရှိသည်ကိုသာလျှင်။ ဝဏ္ဏိတံ၊ချီးမွမ်းတော်မူအပ်၏့။တတော၊ထို့ကြောင့်။ တဿ၊ ကိုယ်၏့ ပင်ပန်းခြင်းကို ပယ်ပြီးသော ထိုမြတ်စွာဘုရား၏့။သာသနမှိ၊ သာသနာတော်၌။ပပဉ္စော၊ကြာမြင့်အောင် ပြုခြင်းသည်ငှင်း။ ကိလမော၊ အကြိမ်များစွာ ချေ၍ ပင်ပန်းအောင် ပြုခြင်းသည်ငှင်း။ န ဟိ၊ မသင့်သည်သာတည်း။

---

## သုနမ်သု ဝါ။
### (အာဒေသဝိဓိသုတ်။)

၂၂၀-မေး။ ။"အာဒေဟိမ္ဟိဝါ"သုတ်မှ ဝါ-သဒ္ဒါသည် ထုံးစံအတိုင်း လိုက်လာမြဲဖြစ်၍ ဤသုတ်၌ အသစ်တဖန် ထည့်ရန် မလိုပါဝဲး အဘယ်အကျိုး၌ါ ထည့်ရပြန်ပါသနည်း။

၂၂၀-ဖြေ။ ။"ဗြဟ္မတောတုဿိ နံ" ဟူသော နောက်သုတ်သို့ မလိုက်ရ-ဟု နစ်စေခြင်း အကျိုး

၄၊ ဝါ-သိစေခြင်းအကျိုး၌ (ဝါ)သဒ္ဒါသစ်ကို ထည့်ခါထားရပြန်၏။

ပုဗ္ဗေဝါသဒ္ဒသန္နိဝတ္တနတ္ထံ။ ။နိဒ္ဒေသ။

ဥတ္တရတြ နာနုဝတ္တနတ္ထမိဥ္စာပနတ္ထံ။ ။ဗျာသ။

---

၂၂၁-မေး။ ။ဤသုတ်နှင့် "အာဒေသပ္ပဝါ" သုတ်တို့သည် (အာဒေသ) အပြု ကာရိယချင်း တူကြရကား (အာဒေသပ္ပဝါသုဓမ်သုဝါ) ဟု တသုတ်တည်း တည်ထိုက်လျက် ခွဲခြားတည်ထားရခြင်း၌ အကျိုးကို ရေးခဲ့ပါ။

၂၂၁-ဖြေ။ ။သုတ်-ကြီးလေးနေမည့် အဖြစ်ကို နစ်စေခြင်း အကျိုး၌ ခွဲခြား တည်ထား ရပါ၏။

ဂရုဘာဝနိဝတ္တနတ္ထံ။ ။နိဒ္ဒေသ။

ဘိန္နယောဂကရဏံ ဗျာချာနဂါရဝ ပရိဟရဏတ္ထံ။

ဗျာသ။

---

## အာဒေသပ္ပဝါ။

(အာဒေသဝိဓိသုတ်။)

၂၂၂-မေး။ ။ဤသုတ်ပါ ဝါ-သဒ္ဒါ၏ အနက်ကို ဥဒါဟရဏ်နှင့်တကွ ထုတ်ပြ ရှင်းလင်းခဲ့ပါ။

၂၂၂-ဖြေ။ ။ "သခါရေဟိ-သခေဟိ"

ဟူသော ဥဒါဟရဏ်တို့၌ (ဝိကပ်အနက်) အနိစ္စဝိဓိကို ပြပါ၏။

တနည်းကား

"သခီဟိ–သခိဿ"

စသော ဥဒါဟရဏ်တို့၌ (ဣ) အပြုကို ဆည်းသေး၏။

(သမုစ္စည်းအနက်) (အာစရိယဝါဒ။)

---

သဗ္ဗမေ။

(အာဒေသဝိဓိသုတ်။)

၂၂၃-မေး။ ။ဤသုတ်ကို မဆိုသော်လည်း "သဗ္ဗာသဗ္ဗံနံ ဝါ"သုတ်ဖြင့် သဗ္ဗံဝိဘတ်ကို (ဧ)ပြုပါလျှင် (သခေ)ပြီးစီးနိုင်ပါလျက် အဘယ် အကျိုး၌ ဤသုတ်ကို တဖန်ခိန့်ဆိုပြန်သနည်း။

၂၂၃-ဖြေ။ ။နိစ္စဝိဓိကို ပြုခြင်းအကျိုး ရှိပါ၏။

နိစ္စတ္ထော ယမာရမ္ဘော။ ။ရူပသိဒ္ဓိ။

---

၂၂၄-မေး။ ။ဤသုတ်သည်(သခ)မှ နောက်၌သော သဗ္ဗံ-ဝိဘတ်ကို (ဧ)ပြုနိုင်သည်၊ အခြားသော သဒ္ဒါတို့၏ နောက်၌ (ဧ) မပြုနိုင်၊ ဤသို့ ဧကန် မှတ်သားရအံ့လော၊ အာစရိယဝါဒ ထုတ်ပြပါ။

၂၂၄-ဖြေ။ ။ "နေဗ္ဗေ ဥဇုံဂတေ သတိ"

ဟူသော ဥဒါဟရဏ်၌(သခ)သဒ္ဒါ လိုက်ခြင်းကို ကြည့်ထားသော (သဗ္ဗမေ)ဟူသော

"ဝိနာဝိကာရ ယောဂ ဝိဘာဂ" ဖြင့် "နေဿ"၏ နောက်၌ သိ ဝိဘတ်ကို (၉) ပြုရပါသေး၏။

(အာစရိယဝါဒ)

(သဒ္ဒနီတိ၌ သီးခြားသုတ် တည်ထား၏။)

---

၂၂၅-မေး။ ။(သခ)သဒ္ဒါ၏ ပဒမာလာကို ရုပ်သိဒ္ဓိလာ တိုင်းသွားပြခဲ့၍ (သခ)သဒ္ဒါ၌သာ စီရင်ရသော သုတ်များကိုလည်း ထုတ်ပြခဲ့ပါ။

၂၂၅-ဖြေ။ ။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | သခါ | သခါနော, သခါယော, သခိနော |
| အာ | ဘော: သခ, သခါ, သခိ, သခီ, သခေ | ဘဝန္တော: သခါနော, သခါယော, သခိနော |
| ဒု | သခါရံ, သခါနံ, သခံ, | သခါနော, သခါယော, သခိနော |
| တ | သခိနာ, | သခါရေဟိ, ဘိ, သခေဟိ, ဘိ |
| စ | သခိနော, သခိဿ | သခါရာနံ, သခီနံ |
| ပ | သခိနာ, | သခါရေဟိ, ဘိ, သခေဟိ, ဘိ |
| ဆ | သခိနော, သခိဿ | သခါရာနံ, သခီနံ |
| သ | သခေ | သခါရေသု, သခေသု |

## သခသဒ္ဒါ၌သာ ဓိရင်ရသော သုတ်များ။

(၁) သခတောစာယော နော၊
(၂) သခန္တသိ နောနာနံ သေသု၊
(၃) သခတော ဂဿေ ဝါ၊
(၄) သုနမံသု ဝါ၊
(၅) အာရော ဟိမှိ ဝါ၊
(၆) သို့မေ၊

ဤသို့လျှင် (၆)သုတ် ရှိပါ၏။

---

၂၂၆-မေး။ ။အာတုမာ- သဒ္ဒါ၏ ပဒမာလာနှင့် တူသော ပဒမာလာများကို ညွှန်ပြ၍ သိသာရုံ အနည်းငယ်မျှ ရုပ်သွားပြခဲ့ပါ။

၂၂၆-ဖြေ။ ။ပထမာ-ဒုတိယာဝိဘတ်တို့၌ အတ္တ-သဒ္ဒါ၏ ပဒမာလာနှင့် တူ၏။

တတိယာဝိဘတ် စသည်တို့၌ ပုရိသသဒ္ဒါ၏ ပဒမာလာနှင့်အတူ ရုပ်သွားရပါ၏။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပထမာ | အာတုမာ | အာတုမာနော |
| အာလုပ် | (ဘော)အာတုမ,မာ | (ဘဝန္တော)အာတုမာနော |
| ဒုတိယာ | အာတုမာနံ,အာတုမံ | အာတုမာနော |
| တတိယာ | အာတုမေန | အာတုမေဟိ,အာတုမေဘိ |

စသည်တည်း။

---

## ပုမန္တဿာ သိဒ္ဓိ။

### (အာဒေသဝိဓိသုတ်။)

၂၂၇-မေး။ ။ဤသုတ်သည် သိ, ဝိဘတ် နှောင်းရှေ့ရှိ ပုမ-သဒ္ဒါ၏ အစိတ်(အ)ကို ဝိဘတ်နှင့်တကွ (အာ) ပြုသောသုတ် ဖြစ်ရကား (ပုမဿ)၌ ဆဋ္ဌီ ဝိဘတ်သည် အစိတ်ငဲ့သောကြောင့် (အန္တ) သဒ္ဒါ မပါသော်လည်း ပြီးစီးထိုက်ပါလျက် (အန္တ) သဒ္ဒါ ထည့်ရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၂၂၇-ဖြေ။ ။ပြီးစီးပါသော်လည်း (မဃဝ-ယုဝ) အစရှိသည်တို့၏ အစိတ် (အ)ကိုလည်း ဝိ ဝိဘတ်နှင့်တကွ(အာ)ပြုရသေး၏ဟု သိစေခြင်းအကျိုးငှါ (အန္တ)သဒ္ဒါကိုထည့်၍ မိန့်ဆိုရပါ၏။

အန္တဂ္ဂဟဏေန မဃဝယုဝါဒီနမန္တဿ စ။

ရူပသိဒ္ဓိ။

---

၂၂၈-မေး။ ။ဤသုတ်သည် ရူပသိဒ္ဓိအလိုအားဖြင့် နိဗ္ဗိဓိ-အနိဗ္ဗိဓိ နှစ်ပါးတို့တွင် မည်သည့် ဝိဓိသုတ်ဖြစ်ပါသနည်း။

၂၂၈-ဖြေ။ ။နိစ္စဝိဓိသုတ် ဖြစ်ပါသည်။

(နျာသ,နိဒ္ဒေသတို့၌လည်း နိစ္စဝိဓိကဲ့သို့ ထင်၏။)

သဒ္ဒနီတိမှ ဝါဒအထူး ဘောဒ်ပြချက်။

"ပုမန္တဿာသိမှိ ဝါ"ဟု သုတ်တည်တော်မူ၍

"ပုမာ တိဋ္ဌတိ"

ဟု မူလ ဥဒါဟရုဏ် ထုတ်တော်မူပြီးသော်

"န ဝိဇ္ဇတိ ပုမော သဒါ"

ကို ကိံ ဥဒါဟရုဏ်ထုတ်တော်မူခဲ့၏။ ထို့ကြောင့် အနိစ္စဝိဓိ အလိုတော်ရှိ၏။ "မာဃဝါဒိနံ နိစ္စံ"ဟု မိန့်ဆို ပြန်သည်ကို ထောက်ဆပြန်ပါလျှင် မူလသုတ် အစီအရင်ကား အနိစ္စဝိဓိ။ အန္တ-သဒ္ဒါ၏ အစီအရင်ကား နိစ္စဝိဓိပေတည်း။

---

## ယောသွာနော။

(အာဒေသဝိဓိသုတ်။)

၂၂၉-မေး။ ။ဤသုတ်ဖြင့် ယောဝိဘတ်နှောင်းရှေ ပုမ-သဒ္ဒါ၏ အစိတ် (အ)ကို ဝိဘတ်နှင့်တကွ (အာ)ပြုခြင်းသည် နိစ္စဝိဓိဖြစ်မည်၊ အနိစ္စဝိဓိ ဖြစ်မည်ကို အကြောင်း ပြ၍ ဆုံးဖြတ်ပါ။

၂၂၉-ဖြေ။ ။အနိစ္စဝိဓိကို ထွန်းပြတတ်သော (သမာသေစဝိဘာသာ)သုတ်မှ ဝိဘာသာ-သဒ္ဒါသည် ဤသုတ်သို့ လိုက်၍မလာသည်ကို

မြင်ရသောကြောင့် နိစ္စဝိဓိသုတ်ဟု သိရပါသည်။

---

**အမာဒလပနေကဝစနေ။**

**(အာဒေသဝိဓိသုတ်။)**

၂၃၀-မေး။ ။ဤသုတ်သည် အာလုပ်- ဧကဝုစ် သိဝိဘတ် နှောင်းသောကြောင့် ပုမ-သဒ္ဒါ၏ အစိတ် (အ)ကို ဝိဘတ်နှင့်တကွ (အံ)ပြုသောသုတ် ဖြစ်ရကား သုတ်၏ ကြီးလေးသော အပြစ်ကို ပယ်ရှားနိုင်ရန် (အံဂေ) ဟူသော တည်ထိုက်ပါလျက် (အာလပန) သဒ္ဒါ (ဧကဝစန) သဒ္ဒါတို့ကို ထည့်၍ မိန့်ရခြင်း၏ အကြောင်းကို ရေးသားခဲ့ပါ။

၂၃၀-ဖြေ။ ။(ဂ) နိမိတ်ကို အလိုမရှိသောကြောင့်တည်း။

**ဂနိမိတ္တဿ အနိဋ္ဌိတတ္တာ။ ။နိဒ္ဒေသ။**

**တနည်းကား**

အာလုပ်အနက်ကို ဟောသော အာလပနသဒ္ဒါ အထူးကိုပြခြင်း အကျိုးရှိ၏။ထို့ကြောင့် (အာလပနေကဝစနေ) ဟု ဆိုရသတည်း။

**တဗ္ဗာစကသဒ္ဒန္တရဒဿနတ္ထံ။ ။ချာသ။**

အမှာ။

(သဒ္ဒနီတိ, ဆရာတော်ကား နိဂ္ဂဟိတ်အာလုပ်ကို အလိုမရှိ၊ ရှေ့၌ ပြထားခဲ့ပြီ)

---

ဥ,နာမ် ၈။

(အာဒေသဝိမိသုတ်။)

၂၃၁-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ရူပသိဒ္ဓိ အလိုကျအောင် ထုတ်ပြပါ။

၂၃၁-ဖြေ။ ။စ-သဒ္ဒါသည် အဝုတ္တ သမုစ္စည်းအနက်ကို ဟော၏။ ထို စ-သဒ္ဒါဖြင့် ဤသုတ်၌ မဆိုအပ်သော သ,သ္မာ,ဝိဘတ်တို့ကြောင့် ပုမ-ကမ္မ-ထာမ-သဒ္ဒါတို့၏ အစိတ် (အ) ကိုလည်း (ဥ)ပြုရသေး၏။

စသဒ္ဒေန ပုမ ကမ္မ ထာမန္တဿ စကာရော ဝါ သသ္မာသု။ ။ရူပသိဒ္ဓိ။

(ဝါဒကွဲများကို ဆောင်ပြချက်။)

ရူဠ်နိရုတ္တိအလို၌ စ-သဒ္ဒါဖြင့် ပုမ-မဟုတ်သော သဒ္ဒါ၏ အစိတ်ကို လည်း (အာန)(ဧန)ပြုရသေး၏။

"ဒေဝါနော-ဒေဝါနာ"

"ဒေဝိနော-ဒေဝိနာ"

နျာသ-နိဒ္ဒေသတို့၏ အလို၌ (ဥ)ကာရိယ ရှိသောကြောင့် မလိုက်လာဝံ့သော (အာ)ကာရိယကို ဆွဲငင်ခြင်း အနုကဍ္ဎန-အနက် ရှိ၏-ဟူလို။

---

**ဟာ်ိဝိဘတ္တိမှိ စ။**

**(အာဒေသဝိဓိသုတ်။)**

၂၃၂-မေး။ ။"အာနေ သွိံမှိ ဝါ"စသော သုတ်တို့ကဲ့သို့ "ဟိမှိ စ"ဟူသော မဆိုပါပဲ (ဝိဘတ္တိ) သဒ္ဒါ ထည့်ရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၂၃၂-ဖြေ။ ။သဝိဘတ္တိ-သဒ္ဒါကို နစ်စေခြင်း အကျိုးရှိပါ၏။

ဝိဘတ္တိဂ္ဂဟဏံ သဝိဘတ္တိဂဟဏာ နိဝတ္တနတ္ထံ။

ရူပသိဒ္ဓိ။

**(အဓိပ္ပါယ် ရှင်းလင်း ဘော်ပြချက်။)**

"အမှသ္သ မမံ သဝိဘတ္တိဿသေ"သုတ်မှ သဝိဘတ္တိသဒ္ဒါ အလိုက်ခံရသော ရှေးရှေးသုတ်တို့၌ နိမိတ်ဝိဘတ်နှင့်တကွချည်းသာ ကာရိယကို စီရင်လာခဲ့ကြ၏။

ဤသုတ်၌ရင်း၊ နောက်နောက်သုတ်တို့၌ရင်း၊ နိမိတ် ဝိဘတ်နှင့်တကွ မစီရင်ရ၊ နိမိတ်ဝိဘတ် မပါစေပဲသာ စီရင်ရမည်-ဟု (သဝိဘတ္တိ)သဒ္ဒါကို နစ်စေလို မလိုက်စေလိုခြင်း အကျိုးငှါ ဝိဘတ္တိ-သဒ္ဒါကို ထည့်၍ (ဟိဝိဘတ္တိမှိစ)ဟု မိန့်ဆိုရသတည်း။

---

၂၃၃-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါဖြင့် ဆည်းပြအပ်သော ရုပ်တို့ကို ရူပသိဒ္ဓိ အလိုရင်း၊ ကစ္စည်းဝုတ္တိ အလိုရင်း၊ ထုတ်ဘော်ပြခဲ့ပါ။

၂၃၃-ဖြေ။ ။ ရူပသိဒ္ဓိအလို။

(၁) အလုံးစုံသော ဝိဘတ်တို့ကြောင့် ယုဝ- မဃဝ- စသည်တို့၏ အစိတ် သရ၏ (အာ၁န)အပြုကို ဆည်း၏။

ကစ္စည်းဝုတ္တိအလို။

(၂) သိ, ယော, အံ,ယော, ဝိဘတ် တို့ကြောင့် (မဃဝ-ယုဝ) စသည်တို့၏ အစိတ်သရ၏ (အာ၁န) အပြုကိုလည်း၊ သ,သ္မာ-ဝိဘတ် တို့ကြောင့်၊ ပုမ,ကမ္မ,ထာမ, သဒ္ဒါတို့၏ အစိတ်သရ၏ (ဥ)အပြုကိုလည်းဆည်း၏။

(၁) စသဒ္ဒေန ယုဝ-မဃဝါဒီနမန္တဿ ဝါ

အာနာဒေသော ဟောတိ သဗ္ဗဝိဘတ္တီသု၊

ရူပသိဒ္ဓိ။

အမှာ။

ရူပသိဒ္ဓိ၌ကား သ,သ္မာ,ဝိဘတ်တို့ကြောင့် (ပုမ)သဒ္ဒါ၏ အစိတ်-သရ၏(ဥ)အပြုကို"ဥနာမှိစ"သုတ်၏ စသဒ္ဒါဖြင့် ဆည်း၏။

---

ဈ,လ,တော စ။

(အာဒေသဝိဓိသုတ်။)

၂၃၄-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ရူပ သိဒ္ဓိအလိုကျ ဘော်ပြခဲ့ပါ။

၂၃၄-ဖြေ။ ။ စ-သဒ္ဒါသည်....

ဘိက္ခုသ္မာ-ဘိက္ခုမှာ၊

စသော အချို့သော ဥဒါဟရဏ်တို့၌ မိမိ သုတ်၏ အစီအရင်ကို တားမြစ်ခြင်း နိဝတ္တာပန အနက်ရှိပါ၏။

စဂ္ဂဟဏံ ကွစိ နိဝတ္တနတ္ထံ။

ရူပသိဒ္ဓိ။

(ချာသ-နိဒ္ဒေသ-တို့ကား သ္မာ,နာ,ကိုဝင်သော အနက်ကစုန-မှာသို့။)

---

၂၃၅-မေး။ ။"သ္မာ-နာ" သုတ်၏ (နာ) ကာရိယနှင့် ဤသုတ်၏ (နာ)ကာရိယတို့၏ အထူးကို ဘော်ပြပါ။

၂၃၅-ဖြေ။ ။(၁) "သ္မာနာ" သုတ်သည် ဧျ- ဃ- အမည် မမှည့်ရာ ဥဒါဟရဏ်၌ ပြု၏။

(၂) "ဧျ,ဃ,တောစ"သုတ်သည် ဧျ-ဃ- အမည် မှည့်ရာ ဥဒါဟရဏ်၌ ပြု၏။

တနည်း

(၁) "သ္မာနာ" သုတ်သည် ပုလ္လိင်၌ စီ ရင်၏။

(၂) "ဈလတောစ" သုတ်သည် ပုလ္လိင်-
နပုလ္လိင်တို့၌ စီရင်၏။
(ဤကား အလထူး။)

---

အာသနေသွိံမှိ ဝါ။
(အာဒေသဝိဓိသုတ်။)

၂၃၆-မေး။ ။"သမာသေစ ဝိဘာသာ"သုတ်မှ (ဝိဘာသာ-သဒ္ဒါ) အလိုက်ခံ၍ "အာသနေသွိံမှိ" ဟုသာ တည်ထားထိုက်ပါလျက် ဝါ-သဒ္ဒါ ထည့်ရခြင်း၏ အကျိုးကို ရေးသားပါ။

၂၃၆-ဖြေ။ ။"ဟိဝိဘတ္တိမှိ စ"သုတ်သို့ ဝိဘာသာ သဒ္ဒါ မလိုက်ဟု သိစေခြင်း အကျိုး ရှိပါ၏။

ဣမေ ဝါဂ္ဂဟဏကရဏံ အနန္တရသုတ္တသ္သ
ဝိဘာသဂ္ဂဟဏံ နဝတ္တတေ ဣတိ ဉာပနတ္ထံ။
နျာသ။

---

၂၃၇-မေး။ ။ဤသုတ်လာ ဝါ-သဒ္ဒါ၏ အနက်ကို ဝိဓိနှင့် တကွ တွဲယှဉ်၍ ထုတ်ပြပါ။

၂၃၇-ဖြေ။ ။ဝါ-သဒ္ဒါသည် ဝိကပ်အနက်ရှိ၏။
"ပုမာနေ-ပုမေ"တို့၌ အနိစ္စဝိဓိကိုပြ၏။
(ရူပသိဒ္ဓိ-နျာသ-နိဒ္ဒေသ။)

တနည်းကား

(၁) ဝတ္တဟာနေ- သတ္တဝါ၌၊
(၂) သာနေ- ခွေး၌၊
(၃) ရဟာနေ- မကောင်းမှု၌၊
(၄) အဇ္ဇါနေ- အစွန့်၌၊

ဤ ပုမ- မဟုတ်သော ဥဒါဟရဏ်တို့၌လည်း(အာနေ)အပြုကို ဆည်းသေး၏။
(အာစရိယဝါဒ။)

---

သုသ္မိမာ ဝါ။

(အာဒေသဝိဓိသုတ်။)

၂၃၇-မေး။ ။"အာနေသ္မိံမှိ ဝါ" သုတ်မှ လိုက်လာသော (ဝါ)သဒ္ဒါ ရှိပါလျက် ဤသုတ်၌ တဖန်(ဝါ)သဒ္ဒါကို ဆိုပြန်ခြင်း၌ အကျိုးကို ရှာပြပါ။

၂၃၇-ဖြေ။ ။"ဥနာမှိစ"သုတ်သို့ ဝါ-သဒ္ဒါ မလိုက်ဟု သိစေခြင်းအကျိုး ရှိပါ၏။

အနန္တရသုတ္တေ နာနုဝတ္တတိတိ-ဉာပနတ္ထံ။

နိဋ္ဌေသာ။

---

၂၃၈-မေး။ ။ပုမ-သဒ္ဒါ၏ ပဒမာလာကို ရူပသိဒ္ဓိလာတိုင်း ပြဆိုပြီးလျှင် ပုမ-သဒ္ဒါ၌သာ များသောအားဖြင့် စီရင်ရသော သုတ်တို့ကို ထုတ်ပြခဲ့ပါ။

၂၃၉-ဖြေ။ ။

| ဝိဘတ်များ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ပုမာ၊ | ပုမာနော၊ |
| အာ (ဟေ) | ပုမံ၊ | (ဟေ) ပုမာနော၊ |
| ဒု | ပုမံ | ပုမာနော၊ |
| တ | ပုမာနာ,ပုမုနာ၊ ပုမေန | ပုမာနေဟိ,ပုမာနေဘိ၊ |
| စ | ပုမုနော,ပုမဿ၊ | ပုမာနံ၊ |
| ပ | ပုမုနာ၊ | ပုမာနေဟိ,ပုမာနေဘိ။ |
| ဆ | ပုမုနော,ပုမဿ၊ | ပုမာနံ၊ |
| သ | ပုမာနေ,ပုမေ၊ ပုမသ္မိံ,ပုမမှိ၊ | ပုမာသု,ပုမေသု၊ |

စီရင်သော သုတ်များ။

(၁) ပုမန္တဿာသိမှိ၊
(၂) ယောသွာ-နော၊
(၃) အ-မာလပနေကဝစနေ၊
(၄) ဥနာမှိစ၊
(၅) ဟိ-ဝိဘတ္တိမှိစ၊
(၆) အာနေသ္မိံ-မှိဝါ၊
(၇) သုသ္မိ-မာဝါ၊

ပေါင်း(၇)သုတ် ရှိပါ၏။

---

၂၄၀-မေး။ ။ယုဝ-သဒ္ဒါနှင့် မဃဝ-သဒ္ဒါတို့၏ ပဒမာလာကို ကျနစွာ ရေးသားခဲ့ပါ။

၂၄၀-ဖြေ။ ။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | ယုဝါ၊ | ယုဝါနော, ယုဝါနာ၊ |
| အာ ဘော | ယုဝ, ယုဝါ၊ ယုဝါန, ယုဝါနာ၊ | ဘဝန္တော, ယုဝါနာ၊ |
| ဒု | ယုဝါနံ, ယုဝံ၊ | ယုဝါနေ, ယုဝေ၊ |
| တ | ယုဝါနာ, ယုဝေန၊ ယုဝါနေန၊ | ယုဝါနေဟိ, ယုဝါနေဘိ၊ ယုဝေဟိ, ယုဝေဘိ၊ |
| ● | ယုဝါနဿ, ယုဝဿ၊ | ယုဝါနာနံ, ယုဝါနံ၊ |
| ပ | ယုဝါနာ, ယုဝါနသ္မာ၊ ယုဝါနမှာ၊ | ယုဝါနေဟိ, ယုဝါနေဘိ၊ ယုဝေဟိ, ယုဝေဘိ၊ |
| ဆ | ယုဝါနဿ, ယုဝဿ၊ | ယုဝါနာနံ, ယုဝါနံ၊ |
| သ | ယုဝါနေ, ယုဝါနသ္မိံ၊ ယုဝါနမှိ, ယုဝေ, ယုဝသ္မိံ၊ ယုဝမှိ၊ | ယုဝါသု၊ ယုဝါသု, ယုဝေသု၊ ယုဝါနေသု၊ |

(မဃဝသဒ္ဒါ၏ ပဒမာလာလည်း တူပြီ၊)

အကာရန္တပုလ္လိင် ပြည့်ရုံပြီ။

---

## အာကာရန္တ-ပုလ္လိင်အခန်း။

### အဃောရဿမေကဝစနယောသွပိ စ။

(အာဒေသဝိဓိသုတ်။)

၂၄၁-မေး။ ။ဤသုတ်၏ အင်္ဂါတို့ကို၎င်း၊ ကာရိတ်တို့ကို၎င်း၊ ကာရိယတို့ကို၎င်း အစုံခွဲဝေပြထားခဲ့ပါ။

၂၄၁-ဖြေ။ ။(၁) ကေဝုစ်ဝိဘတ် (၇)လုံးနှင့် ယော ဝိဘတ်နှစ်လုံး နှောင်းခြင်း။

(၂) ရှေ့၌ ဈ-လ-ပ-မည်သော ဤ, ဦ, ဒီဃသရရှိခြင်း။

ဤသို့ အင်္ဂါနှစ်ပါး ရှိပါ၏။

ဤအင်္ဂါတို့နှင့် ပြည့်စုံခဲ့သော်(ဤ-ဦ)ကာ ရိနှစ်လုံးကို (ဧ-ဥ)ကာရိယ နှစ်လုံး ပြုရ ပါ၏။

## သတိပြုစရာ ဆောင်ပြချက်။

ဤသုတ်ဖြင့် ကေဝုစ်ဝိဘတ်(၇)လုံး၊ ယောဝိဘတ်နှစ်လုံးတို့ကြောင့် ရှေ့ဒီဃသရကို ရဿ-သရ ပြုရခြင်းသည် နပုလ္လိင်၌သာလျှင် ပြု၏။ ပုလ္လိင်-ဣတ္ထိလိင်တို့၌မူ သိ-ဝိဘတ်မှ တပါးသော ကေဝုစ်ဝိဘတ် (၆) လုံးနှင့် ယော-ဝိဘတ် နှစ်လုံးတို့ကြောင့်သာ ဒီဃကို ရဿပြုရမည်။

---

၂၄၂-မေး။ ။ဤသုတ်သည် မည်သည့်လိင်၌ စီရင်ရပါ သနည်း။

၂၄၂-ဖြေ။ ။ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင် တို့၌ စီရင်ရ ပါ၏။

---

၂၄၃-မေး။ ။ဤ သုတ်၌ (အပိ) သဒ္ဒါကို မိန့်ဆိုခြင်း ၏ အကျိုးကို ရေးခဲ့ပါ။

၂၄၃-ဖြေ။ ။ရှေ့ဆိုခဲ့သောပုစ္ဆာများ၏ သဘော ရှင်းလင်း ပါရှင် ဤဝိတ် ဝိဘင်း-သဘောကို (ကုသိုလ်) မပြုကြောင်း တားမြစ်ခြင်း အကျိုးရှိပါ၏။

အဝိဂတပစ္စည်း သိမှ နိဂမနသုတ်

ရူပသင်္ဂြိုဟ်။

---

၂၄၄-မေး။ ။ရှေ့ဆိုခဲ့သောပုစ္ဆာများ၏ သဘော ရှင်းလင်း ပါရှင် ဤဝိတ် ဝိဘင်း-သဘော ကို(ကုသိုလ်)မပြုကြောင်း တားမြစ်ခြင်းသည်။ "နသိသိ မနဂုံးသကာ နိ"သုတ်ဖြင့် ပြီးနိုင်ပါလျက် အဘယ် အ ကျိုးငှါ ဤသုတ်ပါ (အပိ) သဒ္ဒါဖြင့် တား မြစ်ထားပါသနည်း။

၂၄၄-ဖြေ။ ။ဤသုတ်ပါ (အပိ) သဒ္ဒါဖြင့်လည်း တား မြစ်မှ ပြီးစီးနိုင်သည်ဟု ပြခြင်း အကျိုး ရှိပါ၏။

(နျာသ)

---

၂၄၅-မေး။ ။ဤသုတ်၌ စ-သဒ္ဒါ၏ အနက်ကို ထင်ရှား စွာ ပြဆိုပါ။

၂၄၅-ဖြေ။ ။စ- သဒ္ဒါသည် နျာသအလို နိဂမနပန အဝဓာရဏအနက် ရှိ၏။ နိဒ္ဒေသအလို သန္နိဋ္ဌာနအဝဓာရဏ အနက် ရှိပါ၏။

---

၂၄၆-မေး။ ။ချာသဆရာနှင့် နိဒ္ဒေသဆရာတို့၏ ဝါဒ သည် အချင်းချင်း ဆန့်ကျင်သကဲ့သို့ ရှိခဲ့ ရာ ညီညွတ်အောင် ညှိပြခဲ့ပါ။

၂၄၆-ဖြေ။ ။ **နျာသအလို။**

နိဝတ္တာပနမှာ သိဝိဘတ်မှတပါးသော ဧကဝုစ်ဝိဘတ် ယောဝိဘတ် တို့ကြောင့် တရံတခါမျှလည်း ဒိဃသရ၏ ရဿ အ ဖြစ်သို့ မရောက်ခြင်းကို တားမြစ်၏။

**(တခါတလေမျှ ရဿမပြုပဲ မနေရ၊ အမြဲပြုရမည်ဟူလို။)**

**နိဒ္ဒေသဆရာ၏ အလို။**

သိ,ဝိဘတ်မှ တပါးသောဧကဝုစ်ဝိဘတ် ယောဝိဘတ်တို့ကြောင့် ဒိဃ-သရကို အ မြဲရဿ ပြုရမည်ဟူလို။

**လိုရင်းအဓိပ္ပါယ်ကား။**

ချာသဆရာက ရဿ-မပြုပဲနေမည်ကို တားမြစ်၏။နိဒ္ဒေသဆရာက အမြဲ ရဿ ပြုရမည်။ဤသို့လျှင် ဆရာနှစ်ပါးတို့၏ ဝါဒ ညီညွတ်ကြတော့၏။

---

၂၄၇-မေး။ ။အာကာရန္တပုလ္လိင်ကားအဘယ်ပါနည်း။ ၎င်းသဒ္ဒါကို ရူပသိဒ္ဓိ အလိုကျအောင် ပဒ

မာလာသွားပြဖြီးလျှင် စီရင်သောသုတ်တို့ကိုလည်း ထုတ်ပြပါ။

၂၄၇-ဖြေ။ ။အာကာရန္တပုလ္လိင်ကား ခွေးဟော (သာ) သဒ္ဒါ ဖြစ်ပါသည်။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပထမာ | သာ၊ | သာ၊ |
| အာလုပ် | (ဟေ) သ၊ | (ဟေ) သာ၊ |
| ဒုတိယာ | သံ၊ | သေ၊ |
| တတိယာ | သေန၊ | သာဟိ, သာဘိ၊ |
| စတုတ္ထီ | သဿ, သာယ၊ | သာနံ၊ |
| ပဉ္စမီ | သာ, သသ္မာ, သမှာ၊ | သာဟိ, သာဘိ၊ |
| ဆဋ္ဌီ | သဿ၊ | သာနံ၊ |
| သတ္တမီ | သေ, သသ္မိံ, သမှိ၊ | သာသု၊ |

စီရင်သော သုတ်များ။

(၁) သေသတော လောပံ ဂသိပိ၊ (၆) အတောနေန၊

(၂) အဃောဿလဿသွပိစ၊ (၇) သ္မာဟိသ္မိံနံ မှာဘိမှိ ဝါ၊

(၃) သဗ္ဗယောနီနမာဧ၊ (၈) သာဂမောသေ၊

(၄) အာလပနေ သိ ဂသညော၊ (၉) အာယဿလဿဿတု၊

(၅) အာကာရောဝါ၊ (၁၀) သ္မာသ္မိံနံ ဝါ၊

ဤသို့ ဆယ်သုတ် ရှိပါ၏။

## သဒ္ဒနီတိပဒမာလာမှ ထုတ်နုတ် ဘော်ပြချက်။

အချို့ရူပသိဒ္ဓိဆရာတို့သည် "သာ" သဒ္ဒါ၏ ဒုတိယာ, တတိယာ စသည်တို့၌ (သံ-သေ-သေန)စသော ရုပ်တို့ကို မိန့်ဆိုကြကုန်၏။ ထို ဆရာတို့၏ စကားသည် မသင့်။ အကြောင်းကား ထို(သံ-သေ-သေန) စသော ရုပ်တို့သည် မြတ်စွာဘုရား၏ ပါဠိတော်၌၎င်း၊ အဋ္ဌကထာ စသည်တို့၌၎င်း၊ နိရုတ္တိပိဋကၣ်၎င်း မထင်မမြင်ကုန်(မလာရှိကုန်)သော ကြောင့်တည်း။

နိရုတ္တိပိဋကၣ်ကား ဤသို့လာရှိ၏။

| ဝိဘတ်များ။ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | သာ တိဋ္ဌတိ၊ | သာနော တိဋ္ဌန္တိ၊ |
| ဒု | သာနံ ပဿတိ၊ | သာနေ ပဿန္တိ၊ |
| တ | သာနာ ကတံ၊ | သာနေဟိ,ဘိ ကတံ၊ |
| စ | သဿ ဒီယတေ၊ | သာနံ ဒီယတေ၊ |
| ပ | သာနာ နိဿဋံ၊ | သာနေဟိ,ဘိ နိဿဋံ၊ |
| ဆ | သဿ ပရိဂ္ဂဟော၊ | သာနံ ပရိဂ္ဂဟော၊ |
| သ | သာနေ ပတိဋ္ဌိတံ၊ | သာနေသု,ပတိဋ္ဌိတံ၊ |
| အာ | (ဘော) သာ၊ | (ဘဝန္တော) သာနော၊ |

ထိုကြောင့် နိရုတ္တိပိဋကၣ် မိန့်ဆိုအပ် သောနည်းဖြင့်သာလျှင် နာမိကပဒမာလာ ကို ယူအပ်၏။

**ထို့မှတပါး**

မိမိဥစ္စာဟူသောအနက်ကို ဟောသော "သ"သဒ္ဒါ၏ ဝစနတ္တကို အတ္တနော အာ

ယန္တိ-သောဟု ပြုပြီးလျှင် ဤသို့ပဒမာလာ သွားအပ်၏။

| ဝိဘတ်များ။ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပထမာ | သော၊ | သာ၊ |
| ဒုတိယာ | သံ၊ | သေ၊ |
| တတိယာ | သေန၊ | သေဟိ၊ သေဘိ၊ |
| စတုတ္ထီ | သဿ၊ | သာနံ၊ |
| ပဉ္စမီ | သာ၊ သသ္မာ၊ သမှာ၊ | သေဟိ-သေဘိ၊ |
| ဆဋ္ဌီ | သဿ၊ | သာနံ၊ |
| သတ္တမီ | သေ၊ သသ္မိံ၊ သမှိ၊ | သေသု၊ |

ခွေးဟော''သာ''သဒ္ဒါကို ဤဥစ္စာဟော(သ)သဒ္ဒါ၏ ရုပ်သွားနည်း အတိုင်း မသွားမလာအပ်ကုန်။

**အမှာ။**

(နပုလ္လိင်(သ)သဒ္ဒါနှင့် ဣတ္ထိလိင်(သာ)သဒ္ဒါတို့ကို ဆိုင်ရာအခဏ်း တို့၌ ထင်ရှား တွေ့မြင်ရလိမ့်မည်)

---

၂၄၈-မေး။ ။ဤ(သာ)သဒ္ဒါနှင့် ရုပ်စဉ်ရုပ်သွား တူကြ သော ပုဒ်တို့ကို ရုပသိဒ္ဓိလာတိုင်း ထုတ်ပြ ဖြေဆိုပါ။

၂၄၈-ဖြေ။ ။ (၁) ပစ္စဂ္ဃဝဏ္ဏာ၊
(၂) ကဏ္ဏိကဝဏ္ဏာ၊
စသည်တို့တည်း။

ဆရာတော် ဦးဖုမ်၏ အလို။

ဤဥဒါဟရုဏ်တို့၌ (နေမှာစ) သုတ်ဖြင့် အာပစ္စည်းသက်၍ ပုရိသာဒိဂိုဏ်း ပျက်သည်ဟု မိန့်တော်မူ၏။

အာကာဝရန္တပုလ္လိင် ပြည့်စုံပြီ။

---

# ဍ္ဂကာဝရန္တ-ပုလ္လိင်အခဏ်း။

## အဂ္ဂိသဒ္ဒ်နိ။

(အာဒေသဝိဓိသုတ်။)

၂၄၉-မေး။ ။ဤသုတ်၌ မည်သည့်အင်္ဂါနှင့် ပြည့်စုံပါမှ မည်သည့်ကာရိယမျိုး ရောက်နိုင်သည်ဟု ဥဒါဟရုဏ်နှင့်တကွ အပြည့်အစုံဖော်ပြပါ။

၂၄၉-ဖြေ။ ။(၁) နောက်၌....သိဝိဘတ်ရှိခြင်း၊
(၂) ရှေ့၌.... အဂ္ဂိသဒ္ဒါရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် အဂ္ဂိသဒ္ဒါ၏ အဝိတ်(ဣ)ကို (ဣနိ) ကာရိယ ပြုပါ၏။

"အဂ္ဂိနိ"

ကား ဥဒါဟရုဏ်တည်း။

---

၂၅၀-မေး။ ။ဤသုတ်သည် (ဣနိ)ပြု၏။"မာတုလာဒိနမာနတ္တမိကာရေ" သုတ်လည်း (အာန)

ပြု၏။ ဤသို့ကာရိယနှစ်လုံးချင်း တူကြ၍ ဤသုတ်ကို "မာတုလ။လ။ မိကာရေ" သုတ်၏ ရှေ့ကဖြစ်စေ၊ နောက်ကဖြစ်စေ၊ ဆိုထိုက်ပါလျက် သိ-ဝိဘတ် နှောင်းရာ၌ (အ)ပြုသော "သိမှိဝါ"သုတ်၏ နောက်၌ ဆိုရခြင်း၏ အကျိုးကား အဘယ်ပါနည်း။

၂၅၀-ဖြေ။ ။"သိမှိဝါ"သုတ်မှ သိဝိဘတ်နှင့် ဝါ-သဒ္ဒါတို့ လိုက်စေခြင်း အကျိုးရှိပါ၏။

**သိ ဝ စ နသ ဧ ဝါ ဂ္ဂဟဏဿ ဧ အနုဝတ္တနတ္ထံ။**

**နိဒ္ဒေသ။**

**တနည်းကား**

သိဝိဘတ် လိုက်စေခြင်းအကျိုး ရှိပါ၏။

**အတ္တပ္ပကရဏေ ရမသုတ္တာရဏံ**
**သိမှိဂ္ဂဟဏာနုဝတ္တနတ္ထံ။**

**ချာသ။**

---

၂၅၁-မေး။ ။ဤသုတ်ဖြင့် (ရာနိ)သာပြုရမည်၊ အခြား ကာရိယတို့ မပြုထိုက်၊ ဤသို့မှတ်သား ရအံ့လော၊ဥဒါဟရဏ်နှင့်တကွဖြေဆိုပါ။

၂၅၁-ဖြေ။ ။"**အဂ္ဂိဿ**"ဟူသော "ဒွိဓာကရဏယောဂ ဝိဘာဂ"ဖြင့် အလုံးစုံသော ဝိဘတ်တို့ကြောင့် (အဂ္ဂိ)သဒ္ဒါကို (ဂိနိ)လည်း ပြုနိုင်ပါသေး၏။

ဥဒါဟရဏ်ကား။
ဂိနီ၊
ဂနီ-ဂနယော၊လ။
ဂိနီသု၊
စသည်တည်း။

---

ဃ,ပ,တော ခ ယောနံ လောပေါ်။

(လောပဝိဓိသုတ်။)

၂၅၂-မေး။ ။ဤသုတ်သည်မည်သည့်အင်္ဂါနှင့် ပြည့်စုံပါမှ မည်သည့် ကာရိယမျိုး ရောက်နိုင်သည်ဟု ဥဒါဟရဏ်နှင့်တကွ ရှင်းပြပါ။

၂၅၂-ဖြေ။ ။(၁) ရှေ့၌- ဃ,ပ,ဈ,လ, အမည်ရှိသော အာ-အက္ခရာ၊ ဣဝဏ်-ဥဝဏ်တို့တွင် တလုံးလုံးရှိခြင်း၊

(၂) နောက်၌ ယောဝိဘတ်တို့ရှိခြင်း၊ ဤသို့ အင်္ဂါနှစ်ပါးပြည့်စုံပါလျှင် ယော-ဝိဘတ်တို့သည် ချေခြင်း ကာရိယသို့ ရောက်နိုင်ပါ၏။

ဥဒါဟရဏ်ကား
"ကညာ-အဂ္ဂီ"
စသည်တည်း။

---

၂၅၃-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ဘော်ပြခဲ့ပါ။

၂၅၃-ဖြေ။ ။စ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ကို ဟော၏။

**ဝဝတ္ထိတဝိဘာသာယံ။**

ရူပသိဒ္ဓိ။

**တနည်း**

ဈ-လ-တို့ကို ငင်ခြင်း အနုကဍ္ဎနအနက်ကို ဟော၏။

**စဂ္ဂဟဏံ-ဈ-လာနုကဍ္ဎနတ္ထံ။**

နိဒ္ဒေသ။

---

၂၅၄-မေး။ ။ **နိဒ္ဒေသအလို။**

ဈ,လ-တို့ကို မငင် သော်လည်း ထုံးစံအတိုင်း လိုက်လာ ကြမည် မဟုတ်ပါလော၊အဘယ်ကြောင့် ငင်ရပါသနည်း။

၂၅၄-ဖြေ။ ။ဤသုတ်၌ (ဃ,ပ,တော)သဒ္ဒါ ထင်ရှားရှိနေရကား (ဈ,လ)တို့ အသတ်ခံရမည်စိုး၍ မလိုက်လာဝံ့ရှာ။ထို့ကြောင့် ငင်ရပါသည်။

**ဃပတောတိ ဝုတ္တတ္တာ တံ ဒိသွာ နာနုဝတ္တတိ၊ တသ္မာ အနုကဍ္ဎနံ။**

နိဒ္ဒေသ။

---

## ယောသုကတနိကာရလောပေသုဒီဃံ။
### (အာဒေသဝိဓိသုတ်။)

၂၅၅-မေး။ ။ဤသုတ်၏ အင်္ဂါနှင့် ကာရီ-ကာရိယ တို့ကို ဥဒါဟရဏ်နှင့်တကွ ထုတ်ပြပါ။

၂၅၅-ဖြေ။ ။(၁) နောက်၌ "ဧာပတော စ ယောနံ လောပေါ" သုတ်ဖြင့် ယောဝိဘတ်ကို ချေခြင်း၊ "အတော နိစ္စံ" "ယောနံနိနုပုံသကေဟိ" သုတ်တို့ဖြင့် ယောဝိဘတ်ကို နိပြုပြီးခြင်း တို့တွင် တခုခုနှင့် ကြုံကြိုက်ခြင်း၊

(၂) ရှေ့၌ ရဿ-သရရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသည်ရှိသော် (ရဿ)သုံးလုံး ကာရီကို ဒီဃဖြစ်သော (အာ-ဤ-ဦ)ကာရိယ ပြုရပါ၏။ ဥဒါဟရဏ်ကား"အဂ္ဂီ"စသည်တည်း။

---

၂၅၆-မေး။ ။"ဒီဃံ"ဟူသော အဆုံးပုဒ်ကို ထောက် ဆပါက ရဿ-သရ-သုံးလုံးကိုသာ ယူရ မည်၏ အဖြစ်သည် အလွန်ထင်ရှားနေ ပါလျက်ရတ္တိ၌(သဗ္ဗေသံ)ဟုသဗ္ဗ-သဒ္ဒါ ထည့်၍ ဖွင့်ဆိုခြင်းသည် သရ (၈)လုံး ကိုပင် ဒီဃပြုရမည်ဟု ဆိုလိုပါသလော။

၂၅၆-ဖြေ။ ။လိင်သုံးပါးတို့၌ ဖြစ်သော သရတို့ကို ရည်ရွယ်သောကြောင့်သာ(သဗ္ဗေ သရာ) ဟု မိန့်ဆိုပါ၏။ အမှန်စင်စစ်မူ ဒီဃပြု ထိုက်သော ရဿ-သရ သုံးလုံးကိုသာ ယူရပါ၏။

ဃုစ သဗ္ဗသဒ္ဒေန တိလိင်္ဂဿရာ ဂဟိတာ။

နိဒ္ဒေသ။

---

၂၅၇-မေး။ ။ဤသုတ်ကို မဆိုသော်လည်း "ကွစာဒိ မဇ္ဈာဂ္ဂါရာနံ ဒီဃရဿာ ပစ္စယေသုစ" သုတ်ဖြင့် ဒီဃ-ပြုနိုင်ပါလျက် အဘယ် အကျိုးကို မျှော်ကိုး၍ ဤသုတ်ကို မိန့်ဆို ပါသနည်း။

၂၅၇-ဖြေ။ ။နိစ္စဝိဓိကို ပြခြင်းအကျိုး၌ါ မိန့်ဆိုပါ၏။

နိစ္စဒီပနတ္ထံ။

ချာသ။

---

၂၅၈-မေး။ ။"ဃာ,ပ,တော စ ယောနံလောပေါ" သုတ် ၏ အခြားမဲ့၌ ဤသုတ်ကို မိန့်ဆိုပါက (ယောနံ)ပုဒ်သည် သတ္တမီဝိဘတ် ပြောင်း လဲလျက် (ယောသု)ဟု လိုက်လာနိုင် သောကြောင့် (ကတနိကာရလောပေသု ဒီဃံ)ဤမျှသာ တည်ထား ထိုက်ပါလျက်

(ယောသု) သဒ္ဒါကို တဖန် ထပ်မံဆိုရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၂၅၈-ဖြေ။ ။ဒီဃ အပြု၏ မြဲသည်၏ အဖြစ်ကို ပြခြင်းအကျိုး ရှိပါ၏။

ဒီဃဘာဝဿ နိစ္စဒီပနတ္ထံ၊ ယထာဝုတ္တသုတ္တေန ပုန ဂဟဏံ၊ ယထာ ယသံ ပရိညာသို။

ဆိုသော (နိဒ္ဒေသ)

ပုနာရမ္ဘဂ္ဂဟဏံ နိစ္စဒီပနတ္ထံ။

သဒ္ဒါကြီး။

(ယော-ကို နိ-ပြုပြီးသော်ငဲ၊ ချေပြီးသော်ငဲ၊ ရှေ့ရဿသရကို အမြဲဒီဃပြုလော၊မပြုပဲ မနေရဟူလို)။

အမှာ။

ပထမနည်း။ ။ပုန-တဖန်။ အာရမ္ဘဂ္ဂဟဏံ၊ ဤသုတ်ကို အားထုတ်ခြင်းသည်။

ဒုတိယနည်း။ ။ပုန-တဖန်။ အာရမ္ဘဂ္ဂဟဏံ၊ ဤ (ယောသု) ဟူသော ပုဒ်ကို အားထုတ်ခြင်းသည်။

ဟု နှစ်နည်းအနက်ပေးလေ။

---

## ယောသွကတရဿော ဈော။

(အာဒေသဝိဓိသုတ်။)

၂၅၉-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံမှ မည်သည့် ကာရိယမျိုး ဖြစ်နိုင်သည်ဟု ဥဒါဟရဏ်နှင့်တကွ ထုတ်ပြခဲ့ပါ။

၂၅၉-ဖြေ။ ။(၁) နောက်၌ ယောဂဝိဘာတ်နှစ်လုံးတို့တွင် တလုံးလုံး ရှိခြင်း၊

(၂) ရှေ့၌ ပင်ကိုဇာတိ ဈ-မည်သော (ဣ)ရသရှိခြင်း၊

ဤအင်္ဂါ-နှစ်ပါးနှင့် ပြည့်စုံသည်ရှိသော် ဈ-မည်သော (ဣ)ကို (အ)ပြုပါ၏။

**ဥဒါဟရုဏ်ကား**
**“အဂ္ဂယော”**
စသည်တည်း။

**(ပထမဦးစွာ ဤ-သရသည် နောက်မှ (ဣ) အဖြစ် ပြောင်းလဲလာသည်ကို မလို)။**

---

၂၆၀-မေး။ ။(အကတရဿော)ပုဒ်ကို ဝစနတ္ထပြု၍ အနက်ပေးခဲ့ပါ။

၂၆၀-ဖြေ။ ။ ကတော ရဿော ယဿာတိ ကတရဿော။ န ကတရဿော အကတရဿော။

ယဿ၊အကြင် သရအား။ ကတော၊ ပြုအပ်ပြီးသော။ ရဿော၊ ရဿသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော၊ထိုသရသည်။ကတရဿော၊ ကတရဿမည်၏။ ကတရဿော၊ ပြုအပ်ပြီးသော ရဿရှိသော သရသည်။န၊မဟုတ်။

အကာတရသော၊ ပြုအပ်ပြီးသော ရသာ ရှိသော သရမဟုတ်။

**(ပြုပြီးမှ ရသာ ဖြစ်နေသည့် သရမဟုတ်၊ ပင်ကိုယ် ဇာတိအားဖြင့် ဖြစ်သော ရသာ- သရ ဟူလို။)**

---

၂၆၁-မေး။ ။ဤသုတ်သည် ယောဝိဘတ်တို့ နှောင်းမှ သာ (ရူ)ကာရိကိုသာ (အ)ပြုနိုင်သည်၊ အခြားသော ဝိဘတ်တို့ နှောင်းရော၌ အခြားသော ကာရိကိုမူကား (အ)မပြုနိုင်ဟု မှတ်ရအံ့လော၊ဆုံးဖြတ်ခဲ့ပါ။

၂၆၁-ဖြေ။ ။(ဓိတံ)ဟူသော ဥဒါဟရဏ်၌ အံဝိဘတ် နှောင်းရော၌လည်း (အကာတရသော) ဟူသော "ဓိခါကရဏာ ယောဂဝိဘာဂ"ဖြင့် ဓိတု-၏ အစိတ်(ဥ)ကိုလည်း (အ)ပြုရပါ သေး၏။

**(အာစရိယဝါဒ။)**

---

၂၆၂-မေး။ ။ဤသုတ်သည် ယောဝိဘတ်တို့ နှောင်းရော၌ ပြုအပ်ပြီးသော ရသာရှိသော (သရ) ကိုမူ (အ)မပြုနိုင်ဟု မှတ်ရအံ့လော၊ အာစရိယဝါဒ ရရှိသလို ထုတ်ဆို ဖြေကြား ခဲ့ပါ။

၂၆၂-ဖြေ။ ။ "ယတ္ထ ယော ပသဒါ မိဂါ"
"သညတာ ဖြဟ္မစာရယော"

ဟူသော ဥဒါဟရဏ်တို့၌(ယောသုဧရှာ) ဟူသော "န္တိခေကရဏယောဂဝိဘာဂ" ဖြင့် ယောဝိဘတ် နှောင်းရာ၌ ပြုအပ်ပြီးသော ရသာရှိသော (ဧ) သရကိုလည်း (အ) ပြုနိုင်ပါသေး၏။

(အာစရိယဝါဒ။)

---

အံမော နိဂ္ဂဟိတံ ဈ,လ,ပေဟိ။

(အာဒေသဝိဓိသုတ်။)

၂၆၃-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့်ပြည့်စုံပါမှ မည်သည့် ကာရိယမျိုး ရောက်နိုင်သည် ဟု ထင်ရှားအောင် ဥဒါဟရဏ်ဆောင်ခါ ထုတ်ပြပါ။

၂၆၃-ဖြေ။ ။(၁) ရှေ့၌ ဈ,လ,ပ,မည်သော ဣဝဏ်ဥဝဏ်တို့တွင် တခုခုရှိခြင်း၊

(၂) နောက်၌ (အံ) ဝိဘတ်နှင့် (မ) အက္ခရာတို့တွင် တခုခု ရှိခြင်း၊

ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံလျှင် (အံ)ဝိဘတ်နှင့် (မ)အက္ခရာကို (နိဂ္ဂဟိတ်) တည်းဟူသော ကာရိယမျိုး ပြုပါ၏။

ဥဒါဟရုဏ်ကား
"အဂ္ဂိ-ပုလ္လိင်"
စသည်တည်း။

---

၂၆၄-မေး။ ။ဤသုတ်၌ (အံမော) ဟူသော ကာရိကို ပထမာဝိဘတ်နှင့် ညွှန်းပြပါလျက် (နိဂ္ဂဟီတံ)ဟူသော ကာရိယကို ဒုတိယာဝိဘတ် နှင့် ပြထားခြင်း၏ အကြောင်းကို ပြဆိုပါ။

၂၆၄-ဖြေ။ ။(၁) အာဒေသ (ကာရိယလည်းဟူ)
(၂) အာဒေသီ (ကာရီလည်းဟူ)
တို့၏ အစီရင်ကို သာလျှင် သိစေတတ် သည်၏ အဖြစ်ကြောင့် ကာရိကို ပထမာ ဝိဘတ်၊ ကာရိယကို ဒုတိယာ ဝိဘတ်တို့ ဖြင့် ပြဆိုထားပါ၏။

(ချာသာ။)

**အဓိပ္ပါယ် ရှင်းလင်း ဘောင်ပြချက်။**

တခုတည်းသော (နိဂ္ဂဟီတံ)ဟူသော အနက်၏
"နိဂ္ဂဟီတံ ဟောတိ၊ နိဂ္ဂဟီတံ ပပ္ပေါတိ"
ဟု အထူးထူးအပြားအပြား ပြယုဂ်သည် ထင်၏။

ဥပမာ။

ဒေဝဒတ် မင်းဖြစ်၏ ဟူသော တခုသော အနက်ကိုပင်လျှင်
(၁) ဒေဝဒတ္တော ရဇ္ဇံ ပါပုဏာတိ၊
(ဆဋ္ဌီကာရီ ဒုတိယာကာရိယ)

(၂) ဒေဝဒတ္တော ရဋ္ဌံ ပဝိသတိ၊
(ပဌမာကာရီ ဒုတိယာကာရိယ)
(၃) ဒေဝဒတ္တော ရာဇာ ဟောတိ၊
(ပဌမာကာရီ ပဌမာကာရိယ)

ဤသို့ အမျိုးမျိုးဖွင့်ကြသကဲ့သို့တည်း။

## ဆင်တဲ၊ ဆရာတော်ဘုရား၏ ရှင်းလင်းချက်။

"ဒေဝဒတ္တော ရာဇာ ဟောတိ"

ဟူသော တခုသော အနက်ကိုသာ သိစေတတ်သောကြောင့် "ဒေဝ ဒတ္တဿ" ဟူသောစကား၊ "ဒေဝဒတ္တံ" ဟူသော စကားသည် မဆန့်ကြ။ ထိုကြောင့် "အံမောနိဂ္ဂဟီတံ" ဟု ကာရီကာရိယတို့ကို ပဌမာဝိဘတ် ဒုတိယာဝိဘတ်တို့၏ အစွမ်းဖြင့် သုတ်ကိုပြခြင်းသည်၎င်း၊

"အံ ဝစနဿ စ မကာရဿ စ နိဂ္ဂဟီတံ ဟောတိ"

ဟု-သမ္ဗန် ပဌမာဝိဘတ်တို့၏ အစွမ်းဖြင့် ဝုတ္တိကို ပြခြင်းသည်၎င်း၊ အာဒေသ အာဒေသီ အစီရင်ကိုသာလျှင် သိစေသောကြောင့် တစုံတရာမျှ မဆန့်ဟုလိုသည်။

---

၂၆၅-မေး။ ။"ဝုတ္တိ"ဆိုသည်မှာ သုတ်၏အဖွင့် ဖြစ်သောကြောင့် သုတ်ကို ညွှန်းပြသောအားဖြင့် ဝုတ္တိ၌(အံမောနိဂ္ဂဟီတံ ပဝေါတိ)ဟု လျော်စွာ ဖွင့်ဆို ထိုက်ပါလျက် (အံဝစနဿ မကာရဿ) ဟု သုတ်နှင့် မတူအောင် ဖွင့်ဆိုခြင်း၌ အကျိုးကို ရေးခဲ့ပါ။

၂၆၅-ဖြေ။ ။သုတ်၏ အဓိပ္ပါယ်ကို ပြခြင်းအကျိုးရှိပါ၏။

သုတ္တာဓိပ္ပါယ ဒီပနတ္ထံ။ ။ချာသ။

**အဓိပ္ပါယ် ရှင်းလင်း ဘော်ပြချက်။**

သုတ်၏အနက်သည် မုချတ္ထ အဓိပ္ပါယတ္ထအားဖြင့် နှစ်ပါး အပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် "သာဂမောသေ" သုတ်၌ (သေ) အရ မုချ ဝိဘတ်ဖြစ်၍ "သေဝိဘတ္တိမှိ"ဟု ဖွင့်ပြခြင်းသည် မုချတ္ထဖြစ်၏။

"သံသာသွေကဝစနေသုစ"သုတ်၌ ကေဝုစ် သံ,သာ,ဝိဘတ် ဟူ၍ မရှိခြင်းကြောင့် "ဝိဘတ္တာဒေသေသု" ဟု ဖွင့်ပြရခြင်းသည် အဓိပ္ပါ ယတ္ထဖြစ်၏။ ဝုတ္တိတို့သည် မုချတ္ထ အဓိပ္ပါယတ္ထ နှစ်ပါးသို့ လိုက်၍ ဖွင့် ဆိုနိုင်သောကြောင့် ဤသုတ်၏ ဝုတ္တိ၌

အံဝစနဿ မကာရဿ စ"

ဟု ဆဋ္ဌီဝိဘတ်ဖြင့် ဖွင့်ဆိုသတည်း။

---

၂၆၆-မေး။ ။"ဈလာနမိယုဝါ သရေ ဝါ"သုတ်မှ ဈ,လ, နှင့် "ပသညာဿစ" သုတ်မှ (ပ)တို့ကို အလိုက်ခံ၍ (အံမော နိဂ္ဂဟီတံ) ဤမျှသာ တည်ထား ထိုက်ပါလျက် အလိုက်မခံပဲ (ဈ,လ,ပေဟိ)ဟု တိုက်ရိုက် ထည့်၍ မိန့် ဆိုရခြင်း၏ အကျိုးကို ဘော်ပြပါ။

၂၆၆-ဖြေ။ ။ထိုသုတ်မှ (ဈ,လ,ပ)တို့ကို အလိုက်ခံပါ လျှင် (ဝဝတ္ထိတဝိဘာသာ)အနက်ရှိသော ဝါသဒ္ဒါလည်း လိုက်လာပေလိမ့်မည်။ ထို

ဝါသဒ္ဒါကို နှစ်စေခြင်းအကျိုးငှါ (နိစ္စဝိဓိကို သိစေခြင်း အကျိုးငှါ) (ဈ, လ, ပေဟိ) ဟု တိုက်ရိုက်ထည့်၍ မိန့်ဆိုရပါ၏။

ပုန အာရဘိတွာ ဈလပါနံ ဂဟဏံ ဝိဘာသတ္ထာယ ဝါသဒ္ဒယ နိစ္စတ္ထနတ္ထံ။ နိစ္စဝိဓိ ဥာပေတုံ ဟိ အဓိပ္ပါယော။

နိဒ္ဒေသ။

ပုနာရမ္ဘဂ္ဂဟဏံ ဝိဘာသာနိစ္စတ္ထနတ္ထံ။

သဒ္ဒါကြီး။

---

၂၆၇-မေး။ ။ဤသုတ်၌ (အံ)သည် ဝိဘတ် (အံ)အာဒေသ(အံ)ဟုအံနှစ်မျိုးရှိရာ အဘယ်(အံ) ကို နိဂ္ဂဟိတ်ပြုရမည်ဟု ဥဒါဟရဏ်နှင့် ရှင်းခဲ့ပါ။

၂၆၇-ဖြေ။ ။(၁) ဝိဘတ် အံ-ကိုလည်း နိဂ္ဂဟိတ် ပြုပါ၏။

"အဂ္ဂိံ"

(၂) အာဒေသ အံ-ကိုလည်း နိဂ္ဂဟိတ် ပြုရပါ၏။

"အာဒိံ-မာရကာသိံ"

---

၂၆၈-မေး။ ။"ပုနာရမ္ဘဂ္ဂဟဏံ ဝိဘာသာနိစ္စတ္ထံ"၌

(၁) ပုန၊ တဖန်။ အာရမ္ဘဂ္ဂဏံ၊ ဤသုတ် ကိုအားထုတ်ခြင်းသည် ဟူ၍ ရင်း။

(၂) ပုန၊တဖန်။အာဝရဘ္တဂ္ဂဟာဏံ၊ ရျ,လ, ပ,တို့ကို အားထုတ်ခြင်းသည်-ဟူ ၍ ငင်း။

ဤသို့ အနက်ပေးကြရာ၌ မည်သည့် အနက် မှန်ကန်မည်ကို ဝိနိစ္ဆယ ချမှတ်ခဲ့ပါ။

၂၆၈-ဖြေ။ ။(၂) ဒုတိယ နည်းသာလျှင်ယုတ္တိ ရှိလှပေ၏။

**ပုန အာဝရဘိတွာ ရျ,လပါနံ ဂဟာဏံ။**

**နိဒ္ဒေသ။**

**ရျ,လ,ပေဟိတိ ပုနာဝရဘိတွာ ဂဟာဏံ။**

**ချာသ။**

---

၂၆၉-မေး။ ။အဂ္ဂိ-သဒ္ဒါ၏ ပဒမာလာကို ရူပသိဒ္ဓိ အလိုကျ ဘော်ပြ၍ စီရင်သော သုတ်တို့ကို ရေးသားပါ။

၂၆၉-ဖြေ။ ။

| ဝိဘတ်များ၊ | | ကေဝုစ်၊ | | ဗဟုဝုစ်၊ |
|---|---|---|---|---|
| ပ | | အဂ္ဂိနိ,အဂ္ဂိ၊ | | အဂ္ဂီ,အဂ္ဂယော၊ |
| အာ | (ဟေ) | အဂ္ဂိ၊ | (ဟေ) | အဂ္ဂီ,အဂ္ဂယော၊ |
| ဒု | | အဂ္ဂိံ၊ | | အဂ္ဂီ,အဂ္ဂယော၊ |
| တ | | အဂ္ဂိနာ၊ | | အဂ္ဂီဟိ,ဘိ,အဂ္ဂိဟိ,ဘိ၊ |
| စ | | အဂ္ဂိနော,အဂ္ဂိဿ၊ | | အဂ္ဂီနံ,အဂ္ဂိနံ၊ |
| ပ | | အဂ္ဂိနာ,အဂ္ဂိသ္မာ,မှာ၊ | | အဂ္ဂီဟိ,ဘိ,အဂ္ဂိဟိ,ဘိ၊ |
| ဆ | | အဂ္ဂိနော,အဂ္ဂိဿ၊ | | အဂ္ဂီနံ,အဂ္ဂိနံ၊ |
| သ | | အဂ္ဂိမှိ,အဂ္ဂိသ္မိံ၊ | | အဂ္ဂီသု,အဂ္ဂိသု၊ |

## ဓိရင်သော သုတ်များ။

(၁) အဂ္ဂိသိခီ၊
(၂) သေသတောလောပံ ဂသိပိ၊
(၃) ဉာဝဏ္ဏာ၊ဝဏ္ဏာ-ဈု,လာ၊
(၄) ဃ,ပ,တော။လ။ပေါ၊
(၅) ယောသု။လ။ဒီဃီ၊
(၆) ယောသွကတရဿောရျော၊
(၇) အာလပနေသိဂသညော၊
(၈) အံမော။လ။ပေ,ဟိ၊
(၉) သုနံဟိသု စ၊
(၁၀) သ္မာဟိသ္မိံနံ မှာဘိမှိဝါ၊
(၁၁) ဈု,လ,တောသဿနောဝါ၊
(၁၂) သာဂမောသေ၊
(၁၃) ဈလတော စ၊

ဤသို့လျှင် (၁၃)သုတ် ရှိပါ၏။

---

၂၇၀-မေး။ ။အဂ္ဂိ-သဒ္ဒါနှင့် ရုပ်သွားရုပ်လာ တူသော ပုဒ်အပေါင်းကို ထုတ်ခဲ့ပါ။

၂၇၀-ဖြေ။ ။ဇောတိ ပါဏီ အဂ္ဂိ မုဋ္ဌိ၊
ကုစ္ဆိ ဝတ္ထိ-သာလိ ဝီဟိ။
ဗျာဓိ ဩဓိ ဗောဓိ သန္ဓိ၊
ရာသိ ကေသိ သာတိ ဒီပိ။ ။
ဣသိ မုနိ မဏိ ဓနိ၊
ယတိ ဂိရိ ရဝိ ကဝိ။
ကပိ အသိ မသိ နိဓိ၊
ဝိဓိ အဟိ ကိမိ ပတိ။ ။

ဟ အရိ တိမိ ကလိ၊
ဗလိ ဇလဓိ ဂဟပတိ။
ဥရုဓိတိ ဝရမတိ၊
နိရုပဓိ အဓိပတိ။
အဥ္ဇလိ သာရထိ အတိထိ၊
သမာဓိ ဥဒဓိ။

စသည်တို့တည်း။

ဣကာရန္တပုလ္လိင် ပြည့်စုံပြီ။

---

# ဤကာရန္တ-ပုလ္လိင်အခဏ်း။

## နသိသို့မနပုံသကာဒိ။

(ပဋိသေဓဝိဓိသုတ်) နျာသအလို၊

(ပရိဘာသာသုတ်) နိဒ္ဒေသအလို၊

၂၇၁-မေး။ ။ဤသုတ်၏ အင်္ဂါများကို ကျ,နှ,စွာ ရေး ပြ၍ မည်သည့် သုတ်ကို မြစ်သောသုတ် ဖြစ်ပါသနည်း။ ဥဒါဟရဏ်နှင့် တကွ ရှင်းလင်းခဲ့ပါ။

၂၇၁-ဖြေ။ ။(၁) နောက်၌ သိပိဘတ်နှောင်းခြင်း၊
(၂) ရှေ့၌ ဤတ္တိလိင် ပုလ္လိင်ဖြစ်သော ဤ ကာရန္တ ဦကာရန္တ-နှစ်ပါးတို့တွင် တပါးပါး ရှိခြင်း၊

ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံပါလျှင် "အဃောသ ရသ။လ။ပိစ" သုတ်ဖြင့် ရဿ-မပြုရ-ဟု အဃောသရဿ- သုတ်၏ အစီအရင်ကို တားမြစ်သော သုတ်ဖြစ်ပါသည်။

**ဥဒါဟရုဏ်ကား**

**"ဇုတ္တိ-ဒါက္ခိ"**

စသည်တည်း။

---

၂၇၂-မေး။ ။ဤသုတ်ကို မဆိုသော်လည်း "အဃောသ ရဿ" သုတ်လာအပိ-သဒ္ဒါဖြင့်ပြီးစီးနိုင်ပါ လျက် အဘယ် အကျိုးငှါ ဤသုတ်ကို တဖန် ထုတ်ဆိုပါသနည်း။

၂၇၂-ဖြေ။ ။အပိ-သဒ္ဒါကား လိင်ကို အထူးမခွဲခြား ဘဲ သိဝိဘတ် နှောင်းရာ၌ ရဿ-မပြုရဟု တားမြစ်၏။ ဤသုတ်ကား နပုလ္လိင်၌ ရှိစေ တော့၊ရဿ-ပြုလေလော့၊ကျန်သော ဣတ္ထိ လိင် ပုလ္လိင်တို့၌မူ သိ-ဝိဘတ်နှောင်းရာ၌ (ရဿ)မပြုရဟု လိင်ကို ခွဲခြားမှတ်သား ခြင်း အကျိုးငှါ တဖန်မိန့်ဆိုရပါ၏။

**လိင်္ဂံ နိယမေတုံ ပုန ဂုတ္တံ။**

**နိဋ္ဌိတ။**

---

၂၇၃-မေး။ ။ဝိသဒါ ဝိသဒါကာရ၊
ဝေါဟာရောဘယမုတ္တကာ။
ပုမာဒိဇာနနေဟေတု၊
ဘာဝတော လိင်္ဂမီရိတာ။ ။

ဤဂါထာ၏ အဓိပ္ပါယ်ကို သိလွယ်ရုံ အကျဉ်းမျှ ရေးသားခဲ့ပါ။

၂၇၃-ဖြေ။ ။(၁) သွားဟန်, လာဟန်, စားဟန်, သောက်ဟန်၊ သန့်ရှင်းသော အခြင်းအရာ အမူအရာကို ယောကျ်ားဟု သိခြင်း၏ အကြောင်းဖြစ်သောကြောင့် "ပုလ္လိင်"ဟု ခေါ်ဆိုရ၏။

(၂) သွားဟန်, လာဟန်, စားဟန်, သောက်ဟန်၊ မသန့် ရှင်းသော အခြင်းအရာ အမူအရာကို မိန်းမဟု သိခြင်း၏ အကြောင်းဖြစ်သောကြောင့် "ဣတ္ထိလိင်"ဟု ခေါ်ဆိုရ၏။

(၃) သွားဟန်, လာဟန်, စားဟန်, သောက်ဟန်၊ သန့်ရှင်းသည်လည်း မဟုတ်၊ မသန့်ရှင်း သည်လည်း မဟုတ်သော အခြင်းအရာ အမူ

အရောက်ကို နပုံး- ဟု သိခြင်း၏ အကြောင်း ဖြစ်သော ကြောင့် "လိင်"ဟု ခေါ်ဆိုရ၏။

---

၂၇၄-မေး။ ။"လိင်္ဂမိရိတာ"၌ လိင်အရကို ဝစနတ္ထပြု၍
(၁) သဒ္ဒလိင်၊
(၂) အတ္ထလိင်၊
နှစ်ပါးတို့တွင် မည်သည့်လိင်ကို ယူရမည်ဟု ဩွန်ပြခဲ့ပါ။

၂၇၄-ဖြေ။ ။လိနမတ္ထံ ဂမယတိ ဗောဓေတီတိ လိင်္ဂံ။ အတ္ထ-လိင်ကို ယူရပါ၏။

---

**ယောခန်း နေဒ။**

**(အာဒေသဝိမိသုတ်။)**

၂၇၅-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံပါမှ မည်သည့်ကာရိယမျိုး ရောက်နိုင်သည်ကို ဥဒါဟာရဏ်နှင့်တကွ ဆောင်ပြပါ။

၂၇၅-ဖြေ။ ။(၁) ရှေ့၌ ပြုအပ်ပြီးသော ရဿရှိသော ဗျ-မည်သော (ဣ)သရရှိခြင်း၊
(၂) နောက်၌ ယောဝိဘတ်တို့ ရှိခြင်း၊ ဤအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါလျှင်(ယော)

ဝိဘတ် ကာရိကို (နော) တည်းဟူသော
ကာရိယ ပြုရပါ၏။

**ဥဒါဟရုဏ်ကား**

**"ဒဏ္ဍီနော"**

စသည်တည်း။

---

၂၇၆-မေး။ ။ဤသုတ်သည် အောက်၌ ဆိုအပ်ပြီး
သော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံမှသာ(နော)
ကာရိယ ပြုနိုင်ပါသလော၊ဆုံးဖြတ်ခဲ့ပါ။

၂၇၆-ဖြေ။ ။**"သာရမတိနော"** ဟူသော ဥဒါဟရုဏ်၌
(ကတရဿ)သဒ္ဒါ လိုက်လာ ခြင်းကို
ကြည့်သော(ယောနံနော) ဟူသော"ဝိနာဝိ
ကာရယောဂဝိဘာဂ"ဖြင့် မပြုအပ်သော
ရဿရှိသော **(ပင်ကိုယ်ဇာတိ-ရဿဖြစ်သော)**
ဈ-နောင်မှလည်း ယော-ကို (နော) ပြုရပါ
သေး၏။

**ရူပသိဒ္ဓိ။**

---

**ဈ,လ,ပါရုသံ။**

**(အာဒေသဝိဓိသုတ်။)**

၂၇၇-မေး။ ။ဤသုတ်၏ အင်္ဂါများကိုရင်း၊ ကာရိ
ကိုရင်း၊ ကာရိယကိုရင်း၊ ထုတ်ဘော်ရေး
သားလျက် ဥဒါဟရုဏ်ထုတ်ခဲ့ပါ။

၂၇၇-ဖြေ။ ။(၁) နောက်၌(ဂ)မည်သော သိ-ဝိဘတ် ရှိခြင်း၊

(၂) ရှေ့၌(ဈ,လ,ပ) မည်သော (ဣ-ဦ) ရှိခြင်း၊

ဤအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါလျှင် (ဣ-ဦ) ကာရိကို(ဣ-ဥ)ကာရီယ ပြုရပါ၏။

ဥဒါဟရဏ်ကား

"ဘော ဒဏ္ဍိ"

စသည်တည်း။

---

၂၇၈-မေး။ ။ဤသုတ်ကို မဆိုသော်လည်း "အဃော ရဿ"သုတ်ဖြင့် ရဿအပြု ပြီးကောင်း ပါလျက် အဘယ်အကျိုးငှါ ဤသုတ်ကို တဖန် မိန့်ဆိုပြန်ပါသနည်း။

၂၇၈-ဖြေ။ ။နိစ္စဝိဓိကို ပြခြင်းအကျိုး ရှိပါ၏။

ပုနာရမ္ဘသုတ္တဿ ဂဟဏံ နိစ္စဒီပနတ္ထံ။

နိစ္စတ္ထော။

တနည်းကား

မှတ်ခြင်းကို ပြုခြင်း အကျိုးငှါ မိန့်ဆိုရ ပြန်၏။

အယောရသဿန္တ၊ ဒိန္နာ၀ သိဋ္ဌေပိ ရဿတ္တေ
ပုန္နာရမ္ဘော နိယမတ္ထော၊ တေန ဘောဂေါတျာ
ဒိသု န ဘ၀တိ၊ နိယမကာရကာတ္ထံ။

ချာသာ။

## အဓိပ္ပါယ် ရှင်းလင်း ဘော်ပြချက်။

ဂ-အမည်ရှိသော သိဝိဘတ်နှောင်းရာ၌ အကယ်၍ (ရဿ)အစီ အရင်ဖြစ်အံ့“အာကာရော၀ါ” သုတ်ဖြင့် စီရင်ရမည့်အရာကို ချန်လှပ် ထားပြီးလျှင် (ဈ,လ,ပ) အမည်ရသော ဤကာရန္တ၊ ဦကာရန္တ-ဥဒါ ဟာရဏ်တို့ကိုသာ (ရဿ)အစီအရင် ရောက်နိုင်သည်ဟု မှတ်ခြင်းကို ပြုခြင်းအကျိုးရှိ၏။ ထို့ကြောင့်(ဘော)စသော ဥဒါဟရဏ်တို့၌ (ဂ) အမည်ရှိသော (သိ) ဝိဘတ်ပင် နှောင်းသော်လည်း (ဘ) အစိတ် ဩ-သည် ရဿအဖြစ်သို့ မရောက်ရသတည်းဟူလို။

---

## နံ့ ဈတော ကတရဿာ။

(အာဒေသဝိဓိသုတ်။)

၂၇၉-မေး။ ။ဤသုတ်ဖြင့် မည်သည့်အာဂ်ါနှင့် ပြည့်စုံ ပါမှ မည်သည့် ကာရိယမျိုး ရောက်နိုင် သည်ကို ဥဒါဟာရဏ်နှင့်တကွ ရှင်းလင်း ခဲ့ပါ။

၂၇၃-ဖြေ။ ။(၁) ရှေ့၌ ပြုအပ်ပြီးသော ရဿရှိသော (ဈ)မည်သော (ဣ)သရရှိခြင်း၊

(၂) နောက်၌ အံ-ဝိဘတ်ရှိခြင်း၊

ဤအဂ္ဂါ နှစ်ပါးနှင့် ပြည့်စုံပါလျှင် (အံ) ဝိဘတ်ကို (နံ)တည်းဟူသော ကာရိယ ပြုရပါ၏။

**ဥဒါဟရုဏ်ကား**

**"ဒဏ္ဍိနံ"**

စသည်တည်း။

---

၂၇၀-မေး။ ။ဤသုတ်သည် မပြုအပ်သေးသော ရဿ ရှိသော (ဈ)၏ နောက်၌ရှိသော (အံ)ကို (နံ)ပြုနိုင်မပြုနိုင် အာစရိယဝါဒ ရရှိသလို ဆုံးဖြတ်ခဲ့ပါ။

၂၇၀-ဖြေ။ ။"မုနိနံ"စသော ဥဒါဟရုဏ်တို့၌ (နံရဲ့ တော) ဟူသော "ဒွိဓာကရဏာယောဂဝိ ဘာဂ"ဖြင့် (အံ)ဝိဘတ်ကို (နံ)ပြုနိုင်ပါ သေး၏။

**(အာစရိယဝါဒ)**

---

၂၇၁-မေး။ ။ဤသုတ်ဖြင့် ပြုအပ်ပြီးသော ရှိသ- ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ (ဈ)၏ နောက်၌သော(အံ)ကို (နံ)ပြုရမည်၊ အခြား သော အရာတို့၌ မပြုရဟု မှတ်သားရ အံ့လော၊ဆုံးဖြတ်ခဲ့ပါ။

၂၈၁-ဖြေ။ ။(နံ့) ဟူသော“ဝိဓာကရဏယောဂဝိဘာဂ”ဖြင့်“**တမေနံ-ဘိက္ခုံ**”စသောဥဒါဟရဏ်တို့၌(ရျ)မဟုတ်သော(တေ) စသည်တို့မှနောက်၌ ရှိသော(အံ)ဝိဘတ်ကိုလည်း(နံ့)ပြုရပါသေး၏။

“**အာဒိစ္စဗန္ဓုနံ-ဗုဒ္ဓံ**” စသော ဥဒါဟရဏ်တို့၌(လ)မှနောက်ဖြစ်သော (အံ)ကိုလည်း(နံ့)ပြုရပါသေး၏။ ။(**အာစရိယဝါဒ**)။

## သဗ္ဗညူ။
## (**အာဒေသဝိဓိသုတ်။**)

၂၈၂-မေး။ ။မည်သည့်အက္ခရာနှင့် ပြည့်စုံမှ ဤသုတ်ဖြင့် စီရင်နိုင်မည်ကို ဥဒါဟရဏ်နှင့်တကွ ဖော်ပြပါ။

၂၈၂-ဖြေ။ ။(၁) ရှေ့၌ ပြုအပ်ပြီးသော (ရဿ) ရှိသော(ဣ)သရရှိခြင်း၊
(၂) နောက်၌(သိ)ဝိဘတ်ရှိခြင်း၊
ဤအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံမှသာ (သိ) ဝိဘတ်ကို(နိ)ပြုရပါ၏။ ဥဒါဟရဏ်ကား “**ဒဏ္ဍိနိ**”စသည်တည်း။

၂၈၃-မေး။ ။“ပြဟ္မတောတု-သဗ္ဗ-နိ-သုတ်၌(တု)သဒ္ဒါဖြင့် ပြီးကောင်း မပါလျက် ဤသုတ်ကို

သီးခြားဆိုရခြင်း၏ အကျိုးကို ရေးသား ခဲ့ပါ။

၂၀၃-ဖြေ။ ။အခါအခါ ထင်ရှားစေခြင်း အကျိုးငှါ သီးခြားဆိုရပါ၏။

သုတ်၏ အခါအခါသည်....

(၁) **သုတ်လုံးဖြင့် စီရင်ခြင်း၊**

(၂) **သုတ်ပွန်းဖြင့် စီရင်ခြင်း၊**

ဤသို့ နှစ်မျိုးရှိခဲ့ရာ သုတ်ပွန်း၏ အခါ အခါထက် သုတ်လုံး၏ အခါအခါသည် ထင်ရှားပြဒ္ဒါန်း၏။ ထိုအကျိုး အလို့ငှါ "သွိ ဒ္ဓိ" သုတ်ကို သီးခြား တည်ထားရ သတည်း။

---

၂၀၄-မေး။ ။ဤသုတ်သို့ ဝါ-သဒ္ဒါလိုက်သင့်၊ မလိုက် သင့်၊ရုပသိဒ္ဓိအလိုကျ ဥဒါဟာရဏ်ထုတ် ၍ ဆုံးဖြတ်ပါ။

၂၀၄-ဖြေ။ ။"**ဒုဏ္ဍိသွိ-ဒုဏ္ဍိဒ္ဓိ**" တို့ကိုထောက်၍ ဝါ- သဒ္ဒါလိုက်သင့်ပါ၏။

---

၂၀၅-မေး။ ။(နိ) ပြုသော-သုတ်တို့၏ အမည်နှင့် အထူးကိုဘော်ပြပါ။

၂၀၅-ဖြေ။ ။(၁) ပြဟ္မတော-တု-သွိ နိ၊ (**ပြဟ္မသဒ္ဒါ၏ နောက်ဦ-နိ-ပြုရသည်**)။

(၂) တတော သ္မိံ နှိ၊ (အတ္တ-သဒ္ဒါ၏ နောက်၌-နိ-ပြုရသည်)။

(၃) သ္မိံ နှိ၊ (ပြအပ်ပြီးသော-ရသရှိသော-ဗျ-နောက်၌-နိ-ပြုရသည်)။

(ဉာကား အသထုး)

---

၂၈၆-မေး။ ။ဒလ္လီ-သဒ္ဒါ၏ ပဒမာလာကို ရှုပသိဒ္ဓိ အလိုအတိုင်း ကျနစွာရေး၍ စီရင်သည့် သုတ်တို့ကိုလည်း ရေးသားခဲ့ပါ။

၂၈၆-ဖြေ။ ။

| ဝိဘတ်များ၊ | ကေဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | ဒလ္လီ၊ | ဒလ္လီ,ဒလ္လိနော၊ |
| အာ | (ဘော)ဒလ္လိ၊ | (ဘဝန္တော) ဒလ္လီ,ဒလ္လိနော၊ |
| ဒု | ဒလ္လိနံ,ဒလ္လိံ၊ | ဒလ္လီ,ဒလ္လိနော၊ |
| တ | ဒလ္လိနာ၊ | ဒလ္လီဟိ,ဒလ္လီဘိ၊ |
| စ | ဒလ္လိနော,ဒလ္လိဿ၊ | ဒလ္လီနံ၊ |
| မ | ဒလ္လိနာ,ဒလ္လိသ္မာ,မှာ၊ | ဒလ္လီဟိ,ဒလ္လီဘိ၊ |
| ဆ | ဒလ္လိနော,ဒလ္လိဿ၊ | ဒလ္လီနံ၊ |
| သ | ဒလ္လိနိ,ဒလ္လိသ္မိံ,မှိ၊ | ဒလ္လီသု၊ |

## ဓိရင်သောသုတ်များ။

(၁) နသိသ္မိ-မ နပုံသကာနိ၊
(၂) သေသတောလောပံဂသိပိ၊
(၃) ဣဝဏ္ဏု၊ဝဏ္ဏာ ဈ-လာ၊
(၄) ဃပ။လ။လောပေါ။
(၅) အဃော။လ။သ္မိစ၊
(၆) ယော နံ နော၊
(၇) အာလပနေ သိ ဂသညော၊
(၈) ဈ,လ,ပါ ရဿံ၊
(၉) နံဈတောကတရဿာ၊
(၁၀) အံမော။လ။ပေဟိ၊
(၁၁) သ္မာဟိသ္မိံနံ-မှာဘိမှိဝါ၊
(၁၂) ဈ,လ,တော-သဿနောဝါ၊
(၁၃) သာဂမော သေ၊
(၁၄) ဈ-လ-တော စ၊

(၁၅) သ္မိံနိ၊

ဤသို့ (၁၅)သုတ် ရှိပါ၏။

---

၂၈၇-မေး။ ။ဒဏ္ဍီ-သဒ္ဒါနှင့် ရုပ်စဉ်ရုပ်သွား တူကြကုန်သော ပုဒ်အပေါင်းကို ထုတ်ပြခဲ့ပါ။

၂၈၇-ဖြေ။ ။ဓမ္မီ သံဃီ ဉာဏီ ဟတ္ထီ၊စက္ကီ ပက္ခီ ဒါဌီ ရဋ္ဌီ။ ဆတ္တီ
မာလီ ဝမ္မီ ယောဂီ၊ဘာဂီ ဘောဂီ ကာမီ သာမီ။ ။
ဓဇီ ဂဏီ သသီ ကုဋ္ဌီ၊ဇန္နီ ယာနီ သုခီ သိခီ။
ဒန္တီ မန္တီ ကရီ စာရီ၊ ဝါရီ ကုသလီ မုသလီ။ ။
ဗလီပါပကာရီသတ္တု၊ဃာတီ၊မာလျကာရီဒီဃဇီဝီ။ ။
ဓမ္မစာရီ သီဃယာယီ သီဟနာဒီ၊ ဘူမိသာယီ။ ။

စသည်တို့တည်း။

---

၂၈၈-မေး။ ။"ဂါမဏိ"သဒ္ဒါ၏ ပဒမာလာကို ရူပသိဒ္ဓိ အလိုကျ ပဒမာလာ သွားပြခဲ့ပါ။

၂၈၈-ဖြေ။ ။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | ဂါမဏိ၊ | ဂါမဏီ, ဂါမဏိနော၊ |
| အာ | (ဘော)ဂါမဏိ၊ | (ဘဝန္တော)ဂါမဏီ, ဂါမဏိနော၊ |
| ဒု | ဂါမဏိနံ, ဂါမဏိံ၊ | ဂါမဏီ, ဂါမဏိနော၊ |
| တ | ဂါမဏိနာ၊ | ဂါမဏီဟိ, ဂါမဏီဘိ၊ |
| စ | ဂါမဏိနော, ဂါမဏိဿ၊ | ဂါမဏီနံ၊ |
| မ | ဂါမဏိနာ, ဂါမဏိသ္မာ၊ ဂါမဏိမှာ၊ | ဂါမဏီဟိ, ဂါမဏီဘိ၊ |
| ဆ | ဂါမဏိနော, ဂါမဏိဿ၊ | ဂါမဏီနံ၊ |
| သ | ဂါမဏိသ္မိံ, ဂါမဏိမှိ၊ | ဂါမဏီသု၊ |

---

၂၈၉-မေး။ ။ဒဏ္ဍီ-သဒ္ဒါနှင့် ဂါမဏိ သဒ္ဒါတို့၏ ပဒမာလာချင်း ထူးခြားရာ ဌာနကို ညွှန်ပြ ဖြေဆိုခဲ့ပါ။

၂၈၉-ဖြေ။ ။သတ္တမီဝိဘတ်ကို....

(၁) "ဒဏ္ဍီ"သဒ္ဒါ၏ နောက်၌(နိ)ပြုရ၏။

(၂) "ဂါမဏိ"သဒ္ဒါ၏ နောက်၌(နိ)မပြုရ။

ဤမျှသာ ထူးပါ၏။

နိ အာဒေသာဘာဝေါ ဝိသေသော။ ။ရူပသိဒ္ဓိ။

---

၂၉၀-မေး။ ။(ဂါမဏိ)သဒ္ဒါနှင့် ပဒမာလာတူပုဒ်တို့ကို ရှုပသိဒ္ဓိလာတိုင်း ထုတ်ပြခဲ့ပါ။

၂၉၀-ဖြေ။ ။"သေနာနီ......သုဓီ"စသောပုဒ်တို့တည်း။ ဤကာရန္တ-ပုလ္လိင်ပြည့်ရုံပြီ။

---

# ဥကာရန္တ-ပုလ္လိင်အခန်း။

## ဿတော ဝေါကာရော စ။

### (အာဒေသဝိဓိသုတ်။)

၂၉၁-မေး။ ။ဤသုတ်၏ အင်္ဂါတို့ကိုရင်း၊ ကာရီနှင့် ကာရိယ တို့ကိုရင်း၊ ဘော်ပြ ရေးသား ခဲ့ပါ။

၂၉၁-ဖြေ။ ။(၁) ရှေ့၌ (လ) မည်သော (ဥ) သရ ရှိခြင်း၊

(၂) နောက်၌ (ယော)ဝိဘတ်တို့ရှိခြင်း၊ ဤသို့အင်္ဂါနှစ်ပါး ပြည့်စုံပါလျှင် (ယော) ဝိဘတ် ကာရီကို (ဝေါ)ကာရိယ ပြုရ ပါ၏။

ဤ သုတ်လာ ကာရသဒ္ဒါဖြင့် (နော) ကာရိယလည်း ပြုရပါ၏။

---

၂၉၂-မေး။ ။ဤသုတ်သည် ယော-ဝိဘတ်ကို ဝေါ ပြုသော သုတ်ဖြစ်သောကြောင့်"ထတော

ဝေါ စ”ဟု တည့်ထိုက်ပါလျက် ကာရ-သဒ္ဒါကို ထည့်ရခြင်း၏ အကြောင်းကို ရေးသားခဲ့ပါ။

၂၉၂-ဖြေ။ ။(ယော)ဝိဘတ်ကို ဝေါ-အပြုသာ မဟုတ်သေး (နှော)လည်း ပြုရသေး၏ဟု သိစေလိုသောကြောင့် ကာရသဒ္ဒါကို ထည့်ရပါ၏။

**ကာရဂ္ဂဟဏေန ယောနံ နှော စ ဟောတိ။**

ရူပသိဒ္ဓိ။

---

၂၉၃-မေး။ ။ဤသုတ်၌ စ-သဒ္ဒါကို ထည့်ရခြင်း၏ အကျိုးကို ရူပသိဒ္ဓိအလိုကျ ဖော်ပြခဲ့ပါ။

၂၉၃-ဖြေ။ ။ စ-သဒ္ဒါသည်....

(က) ယောဝိဘတ်ကျေသော အချို့သော ဥဒါဟရုဏ်တို့၌ (ဝေါ)အပြုကို နစ်စေခြင်း အကျိုးရှိ၏။

**တနည်းကား**

(ခ) “ဈလတော သဿ နော ဝါ”သုတ်မှ (နော) အပြုကို လိုက်စေခြင်း အကျိုးရှိ၏။

(က) စဂ္ဂဟဏံ ကတ္ထစိ နိဝတ္တနတ္ထံ။

(ခ) အထ ဝါ စဂ္ဂဟဏံ နှောဂ္ဂဟဏာနုဝတ္တနတ္ထံ။

ရူပသိဒ္ဓိ။

၂၉၄-မေး။ ။"ဗျလဝေဘာ သဿာ နော ဝါ" သုတ်မှ လိုက်၍လာသော ဝါသဒ္ဒါရှိသည် မဟုတ်တုံသော၊ သို့ပါလျက် အဘာယ်အကျိုးငှါ နှစ်စေခြင်းအမှုကို ပြုတတ်သော စသဒ္ဒါကို ထည့်ထားရပြန်သနည်း။

၂၉၄-ဖြေ။ ။လိုက်၍လာသော ဝါသဒ္ဒါသည် ဝိရုပ်ကို ပြပါ၏။

"**အမှု**" စသော ဥဒါဟရဏ်တို့၌ **အမြဲနှစ်** စေခြင်း အကျိုးငှါ ကွစိ-အနက်ဟော **စ**-သဒ္ဒါကို ထည့်ထားရပြန်ပါ၏။

**နိဋ္ဌိတံ ဝဏ္ဏာပနဿ ကွစဿ စဂ္ဂဟဏံ ကထံ။**

**နိဋ္ဌိတံ။**

---

၂၉၅-မေး။ ။ဤသုတ်သို့ လိုက်၍လာသော ဝါသဒ္ဒါ၏ အနက်ကို ဘော်ပြ၍ ထိုဝါသဒ္ဒါဖြင့် ပြီးအပ်သော ပုဒ်များကို ပိုင်းခြားသတ်မှတ်ခဲ့ပါ။

၂၉၅-ဖြေ။ ။ဝါသဒ္ဒါသည် ဝဝတ္ထိတ ဝိဘာသာ အနက်ရှိပါ၏။

(၁) နိစ္စပိပိ၊ဘိက္ခု-စသည်တို့၏ နောက်၌ ဝေါ အပြုမြဲ၏။(ဘိက္ခဝေါ)။

(၂) အနိစ္စဝိဓိ၊ ဟေတု-စသည် တို့၏ နောက်၌ ဝေါ်-အပြုမပြုး။

**(ဟေတဝေါ-ဟေတုယော)။**

(၃) အသန္တဝိဓိ အမု- စသည် တို့၏ နောက်၌ (ဝေါ)အပြု- (နော) အပြု-လုံးဝမရှိထိုက်။ **(အမူ)**

ဤဝိဓိသုံးပါးတို့ကို ပြပါ၏။

**ဘိက္ခုပ္ပဘုတိတော နိစ္စံ၊**
**ဝေါယောနံ ဟေတုအာဒိတော။**
**ဝိဘာသာ န စ ဝေါနော စ၊**
**အမုပ္ပဘုတိတော ဘဝေ။ ။ရူပသိဒ္ဓိ။**

---

ဝေဝေါသု လော စ။

**(အာဒေသဝိဓိသုတ်။)**

၂၉၆-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံပါမှ မည်သည့်ကာရိယမျိုး ရောက်နိုင်သည်ကို ဥဒါဟရုဏ်နှင့်တကွ ဖော်ပြခဲ့ပါ။

၂၉၆-ဖြေ။ ။(၁) နောက်၌ (ဝေါ)အပြု (နော)အပြုတို့တွင် တခုခုနှောင်းခြင်း၊

(၂) ရွှေ့၌ မပြုအပ်သော (ပင်ကိုယ်ဓာတ်) ရသာရှိသော (ထ) မည်သော ဥ သရရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံလျှင် (ဥ)သရ ကာရိကို (အ)ကာရိယ ပြုပါ၏။

ဥဒါဟရဏ်ကား- **"ဘိက္ခဝေ-ဘိက္ခဝေါ"**

---

၂၉၇-မေး။ ။ဤသုတ်ကို (ဝေဝေါသုဝလော) ဟု သာ မတည်ပါပဲ စ-သဒ္ဒါ ထည့်ရခြင်း၏ အ ကျိုးကို ရေးသားခဲ့ပါ။

၂၉၇-ဖြေ။ ။အဝုတ္တ-သဒ္ဒါကို ငင်ခြင်းအကျိုးရှိပါ၏။

**စဂ္ဂဟဏံ အဝုတ္တဂ္ဂဟဏာနုကဍ္ဍနတ္ထံ ။ ။ ရူပသာ။**

---

**အကာတရဒ္ဓသာလတော ယွာလပနဿ**

**ဝေဝေါ။**

**(အာဒေသဝိဓိသုတ်။)**

၂၉၈-မေး။ ။ဤသုတ်၏ အင်္ဂါကိုဖွင်း၊ကာရီ-ကာရိယ တို့ကိုဖွင်း၊သေချာစွာပြ၍ ဥဒါဟရဏ်ကို လည်း ထုတ်ခဲ့ပါ။

၂၉၈-ဖြေ။ ။(၁) ရွှေ့၌ မပြုအပ်သော (ပင်ကိုယ်ဓာတ်) ရသာ ရှိသော (ထ) မည်သော ဥသရရှိခြင်း၊

(၂) နောက်၌ အာလုပ် ယော-ဝိဘတ်
ရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံလျှင် အာလုပ်
ယော-ဝိဘတ်ကာရိကို (ဝေ)အပြု၊ (ဝေါ)
အပြုတည်းဟူသော ကာရိယပြုပါ၏။

ဥဒါဟရဏ်ကား- ဘဝန္တော { ဘိက္ခဝေ၊ ဘိက္ခဝေါ၊

---

၂၉၉-မေး။ ။ဤသုတ်ကို "ယောသွ ကတရဿော
ဈော" "ဝေဝေါသုလောစ" သုတ်တို့၏
အကြားမှ၌ တည်ပါလျှင် (အကာတရဿော)
သဒ္ဒါ (လ) သဒ္ဒါတို့ လိုက်လာ နိုင်ပါ၍
(ယွာလပနဿဝေဝေါ)ဟု အက္ခရာ နည်း
နည်း အပ္ပက္ခရဂုဏ်နှင့် ပြည့်စုံနိုင်ပါလျက်
ဤနေရာရောက်မှ တည်ရခြင်း၏ အကျိုး
ကို ဘော်ပြခဲ့ပါ။

၂၉၉-ဖြေ။ ။အမေးပါ နှစ်သုတ်တို့၏ အကြားမှ၌ ဤ
သုတ်ကို တည်ပါလျှင် (အကာတရဿော)
သဒ္ဒါ (လ)သဒ္ဒါတို့ကား လိုက်လာမည်မှန်
၏။ ထိုသဒ္ဒါ တို့သည် ဤသုတ်သို့သာ
လိုက်မည် မဟုတ်သေး။ "မာတုလာဒီန
မာနတ္တမီကာရေ" သုတ်သို့လည်း လိုက်

ကြလိမ့်မည်။ ထိုသို့ လိုက်မည်ကို နစ်စေခြင်းအကျိုးငှါ ဤနေရာ ရောက်မှ တည်ထားရပါ၏။

တံ နိဝတ္တနတ္ထံ ပုန ပုစ္ဆံ။ ။နိဒ္ဒေသ။

---

၃၀၀-မေး။ ။ဘိက္ခုသဒ္ဒါ၏ ပဒမာလာကို ရှုပသိဒ္ဓိ အလိုကျ ရပ်သွား ပြီးလျှင် စီရင်သော သုတ်တို့ကိုလည်း ထုတ်ဘော် ရေးသား ခဲ့ပါ။

၃၀၀-ဖြေ။ ။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | ဘိက္ခု။ | ဘိက္ခူ, ဘိက္ခဝေါ။ |
| အာ (ဘော) | ဘိက္ခု။ (ဘဝန္တော) | ဘိက္ခူ, ဘိက္ခဝေ, ဘိက္ခဝေါ။ |
| ဒု | ဘိက္ခုံ။ | ဘိက္ခူ, ဘိက္ခဝေါ။ |
| တ | ဘိက္ခုနာ။ | ဘိက္ခူဟိ, ဘိ, ဘိက္ခုဟိ, ဘိ။ |
| စ | ဘိက္ခုနော, ဿ။ | ဘိက္ခူနံ, ဘိက္ခုနံ။ |
| ပံ | ဘိက္ခုနာ, သ္မာ, မှာ။ | ဘိက္ခူဟိ, ဘိ, ဘိက္ခုဟိ, ဘိ။ |
| ဆ | ဘိက္ခုနော, ဿ။ | ဘိက္ခူနံ, ဘိက္ခုနံ။ |
| သ | ဘိက္ခုမှိ, ဘိက္ခုသ္မိံ။ | ဘိက္ခူသု, ဘိက္ခုသု။ |

## စီရင်သော သုတ်များ။

| | | | |
|---|---|---|---|
| (၁) | သေသ။လ။ဂသိပိ၊ | (၈) | အကတရသော။လ။ဝေဝေါ၊ |
| (၂) | ဇူဝဏ္ဏ၊ဝဏ္ဏာ ဗျုလာ၊ | (၉) | အံမော။လ။ပေဟိ၊ |
| (၃) | ဿပတော။လ။ပေါ၊ | (၁၀) | သုနံဟိသု စ၊ |
| (၄) | ယောသု။လ။ဒိဿိ၊ | (၁၁) | သွာဟိသွိံနံ မှာဘိမှိဝါ၊ |
| (၅) | လတော ဝေါကာရော စ၊ | (၁၂) | ဗျုလတော။လ။ဝါ၊ |
| (၆) | ဝေဝေါသု လော စ၊ | (၁၃) | သာဂမော သေ၊ |
| (၇) | အာလပနေ သိ ဂသညော၊ | (၁၄) | ဗျုလတော စ၊ |

ဤသို့ (၁၄)သုတ် ရှိပါသည်။

---

၄၀၀-မေး။ ။ဘိက္ခု-သဒ္ဒါနှင့် ရုပ်စဉ် ရုပ်သွား တူကြကုန်သော ပုဒ်တို့ကို ထုတ်ဆောင်ပြခဲ့ပါ။

၄၀၁-ဖြေ။ ။သေတု ကေတု ရာဟု ဘာဏု၊
ပဏ္ဍု ဥဏ္ဍိ၊ ဝေဠု၊ မဏိ၊
သိန္ဓု၊ ဗန္ဓု၊ နေရု မေရု၊
သဏ္ဌ၊ ကာရု ဟေတု ဇန္တု၊ ရုရု ပဋ္ဋ၊
စသည်တို့တည်း။

---

၄၀၂-မေး။ ။ဤ(သေတု-ကေတု)အစ (ပဋ္ဋ)အဆုံးရှိသော ပုဒ်အပေါင်းတို့သည် ဘိက္ခုသဒ္ဒါနှင့် ပဒမာလာ သွားပုံ အလုံးစုံ တူကုန်သလော၊တစုံတရာထူးခြားသောပုဒ်မရှိပြီလော၊ ရှိခဲ့သော် ၎င်းပုဒ်တို့ကို ထုတ်၍ သိသာရုံ ပဒမာလာ သွားပြခဲ့ပါ။

၃၁၂-ဖြေ။ ။ဟေတု-သဒ္ဒါ ဇန္တု-သဒ္ဒါတို့၏ ပထမာ ဒုတိယာဝိဘတ်တို့၌ ထူးသေး၏။

ပဌမာလာ ထူးခြားပုံ။

| ဝိဘတ်များ။ | ကေဝုစ်၊ | ဗဟုဝုစ်၊ |
| --- | --- | --- |
| ပ | ဟေတု၊ | ဟေတူ,ဟေတဝေါ,ဟေတုယော၊ |
| အာ | (ဘော)ဟေတု၊ | (ဘဝန္တော)ဟေတူ,ဟေတဝေ,ဝေါ၊ |
| ဒု | ဟေတုံ၊ | ဟေတူ,ဟေတဝေါ,ဟေတုယော၊ |
| ပ | ဇန္တု၊ | ဇန္တူ,ဇန္တဝေါ,ဇန္တုနော,ယော၊ |
| အာ | (ဘော)ဇန္တု၊ | (ဘဝန္တော)ဇန္တူ,ဇန္တဝေ,ဇန္တဝေါ၊ |
| ဒု | ဇန္တုံ၊ | ဇန္တူ,ဇန္တဝေါ,ဇန္တုနော,ယော၊ |

(အကြွင်း ဘိက္ခုသဒ္ဒါနှင့်တူပြီ)

ဟေတုဇန္တုသဒ္ဒါနံ ပထမာ ဒုတိယာသု
ဝိသေသော။ ။ရူပသိဒ္ဓိ။

---

သတ္တုပိတာဒိနမာသိသ္မိံ သိဒ္ဓလောပေါ စ။

(အာဒေသဝိဓိ,လောပဝိဓိ၊နှစ်မည်ရသုတ်။)

၃၀၃-မေး။ ။ဤသုတ်၏ အင်္ဂါတို့ကိုဖွင့်း၊ကာရိ,ကာရိယ တို့ကိုဖွင့်း၊ ဘော်ပြ၍ ဥဒါဟရဏ်လည်း ထုတ်ခဲ့ပါ။

၃၀၃-ဖြေ။ ။(၁) နောက်၌ သိဝိဘတ်ရှောင်းခြင်း၊

(၂) ရှေ့၌ (သတ္တု, ပိတု) စသော သဒ္ဒါတို့တွင် တခုခုရှိခြင်း၊

ဤသို့ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံ ခဲ့သော (သဗ္ဗ႑ု,ပိတု)စသော သဒ္ဒါတို့၏ အစိတ် (ဥ)ကာရီကို (အာ)ကာရိယ ပြုသည့်ပြင် နိမိတ် သိဝိဘတ်ကိုလည်း ချေခြင်း ကာရိယ ပြုပါသေး၏။

ဥဒါဟရဏ်ကား-"**သဗ္ဗာ-ပိတာ**"စသည်တို့တည်း။

---

၃၀၄-မေး။ ။ဤသုတ်ဖြင့် (သဗ္ဗ႑ု-ပိတု)စသည်တို့၏ အစိတ် (ဥ)ကို အာပြုရ ခြင်းသည် သိ ဝိဘတ် နှောင်းသောကြောင့် သာလျှင် ပြုရ၏။ သိဝိဘတ် မရှိ မနှောင်းခဲ့သော် မပြုနိုင်၊သစ်ပင်ကြောင့် ဖြစ်ပေါ်လာသော အရိပ်သည် သစ်ပင် မရှိသော် ပျောက် သွားသကဲ့သို့ သိဝိဘတ်နိမိတ်ကို ချေပြီး ပါလျှင် (အာ) အပြု ကာရိယ လည်း ပျောက်သွားထိုက်ပါလျက် ပျောက်မသွား ပဲ ရှိမြဲရှိနေခြင်း၌ ဥပမာထုတ်၍ ရှင်း လင်းအောင် ဖြေဆိုပါ။

၃၀၄-ဖြေ။ ။ဤအရာ၌ သစ်ပင်ရိပ်ကဲ့သို့ မမှတ်ရပါ။ ရေကို ဖြစ်စေတတ် ထွက်စေတတ်သော စန္ဒရကန်မည်သောကျောက်မှထွက်သော ရေသည် ကျောက် မရှိသော်လည်း ရေ

မပျောက်သော ဥပမာကဲ့သို့ သိ-နိမိတ်ကြောင့် ဖြစ်ပေါ်လာရသော (အာ)အပြုကာရိယသည် နိမိတ် မရှိသော်လည်း မပျောက်နိုင်ပါ။

**ဧတ္ထ ဟိ နိမိတ္တာဘာဝေပိ တဿ ဖလံ န နဿတိ၊ စန္ဒရကန္တသေလတော ပဝတ္တုဒကံ ဝိယ၊ န မဟိရုဟန္တာယာ ဝိယာတိ ဒဋ္ဌဗ္ဗံ။ ။နိဒ္ဒေသ။**

---

**အဓေသွာရတ္တုံး။**

**(အာဒေသဝိဓိသုတ်။)**

၃၀၅-မေး။ ။ဤသုတ်ဖြင့် မည်သည့်အင်္ဂါနှင့်ပြည့်စုံမှ မည်သည့်ကာရိယမျိုး ရောက်နိုင်မည်ကို ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။

၃၀၅-ဖြေ။ ။(၁) နောက်၌ သိမှတပါးသော ဝိဘတ်တို့တွင် တလုံးလုံးနှောင်းခြင်း၊

(၂) (သတ္ထု-ပိတု)စသောသဒ္ဒါတို့တွင် တခုခုရှိခြင်း၊

ဤသို့ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံ ပါလျှင် (သတ္ထု-ပိတု)စသည်တို့၏အစိတ် (ဥ)ကို (အာရ) တည်းဟူသော ကာရိယ အပြု ရောက်နိုင်ပါသည်။

---

၃၀၆-မေး။ ။ဤသုတ်ကို (အညေသွာရံ)ဟု သာမညဖိန့်တော်မမူပဲ(အာရက္ခံ) ဟူသောဘာဝနိဒ္ဒေသဖြင့် မိန့်တော် မူခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၃၀၆-ဖြေ။ ။အချို့သော (နာ-သ-သွာ-သို) ဝိဘတ်နှောင်းသော ဥဒါဟရဏ်တို့၌ (အာရ)အပြုမခြင်းသည်ကို ပြခြင်းအကျိုးရှိပါ၏။

**အာရက္ခန္တိ ဘာဝနိဒ္ဒေသေန ကတ္တုစ် အနိယမံ ဒဿေတိ။** ။ရူပသိဒ္ဓိ။

---

၃၀၇-မေး။ ။ဤသုတ်၌ (အာရက္ခံ) ဟူသော ဘာဝနိဒ္ဒေသ သဒ္ဒန္တရကို ထောက်ဆပြီးလျှင် ဖြစ်ထိုက်မည့် ဝိဓိ များကို ရှင်းလင်းစွာ သတ်မှတ်ခဲ့ပါ။

၃၀၇-ဖြေ။ ။(၁) သိ- သ- သ- ဤဝိဘတ် သုံးလုံးနှောင်းရာတို့၌ "အာသန္နဝိဓိ"

(၂) နာ-နံ-နံ-ဤဝိဘတ် သုံးလုံး နှောင်းရာတို့၌ "အနိစ္စဝိဓိ"

(၃) ကြွင်းသော ဝိဘတ်ရှစ်လုံး နှောင်းရာတို့၌ "နိစ္စဝိဓိ"

ဤဝိဓိသုံးပါးကို ပြထားပါသည်။

---

## တတော ယောနမော တုး
(အာဒေသဝိဓိသုတ်။)

၃၀၈-မေး။ ။ဤသုတ်၏ အင်္ဂါတို့ကိုရင်း၊ ကာရိ-ကာရိယတို့ကိုရင်း၊ ဘော်ပြ၍ ဥဒါဟရုဏ်ကိုလည်း ထုတ်ပြခဲ့ပါ။

၃၀၈-ဖြေ။ ။(၁) ရှေ့၌(အာရ)အပြုရှိခြင်း၊
(၂) နောက်၌ (ယော)ဝိဘတ်ရှိခြင်း၊
ဤသို့အင်္ဂါနှစ်ပါးနှင့်ပြည့်စုံပါလျှင်(ယော)ဝိဘတ်ကာရိကို (ဩ)ကာရိယ ပြုပါ၏။
ဥဒါဟရုဏ်ကား-"**သတ္ထာရော**"စသည်တည်း။

---

၃၀၉-မေး။ ။(တတော ယောနမော) ဟူ၍သာ သုတ်ကိုမဆိုပါဘဲ (တု)သဒ္ဒါထည့်ရခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

၃၀၉-ဖြေ။ ။တု-သဒ္ဒါဖြင့် အာရ-အပြုမှ တပါးသော

(၁) စတု၊ (၃) နဒီ၊
(၂) ဥဘ၊ (၄) ဂေါ၊

စသော သဒ္ဒါတို့မှ နောက်၌လည်း ယောဝိဘတ်တို့ကို (ဩ)ပြုရ၏-ဟု သိစေခြင်း အကျိုးရှိပါ၏။

**တုဂ္ဂဟဏေန အညေဟိပိ စတု,ဥဘ,နဒီ ဂဝ ဒီဟိ ယောန မောကာရော။ ။ရူပသိဒ္ဓိ။**

---

၃၁၀-မေး။ ။ဤသုတ်၌ တတော-သဒ္ဒါသည် သဗ္ဗနာမ် ပုဒ် ဖြစ်သောကြောင့် သာမည အနိယာမ ဖြစ်နေခဲ့ရာ မည်သည့် သဒ္ဒါနှင့် စပ်၍ အနက်ပေးရမည်ကို အကြောင်းပြ၍ ဖြေဆိုပါ။

၃၁၀-ဖြေ။ ။သာမည အနိယာမ ဖြစ်ပါသော်လည်း (အာရ)သဒ္ဒါနှင့် စပ်၍ အနက် ပေးရပါမည်။ ။အကြောင်းကား....

(၁) ပြယုဂ်၏ ပြီးခြင်းကြောင့်၎င်း၊

(၂) ပြယုဂ်ကို ပြီးစေခြင်း၌ သုတ်ကို ရွတ်ဆိုရသောကြောင့်၎င်းတည်း။

(၁) ပယောဂသိဒ္ဓနုတော၊

(၂) ပယောဂသိဒ္ဓိယာ သုတ္တောပဒေသော စ။ ချာသာ။

---

**နှာ အခါ။**

**(အာဒေသဝိဓိသုတ်။)**

၃၁၁-မေး။ ။ဤသုတ်၏ အင်္ဂါကို၎င်း၊ကာရီ-ကာရိယ တို့ကို၎င်း၊ ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။

၃၁၁-ဖြေ။ ။(၁) ရှေ့၌ (အာရ)အပြုရှိခြင်း၊

(၂) နောက်၌ (နှာ)ဝိဘတ်ရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် (နာ) ဝိဘတ် ကာရိကို (အာ)ကာရိယ ပြုပါ၏။ ဥဒါဟရဏ်ကား-“သဗ္ဗာရု” စသည်တည်း။

---

၃၁၂-မေး။ ။ဤသုတ်၌နာဝိဘတ်နှောင်းရော(သဗ္ဗာရော) ဟုသော ရှိထိုက်ပါလျက် (သဗ္ဗ၊နာ) ဥဒါဟရဏ်လည်း ပါရှိခဲ့ရာ ထိုဥဒါဟရဏ်သည် မည်သည့် အစီအရင်ဖြင့် ပြီးစီးနိုင်မည်ကို ထုတ်ဘော်ရေးသားခဲ့ပါ။

၃၁၂-ဖြေ။ ။“အညေသွာရဗ္ဘံ”သုတ်၌ (အာရဗ္ဘံ)ဟူသော ဘာဝ နိဒ္ဒေသဖြင့် ပြီးပါ၏။

အာရဗ္ဘာနံ ဘာဝ နိဒ္ဒေသေန သိဒ္ဓံ။ ။ရူပသိဒ္ဓိ။

---

၃၁၃-မေး။ ။ဤသုတ်သည် (အာရ)အပြု၏ နောက်၌သာ (အာ)ပြုနိုင်သည်၊ ရှေ့၌ (အာရ)အပြု မရှိသော် (အာ)မပြုနိုင်၊ ဤသို့ မှတ်သားရအံ့လော၊ ဥဒါဟရဏ်ထုတ်၍ ရှင်းခဲ့ပါ။

၃၁၃-ဖြေ။ ။ဝါသာ(အစွမ်းဖြင့်) ဤဥဒါဟရဏ်၌ (တတော အာရာဒေသတော)သဒ္ဒါ လိုက်ခြင်းကို ကြဉ်သော (နာအာ)ဟူသော “ဒွိဓာကရဏယောဂဝိဘာဂ”ဖြင့်(အာရ)အပြု၏ နောက်၌ မဟုတ်သော်လည်း (နာ) ဝိဘတ်ကို အာပြုရပါသေး၏။

**(အာစရိယ ဝါဒ။)**

---

## ဥသဘ္ဘိ သဘောပေါ် စာ။

### (အာဒေသဝိမိ၊ လောပဝိမိ၊ နှစ်မည်ရသုတ်။)

၃၁၄-မေး။ ။ဤသုတ်၏ အင်္ဂါတို့ကိုဎင်း၊ ကာရိ-ကာရိယတို့ကိုဎင်း၊ သေချာစွာ ဘော်ပြ၍ ဥဒါဟရုဏ်လည်း ထုတ်ပြပါ။

၃၁၄-ဖြေ။ ။(၁) နောက်၌ (သ)ဝိဘတ်နှောင်းခြင်း၊
(၂) ရှေ့၌ (သဗ္ဗ-ပိတု)စသည်တွင်တခုခုရှိခြင်း၊
ဤ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင်(သဗ္ဗ-ပိတု)စသည်တို့၏ အစိတ် (ဥ)ကာရိကို (ဥ)ကာရိယပင် ထပ်ပြုပြီးလျှင် (သ) ဝိဘတ်နိမိတ်ကိုလည်း ချေခြင်း ကာရိယ ပြုရပါသေး၏။
ဥဒါဟရုဏ်ကား-"**သဗ္ဗု**" စသည်တည်း။

---

၃၁၅-မေး။ ။ဤသုတ်ဖြင့် (သဗ္ဗ-ပိတု)စသည်တို့၏ အစိတ် (ဥ)ကိုပင် (ဥ)ကာရိယ ထပ်၍ ပြုခြင်း၌ အကျိုးမရှိဟု မှတ်ရအံ့လော။

၃၁၅-ဖြေ။ ။"အညေသွာရတ္တံ"သုတ်ဖြင့်(အာရ)မပြုရအောင် တားမြစ်ခြင်း အကျိုး ရှိပါ၏။ အကျိုးမရှိ မဟုတ်ပါ။

**အာရာဒေသာပဝါဒေါယံ။ ။ရူပသိဒ္ဓိ။**

---

၃၁၆-မေး။ ။ဤသုတ်၌ (ဥ)ကာရိယနှင့် (သ)ကို ချေခြင်း ကာရိယ ဟု နှစ်မျိုး ရှိခဲ့ရာ ၎င်းအာဒေသဝိဓိနှင့် လောပဝိဓိနှစ်ပါးတို့၏ အထူးကို ဥဒါဟရုဏ်နှင့်တကွ ရေးသားခဲ့ပါ။

၃၁၆-ဖြေ။ ။

(၁) အာဒေသဝိဓိကား "နိစ္စဝိဓိ"(သစ္စု)

(၂) လောပဝိဓိကား"အနိစ္စဝိဓိ"(သစ္စု၊သ)

(ဤကားအထူး)

---

ဝါနံမှီ။

(အာဒေသဝိဓိသုတ်။)

၃၁၇-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံပါမှ မည်သည့် ကာရိယမျိုး ရောက်နိုင်သည်ဟု ဥဒါဟရုဏ်နှင့်တကွ ပြဆိုခဲ့ပါ။

၃၁၇-ဖြေ။ ။(၁) နောက်၌ (နံ)ဝိဘတ် နှောင်းခြင်း၊

(၂) ရှေ့၌(သတ္တု-ပိတု) စသည်တို့တွင် တခုခုရှိခြင်း၊

ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသည် ရှိသော် (သတ္တု-ပိတု)စသည်တို့၏ အစိတ်(ဥ)ကို အာဝ-တည်းဟူသော ကာရိယပြုရပါ၏။

ဥဒါဟရုဏ်ကား-"သတ္တာရာနံ" စသည်တည်း။

---

၃၁၈-မေး။ ။ဤသုတ်ကိုမဆိုသော်လည်း"အညောသွာ ရတ္တံ"သုတ်ဖြင့် ပြီးကောင်းပါလျက် တဖန် ဆိုရခြင်း၏ အကျိုးကို ရှာဖွေပြခဲ့ပါ။

၃၁၈-ဖြေ။ ။(နံ့)ဝိဘတ် နှောင်းရာ၌ ဝိကပ် အနက် ကို (အနိစ္စဝိမိ)ပြခြင်း အကျိုးရှိပါ၏။

ပုန ဝါနံမှိတိ သုတ္တုန္တာရဏံ ဝိကပ္ပနတ္ထံ။

နိဒ္ဒေသ။

---

## သဗ္ဗုနိဒ္ဒေသ။

### (အာဒေသဝိမိသုတ်။)

၃၁၉-မေး။ ။ဤသုတ်၏ အင်္ဂါတို့ကိုငင်း၊ ကာရိ,ကာရိ ယတို့ကိုငင်း၊ ရေးသား၍ ဥဒါဟရဏ်ကို ထုတ်ပြပါ။

၃၁၉-ဖြေ။ ။(၁) နောက်၌ (နံ့)ဝိဘတ် နှောင်းခြင်း၊

(၂) ရှေ့၌(သဗ္ဗ-ပိတု) စသည်တို့တွင် တခုခုရှိခြင်း၊

ဤသို့ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံ ပါလျှင် (သဗ္ဗ-ပိတု)စသည်တို့၏ အစိတ် ဥကာ ရိကို (အ)ကာရိယ ပြုပါ၏။

ဥဒါဟရဏ်ကား-"သဗ္ဗာနံ"စသည်တည်း။

---

၃၂၀-မေး။ ။ဤသုတ်၌ ပုဒ်ပေါင်းမည်မျှရှိသည် ဟု သိ ရအောင် ပုဒ်ဖြတ်ပြခဲ့ပါ။

| | | | |
|---|---|---|---|
| ၃၂၀-ဖြေ။ | ။သဒ္ဒ....တပုဒ်<br>နံ........ တပုဒ်<br>အဒ္ဒံ.... တပုဒ်<br>စ........ တပုဒ် | } | စတုပ္ပဒမိဒံ။<br>နိဒ္ဒေသ, ကစ္စာယန<br>ဝဏ္ဏနာ။ |
| | ပေါင်း-လေးပုဒ် ရှိ၏။ | | |
| | သဒ္ဒနံ...တပုဒ်<br>အဒ္ဒံ.... တပုဒ်<br>စ........ တပုဒ် | } | တိပဒမိဒံ။ နျာသ။ |
| | ပေါင်း-သုံးပုဒ် ရှိ၏။ | | |

---

၃၂၁-မေး။ ။သဒ္ဒ-သဒ္ဒါ အလိုက် ခံ၍ ဤသုတ်ကို (အဒ္ဒုဒ္ဓ) ဟု တည်ထား ထိုက်ပါလျက် (သဒ္ဒ)သဒ္ဒါကို တိုက်ရိုက် ထည့်ရခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

၃၂၁-ဖြေ။ ။သဒ္ဒ-သဒ္ဒါ၏ အဝိတ် (ဥ)ကို (အ) အမြဲ ပြုရမည် ဟု (နိစ္စဝိဓိ)ကို ပြခြင်း အကျိုး ရှိပါ၏။

**ပုနသဒ္ဒဂ္ဂဟဏံ သဒ္ဒေနာ နိစ္စဝိဓာနတ္ထံ။**

**ရူပသိဒ္ဓိ။**

တနည်းကား

အနက်အထူးကို သိစေခြင်းအကျိုးရှိ၏။

**အတ္ထန္တရ ဝိညာပနတ္ထံ။ ။နျာသ။**

## အခြံပြုယ် ရှင်းလင်း ဘော်ပြချက်။

သတ္တု-သဒ္ဒါ၏ နောက်၌ နံ့ဝိဘတ်နောင်းပါလျက် (အာရ) မပြုရ ပါလျှင် ဤသုတ်ဖြင့် အမြဲ(အ)ပြုရပါ၏။(ပိတု-မာတု)စသော သဒ္ဒါ တို့၏ နောက်၌ နံ-ဝိဘတ်နောင်းပါလျက် (အာ) မပြုခဲ့သော် ဤသုတ် ဖြင့် ရံခါ (အ)ပြုရ၏။ရံခါမပြုပဲ နေရ၏။

ဤသို့ အနက်အထူးကို သိစေခြင်း အကျိုးရှိ၏-ဟူလို။

---

၃၂၂-မေး။ ။ဤသုတ်ပါ(စ)သဒ္ဒါ၏အနက်ကိုဘော်ပြ ရေးသားခဲ့ပါ။

၃၂၂-ဖြေ။ ။သတ္တု-မှ တပါးသော (ပိတု- မာတု) စသည်တို့၏ အဝိတ် (ဥ)ကိုလည်း (အ) ပြုရသေး၏- ဟု သမုစ္စည်း အနက်ကို ပြပါ၏။

စဂ္ဂဟာကာ မညေသမ္ပိသင်ဟာကာတ္တံ။ ။ချာသာ။

---

### တတောသ္မိမိ။

(အာဒေသဝိဓိသုတ်။)

၃၂၃-မေး။ ။ဤသုတ်၏ အင်္ဂါတို့ကိုရင်း ကာရိ၊ကာ ရိယတို့ကိုရင်း ရေးသားပြီးလျှင် ဥဒါဟ ရဏ်လည်း ထုတ်ခဲ့ပါ။

၃၂၃-ဖြေ။ ။(၁) ရှေ၌ (အာရ)အပြုရှိခြင်း၊

(၂) နောက်၌ (သ္မိံ)ဝိဘတ်ရှိခြင်း၊

ဤအာဂါ နှစ်ပါးနှင့် ပြည့်စုံပါလျှင် (ဿို့)
ဝိဘတ်ကာရိကို (ဣ)ကာရိယ ပြုရပါ၏။
ဥဒါဟရဏ်ကား "သဗ္ဗရိ"စသည်တည်း။

---

၃၂၄-မေး။ ။"တတော ယော နမော၀ု"သုတ်၌ (တ
တော) သဒ္ဒါ ပါရှိပြီး ဖြစ်၍ ဤသုတ်၌
(တတော)သဒ္ဒါ မပါစေပဲ (ဿိမိ)ဟု ဤ
မျှသာဆိုပါက လိုအပ်သောအနက် ပြီးစီး
နိုင်ပါလျက် (တတော)သဒ္ဒါကို အပို ဆို
ခြင်း အကျိုးကို ရှာဖွေပြခဲ့ပါ။

၃၂၄-ဖြေ။ ။(အာဂ)အပြမှ တပါးသော (ဘူ)စသော
သဒ္ဒါတို့၏ နောက်၌လည်း ဿို့ဝိဘတ်ကို
(ဣ)ပြုရသေး၏ ဟု သိစေခြင်း အကျိုး
ရှိပါ၏။

**ပုန တတောဂ္ဂဟဏေန အညသ္မာ သ္မိံ ဝစနဿ**

**ဣကာရော ယထာ-ဘုဝိ-ဒိဝိ။ ။ရူပသိဒ္ဓိ။**

---

**အာဒေ ရဿဓိကာရော။**

**(အာဒေသဝိဓိသုတ်)။**

၃၂၅-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့်ပြည့်စုံ
ပါမှ မည်သည့် ကာရိယမျိုး ရောက်နိုင်
သည်ဟု ဥဒါဟရဏ်နှင့်တကွထုတ်ပြပါ။

၃၂၇-ဖြေ။ ။(၁) နောက်၌ (ဣ)အက္ခရာနှောင်းခြင်း၊
(၂) ရှေ့၌ (အာဂ)အပြုရှိခြင်း....ဤသို့
အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံ ပါလျှင်
(အာဂ)အပြု၏ (အာ) အက္ခရာကို
(အ)ကာရီယပြုရပါ၏။

ဥဒါဟရဏ်ကား "သဗ္ဗရိ" စသည်တည်း။

---

၃၂၈-မေး။ ။ဤသုတ်ကို "အညေသွာရတ္တံ" သုတ်မှ
(အာဂ)သဒ္ဒါ အလိုက်ခံပြီးလျှင် ရသော
မိကာရေ-ဟု တည်က ပြီးစီးနိုင်ပါလျက်
(အာဂရော) သဒ္ဒါ ထည့်၍ မိန့်ဆိုခြင်း၌
အကြောင်းကို ပြဆိုပါ။

၃၂၈-ဖြေ။ ။(အာဂ)သဒ္ဒါသည် "တတောယောနမော
တု" "တတောသ္မိမိ" "နာအာ" သုတ်တို့
သို့ အဝိမိ အနေနှင့် လိုက်လာသည်။
ဤသုတ်၌ကား အဝိမိအဖြစ်ဖြင့် လိုက်လာ
ခြင်းကို အလိုမရှိ၊ ပဌမာကာရီအဖြစ်ဖြင့်
သာ လိုက်လာ၏-ဟု သိစေလိုသော
ကြောင့် (အာဂရော) သဒ္ဒါကို ထည့်၍
မိန့်ဆိုရပါ၏။

---

၂၂၇-မေး။ ။ဤသုတ်၌ (အာရော) ဖြင့် ကာရိကို (ရဿံ) ဖြင့် ကာရိယကို ပြထားရာ အဘယ် ကာရိကို ရဿ-ကာရိယ ပြုရမည်ဟု အထောက်ပြ၍ ဖြေဆိုပါ။

၂၂၇-ဖြေ။ ။(ရဿံ) ပုဒ်ကို ထောက်၍ ရဿပြုထိုက်သော (အာရ)သဒ္ဒါ၏ (အာ)ကာရိကိုသာ(အ)ရဿ ကာရိယပြုရပါ၏။

---

၂၂၈-မေး။ ။သတ္ထု-သဒ္ဒါ၏ ပဒမာလာကို ရုပ်သိဒ္ဓိအလိုကျ ရေးပြီးလျှင် စီရင်သော သုတ်များကိုလည်း ထုတ်ဆော်ခဲ့ပါ။

၂၂၈-ဖြေ။ ။

| ဝိဘတ်များ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | သတ္ထာ၊ | သတ္ထာရော၊ |
| အာ (ဘော) | သတ္ထ,သတ္ထာ၊ (ဘ၀န္တော) | သတ္ထာရော၊ |
| ဒု | သတ္ထာရံ၊ | သတ္ထာရော၊ |
| တ | သတ္ထာရာ,သတ္ထုနာ၊ | သတ္ထာရေဟိ,ဘိ၊ |
| စ | သတ္ထု,သတ္ထုဿ,နော၊ | သတ္ထာရာနံ,သတ္ထာနံ၊ |
| မ | သတ္ထာရာ၊ | သတ္ထာရေဟိ,ဘိ၊ |
| ဆ | သတ္ထု,သတ္ထုဿ,နော၊ | သတ္ထာရာနံ,သတ္ထာနံ၊ |
| သ | သတ္ထရိ၊ | သတ္ထာရေသု၊ |

## ဓိရင်သော သုတ်များကား။

(၁) သတ္ထုပိတာ။လ။လောပေါ စ၊ (၁၀) သ္မာဟိ။လ။မှိ ဝါ၊
(၂) အညေသွာရတ္တံ၊ (၁၁) ဥသသ္မိံ သလောပေါ စ၊
(၃) တတော ယောနမောတု၊ (၁၂) သာဂမော သေ၊
(၄) အာလပနေ သိ ဂသညော၊ (၁၃) ဈလတော သဿ နော ဝါ၊
(၅) အကာရပိတာဒျန္တာနမာ၊ (၁၄) ဝါ နံမှိ၊
(၆) အာကာရော ဝါ၊ (၁၅) သုနံဟိသု စ၊
(၇) သေသတော လောပံ ဂသိပိ၊ (၁၆) သတ္ထုနတ္တဉ္စ၊
(၈) နာ အာ၊ (၁၇) အမှတုမှန္တု။လ။သ္မာနာ၊
(၉) သုဟိသွကာရော ဧ၊ (၁၈) တတော-သ္မိမိ၊
(၁၉) အာရော ရဿမိကာရေ၊

ဤသို့လျှင်(၁၉)သုတ် ရှိပါ၏။

---

၂၂၉-မေး။ ။ကတ္တုသဒ္ဒါ၏ ပဒမာလာကို ရုပ်သိဒ္ဓိ-အလိုကျ ရေးပြခဲ့ပါ။

၂၂၉-ဖြေ။ ။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | ကတ္တာ၊ | ကတ္တာရော၊ |
| အာ | (ဘော) ကတ္တ,ကတ္တာ၊ (ဘဝန္တော) | ကတ္တာရော၊ |
| ဒု | ကတ္တာရံ၊ | ကတ္တာရော၊ |
| တ | ကတ္တာရာ၊ | ကတ္တာရေဟိ,ဘိ၊ |
| စ | ကတ္တု,ကတ္တုနော,ဿ၊ | ကတ္တာရာနံ,တ္တာနံ,တ္တူနံ၊ |
| မ | ကတ္တာရာ၊ | ကတ္တာရေဟိ,ဘိ၊ |
| ဆ | ကတ္တု,ကတ္တုနော,ဿ၊ | ကတ္တာရာနံ,တ္တာနံ,တ္တူနံ၊ |
| သ | ကတ္တရိ၊ | ကတ္တာရေသု,ကတ္တူသု၊ |

## အမှာ။

(ပါဠိတော်၌“ဥဒ္ဒေဿ ကဏ္ဍ”ဟု ရှိသေး၏။)

---

၃၃၀-မေး။ ။ကဏ္ဍ- သဒ္ဒါနှင့် ပဒမာလာ တူသော ပုဒ်များကို ထုတ်ပြခဲ့ပါ။

၃၃၀-ဖြေ။ ။

(၁) ဘဏ္ဍ၊ (၇) ဆေဏ္ဍ၊
(၂) ဝဏ္ဍ၊ (၈) ဘေဏ္ဍ၊
(၃) နေတု၊ (၉) ဒါတု၊
(၄) သောတု၊ (၁၀) ဓာတု၊
(၅) ဥာတု၊ (၁၁) နဏ္ဍ၊
(၆) ဇေတု၊ (၁၂) ဗောဓ္ဍ၊

(၁၃) ဝိညာပေတု......စသည်တို့တည်း။

---

## သဏ္ဍ မန္ဒာ တာဒီနဥ္။

(အာဒေသ၀ိ၀ိသုတ်။)

၃၃၁-မေး။ ။ဤသုတ်ဖြင့် မည်သည့်အင်္ဂါနှင့် ပြည့်စုံ ပါမှ မည်သည့် ကာရိယမျိုး စီရင်နိုင် သည်ဟု ဥဒါဟရဏ်ထုတ်၍ ပြခဲ့ပါ။

၃၃၁-ဖြေ။ ။(၁) နောက်၌(သ)ဝိဘတ် နှောင်းခြင်း၊
(၂) ရှေ့၌(သဏ္ဍမန္ဒာတု-မဟာမန္ဒာတု) စသော သဒ္ဒါတို့တွင် တခုခုရှိခြင်း

ဤသို့ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံ
ပါလျှင် (သက္ကမန္တာတု) စသော
သဒ္ဒါတို့၏ အစိတ်(ဥ)ကို (ဥ)ပြုရ
သည်သာမက နိမိတ် (သ)ဝိဘတ်
ကိုလည်း ချေရသေး၏။

ဥဒါဟရုဏ်ကား "သက္ကမန္တာတု" စသည်တည်း။

---

၁၃၂-မေး။ ။ဤသုတ်ကို မဆိုသော်လည်း "ဥသဿိ သဃောပေါစ"သုတ်ဖြင့် ပြီးစီးနိုင်ပါလျက် အထူးမရှိပဲ ဤသုတ်ကို တဘန်ဆိုခြင်း၌ အကျိုးကို ရေးသားခဲ့ပါ။

၁၃၂-ဖြေ။ ။အမြဲ့စိရင်ခြင်း နိစ္စဝိဓိကို ပြခြင်းအကျိုး ရှိပါ၏။

နိစ္စံ ပုနဗ္ဗိဓာနာ။ ။ရူပသိဒ္ဓိ။
နိစ္စဒီပနတ္ထံ။ ။သဒ္ဒါကြီး။

---

၁၃၃-မေး။ ။(သက္က မန္တာတု) သဒ္ဒါ၏ ဝစနတ္ထကို အနည်းငယ်မျှ ဖော်ပြခဲ့ပါ။

၁၃၃-ဖြေ။ ။ ရူပသိဒ္ဓိဋီကာအလို။

သက္ကော စ မန္တာတု စ၊သက္ကမန္တာတာ။
နိရုတ္တိသာရမဉ္ဇူသာဋီကာအလို။
မာတုစ္ဆတိ သိရိံတံ ခါရေတီတိ မန္တာတု၊ သသာ
အတ္တနော မန္တာတု သကမန္တာတု။
(ဤအလို သက္က-၌ က-သံယုဂ် ကင်းစေ)။

---

၃၃၄-မေး။ ။ဤသုတ်ပါ (စ) သဒ္ဒါ၏ အနက်ကို ဖော်ပြခဲ့ပါ။

၃၃၄-ဖြေ။ ။စသဒ္ဒါသည် သ-ဝိဘတ်၏ ကျေခြင်း တည်းဟူသော နှစ်ခုမြောက်သော အနက် ကို ပေါင်း၏။

**စဂ္ဂဟဏံ ဒုတိယသမ္ပိဏ္ဍနတ္ထံ။** ။သဒ္ဒါကြီး။

**တနည်းကား**

စသဒ္ဒါဖြင့် နှစ်ပါးကုန်သော ကာရိယ နိမိတ်တို့ကို ငင်၏။

**စဂ္ဂဟဏေန ဒွိကာရိယ နိမိတ္တာနိ အနုကဍ္ဍတိ။** **မိဒွေသ။**

**ဝိဘာဒီနံမသိဒ္ဓိ။**

**(အာဒေသဝိဓိသုတ်။)**

၃၃၅-မေး။ ။ဤသုတ်၏ အင်္ဂါ တို့ကိုလည်း၊ ကာရီ, ကာရိယတို့ကိုလည်း ဖော်ပြပြီးလျှင် ဥဒါ ဟရဏ်လည်း ထုတ်ခဲ့ပါ။

၃၃၅-ဖြေ။ ။(၁) သိမှတပါးသော ဝိဘတ်တို့ရှေ့ခြင်း ခြင်း၊

(၂) ပိတု-စသော သဒ္ဒါတို့၏ အဝိတ် (ဥ)ကို ပြုထားသော အာရသဒ္ဒါ ရှိခြင်း၊

ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် (အာဂ) အပြု၏(အာ)ကို (အ)ရသော ပြုရပါ၏။

ဥဒါဟရုဏ်ကား "ပိတရ" စသည်တည်း။

---

၃၃၆-မေး။ ။"အညေ သွာဂုဏ္ဍံ" သုတ်ဖြင့် (သိ)မှ တပါးသော ဝိဘတ်တို့ကြောင့်သော (အာဂ)ပြု၏။ (သိ)ဝိဘတ်ကြောင့် (အာဂ) မပြု။ထို့ကြောင့် ဤသုတ်ကို (ပိတာဒိနံ) ဤမျှသာ တည်ထား ထိုက်ပါလျက် (အသိမှိ)ဟု မလိုသည်၌ အပိုထည့်ရခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

၃၃၆-ဖြေ။ ။(၁) ပိတိတော၊ (၃) ပိတိပဗ္ဗော၊
(၂) မာတိတော၊ (၄) မာတိပဗ္ဗော၊

စသော ဥဒါဟရုဏ်တို့၌ တောပစ္စည်း စသည် နှောင်းရာ၌လည်း (ပိတု-မာတု) စသည်တို့၏ အစိတ် (ဥ) ကို (ဣ) ပြုရသေး၏-ဟူသော အနက်ထူးကို သိရခြင်းအကျိုး ရှိပါ၏။

သိမှိ အာရာဒေသာဘာဝေပိ အသိမှိတိ အမိက ဝစနမတ္ထန္တရဝိညာပနတ္ထံ၊ တေန တောအာဒိမှိ ပိတာဒိနမိကာရော စ။ ။ရူပသိဒ္ဓိ။

---

၃၃၇-မေး။ ။ပိတု-သဒ္ဒါ၏ ပဒမာလာကို ရူပသိဒ္ဓိအလိုကျ ကျနစွာရေးသားခဲ့၍ သတ္တု-သဒ္ဒါ၌ စီရင်သောသုတ်များနှင့် မတူသောသုတ်များကို ရေးသားခဲ့ပါ။

၃၃၇-ဖြေ။ ။

| ဝိဘတ်များ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ပိတာ၊ | ပိတရော၊ |
| အာ | (ဘော)ပိတ,ပိတာ၊ | (ဘဝန္တော)ပိတရော၊ |
| ဒု | ပိတရံ၊ | ပိတရေ,ပိတရော၊ |
| တ | ပိတရာ၊ | ပိတရေဟိ,ဘိ,ပိတူဟိ,ဘိ၊ ပိတုဟိ,ဘိ၊ |
| စ | ပိတု,ပိတုနော,ပိတုဿ၊ | ပိတရာနံ,ပိတာနံ, ပိတူနံ,ပိတုနံ၊ |
| မ | ပိတရာ၊ | ပိတရေဟိ,ဘိ,ပိတူဟိ,ဘိ, ပိတုဟိ,ဘိ၊ |
| ဆ | ပိတု,ပိတုနော,ပိတုဿ | ပိတရာနံ,ပိတာနံ,ပိတူနံ, ပိတုနံ၊ |
| သ | ပိတရိ၊ | ပိတရေသု,ပိတူသု,ပိတုသု၊ |

"ပိတာဒီနမသိမှိ"ဘသုတ်သာ ရှိပါသည်။

**ရူပသိဒ္ဓိ,သဒ္ဒနီတိတို့ မမိန့်သော ဥဘာဝရုန္ဓာ၌ ရုပ်အထူး။**

ရောဂနိဒ္ဒံ ပဘင်္ဂုနံ၊
ဉာတိ ပါဒ္ဒေန သိဿ,နံ။
ဘောဂါနဉ္စ ပဘင်္ဂုနံ၊
ဉာတိပါဒ္ဒေန အံ,စ,နံ။ ။

ရောဂနိဒ္ဒံ ပဘင်္ဂုနံ ဓာတိ ပါဌေန၊ ရောဂနိဒ္ဒံ ပဘင်္ဂုနံ-ဟူသော ပါဠိတော်နည်းဖြင့်။ သိဿ၊ သိဝိဘတ်၏ ။ နံ၊ နံအပြုသည်။ ဘဝေ၊ ဖြစ်၏။ ဘောဂါနဉ္စ ပဘင်္ဂုနံ ဓာတိပါဌေန၊ ဘောဂါနဉ္စ ပဘင်္ဂုနံ-ဟူသော ပါဠိတော်နည်းဖြင့်။ အံစ၊ အံဝိဘတ်သည်လည်း။ နံ၊ နံ-အပြုသည်။ ဘဝေ၊ ဖြစ်၏ ။ ။(ဆရာတော်ဦးဗုဒ်)

ဥကာရန္တပုလ္လိင် ပြည့်စုံပြီ။

---

# ဥကာရန္တ-ပုလ္လိင်အခန်း။

၃၃၈-မေး။ ။ရူပသိဒ္ဓိ၌ ထုတ်ပြအပ်သော ဥကာရန္တ ပုလ္လိင်ကား အဘယ်သဒ္ဒါပါနည်း။ ၎င်း၏ ပဒမာလာကို ရူပသိဒ္ဓိအလိုကျ ရေးသားပြီးလျှင် ရုပ်သွားရုပ်စဉ် တူသောပုဒ်၊ ထူးသောပုဒ်တို့ကို ညွှန်ပြရုံမျှ ညွှန်ပြခဲ့ပါ။

၃၃၈-ဖြေ။ ။ "အဘိဘူ"သဒ္ဒါတည်း။

| ဝိဘတ်များ။ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | အဘိဘူ၊ | အဘိဘူ, အဘိဘုဝေါ၊ |
| အာ | (ဘော)အဘိဘူ၊ | (ဘဝန္တော) အဘိဘူ, အဘိဘုဝေါ၊ |
| ဒု | အဘိဘုံ၊ | အဘိဘူ, အဘိဘုဝေါ၊ |
| တ | အဘိဘုနာ၊ | အဘိဘူဟိ, ဘိ၊ |
| စ | အဘိဘုနော, အဘိဘုဿ၊ | အဘိဘူနံ၊ |
| ပ | အဘိဘုနာ, သ္မာ, မှာ၊ | အဘိဘူဟိ, ဘိ၊ |
| ဆ | အဘိဘုနော, အဘိဘုဿ၊ | အဘိဘူနံ၊ |
| သ | အဘိဘုမှိ, အဘိဘုသ္မိံ၊ | အဘိဘူသု၊ |

**တူသော ပုဒ်များ။**

(၁) သယမ္ဘူ၊
(၂) ဝေဿဘူ၊
(၃) ပရာဘိဘူ၊

သဒ္ဒါတို့ကား အဘိဘူနှင့်တူကြပြီ။

**ထူးသော ပုဒ်များ။**

"သဟာဘူ"သဒ္ဒါသည်ကား။

**သဟာဘူ- သဟာဘူ- သဟာဘုဝေါ- သဟာဘုနော၊** စသည်ဖြင့် ယောဝိဘတ်ကို "ထတော ဝေါကာရော စ"၌ကာရ-သဒ္ဒါဖြင့် နောပြု ရုံမျှ ထူးတော့၏။

"သဗ္ဗညူ"သဒ္ဒါသည်ကား။

**သဗ္ဗညူ- သဗ္ဗညူ- သဗ္ဗညုနော-** စသည်ဖြင့် "ဈလတောသဿနောဝါ" သုတ်မှ "ထ တောဝေါကာရောစ"သုတ်သို့ လိုက်၍လာ သော ဝါသဒ္ဒါ၏ ဝဝတ္ထိတဝိဘာသာ အ နက် ရှိသည်၏ အဖြစ်ကြောင့် ယော ဝိဘတ်ကို ဝေါ-မပြုပဲ နော- ပြုရုံမျှသာ ထူးတော့သတည်း။

**အမှာ။**

**ဤပဒမာလာတို့၌ ပြုအပ်ပြီးသော ရူသ ရှိသည်၏ အဖြစ်ကြောင့် (ဥ)သရ၏ (အ) အပြုနှင့် အာလုပ် ယောဝိဘတ်၏ (ဝေ) အပြုတို့ မရှိထိုက်။**

၂၃၉-မေး။ ။သဗ္ဗညူ- သဒ္ဒါနှင့် ပဒမာလာ တူသော ပုဒ်အပေါင်းကို ရေးသားဘော်ပြခဲ့ပါ။

၂၃၉-ဖြေ။ ။(၁) မဂ္ဂညူ၊ (၇) ကတညူ၊
(၂) ဓမ္မညူ၊ (၈) တထညူ၊
(၃) အတ္ထညူ၊ (၉) ဝိညူ၊
(၄) ကာလညူ၊ (၁၀) ဝိဒူ၊
(၅) ရတ္တညူ၊ (၁၁) ဝေဒဂူ၊
(၆) မတ္တညူ၊ (၁၂) ပါရဂူ၊
စသည်တို့တည်း။
ဦကာရန္တပုလ္လိင် ပြည့်စုံပြီ။

---

# ဩကာရန္တ-ပုလ္လိင်အခဏ်း။

၂၄၀-မေး။ ။ဩကာရန္တပုလ္လိင်ကို ရူပသိဒ္ဓိဆရာ သီး ခြား ဝေဘန်၍ ဆိုတော်မမူခြင်း၌ လုံးဝ မရှိထိုက် မရှိကောင်းသောကြောင့် မိန့် ဆိုတော်မမူပါသလော၊အာစရိယဝါဒ ရှိ သလို ဖြေဆိုခဲ့ပါ။

၂၄၀-ဖြေ။ ။ဩကာရန္တပုလ္လိင်သည် နည်းလှ၍ မထင် ရှားသောကြောင့်ရင်း၊
**(တနည်း)** ကစ္စည်း သုတ်ဖြင့် မပြီးနိုင် သောကြောင့်ရင်း၊
**(တနည်း)** တပါးသော အန္တ-ကဲ့သို့ အမြီး မရှိသောကြောင့်ရင်း၊

ရူပသိဒ္ဓိဆရာ သိီးခြား ဝေဘန်တော် မမူ
ပါ။ လုံး၀ မရှိထိုက် မရှိ ကောင်းသော
ကြောင့် မဟုတ်ပါ။

ကောရန္တော အပ္ပသိဒ္ဓေါ။ ။ရူပသိဒ္ဓိ။

## ဆရာတော် ဦးဗုဓ်၏ ရှင်းလင်းချက်။

(၁) ပကတိအားဖြင့်သာ မထင်ရှားသည်။ အန္တ- အားဖြင့်ကား "ဝနပ္ပဂုမ္ဗေ ယထာ ဖုဿိတဂ္ဂေ" စသည်ဖြင့် ထင်ရှား၏။ ယင်းသို့ ထင်ရှားသော်လည်း အပ္ပက သာ ဖြစ်၏။

(၂) "တိလိင်္ဂတော ဌာနေ သိယော နမေ"ဟု သဒ္ဒနီတိ၌ သုတ် ရှိ၏။ ထိုကစ္စည်း၌ သုတ်မရှိရကား ကစ္စည်းသုတ်ဖြင့် မပြီး။ "ဓေ ဧ, ဩ ဧ, ဩ၊သိ ဧ, ဩ,ဧ,သော"ဟု ပြုမှုကား (သော) သုတ်ဖြင့် ပြီး သေး၏။

(၃) "ဝနပ္ပဂုမ္ဗေ"စသည်သည် "ပုရိသော" စသည်ကဲ့သို့ မမြဲရ ကား သိဒ္ဓသဒ္ဒါ၏ နိစ္စတ္တအားဖြင့်လည်း အပ္ပသိဒ္ဓဖြစ်၏။

---

## ယောသုစ။

(အာဒေသဝိဓိသုတ်။)

၃၄၁-မေး။ ။ဤသုတ်၏ အင်္ဂါတို့ကိုဇင်း၊ကာရိ, ကာ ရိယတို့ကိုဇင်း သေချာစွာ ရေး၍ ဥဒါဟ ရဏ်ကိုလည်း ထုတ်ပြပါ။

၃၄၁-ဖြေ။ ။(၁) နောက်၌ ယောဝိဘတ်တို့ နှောင်း ခြင်း၊

(၂) ဓမ္မဒိန္နဂေါသဒ္ဒါ၏ အဓိပ္ပါယ်(ဩ)သရ ရှိခြင်း၊

ဤအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါလျှင် (ဩ) ကာရီကို (အဝ)ကာရီယ ပြုပါ၏။

ဥဒါဟရဏ်ကား-“ဂါဝေါ”စသည်တည်း။

---

၃၄၂-မေး။ ။“ဂါဝသေ”သုတ်၌သဝိဘတ်နှစ်လုံး ရှိပါ သော်လည်း(သေ)ဟု ဧကဝုစ်နှင့် မိန့်ဆို သကဲ့သို့ ဤသုတ်၌လည်း (ယော)ဝိဘတ် နှစ်လုံးပင် ရှိစေကာမူ(ယောမှိစ)ဟု ဧက ဝုစ်နှင့်သာ မိန့်ဆို ထိုက်ပါလျက် ဗဟုဝုစ် နှင့်(ယောသုစ)ဟုမိန့်ရခြင်း၌ အကြောင်း ကို လုံလောက်စွာ ရှာဖွေပြခဲ့ပါ။

၃၄၂-ဖြေ။ ။ဒဗ္ဗပဒတ္ထိကဆရာ၏ အလိုအားဖြင့် ဒြဗ် ကို ငဲ့သောကြောင့် (ယောသုစ)ဟု ဗဟု ဝုစ်နှင့် မိန့်ဆိုရပါ၏။

ဒဗ္ဗာပေက္ခတ္တာ ယောသုစာတိ ဗဟုဝုတ္တံ။

နိဒ္ဒေသ။

(မြိမ်မှာကား၊ဟောနည်းပြား၊ထားလေ ဗဟုဝုစ်။)

ဘောင်တွင်းနိယံ။

---

၃၄၃-မေး။ ။(အဝ)အပြုချင်း တူကြ သောကြောင့် (ဂါဝသယောသုစ)ဟု နှစ်သုတ်ကို တ

သုတ်တည်း ရောယှက်ခါတည်ထားထိုက်ပါလျက် ခွဲခြားပြီး တည်ရခြင်း၌ အကျိုးကို ရေးခဲ့ပါ။

၃၄၃-မေး။ ။ပဌမာ ယောဝိဘတ်နှင့် ဒုတိယာယောဝိဘတ် ဤနှစ်လုံးကို သိမ်းကျုံး၍ ယူခြင်း အကျိုးရှိပါ၏။

ပဌမ ဒုတိယ ယောဝိဘတ္တိ ဒွယ
သင်္ဂဟဏတ္ထံ။ ။နိဒ္ဒေသ။

## နိဒ္ဒေသမှ ထုတ်နုတ်သောပြချက်။

"ဂါဝသေ"နှင့် "ယောသုစ" သုတ်တို့ကို ရောယှက်ခါ (ဂါဝသယောသုစ)ဟု တပေါင်းတည်း တည်ထားပါလျှင် သ-နှင့် ယော-ဤ ဝိဘတ်နှစ်လုံးကို ငဲ့၍ ဗဟုဝုစ်နှင့် တည်ထား ပေသည်ဟု အလွဲးလွဲး အမှားမှား ယူကြပေလိမ့်မည်။ ထို့ကြောင့် သီးခြား ခွဲဝေပြီး တည်ထားရ၏။

(ပဥ္စာ) အလွဲးလွဲး အမှားမှား ယူကြမည်ကို စိုးရိမ်ပါလျှင် (အဃောရဃမေကာဝစနယောသွပိ စ) သုတ်ကိုလည်း သီးခြား ခွဲဝေ တည်ထားပါတော့လော။

(ဗျာကရဏ) ဓာတ်ကို ငဲ့၍ မိန့်ဆို ထားသောကြောင့် သီးခြား ခွဲဝေ တည်ထားမှု မပြုထိုက်ပါ။

(ပဥ္စာ) သို့ဖြစ်နိုင်ပါလျှင် ဤနှစ်သုတ်ကိုလည်း ဓာတ်ကိုငဲ့၍ တသုတ်တည်း ပြုထိုက်သည် မဟုတ်ပါလော။

(ဗျာကရဏ) တရံတခါ ဒွန္ဒပဒတ္ထိကဆရာ၏ အလိုကို မစွန့်မူ၍ သုတ်ကို ပြုအပ်သောကြောင့် ဓာတ်ကိုငဲ့၍ တသုတ်တည်း မပြုထိုက်ပါ။

အသျှင်မဟာကစ္စည်းထေရ်သည် ဇာတိပဒတ္တိက,ဒွေပဒတ္တိက ဆရာနှစ်ပါးတို့၏ အလိုတော်နှင့် လျော်စွာ ရုံခါ ဇာတ်ကိုင်၍ သုတ်ကို ပြုတော်မူအပ်၏။ ရုံခါ ဖြိမ်ကိုင်၍ သုတ်ကို ပြုတော် မူအပ်၏။ ထို့ကြောင့် သဒ္ဒါတို့၏ ထားပုံ သိပုံ စီစဉ်ပုံသည် အသျှင် မဟာ ကစ္စည်းထေရ်၏ မိန့်ဆိုတော်မူလိုမှုသာလျှင် ရှေ့သွား ရှိရကား (အကျယ်အကျယ် ၊မငြိမ်းဘွယ်) ဟူဘိသို့ အမေး- အဖြေ (ပဋ္ဌာဗျာကရဏ) တို့ကို လွန်လွန်မင်းမင်း ချဲ့ကြခြင်းဖြင့် အကျိုး မရှိတော့ပြီ ဟူလိုသတည်း။

---

၃၄၄-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ထင်ရှားအောင် ဘော်ပြပါ။

၃၄၄-ဖြေ။ ။(နာ-သွာ-သို-သု) ပိဘတ် တို့ကြောင့်လည်း ဂေါ၏-အစိတ် (ဩ)ကို (အာဝ) ပြုရ သေး၏ ဟု ဆည်းခြင်း အနက် ရှိပါ၏။

**စသဒ္ဒေန နာသွာသ္မိံသု ဂုစ္ဆေတေသု စ။**

**ရူပသိဒ္ဓိ။**

---

## အခဝံမွိ ခ။

## (အာဒေသဝိဓိသုတ်။)

၃၄၅-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိယတို့ကို ရေးသား၍ ဥဒါဟရဏ်ကိုလည်း ထုတ်ခဲ့ပါ။

၃၄၅-ဖြေ။ ။(၁) နောက်၌ (အံ)ဝိဘတ် နှောင်းခြင်း၊
(၂) ရှေ့၌ ဂေါသဒ္ဒါ၏ အစိတ် (ဩ) သရရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် ဂေါ သဒ္ဒါ၏ အစိတ် (ဩ)သရကို (အာဝ) (အဝ)ကာရိယပြုရပါ၏။

ဥဒါဟရဏ်ကား “ဂါဝေါ-ဂဝေါ” တည်း။

---

၃၄၆-မေး။ ။ဤသုတ်၌ စ-သဒ္ဒါကို ထည့်ထားရခြင်း၏ အကျိုးကို ရေးသားဘော်ပြပါ။

၃၄၆-ဖြေ။ ။(၁) ယော၊ (၄) သ္မာ၊
(၂) နာ၊ (၅) သ္မိံ၊
(၃) သ၊ (၆) သု၊

ဝိဘတ် တို့ကြောင့်လည်း ဂေါ-သဒ္ဒါ၏ အစိတ် (ဩ)သရကို (အဝ) ပြုရခြင်း အကျိုးရှိပါ၏။

**စသဒ္ဒေန ယော-နာ-သ-သ္မာ-သ္မိံ-သု ဝုစ္စတေ သု အဝါဒေသော ဟောတိ။ ။ရူပသိဒ္ဓိ။**

**တနည်းကား**

စသဒ္ဒါဖြင့် “ဇရဂ္ဂဝေါ”စသော ဥဒါဟရဏ်တို့၌ သိဝိဘတ် နှောင်းရာ ၌လည်း (အဝ) ပြုရခြင်း အကျိုးရှိ၏။

အဝမှိစာတိ စသဒ္ဒေါ၊သမုစ္စေတိ ဝိဘတ္တိယော။
ဇာရက္ခဝေါတိတေနေဝ၊သိဒ္ဓေါသုဂတသာသနေ။
နိဒ္ဒေသ။

---

၃၄၇-မေး။ ။ဤသုတ်ပါး(အဝ)ကာရိယသည်(အာဝ) ကာရိယကို သတ်ပစ်နိုင်သည် မဟုတ်ပါလော၊အဘယ်ကြောင့်(အာဝ)ကာရိယ လိုက်လာနိုင်ပါသနည်း။

၃၄၇-ဖြေ။ ။ကာရိတခုက ကာရိ-တခုကို သတ်ပစ်အပ်၏-စသော စကားသည် ယေဘုယျ-စကားဖြစ်၏။ မသတ်အပ်သည်တို့လည်း ရှိပါသေး၏။ ထိုကြောင့် လိုက်လာနိုင်ပါ၏။

တံ ပနု ယေဘုယျဝသေန ဝုတ္တံ။ ။နိဒ္ဒေသ။

---

၃၄၈-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါသည် မည်သည့်အနက်၌ ဖြစ်သည်ဟု ထင်ရှားအောင် ဖြေဆိုပါ။

၃၄၈-ဖြေ။ ။ (ရူပသိဒ္ဓိအလို။)

(၁) ယော-နာ-သ-သ္မာ-သု- ဝိဘတ်တို့ကြောင့် (အာဝ)အပြုကိုရှင်း၊

(နိဒ္ဒေသအလို။)

(၂) "ဇရတ္တဝေါ်" ၌ သိ-ဝိဘတ်ကြောင့် (အ၁၀) အပြုကိုရင်း၊ ဆည်းသော ကြောင့် သမုဒ္ဒည်းအနက်၌ ဖြစ်ပါ သည်။

ဤသုတ်၌ (အ၁၀)ကာရိယာ ရှိနေရကား အသတ် ခံရမည်ဖိုး၍ မလိုက်လာဝံ့ရှာ သော (အ၁၀) ကာရိယာကို ငင်သော ကြောင့်အနုကဆုံနအနက်၌လည်းဖြစ်ပါ၏။

ဣ၀ စသဒ္ဒေါ အနုကဆုန သမုစ္စယတ္ထော။

နိဒ္ဒေသ။

---

အာ၁၀သော ဝါ။

(အာဒေသဝိဓိသုတ်။)

၃၄၉-မေး။ ။ဤသုတ်၏ အင်္ဂါတို့ကိုရင်း၊ ကာရိယာ ကိုရင်း ဘော်ပြ၍ ဥဒါဟရုဏ်လည်း ထုတ်ပြခဲ့ပါ။

၃၄၉-ဖြေ။ ။(၁) နောက်၌(အံ)ဝိဘတ်နှောင်းခြင်း၊

(၂) ရှေ့၌(အ၁၀)အပြု၏ အစိတ်(အ) သရရှိခြင်း၊

ဤသို့ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါလျှင် အစိတ်(အ)သရကို (ဥ)ကာရိယာပြုပါ၏။ ဥဒါဟရုဏ်ကား "ဂါဝံ" တည်း။

၃၅၀-မေး။ ။"ဂါဝသေ"သုတ်မှ(အာဝ)သဒ္ဒါ အလိုက် ခံပြီးလျှင် (ဥဝါ)ဟု တည်ပါက ပြီးစီးနိုင် ပါလျက် အဘယ်အကျိုးငှါ (အာဝ)သဒ္ဒါ ကို တိုက်ရိုက်ထည့်၍ (အာဝဿုဝါ)ဟု တည်ထားရပါသနည်း။

၃၅၀-ဖြေ။ ။"အဝံမ္ဟိစ" သုတ်မှ (အဝ) ကာရိယကို နစ်စေခြင်း အကျိုးငှါ (အာဝ) သဒ္ဒါနှင့် တိုက်ရိုက်တည်ရပါ၏။

အာဝဿုဝါတိ သုတ္တမှိ၊ အဝသဒ္ဒဿုဒ္ဓိရဏှိံ။
အဝသဒ္ဒံ၊ နိဝတ္တေတုံ ဝုတ္တံ သုတ္တမနန္တရေ။ ။
နိစ္ဆဒ္ဓသာ။

---

၃၅၁-မေး။ ။ဤသုတ်၌ (အာဝဿုဝါ)ဟု သာမညဆို ထား၍ (အာဝ) သဒ္ဒါသည်....

(၁) ပင်ကိုဇာတိ "အာဝ"
(၂) ပြုပြင်ထားသော "အာဝ"

ဟု နှစ်မျိုးရှိခဲ့ရာ မည်သည့် (အာဝ)သဒ္ဒါ ကို ယူရပါအံ့နည်း။

၃၅၁-ဖြေ။ ။ဂ-အစိတ် ဩ- သရကို ပြုပြင်ထား သော(အာဝ)သဒ္ဒါကို ယူရပါ၏။

ဟေဋ္ဌာ အာဝါဒေသဿ ဝုတ္တတ္တာ သော၊ ဇုစ ဝိညာယတိ။ ။ရူပသာ။

---

၃၅၂-မေး။ ။ဤသုတ်ဖြင့် (အ၁၁၀)သဒ္ဒါ တခုလုံးကို (ဥ)ပြုရမည်၊သို့မဟုတ် မည်သည့်သဒ္ဒါကို (ဥ)ပြုရမည်ဟု ထင်ရှားအောင် ဖြေဆိုပါ။

၃၅၂-ဖြေ။ ။အ၁၁၀ဿ- အ-အ၁၁၀။ ။ (တပ္ပုရိသ် သမာသ်ဝိဂ္ဂြိုဟ်)။

အ၁၁၀ဿ၊အ၁၁၀-အပြု၏။ အ၊အစိတ် ဖြစ်သော (အ)သရတည်း။အ၁၁၀၊ အ၁၁၀ အပြု၏ အစိတ်ဖြစ်သော (အ)သရ။

ဤသို့ ရူပသိဒ္ဓိလာတိုင်း ဝစနတ္ထပြု၍ အ၁၁၀-သဒ္ဒါတခုလုံးကို(ဥ)မပြုရ၊(အ၁၁၀) သဒ္ဒါ၏ အစိတ် (အ)ကိုသာ (ဥ)ပြုရပါ၏။

---

**သုနဉ္စဟိသု ၈။**

**(အာဒေသဝိဓိသုတ်။)**

၃၅၃-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိကာရိယ တို့ကို ထုတ်ဘော် ရေးသားခဲ့ပါ။

၃၅၃-ဖြေ။ ။(၁) နောက်၌ သု-ဟိ-နံ- ဝိဘတ်တို့ တွင် တလုံးလုံးနှောင်းခြင်း၊

(စ-သဒ္ဒါဖြင့် ကြွင်းကျန်သော ဝိဘတ်တို့တွင် တလုံး လုံးနှောင်းခြင်း)။

(၂) ရှေ့၌ ဂေါ-သဒ္ဒါရှိခြင်း။

ဤသို့ အင်္ဂါနှစ်ပါး ပြည့်စုံပါလျှင် အလုံး စုံသော ဂေါ-သဒ္ဒါ ကာရိကို (ဂေါဏ) ကာရိယပြုရပါ၏။

---

၃၅၄-မေး။ ။ဤသုတ်ကို ဝိဘတ်စဉ်အတိုင်း (နာ ဟိ သု-သု စ)ဟု မိန့်ဆိုထိုက်ပါလျက် (သုဟိ နာသုစ)ဟု ဆိုရခြင်း၌ အကျိုးကို ပြဆိုပါ။

၃၅၄-ဖြေ။ ။(၁) ရွတ်လွယ် စေခြင်းအကျိုးငှါလည်း၊
(၂) သု-ဝိဘတ်တလုံးကျေခြင်းမှ နှစ်စေခြင်းအကျိုးငှါလည်း ဝိဘတ်စဉ်ကို မငဲ့မလိုက်ဘဲ မိန့်ဆိုရပါ၏။

သုခုမ္ဗာရဏာဏ္ဍံ ဝါ သုသုတိ ကေသ လောပနိ ဝဏ္ဏနဏ္ဍံ ဝါ ဧဝံ ဝုတ္တံ။ ။နိဒ္ဒေသ။

---

၃၅၅-မေး။ ။ကာရိယချင်းတူ၍ "ဂေါဏာနံမွိဝါ" သုတ်နှင့် ဤသုတ်ကို တပေါင်းတည်း တည်ထိုက်ပါလျက် ခွဲခြားပြီး တည်ထားရခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

၃၅၅-ဖြေ။ ။သုတ်၏ ကြီးလေးသည်၏ အဖြစ်ကို နှစ်စေခြင်း အကျိုးရှိပါ၏။

ဧဝံ ဝစနံ ဂရုဘာဝနိဝတ္တနတ္တံ။

အဋ္ဌဗျာချာနိ။

---

၃၉၆-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အကျိုးကို ရေးပြခဲ့ပါ။

၃၉၆-ဖြေ။ ။စ-သဒ္ဒါဖြင့်(သု-ဟိ-နာ)ဤဝိဘတ်သုံးလုံးမှ ကြွင်းသော ဝိဘတ်တို့ကြောင့် ဂေါ-သဒ္ဒါကို(ဂေါဏ)ပြုခြင်း၊ နံ-ဝိဘတ်နှောင်းရာ၌ (ဂေါ)သဒ္ဒါကို (ဂု)ပြုခြင်း အကျိုးရှိပါ၏။

**(၁) စသဒ္ဒေန သေသေသု စ၊**

**(၂) သုနာဟိသုစာတိ ဧတ္ထ စသဒ္ဒေန နံမှိ ဂု-အာဒေသော စ။ ။ရူပသိဒ္ဓိ။**

---

ဂေါဏ နံမှိ ဝါ။

**(အာဒေသဝိဓိသုတ်။)**

၃၉၇-မေး။ ။ဤသုတ်သည်မည်သည့်အင်္ဂါနှင့် ပြည့်စုံမှသာ မည်သည့် ကာရိယမျိုး ပြုနိုင်သည်ဟု ဖော်ပြခဲ့ပါ။

၃၉၇-ဖြေ။ ။(၁) နောက်၌ နံ-ဝိဘတ်နှောင်းခြင်း၊

(၂) ရှေ့၌ ဂေါသဒ္ဒါရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံမှသာ အလုံးစုံသော (ဂေါ)သဒ္ဒါကို (ဂေါဏ) ကာရိယ ပြုရပါ၏။

---

၃၅၇-မေး။ ။"ဂေါဏော နံ့ မှိ ဝါ" ဟူ၍ ဝိဘတ်နှင့် တကွ သုတ်ကို တည်ထိုက် ပါလျက် ဝိဘတ်မပါပဲ တည်ထားရခြင်း၌ အကျိုးကို ရေးခဲ့ပါ။

၃၅၇-ဖြေ။ ။သုခုစ္စာရဏ အကျိုးရှိပါ၏။

**သုခုစ္စာရဏတ္ထံ။ ။နိရုတ္တိ။**

---

၃၅၈-မေး။ ။ဤသုတ်၏ ဝုတ္တိ၌.....

**ယောဂဝိဘာဂေန အညတြာပိ ဂေါဏာ ဒေသော ဟောတိ။**

ဟု သာမည ပါရှိရာ ယောဂဝိဘာဂ-သုတ်မျိုးတို့တွင် အဘယ် "ယောဂဝိဘာဂ"ကို ယူရမည်နည်း။

၃၅၈-ဖြေ။ ။(ဂေါဏာ)ဟူသော "ဒွိဓာကရဏ ယောဂဝိဘာဂ"ကို ယူရပါ၏။

---

၃၆၀-မေး။ ။ဤ သုတ်ကို "ဂေါဏာနံ့မှိဝါ သုဟိနာသု စ"ဟု ဆိုထိုက်ပါလျက် အဘယ်အကျိုး ၌ ခွဲ၍ တည်ထားပါသနည်း။

၃၆၀-ဖြေ။ ။"ဂေါဏာဘူဘာနံ"၌ ဝိဘတ်မနှောင်းသော်လည်း(ဂေါ)သဒ္ဒါကို (ဂေါဏာ)ပြုရ၏-ဟု သိစေခြင်း အကျိုးရှိပါ၏။

**ဘိန္နယောဂ ကရဏံ အနေနေ အဝိဘတ္တိ ကသ္မာပိ ဟောတိတိ ဥာပနတ္ထံ။ ။ချာသ။**

---

၃၆၁-မေး။ ။(၁) ယောဂဝိဘာဂ၊

(၂) သုတ္တဝိဘာဂ၊

ဤနှစ်ပါး တို့သည် တူကြသလော၊ ထူး သေးသလော၊အဘယ်အရာကို ခေါ်သည် ဟု ညွှန်ပြခဲ့ပါ။

၃၆၁-ဖြေ။ ။တူကြပါသည်။ ။သုတ်ကို နှစ်ဖြာ ခွဲ ဝေခြင်းကို ခေါ်ပါသည်။

ဧတ္ထ စ ယောဂဝိဘာဂေါတိနာမ သုတ္တဝိဘာဂေါ သုတ္တဿ ဒွေဓာကရဏံ။ ။ချာသာ။

---

၃၆၂-မေး။ ။ဤသုတ်၌ ယောဂဝိဘာဂဖြစ်ပုံကို ကျနစွာ သိရအောင် ခွဲဝေပြခဲ့ပါ။

၃၆၂-ဖြေ။ ။(၁) ဂေါတ္တ-တသုတ်၊ (နိမိတ် မရှိ ပါပဲ စီရင်နိုင်သည်၊)

(၂) ဂေါတ္တနိမိတ္တ-တသုတ်၊ (နိမိတ် ရှိမှ စီရင်နိုင်သည်၊)

ဤသို့သုတ်ကို နှစ်ဖြာခွဲဝေမှုသည် "ယော ဂဝိဘာဂ"မည်ပါ၏။

တနည်းကား။ ။ကာရိယချင်း တူသော ကြောင့်ဤသုတ်ကို "သဟိနာသု စ"သုတ် နှင့် တွဲ၍ ဆိုထိုက်ပါလျက် သီးခြား ခွဲ

၍ ဆိုခြင်းသည် ယောဂဝိဘာဂ မည်ပါ၏။

ဣမသ္မိံ ပနတ္ထေ ယောဂဝိဘာဂေါနာမ

သုတ္တဿ ပုထုစ္စာရဏံ။ ။ချာသ။

---

## ဂါဝသော။

### (အာဒေသဝိဓိသုတ်။)

၃၆၃-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ,ကာရိယတို့ကို ဘော်ပြ၍ ဥဒါဟရဏ်လည်း ထုတ်ခဲ့ပါ။

၃၆၃-ဖြေ။ ။(၁) နောက်၌ သဝိဘတ်တို့ နှောင်းခြင်း၊

(၂) ရှေ့၌ ဂေါသဒ္ဒါ၏ အစိတ် ဩ-သရ ရှိခြင်း၊

ဤသို့အင်္ဂါနှစ်ပါးနှင့်ပြည့်စုံပါလျှင် အစိတ် (ဩ)ကာရီကို(အာဝ)ကာရိယ ပြုပါ၏။

ဥဒါဟရဏ်ကား-“ဂါဝေါ”တည်း။

---

၃၆၄-မေး။ ။(သ)ဝိဘတ် နှစ်လုံးရှိ၍ (ဂါဝသောသု) ဟူ၍ ဗဟုဝုစ်နှင့် ဆိုထိုက်ပါလျက်(သော) ဟု ဧကဝုစ်နှင့်ဆိုရခြင်း၏ အကြောင်းကို ပြဆိုပါ။

၃၆၄-ဖြေ။ ။ဓာတ်ကို ငဲ့သောကြောင့် ကေဝုစ်နှင့် ထားပါ၏။

ဓာတွာပေက္ခတ္တာ သေတိ ကေဝစန် ကတံ။

နိဒ္ဒေသ။

---

၃၆၅-မေး။ ။ဝိဘတ်နှင့်တကွ(ဂါဝေါသော)ဟုဆိုထိုက်ပါလျက် ဝိဘတ်ကိုချေ၊ ထိုကျေရာ၌ အ,လာပြီးလျှင် (ဂါဝသော) ဟု ဆိုရခြင်း၌ အကျိုးကို ရေးခဲ့ပါ။

၃၆၅-ဖြေ။ ။ရွတ်လွယ်ခြင်းအကျိုး ရှိပါ၏။

သုခုစ္စာရဏတ္ထံမှ ။နိဒ္ဒေသ။

---

၃၆၆-မေး။ ။"ဂါဝသော"သုတ်၏ (သော)ဟူသော ပုဒ်တစိတ်၌ (သ)တည်၊ သွိ ဝိဘတ်သက်၊ သွိ ကို ဧ-ပြု၊ ကပ်၍ (သော) ဟု ဝိဘတ်နောင် ဝိဘတ်သက်၍ မိန့်ဆို ထားခြင်းသည် လိင်၏ နောက်၌ဝိဘတ်သက်ရမည် ဆိုသော"တတော စ ဝိဘတ္တိယော"သုတ်နှင့် ဆန့်ကျင်နေသည် မဟုတ်ပါလော။

၃၆၆-ဖြေ။ ။ ဝိဘတ်တို့သည်....

(၁) ကရိယာ်း,သမ္ပဒါန်,သမ္ဗန်,စသော အနက်ကို ထွန်းပြတတ် ပေါ်ပြတတ် သည်၏ အဖြစ်ကြောင့်ရင်း၊

(၂) ကွယ်ဝှက်သော အနက်ကို သိစေတတ်၍ လိင်မည်၏ ဟု မိန့်ဆိုအပ်သောကြောင့်ရင်း၊

လိင်၌ အတွင်း ဝင်ကုန်၏။ ထို့ကြောင့် မဆန့်ကျင်ပါ။

ပထမာသဒ္ဒ ဂတိကာ၊ ဒုတိယာ အတ္တဇောတကာ။ ဝိဘတ္တိတော ဝိဘတ္တီတိ၊ န စောဒေတဗ္ဗမေဝိဓ။

နိဒ္ဒေသာ။

---

တတော နမ္ပံ ပတိမှာလုဒ္ဓေ စ သမာသေ။

(အာဒေသဝိဓိသုတ်။)

၃၆၇-မေး။ ။ဤသုတ်၏ အင်္ဂါများကိုရင်း၊ ကာရီ,ကာရိယတို့ကိုရင်း ရေးသားပြီးလျှင် ဥဒါဟရဏ်လည်း ထုတ်ခဲ့ပါ။

၃၆၇-ဖြေ။ ။(၁) နောက်ဆုံး၌ပတိ-သဒ္ဒါရှောင်းခြင်း၊

(၂) ရှေ့ဆုံး၌ ဂေါ-သဒ္ဒါရှိခြင်း၊

(၃) ဂေါ-သဒ္ဒါ၏ နောက်၌ နံဝိဘတ်ရှိခြင်း၊

(၄) အလုတ္တသမာသ် ဖြစ်ခြင်း၊

ဤသို့ အင်္ဂါလေးပါးနှင့် ပြည့်စုံပါလျှင် (နံ) ဝိဘတ် ကာရီကို (အံ) ကာရိယနှင့် ဂေါ

သဒ္ဒါ၏ အဓိပ္ပါယ် (၁၅)ကာရိကို (အခ၀) ကာရိယ ဖြုပ်ရပါ၏။

ဥဒါဟရဏ်ကား-"ဂစ္ဆတိ"တည်း။

---

၃၆၈-မေး။ ။"ဂါ၀သေ"သုတ်မှ ဂေါ-သဒ္ဒါ လိုက်လာနိုင်သောကြောင့် တတော-သဒ္ဒါဖြင့် ဂေါ-သဒ္ဒါကို မဆွဲငင် မသုံးသင်ထိုက်ပါလျက် (တတော)သဒ္ဒါဖြင့် ဂေါသဒ္ဒါကို သုံးသင်ရခြင်း၏ အကြောင်းကို ပြဆိုခဲ့ပါ။

၃၆၈-ဖြေ။ ။(ဂေါ)သဒ္ဒါ အလိုလို လိုက်မှုကို ထက်ခံပါလျှင် ကာရိ-အဖြစ်နှင့်သာ လိုက်လာပေလိမ့်မည်။ဤသုတ်၌ကား ကာရိ အဖြစ်ဖြင့် လိုက်လာမှုကို အလိုမရှိ၊ အခ၀ိ အဖြစ်ဖြင့် လိုက်လာမှုကို လိုသောကြောင့် အခ၀ိ(အပ်ဒါန်) အနက်ကို သိစေခြင်းငှါ (တတော)သဒ္ဒါဖြင့် ဂေါသဒ္ဒါကို ဆွဲငင်သုံးသင်ရပါ၏။

အဝမိအတ္တံ ဥဥပေတုံ တတော ဂဟဏေန ဂေါသဒ္ဒံ ဂဏှာတိ။ ။နိဒ္ဒေသ။

၃၆၉-မေး။ ။ဤသုတ်ပါ (စ)သန္ဓါနှင့် (အလုတ္တသမာသေ)သန္ဓါတို့ကို ထည့်ရခြင်း၏ အကျိုးကို ရေးသားဘော်ပြပါ။

၃၆၉-ဖြေ။ ။(၁) စ-သန္ဓါဖြင့် သမာသ် မဟုတ်ရာ ဌာနန္တလည်း နံပိဘတ်ကို အံပြုခြင်း၊ (ဂေါ)အစိတ် ဩ-ကို အဝ-ပြုခြင်း အကျိုးရှိပါ၏။

(၂) (အလုတ္တသမာသေ)သန္ဓါဖြင့်လုတ္တသမာသ်ကို နစ်စေခြင်း အကျိုးရှိပါ၏။

စသဒ္ဒေန အသမာသေပိ အံအဝါဒေသော။

ရူပသိဒ္ဓိ။

လုတ္တသမာသံ နိဝတ္တေတုံ အလုတ္တဂ္ဂဟဏံ ကတံ။

နိဒ္ဒေသ။

---

၃၇၀-မေး။ ။"သန္ဓိမှာဒေါ၊ နာမ်နှာဂေါ၊ အပြောကျယ်လှစွာ" ဟူသော ပေါရာဏစကားနှင့် အညီ ရုပ်စီရင်များလှသော ဂေါ-သန္ဓါ၏ ပဒမာလာကို ရူပသိဒ္ဓိ အလိုကျ စေ့ရုံစွာ သွားပြပြီးလျှင် စီရင်သော သုတ်များ ကိုလည်း စွမ်းနိုင်ပါသမျှ ထုတ်ခဲ့ပါ။

၃၇၀-ဖြေ။ ။

| ဝိဘတ်များ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ဂေါ၊ | ဂါဝေါ, ဂဝေါ၊ |
| အာ | (ဟေ) ဂေါ၊ | (ဟေ) ဂါဝေါ, ဂဝေါ၊ |
| ဒု | ဂါဝုံ, ဂါဝံ, ဂဝံ၊ | ဂါဝေါ, ဂဝေါ၊ |
| တ | ဂါဝေန, ဂဝေန၊ | ဂေါဟိ, ဘိ၊ |
| စ | ဂါဝဿ, ဂဝဿ၊ | ဂဝံ, ဂုန္နံ, ဂေါနံ၊ |
| မ | ဂါဝါ, ဂါဝမှာ, သ္မာ၊<br>ဂဝါ, ဂဝမှာ, သ္မာ၊ | ဂေါဟိ, ဘိ၊ |
| ဆ | ဂါဝဿ, ဂဝဿ၊ | ဂဝံ, ဂုန္နံ, ဂေါနံ၊ |
| သ | ဂါဝေ, ဂါဝမှိ, သ္မိံ၊<br>ဂဝေ, ဂဝမှိ, သ္မိံ၊ | ဂါဝေသု, ဂဝေသု၊ |

တနည်းကား။

| ဝိဘတ်များ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ဂေါဏော၊ | ဂေါဏာ၊ |
| အာ | (ဟေ) ဂေါဏ၊ | (ဟေ) ဂေါဏာ၊ |
| ဒု | ဂေါဏံ၊ | ဂေါဏေ၊ |
| တ | ဂေါဏေန၊ | ဂေါဏေဟိ, ဘိ၊ |
| စ | ဂေါဏဿ၊ | ဂေါဏာနံ၊ |
| မ | ဂေါဏာ, ဂေါဏသ္မာ, မှာ၊ | ဂေါဏေဟိ, ဘိ၊ |
| ဆ | ဂေါဏဿ၊ | ဂေါဏာနံ၊ |
| သ | ဂေါဏေ, ဂေါဏသ္မိံ, မှိ၊ | ဂေါဏေသု၊ |

## စီရင်သော သုတ်များ။

(၁) သေသတော။လ။သိပိ၊
(၂) ယောသုစ၊
(၃) တတောယောနမောတု၊
(၄) အဝံမှိစ၊
(၅) အာဝဿုဝါ၊
(၆) အံမော။လ။ပေဟိ၊
(၇) အတောနေန၊
(၈) သ္မာဟိသ္မိံနံမှာဘိဝါ၊
(၉) ဂါဝသေ၊
(၁၀) သာဂမောသေ၊
(၁၁) တတော။လ။သမာသေ၊
(၁၂) သုဟိနာသုစ၊
(၁၃) နောစဋ္ဌါဒိတောနံမှိ၊
(၁၄) သ္မာသ္မိံနံဝါ၊
(၁၅) သုဟိသွကာရော၊
(၁၆) သဗ္ဗယောနိနမာ၊
(၁၇) အာလပနေသိဂသညော၊
(၁၈) အကာရု။လ။နမာ၊
(၁၉) အာကာရောဝါ၊
(၂၀) ဂေါဏာနံမှိဝါ၊

ဤသို့လျှင် သုတ်(၂၀)ရှိပါ၏။

ပုလ္လိင်နိဂမန။

ပုရိသော ဂုဏဝါ ရာဇာ၊
သာ,ဂ္ဂိ ဒဏ္ဍီ စ ဘိက္ခု စ။
သတ္ထာ ဘိဘူ စ သဗ္ဗညူ၊
ဂေါတိ ပုလ္လိင်္ဂသင်္ဂဟော။ ။

ပုလ္လိင် ပြည့်စုံပြီ။

---

## အာကာသာနဉ္စ-ဈာနဝီထိလိုင်အခန်း။

၄၇၁-မေး။ ။အာကာသာနဉ္စ ဈာနဝီထိလိုင်ကို ရုပသိဒ္ဓိဆရာ အဘယ့်ကြောင့် ဘွင့်ပြတော် မမူပါသနည်း။

၃၇၁-ဖြေ။ ။မထင်ရှား သောကြောင့် ဘွင့်ပြတော်မမူခဲ့ပါ။

**အကာရန္တော ဣတ္ထိလိင်္ဂ သဒ္ဒေါ အပ္ပသိဒ္ဓေါ။**

ရူပသိဒ္ဓိ။

---

## ဣတ္ထိယမတော အာပစ္စယော။

**(အာဒေသဝိဓိသုတ်။)**

၃၇၂-မေး။ ။ဤသုတ်၏ အင်္ဂါများကို ပြပြီးလျှင် ဥဒါဟရုဏ်တခုမျှ ထုတ်ပြပါ။

၃၇၂-ဖြေ။ ။(၁) ဣတ္ထိလိင်လည်း ဖြစ်စေ၊
(၂) အကာရန္တလည်း ဖြစ်စေ၊
ဤသို့ အင်္ဂါနှစ်ပါး ရှိလျှင် (အာ)ပစ္စည်း သက်ပါ၏။

ဥဒါဟရုဏ်ကား-"**ကညာ**"စသည်တည်း။

---

၃၇၃-မေး။ ။ဤသုတ်ဖြင့် အကာရန္တ ဣတ္ထိလိင်၏ နောက်၌သာ(အာ)ပစ္စည်း သက်နိုင်သည်၊ အအကာရန္တ ဣတ္ထိလိင်တို့ နောက်၌မူကား (အာ)ပစ္စည်း မသက်နိုင်၊ ဤသို့ မှတ်သား ရအံ့လော၊ ဥဒါဟရုဏ်နှင့်တကွ ရှင်းခဲ့ပါ။

၃၇၃-ဖြေ။ ။ (၁) **သဗ္ဗညုတာ၊**
(၂) **ဇနတာ၊**
(၃) **ဒေဝတာ၊**

ပုဒ်တို့၌(အာ)ကာသရုက္ခ ရုက္ခဝိုလ်ငါနောက်၌
လည်း အာ-ပစ္စည်းသက်နိုင်ပါသေး၏။
(အာပစ္စယော-ဟူသော "ဒွိဓာကရဏာ ယောဂ
ဝိဘာဂ"ဖြင့်သက်။)

---

၃၇၄-မေး။ ။ဤသုတ်ဖြင့် အာကာသရုက္ခ ရုက္ခဝိုလ်ငါ၌သာ
မဟုတ်သေး၊အာကာသရုက္ခ ပကတိရှိသော
ရုက္ခဝိုလ်ငါ တို့၌လည်း သက်နိုင် ပါလျှင်
အလုံးစုံတို့နှင့် ဆက်ဆံနိုင်အောင် (ရုက္ခ
ယံ အာပစ္စယော) ဤသို့သော မိန့်ဆိုထိုက်
ပါလျက် (အတော)သဒ္ဒါ ထည့်ရခြင်း၏
အကြောင်းကို ပြဆိုပါ။

၃၇၄-ဖြေ။ ။အာကာသရုက္ခ ရုက္ခဝိုလ်ငါ၏ နောက်၌သာ
များသောအားဖြင့် သက်သည်ဟု သိစေ
လိုသောကြောင့်တည်း။

---

၃၇၅-မေး။ ။ရုက္ခဝိုလ်ငါဟော(အာ)ပစ္စည်း,ဤ ပစ္စည်း,
ရုနီ ပစ္စည်းတို့နှင့် တခြိတ်(ဏာ)စသော
ပစ္စည်းတို့၏ အထူးကို ဘော်ပြခဲ့ပါ။

၃၇၅-ဖြေ။ ။(၁) ရုက္ခဝိုလ်ငါဟော (အာ, ဤ, ရုနီ)
ပစ္စည်း တို့သည် ပထမာ ဝိဘတ်တို့
ကဲ့သို့ ပကတိ သိငါပုဒ်၏ အနက်ကို
ထွန်းပြ ရုံသာ ထွန်းပြ နိုင်ကုန်၏။
မဟောာတတ်ကုန်။

(၂) ကာ-စသော တဒ္ဓိတ် ပစ္စည်းတို့သည်ကား ပစ္စည်း၏ အနက်ကိုရင်း ပကတိလိင်ပုဒ် ၏ အနက်ကိုရင်း ဟောတတ်ကုန်၏။

(ဤကားအထူး။)

**ပကတျတ္ထ ဇောတကာ၊**
**ရတ္တိပစ္စယာ သျာဒယော ဝိယ။**
**ကာဒယော ပစ္စယတ္ထဿ၊**
**သကတ္ထဿာပိ ဝါစကာ။ ။ရူပသိဒ္ဓိ။**

---

၃၇၆-မေး။ ။ဤသုတ်ဖြင့် (အာ) ပစ္စည်း သက်၍ ကပ်ပြီးခဲ့သည်ရှိသော်"**ကညာ**" စသောပုဒ် ကို အဘယ်အကျိုး၌ နာမ်ကဲ့သို့ ငဲ့ရပါ သနည်း။

၃၇၆-ဖြေ။ ။ဝိဘတ်သက်နိုင်ခွင့် ရပါစေခြင်း အကျိုး၌ နာမ်ကဲ့သို့ငဲ့ရပါသည်။

**အဓိပ္ပါယ် ရှင်းလင်း ဖော်ပြချက်။**

လိင်တို့၏ သဘောမှာ.......(၁) ဓာတ်, ပစ္စည်း ဝိဘတ်သည်ကြဉ်ခြင်း၊
(၂) ဖြစ်အနက် ရှိခြင်း။

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါမှ လိင်မည်ပါ၏၊ နာမ်မည်ပါ၏။ ယခု(ကညာ)ပုဒ်သည် အာပစ္စည်းနှင့် ယှဉ်ကပ်လျက်ပါရှိနေရကား လိင် မဟုတ်တော့ပါ။ နာမ်မမည်နိုင်တော့ပါ။ လိင်မမည်ပါလျှင်(တတော စ ဝိဘတ္တိယော)လိင်၏ နောက်၌သာဝိဘတ်သက်ရမည်ဟူသောစည်းမျဉ်း

ဥပဒေအရ ဝိဘတ်သက်နိုင်ခွင့်မရှိတော့ပါ။ ထို့ကြောင့် ဝိဘတ်သက်နိုင်ခွင့်ရပါစေခြင်းအကျိုးငှါ နာမ်ကဲ့သို့ ငဲ့ရပါသည်။

ဓာတုပစ္စယ ဝိဘတ္တိ ဝဇ္ဇိတ မတ္တဝံ လိင်္ဂတ္တိ
ဝိုတ္တတ္တာဝ ပစ္စယန္တသာပိ အလိင်္ဂတ္တာ၊
ဝိဘတ္တျုပ္ပတ္တိယ မသမ္ဘဝတ္တာယံ တဒ္ဓိတ။ လ။
ဒိသုစာတိ ဧတ္တ စသဒ္ဒေန ဍတ္တိ ပစ္စ
ယန္တသာပိ နာမဗျပဒေသော။ ။

ရူပသိဒ္ဓိ။

## ဘုရားကြီးတိုက်အုပ် ဆရာတော်နှင့် ဆရာတော် ဦးရန်ကုန်တို့အလို။

(၁) ဓာတ်၊ ပစ္စည်း၊ ဝိဘတ်ကို ကြဉ်ခြင်း၊
(ဝါ) ဓာတ်၊ ပစ္စည်း၊ ဝိဘတ် မပါရခြင်း၊
(၂) ဖြစ်အနက်ရှိခြင်း၊

ဤသို့ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါမှ လိင်ဟု ခေါ်ရမည် ဆိုပါလျှင် (ကည)သဒ္ဒါသည် အာပစ္စည်းမသက်မီကပင်(က-မ)ဓာတ်(ဍ)ပစ္စည်း ပါရှိနေ၏။ (ပုရိသ)ပုဒ်၌လည်း သိဝိဘတ် မသက်မီကပင် (ပုရ) ဓာတ်နှင့် (ဣသ)ပစ္စည်း ပါရှိနေ၏။ လိင်၏ အင်္ဂါနှစ်ပါးအရနှင့် စစ်ဆေးလိုက်ပါက အဘယ်သဒ္ဒါသည် လိင်မည်တော့မည်နည်း။ ဓာတ်၊ ပစ္စည်း စသည်နှင့် ကင်းသောသဒ္ဒါဟူ၍လည်း လောက၌ မရှိကောင်း ပါတကား။

(တတော စ ဝိဘတ္တိယော)ဟူသော သဒ္ဒါ၏ စည်းမျဉ်းဥပဒေသ ကျနအောင် မည်သို့ဝိဘတ် သက်ကြမည်နည်း ဟူမူကား "တဒ္ဓိတ" စသော သုတ်ဖြင့် နာမ်ကဲ့သို့ငဲ့ရမည်။ နာမ်ကဲ့သို့ ငဲ့လိုက်ပါက ဓာတ်၊

ပစ္စည်းတို့ ထင်ရှားရှိနေပါပြားသော်လည်း မရှိသကဲ့သို့ ဖြစ်သွားကြသတည်း။ ထို့ကြောင့်လိုင်၏ အင်္ဂါနှင့်ပြည့်စုံ၍ သဒ္ဒါ၀စည်းမျဉ်းဥပဒေသအရ ဝိဘတ်သက်နိုင်တော့သတည်း–ဟူလို။

(မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ပင်းသာ ဆရာတော်ဘုရားထံမှ နာခံမှတ်သားရ၏။)

---

## (အာဓာရ။)

### (သညာသုတ်။)

၃၇၇-မေး။ ။ဤသုတ်၏ အင်္ဂါများကို ဘော်ပြခဲ့ပါ။

၃၇၇-ဖြေ။ ။(၁) လိုင်၏ အဆုံး၌ (အာ)သရရှိခြင်း၊ (၂) ဣတ္ထိလိုင်ကို ဟောခြင်း၊ ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင်(အာ) သရကို(ဃ)အမည်မှည့်ပါ၏။

---

၃၇၈-မေး။ ။ဤသုတ်ဖြင့် ဣတ္ထိလိုင်ဟော (အာ)သရကို(ဂ)အမည်မမှည့်မူ၍(ဃ)အမည်မှည့်ရခြင်း၏ အကြောင်းကို ဘော်ပြပါ။

၃၇၈-ဖြေ။ ။(အာ) သရသည် (ဒီဃ) သရဖြစ်သောကြောင့် (ဒီဃ)မှ (ဃ)ကိုယူ၍ မှည့်ထားရပါ၏။

---

၃၇၃-မေး။ ။ဤသုတ်ကို (အာ)တပုဒ် (ဧဟာ) တပုဒ်၊ ဤသို့ နှစ်ပုဒ် ရှိ၏-ဟု ဝေဘန်ထားရာ "အက္ခရသမူဟောပဒံ" အက္ခရာ အပေါင်းသည် ပုဒ်မည်၏-ဟူသော စကားနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလော။

၃၇၉-ဖြေ။ ။"ပဋ္ဌတေ ဉာယတေ အတ္တော တေနာတိ ပဒံ" အနက်ကို သိခြင်း၏ အကြောင်းဖြစ်သော ကြောင့် ပုဒ်မည်၏-ဟူသည်နှင့် အညီ အာ-အက္ခရာသည် ရုဋ္ဌိလိင် ဟူသော အနက်ကို သိစေတတ်၊ ဟောတတ်သည် ၏ အဖြစ်ကြောင့်၎င်း၊

"ဝိဘတျန္တံ ပဒံ" ဝိဘတ်တလုံး အဆုံးရှိခြင်းသည် ပုဒ်မည်၏-ဟူသည်နှင့် အညီ ဝိဘတ်တလုံး အဆုံး ရှိသောကြောင့်၎င်း ပုဒ်မည်ပါ၏။

"အက္ခရသမူဟော ပဒံ" ဟူသော စကားနှင့် မဆန့်ကျင်နိုင်ပါ။

---

၃၈၀-မေး။ ။သန္ဓိကျမ်းလာ သညာသုတ်တို့နှင့် နာမ်ကျမ်းလာ သညာသုတ်တို့၏ အထူးကို ဘော်ပြခဲ့ပါ။

၃၈၀-ဖြေ။ ။(၁) သန္ဓိကျမ်းလာ သညာ သုတ်တို့ကား ဝါကျသို့ အစဉ် လိုက်သော

အနက်ကို ပြတတ်သော အနွတ္ထသညာ သုတ်တို့တည်း။

(၂) နာမ်ကျမ်းလာ သညာ တို့ကား ဝါကျသို့ အစဉ်လိုက်သော အနက်ကို မပြတတ် သော ရုဠှီ-သညာသုတ်တို့တည်း။

(ဤကား အလယ်။)

---

**ဿသော ၈။**

**(အာဒေသဝိဓိသုတ်။)**

၃၈၁-မေး။ ။ဤသုတ်၏ အင်္ဂါ တို့ကိုဖွင်း၊ ကာရိ, ကာရိယ တို့ကိုဖွင်း ဘော်ပြ၍ ဥဒါ ဟရဏ်လည်း ထုတ်ပြခဲ့ပါ။

၃၈၁-ဖြေ။ ။(၁) ဆဋ္ဌီ (ဿ)အမည်ရှိသော အာ- သရရှိခြင်း၊

(၂) နောက်၌(ဂ)မည်သော သိဝိဘတ် ရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် (ဂ) မည်သော သိဝိဘတ် ကာရိကို (ဧ)ကာရိ ယ ပြုရပါ၏။

ဥဒါဟရဏ်ကား "ကညေ" စသည်တည်း။

---

၃၇၂-မေး။ ။"သဒ္ဓေါ ဂသော်ဝါ" သုတ်မှ ကောရိယ-အလိုက် ခံပြီးလျှင် (ဃတောဝ)ဟုတည်က ပြီးလျက် ဧ-ကာရိယကို တိုက်ရိုက်ထည့်၍ တည်ရခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

၃၇၂-ဖြေ။ ။ဧ-ကာရိယကို အလိုက်ခံလျှင်(အ-အာ-ဣ-ဤ) ကာရိယတို့လည်း လိုက်လာကြမည် ကေန်တည်း။ ထို(အ-အာ-ဣ-ဤ) ကာရိယတို့ကို နစ်စေခြင်း အကျိုးဌါ ဧ-ကာရိယကို တိုက်ရိုက်ထည့်ရပါ၏။

ဣဟ ဂေဟာတကရဏံ သေသနိဝတ္တနတ္ထံ။

ရှာသ။

---

၃၇၃-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကိုထင်ရှား အောင် ပြဆိုခဲ့ပါ။

၃၇၃-ဖြေ။ ။(၁) (က) သေဋ္ဌိ-ဓီတော၊
(ခ) ရာဇ-ဓီတော၊
(ဂ) ဒေဝ-ဓီတော၊

စသော ဥဒါဟာရဏ်တို့၌ (ပ)မှနောက်၌ဖြစ်သော (ဂ) မည်သော သိဝိဘတ်ကိုလည်း(ဧ) ပြုသေး၏-ဟု ဆည်းခြင်း အနက်လည်းရှိ၏။ (နိဒ္ဒေသ,ကစ္စာယနဝဏ္ဏနာ။)

(၂) "နအဗ္ဗာဒိတော"ဟု ဆိုလတ္တံ့ဖြစ်သောကြောင့်"န အဗ္ဗာ ဒိတော" သုတ်ဖြင့် ဖြစ်အပ်သည်မှ ကြွင်းသော အချို့သော ဥဒါဟရဏ်တို့၌(ဂ)ကို အမြဲ(ဧ)ပြုရမည်ဟု သန္နိဋ္ဌာန အနက်လည်းရှိ၏။ ။

(န္ယာသ,နိဒ္ဒေသ။)

---

ဃာတော နာဒီနံ။

(အာဒေသဝိဓိသုတ်။)

၃၈၄-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံပါမှ မည်သည့်ကာရိယမျိုး ရောက်နိုင်သည်ဟု ဥဒါဟရဏ်နှင့် တကွ ရှင်းပြခဲ့ပါ။

၃၈၄-ဖြေ။ ။(၁) ရှေ့၌ (ဃာ) မည်သော အာသရရှိခြင်း၊

(၂) နောက်၌နာ-စသောဧကဝုစ်ဝိဘတ်(၅)လုံး ရှိခြင်း။

ဤသို့အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် နာ-စသော ဧကဝုစ်ဝိဘတ်(၅)လုံးကာရိကို (အာယ)ကာရိယပြုရပါ၏။

ဥဒါဟရဏ်ကား "ကညာယ" စသည်တည်း။

---

၃၇၅-မေး။ ။"တယောနေ၀စ သဗ္ဗနာမေ ဟိ" သုတ် သို့ (အာ-ဧ-အာယ) ကာရိယ သုံးပါး လိုက်လာ ကြသောကြောင့် ဤသုတ်သို့ လည်း သုံးပါးလုံး ဆက်၍လိုက်လာသင့် ပါလျက် အဘယ်ကြောင့်(အာယ) ကာရိ ယသာ လိုက်လာပါသနည်း။

၃၇၅-ဖြေ။ ။"အာယစတုတ္ထေကဝစနဿတု"သုတ် မှ ဧကဝစန-သဒ္ဒါသည်သာ ဤသုတ်သို့ လိုက်လာသောကြောင့် ဧကဝစန-သဒ္ဒါ ၏ ကာရိယဖြစ်သော (အာယ)ကာရိယ သာ လိုက်လာပါ၏။ ။(နိဒ္ဒေသ)။

---

၃၇၆-မေး။ ။ဤသုတ်၏ ဝုတ္တိ၌ (တဿ္မာဝါတော) ဟု (တဿ္မာ) သဒ္ဒါ ထည့်၍ ဖွင့်ရခြင်း၌ ကစ္စည်းဆရာ၏ အဘောဂ်ကို ထုတ်ပြ ခဲ့ပါ။

၃၇၆-ဖြေ။ ။ဤသုတ်၌ (ဝါ)သည် အခြားမဟုတ်၊ (အာဝေါ) သုတ်ဖြင့် အမည်မှည့်ထား သော (ဝါ)ဟု သိစေတော် မူလိုသော ကြောင့် (တဿ္မာ)ဟု ထည့်၍ ဖွင့်ရ ပါ၏။

---

၃၇၇-မေး။ ။ဤသုတ်သည်(၁)မှ နောက်၌သာ (အာ ယ) ပြုနိုင်ပါသလော၊ အခြားသော ဌာန၌ မပြုနိုင်-ဟု မှတ်ရအံ့လော၊

၃၇၇-ဖြေ။ ။"ရာဇဗီတာယ" ဟူသော သမာသ်ပုဒ် ဥဒါ ဟရဏ်၌ (နာဒိနံ)ဟူသော "ဒွိခါကရဏာ ယောဂဝိဘာဂ"ဖြင့်(ပ)မှ နောက်၌လည်း (အာယ)ပြုနိုင်ပါသေး၏။ ။

(အာစရိယဝါဒ။)

---

သပစော-သို့ ယံဝါ။

(အာဒေသဝိဓိသုတ်။)

၃၇၈-မေး။ ။ဤသုတ်၏ အင်္ဂါတို့ကိုရင်း၊ ကာရီ,ကာ ရိယတို့ကိုရင်း ဘော်ပြ၍ ဥဒါဟရဏ် လည်း ထုတ်ခဲ့ပါ။

၃၇၈-ဖြေ။ ။(၁) ရှေ့၌(၁-ပ)တို့ ရှိခြင်း၊

(၂) နောက်၌ သို့ ဝိဘတ် ရှိခြင်း၊

ဤသို့ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံ ပါလျှင် (သို့) ဝိဘတ် ကာရီကို (ယံ) ကာရိယ ပြုရပါ၏။

ဥဒါဟရဏ်ကား-"ကညာယံ" စသည်တည်း။

---

၃၇၉-မေး။ ။(ဃာ-ပ) သဒ္ဒါတို့၏ လိုက်လာ မှုကို လက်ခံပြီးလျှင် (ဿို ယံဝါ)ဟု တည်ပါက ပြီးစီး နိုင်ပါလျက် (ဃာ-ပတော) သဒ္ဒါ ထည့်ရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၃၇၉-ဖြေ။ ။(ဃာ-ပ) တို့ကို လက်ခံပါက (ဈ-လ)တို့ ထည်း လိုက်လာကြမည် ဖြစ်ရကား (ဈ-လ)တို့ကို နစ်စေခြင်း အကျိုးငှါ (ဃာ-ပတော)ဟု ထည့်၍ တည်ရပါ၏။

---

၃၉၀-မေး။ ။ဤသုတ်ပါ ဝါ-သဒ္ဒါ၏ အနက်ကို ဥဒါ ဟရဏ်နှင့်တကွ ထင်ရှားအောင် ဘော် ပြခဲ့ပါ။

၃၉၀-ဖြေ။ ။ **"ကညာယံ-ကညာယ"**

ဤဥဒါဟရဏ်တို့သည် ဝိကပ် အနက်ကို ဟောပါ၏။

**(နျာသ-နိဒ္ဒေသ)**

(၁) သဘာတိ **(သဘင်၌)**

(၂) ပရိသတိ **(ပရိသတ်၌)**

(၃) ပုဏ္ဏမာယေ**(လပြည့်နေ့၌)**

ဤဥဒါဟရဏ်တို့၌သို့ ဝိဘတ်၏ တိ-အပြု နှင့် အာယေ- အပြုတို့ကိုလည်း ဆည်း သော သမုစ္စည်းအနက်ကို ဟောပါ၏။

---

၃၉၁-မေး။ ။ကညာ-သဒ္ဒါ၏ ပဒမာလာကို ရုပ်သိဒ္ဓိ အလိုကျ စေ့ငှအောင် ရေးသား၍ စီရင်သောသုတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၃၉၁-ဖြေ။ ။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | ကညာ၊ | ကညာ, ကညာယော၊ |
| အာ | (ဘောတိ) ကညေ၊ | (ဘောတိယော) ကညာ, ကညာယော၊ |
| ဒု | ကညံ၊ | ကညာ, ကညာယော၊ |
| တ | ကညာယ၊ | ကညာဟိ, ဘိ၊ |
| စ | ကညာယ၊ | ကညာနံ၊ |
| ပ | ကညာယ၊ | ကညာဟိ, ဘိ၊ |
| ဆ | ကညာယ၊ | ကညာနံ၊ |
| သ | ကညာယံ, ကညာယ၊ | ကညာသု၊ |

စီရင်သောသုတ်များ။

(၁) ဃတ္တိ။လ။အာပစ္စယော၊

(၂) တဒ္ဓိတ။လ။တုနာဒီသု စ၊

(၃) သေသတောလောပံ ဂသိပိ၊

(၄) အာဃော၊

(၅) ဃပတော။လ။ပေါ၊

(၆) အာလ။လ။ဂသညော၊

(၇) ဃတေစ၊

(၈) ဃတောနာဒီနံ၊

(၉) သ္မာဟိ သ္မိံနံ မှာဘိမှိဝါ၊

(၁၀) ဃပတော သ္မိံ ယံဝါ၊

ဤသို့လျှင် (၁၀) သုတ် ရှိပါ၏။

၃၉၂-မေး။ ။ကညာ-သဒ္ဒါနှင့် ရုပ်စဉ်ရုပ်သွား တူကြသော ပုဒ်တို့ကို ထုတ်ပြခဲ့ပါ။

၃၉၂-ဖြေ။ ။

သဒ္ဓါ မေဓာ ပညာ ဝိဇ္ဇာ၊ စိန္တာ မန္တာ ဝီဏာ တဏှာ။
ဣစ္ဆာ မုစ္ဆာ ဧဇာ မာယာ၊ မေတ္တာ မတ္တာ သိက္ခာ ဘိက္ခာ။ ။
ဇင်္ဃာ ဂီဝါ ဇိဝှါ ဝါစာ၊ ဆာယာ အာသာ ဂင်္ဂါ နာဝါ။
ဂါထာ သေနာ လေခါ သာလာ၊ မာလာ ဝေလာ ပူဇာ ခိဍ္ဍာ။ ။
ပိပါသာ ဝေဒနာ သညာ၊ စေတနာ တသိဏာ ပဇာ။
ဒေဝတာ ဝဋ္ဋကာ ဂေါဓာ၊ ဗလာကာ ပရိသာ သဘာ။ ။
ဦကာ သေဖါလိကာ လင်္ကာ၊ သလာကာ ဝါလိကာ သိခါ။
ဝိသာခါ ဝိသိခါ သာခါ၊ ဝစာ ဝဉ္ဈာ ဇဋာ ဃဋာ။ ။
ဇေဋ္ဌာ သောဏ္ဍာ ဝိတဏ္ဍာ စ၊ ကရုဏာ ဝနိတာ လတာ။
ကထာ နိဒ္ဒါ သုဓာ ရာဓာ၊ ဝါသနာ သိံသပါ ပပါ။ ။
ပဘာ သီမာ ခမာ ဇာယာ၊ ခတ္တိယာ သက္ခရာ သုရာ။
ဒေါလာ တုလာ သိလာ လီလာ၊ လာလာ ဧလာ မေခလာ ကလာ။ ။
ဝဠဝါ အလမ္ဗုသာ မူသာ၊ မဉ္ဇူသာ သုလသာ ဒိသာ။
နာသာ ဇုဏှာ ဂုဟာ ဤဟာ၊ လသိကာ ဝသုဓာ။ ။

စသည်တို့တည်း။

## သဒ္ဒနီတိပဒမာလာမှ ထုတ်နုတ်သောပြချက်။

အတ္တနော နာရီ သာနာရီ။ ။အတ္တနော၊ မိမိ၏။ နာရီ-မိန်းမ တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ သာ နာရီ၊ သာနာရီမည်၏။

ဤသို့သော ဝစနတ္ထကြောင့် မိမိ၏ ဥစ္စာဖြစ်သော မိန်းမဟူသော အနက်ကို ဟောသော သာ-သဒ္ဒါ၏ ပဒမာလာကို ဤသို့ မှတ်သား အပ်၏။

| ဝိဘတ်များ။ | ကေဝုဒ်၊ | ဗဟုဝုဒ်၊ |
|---|---|---|
| ပထမာ | သာ၊ | သာ, သာယော၊ |
| ဒုတိယာ | သံ၊ | သာ, သာယော၊ |
| တတိယာ | သာယ၊ | သာဟိ, ဘိ၊ |
| စတုတ္ထီ | သာယ၊ | သာနံ၊ |
| ပဉ္စမီ | သာယ၊ | သာဟိ, ဘိ၊ |
| ဆဋ္ဌီ | သာယ၊ | သာနံ၊ |
| သတ္တမီ | သာယ, သာယံ၊ | သာသု၊ |

## နှ အမ္ဗာဒီတော။

### (ပဋိသေဓဝိမိသုတ်။)

၃၉၃-မေး။ ။ဤသုတ်သည် အဘယ်သုတ်၏ အစီအရင်ကို တားမြစ်သော ပဋိသေဓ ဝိဓိသုတ် ဖြစ်ပါသနည်း။

၃၉၃-ဖြေ။ ။"ဃာတော စ" သုတ်၏ အစီအရင်ကို တားမြစ်ပါသည်။

---

၃၉၄-မေး။ ။"ဃာတော စ" သုတ်ကို တားမြစ်ပုံကို သိသာရုံ ဘော်ပြခဲ့ပါ။

၃၉၄-ဖြေ။ ။ရှေ့က (ဃာ)မည်သော အာသဒ္ဒရှိသည် ဖြစ်စေ၊နောက်က ဂ-မည်သော သိဝိဘတ် ရှိသည်ဖြစ်စေ၊(အမ္ဗာ)စသော သဒ္ဒါတို့၏ နောက်၌ရှိကား၊ အာလုပ် ကေဝုစ်ဝိဘတ်

ကို "ဃာတေစ" သုတ်ဖြင့်(ဧ)မပြုရဟုတားဖြစ်ပါ၏။

---

၃၉၅-မေး။ ။ဤသုတ်ပါ အာဒိ- သဒ္ဒါဖြင့် ယူရမည့် (အာဒိဝန္တ)ပုဒ်တို့ကို ထုတ်ပြခဲ့ပါ။

၃၉၅-ဖြေ။ ။အဓိပ္ပာယ်-အဖြစ်ဖြင့် တူကြသော....

(၁) အန္တာ၊

(၂) အမ္မာ၊

(၃) တာတာ၊

စသောပုဒ်တို့ကို ယူရပါ၏။

---

၃၉၆-မေး။ ။"ကညာ" သဒ္ဒါနှင့် "အမ္မာ" သဒ္ဒါတို့၏ ရုပ်သွားရုပ်စဉ် ပဒမာလာချင်း တူ-မတူကို ဘော်ပြ၍ တူသောအရာ မတူသောအရာတို့ကို ညွှန်ရုံမျှ ညွှန်ပြခဲ့ပါ။

၃၉၆-ဖြေ။ ။အာလုပ် သိဝိဘတ် အရာ၌သာလျှင် ရုပ်ထူးပါ၏။

"နှ အမ္ဗာဒိတော" သုတ်ဖြင့် အာလုပ်သိဝိဘတ်ကိုဧ-မပြုရပဲ "အာကာရောဝါ" သုတ်ဖြင့် အာ-ကို အရဿပြု၍ "ဘောတိအမ္မ" ရသာမပြုပဲ "ဘောတိအမ္မာ" ဤမျှသာထူးပါ၏။

အာလုပ်ဧကဝုစ်သိဝိဘတ်မှတပါးအား
လုံးသော ဝိဘတ်တို့၌ (ကညာ) သဒ္ဒါနှင့်
တူပါသည်။

**အမ္ဗာဒီနံ အာလပနေဝ ရူပဘေဒေါ။ ။ရူပသိဒ္ဓိ။**

အာကာရန္တ-ဣတ္ထိလိင် ပြည့်ရုံပြီ။

---

# ဣကာရန္တ-ဣတ္ထိလိင်အခန်း။

၃၉၇-မေး။ ။ဣကာရန္တ- ဣတ္ထိလိင်ဟော သဒ္ဒါကား
အဘယ်ပါနည်း။

၃၉၇-ဖြေ။ ။(ရတ္တိ)သဒ္ဒါ ဖြစ်ပါသည်။

**ဣကာရန္တော ဣတ္ထိလိင်္ဂေါ ရတ္တိသဒ္ဒေါ။ ။ရူပသိဒ္ဓိ။**

---

**တော ဣတ္ထိချာ ပေါ်။**

**(သညာသုတ်။)**

၃၉၈-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် အမည် မှည့်ပုံ
ကို ထုတ်ပြခဲ့ပါ။

၃၉၈-ဖြေ။ ။(၁) လိင်၏ အဆုံး၌ ဣဝဏ်,ဥဝဏ်
ရှိခြင်း၊
(၂) ဣတ္ထိလိင်ကို ဟောခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် ဣ
ဝဏ်-ဥဝဏ်ကို (ပ)အမည် မှည့်ရပါ၏။

---

၃၉၉-မေး။ ။"ဣဝဏ္ဏုဝဏ္ဏာ ဈလာ"သုတ်မှ ဣဝဏ်-ဥဝဏ်တို့ လိုက်လာကြသည် မဟုတ်ပါလော၊ အဘယ်အကျိုးငှါ (တေ) သဒ္ဒါကို ထည့်ခါ ဣဝဏ်-ဥဝဏ် တို့ကို စွဲးရပါသနည်း။

၃၉၉-ဖြေ။ ။(၁) "ဣတ္ထိချာ"ဟူ၍ မှတ်အပ်သည်၏ အဖြစ်ကြောင့်ရင်း၊
(၂) "နဒါဒိတော ဝါ ဤ" ဟူ၍ ဆိုအပ်သည်၏ အဖြစ်ကြောင့်ရင်း၊

ဣဝဏ်တို့သာလျှင် လိုက်လာကုန်ရာ၏။ ဥဝဏ်တို့သည် မလိုက်လာကုန်ရာ။ ထို့ကြောင့် ဣဝဏ်-ဥဝဏ် အလုံးစုံတို့ကို ယူခြင်းအကျိုးငှါ (တေ)သဒ္ဒါကို ထည့်ရပါ၏။ **တနည်း။** ။"အာဃော" သုတ်သို့ မလိုက်စေခြင်းအကျိုးငှါ ထည့်ရပါ၏။

**သဗ္ဗေ ဂဏှိတုံ တေတိ နိက္ခိတ္တံ။**
**ဥပရိ အနနုဝတ္တနတ္ထာယ ဝါ။** ။နိဒ္ဒေသ။

---

၄၀၀-မေး။ ။တေ-ဟူသော သဒ္ဒါကို ဗဟုဝုစ်နှင့် မိန့်ဆိုသကဲ့သို့ (ပေါ်) ဟူသော သဒ္ဒါကိုလည်း (ပါ)ဟု ဗဟုဝုစ်ဖြင့် ညွှန်ပြထိုက်ပါလျက် အဘယ် အကျိုးငှါ ဧကဝုစ်ဝိဘတ်ဖြင့် (ပေါ်)ဟု ပြအပ်ပါသနည်း။

၄၀၀-ဖြေ။ ။ဤလက္ခဏ တည်းဟူသော တခုတည်းသော သညာဝ၌သာလျှင် စီရင်အပ်၏ဟု သိစေခြင်းအကျိုးငှါ ဧကဝုစ်ဝိဘတ်ဖြင့် ပြုအပ်ပါ၏။

ကေသညာယ စေ ဝိဟိတန္တိ ဥာပနတ္ထံ ကေ ဝစနံ ကတံ။ ။နိဒ္ဒေသ။

တနည်း။ ။(ပါ)ဟူ၍ဆိုလိုပါလျက် ရွတ်လွယ်စေခြင်းအကျိုးငှါ "တတော ယော နမောတု"သုတ်၌ တု-သဒ္ဒါဖြင့် ယော-ကို ဩ-ပြုထားပါ၏။

နိဒ္ဒေသ။

(ဝုတ္တိ၌- "ပသညာ" ဟု ဖွင့်ပြခြင်းကြောင့် ဒုတိယနည်းလည်း ဝုတ္တိနှင့် ညီမျှပါ၏။)

---

၄၀၁-မေး။ ။ဤလက္ခဏဟော ဝဂ်- ဥဝဏ်တို့ကို (ဈ-လ)ဟု ခွဲခြားခါ အမည်မမှည့်ပါပဲ အဘယ်ကြောင့် (ပ)အမည် တခုတည်းကို မှည့်ရပါသနည်း။

၄၀၁-ဖြေ။ ။ဤလက္ခဏတို့ မည်သည် ယုတ်ညံ့သောကြောင့် အယုတ်အနက်ဟော"ပါပ"သဒ္ဒါမှ (ပ)ကိုယူ၍ မှည့်ရပါ၏။

---

## ပဌော ယာ။

(အာဒေသဝိဓိသုတ်။)

၅၀၂-မေး။ ။ဤသုတ်၏ အင်္ဂါများကိုရင်း၊ ကာရီ,ကာရိယ တို့ကိုရင်း ဖော်ပြ၍ ဥဒါဟရဏ် လည်း ထုတ်ခဲ့ပါ။

၅၀၂-ဖြေ။ ။(၁) ဇွေန္ဒ(ပ)မည်သော ဣဝဏ်-ဥဝဏ် ရှိခြင်း၊

(၂) နောက်၌ (နာ) စသော ဧကဝုစ် ဝိဘတ်(၅)လုံးရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် (နာ-သ-သ္မာ-သ-သ္မိံ)ဟူသော ဧကဝုစ်ငါးလုံး ကာရီကို (ယာ)ကာရိယ ပြုရပါ၏။

ဥဒါဟရဏ် ကား"ရတ္တိယာ"စသည်တည်း။

---

၅၀၃-မေး။ ။ဤသုတ်ဖြင့် (ပ)မှ နောက်၌သော (ယာ) ပြုရမည်၊အခြားသော (ဈ-လ)တို့နောက်၌ (ယာ)မပြုနိုင် မှတ်ရအံ့လော။ ဥဒါဟရဏ် ထုတ်၍ ရှင်းလင်းပြခဲ့ပါ။

၅၀၃-ဖြေ။ ။"အတ္တိယာ-ဟေတုယာ" ဟူသော ဥဒါဟရဏ်တို့၌ (ယာ) ဟူသော "ဒွိဓာကရဏယောဂဝိဘာဂဖြင့်"ဖြင့် (ဈ- လ)မှ နောက်၌လည်း (ယာ)ပြုရပါသေး၏။

(အာစရိယဝါဒ)

---

## အမာပတော သမ္ပိံဍ္ဍာနံ ဝါ။

(အာဒေသဝိဓိသုတ်။)

၄၀၄-မေး။ ။ဤသုတ်သည် မည်သည့် အင်္ဂါများနှင့် ပြည့်စုံမှ မည်သည့်ကာရိယမျိုးရောက်နိုင် သည်ဟု ဆော်ပြ၍ ဥဒါဟရဏ်လည်း ထုတ်ခဲ့ပါ။

၄၀၄-ဖြေ။ ။(၁) ရှေ့၌(ပ)မည်သော ဗျဉ္ဇနာ-ဥပဏ္ဏာ ရှိခြင်း၊

(၂) နောက်၌ သမ္ပိံ-သမ္ပာ ဝိဘတ်ရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် သမ္ပိံ ဝိဘတ်ကို (အံ) သမ္ပာဝိဘတ်ကို(အာ)ပြုရ ပါ၏။

ဥဒါဟရဏ်ကား-"ရဇ္ဇုံ-ရဇ္ဇာ"စသည်တည်း။

---

၄၀၅-မေး။ ။ဤသုတ်ကို ဝိဘတ်အစဉ်အတိုင်း(အမာ ပတော-သမ္ပာသမ္ပိံနံဝါ)ဟု မိန့်ဆိုအပ်လျက် ဝိဘတ် အစဉ်ကို ပယ်ဖျက်၍ (သမ္ပိံ သမ္ပာနံဝါ)ဟု ဆိုခြင်း၌ အကျိုးကို ထုတ် ဆော်ခဲ့ပါ။

၄၀၅-ဖြေ။ ။သမ္ပိံဝိဘတ်ကို နောက် "အာဒိတော ဩ စ"သုတ်သို့ လိုက်စေခြင်းအကျိုး ရှိပါ၏။

သမ္ပိံဝစနဿ ဥဇ္ဇုရသုဇ္ဇာနုဝဇ္ဇနုဇ္ဇံ။

နိဒ္ဒေသော။

---

၄၀၆-မေး။ ။ဤသုတ်၌ (ပတော) ဟု မိန့်ဆိုခြင်းကြောင့် သဒ္ဒိ ဝိဘတ်ကို (အံ)သွာ-ဝိဘတ်ကို(အာ)ပြုခြင်းသည် ရှုဝဏ်-ဥဝဏ်တို့၏ နောက်၌ ပြုရမည်ဟု မှတ်သားရအံ့လော၊အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

၄၀၆-ဖြေ။ ။ "နိဒ္ဒေသအလို"

သာမည ဆိုပါသော်လည်း ထင်ရှားသည်၏ အဖြစ်ကြောင့် ရှုဝဏ်ကိုသာ ယူရပါ၏။ဥဝဏ်ကိုမယူရပါ။

**ပတောတိ သာမညေန ဝုတ္တေပိ ပါကဋ္ဌဘာဝေန ရှုဝဏ္ဏောယေဝ ဂဟေတဗ္ဗော။ ။နိဒ္ဒေသ။**

"ရူပသိဒ္ဓိအလို"

ဤသုတ်ပါ ဝါ-သဒ္ဒါသည်ဝဝတ္ထိတဝိဘာသာအနက်ကို ဟောခြင်းကြောင့် ရှုဝဏ်၏ နောက်၌သာ (အံ-အာ) ပြုရမည်၊ ဥဝဏ်၏ နောက်၌ မပြုရပါ။

**ဝဝတ္ထိတ ဝိဘာသတ္ထောယံ ဝါသဒ္ဒေါ၊ တေန ဥဝဏ္ဏန္တတော န ဟောတိ။ ။ရူပသိဒ္ဓိ။**

---

၄၀၇-မေး။ ။ဤသုတ်ဖြင့် ရှုဝဏ်၏ နောက်၌သာ သဒ္ဒိ ကို (အံ)သွာကို (အာ)ပြုရမည်ဆိုရာ၌ အမြဲတမ်းပြုရမည်ဟု မှတ်ရအံ့လော။

၄၀၇-ဖြေ။ ။အမြဲတမ်း ပြုရမည်မဟုတ်ပါ၊ ပြယုဂ်အား လျော်စွာသာလျှင် ပြုရပါ၏။

ဠ၀ဏ္ဏာနုက္ကမတော ပိ ယထာ ပယောဂံ။ ။ရူပသိဒ္ဓိ။

၄၀၈-မေး။ ။(က) နိဒ္ဒေသ အလိုအားဖြင့် ဝါ-သဒ္ဒါသည် ဝိကပ်အနက်ကို ဟော၏။
(ခ) ရူပသိဒ္ဓိ အလိုအားဖြင့် ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ကို ဟော၏-ဟု ဆိုရာ၌ ၎င်းတို့၏ အထူးကို သိသာရုံဘော်ပြပါ။

၄၀၈-ဖြေ။ ။(က) နိဒ္ဒေသအလို-ဝိကပ်သည် ရုံခါ စီရင်၍ ရုံခါမစီရင်ရသော အနိစ္စ ဝိဓိကို ပြပါ၏။
(ခ) ရူပသိဒ္ဓိအလို- ဝဝတ္ထိတ ဝိဘာသာသည် နိစ္စဝိဓိ, အနိစ္စဝိဓိ, အသန္တဝိဓိ၊ သုံးပါးလုံး ကိုင်၎င်း၊ ရုံခါနှစ်ပါးကို၎င်း၊ ရုံခါတပါးပါး ကို၎င်း ပြပါသည်။

(ဤကားအထူး။)

၄၀၉-မေး။ ။ဤသုတ်ပါ ဝါ-သဒ္ဒါ၏ အနက်ကို မည်သည့် ဝိဓိတို့၌ ဖြစ်သည်ဟု ရူပသိဒ္ဓိ

အလိုကျအောင် ဥဒါဟရဏ် ထုတ်ပြီး ရှင်းလင်းဖော်ပြခဲ့ပါ။

၅၀၉-ဖြေ။ ။"ရတျံ-ရတ္တိယံ" စသော ဣဝဏ္ဏန္တ ဥဒါဟရဏ်တို့၌(အနိစ္စပိဒ်)"ဓေနုယံ" စသော ဥဝဏ္ဏန္တ ဥဒါဟရဏ်တို့၌ (အသန္တပိဒ်) ဤနှစ်ပါးကို ပြပါ၏။

---

၅၁၀-မေး။ ။ဤသုတ်ဖြင့် သဗ္ဗာဝိဘတ်ကိုသာ(အာ)ပြုနိုင်သည်၊ အခြားသော ဝိဘတ်တို့ကိုမူ (အာ) မပြုနိုင်၊ဤသို့ မှတ်သားရအံ့လော၊ အာစရိယဝါဒ ရှိသလို ဖြေဆိုပါ။

၅၁၀-ဖြေ။ ။(၁) ရတျာ ရတ္တိ စန္ဒော။ (နာ-အဘို့)
ရတျာ ဟိယာမံ။ (သ-အဘို့)
ပထဗျာ စာရုပုဗ္ဗင်္ဂီ။ (သ္မိံ-အဘို့)

ဤဥဒါဟရဏ်တို့၌ အစဉ်အတိုင်း (နာ-သ-သ္မိံ)ဝိဘတ်တို့ကိုလည်း(အာပတော) ဟူသော"ဒွိဓာကရဏ ယောဂဝိဘာဂ" ဖြင့်(အာ)ပြုရပါသေး၏။ ။(အာစရိယဝါဒ)

(သဒ္ဒနီတိ၌"နာ-သ-သ္မိံ နမာ"ဟု သုတ်သီးခြားတည်၏။

---

ပဿညသာ ၈။

(အာဒေသဝိဓိသုတ်။)

၄၁၁-မေး။ ။ဤသုတ်၏ အင်္ဂါနှင့် ကာရီ,ကာရိယ တို့ကို ရေးသားပြီးလျှင် ဥဒါဟာရုဏ်ကို လည်း ထုတ်ပြပါ။

၄၁၁-ဖြေ။ ။(၁) နောက်၌ ယောဝိဘတ်၊ ဧကဝုစ် ဝိဘတ်တို့၏ အပြုဖြစ်သော သရ နှောင်းခြင်း၊
(၂) ရှေ့၌(ပ)မည်သော ဧဝဏ်ရှိခြင်း။
ဤသို့ အင်္ဂါနှစ်ပါး ပြည့်စုံပါလျှင် (ပ) မည်သော ဧဝဏ်ကာရီကို (ယ)ကာရိယ ပြုရပါ၏။

ဥဒါဟာရုဏ်ကား-"ရဇ္ဇာ" စသည်တည်း။

---

၄၁၂-မေး။ ။"တေ ဧတ္တိချာ ပေါ်"သုတ်ဖြင့် ဧတ္တိလိင် ဟော ဧဝဏ်-ဥဝဏ်မှန်သမျှ (ပ)မှည့် ထားသောကြောင့် ဤသုတ်၌လည်း (ပ သညာ)အရ ဧဝဏ်-ဥဝဏ်နှစ်ပါးလုံးကို ယူရပါမည်လော၊အကြောင်းပြ ဖြေဆိုပါ။

၄၁၂-ဖြေ။ ။"ယဝကာရာစ" သုတ်မှ(ယ) အက္ခရာ သာလျှင် လိုက်၍ လာခြင်းကြောင့် (ပ သညာ)သဒ္ဒါဖြင့် ဧဝဏ်ကိုသာ ယူအပ် ပါ၏။ဥဝဏ်ကို မယူရပါ။

ဓာတွေ စ ယာကာရသေဝါဒိကာရတော
ပသဉ္ဇဂ္ဂဟာဏေန ဓာဝဏ္ဏောဝ ဂယှတိ။
ရူပသိဒ္ဓိ။

---

၄၁၃-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါဖြင့် ညွှန်းအပ်သော အနက်တို့ကို သိသာမျှ ထုတ်ပြပါ။

၄၁၃-ဖြေ။ ။ (၁) ရူပသိဒ္ဓိအလို
"ရဏ္ဍော" စသည်တို့၌ (ယ)အပြုကို နှစ်သက်၏။
(၂) နိရုတ္တိသာအလို
"ယဝကာရာစ" သုတ်မှ (ယ) အကြောင်းကို ငင်ပါသည်။

(၁) စဂ္ဂဟာဏံ ရဏ္ဍောတျာဒိသု နိဝတ္တနတ္ထံ။ ။ရူပသိဒ္ဓိ။
(၂) စဂ္ဂဟာဏေန ယကာရာ နုကဍ္ဍနတော ဝကာရော နိဝတ္တတိ။
နိရုတ္တိသာ။

---

၄၁၄-မေး။ ။သဒ္ဒိအခဏ်းလာ "ဓာဝဏ္ဏော ယံ န ဝါ" သုတ်ဖြင့် (ယ)အပြု ပြီးကောင်းပါလျက် ဤသုတ်ကို ထုတ်ဆိုခြင်း၌ အကျိုးကို ရေးသားခဲ့ပါ။

၄၁၄-ဖြေ။ ။ဓာတ္တိလိင် ဝိဘတ်အပြု သရုပ်မိတ်ကို သိမ်းကျုံးယူခြင်း အကျိုးရှိပါ၏။

ပုနာရမ္ဘဂ္ဂဟဏံ ဣတ္ထိလိင်္ဂဿ ဝိဘတျာဒေ
သဿ သရနိမိတ္တဿ စ သင်္ဂဟဏတ္ထံ။ ။

နိဒ္ဒေသ။

---

၄၁၅-မေး။ ။သန္ဓိကျမ်းလာ (ယ)ပြုသော သုတ်တခု နှင့် နာမ်ကျမ်းလာ(ယ)ပြုသော သုတ်နှစ်ခု တို့ကို ထုတ်ပြ၍ အထူးကိုလည်း ရေး ခဲ့ပါ။

၄၁၅-ဖြေ။ ။(၁) ဣဝဏ္ဏောယံ နဝါ။ (သရရှိုးရှိုးနောင်း ရာ၌ အမည်မရှိသော ဣဝဏ်ကို ယ-ပြု၏)။

(၂) ယဝကာရာစ။ (သရရှိုးရှိုးနောင်းရာ၌ ဈ-မည်သော ဣဝဏ်-ကို ယ-ပြု၏)။

(၃) ပသညာသာစ။ (ဝိဘတ်အပြုသရနောင်း ရာ၌ ပ- မည်သော ဣဝဏ်- ကို ယ- ပြု၏။)

(ဤကား အထူး)

တနည်းကား

(၁) ဣဝဏ္ဏောယံနဝါ။ (လိင်သာမည၌ ယ-ပြု၏။)

(၂) ယဝကာရာစ။ (ပုလ္လိင်နပုလ္လိင်၌ ယ-ပြု၏။)

(၃) ပသညာသာစ။ (ဣတ္ထိလိင်၌ ယ-ပြု၏။)

---

## အာဒိတော ဩခ။

(အာဒေသဝိဓိသုတ်)။

၄၁၆-မေး။ ။ဤသုတ်၏ အင်္ဂါများကိုင်း၊ ကာရိ၊ ကာရိယတို့ကိုင်း ရေးသား၍ ဥဒါဟရဏ်လည်း ထုတ်ခဲ့ပါ။

၄၁၆-ဖြေ။ ။(၁) ရှေ့၌ အာဒိသဒ္ဒါရှိခြင်း၊
(၂) နောက်၌ သတ္တ-ဝိဘတ်ရှိခြင်း၊
ဤအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါလျှင် သတ္တ-ဝိဘတ်ကာရီကို (အံ-ဩ)ကာရိယ ပြုရပါ၏။

ဥဒါဟရဏ်ကား "အာဒိံ-အာဒေါ" စသည်တည်း။

---

၄၁၇-မေး။ ။(အာဒိတောဩ)ဟုသာ သုတ်ကို မိန့်ဆို တော်မမူပဲ (အာဒိတော ဩခ)ဟု စ-သဒ္ဒါကိုထည့်၍ မိန့်ဆိုတော်မူခြင်းသည် အဘယ်အကျိုး ရှိပါသနည်း။

၄၁၇-ဖြေ။ ။"ရတ္တာ-ရတ္တိံ-ရတ္တော" ဤဥဒါဟရဏ်တို့၌ (အာဒိ)သဒ္ဒါမှ တပါးသော သဒ္ဒါတို့၏ နောက်၌လည်း သတ္တ-ဝိဘတ်ကို (အာ-အံ-

(ဉ)ကာရိယ သုံးချက် ပြုနိုင်သေး၏-ဟု သိစေခြင်း အကျိုးရှိပါ၏။

စသဒ္ဒေန အညသ္မာပိ အာ-အံ-ဉ-အာဒေသာ။

ရူပသိဒ္ဓိ။

---

၄၁၇-မေး။ ။ရတ္တိ-သဒ္ဒါ၏ ပဒမာလာကို ရူပသိဒ္ဓိ အလိုကျ စီစဉ်ပြီးလျှင် စီရင်သောသုတ်များကိုလည်း ထုတ်ပြခဲ့ပါ။

၄၁၇-ဖြေ။ ။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | ရတ္တိ။ | ရတ္တီ, ရတ္တိယော, ရတျော။ |
| အာ (ဟေ) | ရတ္တိ။ (ဟေ) | ရတ္တီ, ရတ္တိယော။ |
| ဒု | ရတ္တိံ။ | ရတ္တီ, ရတ္တိယော။ |
| တ | ရတ္တိယာ။ | ရတ္တီဟိ, ဘိ, ရတ္တိဟိ, ဘိ။ |
| စ | ရတ္တိယာ။ | ရတ္တီနံ, ရတ္တိနံ။ |
| ပ | ရတျာ, ရတ္တိယာ။ | ရတ္တီဟိ, ဘိ, ရတ္တိဟိ, ဘိ။ |
| ဆ | ရတ္တိယာ။ | ရတ္တီနံ, ရတ္တိနံ။ |
| သ | ရတျံ, ရတ္တိယံ, ရတျာ၊ ရတ္တိံ၊ ရတ္တော, ရတ္တိယာ၊ | ရတ္တီသု, ရတ္တိသု။ |

## စီရင်ရသောသုတ်များ။

(၁) သေသတော။လ။ပိ၊
(၂) တေ ဣတ္ထိချာ ပေါ၊
(၃) ဃပတော စ။လ။ပေါ၊
(၄) ယောသု။လ။ဒီဃံ၊
(၅) တတော ယောနမော တု၊
(၆) ပသညဿ စ၊
(၇) ဣုန္တနော စ ဝိသညောဂေ၊
(၈) အာလပနေ သိဂသညော၊
(၉) အံမော။လ။ရျလပေဟိ၊
(၁၀) ပတော ယာ၊
(၁၁) သုနံ ဟိသု စ၊
(၁၂) သ္မာဟိသ္မိံနံ မှာဘိမှိ ဝါ၊
(၁၃) အမှာပတော သ္မိံ သ္မာနံ ဝါ၊
(၁၄) ဃပတော သ္မိံ ယံ ဝါ၊
(၁၅) အာဒိတော ဩ စ၊

ဤသို့လျှင်(၁၅)သုတ် ရှိပါ၏။

---

၄၁၉-မေး။ ။ရတ္တိ-သဒ္ဒါနှင့် ပဒမာလာတူသော ပုဒ်များကို ထုတ်ပြခဲ့ပါ။

၄၁၉-ဖြေ။ ။

ပတ္တိ ယုတ္တိ ဝုတ္တိ ကိတ္တိ၊ မုတ္တိ တိတ္တိ ခန္တိ ကန္တိ။
သန္တိ ကန္တိ သိဒ္ဓိ သုဒ္ဓိ၊ ဣဒ္ဓိ ဝုဒ္ဓိ ဗုဒ္ဓိ ဗောဓိ။ ။
ဘူမိ ဇာတိ ပီတိ သုတိ၊ နန္ဒိ သန္ဓိ သာဏိ ကောဋိ။
ဒိဋ္ဌိ ဝုဋ္ဌိ တုဋ္ဌိ ယဋ္ဌိ၊ ပါဠိ အာဠိ နာဠိ ကေဠိ။ ။
သတိ မတိ ဂတိ စုတိ၊ ဓိတိ ယုဝတိ ဝိကတိ။
ရတိ ရုစိ ရသ္မိ အသနိ၊ ဝသနိ ဩသဓိ အင်္ဂုလိ။
ဓူလိ ဒုန္ဒုဘိ ဒေါဏိ အဋဝိ ဆဝိ။ ။

စသည်တို့တည်း။

ဣကာရန္တ-ဣတ္ထိလိင် ပြည့်ရုံပြီ။

---

# ဥကာရန္တ-ဣတ္ထိလိင်အခဏ်း။

၅၂၀-မေး။ ။ဥကာရန္တ ဣတ္ထိလိင်ဟောသဒ္ဒါကို ရုပသိဒ္ဓိအလိုကျ ထုတ်ပြခဲ့ပါ။

၅၂၀-ဖြေ။ ။"ဣတ္ထိ"သဒ္ဒါပင်တည်း။

ဥကာရန္တော ဣတ္ထိလိင်္ဂေါ ဣတ္ထီသဒ္ဒေါ။

ရုပသိဒ္ဓိ။

---

## နဒါဒိတောဝါဤ။

(အာဒေသဝိဓိသုတ်။)

၅၂၁-မေး။ ။ဤသုတ်၏ အင်္ဂါများကို ထုတ်ဆောင် ရေးသားပြီးလျှင် ဥဒါဟရဏ်လည်း ထုတ်ခဲ့ပါ။

၅၂၁-ဖြေ။ ။(၁) ဣတ္ထိလိင်၌ဖြစ်ခြင်း၊

(၂) "နဒ" စသော အကာရန္တ သဒ္ဒါ ဖြစ်ခြင်း၊

သို့မဟုတ်။

"နဒ"မှ တပါးသော ဥကာရန္တ- ဩကာရန္တ-သဒ္ဒါဖြစ်ခြင်း၊

ဤသို့ အင်္ဂါနှစ်ပါး ရှိပါသည်။

ဥဒါဟရဏ်ကား "နဒီ-ပုထဝီ-ဂါဝီ" စသည်တည်း။

---

၅၂၂-မေး။ ။ဤသုတ်၌ ဝါ-သဒ္ဒါကို ထည့်ရခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

၄၂၂-ဖြေ။ ။နဒီ-မှတပါးသော "ပုထု,ဂေါ" ဟူသော ဥကာရန္တ- ဩကာရန္တ- သဒ္ဒါ တို့၏ နောက်၌လည်း (ဤ)ပစ္စည်း သက်ခြင်းကို ပေါင်းခြင်း အကျိုးရှိပါ၏။

ဝါဂ္ဂဟဏမနဒါဒိသမ္ပိဏ္ဍနတ္ထံ၊
တေန ပုထုဂဝါဒိတော စ။ ။ရူပသိဒ္ဓိ။

## နိဒ္ဒေသ,ကစ္စာယနဝဏ္ဏနာတို့၏ အလို။

အာဒိ-သဒ္ဒါသည် ပကာရအနက်ကို ဟော၏။ နဒ-စသော သဒ္ဒါဖြင့် အဝိညာဏက (သက်မဲ့)ဣတ္ထိလိင်ချင်းတူသော သဒ္ဒါတို့ကို ယူအပ်၏။ အနဒ-စသော သဒ္ဒါဖြင့် သဝိညာဏက (သက်ရှိ)ဣတ္ထိလိင်ချင်းတူသော သဒ္ဒါတို့ကို ယူအပ်၏။

တတ္ထ နဒါဒိသဒ္ဒေန အဝိညာဏကံ ဂဟေတဗ္ဗံ၊
အနဒါဒိသဒ္ဒေန သဝိညာဏကံ ဂဟေတဗ္ဗံ၊
အာဒိသဒ္ဒေါ ပကာရတ္ထော။

---

## အံယာမိတော ပသညတော။

(အာဒေသဝိဓိသုတ်။)

၄၂၃-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့်ပြည့်စုံမှ မည်သည့် ကာရိယမျိုးရောက်နိုင်သည်ဟု ဘော်ပြ၍ ဥဒါဟရဏ် ထုတ်ခဲ့ပါ။

၄၂၃-ဖြေ။ ။(၁) ရှေ့၌ (ပ) မည်သော ဤအက္ခရာ ရှိခြင်း၊

(၂) နောက်၌ အံ-ဝိဘတ်ရှိခြင်း၊

ဤအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါလျှင် (အံ) ဝိဘတ်ကို (ယံ)ကာရိယ ပြုပါ၏။

ဥဒါဟရုဏ်ကား-"ဇုဏှိယံ"စသည်တည်း။

---

၄၂၄-မေး။ ။ဤသုတ်သည် (အံ)ဝိဘတ်ကို (ယံ)ပြုသောသုတ် ဖြစ်သောကြောင့် (အံယံ) ဟုသာ ဆိုထိုက် ပါလျက် (ဤတော ပသညာတော)တို့ကို ထည့်ရခြင်း၌အကျိုးကိုရေးသားခဲ့ပါ။

၄၂၄-ဖြေ။ ။(ဤတော)ဖြင့် ဇကာရန္တ-ဥကာရန္တ-ဣကာရန္တတို့ကို နစ်စေခြင်းအကျိုး ရှိပါ၏။ (ပသညာတော)ဖြင့် ဈ,လ, သညာ တို့ကို နစ်စေခြင်းအကျိုး ရှိပါ၏။

---

၄၂၅-မေး။ ။ဇုဏှိ- သဒ္ဒါ၏ ပဒမာလာကို ရူပသိဒ္ဓိ အလိုကျ ရေးသား ပြီးလျှင် စီရင်သည့် သုတ်များကိုလည်း ထုတ်ပြခဲ့ပါ။

၄၂၇-ဖြေ။ ။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| (ပ) | ရတ္တိ၊ | ရတ္တီ,ရတ္တိယော၊ |
| (အာ) | (ဘောတိ) ရတ္တိ၊ | (ဘောတိယော) ရတ္တီ,ရတ္တိယော၊ |
| (ဒု) | ရတ္တိယံ,ရတ္တိံ၊ | ရတ္တီ,ရတ္တိယော၊ |
| (တ) | ရတ္တိယာ၊ | ရတ္တီဟိ,ဘိ၊ |
| (စ) | ရတ္တိယာ၊ | ရတ္တီနံ၊ |
| (ပ) | ရတ္တိယာ၊ | ရတ္တီဟိ,ဘိ၊ |
| (ဆ) | ရတ္တိယာ၊ | ရတ္တီနံ၊ |
| (သ) | ရတ္တိယံ,ရတ္တိယာ၊ | ရတ္တီသု၊ |

ဓိရင်သော သုတ်များကား။

(၁) နဒါဒိတော ဝါ ဤ၊
(၂) တဒ္ဓိတ။လ။ဒီသုစ၊
(၃) သေသတောလောပံ ဂသိပိ၊
(၄) တေ-ရတ္တိ ချာပေါ၊
(၅) ဃပတောစယောနံလောပေါ၊
(၆) အဃော။လ။သွပိစ၊
(၇) အာလပနေ သိ ဂသညော၊
(၈) ဈလပါ ရဿံ၊
(၉) အံယမီတော ပသညတော၊
(၁၀) အံမော။လ။လပေဟိ၊
(၁၁) ပတောယာ၊
(၁၂) သွာဟိသ္မိံနံ မှာဘိမှိ ဝါ၊
(၁၃) ဃပတောသ္မိံ ယံ ဝါ၊

ဤသို့ (၁၃)သုတ် ရှိပါ၏။

---

၄၂၈-မေး။ ။ရတ္တိ-သဒ္ဒါနှင့် ရုပ်စဉ် ရုပ်သွား တူကြသော ပုဒ်တို့ကို ထုတ်ပြခဲ့ပါ။

၄၂၆-ဖြေ။ ။မဟီ ဝေတ္တရဏီ ဝါပီ၊ ပါဋလီ ကဒလီ ယဋ္ဌီ။
နာရီ ကုမာရီ တရုဏီ၊ ဝရုဏီ ဗြာဟ္မဏီ သခီ။
ဂန္ဓဗ္ဗီ ကိန္နရီ နာဂီ၊ ဒေဝီ ယက္ခီ အဇီ မိဂီ။
ဝါနရီ သူကရီ သီဟီ၊ ဟံသီ ကာကီ စ ကုက္ကုဋီ။

---

၄၂၇-မေး။ ။နဒီ သဒ္ဒါ၏ ပဒမာလာကို ရူပသိဒ္ဓိ အလို ကျ စေ့ရုံအောင် ပြုပြီးလျှင် နဒီ-သဒ္ဒါ၏ ရုပ်ထူးများကို စီရင်ပုံနှင့်တကွ အကျဉ်း ချုပ် ဖော်ပြပါ။

၄၂၇-ဖြေ။ ။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| (ပ) | နဒီ၊ | နဒီ,နဇ္ဇော,နဒိယော၊ |
| (အာ) | (ဟေ) နဒိ၊ | (ဟေ) နဒီ,နဇ္ဇော,နဒိယော၊ |
| (ဒု) | နဒိယံ,နဒိံ၊ | နဒီ,နဇ္ဇော,နဒိယော၊ |
| (တ) | နဇ္ဇာ,နဒိယာ၊ | နဒီဟိ,ဘိ၊ |
| (စ) | နဇ္ဇာ,နဒိယာ၊ | နဒီနံ၊ |
| (မ) | နဇ္ဇာ,နဒိယာ၊ | နဒီဟိ,ဘိ၊ |
| (ဆ) | နဇ္ဇာ,နဒိယာ၊ | နဒီနံ၊ |
| (သ) | နဇ္ဇံ,နဒိယံ,နဒိယာ၊ | နဒီသု၊ |

ရုပ်ထူးများမှာ။

(၁) နဇ္ဇော (အာလုပ်-ပဌမာ-ဒုတိယာ၊ ယော(၃)လုံး၊)

(၂) နဇ္ဇာ { တတိယာ-နာ၊စတုတ္ထီ-သ၊ ပဉ္စမီ-သ္မာ၊ဆဋ္ဌီ-သ၊ }

(၃) နဇ္ဇံ (သတ္တမီ-သ္မိံ၊)

**စီရင်ထားပုံ။**

(၁) "နတ္ထော"ကို နဒီ-တည်၊ ယောသက်၊ ယောဝိဘတ်ကို မချေပဲ၊ "တတော ယောနမောတုု"၌ တု ဖြင့် ဩ-ပြု၊ "ပ သညာသာ စ"ဖြင့် ဤ-ကို ယာ-ပြု၊ဒ-ကို ယာ-ကပ်၊ဈ-ကို ဇ-ပြု၊ဒွေဘော်ဆောင်၊ ဩ-ကပ်၊ပြီး၏။

(၂) "နတ္ထာ"ကို နဒီ-တည်၊နာ ၂-လုံး၊ သ- ၂-လုံးသက်၊ "အမာပတောသ္မိံ သ္မာနံ ဝါ"သုတ်မှ အာပတော- ဟူသော "ဒွိ ဓာကရဏ ယောဂဝိဘာဂ"ဖြင့် နာ- ၂-လုံး၊သ ၂-လုံးကို အာ-ပြု၊ "ပသ ညာသာ စ"ဖြင့် ဤ-ကို ယာ-ပြု၊ ဒ-ကို ယာ-သို့ကပ်၊ ဈ-ကို ဇ-ပြု၊ ဒွေဘော် ဆောင်၊ အာ- သို့ကပ်၊ ပြီးကြ၏။
(ဤ၌ သ္မာကို နာငံ့ပြီးမှတ်။ထို့ကြောင့် နာ- ၂-လုံးဆိုခဲ့၏)

(၃) "နတ္ထံ"ကို နဒီ-တည်၊သ္မိံ-သက်၊ "အမာပတော သ္မိံ သ္မာ နံ ဝါ" သုတ်ဖြင့် သ္မိံ-ကို အံ-ပြု၊အကြွင်းတူပြီ။

## မာတုလာဒိနာမာနုဋ္ဌဝိကာရော။

(အာဒေသဝိမိသုတ်။)

၄၂၈-မေး။ ။ဤသုတ်၏ အင်္ဂါများကိုဥ ငါးဒုံ၊ ကာရိယ ဘက္ကိုလည်း ရေးပြီးလျှင် ဥဒါဟရဏ်လည်း စွမ်းသမျှ ထုတ်ခဲ့ပါ။

၄၂၈-ဖြေ။ ။(၁) နောက်၌ (ဤ)ပစ္စည်း နှောင်းခြင်း၊ (၂) ရှေ့၌ (မာတုလ-အယျိက-ဝရဏာ) စသော သဒ္ဒါတို့တွင် တခုခုရှိခြင်း၊ ဤအင်္ဂါ ၂-ပါးနှင့် ပြည့်စုံပါလျှင် (မာတုလ-အယျိက-ဝရဏာ)စသော သဒ္ဒါတို့၏ အဝိတ် (အ)သရကာရိကို (အာန) ကာရိယ ပြုပါ၏။ ။ဥဒါဟရဏ်ကား....

"မာတုလာနီ-အယျိကာနီ-ဝရုဏာနီ"စသည်တည်း။

---

၄၂၉-မေး။ ။ဤသုတ်ပါ (အာဒိ) သဒ္ဒါ၏ အနက်ကို ဘော်ပြ၍ ၎င်း(အာဒိ) သဒ္ဒါဖြင့် ယူရမည့် (အာဒိဝန်)ပုဒ်များကို ထုတ်ပြခဲ့ပါ။

၄၂၉-ဖြေ။ ။အာဒိ-သဒ္ဒါသည် အတူ-ဟော ပကာရ အနက်ရှိ၏။ ထိုအာဒိ-သဒ္ဒါဖြင့် ဤ-ပစ္စည်း မရှိခဲ့သော် မာတုလသဒ္ဒါနှင့် ပုလ္လိင်ဟော အဖြစ်ဖြင့် တူသော (အယျက-ဝရဏာ) စသည်တို့ကို ယူရပါ၏။ ။အက္ခရာ သုံးလုံး

ချင်း တူသည့် (ဘိက္ခုနီ-ဓာလိနီ) စသော ဥဒါဟာရဏ်တို့ကို မယူရ။ ။ (နိဒ္ဒေသ။)

---

၄၃၀-မေး။ ။"မာတုလာဒိနမာနမိကာရေ"ဟူသုတ်ကို တည်ပါက လိုအပ်သော ရုပ်ပြီးနိုင်ပါ လျက် ဣ-ပစ္စည်းကို အထူးပြု၍ (မာနဣ ဒိကာရေ)ဟု မိန့်ဆိုရခြင်း၌ အကျိုးထူး များကို သုတ်ပြခဲ့ပါ။

၄၃၀-ဖြေ။ ။(က) ယောဝိဘတ်ကြောင့်နဒီ-သဒ္ဒါ၏ အစိတ်(ဒီ)ကို ဝိဘတ်နှင့် တကွ ဇ္ဇော-ပြု၍ "နဇ္ဇော"။

(ခ) နာ သ-သ္မာ-ဝိဘတ် တို့ကြောင့် နဒီ-သဒ္ဒါ၏ အစိတ်(ဒီ)ကို ဝိဘတ် နှင့်တကွ ဇ္ဇာ-ပြု၍ "နဇ္ဇာ"။

(ဂ) သ္မိံဝိဘတ် နှောင်းရာ၌ နဒီ-သဒ္ဒါ ၏ အစိတ် (ဒီ)ကို ဝိဘတ်နှင့် တကွ ဇ္ဇံ-ပြု၍ "နဇ္ဇံ"။

ဤရုပ်အထူးတို့ကို သိရခြင်းအကျိုး ရှိပါ၏။

---

၄၃၁-မေး။ ။နဒီ-သဒ္ဒါ နောက်၌ ယော-ဝိဘတ်သက်၊ "တတော ယော နမောတု"သုတ်ဖြင့် ဩ- ပြု၊"ပသညဿစ"သုတ်ဖြင့် ဤ-ကို ယ- ပြု၊ဒ-ကို ယ-သို့ကပ်၊ဒျ-ကို ဇ-ပြု၊ ဇ-ကို

သဒ္ဒါသဒွေဘော်ဆောင်၊ ဩ-သို့ကပ်လျှင် "နဠော" ရုပ် ဖြစ်နိုင်ပါလျက် အဘယ် အကျိုးငှါ အသျှင် ကစ္စည်းဆရာ မထေရ်သည် (မာတုလာဒီန မာနတ္တမိကာရေ) သုတ်၌ (အာနတ္တ) သဒ္ဒါဖြင့် စီရင်အပ်ပါ သနည်း။

၄၃၁-ဖြေ။ ။ပုဒ်ပြီးခြင်း၏ အကြောင်းထူးကို ပြခြင်း အကျိုး ရှိပါ၏။

နိပ္ဖါဒနုပါယန္တရဒဿနတ္ထတ္တံ ဒဠှံ။ ။ရူပသိဒ္ဓိ။

(နဠော–နဠံ-ပုဒ်တို့၌လည်း ဤနည်းကို မှီး၍ အမေး-အဖြေကို သိနိုင်ကြပြီ။

---

၄၃၂-မေး။ ။ဝုတ္တိ၌(အာနတ္တဂ္ဂဟဏေန)ဟု သဒ္ဒါလွန် သဒ္ဒါပိကို မိန့်ဆိုထားရာ အာန-နှင့် တ္တ- နှစ်ပါးတို့တွင် အဘယ်သဒ္ဒါကို သဒ္ဒါလွန် သဒ္ဒါပိ ဆိုပါသနည်း။(အာနတ္တ) ဤနှစ်ပါး လုံးကိုပင် သဒ္ဒါလွန် သဒ္ဒါပိ ဆိုလိုပါသလော၊ "နဠော" စသော ရုပ်အထူးကို စီရင် ခြင်းသည် အဘယ် သဒ္ဒါဖြင့် စီရင်ပါ သနည်း။

၄၃၂-ဖြေ။ ။တ္တ-ပစ္စည်းကိုသာလျှင် သဒ္ဒါလွန် သဒ္ဒါပိ ဟု ဆိုပါသည်။အာန-ကို ဆိုသည်မဟုတ် ပါ။ "နဠော" စသော ရုပ်အထူးကို စီရင်

ခြင်းသည်လည်း တွာ-ပစ္စည်း တည်းဟူ
သော သဒ္ဒါပိုဖြင့် စီရင်ပါသည်။

**အာနုသဒ္ဒေါ အဘိန္နဘာဝေန ဝုတ္တော၊**
**တွာပစ္စယောဧယေ၀ အဓိကော။**

**နိဒ္ဒေသော။**

---

၄၃၃-မေး။ ။တွာ-ပစ္စည်းသာ သဒ္ဒါလွန် သဒ္ဒါပိုဖြစ်ခဲ့ပါလျှင် (တွာဂဟာဏေန)ဤမျှသာ ဆိုထိုက်ပါလျက် (အာနုတွာဂဟာဏေန)ဟု ဆိုရခြင်း၌ အသင့် ယုတ္တိ ရှာပြခဲ့ပါ။

၄၃၃-ဖြေ။ ။(အာနုတွာ) ပုဒ်သည် "**အာနုသဘာဝေါ အာနုတွံ**"ဟု ဘာဝတဒ္ဓိတ်ပြုထားသောပုဒ်ဖြစ်ရကား အာနု-နှင့် တွာ-ပစ္စည်းတို့သည် မကင်းကောင်းကုန်။ ထို့ကြောင့် အာနု-နှင့် တွဲစပ်လျက် (အာနုတွာဂဟာဏေန) ဟု မိန့်ဆို ပါ၏။

---

**ကာ ရော ဘိကာ ဒေယျာ ဗွ ပြီး။**

**(အာဒေသဝိဓိသုတ်)။**

၄၃၄-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် အစီအရင်ကို ဖော်ပြ၍ ဥဒါဟရဏ်တခုမျှ ထုတ်ပြပါ။

၄၃၄-ဖြေ။ ။(၁) ဣတ္ထိလိင်ကို ယောခြင်း၊

(၂) ကာ၀- ကိက- ကောယျ- ကာန္တု- ပစ္စည်းတို့တွင်တခုခုအဆုံးရှိခြင်း၊ ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် (ဤ) ပစ္စည်း သက်ပါ၏။

ဥဒါဟရဏ်ကား**"မာဏဝီ"**စသည်တည်း။

---

၄၃၅-မေး။ ။"နဒါဒိတော ဝါ ဤ"သုတ်ဖြင့် ဤပစ္စည်း သက်မှုကိစ္စ ပြီးကောင်းပါလျက် ဤသုတ်ကို ထုတ်ဆို ရခြင်း၏ အကြောင်းကို ပြဆိုပါ။

၄၃၅-ဖြေ။ ။"နဒါဒိတော ဝါ ဤ"သုတ်ကား ပကတိ၏ နောက်၌ (ဤ)ပစ္စည်း သက်၏။ ဤသုတ်ကား ပစ္စည်း၏ နောက်၌ ပစ္စည်းသက်ဟု ဤသို့ အထူးကို သိစေလိုသောကြောင့် တည်း။

---

၄၃၆ မေး။ ။ဤသုတ်သည် နိစ္စ,အနိစ္စ နှစ်ပါးတို့တွင် အဘယ်သုတ်ဟု အကြောင်းပြ၍ ဖြေရှင်းခဲ့ပါ။

၄၃၆-ဖြေ။ ။လိုက်သော ဝါ-သဒ္ဒါသည် နိဝတ္တာပန-အနက်ရှိသောကြောင့် "အနိစ္စဝိဓိ" ဖြစ်ပါသည်။

**ဝါဒိကာရော ကတ္ထစိ နိဝတ္တနတ္ထော။ ။ရူပသိဒ္ဓိ။**

---

၄၃၇-မေး။ ။ဤသုတ်၌ န္တု-အရ ရနိုင်သော ပစ္စည်း
များကို သရုပ်ထုတ်ခဲ့ပါ။

၄၃၇-ဖြေ။ ။ (၁) န္တု၊ (၃) မန္တု၊
(၂) ဝန္တု၊ (၄) ဣမန္တု၊
(၅) တဝန္တု၊
ဤသို့ ၅ ါးပစ္စည်းရှိပါသည်။

---

## န္တုဿတဓိကာရေ။
### (အာဒေသဝိဓိသုတ်။)

၄၃၈-မေး။ ။ဤသုတ်ဖြင့် မည်သည့် အင်္ဂါနှင့်ပြည့်စုံ
ပါမှ မည်သည့် ကာရိယမျိုး ရောက်နိုင်
သည်ဟု ဘော်ပြ၍ ဥဒါဟရုဏ်လည်း
ထုတ်ခဲ့ပါ။

၄၃၈-ဖြေ။ ။(၁) နောက်၌ (ဤ)ပစ္စည်းနှောင်းခြင်း၊
(၂) ရှေ၌ န္တု-ပစ္စည်းရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါက အလုံး
စုံသော န္တု-ပစ္စည်းကို (တ)ပြုပါ၏။

ဥဒါဟရုဏ်ကား-"ဂုဏဝန္တ"စသည်တည်း။

---

၄၃၉-မေး။ ။"နဒါဒိတောဝါဤ"သုတ်မှ (ဤ)ပစ္စည်း၏
လိုက်လာမှုကို လက်ခံ၍ (န္တုဿတော)
မှသာ တည်ထား ထိုက်ပါလျက် (ဤ

ကာရေ)သဒ္ဒါထည့်၍ ထားခြင်း၌ အကျိုး
ကို ရှာဘွေပြခဲ့ပါ။

၄၃၉-ဖြေ။ ။(ဤ) ပစ္စည်းကို လက်ခံပါလျှင် "ပတိ
ဘိက္ခု"....သုတ်မှ(ဣန္ဒြိ)ပစ္စည်း ကလည်း
လိုက်လာပေမည်။၎င်း (ဣန္ဒြိ)ကို နှစ်စေ
ခြင်းအကျိုး၌ (ဤကာရေ)ကို ထည့်ထား
ရသတည်း။

---

၄၄၀-မေး။ ။ဤသုတ်၌(ဤကာရေ)ဟု သာမညပါရှိရာ
"နဒါဒိတောဝါဤ" သုတ်၏ (ဤ)ပစ္စည်း
"ဏာဝဏိက"....သုတ်၏ (ဤ) ပစ္စည်း-
ဟုနှစ်မျိုးတို့တွင် အဘယ်ပစ္စည်းကိုယူရ
မည်ဟု အထောက်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

၄၄၀-ဖြေ။ ။"န္တုဿတ မိကာရေ"သုတ်၌ (န္တုဿ)
ပုဒ်ကို အထောက်ဆ၍ "ဏာဝဏိက"....
သုတ်၏(ဤ)ပစ္စည်းကို ယူရပါမည်။

---

၄၄၁-မေး။ ။"ဏာဝဏိကဏေယျဏန္တုဟိ" သုတ်
ဖြင့်(ဤ) ပစ္စည်းသက်၍ န္တု-ပစ္စည်းကို
(တ)ပြု၍ ပြီးသော **"ဂုဏဝတီ"**ပုဒ်၏ ပဒ
မာလာကို သိသာရုံမျှ သွားပြီးလျှင် ညွှန်ပြ
ခဲ့ပါ။

၄၄၁-ဖြေ။ ။

| ဝိဘတ်များ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ဂုဏဝတီ၊ ဂုဏဝန္တီ၊ | ဂုဏဝတီ၊ ဂုဏဝတိယော၊ ဂုဏဝန္တိယော (အကြွင်းဣတ္ထိလိင်နှင့်တူပြီ) |

---

၄၄၂-မေး။ ။"ဂုဏဝတီ"နှင့် ရုပ်သွား တူကြသော ပုဒ်များကို ရူပသိဒ္ဓိအတိုင်း ထုတ်ပြခဲ့ပါ။

၄၄၂-ဖြေ။ ။(၁) ကုလဝတီ၊ (၃) ယသဝတီ၊
(၂) သီလဝတီ၊ (၄) ရူပဝတီ၊
(၅) သတိမတီ၊
စသည်တို့တည်း။

မှတ်ထားချက်။

သဒ္ဒါကြီး-ရူပသိဒ္ဓိတို့၌ မဟန္တ-၏ နောက်၌"နဒါဒိတော ဝါ ဤ" သုတ်ဖြင့် (ဤ)ပစ္စည်းသက်၊ န္တု-ပစ္စည်းကဲ့သို့ငဲ့၊ အချို့၌ (တ)ပြု၍ "မဟတီ" အချို့၌ (တ)မပြုပဲ "မဟန္တီ"ဟု ဧကဝုစ်ဝိဘတ်နှင့် နှစ်ချက်ပြထား၏။ သဒ္ဒနီတိ၌"မဟတီ"သာ ရှိလို၏။ "မဟန္တီ"ကို မနှစ်သက်။

ကစ္စာယနေ ပန မဟန္တီတိပဒံ ဒိဋ္ဌံ၊ တံ ဂုဏဝန္တီ-ကုလဝန္တီ ဣစ္စာဒီနိ ဝိယ ပါဠိယံ အပ္ပသိဒ္ဓတ္တာ ဝိမံသိတဗ္ဗံ။ ။သဒ္ဒနီတိ။

---

## ဘဝတော ဘောတော။

### (အာဒေသဝိဓိသုတ်။)

၄၄၃-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ-ကာရိယတ္တိကို ထုတ်ဘော် ရေးသား၍ ဥဒါဟရဏ် ထုတ်ပြပါ။

၄၄၃-ဖြေ။ ။(၁) နောက်၌ ဣတ္ထိလိင်ဟော (ဤ) ပစ္စည်းနှောင်းခြင်း၊

(၂) ရှေ့၌ ဘဝန္တ-သဒ္ဒါ ရှိခြင်း၊ ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် (ဘဝန္တ) သဒ္ဒါ-ကာရီကို (ဘောတ) ကာရိယပြုပ၏။

ဥဒါဟရဏ်ကား-"**ဘောတီ**" စသည်တည်း။

---

၄၄၄-မေး။ ။ဤသုတ်ဖြင့် ပြီးသော "ဘောတီ"သဒ္ဒါ၏ ပဒမာလာကို အပြွက်မျှ ပြခဲ့ပါ။

၄၄၄-ဖြေ။ ။

| **ဝိဘတ်များ။** | | **ဧကဝုစ်၊** | | **ဗဟုဝုစ်၊** |
|---|---|---|---|---|
| **အာ** | **(ဟေ)** | **ဘောတိ၊** | **(ဟေ)** | **ဘောတီ, ဘောတိယော၊** |
| **ပ** | | **ဘောတီ၊** | | **ဘောတီ, ဘောတိယော၊** |

စသည်တည်း။

---

၄၄၅-မေး။ ။တဒ္ဓိတ်ပစ္စည်းတို့၏ အဆုံး၌(ဤ)ပစ္စည်း သက်သော သုတ်ကို ထုတ်ခဲ့ပါ။

၄၄၅-ဖြေ။ ။"ကာဝတိက ကောယျာဘန္တုယတိ" သုတ်ဖြစ်ပါသည်။

---

၄၄၆-မေး။ ။ဤ-ပစ္စည်း နှောင်းရောဌ် စီရင်သောသုတ်တို့၏ အမည်များကို ဘော်ပြပါ။

၄၄၆-ဖြေ။ ။(၁) မာတုလာဒီန မာနုတ္တမီကာရေ၊

(၂) ဣတြဿတာ မီကာရေ၊

(၃) ဘဝတော ဘောတော၊

သုံးသုတ်ဖြစ်ပါသည်။

---

**ပတိဘိက္ခုရာဇီကာရန္တေဟိ ဏူနီ။**

**(အာဒေသဝိဓိသုတ်။)**

၄၄၇-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံမှ မည်သည့်အစီအရင်မျိုး ရောက်နိုင်သည်ဟု ဘော်ပြ၍ ဥဒါဟရဏ်လည်း ထုတ်ခဲ့ပါ။

၄၄၇-ဖြေ။ ။(၁) ဣတ္ထိလိင်၌ဖြစ်ခြင်း၊

(၂) ပတိ- ဘိက္ခု- ရာဇ- ဤကာရန္တ- ပုဒ်တို့တွင် တခုခုတို့၏ ဖြစ်ခြင်း၊

ဤအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါလျှင် ပတိ- ဘိက္ခု-ရာဇ-ဤကာရန္တ- ပုဒ်တို့၏ နောက်၌(ဏူနီ)ပစ္စည်းသက်ပါ၏။

ဥဒါဟရဏ်ကား-**"ဘိက္ခုနီ"**စသည်တည်း။

၄၄၇-မေး။ ။ဤသုတ်သို့ လိုက်၍လာသော ဝါ-သန္ဒါ၏ အနက်ကို ရူပသိဒ္ဓိအလိုကျ ဥဒါဟရဏ်ထုတ်၍ ရှင်းပြပါ။

၄၄၇-ဖြေ။ ။လိုက်၍လာသောဝါ-သန္ဒါသည် အဝုတ္တသမုစ္စည်း အနက်ရှိပါ၏။ ထို ဝါ-သန္ဒါဖြင့် ဤသုတ်၌ မဆိုအပ်သော ဝိဓူ- ယက္ခ- စသည်တို့၏ နောက်၌လည်း(ဏ္ဍနီ)ပစ္စည်း သက်ရသေး၏။

ဥဒါဟရဏ်ကား-"**ပရိစ္ဆိတ္တဝိဓူနီ-ယက္ခိနီ**" စသည်တည်း။

**ဝါမိကာရော အနုတ္တသမုစ္စယတ္ထော၊ တေန ဝိဓူ-ယက္ခာဒိတောပိ ဏ္ဍနီ။ ။ရူပသိဒ္ဓိ။**

---

**ပဏီသင်္ခိနီဓိ။**

**(အာဒေသဝိဓိသုတ်။)**

၄၄၈-မေး။ ။ဤသုတ်၏ အင်္ဂါတို့ကိုရင်း၊ ကာရိ,ကာရိယတို့ကိုရင်း ဘော်ပြ၍ ဥဒါဟရဏ် လည်း ထုတ်ခဲ့ပါ။

၄၄၈-ဖြေ။ ။(၁) နောက်၌ (ဏ္ဍနီ)ပစ္စည်းနှောင်းခြင်း၊
(၂) ရှေ့၌ ပတိ-သန္ဒါရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် ပတိ-

သဒ္ဒါ၏ အစိတ် (ဣ) ကာရိကို (အ) ကာရိယပြုပါ၏။

ဥဒါဟရုဏ်ကား-"**ဂဟပတာနီ**" စသည်တည်း။

---

၄၅၀-မေး။ ။ဤသုတ်၌ ပတိ-သဒ္ဒါသည် ဣတ္ထိလိင်ကို ဟောသည်မဟုတ်တုံလော၊ထိုသို့ဟောပါလျက် "ဧတိမာသမိ"သုတ်တို့ကဲ့သို့ ဣတ္ထိလိင်အား သျော်စွာ (ပတာယိနီမှ) **ဟု** မတည်မူ၍ ပုလ္လိင်အားဖြင့် တည်ထားခြင်းအကြောင်းကို ပြဆိုခဲ့ပါ။

၄၅၀-ဖြေ။ ။ဣ-ဟူသော ကာရိကို ငဲ့သောကြောင့် "ပတိသိနီမှ"ဟု တည်ပါ၏။

**တနည်းကား**

သုတ်၌ ပတိ-သဒ္ဒါသည် အဝု ဖြစ်သောကြောင့် ဣတ္ထိလိင်ကိုမဟော၊စင်စစ်မူကား သဒ္ဒပဒတ္ထက- ဖြစ်သောကြောင့် ပုလ္လိင်ကို ဟော၏။ထို့ကြောင့်"ပတိသိနီမှ"ဟု တည်ထားသတည်း။

**သုတ္တေ ပတိသဒ္ဒေါ အနုကရဏသဒ္ဒတ္တော၊ န ဣတ္ထိလိင်္ဂဝါစကော၊ အထခေါ သဒ္ဒပဒတ္ထကတ္တာ ပုလ္လိင်္ဂဝါစကော။ ။နိဒ္ဒေသ။**

## မှတ်ထားချက်။

"သဒ္ဒပဒတ္ထက"ဟူသည်ကား "ပတိဿ၊ပတိသဒ္ဒါ၏" ဟု အနက်ပေးရာ၌ပတိ-သဒ္ဒါသည်ပင် ပတိ-ပုဒ်၏ အနက် ဖြစ်သောကြောင့်"သဒ္ဒပဒတ္ထက"မည်၏။ "ပတိဿ၊ အိမ်ရှင်မ၏" ဟု အနက်ပေးလျှင် "အတ္ထပဒတ္ထက"မည်တော့၏။အိမ်ရှင်မ-ဟူသော အနက်သည် ပတိ-ပုဒ်၏ အနက်ဖြစ်သောကြောင့် အတ္ထပဒတ္ထက-မည်၏။

---

၄၅၁-မေး။ ။(ဣတ္ထိ)ပစ္စည်းသက်သော သုတ်နှင့် (ဣတ္ထိ) ပစ္စည်းနှောင်းရာ၌ စီရင်သောသုတ်တို့ကို ထုတ်ပြ၍ (ဣတ္ထိ)ပစ္စည်းဖြင့်ပြီးသော ဥဒါဟရဏ်တို့ကိုလည်း စွမ်းနိုင်သမျှ ထုတ်ပြပြီးလျှင် တူရာ ပဒမာလာကို ညွှန်းပြထားခဲ့ပါ။

၄၅၁-ဖြေ။ ။(က) ပတိဘိက္ခုရာဇီကာရန္တေဟိ ဣနီ၊

(ခ) ပတိဿိနီမှိ၊

ဤ နှစ်သုတ်ကား ပစ္စည်း သက်သော သုတ်၊စီရင်သော သုတ်တို့တည်း။

(၁) ဘိက္ခုနီ၊ (၇) တပဿိနီ၊
(၂) ဂဟပတာနီ၊ (၈) ပိယဘာဏီနီ၊
(၃) ရာဇိနီ၊ (၉) ပေါက္ခရဏီ၊
(၄) ဒဏ္ဍိနီ၊ (၁၀) ပရစိတ္တဝိဒူနီ၊
(၅) ဟတ္ထိနီ၊ (၁၁) ယက္ခိနီ၊
(၆) မေဓာဝိနီ၊ (၁၂) သီဟိနီ၊

တို့ကား ဥဒါဟရဏ်တို့တည်း။

ဤပုဒ်တို့သည် ဣတ္ထိ-၏ ပဒမာလာနှင့် တူကြသည်။

### ရုပ်အထူးကို ဖော်ပြချက်။

ဤပုဒ်တို့တွင် "ပေါက္ခရဏီ" ၌ ပေါက္ခရ-၏ နောက်၌ (ဣနီ)ပစ္စည်း သက်၊ "တေသုဝုဒ္ဓိ.......သုတ်ဖြင့် (ဣနီ)ပစ္စည်း၏ ဣ-ကို (အ)ပြု၊ (န) ကို (ဏ)ပြုပြီးမှ "ပေါက္ခရဏီ" ဖြစ်လာသည်။ ထိုနောက်မှ ယော-သက်၊ "တတောယောနမောတု" ၌ တု-သဒ္ဒါဖြင့် ဩ-ပြု၊ "ပသညဿစ" ဖြင့် ဤ-ကို ယ-ပြု၊ "ယဝတံ တ-လ-န-စသောသုတ်၌ ကာရ-သဒ္ဒါဖြင့် ဏျ-ကို ဉ-ပြု၊ ဒွေးဘော်ဆောင်၊ ည-ကို ဩ-သို့ကပ်၍ "ပေါက္ခရညော" ဟု ယောဝိဘတ်နှောင်းရာ၌ ဤရုပ်သာ ထူး၏။ ကျန်သမျှသည် ဣတ္ထီနှင့် တူကြပြီ။

ဤကာရန္တ-ဣတ္ထိလိင် ပြည့်စုံပြီ။

---

## ဥကာရန္တ-ဣတ္ထိလိင်အခန်း။

၄၅၂-မေး။ ။ဥကာရန္တ- ဣတ္ထိလိင်ဟော သဒ္ဒါကို ရူပသိဒ္ဓိအတိုင်း ထုတ်ပြ၍ ၎င်းသဒ္ဒါ၏ ပဒမာလာကိုလည်း ရူပသိဒ္ဓိအရ စီစဉ်ခဲ့ပြီးလျှင် သဘောတူ ပုဒ်များ ကိုလည်း ထုတ်ပြပါ။

## ၄၅၂-ဖြေ။ ။ "ယာဂု"သဒ္ဒါတည်း။

| ဝိဘတ်များ | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ယာဂု၊ | ယာဂူ,ယာဂုယော၊ |
| အာ | (ဟေ) ယာဂု၊ | (ဟေ) ယာဂူ,ယာဂုယော၊ |
| ဒု | ယာဂုံ၊ | ယာဂူ,ယာဂုယော၊ |
| တ | ယာဂုယာ၊ | ယာဂူဟိ,ဘိ,ယာဂုဟိ,ဘိ၊ |
| စ | ယာဂုယာ၊ | ယာဂူနံ,ယာဂုနံ၊ |
| မ | ယာဂုယာ၊ | ယာဂူဟိ,ဘိ,ယာဂုဟိ,ဘိ၊ |
| ဆ | ယာဂုယာ၊ | ယာဂူနံ,ယာဂုနံ၊ |
| သ | ယာဂုယံ,ယာဂုယာ၊ | ယာဂူသု,ယာဂုသု၊ |

### သဒိသရူပုဒ်များ။

| | | | |
|---|---|---|---|
| (၁) | ဓာတု၊ | (၆) | ကဏ္ဍု၊ |
| (၂) | ဓေနု၊ | (၇) | ရဇ္ဇု၊ |
| (၃) | ကာသု၊ | (၈) | ကရေဏု၊ |
| (၄) | ဒဒ္ဒု၊ | (၉) | ပိယင်္ဂု၊ |
| (၅) | ကစ္ဆု၊ | (၁၀) | သဿု၊ |

---

၄၅၃-မေး။ ။မာတု-သဒ္ဒါ၏ ပဒမာလာကို ရှုပသိဒ္ဓိ အလိုကျ ရေးသားခဲ့၍ ပိတု-သဒ္ဒါနှင့်ထူး ရာဌာနကို ညွှန်းပြခဲ့ပါ။

၄၅၃-ဖြေ။ ။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | မာတာ၊ | မာတရော၊ |
| အာ (ဘောတိ) | မာတ,မာတာ၊ (ဘောတိယော) | မာတရော၊ |
| ဒု | မာတရံ၊ | မာတရော၊ |
| တ | မာတရာ,မတျာ၊ | မာတရေဟိ,ဘိ,မာတူဟိ,ဘိ,မာတုဟိ,ဘိ၊ |
| စ | မာတု,မာတုဿ,မာတုယာ၊ | မာတရာနံ,မာတာနံ မာတူနံ,မာတုနံ၊ |
| မ | မာတရာ,မတျာ၊ | မာတရေဟိ,ဘိ,မာတူဟိ,ဘိ,မာတုဟိ,ဘိ၊ |
| ဆ | မာတု,မာတုဿ,မာတုယာ၊ | မာတရာနံ, မာတာနံ,မာတူနံ,မာတုနံ၊ |
| သ | မာတရိ၊ | မာတရေသု,မာတူသု,မာတုသု၊ |

ထူးခြားချက်။

အာရတ္တံ- ဟူသော ဘာဝနိဒ္ဒေသဖြင့် အာရ-မပြုရာ၌ "ပတောယာ"ဖြင့် ယာ-ပြုခြင်းသည်သာ ပိတု- သဒ္ဒါနှင့် ထူးသတည်း။

(မတျာ၌"တေသုဝုဒ္ဓိ"......သုတ်ဖြင့် ဥ-ကိုချေ၊အာ-ကို အ-ရဿ ပြုသား၏)။

## သန္ဓိနိတိ ပဒမာလာမှ ထုတ်နုတ်ဘော်ပြချက်။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | မာတရာ။ | မာတရော,မာတရော။ |
| ဒု | မာတရံ။ | မာတရော။ |
| တ | မာတရာ,မာတုယာ, မတျာ။ | မာတူဟိ,ဘိ။ |
| စ | မာတု,မာတုယာ,မတျာ။ | မာတရာနံ,မာတာနံ,မာတူနံ။ |
| မ | မာတရာ,မာတုယာ, မတျာ။ | မာတူဟိ,ဘိ။ |
| ဆ | မာတု,မာတုယာ,မတျာ။ | မာတရာနံ,မာတာနံ, မာတူနံ။ |
| သ | မာတရိ,မာတုယာ, မတျာ,မာတုယံ,မတျံ။ | မာတူသု။ |

အာ (ဘောတိ)မာတ။ (ဘောတိယော)မာတာ,မာတရော။

ပါဠိတော်၌ "မာတုသ" ဟု သ-အဆုံးရှိသော ရုပ်တို့သည်၎င်း၊ "မာတရေဟိ-မာတရေဘိ-မာတရေသု" ဟု ဧဟိ-ဧဘိ-ဧသု-အဆုံးရှိသော ရုပ်တို့သည်၎င်း၊ မထင်ကုန်။ ထို့ကြောင့် အချို့သော ရူပသိဒ္ဓိစသော ဆရာတို့သည် ဆိုအပ်ကုန်သော်လည်း "မာတုသ-မာတရေဟိ" စသော ရုပ်တို့ကို ငါတို့မဆိုအပ်ကုန်။ ပိတု-သဒ္ဒါ တို့၌လည်း ဤနည်းအတိုင်းပင်တည်း။

"ယံကိဉ္စိတ္ထိ ကတံ ပုညံ၊မယှဉ္စ မာတုယာ စ တေ၊

ဟူသော သုဝဏ္ဏသျှံ-ဇာတ်ပါဠိတော်။

"အနုညာတော အဟံ မတျာ" ဟူသော တေမိဇာတ် ပါဠိတော်တို့ကို မြင်ရခြင်းကြောင့် ကရိုဏ်း-သမ္ပဒါန်-အပါဒါန်-သာမိ-သတ္တမီ-ငါးဌာနတို့၌ "မာတုယာ-မတျာ" ဟူ၍ ငါတို့ မိန့်ဆိုအပ်ကုန်၏။

(၁) ''မာတုယာ စ၊သည်ရင်း'' (ကတံ-၌စပ်၊ကရိုဏ်းအဘို၊)
(၂) ''မာတုယာ စ၊အားရင်း'' (အတ္တိ-၌စပ်၊သမ္ပဒါန်အဘို၊)
(၃) ''မာတုယာ စ၊မှရင်း''(ပဝတ္တ-၌ထည့်စပ်၊အပါဒါန်အဘို၊)
(၄-၅) ''မာတုယာ စ၊၏ရင်း, ၌ရင်း'' (ပုညံ-၌စပ်၊သာမိနှင့် သတ္တမီအဘို၊)

## ဆရာတော်ဦးဗုဓ် အလို။

ဂါထာအရာ ''ယထိစ္ဆိတပယောဂ'' အားဖြင့် ''ဗုဒ္ဓမာတုဿ သက္ကာရံ''ဟူသော ဂေါတမီအပါဒါန်ကို ဆရာတော်ဦးဗုဓ် ထုတ်တော်မူခဲ့သေးသည့်ပြင် ''မယှဉ္စေဝ မာတု စ တေ''ဟု သဒ္ဒနီတိ ထုတ်ပြသည့် သုဝဏ္ဏသျှံ-ဇာတ်ပါဠိတော်ကိုလည်းသုမိသင်တော်မူခဲ့သေး၏။

## ဓီတုပါဠ်။

ရူပသိဒ္ဓိ၌ သို့းဟော၊ (ဓီတု-ဒုဟိတု) သဒ္ဒါတို့၏ ပဒမာလာကို မာတု-သဒ္ဒါကဲ့သို့ ညွှန်းပြတော်မူခဲ့၏။သဒ္ဒနီတိ၌မူကား မာတုသဒ္ဒါ၏ ပဒမာလာ-သတ္တမီဝိဘတ်အရာ၌ ''မတျာ- မတျံ''ဟု ရှိကောင်းသော်လည်း (ဓီတု)စသည်တို့၌ မရကောင်း မရှိကောင်းဟု မိန့်ဆိုတော်မူခါ (ဓီတု)၏ ပဒမာလာကို ဤသို့ ညွှန်းပြထားသတည်း။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | ဓီတာ၊ | ဓီတာ, ဓီတရော၊ |
| ဒု | ဓီတံ, ဓီတရံ၊ | ဓီတရော၊ |
| တ | ဓီတုယာ၊ | ဓီတူဟိ, ဘိ၊ |
| စ | ဓီတု, ဓီတုယာ၊ | ဓီတရာနံ, ဓီတာနံ, ဓီတူနံ၊ |
| မ | ဓီတရာ, ဓီတုယာ၊ | ဓီတုဟိ, ဘိ၊ |
| ဆ | ဓီတု. ဓီတုယာ၊ | ဓီတရာနံ, ဓီတာနံ, ဓီတူနံ၊ |
| သ | ဓီတရိ, ဓီတုယာ, ဓီတုယံ၊ | ဓီတူသု၊ |
| အာ | (ဘောတိ) ဓီတု, ဓီတာ | (ဘောတိယော) ဓီတာ, ဓီတရော၊ |

ဥကာရန္တ ဣတ္ထိလိင်ပြည့်ရုံပြီ။

# ဦကာရန္တ-ဣတ္ထိလိင်အခန်း။

၄၅၄-မေး။ ။ဦကာရန္တ-ဣတ္ထိလိင်ကို ရူပသိဒ္ဓိအတိုင်း ထုတ်ပြ၍ ၎င်း၏ ပဒမာလာကိုလည်း ရူပသိဒ္ဓိ စနစ်အရ ကျနစွာ သွားပြီးလျှင် အလားတူပုဒ်များကိုလည်း ထုတ်ပြပါ။

၄၅၄-ဖြေ။ ။ "ဇမ္ဗူ"သဒ္ဒါတည်း။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | ဇမ္ဗူ၊ | ဇမ္ဗူ,ဇမ္ဗုယော၊ |
| အာ | (ဟေ)ဇမ္ဗု၊ | (ဟေ)ဇမ္ဗူ,ဇမ္ဗုယော၊ |
| ဒု | ဇမ္ဗုံ၊ | ဇမ္ဗူ,ဇမ္ဗုယော၊ |
| တ | ဇမ္ဗုယာ၊ | ဇမ္ဗူဟိ,ဘိ၊ |
| စ | ဇမ္ဗုယာ၊ | ဇမ္ဗူနံ၊ |
| မ | ဇမ္ဗုယာ၊ | ဇမ္ဗူဟိ,ဘိ၊ |
| ဆ | ဇမ္ဗုယာ၊ | ဇမ္ဗူနံ၊ |
| သ | ဇမ္ဗုယံ,ဇမ္ဗုယာ၊ | ဇမ္ဗူသု၊ |

## အလားတူပုဒ်များ။

(၁) ဝဓူ၊ (၄) သုတနူ၊
(၂) သရဘူ၊ (၅) စမူ၊
(၃) သရဖူ၊ (၆) ဝါမူရူ၊
(၇) နာဂနာသူရူ၊

ဦကာရန္တ-ဣတ္ထိလိင် ပြည့်စုံပြီ။

# ဩကာရန္တ-ဇုတ္တိလိင်အခဏ်း။

၄၅၅-မေး။ ။ဩကာရန္တ-ဇုတ္တိလိင်ဟောသဒ္ဒါကို ရူပသိဒ္ဓိအတိုင်း ထုတ်ပြပြီးလျှင် ထိုသဒ္ဒါ၏ ပဒမာလာကိုလည်း ထုတ်ပြခဲ့ပါ။

၄၅၅-ဖြေ။ ။ “ဂေါ”သဒ္ဒါတည်း။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | ဂါဝီ၊ | ဂါဝီ၊ ဂါဝိယော၊ |
| အာ | (ဘောတိ)ဂါဝိ၊ | (ဘောတိယော)ဂါဝီ၊ ဂါဝိယော၊ |
| ဒု | ဂါဝိယံ၊ ဂါဝိံ၊ | ဂါဝီ၊ ဂါဝိယော၊ |
| တ | ဂါဝိယာ၊ | ဂါဝီဟိ၊ ဂါဝီဘိ၊ |
| စ | ဂါဝိယာ၊ | ဂါဝီနံ၊ |
| မ | ဂါဝိယာ၊ | ဂါဝီဟိ၊ ဂါဝီဘိ၊ |
| ဆ | ဂါဝိယာ၊ | ဂါဝီနံ၊ |
| သ | ဂါဝိယံ၊ ဂါဝိယာ၊ | ဂါဝီသု၊ |

## မှာထားချက်။

ရူပသိဒ္ဓိ၌ ဇုတ္တိလိင်ဟော(ဂေါ)သဒ္ဒါကို ပုလ္လိင်ဟော ဂေါ-သဒ္ဒါကဲ့သို့ ရုပ်သွားနည်းကို သိမှတ်အပ်၏-ဟု မှာထားခဲ့၏။ ပုလ္လိင်အတိုင်း ရုပ်သွားခဲ့သော် ပုလ္လိင် ဂေါ-သဒ္ဒါနှင့် မထူးတော့ပြီဖြစ်၍ ချန်လှပ်ထားပြီးလျှင်……

ဂေါသဒ္ဒတော နဒါဒိတော ဝါ ဤတိ ဤပစ္စယော၊ မဟာဝုတ္တိနာ ဝါ ဂါဝသေတိ ဩဩ ဂါဝဏ္ဏတိ

ယောဂဝိဘာဂေန ဝါ ဩကာရဿ အာဝါဒေ-
သော၊ ဂါဝီ, ဂါဝိယော ဣစ္စာဒိ၊ ဣတ္ထိသဒ္ဒသမံ။

ဤစကားကို ထောက်၍ ရုပ်သွားကို စီစဉ်ခဲ့ပြီ။ သဒ္ဒနီတိလာ ဣတ္ထိလိင်ဟော(ဂေါ)သဒ္ဒါ၏ ပဒမာလာနှင့်လည်း တူ၏။ သို့ရာတွင် သဒ္ဒနီတိ၌ ဒုတိယာဝိဘတ်အရာ"ဂါဝိယံ"ပုဒ်တခု မပါခြင်းမျှသာ ကွဲပြားခြားနားတော့သတည်း။

## သဒ္ဒနီတိလာ ဣတ္ထိလိင်, ပုလ္လိင်ဟော ဂေါသဒ္ဒါ၏ ပဒမာလာမှ ထုတ်နုတ်ဘောင်ပြချက်။

| ဝိဘတ်များ။ | ကေဝုစ်။ | | ဗဟုဝုစ်။ |
|---|---|---|---|
| ပ | ဂေါ, ဂါဝီ၊ | | ဂါဝေါ, ဂါဝီ, ဂဝေါ၊ |
| ဒု | ဂါဝံ, ဂဝံ, ဂါဝိံ၊ | | ဂါဝေါ, ဂါဝီ, ဂဝေါ၊ |
| တ | ....... | ....... | ဂေါဟိ, ဘိ၊ |
| စ | ....... | ....... | ဂဝံ, ဂုန္နံ, ဂေါနံ၊ |
| မ | | ....... | ဂေါဟိ, ဘိ၊ |
| ဆ | ....... | ....... | ဂဝံ, ဂုန္နံ, ဂေါနံ၊ |
| သ | ....... | ....... | ဂေါသု၊ |
| အာ | (ဘောတိ) ဂေါ၊ | (ဘောတိယော) | ဂါဝေါ, ဂါဝီ, ဂဝေါ၊ |

ဩကာရန္တ-ဣတ္ထိလိင် ပြည့်စုံပြီ။

### ဣတ္ထိလိင်-နိဂမနံ။

ကညာ ရတ္တိ နဒီ ဣတ္ထီ၊ မာတုလာနီ စ ဘိက္ခုနီ။
ဒက္ခိဏီ ယာဂု မာတာ စ၊ ဇမ္ဗူ ဂေါ ဣတ္ထိသင်္ဂဟော။

ဣတ္ထိလိင်-ပြည့်စုံပြီ။

# အကာလရန္တ-နပုလ္လိင်အခဏ်း။

၄၅၆-မေး။ ။အကာလရန္တ-နပုလ္လိင် သဒ္ဒါကို ရူပသိဒ္ဓိ အလိုကျ ထုတ်ပြခဲ့ပါ။

၄၅၆-ဖြေ။ ။ "စိတ္တ"သဒ္ဒါတည်း။

သိ ံ။

(အာဒေသဝိဓိသုတ်။)

၄၅၇-မေး။ ။ဤသုတ်၏ အင်္ဂါများကိုငှင်း၊ ကာရီ၊ ကာရိယတို့ကိုငှင်း ရေးသား၍ ဥဒါဟ ရဏ်လည်း ထုတ်ပြပါ။

၄၅၇-ဖြေ။ ။(၁) ရှေ့၌ အကာလရန္တ-နပုလ္လိင်ရှိခြင်း၊
(၂) နောက်၌ သိ-ဝိဘတ်ရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် (သိ) ဝိဘတ်ကာရီကို(အံ)ကာရိယ ပြုပါ၏။
ဥဒါဟရဏ်ကား-"စိတ္တံ" စသည်တည်း။

---

၄၅၈-မေး။ ။ဤသုတ်သည် နိစ္စဝိဓိ, အနိစ္စဝိဓိ-သုတ် တို့တွင် အဘယ် ဝိဓိသုတ်ပါနည်း၊ အာ ထောက်ပြ၍ ဖြေဆိုပါ။

၄၅၈-ဖြေ။ ။ဝုတ္တိ၌ (နိစ္စံ)ပုဒ်ကိုထောက်၍ "နိစ္စဝိဓိ" သုတ်ဖြစ်ပါ၏။

၄၅၉-မေး။ ။ဤသုတ်ကို ရူပသိဒ္ဓိအလိုကျ ပုဒ်ဖြတ်ပြခဲ့ပါ။

၄၅၉-ဖြေ။ ။ (သိ-အံ)တည်း။ ။

သိအံဣတိ ဒွိပဒမိဒံ။ ။ရူပသိဒ္ဓိ။

---

## အတောနိစ္စံ။

### (အာဒေသဝိဓိသုတ်။)

၄၆၀-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံပါမှ မည်သည့်ကာရိယမျိုး ရောက်နိုင်သည်ဟု ဆော်ပြ၍ ဥဒါဟရဏ် ထုတ်ခဲ့ပါ။

၄၆၀-ဖြေ။ ။(၁) ရှေ့၌ အကာရန္တ-နပုလ္လိင်ရှိခြင်း၊
(၂) နောက်၌ ယော-ဝိဘတ်ရှိခြင်း၊
ဤသို့ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါလျှင် (ယော)ဝိဘတ် ကာရီကို (နိ)ကာရိယ အမြဲပြုရပါ၏။

ဥဒါဟရဏ်ကား-"စိတ္တာနိ" စသည်တည်း။

---

၄၆၁-မေး။ ။"ယောနံ နိ နပုံသကေဟိ" သုတ်ဖြင့် ယော-ဝိဘတ်တို့ကိုနိ-ပြုခြင်း "သဗ္ဗယောနီမာဧ"သုတ်ဖြင့် နိ-ပြုပြီး အက္ခရာကို အာ-ဧ-ပြုခြင်း ကိစ္စပြီးစီး နိုင်ပါလျက်

“အတောနိစ္စံ” သုတ်ကို မိန့်ဆိုရခြင်း၌ အကျိုးကို ဝေဘန်ပြခဲ့ပါ။

၄၆၁-ဖြေ။ ။“သဗ္ဗယောနိနမာဇ”သုတ်ဖြင့် ပထမာ, ယော-ဝိဘတ်နှင့်(နိ)အက္ခရာတို့ကို(အာ)ပြုခြင်းသည်၎င်း၊ ဒုတိယာ ယော-ဝိဘတ်နှင့်(နိ) အက္ခရာတို့ကို (ဧ)ပြုခြင်းသည် ၎င်း၊အချို့သော ဥဒါဟရဏ်တို့၌ ပြုရမည် ဟူသော အနက်ထူးကို သိစေခြင်းအကျိုး ရှိပါ၏။

**ယောနံ နိဘာဝေ စာဧတ္တေ၊သိဒ္ဓေပိ အဝိသေသတော။**
**အတောနိစ္စန္တိ အာရမ္ဘာ၊အာဧတ္တံ ကွစိဒေဝိဓ။ ။ရူပသိဒ္ဓိ။**

---

၄၆၂-မေး။ ။ဤသုတ်ကို(အတော)မျှသာ တည်ထိုက်ပါလျက်“နိစ္စံ”ထည့်ရခြင်း၏ အကြောင်း ကို ဘော်ပြပါ။

၄၆၂-ဖြေ။ ။“ဃပတောသ္မိံယံဝါ”သုတ်မှ ဝါ-သဒ္ဒါ ကို နှစ်စေလိုသောကြောင့်တည်း။

---

၄၆၃-မေး။ ။ဤသုတ်၏ ဝုတ္တိ၌ ဥဒါဟရဏ်ကို တခု စီသာ မထုတ်ပဲ (ယာနိယာနိ-တာနိ တာနိ)ဟု နှစ်ခုစီထုတ်ခြင်း၌ အကျိုးကို ဖြေဆိုခဲ့ပါ။

၄၆၃-ဖြေ။ ။နိစ္စဝိပါအဖြစ်ကို ထင်ရှားစေခြင်း အကျိုး ရှိပါ၏။

## ဓူဠနိရုတ္တိ အလို။

"အသောာ နိစ္စံ"သုတ်၌ နိစ္စ-သဒ္ဒါကို သဒ္ဒါဝိကကြံ၍ သဒ္ဒါဝိကဖြင့် "ဂါမဝရာနိ" စသော ဥဒါဟရဏ်တို့၌ ပုလ္လိင်နေသော နိ-ပြု အဝင်ကြောင်း အဏ္ဏဝိကကို မိန့်ဆိုတော်မူ၏။

## ငါးခုံဆရာတော်၏ ဝေဘန်ချက်။

ဓူဠနိရုတ္တိစကားသည် သင့်အံ့သကဲ့သို့ မထင်။ အကြောင်းကား ရှေ့သုတ်မှာကဲ့သို့သော အနိစ္စဝိဓိလက္ခဏာတို့ကို မြစ်သောကြောင့်တည်း။ အကယ်၍ ဤသုတ်၏ "ဝိသယ"အနိစ္စဖြစ်သင့်မူ ရှေ့သုတ်၌ ကဲ့သို့ပင် ဝုတ္တိ-၌ ဝါ-သဒ္ဒါရှိသင့်၏။ ဝုတ္တိ-၌လည်း ဝါ-သဒ္ဒါမလာ။ န္យာသ, ရူပသိဒ္ဓိ-အရှင်တို့လည်း အနိစ္စဝိဓိအစွမ်းဖြင့် ဆိုတော်မူသင့်၏၊ မဆို။ အလိုတော် မရှိသောကြောင့်တည်း။ အဘယ့်ကြောင့် သိအပ်သနည်းဟူမူ န္យာသ၌"ရူပေ"စသော ပြယုဂ်တို့၌ငင်း၊ "စိတ္တာ"စသော ပြယုဂ်တို့၌ငင်း၊ "သဗ္ဗယောနိနမာဇ" "ယောသုကတနိကာရလောပေသုဒီဃံ" သုတ်တို့ဖြင့် ယောဝိဘတ်တိုင်း ဧ-အာ-မပြု၊ နိ-ပြုပြီးမှ ဧ-အာ-ပြု၍ ရုပ်ပြီး စီရင်တော်မူသောကြောင့် သိအပ်ပါသည်-ဟူလို။

---

၄၆၄-မေး။ ။"စိတ္တ"သဒ္ဒါ၏ ပဒမာလာကို ရူပသိဒ္ဓိအလိုကျ ပြည့်စုံစွာ ရေးပြီးလျှင် စီရင်သော သုတ်တို့ကိုလည်း ထုတ်ပြခဲ့ပါ။

၄၆၄-ဖြေ။ ။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | စိတ္တံ၊ | စိတ္တာ,စိတ္တာနိ၊ |
| အာ | (ဟေ) စိတ္တ၊ | စိတ္တာ,စိတ္တာနိ၊ |
| ဒု | စိတ္တံ၊ | စိတ္တေ,စိတ္တာနိ၊ |
| တ | စိတ္တေန၊ | စိတ္တေဟိ,စိတ္တေဘိ၊ |
| စ | စိတ္တဿ၊ | စိတ္တာနံ၊ |
| ပ | စိတ္တာ,သ္မာ,မှာ၊ | စိတ္တေဟိ,ဘိ၊ |
| ဆ | စိတ္တဿ၊ | စိတ္တာနံ၊ |
| သ | စိတ္တေ,စိတ္တသ္မိံ,မှိ၊ | စိတ္တေသု၊ |

စီရင်သော သုတ်များ။

(၁) သိံ၊
(၂) အတောနိစ္စံ၊
(၃) သဗ္ဗယောနီနမာဧ၊
(၄) ယောသု။လ။ဒီဃံ၊
(၅) အာလပနေ သိ ဂသညော၊
(၆) သေသတောလောပံ ဂသိပိ၊
(၇) အတောနေန၊
(၈) သုဟိသွကာရေဧ၊
(၉) သ္မာဟိသ္မိံနံ မှာဘိမှိဝါ၊
(၁၀) သာဂမောသေ၊
(၁၁) သုနံဟိသုစ၊
(၁၂) သ္မာသ္မိံနံဝါ၊

ဤသို့လျှင်(၁၂)သုတ် ရှိပါသည်။

---

၄၆၅-မေး။ ။စိတ္တ-သဒ္ဒါနှင့် ရုပ်စဉ် ရုပ်သွား တူကြသော ပုဒ်တို့ကို ထုတ်ပြပါ။

၄၆၅-ဖြေ။ ။

ပုည ပါပ ဖလ ရူပ သာဓနံ၊သောတ ဃာန သုခ ဒုက္ခ ကာရဏံ။
ဒါန သီလ ဓန ဈာန လောစနံ၊မူလ ကူလ ဗလ ဇာလ မင်္ဂလံ။ ။
နဠိန လိင်္ဂ မုခ အင်္ဂ ဇလ အမ္ဗုဇံ၊ပုဠိန ဓည ဟိရည ပဒအမတံ။
ပဒုမ ပဏ္ဏ သုသာန ဝနအာယုဓံ၊ဟဒယ စီဝရ ဝတ္ထ ကုလဇုန္ဒြိယံ။ ။

နယန ဝဒန ယာန၊ ဥဒါန သောပါန ပါနံ။
ဘဝန ဘုဝန လောဟ၊ အလာတတုလ္လာ အလ္လာ ဗိဋ္ဌံ။ ။
ကရဏာ မရဏာ ဥာဏာ၊ အာရမ္မဏာ အရည တာဏံ။
စရဏာ နဂရ တိရ ဆတ္တ၊ ဆိဒ္ဒ ဥဒကံ။ ။

စသည်တို့တည်း။

---

## * အကမ္မန္တသဿ ၈။

(အာဒေသဝိဓိသုတ်။)

၄၆၆-မေး။ ။ဤသုတ်၏ အင်္ဂါတို့ကိုရင်း၊ ကာရိ၊ကာရိယတို့ကိုရင်း ဘော်ပြ၍ ဥဒါဟရဏ်လည်း ထုတ်ခဲ့ပါ။

၄၆၆-ဖြေ။ ။(၁) နောက်၌ နာ-ဝိဘတ်နှောင်းခြင်း၊
(၂) ရှေ့၌ ကမ္မ-သဒ္ဒါရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် ကမ္မသဒ္ဒါ၏ အစိတ် (အ)ကာရိကို(ဥ)နှင့်(အ)ကာရိယပြုရပါ၏။

ဥဒါဟရဏ်ကား-“ကမ္မုနာ-ကမ္မနာ”စသည်တည်း။
* ရုပ်တွက်လွယ်စေရန် ရှေးကလည်းပြခဲ့ပြီ။

---

၄၆၇-မေး။ ။ဤသုတ်ကို (အကမ္မသဿ) ဆိုက ပြီးကောင်းပါလျက် (အန္တ)သဒ္ဒါနှင့်(စ)သဒ္ဒါတို့ကို ဆိုရခြင်း၏ အကျိုးကို ဘော်ပြပါ။

၄၆၇-ဖြေ။ ။ (၁) ထာမ၊
(၂) အဍ္ဍ၊

စသည်တို့၏ အစိတ်(အ)ကိုလည်း (ဥ) ပြုခြင်းအကျိုးငှါအန္တ-သဒ္ဒါကိုဆိုရပါ၏။

(၁) ယုဝ၊

(၂) မဃဝ၊

သဒ္ဒါတို့၏ အစိတ်(အ)ကိုလည်း နာ-သု-ဝိဘတ်နှောင်းရာတို့၌(အာ)ပြုခြင်းအကျိုးငှါ (စ)သဒ္ဒါကို မိန့်ဆိုရပါ၏။

(၁) အန္တဂ္ဂဟဏေန ထာမဒ္ဓါဒီန မန္တဿပိ ဥတ္တံ။

(၂) စသဒ္ဒဂ္ဂဟဏေန ယုဝမဃဝါနမန္တဿ အာ ဟောတိ ကွစိနာသု ဣစ္စေတေသု။

ရူပသိဒ္ဓိ။

(နိဒ္ဒေသအလို-ဥ-ကို ငင်ခြင်းအကျိုးငှါ စ-သဒ္ဒါကို ဆို၏။)

---

၄၆၈-မေး။ ။ကမ္မ- သဒ္ဒါ၏ ပဒမာလာကို ရူပသိဒ္ဓိအလိုကျ ရေးသားခဲ့ပါ။

၄၆၈-ဖြေ။ ။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | ကမ္မံ၊ | ကမ္မာ,ကမ္မာနိ၊ |
| အာ | (ဟေ)ကမ္မ၊ | (ဟေ)ကမ္မာ,ကမ္မာနိ၊ |
| ဒု | ကမ္မံ၊ | ကမ္မေ,ကမ္မာနိ၊ |
| တ | ကမ္မုနာ,ကမ္မနာ,ကမ္မေန၊ | ကမ္မေဟိ,ဘိ၊ |
| စ | ကမ္မုနော,ကမ္မဿ၊ | ကမ္မာနံ၊ |
| မ | ကမ္မုနာ,ကမ္မာ,ကမ္မသ္မာ,မှာ၊ | ကမ္မေဟိ,ဘိ၊ |
| ဆ | ကမ္မုနော,ကမ္မဿ၊ | ကမ္မာနံ၊ |
| သ | ကမ္မနိ,ကမ္မေ,ကမ္မမှိ,ကမ္မသ္မိံ၊ | ကမ္မေသု၊ |

၄၆၉-မေး။ ။ကမ္ဗ-သဒ္ဒါနှင့် ထာမ-သဒ္ဒါတို့၏ ပဒမာလာ ထူးခြားရာဌာနကို ဘော်ပြ၍ အတူကို ညွှန်းပြခဲ့ပါ။

၄၆၉-ဖြေ။ ။ ထာမ-သဒ္ဒါ၌....
နာ-ဝိဘတ်နှောင်းရာ၌ **(ထာမသာ)**
သ-ဝိဘတ်နှောင်းရာ၌ **(ထာမသော)**
ဤမျှသာ ထူးပါ၏။ အကြွင်းသည် ကမ္ဗ-သဒ္ဒါနှင့် အလုံးစုံ တူပါပြီ။

---

**အံ နပုံသကော။**

**(အာဒေသဝိဓိသုတ်။)**

၄၇၀-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံပါမှ မည်သည့် ကာရိယမျိုး ရောက်နိုင်သည်ဟု ဘော်ပြ၍ ဥဒါဟရဏ် ထုတ်ခဲ့ပါ။

၄၇၀-ဖြေ။ ။(၁) နောက်၌ သိ-ဝိဘတ်နှောင်းခြင်း၊
(၂) ရှေ့၌ နပုလ္လိင်၌ ဖြစ်သော အ-ပစ္စည်း ရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် အ-ပစ္စည်းကို ဝိဘတ်နှင့်တကွ (အံ) ကာရိယ ပြုပါ၏။
ဥဒါဟရဏ်ကား-''ရူပံ-စိတ္တံ''စသည်တည်း။

---

၄၇၁-မေး။ ။"အာသိမှိ" သုတ်နှင့် ဤသုတ်တို့သည် နိမိတ်ချင်း ကာရိယချင်းတူကြ၍ တသုတ်တည်း တည်ထိုက် ပါလျက် ခွဲခြား၍ တည်ရခြင်း၏ အကြောင်းကို ဖော်ပြပါ။

၄၇၁-ဖြေ။ ။(၁) "အာသိမှိ" သုတ်ကား ပုလ္လိင်၌ စီရင်၏။

(၂) "အံနပုသကေ"သုတ်ကား နပုလ္လိင်၌ စီရင်၏။

ဤသို့ လိင်ချင်းမတူ ကွဲပြား ခြားနားကြသောကြောင့်တည်း။

---

၄၇၂-မေး။ ။ဤသုတ်ကို ဝါ-သဒ္ဒါ လိုက်သင့် မလိုက်သင့် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါ။

၄၇၂-ဖြေ။ ။"ဂုဏဝံ-ဝဏ္ဏဝန္တံ" ဟု ဒွိရုပ် ဖြစ်ထိုက်သောကြောင့် ဝါ-သဒ္ဒါလိုက်သင့်ပါသည်။

ဒွယရူပဿ စ အတ္ထိတာယ မဏ္ဍူကဂတိယာ ဝါသဒ္ဒေါ ဝတ္တတေ။ ။ကစ္စာယနဝဏ္ဏနာ၊ ၁၀။

**မှတ်သားချက်။**

သဒ္ဒါကြီး၌ "ဝဏ္ဏဝန္တံ"ကို အံဝိဘတ်အရာထား၍ ကိုး-ဥဒါဟရုဏ်ထုတ်တော်မူခဲ့၏။ နျာသ,ရူပသိဒ္ဓိ ဆရာတို့လည်း ဝါ-သဒ္ဒါကို အရိပ်အမြွက်မျှ ဖွင့်တော်မမူကြ။ မဖွင့်ကြသည်ကို ထောက်လျှင် ကစ္စည်းသဒ္ဒါကြီးကို မလွန်ဆန်လိုကြသဖြင့် မဖွင့်ကြသည်ဟု ထင်၏။ သို့သော်လည်း သဒ္ဒနီတိ၌ "နပုသကေ အံ ဝါ"ဟု ဝါ-သဒ္ဒါကို တိုက်ရိုက်ထည့်

သွင်း၍ မိန့်ဆိုထားပြီးလျှင် "ဝဏ္ဏံဝန္တ" ကို အနိစ္စဝိမိအဖြစ်ဖြင့်ထုတ်ပြထားခဲ့၏။ ကစ္စာယနဝဏ္ဏနာ ဆရာလည်း သဒ္ဒနီတိကို အမှီပြု၍ မိန့်ဆိုထားသတည်း။

---

၄၇၃-မေး။ ။နပုလ္လိင် "ဂုဏဝန္တု" သဒ္ဒါ၏ သိ-နှင့် ယော-ဝိဘတ် နှောင်းရာတို့၌ ရုပ်ပြီးပုံကို အကျဉ်းချုပ်ပြခဲ့ပါ။

၄၇၃-ဖြေ။ ။"ဂုဏဝန္တု"တည်၊ သိ-သက်၊ "အံနပုံသကေ"သုတ်ဖြင့် န္တု-ပစ္စည်းကို ဝိဘတ်နှင့်တကွ အံ-ပြု၊ "ဂုဏဝံ" ပြီး၏။ ။ယော ဝိဘတ်သက်၊ "န္တုဿန္တော ယောသု စ" သုတ်၌ အန္တ- သဒ္ဒါဖြင့် အစိတ် ဥ-ကို အ-ပြု၊ ယော-ဝိဘတ်ကိုလည်း ဣ-ပြု၍ "ဂုဏဝန္တိ"။ ။ယော- ဝိဘတ်ကို ဣ-မပြုပဲ နိ-ပြု၍ "ဂုဏဝန္တာနိ"ပြီး၏။

---

၄၇၄-မေး။ ။နပုလ္လိင် ဂုဏဝန္တု- သဒ္ဒါနှင့် နပုလ္လိင် ဂစ္ဆန္တ-သဒ္ဒါတို့၏ ပဒမာလာကို ထူးရာ၌ အမြွက်မျှပြ၍ တူရာ ညွှန်းခဲ့ပါ။

၄၇၄-ဖြေ။ ။"ဂုဏဝံ-ဂုဏဝန္တိ-ဂုဏဝန္တာနိ"။ ။အကြွင်းသည် ပုလ္လိင် "ဂုဏဝန္တု"နှင့်တူပြီ။ "ဂစ္ဆံ-ဂစ္ဆန္တံ-ဂစ္ဆန္တာနိ"။ ။အကြွင်းသည် ပုလ္လိင် "ဂစ္ဆန္တ"နှင့်တူပြီ။

## သဒ္ဒနီတိပဒမာလာမှ ထုတ်နုတ် ဘော်ပြချက်။

### နပုလ္လိင်(သ)သဒ္ဒါ၏ ပဒမာလာ၊

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | သံ၊ | သာနိ,သာ၊ |
| ဒု | သံ၊ | သာနိ,သေ၊ |
| တ | သေန၊ | သေဟိ,ဘိ၊ |
| စ | သဿ၊ | သာနံ၊ |
| ပ | သာ,သသ္မာ,မှာ၊ | သေဟိ,ဘိ၊ |
| ဆ | သဿ၊ | သာနံ၊ |
| သ | သေ,သသ္မိံ,မှိ၊ | သေသု၊ |

အာကာရန္တ-နပုလ္လိင် ပြည့်စုံပြီ။

## အာကာရန္တ-နပုလ္လိင်အခဏ်း။

၄၇၅-မေး။ ။အာကာရန္တ- ႏနပုလ္လိင်ဟော သဒ္ဒါကို ထုတ်ပြချက် ဝစနတ္တပြုပြီးလျှင် ရုပ်ပြီးပုံ ကိုလည်း အမြွက်မျှ ပြခဲ့ပါ။

၄၇၅-ဖြေ။ ။ "အာသဒ္ဒါ" သဒ္ဒါတည်း။

နပိဋ္ဌတိ သဒ္ဒါ ဝေါဟာ ကုလသာတိ အာသဒ္ဒံ။

### ရုပ်ပြီးပုံ။

"အသဒ္ဒါ"တည်၊ "သရော ရဿော နပုံသ သကေ" သုတ်ဖြင့် သမာသ်ပုဒ် အဆုံး၌ တည်သော (ဒ္ဒါ)၏ အခ်ိတ် (အာ)ကို(အ)

ပြု၊နာမ်ငှဲသိ-သက်၊ အံ-ပြု၊ ကပ်၍ "အာသဒ္ဒံ" ပြီး၏။ (အာသဒ္ဒံ-သဒ္ဒါတရားမရှိသောအမျိုး)

---

၄၇၆-မေး။ ။"အာသဒ္ဒါ"သဒ္ဒါ၏ ပဒမာလာသည် မည်သည့် ပဒမာလာနှင့် တူသည်ဟု သိသာရုံ အဖြွက်မျှသွားပြီးလျှင် ညွှန်ပြခဲ့ပါ။

၄၇၆-ဖြေ။ ။

| ဝိဘတ်များ | ကေဝုစ်၊ | | ဗဟုဝုစ်၊ |
|---|---|---|---|
| ပ | အာသဒ္ဒံ၊ | | အာသဒ္ဒါ,အာသဒ္ဒါနိ၊ |
| အာ (ဟော) | အာသဒ္ဒ၊ | (ဟော) | အာသဒ္ဒါ,အာသဒ္ဒါနိ၊ |
| ဒု | အာသဒ္ဒံ၊ | | အာသဒ္ဒေ,အာသဒ္ဒါနိ၊ |

စသည်ဖြင့် စိတ္တသဒ္ဒါ၏ ပဒမာလာနှင့်တူပြီ။

---

၄၇၇-မေး။ ။ရူပသိဒ္ဓိဆရာ ထုတ်ပြအပ်သော အာကာရန္တ-နပုလ္လိင်"မုခ-နာသိကာ"သဒ္ဒါ၏ ပဒမာလာကို ပြည့်စုံအောင် ဘော်ပြခဲ့ပါ။

၄၇၇-ဖြေ။ ။

| ဝိဘတ်။ | | | ကေဝုစ်။ |
|---|---|---|---|
| ပ | (သိ) | | မုခနာသိကံ၊ |
| အာ | (ဂ) | (ဟော) | မုခနာသိက၊ |
| တ | (နာ) | | မုခနာသိကေန၊ |
| စ | (သ) | | မုခနာသိကဿ၊ |
| ပ | (သ္မာ) | | မုခနာသိကာ,မုခနာသိကသ္မာ,မှာ၊ |
| ဆ | (သ) | | မုခနာသိကဿ၊ |
| သ | (သ္မိံ) | | မုခနာသိကေ,မုခနာသိကသ္မိံ,မှိ၊ |

၄၇၈-မေး။ ။ဤ"ခုခနာသိက" သဒ္ဒါ၏ ပဒမာလာ၌ အဘယ့်ကြောင့် ဗဟုဝုစ်ဝိဘတ်ဖြင့် ပဒမာလာမသွားပဲ ဧကဝုစ်ဖြင့်သာ ပဒမာလာသွားအပ်ပါသနည်း။

၄၇၈-ဖြေ။ ။ခွန်ကောတ် ငွေထား သည်၏အကြောင့် ဗဟုဝုစ်ဖြင့် မသွားပဲ ဧကဝုစ်ဖြင့် သွားအင်စီစဉ်အပ်ပါ၏။

**တဿ ဥဏ္ဍကတ္တာ သဗ္ဗတ္ထေက-ဝစနမေဝ။**

**ရူပသိဒ္ဓိ။**

အာကာရန္တ-နပုလ္လိင် ပြည့်ချံပြီ။

---

# ဣကာရန္တ-နပုလ္လိင်အခဏ်း။

၄၇၉-မေး။ ။ဣကာရန္တ-နပုလ္လိင်ကား အဘယ်သဒ္ဒါပါနည်း။ရူပသိဒ္ဓိအတိုင်း ထုတ်ပြခဲ့ပါ။

၄၇၉-ဖြေ။ ။"အဋ္ဌိ"သဒ္ဒါပင်တည်း။

**ဣကာရန္တော နပုံသကလိင်္ဂေါ အဋ္ဌိသဒ္ဒေါ။**

**ရူပသိဒ္ဓိ။**

---

## ယောနံနိ နပုံသကေဟိ။

၄၈၀-မေး။ ။ဤသုတ်၏ အင်္ဂါများကိုရင်း၊ ကာရိ၊ ကာရိယတို့ကိုရင်း ရေးပြီးလျှင် ဥဒါဟရဏ်ကိုလည်း ထုတ်ခဲ့ပါ။

၄၇၀-ဖြေ။ ။(၁) ရှေ့၌ နပုလ္လိင် ဇကာရန္တ-ဥကာရန္တရှိခြင်း၊
(၂) နောက်၌ ယော-ဝိဘတ်ရှိခြင်း၊
ဤသို့ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါလျှင် (ယော)ဝိဘတ် ကာရိကို (နိ)ကာရိယ ပြုပါ၏။
ဥဒါဟရဏ်ကား-"အဋ္ဌီနိ" စသည်တည်း။

---

၄၇၁-မေး။ ။ဤသုတ်ဖြင့် (ယော)ဝိဘတ်ကို (နိ)ပြုခြင်းနှင့်"အဒေါနိစ္စံ"သုတ်ဖြင့် (နိ)ပြုခြင်း တို့၏ အထူးကို ရေးသားခဲ့ပါ။

၄၇၁-ဖြေ။ ။(က) ဤသုတ်ဖြင့် (နိ)ပြု ခြင်းသည် "အနိစ္စဝိဓိ"
(ခ) "အဒေါနိစ္စံ" သုတ်ဖြင့် (နိ)ပြု ခြင်းသည်"နိစ္စဝိဓိ"

ရူပသိဒ္ဓိ။

(၁) ဤသုတ်ဖြင့် ဇကာရန္တ- ဥကာရန္တ-နပုလ္လိင်တို့၏ နောက်၌(နိ)ပြု၏။
(၂) "အဒေါနိစ္စံ"သုတ်ဖြင့်အာကာရန္တ-နပုလ္လိင်၏ နောက်၌(နိ)ပြု၏။

(ဤကားအထူး)

ဇန္တုဟိ ဇဝဏ္ဏုဝဏ္ဏန္တေဟိ နပုံသကေဟိ ဝိဟိတံ။

နိဒ္ဒေသ။

---

၄၈၂-မေး။ ။"အဋ္ဌိ"သဒ္ဒါ၏ ပဒမာလာကို အစုံရေး ပြီးလျှင် သဘောတူ ပုဒ်များကိုလည်း ရူပ သိဒ္ဓိ လာတိုင်းသာ ထုတ်ပြခဲ့ပါ။

၄၈၂-ဖြေ။ ။

| ဝိဘတ်များ၊ | | ဧကဝုစ်၊ | | ဗဟုဝုစ်၊ |
|---|---|---|---|---|
| ပ | | အဋ္ဌိ၊ | | အဋ္ဌီ, အဋ္ဌီနိ၊ |
| အာ | (ဟေ) | အဋ္ဌိ၊ | (ဟေ) | အဋ္ဌီ, အဋ္ဌီနိ၊ |
| ဒု | | အဋ္ဌိံ၊ | | အဋ္ဌီ, အဋ္ဌီနိ၊ |
| တ | | အဋ္ဌိနာ၊ | | အဋ္ဌီဟိ, ဘိ, အဋ္ဌိဟိ, ဘိ၊ |
| စ | | အဋ္ဌိနော, အဋ္ဌိဿ၊ | | အဋ္ဌီနံ, အဋ္ဌိနံ၊ |
| မ | | အဋ္ဌိနာ, သ္မာ, မှာ၊ | | အဋ္ဌီဟိ, ဘိ, အဋ္ဌိဟိ, ဘိ၊ |
| ဆ | | အဋ္ဌိနော, အဋ္ဌိဿ၊ | | အဋ္ဌီနံ, အဋ္ဌိနံ၊ |
| သ | | အဋ္ဌိမှိ, အဋ္ဌိသ္မိံ၊ | | အဋ္ဌီသု, အဋ္ဌိသု၊ |

သဘောတူပုဒ်များ။

(၁) သတ္ထိ၊ (၄) ဝါရိ၊
(၂) ဒဓိ၊ (၅) အက္ခိ၊
(၃) အစ္ဆိ၊ စသည်တို့တည်း။

ဣကာရန္တ-နပုလ္လိင် ပြည့်စုံပြီ။

---

## ဤကာရန္တ-နပုလ္လိင်အခေါ်။

၄၈၃-မေး။ ။ဤကာရန္တ-နပုလ္လိင်သဒ္ဒါကို ထုတ်ပြ၍ သိ-ဝိဘတ် နှောင်းရော၍ ရုပ်ပြီးပုံနှင့် ၎င်း၏ ပဒမာလာကိုအခြွက်မှုပြ၍ တူသော ပဒမာလာကို ညွှန်ခဲ့ပါ။

၄၇၃-ဖြေ။ ။ "သုခကာရီ"သဒ္ဒါတည်း။

"သုခကာရီ"တည်၊ သိ-ဝိဘတ်သက် "အဃောရဿ"သုတ်ဖြင့် ဤ-ကို ဣ-ရဿပြု သိချေ"သုခကာရီ"ဖြီး၏။

| ဝိဘတ်များ။ | ဧကဝုစ်။ | | ဗဟုဝုစ်။ |
| --- | --- | --- | --- |
| ပ | သုခကာရိ၊ | | သုခကာရီ,သုခကာရိနော။ |
| အာ (ဟေ) | သုခကာရိ၊ | (ဟေ) | သုခကာရီ,သုခကာရိနော၊ |
| ဒု | သုခကာရိနံ,သုခကာရိံ၊ | | သုခကာရီ,သုခကာရိနော၊ |

အကြွင်း "ဒဏ္ဍီ"သဒ္ဒါနှင့်တူပြီ။

(သုခကာရီ-ချမ်းသာကို ပြုလေ့ရှိသော ဒါနသည်ဟု-အနက်ပေး)။

---

၄၇၄-မေး။ ။ဤကာရန္တ ပုဒ်ဖြစ်သောကြောင့် "သုခကာရီ"ဟု ဒီဃနှင့် ရှိထိုက်ပါလျက် သိ-ဝိဘတ်နှောင်းရာ၌ အဘယ့်ကြောင့်"သုခကာရီ"ဟု ရဿနှင့် ရှိနေရပါသနည်း။

၄၇၄-ဖြေ။ ။ဤကာရန္တ နပုလ္လိင် ဖြစ်ခြင်းကြောင့် "အဃောရဿ" သုတ်ဖြင့် သိ-ဝိဘတ်နှောင်းရာ၌ ရဿ-ပြုရပါ၏။ ထို့ကြောင့် "သုခကာရိ"ဟု ရဿဖြင့် ရှိနေရပါ၏။

သုခကာရီ ဣတိဓ အနပုံသကတ္တာဘာဝါ သိသ္မိံ အဃောရဿ-မိစ္စာဒိနာ ရဿတ္တံ။ ။ရူပသိဒ္ဓိ။

ဤကာရန္တ-နပုလ္လိင် ပြည့်ရံပြီ။

---

# ဥကာရန္တ-နပုလ္လိင်အခဏ်း။

၄၇၅-မေး။ ။ဥကာရန္တ-နပုလ္လိင် သဒ္ဒါကား အဘယ်နည်း။၎င်း၏ ပဒမာလာနှင့်တကွ သဘောတူ ပုဒ်စုကို ရူပသိဒ္ဓိလာတိုင်း ထုတ်ခဲ့ပါ။

၄၇၅-ဖြေ။ ။ "အာယု"သဒ္ဒါတည်း။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | အာယု၊ | အာယူ,အာယူနိ၊ |
| အာ (ဟေ) | အာယု၊ (ဟေ) | အာယူ,အာယူနိ၊ |
| ဒု | အာယုံ၊ | အာယူ,အာယူနိ၊ |
| တ | အာယုနာ,အာယုသာ၊ | အာယူဟိ,ဘိ,အာယုဟိ,ဘိ၊ |
| စ | အာယုနော,အာယုဿ၊ | အာယူနံ,အာယုနံ၊ |
| မ | အာယုနာ,အာယုသ္မာ,မှာ၊ | အာယူဟိ,ဘိ, အာယုဟိ,ဘိ၊ |
| ဆ | အာယုနော,အာယုဿ၊ | အာယူနံ,အာယုနံ၊ |
| သ | အာယုမှိ,အာယုသ္မိံ၊ | အာယူသု,အာယုသု၊ |

## သဘောတူပုဒ်စုများ။

(၁) စက္ခု၊ (၇) ဟိင်္ဂု၊
(၂) ဝသု၊ (၈) သိင်္ဂု၊
(၃) ဓနု၊ (၉) ဝတ္ထု၊
(၄) ဒါရု၊ (၁၀) မတ္ထု၊
(၅) တိပု၊ (၁၁) ဇတု၊
(၆) မဓု၊ (၁၂) အမ္ဗု၊
(၁၃) အဿု၊

ဥကာရန္တ-နပုလ္လိင် ပြည့်စုံပြီ။

# ဦကာရန္တ-နပုလ္လိင်အခန်း။

၄၈၉-မေး။ ။ဦကာရန္တ-နပုလ္လိင် သဒ္ဒါကို ထုတ်ပြ၍ ၎င်း၏ ပဒမာလာကို၎င်း၊ သဘောတူ ပုဒ်ရ ကို၎င်း ရူပသိဒ္ဓိလာတိုင်း ပြဆိုပါ။

၄၈၉-ဖြေ။ ။ "ဂေါတြဘူ" သဒ္ဒါတည်း။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | ဂေါတြဘု၊ | ဂေါတြဘူ, ဂေါတြဘူနိ၊ |
| အာ (ဟော) | ဂေါတြဘု၊ | (ဟော) ဂေါတြဘူ,ဂေါတြဘူနိ၊ |
| ဒု | ဂေါတြဘုံ၊ | ဂေါတြဘူ,ဂေါတြဘူနိ၊ |
| တ | ဂေါတြဘုနာ၊ | ဂေါတြဘူဟိ,ဘိ၊ |
| စ | ဂေါတြဘုနော,ဂေါတြဘုဿ၊ | ဂေါတြဘူနံ၊ |
| မ | ဂေါတြဘုနာ,သ္မာ,မှာ၊ | ဂေါတြဘူဟိ,ဘိ၊ |
| ဆ | ဂေါတြဘုနော,ဂေါတြဘုဿ၊ | ဂေါတြဘူနံ၊ |
| သ | ဂေါတြဘုသ္မိံ,ဂေါတြဘုမှိ၊ | ဂေါတြဘူသု၊ |

**သဘောတူ ပုဒ်ရကား။**

(၁) အဘိဘူ၊
(၂) သယမ္ဘူ၊
(၃) ဓမ္မညူ၊ စသည်တို့တည်း။

(ဂေါတြဘု-ဂေါတြဘူ ဝိတ်-ဟုပေး။)

ဦကာရန္တ-နပုလ္လိင် ပြည့်စုံပြီ။

## ဩကာရန္တ-နပုလ္လိင်အခဏ်း။

၄၈၇-မေး။ နပုလ္လိင် ဩကာရန္တ-သဒ္ဒါကိုထုတ်ပြပြီး လျှင် ဝစနတ္ထပြုခါ အနက်ပေးခဲ့ပါ။

၄၈၇-ဖြေ။ ။ "စိတ္တဂေါ"သဒ္ဒါတည်း။

စိတ္တာ ဂါဝေါ အဿ ကုလဿာတိ စိတ္တဂု။

အဿ ကုလဿ၊ ထိုအမျိုးအား။ စိတ္တာ၊ ဆန်းကြယ်ကုန်သော။ ဂါဝေါ၊ နွားတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဣဒံ ကုလံ၊ ထိုအမျိုးသည်။ စိတ္တဂု၊ စိတ္တဂု မည်၏။

(စိတ္တဂု–ဆန်းကြယ်သော နွားရှိသောအမျိုး)။

---

၄၈၈-မေး။ ။"စိတ္တဂု"သဒ္ဒါ၏ ရုပ်ပြီးပုံကိုလည်း၊ ၎င်း၏ အဖြစ်မှုသော ပဒမာလာကိုလည်း ပဒမာလာတူ ပုဒ်တို့ကိုလည်း၊ ရူပသိဒ္ဓိလာတိုင်း ဖြေဆို ညွှန်ကြားခဲ့ပါ။

၄၈၈-ဖြေ။ ။"စိတ္တဂေါ"တည်း။"သရော ရဿော နပုံ သကေ"သုတ်ဖြင့်(၈)အစိတ်ဩ-ကိုဥ-ရဿ ပယာတ် နိုးသည့်အဖြစ်ကြောင့် (ဥ)ပြု၊ နာမ်ငဲ့၊သိ-သက်၊ချေ၊"စိတ္တဂု"ပြီး၏။

| ပိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | စိတ္တဂု၊ | စိတ္တဂူ,စိတ္တဂူနိ၊ |
| အာ | (ဟေ) စိတ္တဂု၊ | (ဟေ) စိတ္တဂူ,စိတ္တဂူနိ၊ |
| ဒု | စိတ္တဂုံ၊ | စိတ္တဂူ,စိတ္တဂူနိ၊ |

စသည်ဖြင့် အာယုသဒ္ဒါနှင့် တူပြီ။

(ဩကာရန္တ-နပုလ္လိင် ပြည့်စုံပြီ)။

နပုလ္လိင် နိဂမန။

စိတ္တကမ္မဋ္ဌ အသဒ္ဒါ၊မထဋ္ဌ သုခကာရိ စ။

အာယု ဂေါတြဘူ ဓမ္မညူ၊ စိတ္တဂူတိ နပုံသကေ။

နပုလ္လိင် ပြည့်စုံပြီ။

---

# သဗ္ဗနာမ်-တိလိင်အခန်း။

## သဗ္ဗနာမ ကာရကေ ပဌမော။

(အာဒေသဝိဓိသုတ်။)

၅၇၉-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့်ပြည့်စုံ ပါမှ မည်သည့် ာဘာရိယမျိုး ရောက်နိုင် သည်ဟု ဆော်ပြ၍ ဥဒါဟရဏ်လည်း ထုတ်ခဲ့ပါ။

၅၇၉-ဖြေ။ ။(၁) ၎ှေ့၌ သဗ္ဗနာမ်ရှိခြင်း၊
(၂) အကာရန္တ-ဖြစ်ခြင်း၊

(၃) နောက်၌ ပဌမာ ယောဝိဘတ် ရှိခြင်း၊

ဤသို့ အင်္ဂါသုံးပါးနှင့်ပြည့်စုံပါလျှင် ပဌမာ(ယော)ဝိဘတ်ကာရီကို (၉) ကာရိယ ပြုပါ၏။

ဥဒါဟရဏ်ကား-''သဗ္ဗေ'' စသည်တည်း။

၄၉၀-မေး။ ။"ဝါယောပ္ပထမော" သုတ်မှ (ပဌမာ) ယော ဝိဘတ် လိုက်လာ သောကြောင့် (ပဌမော)ကို မထည့်တော့ပဲ (သဗ္ဗနာမ ကာရကေ) ဤမျှသာ တည်ထိုက်ပါလျက် (ပဌမာ)သဒ္ဒါကို ထည့်ရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၄၉၀-ဖြေ။ ။"ဒွန္ဒဋ္ဌာဝါ" ဟူသော နောက်သုတ်သို့ လိုက်စေခြင်းအကျိုး ရှိပါ၏။

ပဌမဂ္ဂဟဏံ ဥတ္တရသုတ္တတ္ထံ။ ။သဒ္ဒါကြီး။

## အဓိပ္ပါယ် ရှင်းလင်း ဘောင်ပြချက်။

"ဝါယောပ္ပထမော" သုတ်၌ရှိသောယောဝိဘတ်သည် ပဌမာယော မဟုတ်၊ဒုတိယာယောတည်း။အကယ်၍ ဒုတိယာယော လိုက်ခဲ့ပါလျှင် "သဗ္ဗယောနီနမာဧ"သုတ်ကလည်း ဒုတိယာ ယောကို ဧ-ပြုပြီး၍။ ဤ သုတ်ကလည်း ဒုတိယာယောကိုပင် တဖန်ထပ်မံ၍ ဧ-ပြုပြန်ခဲ့သော် အ

ကျိုးမရှိရာ၌ စီရင်ခြင်းသို့ ရောက်တော့မည်။ ထို့ကြောင့် ဤသုတ်သို့ လိုက်၍လာသော ယော-သည် ဒုတိယာ(ယော)မဟုတ်၊ ပထမာယော တည်း။သို့မှလည်း "ဇိနဝစနယုတ္တ"ဖြစ်မည်ဟု မှန်းဆသောအနုမာန ဉာဏ်ဖြင့် ပထမာ(ယော)သာ လိုက်သတည်းဟု သိအပ်၏။

၄၉၁-မေး။ ။နောက်သို့ လိုက်စေလိုပါလျှင် နောက်သို့ ရောက်မှသာ မိန့်ဆို ပါတော့လော၊ အဘယ်ကြောင့် ဤသုတ်ကား ကြိုတင်၍ မိန့်ဆိုရပါသနည်း။

၄၉၁-ဖြေ။ ။ဤသုတ်၌လည်း (ပထမာယော)ဟု ထင်ရှားသော အကျိုး၏ ဖြစ်သင့်သောကြောင့် တည်း။

ဣမာပိ ပါကဋဿ ပယောဇနဿ သမ္ဘဝတော ကတံ။ ။နိဒ္ဒေသ။

၄၉၂-မေး။ ။ဤသုတ်သည် မည်သည့် လိင်၌ စီရင် သည်ဟု အကြောင်းပြ၍ ဖြေဆိုပါ။

၄၉၂-ဖြေ။ ။(အကာရတော)ပုဒ်ကိုထောက်၍ ပုလ္လိင် နပုလ္လိင်၌ စီရင်ပါ၏။

၄၉၃-မေး။ ။"သဗ္ဗနာမာနိ"ပုဒ်ကို ဝစနတ္ထ ပြုပြီးလျှင် သဗ္ဗနာမ် ခေါ်ရခြင်း၏ အကြောင်းကို ပြခဲ့ပါ။

၄၉၃-ဖြေ။ ။သဗ္ဗေသံ "ဣတ္ထိပုမနပုံသကာနံ" နာမာနိ၊ သဗ္ဗနာမာနိ။ ၊(ဝစနတ္ထ။)
အလုံးစုံ ကုန်သော ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင် တို့၏. အမည် ဖြစ်သောကြောင့် "သဗ္ဗနာမ်"ခေါ်ရပါ၏။

---

၄၉၄-မေး။ ။သဗ္ဗနာမ်ပုဒ်တို့သည် မည်မျှ ရှိပါကုန်သနည်း၊သရုပ်ထုတ်၍ ပြခဲ့ပါ။

၄၉၄-ဖြေ။ ။ **သဗ္ဗနာမ်ပုဒ်များ။**

| | | |
|---|---|---|
| (၁) သဗ္ဗ၊ | (၁၀) ပရ၊ | (၁၉) အမု၊ |
| (၂) ကတရ၊ | (၁၁) အပရ၊ | (၂၀) ကိံ၊ |
| (၃) ကတမ၊ | (၁၂) ဒက္ခိဏ၊ | (၂၁) ဧက၊ |
| (၄) ဥဘယ၊ | (၁၃) ဥတ္တရ၊ | (၂၂) ဥဘ၊ |
| (၅) ဣတရ၊ | (၁၄) အဓရ၊ | (၂၃) ဒွိ၊ |
| (၆) အည၊ | (၁၅) ယ၊ | (၂၄) တိ၊ |
| (၇) အညတရ၊ | (၁၆) တ၊ | (၂၅) စတု၊ |
| (၈) အညတမ၊ | (၁၇) ဧတ၊ | (၂၆) တုမှ၊ |
| (၉) ပုဗ္ဗ၊ | (၁၈) ဣမ၊ | (၂၇) အမှ၊ |

ဤသို့(၂၇)ပုဒ် ရှိပါသည်။

---

## တယော နေ၀ စ သဗ္ဗနာမေဟိ။

(ပဋိသေဓဝိဓိသုတ်။)

၄၉၅-မေး။ ။ဤသုတ်၏. အင်္ဂါများနှင့် တားမြစ်ပုံကို ထင်ရှားအောင် ပြဆိုပါ။

၄၉၅-ဖြေ။ ။(၁) သမ္ဗန္ဓာမ် ပုဒ်ဖြစ်ခြင်း၊

(၂) အကာရန္တရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် အကာရန္တသဗ္ဗနာမ်၏ နောက်၌ (ဧ-ဝ-အာယ)ပြုရမည် ဟု မိန့်ဆို ထားသော "သဗ္ဗာ-သဗ္ဗ္ဗနံဝါ" "အာယစတုတ္ထေကဝစနဿတု"သုတ်တို့၏ အစီအရင်ကို တားမြစ်ပါ၏။

---

၄၉၆-မေး။ ။ဤသုတ်၌ ဝေ-သဒ္ဒါ စ-သဒ္ဒါတို့၏ အကျိုးကို ထင်ရှားအောင် ရေးခဲ့ပါ။

၄၉၆-ဖြေ။ ။ "ဝေ"သဒ္ဒါ၏ အကျိုးကား

အကာရန္တ ပုဒ်တို့မှ နောက်၌ သမ္ဗာ-သဗ္ဗ-ဝိဘတ်တို့ကို "သဗ္ဗာသဗ္ဗ္ဗနံဝါ" သုတ်ဖြင့် အာ-အပြု၊ ဧ-အပြုတို့သည်၎င်း၊ စတုတ္ထီ သ-ဝိဘတ်ကို "အာယစတုတ္ထေကဝစနဿတု" သုတ်ဖြင့် အာယ-အပြုသည်၎င်း၊ အခါခပ်သိမ်း မဖြစ်ဟု ကန့်ကွက် တားမြစ်ခြင်း အကျိုးရှိပါ၏။

ဝေဂ္ဂဟဏံ သဗ္ဗဒါဝိ နပ္ပဟောတီတိ ဉာပနတ္ထံ။

ချာသ။

**"စ" သဒ္ဒါ၏ အကျိုးကား**

ထိုဝေ-သဒ္ဒါ၏ ကန့်ကွက်တားမြစ်ချက်တို့ကို ပယ်ဖျက်ခြင်း နှစ်စေခြင်း အကျိုးရှိပါ၏။ ထို စ-သဒ္ဒါ၏ ပယ်ဖျက်ခြင်း နှစ်စေခြင်းကြောင့်....

(၁) ပုဗ္ဗာ၊

(၂) ပုဗ္ဗေ၊

စသော အကာရန္တ သဗ္ဗနာမ် ဥဒါဟရုဏ်တို့၌ သ္မာ-ဝိဘတ်ကို အာ၊ သ္မိံ-ဝိဘတ်ကို ဧ-ပြုရခြင်း အကျိုးရှိပါ၏။

**စဂ္ဂဟဏံ ကတ္ထစိ ပဋိသေဓနိဝတ္တနတ္ထံ၊ တေန ပုဗ္ဗာဒီဟိ သ္မာသ္မိံနံ အာဧ စ ဟောန္တိ။**

**ရူပသိဒ္ဓိ။**

ဤအဓိပ္ပါယ်ကို ရည်ရွယ်တော်မူကြ၍ ရှေးဆရာတို့သည်....

**"ဝေလည်းဆို၊ စလည်းဆို၊ ခွေးအို ပြာယက်နည်း"**

**"ဝေလည်းဆို၊ စလည်းဆို၊ ဘိုးအို ဖျာယက်နည်း"**

**"ဝေလည်းဆို၊ စလည်းဆို၊ လိပ်အို တောင်ဇာကဲ့နည်း"**

**"ဝေလည်းထိုင်၊ စလည်းထိုင်၊ လှံကိုင် ခွေးခေါ်နည်း"**

ဟု အနည်းနည်း မိန့်တော်မူကြကုန်ပြီ။ ဝေ-သဒ္ဒါသည် ခွေးမလာအောင် လှံကိုင်

သည်နှင့် တူ၏။ စ-သဒ္ဒါသည် ခွေးသော
အောင် ပါးစပ်က ခေါ်သည်နှင့်တူ၏။

---

## သဗ္ဗနာမနာမ် နံမှိ စ။*

## (အာဒေသဝိဓိသုတ်)။

၄၉၇-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိယတို့ကို ရေးသားခဲ့ပါ။

၄၉၇-ဖြေ။ ။နောက်၌ နံ-ဝိဘတ်နှောင်းခြင်း၊
ရှေ့၌ သဗ္ဗနာမ် အကာရန္တရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံပါလျှင် သဗ္ဗနာမ်ပုဒ်၏ အစိတ်(အ)ကို (ဧ)ကာရိယ ပြုပါ၏။

---

၄၉၈-မေး။ ။သဗ္ဗနာမ်- ဟူသည် ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်တို့၏ အမည်ဖြစ်ရကား ဤသုတ် သည်လိင်သုံးပါး၌ပင် စီရင်ပါသလော၊အာ ထောက်ပြ၍ ဖြေဆိုပါ။

၄၉၈-ဖြေ။ ။သဗ္ဗနာမ် အကာရန္တ အရာ၌သာ စီရင် သည်ကို ထောက်သောအားဖြင့် ပုလ္လိင်, နပုလ္လိင်၌သာ စီရင်သောသုတ်ဖြစ်ပါ၏။

ဤသမ္ပိ ဒွိလိင်သဗ္ဗနာမေသွေဝ ဝိဟိတံ။ ။နိဒ္ဒေသ။

ဒမှာ။

(ဤသုတ်၌ စ-သဒ္ဒါကား "သုဟ်သွကာရောဧ"မှ ဧ-ကို ငင်၏ဟု နျာသ-နိဒ္ဒေသတို့၌ ဆိုကုန်၏။)

## သဗ္ဗတော နှံ့ သံသာနံ။

(အာဒေသဝိဓိသုတ်။)

၄၉၉-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့်ပြည့်စုံပါမှ မည်သည့် ကာရိယမျိုး ရောက်နိုင်သည်ဟု ဥဒါဟရုဏ်နှင့်တကွ ပြခဲ့ပါ။

၄၉၉-ဖြေ။ ။(၁) ရှေ့၌ သဗ္ဗနာမ် အကာရန္တ ရှိခြင်း၊
(၂) နောက်၌ နံဝိဘတ်နှောင်းခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် (နံ) ဝိဘတ်ကို (သံ)အပြု၊ (သာနံ) အပြု ပြုပါ၏။

ဥဒါဟရုဏ်ကား-"သဗ္ဗေသံ-သဗ္ဗေသာနံ" စသည်တည်း။

---

၅၀၀-မေး။ ။"သဗ္ဗနာမကာရတော ပထမော" သုတ်မှ သဗ္ဗ-သဒ္ဒါ အလိုက်ခံ၍ (နံ သံသာနံ) ဤမျှသာ တည်ထိုက်ပါလျက် (သဗ္ဗ) သဒ္ဒါ ထည့်ရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၅၀၀-ဖြေ။ ။အထက်သုတ်၌ သဗ္ဗနာမ် အကာရန္တဟု မှတ်၍ ဆိုခဲ့ခြင်းကြောင့် (သဗ္ဗ)သဒ္ဒါ အလိုက်ကို လက်ခံပါလျှင် (အကာရတော) သဒ္ဒါလည်း ရောယောင်ခါ လိုက်လာပေလိမ့်မည်။ထိုင်းအကာရတော-သဒ္ဒါကို နှစ်

စေခြင်းအကျိုး၌ါ သဗ္ဗ-သဒ္ဒါကို ထည့်၍ တည်ရပါ၏။

ဣမံ ပန သဗ္ဗဂ္ဂဟဏံ ဟေဋ္ဌာ အကာရတော တိ နိယမေတွာ ဝုတ္တတ္တာ တဒပဂမကရဏတ္ထံ။

ချာသာ။

၅၀၁-မေး။ ။ဤသုတ်သည် မည်သည့် လိင်၌ စီရင်သည်ဟု အထောက်ပြ၍ ဖြေဆိုခဲ့ပါ။

၅၀၁-ဖြေ။ ။ "သဗ္ဗေသံ-သဗ္ဗေသာနံ"

"သဗ္ဗာသံ-သဗ္ဗာသာနံ"

ဥဒါဟရုဏ်တို့ကို ထောက်ဆသော အားဖြင့် လိင်သုံးပါး၌ စီရင်ပါသည်။

---

**ဃပတော သ္မိံသာနံ သံသာ။**

**(အာဒေသဝိဓိသုတ်။)**

၅၀၂-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိယတို့ကို ဆော်ပြ၍ ဥဒါဟရုဏ်လည်း ထုတ်ခဲ့ပါ။

၅၀၂-ဖြေ။ ။(၁) ရှေ့၌ သဗ္ဗနာမ်(ဃ-ပ)တို့တွင် တခုခုရှိခြင်း၊

(၂) နောက်၌ (သ္မိံ-သ)ရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံပါလျှင် သ္မိံ-ဝိဘတ်ကာရိကို (သံ) သ-ဝိဘတ်ကာရိကို (သာ)ကာရိယ ပြုပါ၏။

ဥဒါဟရုဏ်ကား "သဗ္ဗဿံ-သဗ္ဗဿာ"စသည်တည်း။

၅၀၃-မေး။ ။ဤသုတ်ဖြင့် သ-ဝိဘတ်ကိုသာ (သာ)ပြု နိုင်၍ အခြားသောဝိဘတ်တို့ကိုမူ(သာ) မပြုနိုင်၊ဤသို့ မှတ်သားရအံ့လော။

၅၀၃-ဖြေ။ ။(၁) သဗ္ဗဿာ ဇုတ္တိယာ ကတံ၊
(၂) သဗ္ဗဿာ ဇုတ္တိယာ အပေတိ၊
(၃) သဗ္ဗဿာ ဇုတ္တိယာ ပတိဋ္ဌိတံ၊
ဤဥဒါဟရဏ်တို့၌ (နာ-သ္မာ-သ္မိံ)ဝိဘတ် တို့ကိုလည်း (သ)ဝိဘတ်ကဲ့သို့ ငဲ့ပြီးလျှင် (သာ)ပြုနိုင်ပါသေး၏။

နာ-သ္မာ-သ္မိံ-ဇုဓွေတာနိ သေဝ။ ။သဒ္ဒနီတိ။

---

၅၀၄-မေး။ ။ဤသုတ်သည် မည်သည့်လိင်၌ စီရင် သည်ဟု အထောက်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

၅၀၄-ဖြေ။ ။(ဃပတော)ကို ထောက်၍ ဇုတ္တိလိင်၌ သာ စီရင်ပါ၏။

---

## ဃော ရဿံ။

### (အာဒေသဝိဓိသုတ်။)

၅၀၅-မေး။ ။ဤသုတ်၏ အင်္ဂါများကိုဎင်း၊ ကာရီ,ကာ ရိယတို့ကိုဎင်း ဆော်ပြ၍ ဥဒါဟရဏ် လည်း ထုတ်ခဲ့ပါ။

၅၀၅-ဖြေ။ ။(၁) ကေဝုစ်ဝိဘတ်အပြု ဖြစ်ခြင်း၊

(၂) သံ- သာ- အပြ တို့တွင် တခုခု နှောင်းခြင်း၊

(၃) ရှေ့၌ (ဃ)မည်သော (အာ) ဒိဃ ရှိခြင်း၊

ဤသို့ အင်္ဂါသုံးပါးနှင့် ပြည့်စုံပါလျှင်(ဃ) မည်သော(အာ)ဒိဃကာရီကို (အ)ရဿ ကာရိယပြုပါ၏။

ဥဒါဟရဏ်ကား-"သဗ္ဗသံ-သဗ္ဗဿာ"စသည်တည်း။

---

၅၀၆-မေး။ ။ဤသုတ်ကို (ဃော ရဿော)ဟု ကာရီ နှင့် ကာရိယ တို့ကို ပထမာဝိဘတ်နှင့် ချည်း မိန့်ဆိုကောင်း ပါလျက် (ဃော ရဿံ)ဟု မိန့်ဆိုခြင်း၌ အကြောင်းကို ရှာ ဖွေခဲ့ပါ။

၅၀၆-ဖြေ။ ။ပထမာကာရီ, ဒုတိယာကာရိယကို သိ စေလိုသောကြောင့်တည်း။

---

**သံသာသွေကာ ဝစနေသု စ။**

**(အာဂမဝိဓိသုတ်။)**

၅၀၇-မေး။ ။မည်သည့်အင်္ဂါများနှင့် ပြည့်စုံပါမှ(သ) အက္ခရာလာရမည်ဟု ထုတ်ဆောင်ပြခဲ့ပါ။

၅၀၇-ဖြေ။ ။(၁) ကောဝုစ် ဖြစ်ခြင်း၊
(၂) ဝိဘတ်အပြု ဖြစ်ခြင်း၊
(၃) သံ-သာ-အပြု နှောင်းခြင်း၊

ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံပါမှ (သ)အကျေ ရာ လာပါ၏။

---

၅၀၈-မေး။ ။(သ) အကျေရာ လာရခြင်း ကျသော ကြောင့် ဤသုတ်ကို "သာဂမောသေ" သုတ်နှင့် တသုတ်တည်း တည့်ထိုက်ပါ လျက် ခွဲခြား၍ တည်ရ ခြင်း၏ အ ကြောင်းကို ပြဆိုပါ။

၅၀၈-ဖြေ။ ။(၁) ဤသုတ်ကား ဣတ္ထိလိင်၌သာ မိ ရင်သည်။

(၂) ရှေ့သုတ်ကား လိင်သုံးပါး၌ စီရင် သည်။

တနည်း။ ။ပုလ္လိင်, နပုလ္လိင်၌ စီရင်သည်။ ဤသို့ လိင်ချင်းမတူ ကွဲပြားခြားနားသော ကြောင့် ခွဲ၍ တည်ရပါ၏။

ဘိန္နဝိသယတ္တာ အနန္တရသုတ္တံ ဟိ ဣတ္ထိသု လိင်္ဂေသု ဝိဟိတံ၊ ဧတ္ထ ပန ပုလ္လိင်္ဂေယေ ဝ ဝိဟိတံ။

နျာသ။

---

၅၀၉-မေး။ ။ဤသုတ်၏ ဝဏ္ဏိ၌ ကိံ-သုံးချက် ထုတ်ခဲ့ရာ (ဝိဘတ္တာ ဒေသေသု) ဟူသော နောက်ဆုံး (ကိံ)သည် သုတ်၌ မရှိပဲး အဘယ်ကြောင့် ထုတ်နိုင်ပါသနည်း။

၅၀၉-ဖြေ။ ။ကေဝုစ်-သံ သာ-ဝိဘတ်မရှိရကား ၎င်း သံ-သာ-တို့သည် ဝိဘတ်အပြု သံ-သာ-တို့တည်း-ဟု သိအပ်သော အဓိပ္ပါယ်တွ ရှိသောကြောင့်(ဝိဘတ္တာ ဒေသေသု)ကိံ-ထုတ်နိုင်ပါသည်။

---

၅၁၀-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ဘော်ပြပါ။

၅၁၀-ဖြေ။ ။(သ)သးခြင်းကို ငင်ခြင်းအနက်ရှိပါ၏။

**စဂ္ဂဟဏံ သာဂမဂ္ဂဟဏာ နုကဍ္ဎနတ္ထံ။** ။ချသား တနည်း။ **“တိဿာယ”** ၌ သးယ-အပြုနှောင်း ရာ၌လည်း (သ) အာဂုံရာ လာခြင်းကို ဆည်းခြင်း အနက်ရှိ၏။

---

**နေတာဟိသ္မိမာယသာ။**

**(ပဋိသေဓဝိဓိသုတ်။)**

၅၁၁-မေး။ ။ဤသုတ်၏ အင်္ဂါတို့ကိုဘော်ပြ၍ မည်သည့်သုတ်ကို တားမြစ်သည်ဟု ဘော်ပြခဲ့ပါ။

၅၁၁-ဖြေ။ ။(၁) ရှေ့၌ သဗ္ဗနာမ် (ဃ-ပ) တို့တွင် တခုခုရှိခြင်း၊
(၂) နောက်၌ သို့-ဝိဘတ်ရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် "ဃ တောနာဒိနံ" သုတ်ဖြင့် (အာယ) အပြု။ "ပတောယာ"သုတ်ဖြင့်(ယာ)အပြု တို့ကို တားမြစ်ပါ၏။

---

၅၁၂-မေး။ ။ဤသုတ်သို့ လိုက်၍ လာသော ဝါ-သဒ္ဒါ ၏ အနက်ကို ထင်ရှားအောင် ဥဒါဟရုဏ်နှင့် ထုတ်ပြခဲ့ပါ။

၅၁၂-ဖြေ။ ။(၁) "ဒိက္ခိတာယ ဒိသာယ ကိံ နိမိတ္တံ။"
(၂) "တာယ ပဋိဗဒ္ဓစိတ္တော။"
တို့၌ အာယ-အပြု၊ယာ-အပြု တို့ကို မြင်ရခြင်းကြောင့် ဝါ-သဒ္ဒါသည် နိဝတ္တာပန အနက်ရှိပါ၏။

ဝါမိကာရော ကွစိ ဟောတိ။ ။နှုပသင်္ခ်ိုး

သဒ္ဒနီတိအခလိုဘောင်ပြချက်။

သဒ္ဒနီတိ၌ အသျှင်မဟာ ကစ္စည်း၏ အလိုတော်အရ "မတန္တုရေ ဃပေဟိ သိ္ဆနာယယာ" သုတ်ကို တည်ထားတော်မူပြီးလျှင် မိမိ၏ အလို

အားဖြင့် သဗ္ဗနာမ်(ဃ-ပ-တို့၏ နောက်၌ အာယ-ယာ-အပြု ရှိသည် ဖြစ်ကုန်တော့သည်သာ)ဟု ဤသုတ်ကိုပင် မနှစ်သက်ယောင်မိန့်ဆိုတော်မူလျက်

> “ဟောန္တေဝ” (သုတ်)။ ။အသ္မာကံ မတေ ပန တေအာဒေသာ ဟောန္တိယေဝ။(ဋီကာ)။ ။ တောယ ပတိဋ္ဌိတံ၊ ဣမာယ ပတိဋ္ဌိတံ၊ အမုယာ ပတိဋ္ဌိတံ၊

ဟု ဥဒါဟရုဏ်တို့ကို အစုံဖွင့်ပြတော်မူခဲ့သတည်း။

၆၁၃-မေး။ ။သဗ္ဗ-သဒ္ဒါ၏ အနက်ကို ပြခဲ့၍ ပုလ္လိင်၊ ဣတ္ထိလိင်၊ နပုလ္လိင်၊ ပဒမာလာဘက်ကိုသီးခြား ခွဲဝေ၍ စီစဉ်ခဲ့ပါ။

၆၁၃-ဖြေ။ ။သဗ္ဗ-သဒ္ဒါသည် အကြွင်းအကျန် မရှိ၊ အလုံးစုံတူသော အနက်ကိုဟောပါ၏။

## ပုလ္လိင် သဗ္ဗသဒ္ဒါ၏-ပဒမာလာ။

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | သဗ္ဗော၊ | သဗ္ဗေ၊ |
| အာ | (ဟေ) သဗ္ဗ,သဗ္ဗာ၊ | (ဟေ) သဗ္ဗေ၊ |
| ဒု | သဗ္ဗံ၊ | သဗ္ဗေ၊ |
| တ | သဗ္ဗေန၊ | သဗ္ဗေဟိ,ဘိ၊ |
| စ | သဗ္ဗဿ၊ | သဗ္ဗေသံ,သာနံ၊ |
| ပံ | သဗ္ဗသ္မာ,မှာ၊ | သဗ္ဗေဟိ,ဘိ၊ |
| ဆ | သဗ္ဗဿ၊ | သဗ္ဗေသံ,သာနံ၊ |
| သ | သဗ္ဗမှိ,သဗ္ဗသ္မိံ၊ | သဗ္ဗေသု၊ |

## ဣတ္ထိလိင်-သဗ္ဗသဒ္ဒါ၏ ပဒမာလာ။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | သဗ္ဗာ။ | သဗ္ဗာ, သဗ္ဗာယော။ |
| အာ | (ဟေ) သဗ္ဗေ။ | (ဟေ) သဗ္ဗာ, သဗ္ဗာယော။ |
| ဒု | သဗ္ဗံ။ | သဗ္ဗာ, သဗ္ဗာယော။ |
| တ | သဗ္ဗာယ။ | သဗ္ဗာဟိ, ဘိ။ |
| စ | သဗ္ဗဿာ, သဗ္ဗာယ။ | သဗ္ဗာသံ, သဗ္ဗာသာနံ။ |
| မ | သဗ္ဗာယ။ | သဗ္ဗာဟိ, ဘိ။ |
| ဆ | သဗ္ဗဿာ, သဗ္ဗာယ။ | သဗ္ဗာသံ, သဗ္ဗာသာနံ။ |
| သ | သဗ္ဗဿံ, သဗ္ဗာယံ။ | သဗ္ဗာသု။ |

## နပုံလိင် သဗ္ဗသဒ္ဒါ၏ ပဒမာလာ။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | သဗ္ဗံ။ | သဗ္ဗာနိ။ |
| အာ | (ဟေ) သဗ္ဗ, သဗ္ဗာ။ | (ဟေ) သဗ္ဗာနိ။ |
| ဒု | သဗ္ဗံ။ | သဗ္ဗာနိ။ |

(အကြွင်းသည် ပုလ္လိင်နှင့် တူပါပြီ)။

---

၅၁၄-မေး။ ။

(၁) ကတရ၊ (၄) ဧကတရ၊
(၂) ကတမ၊ (၅) အည၊
(၃) ဥဘယ၊ (၆) အညတရ၊
(၇) အညတမ၊

ဤသဒ္ဒါတို့၏ အနက်ကိုဖော်ပြ၍ ရုပ်တူ ပဒမာလာကို ညွှန်းခဲ့ပါ။

၅၁၄-ဖြေ ။

(၁) "တတရ" } တို့သည် မေးခြင်း အနက်ကို
(၂) "တတမ" } ဟောကုန်၏။

(၃) "ဗုဘယ" သည် နှစ်ခု၏ အစိတ်ဖြစ်သော အပေါင်းကို ဟော၏။

(၄) "ဗှတရ" သည် ဆိုအပ် ပြီးသည်နှင့် ယှဉ်ခြင်းအနက်ကို ဟော၏။

(၅) "အည" သည် စွဲးဖြစ်သည်မှ တပါးသော အနက်ကိုဟော၏။

(၆) အညတရ" } တို့သည် မမြဲသော အနက်
(၇) "အညတမ" } ကို ဟောကုန်၏။

ထိုသဒ္ဒါတို့၏ ပဒမာလာသည် လိင်သုံးပါးလုံးပင် သဗ္ဗသဒ္ဒါနှင့် တူကြပြီ။

---

ခွန္နဒ္ဒာ ဝါ။

(အာဒေသဝိဓိသုတ်။)

၅၁၅ မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ,ကာရိယတို့ကိုထုတ်ဆော်ရေးသား၍ ဥဒါဟရုဏ်ထုတ်ခဲ့ပါ။

၅၁၅-ဖြေ။ ။(၁) ခွန္နဒ္ဒ တည်ခြင်း၊
(၂) သဗ္ဗနာမ် အကာရန္တဖြစ်ခြင်း၊

(၃) နောက်၌ ပထမာ ယောဝိဘတ် ရှိခြင်း၊

ဤသို့ အင်္ဂါသုံးပါးပြည့်စုံပါလျှင် (ယော) ဝိဘတ်ကာရိကို(ဧ)ကာရိယ ပြုပါ၏။

ဥဒါဟာရဏ်ကား-"ကတရကတမေ" စသည်တည်း။

---

၅၁၆-မေး။ ။ဤသုတ္တါကျမ်း၌ ပထမာ ယောဝိဘတ်ကို ဧ-ပြုသော သုတ်တို့၏ အမည်ကို ဆော် ပြပါ။

၅၁၆-ဖြေ။ ။(၁) သဗ္ဗနာမကာရတေပထမော၊
(၂) ဒွန္ဒဋ္ဌာဝါ။ ။ဤနှစ်သုတ်ရှိပါသည်။

---

၅၁၇-မေး။ ။ပထမာယောဝိဘတ်ကို ဧ-ကာရိယ အပြုခြင်း တူကြသောကြောင့်ဤနှစ်သုတ်တို့ သည် အထူးမရှိ မှတ်ရအံ့လော၊ အထူးရှိ လျှင် ဆော်ပြခဲ့ပါ။

၅၁၇-ဖြေ။ ။"သဗ္ဗနာမကာရတေပထမော"သုတ်ဖြင့် ဒွန္ဒသမာသ်မှ တပါးသော သဗ္ဗနာမ် အ ကာရန္တ၏ နောက်၌ ပထမာယောဝိဘတ် ကို ဧ-ပြု၏။

"ဒွန္ဒဋ္ဌာဝါ"သုတ်ဖြင့် ဒွန်အရာ၌တည်သော သဗ္ဗနာမ် အကာရန္တ၏ နောက်၌ ပထမာ

ယောဝိဘတ်ကို ဧ-ပြုပါ၏။ ။(ဤကား အဓိပ္ပါယ်။)

---

၅၁၈-မေး။ ။"ဝါယော ပုဗ္ဗထမော" သုတ်မှ ဝါ-သဒ္ဒါ လိုက်၍ လာပါလျက် ဝါ-သဒ္ဒါ အသစ် ထည့်ရခြင်း၏ အကျိုးကို ပြဆိုပါ။

၅၁၈-ဖြေ။ ။"နာညံ့ သဗ္ဗနာမိကံ" သုတ်သို့ ဝါ-သဒ္ဒါ မလိုက်ဟု သိစေခြင်းအကျိုးရှိ၏။

ဣဓဝေါဟာရကာလကရဏံ အနုဝတ္တနတ္ထံ ဝေါဟာ ကာနာနံ ဝုတ္တနတ္ထံ ပညာပနတ္ထံ။ ။ဓျာသ။

---

၅၁၉-မေး။ ။ပုဗ္ဗ-သဒ္ဒါ၏ ပဒမာလာကို ရေးသားခဲ့၍ အဓိပ္ပါယ်များကိုလည်း ညွှန်ပြပါ။

၅၁၉-ဖြေ။ ။ပုလ္လိင်ပုဗ္ဗသဒ္ဒါ။(ကာလဟော)

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | ပုဗ္ဗော။ | ပုဗ္ဗေ,ပုဗ္ဗာ။ |
| အာ | (ဟေ) ပုဗ္ဗ။ | (ဟေ) ပုဗ္ဗေ,ပုဗ္ဗာ။ |
| ဒု | ပုဗ္ဗံ။ | ပုဗ္ဗေ။ |
| တ | ပုဗ္ဗေန။ | ပုဗ္ဗေဟိ,ဘိ။ |
| စ | ပုဗ္ဗဿ။ | ပုဗ္ဗေသံ,ပုဗ္ဗေသာနံ။ |
| ပ | ပုဗ္ဗာ,ပုဗ္ဗသ္မာ,မှာ။ | ပုဗ္ဗေဟိ,ဘိ။ |
| ဆ | ပုဗ္ဗဿ။ | ပုဗ္ဗေသံ,ပုဗ္ဗေသာနံ။ |
| သ | ပုဗ္ဗေ,ပုဗ္ဗသ္မိံ,မှိ။ | ပုဗ္ဗေသု။ |

ဣတ္ထိလိင်ပုဗ္ဗသဒ္ဒါ။( ဒိသာဟော )

| | | |
|---|---|---|
| | ပုဗ္ဗာ။ | ပုဗ္ဗာ,ပုဗ္ဗာယော။ |

စသည်ဖြင့် ဣတ္ထိလိင် သဗ္ဗသဒ္ဒါနှင့် အတူ ဗိစဉ်လေ။

နပုလ္လိင် ပုဗ္ဗသဒ္ဒါ။ (ဌာနတော)

ပုဗ္ဗံ၊ ပုဗ္ဗာနိ၊
(ဟေ) ပုဗ္ဗ၊ (ဟေ) ပုဗ္ဗာနိ၊
ပုဗ္ဗံ၊ ပုဗ္ဗာနိ၊

စသည်ဖြင့် နပုလ္လိင် သဗ္ဗ-သဒ္ဒါနှင့် အတူ ဗိစဉ်လေ။

အမှာ။

(၁) ပရ၊ (၃) ဒက္ခိဏ၊
(၂) အပရ၊ (၄) ဥတ္တရ၊
(၅) အဓရ၊

သဒ္ဒါတို့လည်း ပုဗ္ဗသဒ္ဒါနှင့်တူကြပြီ။

---

## နည်း သဗ္ဗနာမိကံ။
## (ပဋိသေဓဝိဓိသုတ်။)

၅၂၀-ခမေး။ ။ဤသုတ်သည် အဘယ်သုတ်၏ ကာရိယ တို့ကို ခွင့်ပြု၍ အဘယ် ကာရိယတို့ကို တားမြစ်သော ပဋိသေဓဝိဓိသုတ် ဖြစ်ပါ သနည်း။

၅၂၀-ဖြေ။ ။(က) "ဒွန္ဒဋ္ဌာဝါ"သုတ်၏ ၆-အပြု ကာရိယကို ခွင့်ပြုပါ၏။

(ခ) "သဗ္ဗနာမာနံ နံမှိ စ" သုတ်၏ ဧ-
ကာရိယကိုရင်း၊ "သဗ္ဗတောနံ သံ
သာနံ"သုတ်၏ (သံ သာနံ) ဟူ
သော ကာရိယကိုရင်း၊ တားမြစ်
သောပဋိသေဓဝိဓိသုတ်ဖြစ်ပါ၏။

---

၅၂၁-မေး။ ။"ယတ္ထအာသင်္ကာအတ္ထိ၊တတ္ထပဋိသေဓိ
တဗ္ဗာ"ဟူသည်နှင့်အညီ ယုံမှားသံသယ
ရှိမှသာ တားမြစ်အပ်သောကြောင့် ဤအ
ရာ၌ မည်သို့ ယုံမှား သံသယ ဖြစ်ဘွယ်
ရှိသောကြောင့် ဤသုတ်ဖြင့် တားမြစ်အပ်
ပါသနည်း။

၅၂၁-ဖြေ။ ။"ဒွိန္နဉ္စာဝါ"သုတ်က ဒွိန်အရာ၌ ဧ-အပြု
စီရင်သည်ကို မြင်ရသော သောတာဇနတို့
သည် ဒွိန်အရာ၌သာ ဧ-ပြုရသည် မဟုတ်
သေး။အားလုံးသော သဗ္ဗနာမ် အစီအရင်
မှန်သမျှတို့ကိုလည်း စီရင်နိုင်လေသလော
ဟု ယုံမှားသံသယ ဖြစ်ဘွယ်ရှိ၍ ဤပဋိ
သေဓသုတ်ဖြင့် တားမြစ်ပါ၏။

---

၅၂၂-မေး။ ။"သဗ္ဗနာမာနံ နံမှိ စ" "သဗ္ဗတော နံ သံ
သာနံ" သုတ်တို့၏ အစီအရင်ကို ဒွိန်
သမာသ်၌သာ ဤသုတ်ဖြင့် တားမြစ်အပ်
ပါသလော။

၅၂၂-ဖြေ။ ။"မာသပုဗ္ဗာယ-မာသပုဗ္ဗာနံ" စသော တတိယာ တပ္ပုရိသ်သမာသ် ဥဒါဟရဏ်တို့လည်း (ဒွန္ဒ္ဌာ)ပုဒ်လိုက်ခြင်း ကင်းသော "ဝိနာဒိကာရေ ယောဂဝိဘာဂ"ဖြင့် ကားမြစ်ပါသေး၏။

နာညံ သဗ္ဗနာမိကန္တိ ဝိနာဒိကာရေန ယောဂေန
တတိယာ သမာသေပိ။ ။ရူပသိဒ္ဓိ။

---

ဗဟုဗ္ဗီဟိမှ ခ။

(ပဋိသေဓဝိဓိသုတ်။)

၅၂၃-မေး။ ။"နာညံ သဗ္ဗနာမိကံ"သုတ်ဖြင့် ၆-အပြုမှ တပါးသော သဗ္ဗနာမ် အစီအရင်ကို တားမြစ်ပြီးဖြစ်ပါလျက် ဤသုတ်ကို အဘယ်အကျိုးငှါ မိန့်ဆိုပါသနည်း။

၅၂၃-ဖြေ။ ။"နာညံသဗ္ဗနာမိကံ"သုတ်သည် ဒွန္ဒ်အရာမှာသာ တားမြစ်၏။ ဤသုတ်ကား ဗဟုဗ္ဗီဟိ သမာသ်အရာ၌ တားမြစ်၏။ ဤသို့ အထူးကို သိစေခြင်းငှါ မိန့်ဆိုပါသည်။

---

၅၂၄-မေး။ ။ဤသုတ်သည် ပဋိသေဓဝိဓိသုတ် ဖြစ်ပါလျှင် အဘယ်သုတ်တို့၏ အစီအရင်ကို တားမြစ်ပါသနည်း။

၁၂၄-ဖြေ။ ။"ယာပတော သိဒ္ဓံ သာနံ သံသာ" "သဗ္ဗတော နံသံသာနံ"သုတ်တို့၏ အစီအရင်ကို တားမြစ်ပါ၏။

---

၁၂၅-မေး။ ။ဤသုတ်၌ စ-သဒ္ဒါ၏ အကျိုးကို ဥဒါဟရဏ်နှင့်တကွ ထင်ရှားစွာ ရေးသားခဲ့ပါ။

၁၂၅-ဖြေ။ ။ "ဒက္ခိဏာ ပုဗ္ဗသံ"

"ဒက္ခိဏာ ပုဗ္ဗဿာ"

စသော ဗဟုဗ္ဗီဟိသမာသ်တို့၌ ဒိသာ အာနက်ဟော သဗ္ဗနာမ် အစီအရင် ရှိသေးသည်ဟုသိစေခြင်းအကျိုးရှိပါ၏။

**စဂ္ဂဟဏေန အညံ့ ဒိသတ္တသဗ္ဗနာမာနံ ဗဟုဗ္ဗီဟိမှိ သဗ္ဗနာမိကဝိဓာနဉ္စ ဟောတိ။ ။ရူပသိဒ္ဓိ။**

**(စ-သဒ္ဒါကား မိမိသုတ်၏ အစီအရင်ကို တားမြစ်သော နိဝတ္တာပန အာဝဓာရုဏတည်း။)**

---

၁၂၆-မေး။ ။"ဒက္ခိဏာ ပုဗ္ဗာ"ပုဒ်ကို ဝွမ်းနိုင်သမျှဝစနတ္ထ ပြုခဲ့ပါ။

၁၂၆-ဖြေ။ ။ဒက္ခိဏာသာ စ ပုဗ္ဗဿာ စ ယာဒိသာနံ ရာ ဒက္ခိဏာပုဗ္ဗာ၊

ဟုဗဟုဗ္ဗီဟိသမာသ်ပြု။ ။(**ရူပသိဒ္ဓိ-သဒ္ဒနီတိ တို့၏ အလို။**)

ဒက္ခိဏာ စ ပုဗ္ဗာ စ ဒက္ခိဏပုဗ္ဗာ၊
ဟု ဒွန္ဒသမာသ်ပြု။ (န္ယာသအလို)

**သင်ထားစရာ မှာထားချက်။**

သဒ္ဒနီတိ၌......''ဟောတိ ဒိသာသဗ္ဗနာမာနံ။ ။ဒိသာသဒ္ဒေကာနံ သဗ္ဗနာမာနံ ဗဟုဗ္ဗီဟိမှိ သမာသေ သဗ္ဗနာမဝိဓိ ဟောတိယေဝ။ ။ဒက္ခိဏာ ပုဗ္ဗဿံ၊ဒက္ခိဏာပုဗ္ဗဿာ၊ဥတ္တရပုဗ္ဗဿံ၊ ဥတ္တရပုဗ္ဗဿာ'' ဟု မိန့်ဆိုချက် ထင်ရှားရှိနေပါလျက် နိဿေသ၌......''တေနဟိ သဒ္ဒနီတိ, ဥာသေသု ဒက္ခိဏာ စ ပုဗ္ဗာစာတိ ဒွန္ဒသမာသော ကတော'' ဟု ဒွန်ပြုသော ဥာသ် တကျမ်းကိုသာ မယူပဲ သဒ္ဒနီတိကို အပါအဝင် ပြု၍ ဆိုခြင်းသည် နိဿေသဆရာ၏ မှားယွင်းချက်ဟု မထင်၊ အဆင့်ဆင့် ကူးမှားကြသူတို့၏ လက်ရာဟုသာ ထင်ပေ၏။ ထို့ကြောင့် အသစ်ထပ်မံ ပြုပြင်ကြရာ၌ (သဒ္ဒနီတိ)ဟူသောစကားကို ပယ်လှပ်ကြစေလိုပါသတည်း။

---

၁၂၇-မေး။ ။ယ-သဒ္ဒါ၏ အနက်ကို ပြ၍ ၎င်းနှင့် သဘောတူသော ပဒမာလာကို ညွှန်းရုံမျှ ညွှန်းခဲ့ပါ။

၁၂၇-ဖြေ။ ။ယ-သဒ္ဒါသည် အမှတ်မဲ့သောအနက်ကို ဟော၏။ ၎င်း ယ-သဒ္ဒါ၏ ပဒမာလာ သည် လိင်သုံးပါး လုံးပင် သဗ္ဗသဒ္ဒါနှင့် တူပြီ။

---

၁၂၈-မေး။ ။ပဒမာလာစီစဉ်သောအခါ ''ယ-တ-ဧတ'' သဒ္ဒါတို့၌ သဗ္ဗ-သဒ္ဒါကဲ့သို့ အာလုပ်ပုဒ် ပါ ထိုက် မပါထိုက် ဆုံးဖြတ်ပါ။

၅၂၈-ဖြေ။ ။အာလုပ်ပုဒ် မပါထိုက်ပါ။

ယ-တေ-တ သဒ္ဒါနမာလပနေရူပံ န
သမ္ဘဝတိ။ ။ရူပသိဒ္ဓိ။

---

၅၂၉-မေး။ ။ (၁) တ၊ (၃) ဣမ၊
(၂) ဧတ၊ (၄) အမု၊
(၅) ကိံ၊

သဒ္ဒါတို့၏ အနက်ကို ထုတ်ဖော် ရေး
သားပါ။

၅၂၉-ဖြေ။ ။

(၁) တ- သဒ္ဒါသည် မျက်ကွယ် အနက်ကို ဟော၏။

(၂) ဧတ- သဒ္ဒါသည် နီးသော အနက်ကို ဟော၏။

(၃) ဣမ- သဒ္ဒါသည် အလွန်နီးသော အနက်ကို ဟောပါ၏။

(၄) အမု- သဒ္ဒါသည် ဝေးသော အနက်ကို ဟောပါ၏။

(၅) ကိံ- သဒ္ဒါသည် မေးခြင်းအနက်ကို ဟောပါ၏။

---

## ဘောဘောသံ တော။

### (အာဒေသဝိဓိသုတ်။)

၅၃၀-မေး။ ။ဤသုတ်၏ အင်္ဂါများကိုလည်း၊ကာရိ,ကာ
ရိယတို့ကိုလည်း ရေးသားပြီးလျှင် ဥဒါဟ
ရဏ် ထုတ်ခဲ့ပါ။

၅၃၀-ဖြေ။ ။(၁) နောက်၌ သိဝိဘတ်နှောင်းခြင်း၊

(၂) ရှေ့၌ ဣတ္ထိလိင်, ပုလ္လိင် ဖြစ်သော တေ-နှင့် တ-သဒ္ဒါတို့တွင် တရုရ ရှိခြင်း၊

ဤအင်္ဂါနှင့် ပြည့်စုံပါလျှင် တေ-သဒ္ဒါ၏ အစိတ်(တ)အက္ခရာကာရိကို (သ)ကာရိယ ပြုပါ၏။ အစိတ် (တ)သဒ္ဒါကာရိကို (သ)ကာရိယ ပြုပါ၏၊

ဥဒါဟရဏ်ကား-"**သော-သော**"စသည်တည်း။

---

၅၃၁-မေး။ ။ဤသုတ်၌ တေ-သဒ္ဒါကား အက္ခရာ နှစ်လုံး ရှိသောကြောင့် (အစိတ်) ဟူသော စကားသည် သင့်ပါ၏။ (တ)သဒ္ဒါကား အက္ခရာ တလုံး တည်းသာ ရှိရကား (အစိတ်)ဟူသောစကားကို သဘောမကျနိုင်၊သဘောကျအောင် ဖြေဆိုခဲ့ပါ။

၅၃၁-ဖြေ။ ။(တ)အက္ခရာ၌ မိမိ၏မှီရာ အာသရ ထင်ရှားရှိနေ၏။ ထိုမှီရာ အစိတ်သရကို ငဲ့သောကြောင့် (တ) ဗျည်းကို အစိတ် ဟု ခေါ်ရသတည်း။

**သရာပေက္ခာဝယဝေါ ဗျဉ္ဇနော စ အန္တော ဟောတိ။ ။နိဒ္ဒေသ။**

မှာထားချက်။

တေ-သဒ္ဒါ၏ အစိတ်(တ)ဟု မိန့်ဆိုရာ၌ "မေ သီသံ" ပုဒ်မျိုးကဲ့သို့ အဝယဝသမ္ဗန္ဓဟု မှတ်ရမည်။ တ-သဒ္ဒါ၏ အစိတ် (တ)ဆိုရာ၌မူကား "မေ သရီရေ" ပုဒ်မျိုးကဲ့သို့ အဘေဒူပစာ-သမ္ဗန္ဓဟု မှတ်ရမည်။

---

## တသသ ဝါ နတ္တံ သဗ္ဗဒ္ဓါ။

(အာဒေသဝိဓိသုတ်။)

၅၃၂-မေး။ ။ဤသုတ်သည် မည်သည့်အခါနှင့် ပြည့်စုံပါမှ မည်သည့်ကာရိယမျိုး ရောက်နိုင်သည်ဟု ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။

၅၃၂-ဖြေ။ ။(၁) ဝိဘတ်ရနစ်သွယ် နှောင်းခြင်း၊
(၂) လိင်သုံးပါး၌ ဖြစ်သော သဗ္ဗနာမ်တ-အက္ခရာရှိခြင်း၊
ဤသို့ အခါနှစ်ပါးနှင့်ပြည့်စုံပါလျှင် သဗ္ဗနာမ်(တ)အက္ခရာကို (န)ပြုပါ၏။
ဥဒါဟရဏ်ကား-"နေ-နံ" စသည်တည်း။

---

၅၃၃-မေး။ ။"တေတေသံတော" သုတ်မှ (တ)သဒ္ဒါအလိုက်ခံ၍ (ဝါနတ္တံသဗ္ဗဒ္ဓါ) ဤမျှသာ မဆိုပါပဲ (တသသ)သဒ္ဒါကို အဘယ်အကျိုးငှါ ထည့်၍ မိန့်ဆိုပါသနည်း။

၅၃၃-ဖြေ။ ။"တေတေသံ တော"သုတ်၌ တေ-နှင့် တ-သဒ္ဒါနှစ်မျိုး ရှိသည်တွင် (တ)သဒ္ဒါ

ကိုသာ ယူခြင်းအကျိုး၌"တသာ ဝါ နတ္တံ သဗ္ဗတ္ထ"ဟု ထည့်၍ တည်ရပါ၏။

**ဣမေ တဂ္ဂဟာကာ ကရဏံ တသဒ္ဒဿေဝ သင်္ဂဟာကာတုံ။**

နျာသ။

---

၅၃၄-မေး။ ။(တသာဝါနသဗ္ဗတ္ထ) ဤမျှသာ မဆိုပါပဲး (နတ္တံ)ဟု ဆိုရခြင်း၌ အကြောင်းကို ရှာပြပါ။

၅၃၄-ဖြေ။ ။ပဋိသေဓ (န)မဟုတ်ဟု သိစေလိုသောကြောင့် (နတ္တံ)ဟု ဘာဝနိဒ္ဒေသအားဖြင့် မိန့်ဆိုရပါ၏။

**တနည်း။**

"**နစ နံ ပဋိနန္ဒတိ**"စသောဥဒါဟရဏ်တို့၌ ပုဒ်မှနောက်ဖြစ်သော (တ)ကို (န)ပြုခြင်း အကျိုး၌ (နတ္တံ)ဟု ဘာဝ နိဒ္ဒေသဖြင့် မိန့်ဆိုပါ၏။ ။**(အာစရိယဝါဒ)**။

---

**သဒ္ဒါသင်္ဂဟသုတ္တံ။**

**(အာဒေသဝိဓိသုတ်။)**

၅၃၅-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ,ကာရိယတို့ကို ရေးသားပြီးလျှင် ဥဒါဟရဏ်လည်း ထုတ်ပြခဲ့ပါ။

၅၃၅-ဖြေ။ ။(၁) သ- သ္မာ- သ္မိံ- သံ- သာ- တို့တွင် တရရနှောင်းခြင်း၊

(၂) လိင်သုံးပါး၌ ဖြစ်သော (တ)အက္ခရာရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် (တ) အက္ခရာကာရိကို (အ)ကာရိယပြုပါ၏။

ဥဒါဟရဏ်ကား- "အဿ" စသည်တည်း။

---

၅၃၆-မေး။ ။ဤသုတ်ကို "တဿာ ဝါ နတ္တံ သဗ္ဗတ္ထ" သုတ်နှင့် ကာရီချင်း အနိစ္စ- သုတ်ချင်း တူကြ သောကြောင့် တပေါင်းတည်း တည်သင့်ပါလျက် ခွဲ၍ ဘည်ရခြင်း၏ အကြောင်းကို ပြဆိုပါ။

၅၃၆-ဖြေ။ ။သုတ်၏ ကြီးလေးမည်ကို ပယ်လိုသော ကြောင့်တည်း။

---

၅၃၇-မေး။ ။(သသ္မာသ္မိံ သံသာသု အ)ဤမျှသော မဆို ပါပဲ (အတ္တံ)ဟု ဘာဝနိဒ္ဒေသဖြင့် ဆိုရ ခြင်း၌ အကျိုးကို ထင်ရှားစွာ ပြဆိုပါ။

၅၃၇-ဖြေ။ ။"အာသံ" ဟူသော ဥဒါဟရဏ်တို့၌ နံ- ဝိဘတ်နှောင်းရာ လိင်သုံးပါး၌ (တ)ကို

(အာ)ပြုရသေး၏ ဟုသိစေခြင်း အကျိုးငှါ ဘာဝနိဒ္ဒေသဖြင့် မိန့်ဆိုချပါ၏။

(အာစရိယဝါဒ)။

---

## နဟိဒ်မေပ်ာ် ကဘာကာခရေပ်ာ်။

(ပဋ္ဌိသေဓဝိဓိသုတ်)။

၅၃၈-မေး။ ။ဤသုတ်ဖြင့် အဘာယ်သုတ်၏ ကာရိယတို့ကို တားမြစ်သည်ဟု ထင်ရှားစွာ ဖြဆိုပါ။

၅၃၈-ဖြေ။ ။တ-သဒ္ဒါနှင့် ဧတ-သဒ္ဒါတို့ကို (အ)ပြုပြီးပါလျှင် ၎င်း (အ)ကာရိယ တို့၏ နောက်ရှိ သ္မာ-ကို မှာ၊သ္မိံ-ကို မှိ မပြုရဟု "သ္မာဟိသ္မိံနံမှာဘိမှိဝါ" သုတ်၏ ကာရိယကို တားမြစ်ပါ၏။

---

၅၃၉-မေး။ ။"သ္မာဟိသ္မိံနံမှာဘိမှိဝါ"သုတ်မှ သ္မာ-နှင့် သ္မိံ-ဝိဘတ် တို့သည် ဤသုတ်သို့လိုက်ပါလျက် ဟိ-ဝိဘတ်မူ အဘယ်ကြောင့် မလိုက်လာပဲ နေရစ်ခဲ့ပါသနည်း။

၅၃၉-ဖြေ။ ။ဟိ-ဝိဘတ် နှောင်းရာ၌ သဗ္ဗနာမ်ပုဒ်၏ (အာ)အပြု မရှိသောကြောင့် မလိုက်လာပဲ နေရစ်ခဲ့သတည်း။

**ဟိ-သို့ အတ္တသော ဝါဘာဝါ အတ္တတောပိ**
**ဟိဘိဂ္ဂဟဏံ နာနုဝတ္တတေ။ ။ရှာသ။**

---

## တတော သဿ သာယ။

**(အာဒေသဝိဓိသုတ်။)**

၅၄၀-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ၊ကာရိယတို့ကို ရေးသား၍ ဥဒါဟရုဏ်တခု ထုတ်ခဲ့ပါ။

၅၄၀-ဖြေ။ ။(၁) ရှေ့၌ တာ-ဧတာ-ဣမာ- သဒ္ဒါတို့တွင် တခုခုရှိခြင်း၊
(၂) နောက်၌ သ-ဝိဘတ်ရှိခြင်း၊
ဤသို့အင်္ဂါနှစ်ပါးနှင့်ပြည့်စုံပါလျှင် (သ)ဝိဘတ်ကာရီကို(သာယ)ကာရိယပြုပါ၏။

ဥဒါဟရုဏ်ကား-"**တိဿာယ**" စသည်တည်း။

---

၅၄၁-မေး။ ။(သဿ သာယ)ဟုတည်လျှင်ပြီးပါလျက် (တတော)သဒ္ဒါ အထူးပြု၍ တည်ရခြင်း အကျိုးကို ရေးခဲ့ပါ။

၅၄၁-ဖြေ။ ။"ဧတိမာသမိ" "တဿာဝါ" သုတ်တို့မှ တာ- ဧတာ- ဣမာ- တို့ကို ခွဲငင်ခြင်း အကျိုးရှိပါ၏။

**တတောဂဟဏံ သုတ္တဒွယသ-နုကဍ္ဎနတ္ထံ။**

**နိဒ္ဒေသ။**

အမှာ။

(ဤ၌သုတ်အစဉ်အတိုင်း"တော-ဌမာ-တာ''ဟု ဖုတ္တိ၌ရှိထိုက်လျက် "တာ-တော-ဌမာ"ဟု ဆိုခြင်းသည် အနီးမှစ၍ ဆိုသောကြောင့် ပစ္စာသတ္တိ နည်းမည်၏)။

---

တသော ဝါ။

(အာဒေသဝိဓိသုတ်။)

၅၄၂-မေး။ ။ဤသုတ်သည် မည်သည့်အရာ၌ စီရင်သောသုတ်ဟု ထင်ရှားအောင် ပြဆိုခဲ့ပါ။

၅၄၂-ဖြေ။ ။နောက်၌ ဧကဝုစ်-ဝိဘတ်အပြု သံ-သာ-တို့ နှောင်းပါလျှင် ရုတ္တိလိင်၌ ဖြစ်သော (တာ)သဒ္ဒါ၏ အစိတ် (အာ)ကို ရာ-ပြုသော သုတ်ဖြစ်ပါ၏။

---

၅၄၃-မေး။ ။တသော-ဟူသော ပုဒ်သည် သုဒ္ဓနာမ် ပုဒ်လော၊ သို့မဟုတ် သဗ္ဗနာမ်ပုဒ်လော၊ ဆုံးဖြတ်ခဲ့ပါ။

၅၄၃-ဖြေ။ ။သုဒ္ဓ နာမ် ဖြစ်ပါသည်။ သဗ္ဗနာမ် မဟုတ်ပါ။

---

၅၄၄-မေး။ ။သုဒ္ဓနာမ်ဖြစ်ပါလျှင် သုဒ္ဓနာမ်ရုပ်အားဖြင့် (တသာ)ဟု ဆိုထိုက်ပါလျက် သဗ္ဗနာမ် အစီအခရင်ဖြစ်သော"ဃပတော သ္မိံသာနံ သံသာ" သုတ်ဖြင့် သာ-ပြုထားသော

သဗ္ဗနာမ် ရုပ်အားဖြင့် အဘာယ်ကြောင့် (တဿာ)ဟု ထားရပါသနည်း။

၅၄၄-ဖြေ။ ။အတုပြုခြင်းတည်းဟူသော အနုကရဏ ဖြစ်သောကြောင့်၎င်း၊ ရှုတ္တိလိင် ကိုသာ ယူခြင်း တည်းဟူသော ဓိုးစဉ်းသော အကျိုး၏ ဖြစ်သင့်သော ကြောင့်၎င်း (တဿာ)ဟု တည်ထားရပါ၏။

အနုကရဏတ္တာ ကိစ္စပယောဇန သမ္မာဝဏ္ဏနာ
၈ တဿာဝဏ်ဏ ၅တ္တာ။ ။နိဒ္ဒေသ။

အနုကရဏ-အဓိပ္ပါယ် ဆောင်ပြချက်။

(၁) ပိဋကတ်သုံးပုံလာ ပုဒ်အက္ခရာတို့သည် အနုကာရိယ(သဒ္ဒါ စစ်)မည်၏။

(၂) ထိုသဒ္ဒါစစ် တို့၏ ပုဒ်-ဓာတ်-ပစ္စည်းတို့ကို သိစေခြင်း အကျိုးငှါ အသျှင်မဟာ ကစ္စည်း,စသော ဆရာတို့သည် သုတ်-ဝုတ္တိ-တို့ဖြင့် ပြဆိုအပ်သော ပုဒ်အက္ခရာတို့သည် အနုကရဏ (သဒ္ဒါတု)မည်၏။ သဒ္ဒါစစ်သည် ဇာတိသက်ရှိ ဆင်နှင့်တူ၏။ ထိုသက်ရှိဆင်ကို မြင်လျှင် သိစေခြင်းအကျိုး ငှါ ထုလုပ်အပ်သော သက်မဲ့ ဆင်ရုပ်သည် သဒ္ဒါတုနှင့် တူ၏။

(က) သဒ္ဒါတုသည်လည်း ရုပ်စီရင်ပုံ ဥပဒေသ၊ သဒ္ဒါ့စည်းမျဉ်းကို စွန့်သော သဒ္ဒါတု(ပရိစတ္တာနုကရဏ)

(ခ) ရုပ်စီရင်ပုံ ဥပဒေသ၊သဒ္ဒါ့စည်းမျဉ်းကို မစွန့်သော သဒ္ဒါတု (အပရိစတ္တာနုကရဏ)

ဤသို့ နှစ်မျိုးရှိ၏.။ ။သမ္ဗာသဒ္ဒါတို့၏ ဥပဒေသအရ အများဟော ပုဒ်၏နောက်၌ ဗဟုဝုစ်နှင့်"သဆန္တိဝါ" နေထိုက်ပါလျက်"သဆာသ ဝါ"ဟူ၍ရင်း၊ "ဝိသတိဒသေသု ဗါ ဒွိန္နံ တု"ဟု နေထိုက်ပါလျက် "ဒွိဿတု"ဟူ၍ရင်း ထားခြင်းသည် သဒ္ဒါစည်းမျဉ်း ဥပဒေသကို စွန့်သောကြောင့်(ပရိစတ္တာနုကရဏ) သဒ္ဒါတုမည်၏.။"ဇာဏ္ဏာမိဏ္ဏာနံ တိတိ သမ္ဗာဟိ"ဟူသော အနုကရဏသည် အများဟော ပုဒ်တို့၏နောက်၌ ဗဟုဝုစ်ဝိဘတ်သက်ရမည်ဟူသော သဒ္ဒါစည်းမျဉ်းဥပဒေသကို မစွန့်သောကြောင့် (အပရိစတ္တာနုကရဏ)သဒ္ဒါတု မည်၏.။ ထိုနှစ်မျိုး တို့တွင် ဤသုတ်သည် အပရိစတ္တာနုကရဏ သုတ်မည်သတည်း။

---

၁၄၅-မေး။ ။ဤသုတ်ကို"ဝေဒိမာသဓိ"သုတ်နှင့်တွဲ၍ တသုတ်တည်း ဆိုထိုက်ပါလျက် ခွဲခြားတည်ထားရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

၁၄၅-ဖြေ။ ။"ဝေဒိ မာသဓိ" သုတ်သည် "နိစ္စဝိဓိ" သုတ်တည်း။

ဤသုတ်သည် "အနိစ္စဝိဓိ"သုတ်တည်း။

ထို့ကြောင့် ခွဲခြားတည်ထား ရပါ၏.။

**ဘိန္နယောဂကရဏံ အနန္တရသုတ္တံ နိစ္စံ ဇာဒံ ပန အနိစ္စန္တိ ဒဿေတိ။ ။နိဒ္ဒေသ။**

---

၁၄၆-မေး။ ။တ-သဒ္ဒါ၏ ပဒမာလာကို လိင်သုံးပါးနှင့် သွားပြခဲ့ပါ။

## ၂၄၆-ဖြေ။ ။ပုလ္လိင် တ-သဒ္ဒါ(ယောကျ်ားဟော)

| ဝိဘတ်များ။ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | သော၊ | နေ,တေ၊ |
| ဒု | နံ,တံ၊ | နေ,တေ၊ |
| တ | နေန,တေန၊ | နေဟိ,ဘိ,တေဘိ,ဟိ၊ |
| စ | အဿ,နဿ,တဿ၊ | နေသံ,တေသံ၊ |
| မ | အသ္မာ,နသ္မာ,တသ္မာ,နမှာ,တမှာ၊ | နေဟိ,ဘိ,တေဟိ,ဘိ၊ |
| ဆ | အဿ,နဿ,တဿ၊ | နေသံ,တေသံ၊ |
| သ | အသ္မိံ,နသ္မိံ,တသ္မိံ,နမှိ,တမှိ၊ | နေသု,တေသု၊ |

## ဣတ္ထိလိင် တ-သဒ္ဒါ။(သတို့သမီးဟော)

| ဝိဘတ်များ။ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | သာ၊ | နာ,တာ,နာယော,တာယော၊ |
| ဒု | နံ,တံ၊ | နာ,တာ,နာယော,တာယော၊ |
| တ | နာယ,တာယ၊ | နာဟိ,တာဟိ,နာဘိ,တာဘိ၊ |
| စ | တိဿာယ,တဿာယ,<br>အဿာယ,နဿာယ,<br>အဿာ,နဿာ,တိဿာ,<br>တဿာ,နာယ,တာယ၊ | နာသံ,တာသံ၊ |
| မ | နာယ,တာယ၊ | နာဟိ,တာဟိ,နာဘိ,တာဘိ၊ |
| ဆ | တိဿာယ,တဿာယ,<br>အဿာယ,နဿာယ,<br>အဿာ,နဿာ,<br>တိဿာ,တဿာ၊<br>နာယ,တာယ၊ | နာသံ,တာသံ၊ |
| သ | အဿံ,နဿံ,တိဿံ၊<br>တဿံ,နာယံ,တာယံ၊ | နာသု,တာသု၊ |

နပုလ္လိင် တ-သဒ္ဒါ။ (စိတ်ဟော)။

နံ,တံ၊ နာနိ,တာနိ၊
နံ,တံ၊ နာနိ,တာနိ၊

အကြွင်း ပုလ္လိင်နှင့် တူပြီ။

---

တေိမာသာဓိ။

(အာဒေသဝိဓိသုတ်။)

၅၄၇-မေး။ ။ဤသုတ်၏ အစီအရင်ကို ဘော်ပြခဲ့ပါ။
၅၄၇-ဖြေ။ ။ဧကဝုစ်ဝိဘတ်အပြ(သံ-သာ)တို့ နှောင်းပါလျှင် တော-ဧမာ-တို့၏ အဝိတ်(အာ)ကို (ဧ)ပြုသော သုတ်ဖြစ်ပါ၏။

---

၅၄၈-မေး။ ။"နာညံ့ သဗ္ဗနာမိကံ"သုတ်ဖြင့် ဒွန်-သဗ္ဗနာမ် အစီအရင်ကို တားမြစ်ထားသော ကြောင့် (တေိမာနံ)ဟု ဆိုထိုက်ပါလျက် (တေိမာသံ)ဟု ဆိုရခြင်း အကြောင်းကို ပြဆိုပါ။
၅၄၈-ဖြေ။ ။ဝိုးစဉ်းသောအကျိုးထူး၏ ဖြစ်သင့်သော ကြောင့်တည်း။

ကိစ္စံ ပယောဇနန္တရ သဗ္ဗဝတော။ ။နိဒ္ဒေသ။

အကျိုးထူး ဖြစ်သင့်ပုံ ဘော်ပြချက်။

"တေိမာနံ"ဟု ဆိုပါက တော-ဧမာ-သဒ္ဒါတို့ကို "ပုရိသာနံ-စိတ္တာနံ"ဟူကုန်သော ပုလ္လိင်,နပုလ္လိင် ပုဒ်တို့ကဲ့သို့"သုနံဟိသုစ"သုတ်

ဖြင့် ဒိဋ္ဌပြုထားသော ပုဒ်ဟူ၍ သော သိကြလိမ့်မည်။ဇာတ္တိလိင် အာကာ ရန္တပုဒ်ဟုသိကြတော့မည်မဟုတ်။ဤကဲ့သို့ အသိအမြင်များမှုကို တားမြစ်၍ (သံ-သာနံ)တို့၏ အရာဖြစ်သော ဇာတ္တိလိင်ကိုသာ လျှင်သိစေခြင်းငှါ "တေဓာသံ"ဟု ဆိုအပ်ပါ၏။ဤ၌"နာညံ သဗ္ဗနာမိကံ"သုတ်ကိုတား မြစ်ရခြင်းသည်ပင် အကျိုးထူးတည်း။"အနိစ္စဝိဓိ"သုတ်တည်းဟူလို။

---

၁၄၉-မေး။ ။သံ-သာ-မှ တပါးသော သာယာ- အပြု နှောင်းရာ၌ ဤသုတ်ဖြင့် တော-ဇာမာ-တို့၏ အစိတ်(အာ)ကို(ဇာ)ပြုနိုင် မပြုနိုင်ဆုံး ဖြတ်ခဲ့ပါ။

၁၄၉-ဖြေ။ ။သာ-အပြုနှင့် အလား တူသည်၏ အ ဖြစ်ကြောင့် သာယာ- အပြု နှောင်းရာ၌ လည်း (ဇာ)ပြုနိုင်ပါသည်။

သာဒေသဂတိကတ္တာ သာယာဒေသေပိ။ ။ရူပသိဒ္ဓိ။

---

၁၅၀-မေး။ ။ဤသုတ်သို့ လိုက်၍လာသော (စ)သဒ္ဒါ ၏အကျိုးကို ဥဒါဟရဏ်နှင့်တကွ ထုတ် ပြခဲ့ပါ။

၁၅၀-ဖြေ။ ။"အညိဿာ-ကေိဿာ-ဇာတရိဿာ" စသော ဥဒါဟရဏ်တို့၌လည်း အစိတ် (အာ)ကို (ဇာ)ပြုခြင်းအကျိုးရှိပါ၏။

စသဒ္ဒါဓိကာရတော အညေကသဒ္ဒါနမ္ပိ သာ စ။ ။ရူပသိဒ္ဓိ။

---

၁၅၁-မေး။ ။တေ- သဒ္ဒါ၏ ပဒမာလာကို အတူ ညွှန်း၍ အထူးကို ဘော်ပြစီစဉ်ခဲ့ပါ။

၅၅၃-ဖြေ။ ။ပုလ္လိင် တသဒ္ဒါ။(ယောကျ်ားဟော)

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | သော၊ | တေ၊ |
| ဒု | တံ၊ | တေ၊ |

အကြွင်းပုလ္လိင် သဗ္ဗသဒ္ဒါနှင့်တူပြီ။

ဣတ္ထိလိင် တာ-သဒ္ဒါ။(သတ္တိသွီးဟော)

| ဝိဘတ်များ၊ | ဧကဝုစ်၊ | ဗဟုဝုစ်၊ |
|---|---|---|
| ပ | သာ၊ | တာ၊ တာယော၊ |
| ဒု | တံ၊ | တာ၊ တာယော၊ |
| တ | တာယ၊ | တာဟိ၊ တာဘိ၊ |
| စ | တိဿာယ၊ တိဿာ၊ တာယ၊ | တာသံ၊ တာသာနံ၊ |
| ပ | တာယ၊ | တာဟိ၊ တာဘိ၊ |
| ဆ | တိဿာယ၊ တိဿာ၊ တာယ၊ | တာသံ၊ တာသာနံ၊ |
| သ | တိဿံ၊ တာယံ၊ | တာသု၊ |

နပုံလိင် တ-သဒ္ဒါ။ (မိတ်ဟော)

| | |
|---|---|
| တံ၊ | တာနိ၊ |
| တံ၊ | တာနိ၊ |

အကြွင်း-သဗ္ဗနှင့်တူပြီ။

---

အနုပုံသကာသာယံ သဒ္ဒါ။

(အာဒေသဝိဓိသုတ်)။

၅၅၂-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ,ကာရိယ တို့ကို ရေးသား၍ ဥဒါဟရုဏ်ထုတ်ခဲ့ပါ။

၅၅၂-ဖြေ။ ။(၁) နောက်၌ သိဝိဘတ်နှောင်းခြင်း၊
(၂) ရှေ့၌ ဧကုတ္တိလိင်, ပုလ္လိင် ဧကုမသဒ္ဒါ ရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံပါလျှင် (ဧကုမ) ကာရိကို (အယံ)ကာရိယ ပြုပါ၏။

ဥဒါဟရဏ်ကား-"**အယံ ဧကုတ္တိ-အယံ ပုရိသော**"တည်း။

---

၅၅၃-မေး။ ။ဤသုတ်သည် နိစ္စဝိဓိ, အနိစ္စဝိဓိ နှစ်ပါး တို့တွင် အဘယ် ဝိဓိသုတ်ပါနည်း။ အကြောင်းပြ၍ ဖြေဆိုပါ။

၅၅၃-ဖြေ။ ။ဝိကပ်အနက်ရှိသော ဝါ-သဒ္ဒါတိုက်ရိုက်လည်း မရှိ၊လိုက်၍လည်းမလာ၊ တားမြစ်သော အခြားသော အစီအရင်လည်း မရှိသောကြောင့် "နိစ္စဝိဓိ"သုတ်ဖြစ်ပါ၏။

---

**အနိမိ နာမှိ စ။**

**(အာဒေသဝိဓိသုတ်။)**

၅၅၄-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံပါမှ မည်သည့်ကာရိယမျိုး ရောက်နိုင်သည်ဟု ရေးသား၍ ဥဒါဟရဏ်လည်း ထုတ်ပြခဲ့ပါ။

၅၅၄-ဖြေ။ ။(၁) နောက်၌ (နာ)ဝိဘတ် နှောင်းခြင်း၊
(၂) ရှေ့၌ (ဧကုမ)သဒ္ဒါ ရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင်(ဆူမ)
သဒ္ဒါကို (အန-ဆူမိ) ကာရိယ နှစ်ချက်
ပြုပါ၏။

ဥဒါဟရဏ်ကား-"အနေနု-ဆူမိနာ" စသည်တည်း။

---

၅၅၅-မေး။ ။ဤသုတ်သည် လိင်သုံးပါးတို့တွင် မည်
သည့်လိင်၌ စီရင်ပါသနည်း။
၅၅၅-ဖြေ။ ။ပုလ္လိင်,နပုလ္လိင်၌သာ စီရင်ပါ၏။

**အနိစ္စိလိင်္ဂသေဝေတံ ဂဟဏံ။ ။ရူပသိဒ္ဓိ။**

---

၅၅၆-မေး။ ။ဤသုတ်သည်၄ နိစ္စဝိဓိ,အနိစ္စဝိဓိနှစ်ပါးတို့
တွင် အဘယ် ဝိဓိ ဖြစ်ကြောင်းကို အခ
ထောက်ပြ၍ ဆုံးဖြတ်ခဲ့ပါ။
၅၅၆-ဖြေ။ ။ဤသုတ်ပါ ဝါ-သဒ္ဒါကို"သဗ္ဗသိမဿေ
ဝါ"သုတ်မှ အနိစ္စဝိဓိ ပြ ဝါ-သဒ္ဒါကိုတား
မြစ်ခြင်း အကျိုးငှါ တည်ထား သည်ကို
ထောက်ဆသော အားဖြင့် နိစ္စဝိဓိသုတ်
ကောန်ဖြစ်ပါသည်။

**စဂ္ဂဟဏံ ဝါဂ္ဂဟဏာ နိဝတ္တနတ္ထံ။ ။ချာသာ။**

---

## သမ္ဗုသိမသော ဝါ။
### (အာဒေသဝိမိသုတ်။)

၅၅၇—မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိ, ကာရိ ယတို့ကို ရေသား၍ ဥဒါဟရုဏ် တခုမျှ ထုတ်ခဲ့ပါ။

၅၅၇-ဖြေ။ ။(၁) နောက်၌ သု-နံ-ဟိ-တို့တွင် တခုခု နှောင်းခြင်း၊
(၂) ရှေ့၌ ဋ္ဌမ-သဒ္ဒါရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် အခ လုံးစုံသော (ဋ္ဌမ)ကာရိကို (ဧ)ကာရိယာ ပြုပါ၏။

ဥဒါပာရုဏ်ကား-“ဆေ”စသည်တည်း။

---

၅၅၈-မေး။ ။ဤသုတ်ကို (ဋ္ဌမသောဝါ)ဤမျှသာ တည် ထိုက်ပါလျက် အဘယ်သို့ သံသယ ရှိ ဘွယ်ဖြစ်၍ သဗ္ဗ-သဒ္ဒါ ထည့်စွက်ခါ မိန့် မြွက်ရပါသနည်း။

၅၅၈-ဖြေ။ ။“သဗ္ဗနာမာနံ နံမှိ စ”သုတ်ဖြင့် ဧ-ပြုခြင်း၊ “သုဟိသွကာရေဧ”သုတ်ဖြင့် ဧ-ပြုခြင်း တို့သည် အစိတ် အခ-သရကိုသာ ဧ-ပြုကြ သောကြောင့် ဤသုတ်သည်လည်းအစိတ် (အခ)သရကိုသာ-ပြေုရမည်လောဟုတွေး

တောခါ သံသယဖြစ်ဘွယ်ရှိ၍ အလုံးရုံ သော(ဝုမ)သဒ္ဒါကို ဝ ပြုရမည်ဟု သိစေခြင်းအကျိုးငှါ (သဗ္ဗ) သဒ္ဒါကို တည်ရပါ၏။

---

၅၅၉-မေး။ ။ဤသုတ်သည် လိင်သုံးပါးတို့တွင် မည်သည့်လိင်၌ စီရင်သည်ဟု အကြောင်း လုံလောက်စွာပြ၍ ဖြေဆိုခဲ့ပါ။

၅၅၉-ဖြေ။ ။(၁) "ဧတိမာသမိ"သုတ်ကဲ့သို့ (အာ) ပစ္စည်းအဆုံးရှိသော ပုဒ်ကို မညွှန်ပြခြင်းကြောင့်ရင်း၊

(၂) "တဿဝါ နတ္တံ သဗ္ဗတ္ထ" သုတ်၌ ကဲ့သို့ သဗ္ဗတ္ထ-သဒ္ဒါဖြင့် မဆိုခြင်း ကြောင့်ရင်း ပုလ္လိင်,နပုလ္လိင် နှစ်ပါး၌သာ စီရင်နိုင်ပါသည်။

**အာပစ္စယန္တာ နိဒ္ဒေသာ၊ သဗ္ဗတ္ထာတိ အနုတ္တတော။**
**အနိတ္ထိလိင်္ဂေသွေ ဝေ တံ၊ ဂဟေတ်ာ ဟိ ဝုမသိတိ။ ။**

ရူပသိဒ္ဓိ။

---

**ဝုမသဒ္ဒသာ ဝ။**

**(အာဒေသဝိဓိသုတ်။)**

၅၆၀-မေး။ ။ဤသုတ်၏ စီရင်ပုံကို ကျနစွာ ဘော်ပြခဲ့ပါ။

၅၆၀-ဖြေ။ ။သ-သွာ-သို့ံ-ဝိဘတ် သံ-သာ- အပြုတို့ကြောင့် လိင်သုံးပါး၌ ဖြစ်သော ဓမ-သဒ္ဒါ အလုံးစုံကို(အ)အပြုကို စီရင်သောသုတ် ဖြစ်ပါ၏။

---

၅၆၁-မေး။ ။ဤသုတ်၌ (ဓမသဿစ)ဟု တည့်က လို အပ်သောအနက် ပြီးစီးနိုင်ပါလျက် (သဒ္ဒ) ကို ထည့်ရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၅၆၁-ဖြေ။ ။“ဓမ-ဓတိသဒ္ဒေါ ဓမသဒ္ဒေါ”ဟု သမ္ဘာဝနာ ကမ္မဓာရယ် သမာသ် ဝစနတ္ထပြု၍ ဓမ-သဒ္ဒါ၏ အစိတ် သရကို (အ)မပြုရ။ ဓမ-သဒ္ဒါ တရလုံးကို (အ)ပြုရမည်ဟု ယုံမှားကင်းခြင်း အကျိုးရှိပါ၏။

**ဓမဓတိသဒ္ဒေါ ဓမသဒ္ဒေါ သဒ္ဒဂ္ဂဟဏာ မသဒ္ဒေ ဟတ္တံ။ ။ရူပသိဒ္ဓိဋီကာ။**

---

၅၆၂-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ဥဒါဟရဏ်နှင့်တကွ ထင်ရှားအောင် ပြဆိုခဲ့ပါ။

၅၆၂-ဖြေ။ ။“**အဿ**”စသော ဥဒါဟရဏ်တို့၌ အတ္တ သဒ္ဒါကိုငင်ခြင်းအနုကဍ္ဎနအနက် ရှိပါ၏။

**(နျာသအလို။)**

“**အဋ္ဌ-အဋ္ဌု-အတော**”ဥဒါဟရဏ်တို့၌ဓမ-သဒ္ဒါကို (အ)ပြုရသေး၏ဟု ဆည်းခြင်း သမုစ္စည်းအနက် ရှိပါ၏။(**ရူဋ္ဌနိရုတ္တိ အညီ**)

## ဣတ္ထိလိင် ဣမ-သဒ္ဒါ။ (သတိုသွီးဟော)

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | အယံ၊ | ဣမာ၊ ဣမာယော၊ |
| ဒု | ဣမံ၊ | ဣမာ၊ ဣမာယော၊ |
| တ | ဣမာယ၊ | ဣမာဟိ၊ ဘိ၊ |
| စ | အဿာယ၊ ဣမိဿာယ၊ အဿာ ဣမိဿာ၊ ဣမာယ၊ | ဣမာသံ၊ ဣမာသာနံ၊ |
| ပ | ဣမာယ၊ | ဣမာဟိ၊ ဘိ၊ |
| ဆ | အဿာယ၊ ဣမိဿာယ၊ အဿာ၊ ဣမိဿာ၊ ဣမာယ၊ | ဣမာသံ၊ ဣမာသာနံ၊ |
| သ | အဿံ၊ ဣမိဿံ၊ ဣမိဿာ၊ ဣမာယံ၊ | ဣမာသု၊ |

(“ဣမိဿာ”၌ “တေသုဝုဒ္ဓိ......” သုတ်ဖြင့် သ္မိံ-ဝိဘတ် ကို ဿာ-ပြုထား၏။)

## နပုလ္လိင် ဣမ-သဒ္ဒါ။ (စိတ်ဟော)

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | ဣဒံ၊ ဣမံ၊ | ဣမာနိ၊ |
| ဒု | ဣဒံ၊ ဣမံ၊ | ဣမာနိ၊ |
| တ | အနေန၊ ဣမိနာ၊ | ဧဟိ၊ ဧဘိ၊ ဣမေဟိ၊ ဣမေဘိ၊ |

(အကြွင်း-ပုလ္လိင်နှင့် တူပြီ။)

---

## ဣမဿိဒမံသိသု နပုံသကေ။

(အာဒေသဝိဓိသုတ်။)

၅၆၃-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိ၊ ကာရိယ တို့ကိုရေးသား၍ ဥဒါဟရဏ်လည်းထုတ်ခဲ့ပါ။

၅၆၃-ဖြေ။ ။(၁) နောက်၌ အံ-သိ-ဝိဘတ် တို့တွင် တခုခု နှောင်းခြင်း၊

(၂) ရှေ့၌ ဍုမ-သဒ္ဒါရှိခြင်း၊

(၃) နပုလ္လိင်ဖြစ်ခြင်း။

ဤသို့ အင်္ဂါ သုံးပါးနှင့် ပြည့်စုံပါလျှင် နပုလ္လိင်(ဍုမ)ကာရိကို ဝိဘတ်နှင့် တကွ (ဍုဒံ)ကာရိယ ပြုပါ၏။

---

၅၆၄-မေး။ ။"အံနပုံသကေ"သုတ်မှ နပုံသက-သဒ္ဒါကို အလိုက်ခံစေ၍ ဤသုတ်ကို (ဍုမသိဒံ သိသု)ဟု တည်ထိုက်ပါလျက် နပုံသက-သဒ္ဒါ ထပ်မံ ဆိုရခြင်း၏ အကြောင်းကို ဖော်ပြပါ။

၅၆၄-ဖြေ။ ။အခြားမဲ့သော သုံးသုတ်တို့သို့ မလိုက်သောကြောင့် ဤသုတ်သို့လည်း မလိုက်တန်ရာဟု မှတ်ထင်မည် စိုးရကား တဖန် တည်ထားရပြန်၏။

ဍုမ နပုံသကဂ္ဂဟဏံ အနန္တရသုတ္တတ္တယေ နာ နုဝတ္တနတ္ထာ ဍုမာပိ နာနုဝတ္တတီတိ မညိတ္ဗာ ပုန ကတံ။ ။နိဿေသ၊

အမှာ။

"အနန္တရသုတ္တဒွယေ"ဟု ရှိကြ၏။ "အနန္တရသုတ္တတ္တယေ" ရှိမှ သင့်မည်ထင်၏။

## ဝါဒကွဲများကို အကျဉ်းချုပ် ဘော်ပြချက်။

**သဒ္ဒနီတိအလို။** ။"ဣဒပ္ပစ္စယတာ"ဟူသော သမာသ်ပုဒ်ကို ထောက်ဆသဖြင့် ဣဒ-မှ ဣမ-ဖြစ်လာသည်။ ဣဒ-သာ ပုဒ်ရင်း၊ ဣမ-ကား ပုဒ်ရင်းမဟုတ်ဟု "ဣဒဿိမံ သိမှိ နပုံသကေ" သုတ်ကို တည်ထားခဲ့၏။

**မောင်းထောင်ဆရာတော်အလို။** ။အမု-ပုဒ်မှ"အသု"၊ ဣမေသု-ပုဒ်မှ "သေု"၊ ဇာယံပတိ-ပုဒ်ရင်းမှ "ဇာနိပတိ" စသည်ဖြင့် သမာသ်-ဝါကျ နှစ်ဌာနတို့၌ အက္ခရာ ဘောက်ပြန်မြဲ ထုံးစံရှိသော ကြောင့် "ဣဒပ္ပစ္စယတာ"၌ သမာသ်ပင် ဖြစ်သော်လည်း မ-ကို ဒ-ပြု ရာ၌ အက္ခရာဘောက်ပြန်သောကြောင့်သာ ဣဒ-ဖြစ်နေသည်။ စင်စစ်မူ ဣမ-သာ ပုဒ်ရင်းဟု မိန့်တော်မူ၏။

**ဆရာတော်ဦးဗုဓ်အလို။** ။ပုဒ်ရင်းသို့လိုက်၍ သဒ္ဒနီတိ၌ "ဣဒဿိမံ"ဟု တည်ထားသည်။ ပါကဋသို့လိုက်၍ ကစ္စည်း၌ ဣမဿိဒ-တည်ထားသည်ဟု ညှိခါ ဆုံးဖြတ်တော်မူခဲ့၏။

---

၅၆၅-မေး။ ။ဣမ-သဒ္ဒါ၏ ပဒမာလာကို ရုပ်သိဒ္ဓိ အလိုကျ ရေးသားဘော်ပြခဲ့ပါ။

၅၆၅-ဖြေ။ ။ပုလ္လိင် ဣမ-သဒ္ဒါ။(ယောက်ျားဟော)

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | အယံ၊ | ဣမေ |
| ဒု | ဣမံ၊ | ဣမေ |
| တ | အနေန,ဣမိနာ၊ | ဧဟိ,ဧဘိ,ဣမေဟိ,ဣမေဘိ၊ |
| စ | အဿ,ဣမဿ၊ | ဧသံ,ဧသာနံ,ဣမေသံ,ဣမေသာနံ၊ |
| ပ. | အသ္မာ,ဣမသ္မာ,မှာ၊ | ဧဟိ,ဧဘိ,ဣမေဟိ,ဣမေဘိ၊ |
| ဆ | အဿ,ဣမဿ၊ | ဧသံ,ဧသာနံ,ဣမေသံ,ဣမေသာနံ၊ |
| သ | အသ္မိံ,ဣမသ္မိံ,မှိ၊ | ဧသု,ဣမေသု၊ |

## အမုဿ မောသံ။

(အာဒေသဝိဓိသုတ်။)

၅၆၆-မေး။ ။ဤသုတ်သည် မည်သည့် အင်္ဂါများနှင့် ပြည့်စုံပါမှ မည်သည့်ကာရိယမျိုး ရောက်နိုင်သည်ဟု ဥဒါဟရဏ်နှင့်တကွ ပြခဲ့ပါ။

၅၆၆-ဖြေ။ ။(၁) နောက်၌ သိဝိဘတ်နှောင်းခြင်း၊
(၂) ရှေ့၌ အမု-သဒ္ဒါရှိခြင်း၊
(၃) နပုလ္လိင်ဖြစ်ခြင်း၊
ဤအင်္ဂါများနှင့် ပြည့်စုံပါလျှင် အမု-သဒ္ဒါ၏(မ)ကို (သ)ကာရိယပြုပါ၏။

---

၅၆၇-မေး။ ။ဤသုတ်ကို "အမုဿ နံ" သုတ်ကဲ့သို့ (အမုဿသံ) ဟု တည်ထိုက် ပါလျက်

အဘာယ်ကြောင့် (အရသာ မောသံ)ဟု တည်ရပါသနည်း။

၅၆၇-ဖြေ။ ။ဤသုတ်သည်"အရသာ ဒုံ"သုတ်ကဲ့သို့ အပေါင်းကို ပြုသောသုတ်မဟုတ်။ အရသဒ္ဒါ၏ (မ)တည်းဟူသော အစိတ်ကိုသာ (သ)ပြုသည်ဟု သိစေ လိုသောကြောင့်တည်း။

---

၅၆၈-မေး။ ။ယိ-ဝိဘတ် နှောင်းရှေ့သော ဤသုတ်ဖြင့် (မ)ကို(သ)ပြုနိုင်သည်ဟု မှတ်ရအံ့လော၊ ဆုံးဖြတ်ခဲ့ပါ။

၅၆၈-ဖြေ။ ။"အသုကော"စသည်၌ အနပုံသက-သဒ္ဒါ၊ ထိမ်-သဒ္ဒါလိုက်ခြင်းကင်းသော (အရသာ မောသံ) ဟူသော "ဝိနာဓိကာရယောဂ ဝိဘာဂ"ဖြင့် (က)နှောင်းရှေ့လည်း (မ) ကို(သ)ပြုနိုင်ပါသေး၏။

**အမုသာမောသဏ္ဌိ ဝိနာဓိကာရေန ယောဂေန ကဏ္ဍာရေပိ သာဒေသော။ ။ရူပသိဒ္ဓိ။**

**(အနပုံသကသဒ္ဒါ လိုက်လာသောကြောင့် ဤသုတ်သည် ဇွတ္တိလိင်-ပုလ္လိင်၌ ဓိရင်၏။)**

---

**သမ္မတော ကော။**

**(အာဂမဝိဓိသုတ်။)**

၅၆၉-မေး။ ။ဤသုတ်၏ အစီအရင်ကို ဘော်ပြခဲ့ပါ။

၅၆၉-ဖြေ။ ။သဗ္ဗ-ဟူသော သဗ္ဗနာမ်ပုဒ်၏ နောက်၌ (က)အက္ခရာလာခြင်းကိုစီရင်သောသုတ် ဖြစ်ပါ၏။

---

၅၇၀-မေး။ ။"သဗ္ဗတော နံ သံသာနံ"သုတ်မှ သဗ္ဗ-သဒ္ဒါလိုက်၍ လာသောကြောင့် (ကော) ဤမှုသာ တည်ထိုက်ပါလျက် သဗ္ဗ-သဒ္ဒါကို အပို ထည့်ရခြင်း၏ အကျိုးထူးကို ရေးခဲ့ပါ။

၅၇၀-ဖြေ။ ။သဗ္ဗ-မှ တပါးသော ဟိန-စသော သဗ္ဗနာမ်ပုဒ်တို့၏ နောက်၌ (က)အက္ခရာလာနိုင်ခြင်း အကျိုးထူး ရှိပါ၏။

ပုနသဗ္ဗတော ဂ္ဂဟဏေန ဟီနာဒိတောပိ ကော။ ရူပသိဒ္ဓိ။

---

**အဓမ္မသာဒိုး**

**(အာဒေသဝိဓိသုတ်။)**

၅၇၁-မေး။ ။ဤသုတ်၏ အင်္ဂါများကိုဎင်း၊ ကာရိ၊ ကာရိယများကိုဎင်း ရေးသား၍ ဥဒါဟရဏ်ထုတ်ခဲ့ပါ။

၅၇၁-ဖြေ။ ။(၁) နောက်၌ အံ-သိ-ဝိဘတ် တို့တွင် တခုခုရှောင်းခြင်း၊

(၂) ရှေ့၌ အမှ-သဒ္ဒါရှိခြင်း၊

(၃) နပုလ္လိင် ဖြစ်ခြင်း၊

ဤအင်္ဂါ များနှင့် ပြည့်စုံပါလျှင် (အမှ) ကာရိကို(အနံ)ကာရိယ ပြုပါ၏။

ဥဒါဟရဏ်ကား-"အနုံ" စသည်တည်း။

၅၇၂-မေး။ ။ဤသုတ်ကို "အမှသသမောသံ" သုတ်ကဲ့သို့ (အမှသသမှနံ)ဟု တည်ထိုက် ပါလျက် မတည်ရခြင်း အကြောင်းကို ပြဆိုပါ။

၅၇၂-ဖြေ။ ။ဤသုတ်သည် "အမှသသမောသံ" သုတ်ကဲ့သို့ အစိတ်ကို ပြုသောသုတ်မဟုတ်။ (အမှ)သဒ္ဒါ အပေါင်းကို (အနံ)ပြုသော သုတ်ဟု သိစေလိုသောကြောင့်(အမှသသ မှနံ)ဟု မတည်ပဲ"အမှသသာနံ"ဟု တည် ရသတည်း။

၅၇၃-မေး။ ။ဤသုတ်ကို သဒ္ဒနီတိ ပါဠိအခက်း၌ မိန့်ဆိုထိုက်ပါလျက် ကစ္စည်းကျမ်းဒုတိယ ပိုင်း၌ ဆိုရခြင်းအကြောင်းကား အသို့ ပါနည်း။

၅၇၃-ဖြေ။ ။(၁) သဝိဘတ္တိ-သဒ္ဒါ၊

(၂) အံ-သိ-သဒ္ဒါ၊

(၃) နပုံသက-သဒ္ဒါတို့၏ အလိုက်ကို ခံလိုသောကြောင့်တည်း။

၅၇၄-မေး။ ။ဤသုတ်သည် နပုံသက-သဒ္ဒါ အလိုက် ခံသောကြောင့် နပုလ္လိင်၌ စီရင်သည်ကို သိရပါပြီ၊ ပုလ္လိင်၌မူ မစီရင်နိုင်တော့ပြီ မှတ်ရအံ့လော၊ဆုံးဖြတ်ခဲ့ပါ။

၅၇၄-ဖြေ။ ။အဒုဿ-ဟူသော ဥဒါဟရဏ်၌ နပုံ သက-သဒ္ဒါ အံ-သိ သဒ္ဒါတို့၏ လိုက် ခြင်းကို ကြဉ်သော "အမုဿာနံ" သုတ် သက်သက်ဖြင့် ဝါ- "ဝိနာဓိကာရယောဂ ဝိဘာဂ"ဖြင့် သဝိဘတ်နှောင်းရာ၌ ပုလ္လိင် (အမု)ကို (အဒုံ)ပြုရသေး၏။

၅၇၅-မေး။ ။အမုသဒ္ဒါ၏ ပဒမာလာကို ပြည့်စုံစွာ ရေးသားခဲ့ပါ။

၅၇၅-ဖြေ။ ။ပုလ္လိင် အမု-သဒ္ဒါ။(ယောကျ်ားဟော)

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | အသု,အသုကော,အမုကော၊ | အသုကာ,အမူ၊ |
| ဒု | အမုံ၊ | အမူ၊ |
| တ | အမုနာ၊ | အမူဟိ,ဘိ၊ |
| စ | အမုဿ,အဒုဿ၊ | အမူသံ,အမူသာနံ၊ |
| ပ | အမုသ္မာ,မှာ၊ | အမူဟိ,ဘိ၊ |
| ဆ | အမုဿ,အဒုဿ၊ | အမူသံ,အမူသာနံ၊ |
| သ | အမုသ္မိံ၊မှိ၊ | အမူသု၊ |

## ဣတ္ထိလိင် အမု-သဒ္ဒါ။(သတို့သမီးဟော)

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | အသု,အသုကာ၊အမုကာ၊ | အမူ,အမူယော၊ |
| ဒု | အမုံ၊ | အမူ,အမူယော၊ |
| တ | အမုယာ၊ | အမူဟိ,ဘိ၊ |
| စ | အမုဿာ,အမုယာ၊ | အမူသံ,အမူသာနံ၊ |
| ပ | အမုယာ၊ | အမူဟိ,ဘိ၊ |
| ဆ | အမုဿာ,အမုယာ၊ | အမူသံ,အမူသာနံ၊ |
| သ | အမုဿံ,အမုယံ,အမုယာ၊ | အမူသု၊ |

## နပုလ္လိင် အမု-သဒ္ဒါ။(ပန်းဟော)

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | အဒုံ၊ | အမူ,အမူနိ၊ |
| ဒု | အဒုံ,အမုံ၊ | အမူ,အမူနိ၊ |
| တ | အမုနာ၊ | အမူဟိ,ဘိ၊ |

အကြွင်း ပုလ္လိင်နှင့် တူပြီ။

---

## သောသောသု စ။

(အာဒေသဝိဓိသုတ်။)

၅၇၆-မေး။ ။ဤသုတ်၏ အစီအရင်ကို ဖော်ပြခဲ့ပါ။

၅၇၆-ဖြေ။ ။ဝ-ပစ္စည်းမှ တပါးသော ဝိဘတ်ပစ္စည်းတို့ကြောင့် (ကိ’)သဒ္ဒါ၏ (က)အပြုကို စီရင်ပါ၏။

---

၅၇၇-မေး။ ။ဤသုတ်မှ သေသ-၏ အပါဒါန်အရကို၎င်း၊ သေသ-အရကို၎င်း၊ ရှုပသိဒ္ဓိအလိုကျ ဖော်ပြခဲ့ပါ။

၅၇၇-ဖြေ။ ။(၁) သေသ၏ အပါဒါန်အရ ဝ-ပစ္စည်းကိုယူ။

(၂) သေသအရ အလုံးစုံသော ဝိဘတ်တို့ကိုယူ။

သေသ္ဟေန ဝပစ္စယာဝသိဒ္ဓထမာဒိ ပစ္စယန္တာနံ ဂဟိတတ္တာ သေသဂ္ဂဟဏေန ဝိဘတ္တိယောဝ ဂယှန္တေ။ ။ရှုပသိဒ္ဓိ။

ဝါဒကွဲများကိုလည်း ကျဉ်းချုပ် ဖော်ပြချက်။

## န္ယာသအလို။

(က) သေသ-၏ အပါဒါန်အရ "ဝ" ပစ္စည်းကိုယူ။

(ခ) သေသ-အရ အလုံးစုံသောဝိဘတ် "ထံ-ဟံ" စသောပစ္စည်းတို့ကိုယူ။

## နိရုတ္တိသာအလို။

(က) သေသ-၏ အပါဒါန်အရ "ဝ" ပစ္စည်း "ဟိံ-ဟံ" သုံးပစ္စည်းကိုယူ။

(ခ) သေသ-အရ အားလုံးသောဝိဘတ် "ထံ-ဟံ" စသော ပစ္စည်းတို့ကိုယူ။

## ကစ္စာယနဝဏ္ဏနာအလို။

(က) သေသ-၏ အပါဒါန်အရ "ဟိံ-ဟံ" နှစ်ပစ္စည်းကိုယူ။

(ခ) သေသ-အရ အားလုံးသောဝိဘတ်''ထံ-ဟံ''စသော ပစ္စည်းတို့ကိုယူ။

---

၅၇၈-မေး॥ ။''ကိသ္မကဝေစ'' သုတ်၌ စ-သဒ္ဒါဖြင့် ဖြီးကောင်းပါလျက် ဤသုတ်ကို မိန့်ဆိုခြင်း၌ အကျိုးကို ရေးခဲ့ပါ။

၅၇၈-ဖြေ॥ ။စ-သဒ္ဒါဖြင့် စီရင်ခြင်းသည် မပြဋ္ဌာန်းသောကြောင့် ထင်လည်းမထင်ရှား၊ နည်းသော အားထုတ် ခြင်းလည်း ရှိ၏။ ထို့ကြောင့် ထင်ရှားခြင်းကို ပြုခြင်း အကျိုးငှါလည်း၊ အားထုတ်ခြင်းကိုပြုခြင်း အကျိုးငှါလည်း ဤသုတ်ကို မိန့်ဆိုရပါ၏။

ပါကဋံ ကာတုံ ဥဿာဟံ ကာတုံ စ ဝုတ္တံ။

နိဒ္ဒေသ။

တနည်း။ ။အမှတ်ပြုခြင်း အကျိုးငှါလည်း၊ အနက်ထူးကို သိစေခြင်းအကျိုးငှါလည်း၊ ထပ်မံ၍ မိန့်ဆိုရ၏။

သိဒ္ဓေ သတျာရမ္ဘော ဟိ နိယမာယ ဝါ ဟောတိ
အတ္ထန္တရဝိညာပနာယ ဝါ။ ။ရုပ။

---

၅၇၉-မေး॥ ။ဤသုတ်၏ ဝုတ္တိ၌(ကထံ)ဟူသော နိပါတ်နှင့် မျှသော ထုတ်ထိုက်ပါလျက် (ကောပကာရော)

ဟူသော ဝါကျနှင့် တကွ ထုတ်ခြင်း၏ အကြောင်းကို ပြဆိုပါ။

၅၇၉-ဖြေ။ ။(ထံ)ပစ္စည်း၏ အနက်ကိုပြသော အဋ္ဌ ဝါကျကိုလ, ဤသုတ်၏ ဥဒါဟရဏ်ကိုလ၊ ဤကိုလနှစ်ပါးကို ပြီးစေတတ်သော "အဓိ သေစနဂရသိနန" နည်းကို ပြလိုသော ကြောင့်တည်း။

**မှတ်သားချက်။**

သရက်ပင်ရင်း၌ ရေချိုးခြင်းကြီယာတခုတည်းဖြင့် သရက်ပင်ကို ရေလောင်းခြင်းကိုလ၊ ဆရာကို ရေချိုးစေခြင်းကိုလ၊ ဤသို့ကိုလ(၂)ခု ပြီးသောနည်းသည် ''အမ္ဗသေစန ဂရုသိနန''နည်းမည်၏။ ''တချက် ခုတ်နှစ်ချက်ပြတ်''ဟူသော စကားမျိုးကဲ့သို့တည်း။

ရူပသိဒ္ဓိအလိုမှာ.......''ကထံ''မလို။(ကော)ကိုသာ အလိုရှိ၏။

---

၅၈၀-မေး။ ။ဤသုတ်၌ စ-သဒ္ဒါ၏ အကျိုးကို စွမ်းနိုင် သမျှ ခွဲဝေဖြေဆိုခဲ့ပါ။

၅၈၀-ဖြေ။ ။''စဂ္ဂဟဏ မနုကဍ္ဎနတ္ထံ'' စ-သဒ္ဒါသည် "ကိဿကဝေစ"သုတ်မှ (က)အပြုကာရိ ယကို ငင်ခြင်းအကျိုး ရှိပါ၏။ (ကစ္စည်း အလို)

''စဂ္ဂဟဏံ ကတ္တစိ နိဝတ္တနတ္ထံ၊တေန ကိ--- ကိသ္မိံတျာဒိ စ သိဇ္ဈတိ''......

စ-သဒ္ဒါသည် အချို့သော "ကိဿ-ကိဿို" ဥဒါဟရဏ်တို့၌ (က)အပြုကို မြစ်ခြင်း အကျိုးရှိပါ၏။ (ရူပသိဒ္ဓိအလို)

---

## နပုလ္လိင် ကိံ-သဒ္ဒါ။

၅၈၁-မေး။ ။နပုလ္လိင် ကိံ-သဒ္ဒါ၏ နောက်၌ သိ-ဝိဘတ်သက်ပြီးလျှင် ကိံ-ကို က-ပြု၍သိ-ကို အံ-ပြုလျက် ကံ-ဟူသော ရုပ်ပြီးနိုင်ပါလျက် အဘယ်ကြောင့် ကိံ-ဟု ပထမာဝိဘတ်နှင့် ရှိနိုင်ပါသနည်း။

၅၈၁-ဖြေ။ ။(၁) ချေခြင်း အစီအရင်(လောပဝိဓိ)

(၃) ပြုခြင်းအစီအရင်(အာဒေသဝိဓိ)

နှစ်ပါးတို့တွင် ပြုခြင်း အစီအရင်ထက် ချေခြင်းအစီအရင်၏ အလွန်အားရှိလေသောကြောင့် ရှေးဦးစွာ သိ-ဝိဘတ်ကို ချေပြီးသည်ရှိသော် တဖန် ဝိဘတ်နှောင်းခြင်း၏ မရှိလေပြီဖြစ်ခြင်းကြောင့် "သေသေသုစ" သုတ်ဖြင့် (ကိံ)သဒ္ဒါကို(က) မပြုနိုင်တော့ပြီ။ ထို့ကြောင့်(ကိံ)ဟု ပထမန္တနှင့် ရှိနိုင်ပါသည်။

တနည်း။ ။"တဒနုပရောဓေန" ဟူသော ပရိဘာသာ သုတ်ကြောင့် နပုလ္လိင် (ကိံ)သဒ္ဒါကို(က)

မပြုရပဲ။ ကိံ-ဟု ပထမန္တ နှင့် ရှိနေနိုင်ပါသည်။

လောပဝိဓိဿ ဗလဝတရတ္တာ ပဌမံ သိလောပေ ကတေ ပုန ဝိဘတ္တိပရတ္တာဘာဝါ ကာဒေသာဘာဝေါ၊ တဒနုပရောဓေနာတိ ပရိဘာသတော ဝါ ကာဒေသာဘာဝေါ။ ။ရူပသိဒ္ဓိ။

---

၅၇၂-မေး။ ။ကိံ-သဒ္ဒါ၏ ပဒမာလာကို လိင်သုံးပါးနှင့် စီစဉ်သွားပြခဲ့ပါ။

၅၇၂-ဖြေ။ ။ပုလ္လိင် ကိံ-သဒ္ဒါ။(ယောက်ျားဟော)

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | ကော၊ | ကေ၊ |
| ဒု | ကံ၊ | ကေ၊ |
| တ | ကေန၊ | ကေဟိ,ကေဘိ၊ |
| စ | ကဿ,ကိဿ၊ | ကေသံ,ကေသာနံ၊ |
| ပ | ကသ္မာ,မှာ၊ | ကေဟိ,ဘိ၊ |
| ဆ | ကဿ,ကိဿ၊ | ကေသံ,ကေသာနံ၊ |
| သ | ကသ္မိံ,ကိသ္မိံ,ကမှိ,ကိမှိ၊ | ကေသု၊ |

ဣတ္ထိလိင် ကိံ-သဒ္ဒါ။(သတို့သမီးဟော)

| | |
|---|---|
| ကာ၊ | ကာ,ကာယော၊ |
| ကံ၊ | ကာ,ကာယော |

အကြွင်း ဣတ္ထိလိင် သဗ္ဗသဒ္ဒါနှင့် တူပြီ။

## နပုလ္လိင် ကိံ-သဒ္ဒါ၊ (စိတ်ဟော)

| | |
|---|---|
| ကိံ၊ | ကာနိ၊ |
| ကိံ၊ | ကာနိ၊ |

အကြွင်း ပုလ္လိင်နှင့် တူပြီ။

---

၅၈၃-မေး။ ။ကေသဒ္ဒါ၏ အနက်ကို ထုတ်ဘော် ရေး သားပြီးလျှင် ပဒမာလာ သွားရ ဟန်ကို ညွှန်ကြားခဲ့ပါ။

၅၈၃-ဖြေ။ ။ ကသဒ္ဒါသည်
- ၁-ရေတွက်ခြင်း၊
- ၂-အတူမရှိခြင်း၊
- ၃-အဘော်မရှိခြင်း၊
- ၄-တပါးဟူသောအနက်ဘို့ကို ဟော ပါ၏။

အကြင်အခါ ရေတွက်ခြင်း အနက်ကို ဟော၏။ ထိုအခါ ဝိဘတ်ခုနစ်သွယ်လုံး၌ ဧကဝုစ်သာ အသုံးရှိ၏။

**ဧကဝုစ်အသုံးရှိပုံ။**

**ဧကော, ဧကံ, ဧကေန, ဧကဿ,**

**ဧကမှာ, ဧကဿ, ဧကမှိ၊**

အခြားသောအနက်ကိုဟောကြားခိုက် မူကား ဗဟုဝုစ်-လည်းအသုံး ရှိနိုင်ပါ၏။

ဗဟုဝုစ်အခဆုံးရှိပုံ။

ကော၊ အတူမရှိသော မြတ်စွာဘုရားသည်။
ကော၊ အတူမရှိကုန်သော မြတ်စွာဘုရားတို့သည်။
ကံ၊ အတူမရှိသော မြတ်စွာဘုရားကို။
ကော၊ အတူမရှိကုန်သော မြတ်စွာဘုရားတို့ကို။

ဤသို့စသည်ဖြင့် သဗ္ဗ-သဒ္ဒါနှင့်တူပြီ။ သံ-သာ-အပြဋ္ဌသာ ထူးတော့၏။

---

ဥဘာဒိတော နမိန္ဒ္ဓ။

(အာဒေသဝိဓိ သုတ်)။

၅၇၄-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ၊ ကာရိယ တို့ကို ထုတ်ဘော်ရေးသားခဲ့ပါ။

၅၇၄-ဖြေ။ ။(၁) ရှေ့၌ ဥဘ- စသော သဗ္ဗာသဒ္ဒါ ရှိခြင်း၊

(၂) နောက်၌ နံ- ဝိဘတ်ရှိခြင်း၊

ဤသို့ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါက (နံ) ဝိဘတ်ကာရီကို (ဣန္နံ)ကာရိယ ပြုပါ၏။

---

၅၇၅-မေး။ ။ဤသုတ်၌ အာဒိ-သဒ္ဒါဖြင့် နှစ်ခုသင်္ချာကို ဟောချင်း တူသော ဥဘယ-အစရှိသော သဒ္ဒါတို့ကို ယူရအံ့လော၊ အဘာယ်သဒ္ဒါ ကို ယူရမည်ဟု အကြောင်းပြခဲ့ပါ။

၅၈၅-ဖြေ။ ။အာဒိ-သဒ္ဒါဖြင့် အက္ခရာနှစ်လုံးချင်း တူသော ဒုဝေ-စသော သဒ္ဒါတို့ကိုသာ ယူရပါသည်။ ဥဘယ-သဒ္ဒါကား နှစ်ခုသချာ ဟောသော်လည်း အက္ခရာသုံးလုံးရှိသောကြောင့် မယူရပါ။

---

၅၈၆-မေး။ ။ဥဘ- သဒ္ဒါသည် အဘယ် အနက်ကို ဟောပါသနည်း။ဝိဘတ်(၇)သွယ်တို့တွင် ကေဝုစ်ဝိဘတ်ဖြင့် ပဒမာလာ သွားနိုင် မသွားနိုင် ဆုံးဖြတ်ခဲ့ပါ။

၅၈၆-ဖြေ။ ။ဥဘ-သဒ္ဒါသည် ဒွိ-သဒ္ဒါ၏ ပရိယာယ် ဖြစ်သောကြောင့် နှစ်ခုသချာကို ဟောပါသည်။ထို့ကြောင့် :ကေဝုစ်ဖြင့် ပဒမာလာ မသွားနိုင်ပါ။ အခါခပ်သိမ်း ဗဟုဝုစ်ဖြင့်သာ ပဒမာလာ- သွားလာစီစဉ်ရပါသည်။

ဥဘသဒ္ဒေါ ဒွိသဒ္ဒပရိယာယော သဒါ ဗဟု ဝစနန္တောဝ။ ။ရူပသိဒ္ဓိ။

---

၅၈၇-မေး။ ။ဤသုတ်၌ ဥဘ-သဒ္ဒါသည် ပကတိ ပုဒ်ရင်းလော၊ သို့မဟုတ် ပြုပြင်ထားသော ဝိကတိပုဒ်မျိုးလော။

၅၈၇-ဖြေ။ ။ရူပသိဒ္ဓိအလို....ပကတိပုဒ်ရင်း၊ သချာသဒ္ဒနဉ်၊ဒွိသဒ္ဒါ၏ ပရိယာယ်ဘည်း။

နျာသ အလို.... ဒွိသဒ္ဒါကို ပြုပြင်ထား
သော ဝိကတိပုဒ်တည်း။ ပကတိပုဒ်ရင်း
မဟုတ်။

ဥဘ-သဒ္ဒေါ စေတ္တ ဒွိသဒ္ဒဿ ကာရိယော။ ။(နျာသ။)

---

**ယောဒွေသု ဒွိန္နံ ဒွေ စ။**

**(အာဒေသဝိဓိသုတ်။)**

၅၈၈-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ,ကာရိယ
တို့ကိုရေးသားပြီးလျှင် ဥဒါဟရဏ်လည်း
ထုတ်ပြခဲ့ပါ။

၅၈၈-ဖြေ။ ။(၁) နောက်၌ ယော-ဝိဘတ်ရှိခြင်း၊
(၂) ရှေ့၌ ဒွိသဒ်ျာသဒ္ဒါရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် ဒွိ-
သဒ္ဒါကို ဒွေ-ပြုပါ၏။
ဥဒါဟရဏ်ကား-"**ဒွေ**"ဟူသည်တည်း။

---

၅၈၉-မေး။ ။ဤသုတ်၌ စ-သဒ္ဒါ၏ အကျိုးကို ကစ္စည်း
အလို, ရူပသိဒ္ဓိအလို စုံလင်စွာပြခဲ့ပါ။

၅၈၉-ဖြေ။ ။ယော-ဝိဘတ် နှောင်းရာ၌ "ဒုဝေ"
နာ-အံ-ဝိဘတ် နှောင်းရာ၌ "ဒွယံ"
နံ-ဝိဘတ်နှောင်းရာ၌ "ဥဘ-ဥဘယ-ဒုဝိ"
ပြုရခြင်းအကျိုး ရှိပါ၏။ ။(ကစ္စည်းအလို)
ယော-ဝိဘတ်နှောင်းရာ၌ "ဒုဝေ"

နံ-ဝိဘတ်နှောင်းရာ အချို့သော ဥဒါဟရုဏ်၌ "ဒုဝိ"

ပြုရခြင်းအကျိုးရှိ၏။ ။(ရူပသိဒ္ဓိအလို)

---

၅၉၁-မေး။ ။ဒွိ-သဒ္ဒါတရတည်း ရှိခြင်းကြောင့် "ဝိသတိ ဒသေသု ဗာ ဒွိဿတု" သုတ်ကဲ့သို့ (ယောသု ဒွိဿ ဒွေ စ)ဟု ဆိုထိုက်ပါလျက် အဘယ်အကျိုးငှါ ဗဟုဝုစ်ဝိဘတ်ဖြင့် (ဒွိန္နံ)ဟု မိန့်ဆိုပါသနည်း။

၅၉၁-ဖြေ။ ။(ဒွိန္နံ)ဟု ဗဟုဝုစ်ဝိဘတ်ဖြင့် မိန့်ဆိုခြင်းသည် ဒွိ-သဒ္ဒါ၏ နောက်၌ဗဟုဝုစ်ဝိဘတ်သာလျှင် သက်နိုင်သည်ဟု သိစေခြင်း အကျိုးရှိပါ၏။

**ဗဟုဝစနဂ္ဂဟဏံ ဒွိသဒ္ဒတော ဗဟုဝစနမေဝ ဟောတီတိ ဉာပနတ္ထံ။** ။ရူပသိဒ္ဓိ။

တနည်း။ ။"အပရိစ္ဆာနုကရဏာ"သုတ်ဟု သိစေခြင်းအကျိုးရှိ၏။

---

စေ့ာ စ ဒွါဒိတော နံမှို။

**(အာဂမဝိဓိသုတ်။)**

၅၉၁-မေး။ ။ဤသုတ်၏ အင်္ဂါများကို ဖော်ပြခဲ့ပါ။

၅၉၁-ဖြေ။ ။(၁) နောက်၌နံ-ဝိဘတ်နှောင်းခြင်း၊

(၂) ရှေ၌ ဒွိ-အစ အဋ္ဌာရသ-အဆုံး ရှိသော သင်္ချာသဒ္ဒါတို့ ရှိခြင်း၊

ဤသို့ အခါ နှစ်ပါး ရှိပါ၏။ ။(ထိုနှစ်ပါးနှင့် ပြည့်စုံလျှင် န-လာရ၏။)

---

၅၉၂-မေး။ ။ဤသုတ်ကို မဆို သော်လည်း "ကွစိ ဝါတု"သုတ်၊ "ဝေါသုဝိုင္မ" သုတ်တို့ဖြင့် န-အက္ခရာ လာမှု ပြီးစီးနိုင်ပါလျက် ဤ သုတ်ကို မိန့်ဆိုရခြင်း၌ အကျိုးကို ဖော် ပြပါ။

၅၉၂-ဖြေ။ ။နိစ္စဝိဓိကို ပြခြင်းအကျိုး ရှိပါ၏။

ပုနာရမ္ဘဂ္ဂဟဏံ နိစ္စဒီပနတ္ထံ။ ။နိဒ္ဒေသ။

တနည်း။ ။အာဂမ် အထူးကို သိစေခြင်း အကျိုး ရှိပါ၏။

အထဝါ အာဂမန္တရဝိညာပနတ္ထံ။ ။နိဒ္ဒေသ။

## အဓိပ္ပါယ် ရှင်းလင်း ဖော်ပြချက်။

(က) ဝိ-အစအဋ္ဌာရသ-အဆုံးရှိသော သင်္ချာသဒ္ဒါတို့သည် သင်္ချေယျ ပြဋ္ဌာန်းကုန်၏။ ဗဟုဝုစ်အဆုံးရှိကုန်၏။ လိင်သုံးပါးနှင့် ဆက်ဆံကုန်၏။ ဤသင်္ချာသဒ္ဒါတို့၏ နောက်၌သာ (န)အက္ခရာ လာနိုင်သည်။

(ခ) ဧကူနဝီသတိ-အစ နဝုတိ-အဆုံးရှိသော သင်္ချာသဒ္ဒါတို့သည် သင်္ချာပြဋ္ဌာန်း ကုန်၏။ ဧကဝုစ် အဆုံးရှိကုန်၏။ ဣတ္ထိလိင်နှင့်သာ ဆက်ဆံကုန်၏။ ဤသင်္ချာတို့၏ နောက်၌ (န)အက္ခရာမလာနိုင်။

(ဂ) သတ-အစ အသင်္ချေယျ-အဆုံးရှိသော သင်္ချာသဒ္ဒါတို့သည် သင်္ချာ-သင်္ချေယျ-နှစ်ပါး ပြဋ္ဌာန်းကုန်၏။ ဧကဝုစ်-ဗဟုဝုစ်-အဆုံးရှိကုန်

၏ ။နပုလ္လိင်နှင့်ဆက်ဆံကုန်၏ ။ ဤသဉ္ဓါသဒ္ဒါတို့၏ နောက်၌လည်း (န)အက္ခရာမလာနိုင်ပါ။ဤသို့ အာဂုမ်အထူးကို သိစေခြင်း အကျိုးရှိသတည်း။

---

၅၉၃-မေး။ ။ဤသုတ်၌ သုတ်လုံး အစီအရင်နှင့် သုတ်စွန်း စ-သဒ္ဒါတို့၏ အစီအရင် ထူးကို ဘော်ပြခဲ့ပါ။

၅၉၃-ဖြေ။ ။(က) သုတ်လုံးကား လိင်သုံးပါး၌ စီရင်၏ ။

(ခ) သုတ်စွန်း စ-သဒ္ဒါကား ဣတ္ထိလိင်၌ စီရင်၏ ။

(ဤကား အထူး)

---

၅၉၄-မေး။ ။ဤသုတ်သည် အာဂမပဋိဝိသုတ် ဖြစ်၍ (နော စ ခွါဒိတော နံမှိ)ဟု မဆိုးပဲ၊ (နော စာဂမော ခွါဒိတော နံမှိ) ဟု ဆိုထိုက်ပါလျက် (အာဂမ)သဒ္ဒါကို မထည့်သွင်းပဲ ချန်လှပ်ထားရခြင်း၏ အကြောင်းကို ပြဆိုခဲ့ပါ။

၅၉၄-ဖြေ။ ။"သာဂမော သေ"သုတ်မှ(အာဂမ)သဒ္ဒါသည် ဘားကဲ့သို့ ချန်ကျော်ခါ ဤသုတ်သို့ လိုက်လာသောကြောင့်(အာဂမ)သဒ္ဒါကို

ထည့်ဘွယ် မလိုတော့ သဖြင့် ချန်လှပ် ထားခဲ့ပါသည်။

---

၅၉၅-မေး။ ။"ဤသုတ်လာ စ-သဒ္ဒါ၏ အကျိုးကို ထင်ရှားစွာ ပြဆိုပါ။

၅၉၅-ဖြေ။ ။ဍုတ္တိလိင် တိ- စတု-သချာ-သဒ္ဒါ တို့၏ နောက်၌(သာ)ဓွေဘော်လာရခြင်း အကျိုးရှိပါ၏။

**စဂ္ဂဟဏေန ဍုတ္တိယံ တိစတုသဒ္ဒတော သင်္ချာ ဂမော နံမှိ ဝိဘတ္တိမှိ။ ။ရူပသိဒ္ဓိ။**

---

၅၉၆-မေး။ ။ဤသုတ်ပါ (အာဒိ)သဒ္ဒါဖြင့် ယူရမည့် (အာဒိဝန်)သချာသဒ္ဒါတို့ကို ထုတ်ပြခဲ့ပါ။

၅၉၆-ဖြေ။ ။အဋ္ဌာရသ-အဆုံးရှိသော သချာသဒ္ဒါတို့ကို ယူရပါ၏။

**ဋ္ဌစ အာဒိသဒ္ဒေန အဋ္ဌာရသန္တာ သချာ ဂဟေတဗ္ဗာ။ ။နိဒ္ဒေသ။**

## သဒ္ဒနီတိ-နိဒ္ဒေသတို့၏ အာဘော်။

သဒ္ဒါကြီး၌ "ဒသန္နံ" အဆုံးထား၍ ဥဒါဟရဏ်ထုတ်တော်မူ၏။ သဒ္ဒနီတိ၌လည်း "ဥါဒိတော ဒသန္တာ နာဂမောနံမှိ"ဟု သုတ်တည်တော်မူ၍ ဥ်-အစ ဒသ-အဆုံးရှိသော သချာတို့၏ နောက်၌ (နု) အက္ခရာ လာခြင်းကို ပြတော်မူ၏။ နိဒ္ဒေသ၌ အာဒိ-သဒ္ဒါဖြင့် အဋ္ဌာသ-တိုင်အောင်သော သချာသဒ္ဒါကို ယူရမည်ဟု မှာတော်မူခဲ့၏။ သဒ္ဒ

နိုတိနှင့် နိဒ္ဒေသတို့ အယူအဆမှာ အမှတ်မဲ့ကြည့်လျှင် ကွဲပြားသကဲ့သို့ ရှိသော်လည်း ညီညွတ်နိုးနှော စည်းလုံးလျက်ပင်ရှိကြ၏။ အကြောင်းကား နိဒ္ဒေသအလို ယူရမည့် "အဋ္ဌာရသ" အဆုံးရှိသော သင်္ချာတို့သည်(ဒသ)အဆုံးရှိသော သင်္ချာသဒ္ဒါတို့ပင် ဖြစ်သောကြောင့်တည်း။

---

၁၉၇-မေး။ ။ဒွိ-သဒ္ဒါ၏ အနက်ကို ဆော်ပြီးလျှင် ဝုစ်ထားပုံကို အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

၁၉၇-ဖြေ။ ။ ဒွိ-သဒ္ဒါသည်....

(၁) ရေတွက်ခြင်းအနက်၊

(၂) ရေတွက်အပ်သောအနက်ကိုဟော ပါ၏။

များစွာသော အနက်တို့ကို ဟောအပ်သည်၏ အဖြစ်ကြောင့် ဗဟုဝုစ်သာလျှင် အဆုံးရှိပါ၏။

---

၁၉၈-မေး။ ။ဥဘ-သဒ္ဒါ ဒွိ-သဒ္ဒါတို့၏ ပဒမာလာကို စီစဉ်ရေးသားခဲ့ပါ။

၁၉၈-ဖြေ။ ။

| ဝိဘတ်။ | ဗဟုဝုစ်။ |
|---|---|
| ပ | ဥဘော,ဥဘေ၊ |
| ဒု | ဥဘော,ဥဘေ၊ |
| တ | ဥဘောဟိ,ဘိ,ဥဘေဟိ,ဘိ၊ |
| စ | ဥဘိန္နံ၊ |
| ပ | ဥဘောဟိ,ဘိ,ဥဘေဟိ,ဘိ၊ |
| ဆ | ဥဘိန္နံ၊ |
| သ | ဥဘောသု,ဥဘေသု၊ |

## ဒွိမှာ။

သု-ဟိ- နှောင်းရာတို့၌ "တေသု ဝုဒ္ဓိ" သုတ်ဖြင့် ဣ-ကို ဧ-ပြု ထား၏။

| ဝိဘတ်၊ | ဗဟုဝုစ်၊ |
| --- | --- |
| ပ | ဒွေ, ဒုဝေ၊ |
| ဒု | ဒွေ, ဒုဝေ၊ |
| တ | ဒွီဟိ, ဘိ, ဒွီဟိ, ဘိ၊ |
| စ | ဒွိန္နံ, ဒုဝိန္နံ၊ |
| ပ | ဒွီဟိ, ဘိ, ဒွီဟိ, ဘိ၊ |
| ဆ | ဒွိန္နံ, ဒုဝိန္နံ၊ |
| သ | ဒွီသု, ဒွိသု၊ |

---

## တိစတုန္နံ တိဿော စတဿော တယော စတ္တာရော တီဏိ စတ္တာရိ။

(အာဒေသဝိဓိသုတ်။)

၅၉၉-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ,ကာရိယတို့ကို ခွဲဝေပြခဲ့ပါ။

၅၉၉-ဖြေ။ ။(၁) နောက်၌ ယောဝိဘတ်တို့ နှောင်းခြင်း၊

(၂) ရှေ့၌ လိင်သုံးပါး၌ ဖြစ်သော တိ-စတု-သင်္ချာသဒ္ဒါတို့ရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါး ရှိပါ၏။

| လိင်၊ | | ကာရီ၊ | ကာရိယ၊ |
|---|---|---|---|
| ဣတ္ထိလိင် | တိ- | ကို...... | "တိဿော" |
| | စတု- | ကို...... | "စတဿော" |
| ပုလ္လိင် | တိ- | ကို...... | "တယော" |
| | စတု- | ကို...... | "စတ္တာရော" |
| နပုလ္လိင် | တိ- | ကို...... | "တီဏိ" |
| | စတု- | ကို...... | "စတ္တာရိ" |

ပြုပြီး ခွဲခြားစီရင်ပါသည်။

---

၆၀၁-မေး။ ။ဤသုတ်၌ ဥဒါဟရဏ်ဝယ် "တိဿော-စတဿော" စသည်တို့ကိုသာ မဆိုပါပဲ "ဝေဒနာ-ဒိသာ" စသည်တို့ကို တွဲဘက်၍ ဆိုခြင်း၌ အကျိုးကို ပြဆိုပါ။

၆၁၀-ဖြေ။ ။ဣတ္ထိလိင်,ပုလ္လိင်, နပုလ္လိင်-တို့၏ အဖြစ်ကို သိစေခြင်းအကျိုး ရှိ၏။

ဝေဒနာဒိပ္ပယောဂါ ဣတ္ထိ, ပုမ, နပုံသကတ္တ ဝိညာပနတ္ထံ။ ။ချာသာ

---

## ဣတ္ထာဝိဏ္ဏာနံ တီပဒ် သန္ဓျာပဒ်။

(အာဒေသဝိဓိသုတ်။)

၆၀၁-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ,ကာရိယ တို့ကို ဘော်ပြပါ။

၆၁၁-ဖြေ။ ။(၁) ရှေ့၌ (တိ)သင်္ချာသဒ္ဒါ ရှိခြင်း၊

(၂) နောက်၌ (နံ)ဝိဘတ်နှောင်းခြင်း၊

ဤသို့ အဂ်ါနှစ်ပါးနှစ်ပါးနှင့် ပြည့်စုံပါလျှင် (နံ)ဝိဘတ်ကာရိကို ဏ္ဏံ,ဏ္ဏန္နံ, ကာရိယ နှစ်ချက် ပြုရပါ၏။

---

၆၀၂-မေး။ ။ဤသုတ်၌ တိ- သဒ္ဒါသည် တရတည်း သာရှိ၍ တိဿော- ဟု ဧကဝုစ်နှင့် ဆို ထိုက်ပါလျက် (တီဟိ)ဟု ဗဟုဝုစ်ဖြင့် ဆို ရခြင်း၏ အကျိုးကို ပြဆိုပါ။

၆၀၂-ဖြေ။ ။တိ-သဒ္ဒါ၏နောက်၌ ဗဟုဝုစ်ဝိဘတ်သာ သက်နိုင်သည်။အမြဲအားဖြင့်ဗဟုဝုစ် အသုံးရှိကုန်၏-ဟုသိစေခြင်းအကျိုးရှိပါ၏။

နိယမေန ဗဟုဝစနန္တာတိ ဉာပနတ္ထံ တီဟိတိ ဝုတ္တံ။ ။နိဿယ။

---

၆၀၃-မေး။ ။တိ-သင်္ချာသဒ္ဒါ စတု-သင်္ချာသဒ္ဒါ တို့၏ ပဒမာလာကို စေ့ရုံစွာ စီစဉ်ပြခဲ့ပါ။

၆၀၃-ဖြေ။ ။ လိင်သုံးပါး-တိ။

| ဝိဘတ်။ | ပုလ္လိင်ဗဟုဝုစ်။ | ဣတ္ထိလိင်ဗဟုဝုစ်။ | နပုလ္လိင်ဗဟုဝုစ်။ |
|---|---|---|---|
| ပ | တယော၊ | တိဿော၊ | တီဏိ၊ |
| ဒု | တယော၊ | တိဿော၊ | တီဏိ၊ |
| တ | တီဟိ,ဘိ,တီဟိ,ဘိ၊ | တီဟိ။ပ။ဘိ၊ | တီဟိ။ပ။ဘိ၊ |
| စ | တိဏ္ဏံ,တိဏ္ဏန္နံ၊ | တိဿန္နံ၊ | တိဏ္ဏံ,တိဏ္ဏန္နံ၊ |
| မ | တီဟိ,ဘိ,တီဟိ,ဘိ၊ | တီဟိ။ပ။ဘိ၊ | တီဟိ။ပ။ဘိ၊ |
| ဆ | တိဏ္ဏံ,တိဏ္ဏန္နံ၊ | တိဿန္နံ၊ | တိဏ္ဏံ,တိဏ္ဏန္နံ၊ |
| သ | တီသု,တိသု၊ | တီသု,တိသု၊ | တီသု,တိသု၊ |

## လိင်သုံးပါး-စတု။

| ဝိဘတ်၊ | ပုလ္လိင်ဗဟုဝုစ်၊ | ဣတ္ထိလိင်ဗဟုဝုစ်၊ | နပုလ္လိင်ဗဟုဝုစ်၊ |
|---|---|---|---|
| ပ | စတ္တာရော, စတုရော၊ | စတဿော၊ | စတ္တာရိ၊ |
| ဒု | စတ္တာရော, စတုရော၊ | စတဿော၊ | စတ္တာရိ၊ |
| တ | စတူဟိ, ဘိ, စတုဗ္ဘိ၊ | စတူဟိ။ပ။ ဗ္ဘိ၊ | စတူဟိ။ပ။ ဗ္ဘိ၊ |
| စ | စတုန္နံ၊ | စတဿန္နံ၊ | စတုန္နံ၊ |
| မ | စတူဟိ, ဘိ, စတုဗ္ဘိ၊ | စတူဟိ။ပ။ ဗ္ဘိ၊ | စတူဟိ။ပ။ ဗ္ဘိ၊ |
| ဆ | စတုန္နံ၊ | စတဿန္နံ၊ | စတုန္နံ၊ |
| သ | စတူသု, စတုသု၊ | စတူသု, စတုသု၊ | စတူသု, စတုသု၊ |

### အမှာ။

"စတုရော"၌ "တဘောယောနမောတု"၏ တု-ဖြင့် ဩ-ပြု၏။
"စတဿန္နံ"၌ "တေသုဝုဒ္ဓိ"ဖြင့် ဥ-ကို အ-ပြု၏။

---

၆၀၄-မေး။ ။သဗ္ဗနာမ်ပုဒ်များသည် မိမိသည် ဟော အပ်သော အနက်က ပုလ္လိင် ဖြစ်ခဲ့သော် မိမိလည်း ပုလ္လိင်၊ဣတ္ထိလိင် ဖြစ်ပါလျှင်မိမိ လည်း ဣတ္ထိလိင်၊နပုလ္လိင်နှင့် ကြုံပါက မိမိ လည်း နပုလ္လိင်ဖြစ်ကြရသကဲ့သို့ အဘာယ် ပုဒ် အဘာယ်သဒ္ဒါများသည် သဗ္ဗနာမ်ပုဒ် လို ဝစ္စလိင်သို့ လိုက်ပြီး နေကြရပါသ နည်း။

၆၀၄-ဖြေ။ ။(၁) နီလ-စသော ဂုဏနာမ်များ၊
(၂) ဗဟုဗ္ဗီဟိသမာသ်ပုဒ်များ၊

(၃) ဂေါ္တ္တ-စသော သာမည အနက်၌ ဖြစ်သော တဒ္ဓိတ်ပုဒ်များ၊
(၄) မြေးသောလိင်မှကင်းသော အတိတ်စသော ကိတ်ပစ္စည်းအသုံးရှိသော ပုဒ်များ၊
ဤပုဒ် အပေါင်းသည် သဗ္ဗနာမ်ကဲ့သို့ပင် ဝစ္စလိင်သို့ လိုက်ပြီး နေကြရပါ၏။

**အမှာ။**

**ဟောအပ်သော အနက်ရှိသော ပုဒ်ကို ဝစ္စပုဒ်ခေါ်၏။ ၎င်း၏ လိင်သည် ဝစ္စလိင်မည်၏။**

## ဝစ္စလိင်သို့ လိုက်ပြီးနေရပုံများ။

(၁) ဂုဏဝါစကနာမ်ပုဒ်၊ ဝစ္စပုဒ်၊ လိင်၊

| | | |
|---|---|---|
| (က) နီလော၊ | ပဋော၊ | (ပုလ္လိင်) |
| (ခ) နီလာ၊ | သာဋိကာ၊ | (ဣတ္ထိလိင်) |
| (ဂ) နီလံ၊ | ဝတ္ထံ၊ | (နပုလ္လိင်) |

(၂) ဗဟုဗ္ဗီဟိဝါစကပုဒ်၊ ဝစ္စပုဒ်၊ လိင်၊

| | | |
|---|---|---|
| (က) သုဂန္ဓော၊ | စမ္ပကော၊ | (ပုလ္လိင်) |
| (ခ) သုဂန္ဓာ၊ | မာလာ၊ | (ဣတ္ထိလိင်) |
| (ဂ) သုဂန္ဓံ၊ | စန္ဒနံ၊ | (နပုလ္လိင်) |

(၃) သာမညတဒ္ဓိတ်ဝါစကပုဒ်၊ ဝစ္စပုဒ်၊ လိင်၊

| | | |
|---|---|---|
| (က) ဝါသိဋ္ဌော၊ | ပုရိသော၊ | (ပုလ္လိင်) |
| (ခ) ဝါသိဋ္ဌီ၊ | ကညာ၊ | (ဣတ္ထိလိင်) |
| (ဂ) ဝါသိဋ္ဌံ၊ | အပစ္စံ၊ | (နပုလ္လိင်) |

(၄) ကိတ်ဝါစကပုဒ်၊ ဝစ္စပုဒ်၊ လိင်၊

(က) အတီတော၊ ကာလော၊ (ပုလ္လိင်)

(ခ) အတီတာ၊ ရတ္တိ၊ (ဣတ္ထိလိင်)

(ဂ) အတီတံ၊ စိတ္တံ၊ (နပုလ္လိင်)

(ရူပသိဒ္ဓိဋီကာ။)

နီလာဒိဂုဏနာမဉ္စ၊ ဗဟုဗ္ဗီဟိ စ တဒ္ဓိတံ။
သာမညဝုတ္တျတီတာဒိ၊ကိတန္တံ ဝစ္စလိင်္ဂိကံ။ ။

ရူပသိဒ္ဓိ။

---

## လိင်သုံးပါး ခွဲရပုံ လက္ခဏာ။

၆၀၅-မေး။ ။သဒ္ဒနယ် တို့သည် လိင်သုံးပါး တို့နှင့် ဆက်ဆံသောကြောင့် အဘယ် သို့လျှင် ဤသဒ္ဒနယ်ပုဒ်သည် ဣတ္ထိလိင် ဖြစ်သည် ဟူ၍၎င်း၊ ပုလ္လိင်ဖြစ်သည် ဟူ၍၎င်း၊ နပုလ္လိင်ဖြစ်သည်ဟူ၍၎င်း၊ သိမှတ်ရပါအံ့ နည်း၊ထင်ရှားစွာ ပြခဲ့ပါ။

၆၀၅-ဖြေ။ ။ လောက၌....

(က) မိန်းမဟူသော ဣတ္ထိလိင်၊

(ခ) ယောက်ျားဟူသော ပုလ္လိင်၊

(ဂ) နပုံဟူသော နပုလ္လိင်၊

တို့သည် ထင်ရှားရှိကြကုန်၏။ ထိုလိင်တို့ တို့နှင့်တူသော တည်ရာရှိသော သဒ္ဒနယ် ပုဒ်တို့ကို ဣတ္ထိလိင်,ပုလ္လိင်,နပုလ္လိင်-ဟု ခွဲး ခြား၍ သိမှတ်ရာ၏။

## ထင်ရှားစေအံ့။

(၁) "သော-ဣတ္ထီ"၌ ဣတ္ထီ-နှင့်တူသော အနက် တည်ရာ ရှိသော သော-ဟူသော သဗ္ဗနာမ်ကို ဣတ္ထိလိင်-ဟု မှတ်ရာ၏။

(၂) "သော-ပုရိသော"၌ ပုရိသောနှင့်တူသော အနက်တည်ရာ ရှိသော သော-ဟူသော သဗ္ဗနာမ်ကို ပုလ္လိင်ဟုမှတ်ရာ၏။

(၃) "တံ-စိတ္တံ"၌ စိတ္တံ ဟူသော နပုလ္လိင်နှင့် တူသော အနက် တည်ရာရှိသော ေ -ဟူသော သဗ္ဗနာမ်ကို နပုလ္လိင်-ဟု သိ မှတ်ရာ၏။

ဓေသော တေဓိတိစ၊ ပသိဒ္ဓိ အတ္ထေသု ယေသု။
လောကဿ ထီ,ပုမ,နပုံသကာနီတိ၊ ပုစ္ဆန္တေ တာနိ နာမာနိ။ ။

သဗ္ဗနာမ်တိလိင်ပြည့်စုံပြီ။

---

# သဗ္ဗနာမ်-အလိင် အခန်း။

၆၀၆-မေး။ ။အလိင် အရကို သိရှိနားလည်အောင် ဖော်ပြခဲ့ပါ။

၆၀၆-ဖြေ။ ။"အလိင်္ဂေသု ဣတ္ထိ, ပုမ, နပုသက, လိင်္ဂရဟိတေသု"ဟု ရူပသိဒ္ဓိဋီကာ မိန့်မှာချက် ရှိသောကြောင့်....
ဣတ္ထိလိင်,ပုလ္လိင်,နပုလ္လိင်,တို့မှ ကင်းသော လိင်သည် အလိင်မည်ပါသည်။

---

၆၀၇-မေး။ ။ထို့,အလိင်ကို လိင်မဟုတ်သောကြောင့် အလိင်ဟု ခေါ်ဆိုပါသလော။

၆၀၇-ဖြေ။ ။လိုင်မဟုတ်သောကြောင့် အလိုင် ခေါ်သည်မဟုတ်ပါ။ ဣတ္ထိလိင်,ပုလ္လိင်,နပုလ္လိင်, တို့ကြောင့် ရုပ်အထူး မရှိသောကြောင့် အလိုင်-ဟု ခေါ်ပါသည်။

---

၆၀၈-မေး။ ။ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်, တို့ကြောင့် ရုပ်အထူး မရှိပုံကို ဥဒါဟရုဏ်နှင့် ပြဆိုခဲ့ပါ။

၆၀၈-ဖြေ။ ။

(၁) 'တွံ'ပုရိသော
(၂) 'တွံ'ကညာ
(၃) 'တွံ'နပုံသကံ
(၁) 'အဟံ'ပုရိသော
(၂) 'အဟံ'ကညာ
(၃) 'အဟံ'နပုံသကံ

ဤသို့လျှင် တုမှ-သဒ္ဒါ အမှ-သဒ္ဒါ တည်းဟူသော အလိုင် တို့သည် လိင်သုံးပါးလုံး တို့၌ပင်ရုပ်မထူးကြ-အတူပင်ရှိကြပါ၏။

---

၆၀၉-မေး။ ။အလိုင်၏ သရုပ်ကို ထုတ်ဆောင်ရေး သားခဲ့ပါ။

၆၀၉-ဖြေ။ ။(၁) တုမှ-သဒ္ဒါ၊
(၂) အမှ-သဒ္ဒါ၊

(၃) ပဉ္စ- အဋ္ဌ- အဋ္ဌာရသ- အသုံးရှိ
သော သင်္ချာသဒ္ဒါ၊
(၄) ဥပသာရပုဒ်၊
(၅) နိပါတ် ပုဒ်-များသည် အလိင်တို့
ဖြစ်ကြပါ၏။

---

၆၁၀-မေး။ ။တုမှ-အမှ-သဒ္ဒါတို့၏ လိင်ကြောင့် ရုပ်
အထူးမရှိပုံကို သိရပါပြီ။ ကြွင်းသော
အလိင်တို့၏ လိင်ကြောင့် ရုပ်အထူးမရှိ
ပုံကို ဥဒါဟရုဏ်ထုတ်၍ ရှင်းလင်းခဲ့ပါ။

၆၁၀-ဖြေ။ ။သင်္ချာသဒ္ဒါတို့၏ ရုပ်အထူးမရှိပုံ။

'ပဉ္စ' ပုရိသာ၊
'ပဉ္စ' ဣတ္ထိယော၊
'ပဉ္စ' စိတ္တာနိ၊

ဥပသာရ-တို့၏ ရုပ်အထူးမရှိပုံ။

'ဥပ' ဗြာဟ္မဏော၊
'ဥပ' ဗြာဟ္မဏီ၊
'ဥပ' ဗြာဟ္မဏံ၊

နိပါတ်တို့၏ ရုပ်အထူးမရှိပုံ။

'ပုရာ' ဗြာဟ္မဏော၊
'ပုရာ' ဗြာဟ္မဏီ၊
'ပုရာ' ဗြာဟ္မဏံ၊

တွမဟံ သိဗ္ဗိ ခ။

(အာဒေသဝိဓိသုတ်။)

၆၁၁-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံပါမှ မည်သည့် ကာရိယမျိုး ရောက်နိုင်သည်ဟု ဘော်ပြခဲ့ပါ။

၆၁၁-ဖြေ။ ။(၁) နောက်၌ သိ-ဝိဘတ်ရှိခြင်း၊
(၂) ရှေ့၌ တုမှ-သဒ္ဒါရှိခြင်း၊
ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် ဝိဘတ်နှင့်တကွ (တုမှ)သဒ္ဒါကို (တွံ)ကာရိယ ပြုပါ၏။

---

၆၁၂-မေး။ ။ဤသုတ်၌ စ-သဒ္ဒါ၏ အကျိုးကို ရေးသားခဲ့ပါ။

၆၁၂-ဖြေ။ ။စ-သဒ္ဒါဖြင့် (တုမှ)သဒ္ဒါကို (တုဝံ)ပြုရခြင်း အကျိုးရှိပါ၏။

**စသဒ္ဒေန တုမှသ တုဝဉ္စ ဟောတိ။ ။ရူပသိဒ္ဓိ။**

---

မယံ ယောဗွိ ပထမေ။

(အာဒေသဝိဓိသုတ်။)

၆၁၃-မေး။ ။ဤသုတ်၏ အင်္ဂါနှင့် ကာရိယတို့ကို ထုတ်ပြပါ။

၆၁၃-ဖြေ။ ။(၁) နောက်၌ ပထမာ ယောဝိဘတ် နှောင်းခြင်း၊

(၂) ဈော၌ အမှ-သဒ္ဒါရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါး ပြည့်စုံပါက အမှ-သဒ္ဒါကို ဝိဘတ်နှင့်တကွ (မယံ)ကာရိယ ပြု၏။

---

ဍ၆၁၄-မေး။ ။"မယံ ဂစ္ဆာမ၊ တုမှေ ဂစ္ဆထ" စသော ဥဒါဟရဏ် တို့၌ အမှ-တုမှ- သဒ္ဒါ တို့ကို တယောက်တည်း ဖြစ်ပါလျက် ဗဟုဝုစ်ဖြင့် မိန့်ဆိုခြင်း၏ အကြောင်းကို ကျနစွာ ဖြေဆိုပါ။

၆၁၄-ဖြေ။ ။(၁) မိမိ၌ရင်း၊

(၂) အလေး ပြုအပ်သော ဆရာသွား တို့၌ရင်း၊

ရှိသော လေးမြတ်ခြင်း များသည်၏ အဖြစ်ကြောင့်၊

တယောက်တည်းဖြစ်လျက် အများပေါ်၌ တင်စားသောအားဖြင့် ဗဟုဝုစ်နှင့် ထားရပါသည်။

ဧတ္ထ စ ဧကသ္မိံပိ ဂါရဝဗဟုမာနေန ဗဟုတ္တ သမာရောပါ ဗဟုဝစနံ ဟောတိ။ ။ရူပသိဒ္ဓိ။

ဧကသ္မိမ္ပီတိ အတ္တနိ ဂရူသု။ ။ရူပသိဒ္ဓိဋီကာ။

---

## တဝံ မမဥ္စ နဝါ။

(အာဒေသဝိဓိသုတ်။)

၆၁၅-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိ,ကာရိယတို့ကို ထုတ်ဘော်ရေးသားခဲ့ပါ။

၆၁၅-ဖြေ။ ။(၁) နောက်၌ အံ-ဝိဘတ်နှောင်းခြင်း၊

(၂) ရှေ့၌ တုမှ-အမှ-သဒ္ဒါရှိခြင်း၊

ဤသို့အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် တုမှ-ကာရိကို ဝိဘတ်နှင့်တကွ တဝံ-ကာရိယ၊ အမှ-ကာရိကို ဝိဘတ်နှင့်တကွ မမံ-ကာရိယ ပြုရ၏။

---

၆၁၆-မေး။ ။ဤသုတ်သည် "တံ-မမံ၌" သုတ်ကို ငဲ့သည်၏ အဖြစ်ဖြင့် အနိစ္စဝိဓိ သုတ်၏ အဖြစ် ထင်ရှား နေပါလျက် အဘယ် အကျိုးငှါ နဝါ- သဒ္ဒါကို ထည့်ရ ပါသနည်း။

၆၁၆-ဖြေ။ ။နဝါ-သဒ္ဒါသည်လည်း တရံတခါ ဝိဘာသာအနက် ရှိ၏ဟု သိစေခြင်း အကျိုးရှိပါ၏။

နဝါ သဒ္ဒေါပိ ကဒါစိ ဝိဘာသတ္ထောတိ

ဉာပနတ္ထံ ကတံ။ ။နိဒ္ဒေသ။

---

၆၁၇-မေး။ ။သုတ်၌ နဝါ-သဒ္ဒါတိုက်ရိုက် ပါရှိပြီးဖြစ်ပါလျက် ဝုတ္တိ-၌ ဝါ-သဒ္ဒါဖြင့် ဖွင့်ပြခြင်း၏ အကြောင်းကို ပြဆိုပါ။

၆၁၇-ဖြေ။ ။များသောအားဖြင့် နဝါ-သဒ္ဒါသည် ဧကရုပ်ကိုသာ ပြ၏။ယခု ဤသုတ်ပါ နဝါ-သဒ္ဒါကား ဒွိရုပ်ကိုပြသတည်းဟု သိစေခြင်းငှါ ဝုတ္တိ-၌ ဝါ-သဒ္ဒါဖြင့် ဖွင့်ဆိုရပါ၏။

အမှာ။

"ကွစိ နဝါ စ ကေတ္ထာ" စသော စကားသည် ယေဘုယျတည်း။

တံမမံနို။

(အာဒေသဝိဓိသုတ်။)

၆၁၈-မေး။ ။ဤသုတ်၏ စီရင်ပုံကို ထင်ရှားအောင် ဘော်ပြပါ။

၆၁၈-ဖြေ။ ။နောက်၌ အံ-ဝိဘတ်နှောင်းခဲ့ပါလျှင် ဓွေ-တုမှ-သဒ္ဒါကို ဝိဘတ်နှင့်တကွ တံ၊အမှ-သဒ္ဒါကို ဝိဘတ်နှင့်တကွ မံ-ပြုပါ၏။

၆၁၉-မေး။ ။ဤသုတ်၌ အနိစ္စဝိဓိသုတ်တို့၏ လက္ခဏာဖြစ်သော ဝါ-ကွစိ စသော သဒ္ဒါတို့၏ မထာရှိခြင်းကြောင့် နိစ္စဝိဓိသုတ်ဟု မှတ်ရအံ့လော။

၆၁၉-ဖြေ။ ။အင်္ဂါတူ အစီအရင်ဖြစ်သော"တဝံ မမဍ္ဍနဝါ"သုတ်ကို ထောက်ဆသော အားဖြင့်ဝါ-သဒ္ဒါစသည် မပါသော်လည်းအနိစ္စဝိဓိ သုတ်ဟု သိရပါ၏။

---

## တုမှဿ တုဝံ တွ-မံမှိ။

### (အာဒေသဝိဓိသုတ်။)

၆၂၀-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံပါမှ မည်သို့သော ကာရိယမျိုးရောက်နိုင်သည်ဟု ရေးသားခဲ့ပါ။

၆၂၀-ဖြေ။ ။(၁) နောက်၌ အံ-ဝိဘတ်နှောင်းခြင်း၊
(၂) ရှေ့၌ တုမှ-သဒ္ဒါရှိခြင်း၊
ဤသို့ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံပါလျှင် (တုမှ) သဒ္ဒါကို တုဝံ-တွံ၊ကာရိယနှစ်မျိုး ရောက်နိုင်ပါ၏။

---

၆၂၁-မေး။ ။"တုမှမှာကံ တယိ-မယိ"သုတ်မှ တုမှ-သဒ္ဒါ အလိုက်ခံ၍ (တုဝံတွမံမှိ)ဤမှာသာ တည့်ထားထိုက်ပါလျက် (တုမှဿ)သဒ္ဒါ ထည့်ရခြင်းအကျိုးကို ဖော်ပြပါ။

၆၂၁-ဖြေ။ ။အမှ-သဒ္ဒါကိုနစ်စေခြင်း အကျိုးရှိ၏။

ဣဓ ပန တုမှ သဒ္ဒဂ္ဂဟဏံ အမှသဒ္ဒနိဝတ္တနတ္ထံ။

နိဒ္ဒေသ။

---

၆၂၂-မေး။ ။"တံမယံမှိ"သုတ်မှ အံ-နိမိတ်ကို အလိုက်ခံ၍(တမှသာ တဝံ တွံ)ဤမျှသာ မတည်မူ၍(အံမှိ)ဟု နိမိတ်တိုက်ရိုက် ထည့်ရခြင်း၏ အကျိုးကား အဘယ်ပါနည်း။

၆၂၂-ဖြေ။ ။အံ-နိမိတ်ကို အလိုက်ခံပါက "နာမှိတယာမယာ" သုတ်မှ နာ- ဝိဘတ်လည်း လိုက်လာပေလိမ့်မည်၊ ထို (နာ) ဝိဘတ်ကို နစ်စေခြင်းငှါ (အံမှိ)ဟု တိုက်ရိုက် ထည့်ရပါ၏။

ပုန အံ နိမိတ္တဂ္ဂဟဏံ နာနိမိတ္တ နိဝတ္တနတ္ထံ။

နိဒ္ဒေသာ။

---

ဂါယောဒပ္ပထမော။

(အာဒေသဝိဓိသုတ်။)

၆၂၃-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ,ကာရိယတို့ကို ဘော်ပြရေးသားခဲ့ပါ။

၆၂၃-ဖြေ။ ။(၁) ရှေ့၌ တမှ-အမှ- သဒ္ဒါ တို့တွင် တခုခုရှိခြင်း၊

(၂) နောက်၌ ဒုတိယာ ယော-ဝိဘတ်ရှိခြင်း၊

ဤသို့အင်္ဂါနှစ်ပါးပြည့်စုံပါလျှင်(ဒုတိယာ) ယောဝိဘတ် ကာရီကို(အာကံ)ကာရိယပြုပါ၏။

---

၆၂၄-မေး။ ။ဤသုတ်ပါ ဝါ-သဒ္ဒါဖြင့်ပြအပ်သော ရုပ်အထူးတို့ကို ထုတ်ဘော်ပြခဲ့ပါ။

၆၂၄-ဖြေ။ ။"တုမှံ-တုမှာနံ-အမှံ-အမှာနံ"တို့၌ ယောဝိဘတ်နှစ်လုံးတို့ကို အံ-အာနံ-ပြုရပါသေး၏။ ။(သဒ္ဒါကြီးအလို)။ ။"တုမှံ-အမှံ"တို့၌ နံ-ဝိဘတ်ကိုလည်း (အံ) ပြုရပါသေး၏။

**ဝါဂ္ဂဟဏေန နံ ဝစနဿ အံ-အာဒေသောပိ သက်ဟိတော။ ။နိဒ္ဒေသ။**

**အမှာ။ (ဤသုတ်၌ ဝါ-သဒ္ဒါကို ဝိကပ်-သမုစ္စည်း နှစ်ချက်ယူ။)**

---

၆၂၅-မေး။ ။ကာရိယချင်းတူသောကြောင့် "တုမှမှေဟိနမာကံ"သုတ်နှင့် ဤသုတ်ကို တပေါင်းတည်း တည်ထိုက်ပါလျက် ခွဲခြားရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

၆၂၅-ဖြေ။ ။"တုမှမှေဟိနမာကံ" သုတ်၏ (အာကံ) အပြုကား "နိစ္စဝိဓိ"၊ ဤသုတ်၏ (အာကံ) အပြုကား "အနိစ္စဝိဓိ"၊ ထို့ကြောင့် ခွဲခြားတည်ရပါ၏။

---

**နာမှိ တဿာ မယာ။**

**(အာဒေသဝိဓိသုတ်။)**

၆၂၆-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့်ပြည့်စုံပါမှ မည်သည့် ကာရိယမျိုး ရောက်နိုင်သည်ဟု ဘော်ပြပါ။

၆၂၆-ဖြေ။ ။(၁) နောက်၌ နာ-ဝိဘတ်ရှောင်းခြင်း၊
(၂) ရှေ့၌ တမှ-အမှ-သဒ္ဒါရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံပါလျှင် တမှ-သဒ္ဒါကို ဝိဘတ်နှင့်တကွ (တယာ)အမှ သဒ္ဒါကို ဝိဘတ်နှင့်တကွ (မယာ)ဤသို့ ကာရိယနှစ်ချက် ပြုရပါ၏။

---

## တယာတယိနံ တကာရော တွတ္တံ ဝါ။

(အာဒေသဝိဓိသုတ်။)

၆၂၇-မေး။ ။ဤသုတ်၏ အစီအရင်ကို ဘော်ပြခဲ့ပါ။

၆၂၇-ဖြေ။ ။တယာ-တယိ-သဒ္ဒါတို့၏ (တ)အက္ခရာကို (တွ)ပြုသောသုတ် ဖြစ်ပါသည်။

---

## သသ္သံ။

(အာဒေသဝိဓိသုတ်။)

၆၂၈-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့်ကာရီ,ကာရိယတို့ကို ရေးသားခဲ့ပါ။

၆၂၈-ဖြေ။ ။(၁) ရှေ့၌ တမှ-အမှ-သဒ္ဒါတို့တွင် တစ္ခုခုရှိခြင်း၊
(၂) နောက်၌ သ-ဝိဘတ်ရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် (သ) ဝိဘတ်ကို (အံ)ပြုပါ၏။

၆၂၉-မေး။ ။ဤသုတ်၌ (သသ)ဟု ဧကဝုစ်နှင့် ဆို ခြင်းကြောင့် စတုတ္ထ-ဆင့်၌ (သ) နှစ်လုံး တွင် အဘယ်(သ)ကို ယူရမည်နည်း။ အ ကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၆၂၉-ဖြေ။ ။ဓာတ်ကိုင်၍ (သသ)ဟု ဆိုထားသော ကြောင့် (သ)နှစ်လုံးကိုပင် ယူအပ်ပါ၏။

ဣမ ဓာတုျာပေက္ခေန သသာတိ ဝစနေန သဒ္ဒယံ ဂဟေတဗ္ဗံ။ ။နိဒ္ဒေသ။

---

**တာဝ မမ သော။**

**(အာဒေသဝိဓိသုတ်။)**

၆၃၀-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့်ပြည့်စုံ ပါမှ မည်သည့် ကာရိယမျိုး ရောက်နိုင် သည်ဟု သေချာစွာ ရေးသားခဲ့ပါ။

၆၃၀-ဖြေ။ ။(၁) နောက်၌ သ-ဝိဘတ် နှောင်းခြင်း၊ (၂) ရှေ့၌ တုမှ-အမှ-သဒ္ဒါရှိခြင်း၊ ဤသို့ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံပါလျှင် တုမှ- သဒ္ဒါကိုဝိဘတ်နှင့်တကွ(တဝ)အမှ-သဒ္ဒါ ကို ဝိဘတ်နှင့်တကွ (မမ)ဤသို့ ကာရိယာ နှစ်မျိုး ရောက်နိုင်ပါ၏။

---

၆၃၁-မေး။ ။ဤသုတ်သည် နိစ္စဝိဓိ, အနိစ္စဝိဓိ, နှစ်ပါး တို့တွင် အဘယ် ဝိဓိပါနည်း။ ဝါ-သဒ္ဒါ

စသည်တို့ မရှိခြင်းကြောင့်"နိစ္စဝိဓိ"သုတ် ဖြစ်ပါသလော။

၆၃၁-ဖြေ။ ။"သ"ဝိဘတ်ကို (အံ)ပြုခြင်း တည်းဟူသော အစီအရင်အထူး၏ ထင်ရှားသည်၏ အဖြစ်ကြောင့် "အနိစ္စဝိဓိ"သုတ်ဖြစ်ပါသည်။

ဝိကပ္ပေနာယံ ဝိဇ္ဈန္တရဿ ဝိဇ္ဇမာနတ္တာ။ ။
ရူပသိဒ္ဓိ။

---

## တုယှံ မယှဉ္စ။

### (အာဒေသဝိဓိသုတ်။)

၆၃၂-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိ,ကာရိယ တို့ကို ထုတ်ဘော်ရေးသားပါ။

၆၃၂-ဖြေ။ ။(၁) နောက်၌ သ-ဝိဘတ်နှောင်းခြင်း၊
(၂) ရှေ့၌ တုမှ-အမှ-သဒ္ဒါတို့ရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံပါလျှင်(တုမှ) ကာရိကို (**တုယှံ**)ကာရိယ (အမှ)ကာရိ ကို (**မယှံ**)ကာရိယ ပြုပါ၏။

---

၆၃၃-မေး။ ။ဤသုတ်ကို "တဝမမသေ" သုတ်နှင့် အင်္ဂါ တူသောကြောင့် တသုတ်တည်း တည်ထား ထိုက်ပါလျက် ခွဲခြား တည် ထားခြင်း၌ **အကျိုး**ကို ရေးလှဲ့ပါ။

၆၃၃-ဖြေ။ ။(က) သုတ်ကြီး လေးမည့် အပြစ်ကို ပယ်ခြင်းအကျိုးငှါရင်း၊
(ခ) ရွတ်လွယ်စေခြင်းအကျိုးငှါရင်း၊
ခွဲခြား၍ တည်ထားပါ၏။

**သုတ္တဂရုဒေါသာပနယနတ္ထံ သုခုစ္စာရဏတ္ထဉ္စ**
**ဘိန္နံယောဂံ ကတွာ ဝုတ္တံ။ ။နိဒ္ဒေသ။**

---

၆၃၄-မေး။ ။ဤသုတ်သည် နိစ္စဝိဓိ,အနိစ္စဝိဓိ, တို့တွင် အဘယ် ဝိဓိသုတ် ဖြစ်ပါသနည်း၊ အကြောင်းပြ၍ ဖြေဆိုပါ။
၆၃၄-ဖြေ။ ။အင်္ဂါတူ"တဝမမသေ" သုတ်နှင့် ပြိုင်လျက် ရှိသောကြောင့် "အနိစ္စဝိဓိ"သုတ် ဖြစ်ပါ၏။

**"အင်္ဂါတူသုတ်၊ ပြိုင်၍ထုတ်၊ ထိုရှုပ် အနိစ္စ"**
**အောင်မြေဘုံစံနိယံ။**

---

၆၃၅ မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ထင်ရှားအောင် ပြဆိုပါ။
၆၃၅-ဖြေ။ ။စ-သဒ္ဒါသည် "တဝမမသေ" သုတ်မှ (သေ)သဒ္ဒါကိုနောက်ဖြစ်သော"တံမမံမှိ" သုတ်သို့ မလိုက်နိုင်အောင် ဆွဲငင်ထားခြင်းအနက်ရှိပါ၏။

**စဂ္ဂဟဏံ သေဂဟဏာနုကဍ္ဎနတ္ထံ။ ။ရူပသာ။**

---

၆၃၆-မေး။ ။"တံမမံမှိ"သုတ်၌ (အံ)နိမိတ် ထင်ရှားရှိနေသောကြောင့် (သ) နိမိတ်သည် အသတ်ခံရမည် ဖိုး၍ မလိုက်ပဲ နေမည်မဟုတ်ပါလော၊မလိုက်ပါရန် ဆွဲးငင်ထားဘို့ မလိုတော့ပါ၊အဘယ်ကြောင့် အရေးတယူပြုခါ ဆွဲးငင်ရပါသနည်း။

၆၃၆-ဖြေ။ ။"တံမမံမှိ"သုတ်၌ နိမိတ် တိုက်ရိုက် ရှိသော်လည်း လိုက်လိုလျှင် လိုက်နိုင် ပါသည်။

**ဥပမာ။ ။"န္တုဿန္တော ယောသု စ"သုတ်၌ ယော-နိမိတ်တို့ ထင်ရှားနေပါလျက် "သုနံဟိသု စ" ရှေ့သုတ်မှ သု-နံ-ဟိ-နိမိတ်များ အသီးအသီး လိုက်လာသကဲ့သို့ (သ)နိမိတ်လိုက်လာမည် စိုး၍ ဆွဲးငင်ထားရပါသည်။**

**အဓိပ္ပာယ်။**

**(နိမိတ်တခုကို တခုကသတ်သည် စသော စကားသည်-ယေဘုယျသာ-ဟု ရှေ့၌ ဆိုအပ်ခဲ့ပြီ။)**

---

**အမှဿ မမံ သဝိဘတ္တိဿ သေ။**

**(အာဒေသဝိဓိသုတ်။)**

၆၃၇-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့်ပြည့်စုံပါမှ မည်သည့် ကာရိယမျိုး ရောက်နိုင်သည်ဟု ဖော်ပြခဲ့ပါ။

၆၃၇-ဖြေ။ ။(၁) နောက်၌ သ-ဝိဘတ်နှောင်းခြင်း၊
(၂) ရှေ့၌ အမှ-သဒ္ဒါရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံပါလျှင် အလုံးစုံသော (အမှ)သဒ္ဒါကို (မမံ) ကာရိယပြုပါ၏။

---

၆၃၈-မေး။ ။ဤသုတ်၌ (သဝိဘတ္တိသာ)အရသာမညဖြစ်၍ မည်သည့်ဝိဘတ်ကို ယူရမည်ဟုဖော်ပြခဲ့ပါ။

၆၃၈-ဖြေ။ ။သာမည ဖြစ်သော်လည်း နိမိတ်(သ)ဝိဘတ်ကို ယူရပါ၏။

**သဝိဘတ္တိသာတိ ဧတ္ထ သာမညေန ဝုတ္တေပိ ဝိဘတ္တိသဒ္ဒေန နိမိတ္တဝိဘတ္တိ ဂဟေတဗ္ဗာ။**
**နိဒ္ဒေသ။**

---

**တုမှမှေယာ် နမာကံ။**

**(အာဒေသဝိဓိသုတ်။)**

၆၃၉-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့်ကာရိ,ကာရိယတို့ကို ထုတ်ဖော်ရေးသားခဲ့ပါ။

၆၃၉-ဖြေ။ ။(၁) ရှေ့၌ တုမှ-အမှ-သဒ္ဒါရှိခြင်း၊
(၂) နောက်၌ နံ-ဝိဘတ်ရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် (နံ့) ဝိဘတ်ကာရိကို (အာကာံ)ကာရိယ (အံ) ကာရိယနှစ်ချက် ပြုပါ၏။

---

၆၄၀-မေး။ ။"ဝါယောပဌမော" သုတ်ဖြင့် ယောဝိဘတ်၏ (အာကာံ)အပြုနှင့် ဤသုတ်ဖြင့် ယော-ဝိဘတ်၏ (အာကာံ)အပြုတို့ ထူးခြားပုံကို ဘော်ပြခဲ့ပါ။

၆၄၀-ဖြေ။ ။(က) "ဝါယောပဌမော"သုတ်၏(အာကာံ)အပြုသည် "အနိစ္စဝိဓိ"၊

(ခ) ဤသုတ်၏ (အာကာံ) အပြုသည် "နိစ္စဝိဓိ"

(ဤကား အထူး)

---

၆၄၁-မေး။ ။(တုမှံ)ပုဒ်ကို သိဒ္ဓိရုပ်သမျှရုပ်စီရင်ပြခဲ့ပါ။

၆၄၁-ဖြေ။ ။"**တုမှ**"တည်၊ယောသက်၊ "ဝါယောပဌမော"၌ ဝါ-သဒ္ဒါဖြင့် ယောဝိဘတ်ကို အံ-ပြု၊ပြီး၏။ ။**(သဒ္ဒါကြီးအလို)**

"**တုမှ**"တည်၊ နံ-သက် ဝါယောပဌမော၌ ဝါ-သဒ္ဒါဖြင့် နံ-ဝိဘတ်ကို အံ-ပြု၊ပြီး၏။

**(နိဒ္ဒေသအလို)**

"**တုမှ**"တည်၊ နံ-သက်၊ "တုမှမှေဟိနမာ

ကံ” သုတ်လုံးဖြင့် နံ့-ဝိဘတ်ကို အံ-ပြု ပြီး၏။ ။(ရူပသိဒ္ဓိအလို)

---

**တုမ္ဟမှာကံ တယိ မယိ။**

**(အာဒေသဝိဓိသုတ်။)**

၆၄၂-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့်ပြည့်စုံ ပါမှ မည်သည့် ကာရိယမျိုး ရောက်နိုင် သည်ဟု ဘော်ပြခဲ့ပါ။

၆၄၂-ဖြေ။ ။(၁) နောက်၌ သို့ဝိဘတ်နှောင်းခြင်း၊
(၂) ရှေ့၌ တုမှ-အမှ-သဒ္ဒါရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံလျှင် (တုမှ) သဒ္ဒါကို ဝိဘတ်နှင့်တကွ (တယိ)ကာရိ ယ(အမှ)သဒ္ဒါကို ဝိဘတ်နှင့်တကွ(မယိ) ကာရိယ ပြုပါ၏။

---

၆၄၃-မေး။ ။(တုမှမှာနံ့ တယိမယိ) ဟု ဆိုထိုက်ပါ လျက် “တုမှမှာကံ တယိမယိ” ဟု ဆိုရ ခြင်း၏ အကြောင်းကို ပြဆိုပါ။

၆၄၃-ဖြေ။ ။သဒ္ဒါတို့၏ စည်းမျဉ်း ဥပဒေသကို မစွန့် မူ၍ ဆိုသောသဒ္ဒါတု ဖြစ်သောကြောင့် “တုမှမှာကံ တယိမယိ”ဟု ဆိုပါ၏။

**တုမှမှာကန္တိ ဝစနံ အပရိစတ္တာနုကရဏဝသေန ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။ ။နီဒ္ဒေသ။**

---

၆၄၄-မေး။ ။"တုမှေ မဇ္ဈိမော""အမှေဥတ္တမော"သုတ် တို့၌တုမှ-အမှ-သဒ္ဒါတို့၏ နောက်၌ သိ-ဝိဘတ်ရှိပါလျက် (တယိမယိ) မပြုသော ဥဒါဟရဏ် တို့ကို မြင်ရသော ကြောင့် ဤသုတ်၌ အနိစ္စဝိဓိကို ထွန်းပြသော ဝါ-သဒ္ဒါကို ထည့်ထိုက်ပါလျက် မထည့်ခြင်း၏ အကြောင်းကို ပြဆိုခဲ့ပါ။

၆၄၄-ဖြေ။ ။သိ-ဝိဘတ်နှောင်းရာ၌ တုမှ-အမှ-တို့ကို (တယိ-မယိ)ပြုခြင်းသည် အတ္ထပဒတ္ထက ပုဒ်မျိုး၌သာ ပြုရပါသည်။ သဒ္ဒပဒတ္ထက ပုဒ်မျိုး၌ မပြုရပါ။ "တုမှေ မဇ္ဈိမော" "အမှေ ဥတ္တမော" သုတ်တို့သည် သဒ္ဒပဒတ္ထကဥဒါဟရဏ်တို့ဖြစ်သောကြောင့် (တယိ မယိ) မပြုထိုက်ပါ။ "တုမှေ မဇ္ဈိမော"စသည်ကို အစွဲပြု၍ ဝါ-သဒ္ဒါထည့်ထားဘွယ် မလိုတော့ပါ။

**နကာတဗ္ဗံ၊ တုမှေ မဇ္ဈိမောတျာဒီသု သဒ္ဒဝါစကပ္ပယောဂတ္တာတိ။ ။နိဒ္ဒေသ။**

---

၆၄၅-မေး။ ။တုမှ-အမှ-သဒ္ဒါတို့၏ ပဒမာလာကို ရူပသိဒ္ဓိအလိုကျ စီစဉ်ခဲ့ပါ။

## ၆၄၅-ဖြေ။ ။ တုမှ=ပဒမာလာ။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | တွံ၊ | တုမှေ၊ |
| ဒု | တဝံ, တံ, တုဝံ, တွံ၊ | တုမှာကံ, တုမှေ၊ |
| တ | တွယာ, တယာ၊ | တုမှေဟိ, ဘိ၊ |
| စ | တုမှံ, တဝ, တုယှံ၊ | တုမှံ, တုမှာကံ၊ |
| မ | တယာ၊ | တုမှေဟိ, ဘိ၊ |
| ဆ | တုမှံ, တဝ, တုယှံ၊ | တုမှံ, တုမှာကံ၊ |
| သ | တွယိ, တယိ၊ | တုမှေသု၊ |

## အမှ=ပဒမာလာ။

| ဝိဘတ်များ။ | ဧကဝုစ်။ | ဗဟုဝုစ်။ |
|---|---|---|
| ပ | အဟံ၊ | အမှေ, မယံ၊ |
| ဒု | မမံ, မံ၊ | အမှာကံ, အမှေ၊ |
| တ | မယာ၊ | အမှေဟိ, ဘိ၊ |
| စ | အမှံ, မမ, မယှံ, မမံ၊ | အမှံ, အမှာကံ, အသ္မာကံ၊ |
| မ | မယာ၊ | အမှေဟိ, ဘိ၊ |
| ဆ | အမှံ, မမ, မယှံ, မမံ၊ | အမှံ, အမှာကံ, အသ္မာကံ၊ |
| သ | မယိ၊ | အမှေသု၊ |

## အမှာ။

“အသ္မာကံ”ကို အမှ-တည်၊ နံ-သက်“တုမှမှေဟိ နမာကံ”သုတ်ဖြင့် အာကံ-ပြု၊ “တေသုဝုဒ္ဓိ”သုတ်ဖြင့် အမှ-ကို အသ္မ-ပြု၊ “အသ္မာကံ” ပြီး၏။

ပဉ္စမီ“တယာ-မယာ”တို့၌ သွာ-ကို နာကဲ့သို့ငဲ့ပြီး စီရင်ထား၏။

၆၄၆-မေး။ ။ပုဒ်နှောင်မပါတ်၊ သက်သက်ထုတ်အပ် သော တမှ-အမှ-သဒ္ဒါတို့၌သာ စီရင်ရ သော သုတ်များကို ထုတ်ဘော်ရေးသား ခဲ့ပါ။

၆၄၆-ဖြေ။ ။

| | |
|---|---|
| (၁) တွမဟံ သိမှိ စ၊ | (၈) တယာတယိနံတကာရောတွတ္တံ ဝါ၊ |
| (၂) မယံ ယောမှိ ပထမေ၊ | (၉) သဿံ၊ |
| (၃) တဝံ မမဉ္စ နဝါ၊ | (၁၀) တဝမမသေ၊ |
| (၄) တံမ မံမှိ၊ | (၁၁) တုယှံ မယှဉ္စ၊ |
| (၅) တုမှသ္မ တုဝံ တွမံမှိ၊ | (၁၂) အမှသ္မ မမံ သဝိဘတ္တိဿ သေ၊ |
| (၆) ဝါယောဝုတ္ထမော၊ | (၁၃) တုမှမှေဟိ နမာကံ၊ |
| (၇) နာမှိ တယာ မယာ၊ | (၁၄) တုမှမှာကံ တယိမယိ၊ |

ဤသို့လျှင်(၁၄)သုတ်ရှိပါ၏။

---

## ပဒတော ဒုတိယာ စတုတ္ထီ ဆဋ္ဌီသု ဝေါနော။

### (အာဒေသဝိဓိသုတ်။)

၆၄၇-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိ,ကာရိ ယတို့ကို ဘော်ပြပါ။

၆၄၇-ဖြေ။ ။(၁) တုမှ-အမှ-သဒ္ဒါဖြစ်ခြင်း၊
(၂) ပုဒ်၏နောက်၌ နှောင်းခြင်း၊
(၃) ဒုတိယာ-စတုတ္ထီ-ဆဋ္ဌီ-ဗဟုဝုစ်တို့ တွင် တခုခုရှိခြင်း၊

ဤသို့ အဂ်ါသုံးပါးနှင့် ပြည့်စုံပါလျှင် တမှ သဒ္ဒါကာရိကို ဝိဘတ်နှင့်တကွ (ဝေါ) ကာရိယပြု၊ အမှ-သဒ္ဒါကာရိကို ဝိဘတ် နှင့်တကွ(နော)ကာရိယပြုပါ၏။

---

၆၄၈-မေး။ ။သုတ်၌ ဒုတိယာ- စတုတ္ထီ- ဆဋ္ဌီသု-ဟု ဧကဝုစ်-ဗဟုဝုစ် မခွဲးမခြား သာမည အားဖြင့် ရှိပါလျက် ဝုတ္တိ၌(ဗဟုဝစနေသု) ဟု အဘယ့်ကြောင့် ဖွင့်ဆိုနိုင်ပါသနည်း။

၆၄၈-ဖြေ။ ။"တေမေကာဝစနေသု စ" သုတ်၌ ဧက ဝစနပုဒ်ကိုဆိုလတ္တံ့ဖြစ်သောကြောင့် ဤ သုတ်၌(ဗဟုဝစနေသု)ဟု ဖွင့်ဆိုရပါ၏။

**တွေ့ စ ဧကဝစနေသူတိ ဝက္ခမာနတ္တာ ဗဟုဝစ နေသူတိ လဒ္ဓါ။ ။ရူပသိဒ္ဓိ။**

---

၆၄၉-မေး။ ။ဤသုတ်ဖြင့် အင်္ဂါပြည့်စုံတိုင်း ဝေါ- အပြု၊နော-အပြုစီရင်နိုင်မစီရင်နိုင်ကို ဥဒါ ဟရဏ်ထုတ်၍ ရှင်းခဲ့ပါ။

၆၄၉-ဖြေ။ ။(၁) **"ဘယံ တုမှာကံ နော သိယာ"**

(၂) **"သော အမှာကံ သတ္ထာ"**

တို့၌"တဝံ မမဉ္စ နဝါ" သုတ်မှ နဝါ-သဒ္ဒါ လိုက်၍ လာခြင်းကြောင့် အင်္ဂါပြည့်စုံ သော်လည်း(ဝေါ-နော)မပြုနိုင်ပါ။

---

## တေမေကာဝစနေသု ခ။

### (အာဒေသဝိဓိသုတ်။)

၆၅၀-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့် ပြည့်စုံမှ မည်သည့်ကာရိယမျိုး ရောက်နိုင်သည်ကို ထုတ်ဘော်ရေးသားခဲ့ပါ။

၆၅၀-ဖြေ။ ။(၁) တုမှ-အမှ-သဒ္ဒါရှိခြင်း၊
(၂) ပုဒ်၏နောက်၌ နှောင်းခြင်း၊
(၃) စတုတ္ထီ- ဆဋ္ဌီ- ဧကဝုစ် တို့တွင် တခုခုရှိခြင်း၊

ဤသို့ အင်္ဂါသုံးပါး ပြည့်စုံပါလျှင် တုမှ-သဒ္ဒါကို ဝိဘတ်နှင့်တကွ (တေ)ကာရိယ ပြု၊အမှ-သဒ္ဒါကို ဝိဘတ်နှင့်တကွ (မေ) ကာရိယ ပြုပါ၏။

---

၆၅၁-မေး။ ။ဤသုတ်၌(ဧကဝစနေသု စ)ဟု သာမည မိန့်ဆိုသောကြောင့် ဒုတိယာ- စတုတ္ထီ- ဆဋ္ဌီ-ဧကဝုစ်သုံးလုံးကို ယူထိုက်ပါလျက် အဘယ့်ကြောင့် ဒုတိယာ- ဧကဝုစ်ကို ချန်လှပ်ထားခဲ့ပါသနည်း။

၆၅၁-ဖြေ။ ။“န အံမှိ”သုတ်ဖြင့် ဒုတိယာ ဧကဝုစ် နှောင်းရာ၌ မြစ်လတ္တံ့ ဖြစ်သောကြောင့် ချန်လှပ်ထားခဲ့ရပါ၏။

---

၆၅၂-မေး။ ။"ပဒတော"သုတ်ဖြင့် (ဝေါ်-နော)အပြုတို့သည်၎င်း၊ ဤသုတ်ဖြင့် (တေ-မေ)အပြုတို့သည်၎င်း၊အင်္ဂါပြည့်စုံပါလျှင် စည်းကမ်းဥပဒေသ မရှိပါပဲ ပြုလိုသမျှ ပြုနိုင်မည်လော၊ဥဒါဟာရဏ်နှင့်တကွ ရှင်းလင်းခဲ့ပါ။

၆၅၂-ဖြေ။ ။"တဝံ မမဋ္ဌနဝါ"သုတ်မှ နဝါ-သဒ္ဒါလိုက်၍လာခြင်းကြောင့် အင်္ဂါ ပြည့်စုံရုံမျှဖြင့် စည်းကမ်းဥပဒေသ မရှိပဲ မစီရင်နိုင်ပါ။

## စည်းကမ်း ဥပဒေသများ။

(၁) ဂါထာပါဒ၏ အစ၊

(၂) စ-ဝါ-ဧဝ-စသော နိပါတ်ပုဒ်တို့၏ အယှဉ်၊ ၎င်းတို့၌ ဝေါ်-နော-တေ-မေ-ကာရိယတို့ကို မစီရင်မပြုလုပ်နိုင်ပါ။

(၁) ပါဒ၏အစ၌ ဥဒါဟာရဏ်"**တဝ သုတ္တာနမာဏံ**"

(၂) စ-သဒ္ဒါ၏အယှဉ်၌"**တုယှဉ္စာပိ မဟာရာဇ မယှဉ္စ ရဋ္ဌဝဍ္ဎန**"

(၃) ဝါ-သဒ္ဒါ၏အယှဉ်၌"**တုမှေ ဝါ ပထမံ ဂစ္ဆထ၊ မယံ ဝါ ဂမိဿာမ**"။ ။(**သံဝိဓာန သိက္ခာပုဒ်**)

(၄) ဧဝ-သဒ္ဒါ၏အယှဉ်၌"**သံသရိတံ မမဈေဝ**"

**နဝါတိကာရတော စေတ္ထ၊နော-ဝေါ-တေ-မေ-တိအာဒယော။ ပါဒါ-ဒေါ စ စ ဝါ- ဧဝါ၊ဒိယောဂေ စ န ဟောန္တိ တေ။ ။**

**ရူပသိဒ္ဓိ။**

န ဒွေ၊ မှိ၊

(ပစ္စနီယသေဝဝိဓိသုတ်)။

၆၅၃-မေး။ ။ဤသုတ်သည် အဘယ်သုတ်၏ အဝိ အရင်ကာရိယများကို တားမြစ်သည်ဟု ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

၆၅၃-ဖြေ။ ။"တေမေကာဝစနေသုစ"သုတ်၌ (ဧကဝစ နေသု)ဟု သာမည မိန့်ဆိုသောကြောင့် ဒုတိယာ-ဧကဝုစ် ကြောင့်လည်း (တေ-မေ)ပြုရသေး၏ ဟူသော အမြင်မှားမှုကို ပယ်လိုရကား ဒုတိယာ-ဧကဝုစ်ကြောင့် (တေ-မေ)မပြုရဟူ၍၎င်း"ပဒတော ဒုတိ ယာ"သုတ်၌လည်း ဧကဝုစ် ဗဟုဝုစ် မပါ၊ သာမညဖြစ်သောကြောင့် ဒုတိယာ-ဧက ဝုစ်ကြောင့်လည်း (ဝေါ-နော)ပြုရသေး၏ ဟူသော အယူမှားမှုကို ပယ်လိုရကား ဒုတိယာ-ဧကဝုစ်ကြောင့် (ဝေါ-နော)မပြု ရဟူ၍၎င်း တားမြစ်သော ပဋိသေဝဝိဓိ သုတ်ဖြစ်ပါသည်။

ဤသံ ပန ပဒတောဒုတိယာ စတုတ္ထီ ဆဋ္ဌီသု ဝေါ နောတိ သမ္ဗန္ဓာမှိ နိဂါရေတိ။ ။ချာသ။

## ၀ါ တတိယော စ။

### (အာဒေသဝိဓိသုတ်)။

၆၅၄-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိ,ကာရိယတို့ကို ထုတ်ဆောင်ရေးသားခဲ့ပါ။

၆၅၄-ဖြေ။ ။(၁) တုမှ-အမှ-သဒ္ဒါရှိခြင်း၊
(၂) ပုဒ်၏နောက်၌ ဖြစ်ခြင်း၊
(၃) တတိယာ-ဧကဝုစ် ဝိဘတ်နှောင်းခြင်း၊

ဤသို့ အင်္ဂါသုံးပါး ပြည့်စုံပါက (တုမှ) ကာရိကို (တေ)ကာရိယ (အမှ) ကာရိကို (မေ)ကာရိယ ပြုပါ၏။

---

၆၅၅-မေး။ ။ဤသုတ်၌(တတိယော)ဟု သာမညမိန့်ဆိုသောကြောင့် တတိယာ ဧကဝုစ် ဗဟုဝုစ်နှစ်လုံးပင် ယူရအံ့လော၊ အကြောင်းပြ၍ ဖြေဆိုပါ။

၆၅၅-ဖြေ။ ။"ဗဟုဝစနေသုဝေါနော"သုတ်ကို မိန့်ဆိုလတ္တံ့ဖြစ်သောကြောင့် တတိယာဧကဝုစ် တလုံးကိုသာ ယူရပါ၏။

**တတိယေတိ သာမညေန ဝုတ္တေပိ ဗဟုဝစနေသု ဝေါ နောတိ ဝက္ခမာနတ္တာ ဧကဝစနမေဝ ဂဟေတဗ္ဗံ။ ။နိဒ္ဒေသ။**

---

၆၅၆-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ထင်ရှားစွာ ရေးသားခဲ့ပါ။

၆၅၆-ဖြေ။ ။"တေမေကာဝစနေသုစ"သုတ်မှ မေ-ကာရိယကို ငင်ခြင်းအနက်ရှိပါ၏။

**စဏ္ဍဟတ္ထိ ကာရိယာနုကဍ္ဎနတ္ထံ။ ။နိဒ္ဒေသ။**

---

**ဗဟုဝစနေသု ဝေါနော။**

**(အာဒေသဝိဓိသုတ်)။**

၆၅၇-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ,ကာရိယတို့ကို ရေးသားခဲ့ပါ။

၆၅၇-ဖြေ။ ။(၁) တုမှ-အမှ-သဒ္ဒါရှိခြင်း၊
(၂) ပုဒ်၏နောက်၌ နေခြင်း၊
(၃) တတိယာ-ဗဟုဝုစ်ရှိခြင်း၊
ဤသို့ အင်္ဂါ သုံးပါးနှင့် ပြည့်စုံပါလျှင် (တုမှ)ကာရီကို ဝိဘတ်နှင့်တကွ (ဝေါ)ကာရိယ(အမှ)ကာရီကို ဝိဘတ်နှင့်တကွ (နော)ကာရိယ ပြုပါ၏။

---

၆၅၈-မေး။ ။တတိယာ ဗဟုဝုစ်ဝိဘတ်သည် တလုံးသာရှိခြင်းကြောင့် (ဗဟုဝစနေဝေါနော)ဟု ဧကဝုစ်နှင့် မိန့်ဆို ထိုက်ပါလျက် အဘယ်အကျိုးငှါ ဗဟုဝုစ်နှင့် မိန့်ဆိုပါသနည်း။

၆၅၇-ဖြေ။ ။ "ဂါမံ ဝေါ ဂန္တဗ္ဗယျာထ"
"ဂါမံ နော ဂန္တဗ္ဗယျာမ"

တို့၌ ပဌမာဗဟုဝုစ် ယော-ဝိဘတ်တို့ကြောင့်လည်း ဝေါ-အပြု၊နော-အပြု၊ ပြုနိုင်သေးသည်ဟု သိစေခြင်း အကျိုးငှါ ဗဟုဝုစ်နှင့် မိန့်ဆိုပါ၏။

ဗဟုဝစန နိဒ္ဒေသေန ကွစိ ယောမှိ ပဌမေ စ ဝေါနော ဟောန္တိ။ ။ရူပသိဒ္ဓိ။

(ဤသုတ်၏ အဖွင့်ကို နျာသ၌ အကျယ်ဆိုထားသေး၏။)

---

၆၅၈-မေး။ ။ပုဒ်မှ နောက်ဖြစ်ကုန်သော တုမှ-အမှ-သဒ္ဒါတို့ကို စီရင်သည့်သုတ်တို့ကို ထုတ်ဆို ရေးသားခဲ့ပါ။

၆၅၈-ဖြေ။ ။(၁) ပဒတော။လ။ဝေါနော၊
(၂) တေမေကဝစနေသု စ၊
(၃) နအံမှိ။ ။(ပဋိသေဓဝိဓိ)
(၄) ဝါ တတိယေ စ၊
(၅) ဗဟုဝစနေသု ဝေါနော၊
ဤသို့(၅)သုတ် ရှိပါ၏။

---

ပဉ္စ-အခ အဥ္ဇာရသ-အခဆုံး။

၆၆၀-မေး။ ။ပဉ္စ-အခ အဥ္ဇာရသ- အခဆုံးရှိသော သဉ္ဇာသဒ္ဒါတို့သည် ဇုတ္တိလိင်ဟော သဒ္ဒါ

တို့နှင့် ယှဉ်တွဲခိုက် အခါ ၎င်းတို့၏ နောက်၌ ရှုတ္တိလိင်ဟော အာ-စသော ပစ္စည်းတို့ သက်ထိုက် မသက်ထိုက် အကြောင်းပြ၍ ဖြေဆိုပါ။

၆၆၀-ဖြေ။ ။ပဋ္ဌ-အစအဥ္ဈာရသ အဆုံးရှိသော သဗ္ဗာသဒ္ဒါတို့သည် အလိင်တို့ဖြစ်ခြင်းကြောင့် ၎င်းတို့၏နောက်၌ ရှုတ္တိလိင်ဟော (အာ) စသော ပစ္စည်းတို့-မသက်ထိုက်ပါ။

**အလိင်္ဂတ္တာ စေ ပဋ္ဌာဒီတော ဣတ္ထိပစ္စယာဘာဝေါ။**

**ရူပသိဒ္ဓိ။**

---

**ပဋ္ဌာဒီနံ မဟာဒရော။**

**(အာဒေသဝိဓိသုတ်။)**

၆၆၁-မေး။ ။ဤသုတ်၏ အင်္ဂါ များနှင့် ကာရိ, ကာရိယတို့ကို ထုတ်ဘော်ရေးသားခဲ့ပါ။

၆၆၁-ဖြေ။ ။(၁) နောက်၌ ယော-ဝိဘတ်တို့ရှိခြင်း၊

(၂) ရှေ့၌ ပဋ္ဌ-စသော သဗ္ဗာသဒ္ဒါတို့ ရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် ပဋ္ဌ-စသော သဗ္ဗာသဒ္ဒါတို့၏ အဝိတ်(အ)ကို ဝိဘတ်နှင့်တကွ(အ)ပြုပါ၏။

---

၆၆၂-မေး။ ။ဤသုတ်ကို(ပစ္စုဒ္ဒိ အကာရော)ဟု တည်ပါက ပြီးစီးနိုင်သည် မဟုတ်တုံလော၊ အဘယ်အကျိုး၌ (ဆဋ္ဌီ) နံ့-ဝိဘတ်ကို ထည့်စွက်၍ မိန့်မြွက်ရပါသနည်း။

၆၆၂-ဖြေ။ ။စောဒကဆိုတိုင်း သုတ်ကို တည်ပါက ပဉ္စ-စသော သင်္ချာသဒ္ဒါ တခုလုံးကို(အ) ပြုဟူသော မလိုအပ်သော အနက်သို့ ရောက်လိမ့်မည်၊စင်စစ်ကား ပဉ္စ-စသော သင်္ချာ သဒ္ဒါတို့၏ အစိတ် (အ)ကိုသာ (အ) ပြုရမည်ဟု သိစေခြင်း အကျိုး၌ ဆဋ္ဌီ-နံ့ ဝိဘတ်ကို ထည့်စွက်၍ မိန့်မြွက် ရပါ၏။

**အဋ္ဌာဒပေက္ခာယံ ဆဋ္ဌီ။ ။ရူပသိဒ္ဓိ။**

---

၆၆၃-မေး။ ။ဤသုတ်ပါ အာဒိ- သဒ္ဒါဖြင့် အဘယ် သင်္ချာသဒ္ဒါတိုင်အောင် ယူရမည်ကို ရေးသားဘော်ပြခဲ့ပါ။

၆၆၃-ဖြေ။ ။အဋ္ဌာရသ-သင်္ချာသဒ္ဒါတိုင်အောင် ယူရပါ၏။

**ပဉ္စာဒီနံ အဋ္ဌာရသန္တာနံ သင်္ချာနံ။ ။ရူပသိဒ္ဓိ။**

---

၆၆၄-မေး။ ။ဤသုတ်ဖြင့် ပဉ္စ-စသော သင်္ချာသဒ္ဒါတို့၏ အစိတ်(အ)ကို (အ)ပင်ထပ်ပြုရခြင်း၏ အကျိုးကို ရေးသားဘော်ပြပါ။

၆၆၄-ဖြေ။ ။"သမ္ပယောဂနိယမာဝ" သုတ်ဖြင့် (အာ-ဝ) အပြုကို တားမြစ်ခြင်းအကျိုးရှိပါ၏။

အာသေဝနဒေသနာပဝါဒေါယံ။ ။ရှုပသိဒ္ဓိ။

---

၆၆၅-မေး။ ။ဤသုတ်၏ ဥဒါဟာရဏ်တို့ကို ပဋ္ဌ-ဆ-စသည်ဖြင့် တခုစီသာ မထုတ်ပါပဲ "ပဋ္ဌ ပဋ္ဌ-ဆ ဆ"စသည်ဖြင့် နှစ်ခုစီ ထုတ်ပြ ခြင်း၌ အကျိုးကို ရေးခဲ့ပါ။

၆၆၅-ဖြေ။ ။"နိစ္စဝိဓိ"သုတ်ဟု သိစေခြင်းအကျိုးရှိပါ၏။

---

ပဋ္ဌာဒီနမဗ္ဘာ။
(အာဒေသဝိဓိသုတ်)။

၆၆၆-မေး။ ။ဤသုတ်သည် မည်သည့်အင်္ဂါနှင့်ပြည့်စုံမှ မည်သည့်ကာရိယမျိုး ရောက်နိုင်သည်ဟု ရေးသားဘော်ပြခဲ့ပါ။

၆၆၆-ဖြေ။ ။(၁) နောက်၌(သု-နံ-ဟိ)တို့တွင် တလုံးလုံးနှောင်းခြင်း၊

(၂) ရှေ့၌ ပဋ္ဌ-စသော သင်္ချာသဒ္ဒါတို့ ရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် ပဋ္ဌ-သဒ္ဒါစသော သင်္ချာတို့၏ အဝိတ်(အ)ကို (အ)ကာရိယ ပြုပါ၏။

---

၆၆၇-မေး။ ။"ပဉ္စာဒိနမဋ္ဌံ"သုတ်ဖြင့် ပဉ္စ-အစ အဋ္ဌာရသ-အဆုံးရှိသော သင်္ချာသဒ္ဒါတို့၏ အစိတ်(အ)ကို (အ)ပင် ထပ်ပြုရခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၆၆၇-ဖြေ။ ။"သုဟိသွကာရောဇ"သုတ်ဖြင့် (ဧ)အပြုကိုဋ္ဌင်း၊"သုနံဟိသုစ" သုတ်ဖြင့် (အာ)အပြုကိုဋ္ဌင်း၊တားမြစ်ခြင်းအကျိုး ရှိပါ၏။

**ဧတ္တ ဒီဃာပ၀ါဒေါယံ။ ။ရူပသိဒ္ဓိ။**

၆၆၈-မေး။ ။(ပဉ္စာဒိနမ) ဤမျှသာမဆိုပဲ (အဋ္ဌ)ဟူသော ဘာ၀နိဒ္ဒေသဖြင့် ဆိုရခြင်းအကျိုးကို ပြဆိုပါ။

၆၆၈-ဖြေ။ ။"**စတဿန္နံ**" စသည်တို့၌ သာ-ဒွေဘော်လာခြင်းအကျိုးနှင့် အစိတ်(ဥ)ကို (အ)ပြုခြင်းအကျိုး ရှိပါ၏။

**အဋ္ဌမိတိဘာ၀နိဒ္ဒေသော ဥဘယဿာဂမနဋ္ဌံ**

**အန္တော ဥကာရော အဋ္ဌမာပဇ္ဇတေ။**

**သဒ္ဒါကြီး။**

---

## ဒွေကာဒ္ဓာနမာကာရော ၀ါ။

## (အာဒေသဝိဓိသုတ်။)

၆၆၉-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ,ကာရိယတို့ကို ရေးသားဘော်ပြပါ။

၆၆၉-ဖြေ။ ။(၁) နောက်၌ ဒသ-သင်္ချာသဒ္ဒါ နှောင်းခြင်း၊
(၂) ရှေ့၌ ဒွိ-တေ-အဋ္ဌ- သင်္ချာသဒ္ဒါတို့ရှိခြင်း၊
ဤသို့ အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံ ပါလျှင် ဒွိ-တေ-အဋ္ဌ-သင်္ချာသဒ္ဒါ တို့၏ အစိတ် (အ)ကို (အာ)ပြုပါ၏။

---

၆၇၀-မေး။ ။ဤ သုတ်လာ ဝါ- သဒ္ဒါ၏ အနက်ကို ဘော်ပြ၍ ဝါ-သဒ္ဒါဖြင့် သိစေအပ်သော ရုပ်များကို ခွဲခြား ဝေဘန်ပြခဲ့ပါ။

၆၇၀-ဖြေ။ ။ဝါ-သဒ္ဒါသည် “ဝဝတ္ထိတ ဝိဘာသာ” အနက်ကို ဟောပါ၏။

ထို ဝါ-သဒ္ဒါဖြင့်....

(၁) ဒွိ,တေ,အဋ္ဌ,တို့၌ “နိစ္စဝိဓိ”
(၂) ဝီသတိ။လ။နဝုတိ-တို့၌ “အနိစ္စဝိဓိ”
(၃) ကြွင်းသော သင်္ချာတို့၌ “အသန္တဝိဓိ”

ဤဝိဓိသုံးပါးကို ပြပါ၏။

ဝဝတ္ထိတဝိဘာသာယံ။ ။ရူပသိဒ္ဓိ။

ဒွေကဋ္ဌာနံ ဒသေနိစ္စံ၊ ဒွိဿာနုဝုတ္တိယာ နဝ။
ဣတရေသမသန္တတ္တာ၊ အဋ္ဌံ ဒီပေတိ ဝါသုတိ။ ။

(တဒ္ဓိတ်–ရူပသိဒ္ဓိ။)

---

## ကောဒိတော ဒသ ၍ သချာနေ။

### (အာဒေသဝိမိသုတ်။)

၆၇၁-မေး။ ။ဤသုတ်၏ အစိ အရင်ကို သိသာရှိ တော်ပြပါ။

၆၇၁-ဖြေ။ ။သချာပဓာနအရာ၌ ဧကေ-ဒွိ-တိ-သဒ္ဒါ၏ နောက်၌ ရှိသော ဒသ-သဒ္ဒါ၏ အစိတ်-ဒ-အက္ခရာကို ရ-ပြုသောသုတ် ဖြစ်ပါသည်။

---

၆၇၂-မေး။ ။ဤသုတ်ပါ အာဒိ- သဒ္ဒါဖြင့် ယူရမည့် (အာဒိဝန်)ပုဒ်တို့ကို ထုတ်ပြပါ။

၆၇၂-ဖြေ။ ။"**ဗာရသ-တေရသ**" ပုဒ်တို့ ကိုသာ ယူရပါ၏။

**အာဒိ သဒ္ဒေန ဗာရသ-တေရသ-ဣစ္စေက မေဝ သင်္ဂဏှာတိ။ ။နိဒ္ဒေသ။**

---

၆၇၃-မေး။ ။ဒသ-၌ သ- ကိုမူ ရ-မပြုပဲ၊ အဘယ် ကြောင့် ဒ-ကိုသာ ရ-ပြုရပါသနည်း။

၆၇၃-ဖြေ။ ။ကောဒိတော-အရ ဧက-စသော ပဌမိ နိမိတ်နှင့် နီးသောကြောင့်တည်း။

**(အကျယ်ကို တဒ္ဓိတ်၌ တွေ့မြင်ရလတ္တံ့။)**

---

## ဝိသတိဒသသေသု ဗာ နိဂ္ဂဟီတံ တုး။

(အာဒေသဝိဓိသုတ်။)

၆၇၄-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ၊ ကာရိယ တို့ကို ဘော်ပြပါ။

၆၇၄-ဖြေ။ ။(၁) နောက်၌ဝိသတိ- ဒသ-သဒ္ဒါတို့ နေခြင်း၊
(၂) ရှေ့၌ နိ-သဒ္ဒါရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင် (နိ) သဒ္ဒါ ကာရီကို (ဗာ)ကာရိယ ပြုပါ၏။

---

၆၇၅-မေး။ ။(ဝိသတိဒသသု ဗာ နိဂ္ဂဟီတံ)ဟုဆိုပါက ပြီးစီးနိုင်ပါလျက် တု-သဒ္ဒါ ထည့်ရခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

၆၇၅-ဖြေ။ ။(က) တု- သဒ္ဒါဖြင့် "မာတ္တိံသ" တို့၌ တိံသ- သဒ္ဒါ နောင်းရှေ့၌လည်း နိ-သဒ္ဒါ သဒ္ဒါကို ဗာ-ပြုရသေး၏ဟု သိစေခြင်း အကျိုး ရှိပါ၏။

**တုသဒ္ဒေန တိံသာယံပိ။ ။ရူပသိဒ္ဓိ။**

(၁) **ဒုရတ္တံ, ဒိရတ္တံ, ဒေါဟဠိနီ**" တို့၌ ဒွိ-ကို ဒု-ဒိ-ဒေါ-ပြုရသေး၏ဟု သိစေခြင်း အကျိုးရှိ၏။ ။(**သဒ္ဒါကြီးအလို**)

(ဂ) "ဗာတ္တိံသ-ဗာကုလ" ဟူရာ၌ ဗိ-သဒ္ဒါ၏ ဗာ-အဖြစ်ကို ဆည်းခြင်း အကျိုး ရှိ၏။

ဧတေန ဗာတ္တိံသ ဗာကုလောတိ ပယောဂါပိ သိဇ္ဈန္တိ။

နိဒ္ဒေသ။

---

**စတုပ-ပဒဿ လောပေါ တုတ္တရ ပဒါဒိ စဿ စုစောပိ နဝါ။**

(အာဒေသဝိဓိသုတ်။)

၆၇၆-မေး။ ။ဤသုတ်၏ အစီအရင်ကို သိသာရုံသော် ပြပါ။

၆၇၆-ဖြေ။ ။သင်္ချာပဓာန်-အရာ၌ ဒသ၏ အနီးဖြစ်သော (စတု)သင်္ချာသဒ္ဒါ၏ (တု)ကိုချေ၊ ကျန်ရှိသော(စ)ကို (စု)ပြု(စော) ပြုသော သုတ် ဖြစ်ပါသည်။ ။အပိ-သဒ္ဒါ ဖြင့် "တာလီသံ- စတ္တာလီသံ- စောတ္တာလီသံ" ဟူရာ၌ ဒသသဒ္ဒါ၏ အနီး၌ မတည်သော "စတ္တာလီသံ"၏ အစဖြစ်သော (စ)ကိုချေ၏။ မချေပဲ စု-စော-လည်းအချို့ပြုသေး၏။ ။ **(နိဒ္ဒေသအလို)** အပိ- သဒ္ဒါဖြင့် "ဒွါသဋ္ဌိ"၌ သချေ၊အာ-ကို အ-ပြု၍ "ဒွဋ္ဌိ" လည်းပြု နိုင်သေး၏။

---

## ဒသေသော နိစ္စဥ္ဇူ။

(အာဒေသဝိဓိသုတ်။)

၆၇၇-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိ,ကာရိ ယတို့ကို ထုတ်ဆော်ရေးသားခဲ့ပါ။

၆၇၇-ဖြေ။ ။(၁) နောက်၌ ဒသ-သဒ္ဒါနှောင်းခြင်း၊
(၂) ရှေ့၌ (ဆ)သင်္ချာသဒ္ဒါရှိခြင်း၊
ဤသို့ အင်္ဂါနှစ်းပါးနှင့် ပြည့်စုံပါလျှင် (ဆ) ကာရိကို (သော)ကာရိယ အမြဲးပြုပါ၏။

---

၆၇၈-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ဆော် ပြပါ။

၆၇၈-ဖြေ။ ။"သဆသဿဝါ"သုတ်မှ (ဆ)ကို ငင်ခြင်း အနက်ရှိ၏။

စဂ္ဂဟဏံ ဆဂ္ဂဟဏာ နုကဍ္ဍနတ္ထံ။ ။နိဒ္ဒေသ။

---

## လဒရာနံ။

(အာဒေသဝိဓိသုတ်။)

၆၇၉-မေး။ ။ဤသုတ်၏ အစီ အရင်ကို သိသာရုံမျှ ဆော်ပြပါ။

၆၇၉-ဖြေ။ ။ဒ-နှင့် ရ-တို့ကို (လ)ပြုသောသုတ် ဖြစ် ပါ၏။

---

၆၇၀-မေး။ ။ဤသုတ်ကို (လော ဒရာနံ)ဟု ဆိုထိုက်ပါလျက်(လဒရာနံ)ဟု သုဟ်ကိုတည်ထားရခြင်း၏ အကြောင်းကို ပြဆိုပါ။

၆၇၀-ဖြေ။ ။သုတ်ကို ညွှန်ပြခြင်းသည်....

(၁) သဝိဘတ္တိကနိဒ္ဒေသ(**ဝိဘတ်ရှိညွှန်ပြခြင်း**)

(၂) အဝိဘတ္တိကနိဒ္ဒေသ(**ဝိဘတ်မဲ့ညွှန်ပြခြင်း**)

ဤသို့ နှစ်မျိုးရှိသည်တို့တွင် ဤသုတ်၌ အဝိဘတ္တိက နိဒ္ဒေသအားဖြင့် ညွှန်ပြခြင်းကြောင့်(သိ)ဝိဘတ်မပါဘဲ (လဒရာနံ)ဟု တည်ထားရပါ၏။

**လောပ္ပတိဝတ္တဗ္ဗေ ဝိဘတ္တိလောပေန လဇ္ဇတိဝုတ္တံ။ ရူပသိဒ္ဓိဋီကာ။**

---

၆၇၁-မေး။ ။သုတ်၌(လဒရာနံ)ဟု ရှိခြင်းကြောင့်(လ) အငယ်စားဖြင့် "**သောလသ**"ဟု ရှိထိုက်ပါလျက် အဘယ့်ကြောင့် "**သောဠသ**" ဟု (ဠ)အကြီးစားဖြင့် ဥဒါဟရုဏ် ထုတ်ရပါသနည်း။

၆၇၁-ဖြေ။ ။(လ)အငယ်စားနှင့် (ဠ)အကြီးစားတို့၏ အထူးမရှိခြင်းကြောင့် (ဠ)အကြီးစားနှင့် ပင် ထားရှိပါသည်။

**လဠာနမဝိသေသော။ ။ရူပသိဒ္ဓိ။**

---

၆၈၂-မေး။ ။ဤသုတ်သို့ "သဠာယတနဝဂ်"သုတ်မှ လိုက် လာခဲ့သော ဝါ-သဒ္ဒါ၏ အနက်ကိုပြ၍ ထိုဝါသဒ္ဒါဖြင့် သိစေအပ်သော ရုပ်များ ကိုလည်း ပိုင်းခြားဝေဘန်ခဲ့ပါ။

၆၈၂-ဖြေ။ ။ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိပါ၏။ထိုဝါသဒ္ဒါဖြင့်....

(က) "သောတဉ်သ"...... ...... ၌"နိစ္စဝိဓိ"

(ခ) "ဃာနဉ်သ-ဇိဝှာသ-ဖသ္သာလီသံ-ဖသ္သာရီသံ"တို့၌"အနိစ္စဝိဓိ"

(ဂ) "ဒသ-ကော ဒသ-ပဉ္စရသ-သတ္တရသ"တို့၌"အသန္တဝိဓိ"

ဤသို့ ဝိဓိသုံးပါးကို သိစေအပ်ပါ၏။

ဝဝတ္ထိတဝိဘာသတ္ထော႒ယံ ဝါသဒ္ဒေါ တေန သောတဉ်သဣတိ နိစ္စံ၊ဃာနဉ်သ ဇိဝှာသ ဖသ္သာ လီသံ ဖသ္သာရီသန္တိ ဝိဘာသာ၊ဒသ ပဉ္စရသာဒီသု န စ ဟောတိ။ ။ရူပသိဒ္ဓိ။

---

အဋ္ဌာဒိတော စ။

(အာဒေသဝိဓိသုတ်။)

၆၈၃-မေး။ ။ဤသုတ်၏ အစီအရင်ကို အကျဉ်းချုပ် ဘော်ပြခဲ့ပါ။

၆၈၃-ဖြေ။ ။သင်္ချာပဓာန အရာ၌ အဋ္ဌ-စသည်တို့မှ နောက်ဖြစ်သော ဒသ-သဒ္ဒါ၏ (ဒ)အက္ခ ရာအချို့တို့ကို (လ) ပြုသောသုတ် ဖြစ် ပါသည်။

၆၈၄-မေး။ ။ဤသုတ်ကို မတည့်ထား သော်လည်း "ကောဒိတော"သုတ်ဖြင့် ပြီးနိုင်ပါလျက် အဘယ် အကျိုးငှါ တည်ထား ရပါ သနည်း။

၆၈၄-ဖြေ။ ။(၁) မှတ်ခြင်းအကျိုးငှါရင်း၊

(၂) အနက်ထူးကို သိစေခြင်း အကျိုး ငှါရင်း တည်ထား မိန့်ဆိုရပါ၏။

ပုနာရမ္ဘဂ္ဂဟဏံ နိယမတ္ထံ အတ္ထန္တရဝိညာပနတ္ထံ ဟောတိ။ ။နိဒ္ဒေသ။

## အဓိပ္ပါယ် ရှင်းလင်း ဖော်ပြချက်။

"ကောရသ-ဗာရသ-တေရသ" တို့၌သာလျှင် "ကောဒိတောဒသရ သံချာနေ"သုတ်ဖြင့် စီရင်ရသည်ဟု မှတ်ခြင်းအကျိုးငှါရင်း၊ "စုဒ္ဒသ-ပဉ္စဒသ-သောဠသ"တို့၌ ကော-စသည်တို့၏ နောက်၌ ဒသ-သဒ္ဒါပင် ရှိပါသော်လည်း "ကောဒိတော ဒသဿရသံချာနေ" သုတ်ဖြင့် မစီရင်ရ ဟူသော အနက်ထူးကို သိစေခြင်းအကျိုးငှါရင်း၊ဤသုတ်ကို တဖန်ဆိုရ ပြန်သတည်း ဟူလို။

## ငါးခုံဆရာတော်အလို။

ဤသုတ်ကို အားထုတ်တော် မမူသည်ရှိသော် တဆယ့်ကိုးခု အရေ အတွက် သံချာတို့၌ "နဝရသံ" ဟူသော သံချာသဒ္ဒါ ဖြစ်သင့်၏ဟု ကြံ၍ ထိုသဒ္ဒါကိုလည်း ရှေးသုတ်မှ အာဒိ-သဒ္ဒါဖြင့် ရ-ပြုအပ်၏ဟု ဥာဏ်နုသောသူတို့ ထင်မှတ်ရန် ရှိသောကြောင့် "အဋ္ဌာရသ"တိုင်ရုံသာ ခေါ်ဝေါ်ရိုးသံချာသဒ္ဒါရှိသည်ဟု ပြတော်မူအံ့သောငှါ "အဋ္ဌာဒိတောစ"

ဟူသော ဤသုတ်ကို အားထုတ်တော်မူအံ့ ထင်ပေသည်။ အဘယ်ကဲ့သို့ နည်းဟူမူကား အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၌ ——

"သဒ္ဒါဒယောတိ သဒ္ဒါယတနာဒီသင်္ဂါဟာ"

ဟု အာဒိသဒ္ဒါဖြင့် မိန့်ဆိုပြီးလျှင် အာဒိဝန်ကို အလွန်ယူမည်စိုး၍၊

"အာပေါဓာတု ဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ;

ဖောဋ္ဌဗ္ဗာယတနဉ္စ"

ဟု အုပ်၍ ဘွင့်သကဲ့သို့တည်း။

---

၆၈၅-မေး။ ။ဤသုတ်ပါ အာဒိ- သဒ္ဒါဖြင့် ယူရမည့် အာဒိဝန်ကို ဖော်ပြခဲ့ပါ။

၆၈၅-ဖြေ။ ။အာဒိ-သဒ္ဒါအထက်၌ယူအပ်သောဒသ- သင်္ချာသဒ္ဒါရှိသောကြောင့် အောက်ဘက် ပြန်လှည့်ခါ "သတ္တရသ" သင်္ချာသဒ္ဒါကို သာလျှင် ယူရပါ၏။

ဧတ္ထ အာဒိသဒ္ဒေန ဥပရိ ဂဟေတဗ္ဗာ ဘာဝါ ဟေဋ္ဌာ သတ္တရသမေဝ သင်္ဂဏှာတိ။ ။နိဒ္ဒေသ။ အာဒိသဒ္ဒေါ ဥပရိဒသသဒ္ဒါဘာဝါ ဟေဋ္ဌာ ဒသသဒ္ဒမေဝ သင်္ဂဏှာတိ။ ။ရူပသိဒ္ဓိဋီကာ။

---

၆၈၆-မေး။ ။အထက်၌ ယူအပ်သော သင်္ချာသဒ္ဒါ မရှိသောကြောင့် အောက်ဘက်သို့ ပြန်လှည့်ခါ "သတ္တရသ"သင်္ချာသဒ္ဒါကို ယူရမည့် အတူတူ ဖြစ်ပါလျှင် နရိုကပင် "သတ္တာဒိ တောစ"ဟု တည်ထိုက်သည် မဟုတ်ပါလော၊အကြောင်းပြ၍ ဖြေဆိုပါ။

၆၈၆-ဖြေ။ ။(၆၈၄)အမှတ်အဖြေ၌ ဆိုအပ်ပြီးသော အနက် ထူးကို သိစေ ခြင်း၏ မရှိခြင်း ကြောင့် "သတ္တာဒိတော စ" ဟု မတည် ထားထိုက်ပါ။

နဝတ္တဗ္ဗံ၊ ယထာဝုတ္တဿ [illegible]ရဝိညာပနာဘာဝါ။
နိဒ္ဒေသ။

အဓိပ္ပာယ်။

အာဒိ-သဒ္ဒါ၏ အာဒိဝန်မည်သည်မှာ အထက်သို့ တက်ခါသာ ယူရမြဲဖြစ်ပါလျက် အောက်သို့လှည့်ခါယူခြင်းသည် အတော်ထူးဆန်းလှ၏။ ထိုသို့ထူးဆန်းလှသော်လည်း အမှတ်မထား တပါးပါးသော အခြင်းအရာအားဖြင့် အလိုရှိအပ်သော အနက်ကို မှတ်သားခြင်း၊ အနက်ထူးကိုသိစေခြင်းသည် ကျမ်းပြုဆရာမှန်သမျှတို့၏ သဘောတံထွာ စမ္ပတာပေတည်း။ ထို့ကြောင့် စိတ်၌ သို့လောသို့လော တွေးတောမှုကို မပြုရ။

၆၈၇-မေး။ ။ပဉ္စ-အဋ္ဌ-ဒသ-အဆုံးရှိသော သချာ်သဒ္ဒါတို့၏ ပဒမာလာကို စီစဉ်ပြခဲ့ပါ။

၆၈၇-ဖြေ။ ။

| ဝိဘတ်။ | ဗဟုဝုစ်။ |
| --- | --- |
| ပ | ပဉ္စ၊ |
| ဒု | ပဉ္စ၊ |
| တ | ပဉ္စဟိ,ဘိ၊ |
| စ | ပဉ္စန္နံ၊ |
| ပ | ပဉ္စဟိ,ဘိ၊ |
| ဆ | ပဉ္စန္နံ၊ |
| သ | ပဉ္စသု၊ |

ဆ,သတ္တ,အဋ္ဌ,နဝ,ဒသ,တို့လည်းတူကြပြီ။

၆၈၈-မေး။ ။ဧကာဒသ- အစ အဋ္ဌာရသ-အဆုံး ရှိ သော သင်္ချာသဒ္ဒါ တို့၏ တည်နေပုံကို ပြခဲ့ပါ။

၆၈၈-ဖြေ။ ။(၁၁) ဧကာရသ,ဧကာဒသ၊

(၁၂) ဗာရသ,ဒွါဒသ၊

(၁၃) တေရသ,တေဠသ၊

(၁၄) စုဒ္ဒသ,စောဒ္ဒသ,စတုဒ္ဒသ၊

(၁၅) ပန္နရသ,ပဉ္စဒသ၊

(၁၆) သောဠသ၊

(၁၇) သတ္တရသ,သတ္တဒသ၊

(၁၈) အဋ္ဌာရသ,အဋ္ဌာဒသ၊

---

၆၈၉-မေး။ ။ကတိ-သဒ္ဒါ၏ ဝုစ်ကို၎င်း၊ ပဒမာလာကို၎င်း၊ ဘော်ပြစီစဉ်ခဲ့ပါ။

၆၈၉-ဖြေ။ ။ကတိ-သဒ္ဒါသည် ဗဟုဝုစ်သာလျှင် အသုံးရှိပါ၏။

| ဝိဘတ်။ | ဗဟုဝုစ်။ |
|---|---|
| ပ | ကတိ။ |
| ဒု | ကတိ၊ |
| တ | ကတိဟိ,ဘိ၊ |
| စ | ကတိနံ၊ |
| မ | ကတိဟိ,ဘိ၊ |
| ဆ | ကတိနံ၊ |
| သ | ကတိသု၊ |

ကတိသဒ္ဒေါ ဗဟုဝစနန္တောဝ။ ရူပသိဒ္ဓိ။

---

၆၉၀-မေး။ ။ကတိ-သဒ္ဒါ၏ ရုပ်ပြီးပုံကို အကျဉ်းမျှ ဖော်ပြခဲ့ပါ။

၆၉၀-ဖြေ။ ။"ကတိ"တည်၊ ယော-သက်၊ ယော-ကို အမြဲချေ၊ "ကွစာဒိမဇ္ဈုတ္တရာနံ...."သုတ်ဖြင့် ဣ-ကို ဋ-ပြု၊ "သုနံဟိသုစ"သုတ်၌ စ-သဒ္ဒါဖြင့် သု-နံ-ဟိ- ဝိဘတ်တို့ကြောင့် ဒီဃမပြုရ။ပြီး၏။

သဗ္ဗနာမ်-အလိင် ပြည့်စုံပြီ။

---

# ဝိဘတ္တိပစ္စယအခန်း။

၆၉၁-မေး။ ။"အထဝိဘတ္တိပစ္စယန္တာ ဝုစ္စန္တေ"ဟူသောရူပသိဒ္ဓိ ပါဠိ၌ ဝိဘတ္တိ ပစ္စယန္တ-ကို ဝစ နသ္ထပြု၍ အနက်ပေးခဲ့ပါ။

၆၉၁-ဖြေ။ ။(၁) ဝိဘတ္တိဘူတာ ပစ္စယာ ဝိဘတ္တိပစ္စယာ။

(၂) ဝိဘတ္တိပစ္စယာ အန္တာ ယေသန္တိ ဝိဘတ္တိပစ္စယန္တာ။

(၃) ဝိဘတ္တိဘူတာ၊ဝိဘတ်ဖြစ်၍ ဖြစ်ကုန်သော။ ပစ္စယာ၊ ပစ္စည်းတို့ သည်း။ ဝိဘတ္တိပစ္စယာ၊ ဝိဘတ် ဖြစ်၍ ဖြစ်ကုန်သော ပစ္စည်းတို့။

(၂) ဧတေသံပဒါနံ၊ထိုပုဒ်တို့၏။အတ္ထော၊ အဆုံး တို့ကား။ ဝိဘတ္တိပစ္စယာ၊ ဝိဘတ်ဖြစ်၍ဖြစ်ကုန်သောပစ္စည်း တို့တည်း။ ဣတိ တသ္မာ၊ ထို့ ကြောင့်။တေ ပဒါ၊ ထိုပုဒ်တို့သည်။ ဝိဘတ္တိပစ္စယန္တာ၊ဝိဘတ္တိပစ္စယန္တ မည်ကုန်၏။

---

၆၉၂-မေး။ ။ဤဝိဘတ္တိပစ္စယန္တပုဒ်တို့သည် သဗ္ဗနာမ် ပုဒ်များကဲ့သို့ လိင်သုံးပါး, ဝုစ်နှစ်ပါး, တို့၌ ရုပ်အထူးအထွေ ရှိကောင်း မရှိကောင်း အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၆၉၂-ဖြေ။ ။ဤ“ဝိဘတ္တိပစ္စယန္တပုဒ်တို့သည်....

(၁) အလိင်ဖြစ်သောကြောင့်၎င်း၊

(၂) နိပါတ်ဖြစ်သောကြောင့်၎င်း၊

သဗ္ဗနာမ်ပုဒ်များကဲ့သို့လိင်သုံးပါး, ဝုစ်နှစ်ပါး တို့၌ ရုပ်အထူးအထွေ မရှိကောင်းပါ။

**တေသံ ပနာလိင်္ဂတ္တာ နိပါတတ္တာ စ တိလိင်္ဂေ**

**ဝစနဒွယေ စ သမာနံ ရူပံ။ ။ရူပသိဒ္ဓိ**

---

## ကွဲမိ တော ပဥ္စမျဉ္စေ။
(အာဒေသ၀ိဓိသုတ်။)

၆၉၃-မေး။ ။ဤသုတ်ဖြင့် ပဥ္စမီအနက်၌(တော)ပစ္စည်း သက်ရာ၀ယ် ပဥ္စမီ ဧကဝုစ်,ဗဟုဝုစ်, နှစ် ဌာနတို့တွင် အဘယ်ဌာန၌ သက်သည် ဟု ရှုပသိဒ္ဓိအထောက်ပြ၍ ဖြေဆိုပါ။

၆၉၃-ဖြေ။ ။"ပုရိသသ္မာ ပုရိသေဟိ၀ါတိအတ္တေ" ဟူသော ရှုပသိဒ္ဓိကို ထောက်၍ ဝုစ်နှစ်ပါးလုံး၌ပင် သက်ပါသည်။

---

၆၉၄-မေး။ ။"ပုရိသ-ဣတ္ထိ-စိတ္တ" စသော သုဒ္ဓနာမ်ပုဒ်၊ သဗ္ဗ-ယ-တ-စသော သဗ္ဗနာမ်ပုဒ်တို့တွင် အဘယ်ပုဒ်တို့ နောက်၌ တော- ပစ္စည်း သက်ပါသနည်း။ဥဒါဟရဏ်ထုတ်၍ ရှင်း ခဲ့ပါ။

၆၉၄-ဖြေ။ ။(၁) သုဒ္ဓနာမ်ပုဒ်၊
(၂) သဗ္ဗနာမ်ပုဒ်၊

ဤနှစ်ဌာနလုံးတို့၌ သက်ပါသည်။

| သုဒ္ဓနာမ်ပုဒ်၌သက်ထားပုံ။ | သဗ္ဗနာမ်ပုဒ်၌သက်ထားပုံ။ |
|---|---|
| (က) ပုရိသတော၊ | (က) သဗ္ဗတော၊ |
| (ခ) ဣတ္ထိတော၊ | (ခ) ယတော၊ |
| (ဂ) စိတ္တတော၊ | (ဂ) တတော၊ |

ဇာတံ သုတွာ သုဒ္ဓသမ္ဗုဒ္ဓနာမေသုံ သမ္ဗုလိင်္ဂေသု
ဝိဟိတံ။ ။နိဒ္ဒေသ။

---

၆၉၅-မေး။ ။ဤသုတ်၌ ပဉ္စမျှတွေ့-အခရ ပဉ္စမီ အပြား
ကို ဖြေပြီးလျှင် လိုအပ်သော ပဉ္စမီကို ညွှန်
ပြခဲ့ပါ။

၆၉၅-ဖြေ။ ။(၁) မုချပဉ္စမီ(သမ္ဗုဒ္ဓတ်ကို ခေါ်၏။)
(၂) သာရ၂ပဉ္စမီ(တောပစ္စည်းကိုခေါ်၏။)
ဤသို့နှစ်ပါးရှိပါ၏၊ဤသုတ်၌ သာရ၂ပဉ္စမီ
ကို အလိုရှိအပ်ပါ၏။

**ပဉ္စမီ နာမ ဒုဝိဓာ မုချပဉ္စမီ သာရ၂ ပဉ္စမီ
ဝသေန၊ တတ္ထ သမ္ဗုဒ္ဓတ္တိ မုချပဉ္စမီ နာမ။
တောပစ္စယော သာရ၂ပဉ္စမီ နာမ။ ။နိဒ္ဒေသ။**

---

၆၉၆-မေး။ ။တော-ပစ္စည်းသည် ပဉ္စမီ အနက်၌သာ
သက်နိုင်သည်၊ အခြားသော အနက်တို့၌
မသက်နိုင်၊ ဤသို့မှတ်သားရအံ့လော၊ ဥဒါ
ဟရဏ်ထုတ်၍ ရှင်းခဲ့ပါ။

၆၉၆-ဖြေ။ ။

(၁) ဒုတိယာအနက် (ဣတော ဖေါ်)
(၂) တတိယာအနက် (အနိစ္စတော)
(၃) ဆဋ္ဌီအနက် (ပရတော ဃောသော)
(၄) သတ္တမီအနက် (အာဒိတော)

ဤအနက်တို့၌ထည်း(တော)ပစ္စည်း သက်နိုင်ပါသေး၏။

**(သဒ္ဒနီတိအလို တတိယာ-ပဉ္စမီ-ဆဋ္ဌီ-သတ္တမီတို့၌ သက်၏။)**

---

## တဒ္ဓိတယော ဝိဘတ္တိသညာယော။

**သညာသုတ်။ ။(ဝရိဘာသာသုတ်-နိဒ္ဒေသ။)**

၆၉၇-မေး။ ။ဤသုတ်၏ အစီအရင်ကို အကျဉ်းမျှ ဖြေဆိုခဲ့ပါ။

၆၉၇-ဖြေ။ ။တော-အစ ဒါနိ-အဆုံးရှိသော ပစ္စည်းတို့ကို ဝိဘတ်အမည်မှည့်သော သုတ်ဖြစ်ပါ၏။

---

၆၉၈-မေး။ ။တော-အစ ဒါနိ-အဆုံးရှိသော ပစ္စည်းတို့ကို အဘယ်အကျိုးငှါ ဤသုတ်ဖြင့် ဝိဘတ်အမည်မှည့်ရပါသနည်း။

၆၉၈-ဖြေ။ ။"ဝိဘတျန္တံ ပဒံ" ဟူသော ပရိဘာသာနှင့်အညီ ဝိဘတ်အဆုံး ရှိခြင်းသည်သာ ပုဒ်မည်၏။ (တော)စသော ပစ္စည်းအဆုံးရှိသော သဒ္ဒါတို့ကား ပုဒ်မမည်နိုင်၊ ပုဒ်မည်နိုင်စေခြင်းငှါ၊(ဝါ)ပုဒ်ဟု ခေါ်ဝေါ်နိုင်စေခြင်းအကျိုးငှါ ဝိဘတ်အမည် မှည့်ရပါ၏။

**တေန တဒန္တာနမ္ပိ ဝိဘတျန္တပဒတ္တံ သိဒ္ဓံ ဟောတိ။**

**ရူပသိဒ္ဓိ။**

**တဒန္တာနမ္ပီတိ ဓာတွာဒိပစ္စယန္တာနမ္ပိ ဝိဘတျန္တပဒန္တိ ကတွာ ပဒဝေါဟာရော သိဒ္ဓေါ ဟောတီတိ။ ။ရူပသိဒ္ဓိဋီကာ။**

**တနည်းကား။**

ဓာတ်-ပစ္စည်း ပစ္စည်း တို့သည် ပဒမိ အနက်စသည်တို့ကို ဟောပြီး ဖြစ်ရကား ဝိဘတ်တို့၏ ဟောစရာ အနက်မရှိတော့ ပြီဖြစ်၍ ဝိဘတ်နောက်ထပ် မသက်ရ ခြင်းအကျိုး ရှိပါ၏။

**(နျာသ-နိရုတ္တိသာရမဉ္ဇူသာဋီကာ။)**

သဗ္ဗဓာတ်-စသည်၌ ဓာတ်- စသော ပစ္စည်း တို့သည် အာ-ပစ္စည်း စသည်ကဲ့ သို့ ဇောတကမျှသာမတည်၊ ဝိဘတ်ချည်း, အပဂမနသတ္တိ, စသည်ကိုပင် ဝါစက တည်၏ဟု ပစ္စယသတ္တိအထူးကို ပြတော် မူအံ့သောငှါ ဤသုတ်ကို ဆိုသတည်း။

**(ငါးခုံဆရာတော်အလို။)**

---

**ကြတောဓာတု ခ။**

**(အာဒေသဝိဓိသုတ်။)**

၆၃၃-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိ,ကာရိယတို့ကို ထုတ်ဘော်ရေးသားပါ။

၆၉၉-ဖြေ။ ။(၁) ရှေ့၌ ကိံ-သဒ္ဒါရှိခြင်း၊
(၂) နောက်၌ တြ-တော-ထ-ပစ္စည်းတို့တွင် တခုခုရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင်(ကိံ) ကာရိကို (ကု)ကာရိယ ပြုပါ၏။

---

၇၀၀-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ထင်ရှားစွာပြပါ။

၇၀၀-ဖြေ။ ။"ကုဟိံဟံသုစ"သုတ်၌ ကု-ကာရိယကို ငင်သော အနွကဍ္ဍန အနက်ရှိပါ၏။

**စဂ္ဂဟဏံ ကုကာရာနုကဍ္ဍနတ္ထံ။ ။နိဒ္ဒေသ။**

---

၇၀၁-မေး။ ။ကာရိ, ကာရိယချင်း တူသောကြောင့် ဤသုတ်ကို"ကုဟိံဟံသုစ"သုတ်နှင့် တွဲ၍ တည်ထိုက်လျက် ခွဲခြားခါတည်ရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

၇၀၁-ဖြေ။ ။သုတ်လေးသည်၏ အဖြစ်ကို ပယ်လိုသောကြောင့်တည်း။

---

**သဗ္ဗဿေ တဿာ ကာရော ဝါ။**

**(အာဒေသဝိဓိသုတ်။)**

၇၀၂-မေး။ ။ဤသုတ်၏ အစီအရင်ကို ဘော်ပြခဲ့ပါ။

၇၀၂-ဖြေ။ ။နောက်၌ တော-ပစ္စည်း ထ-ပစ္စည်းတို့တွင် တခုခု နှောင်းသည်ရှိသော် ရှေ့၌ရှိသောအလုံးစုံသော ဓာတ်-သဒ္ဒါကို (အ) ပြုသော သုတ်ဖြစ်ပါ၏။

၇၀၃-မေး။ ။ဤသုတ်သို့ "တြတောထေသု စ" သုတ်မှ တော-ထ-ပစ္စည်းတို့ လိုက်ပါလျက် တြ-ပစ္စည်းမှု အဘယ်ကြောင့် မလိုက် လာသနည်း။

၇၀၃-ဖြေ။ ။"တြေ နိစ္စံ" သုတ်ကို ငဲ့သောကြောင့် မလိုက်ပါ။

**ဣမ တြပစ္စယော တြေနိစ္စန္တိ သုတ္တမပေက္ခိတတ္တာ နာနုဝတ္တတိ။ ။နိဒ္ဒေသ။**

၇၀၄-မေး။ ။ဤသုတ်၌ သဗ္ဗသဒ္ဒါ ထည့်ရ ခြင်း၏ အကျိုးကို ရေးပြပါ။

၇၀၄-ဖြေ။ ။အလုံးစုံသော ဓာတ်-သဒ္ဒါကို (အ)ပြုရခြင်း အကျိုးရှိ၏။

**သဗ္ဗဂ္ဂဟဏံ သဗ္ဗာဒေသတ္ထံ။ ။ရူပသိဒ္ဓိဋီကာ။**

**၆ တောထေသု စ။**

**(အာဒေသဝိဓိသုတ်။)**

၇၀၅-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိ,ကာရိယတို့ကို ထုတ်ဆောင်ရေးသားခဲ့ပါ။

၇၀၅-ဖြေ။ ။(၁) ရှေ့၌ တေ-သဒ္ဒါရှိခြင်း၊
(၂) နောက်၌ တော-ထ-ပစ္စည်းတို့တွင် တခုခုနှောင်းခြင်း၊

ဤသို့ အင်္ဂါနှစ်ပါး ပြည့်စုံပါလျှင် အလုံးစုံသော (တေ)ကာရိကို (ဧ)ကာရိယ ပြုပါ၏။

---

၇၀၆-မေး။ ။"သဗ္ဗသောတသောကာရောဝါ" သုတ်၌ ဝါ-သဒ္ဒါဖြင့် (တေ)သဒ္ဒါကို (အ)မပြုပဲ တ-ကိုနောက်တ-သို့ကပ်လျှင် "ဧတ္တော" ရုပ် ပြီးနိုင်သောကြောင့် ဤ သုတ်ကို ဆိုထိုက် မဆိုထိုက် ဆုံးဖြတ်ခဲ့ပါ။

၇၀၆-ဖြေ။ ။"ရှာသအလို"····မဆိုထိုက်ပါ။ အကျိုးမရှိ၊ အချည်းနှီးသော သုတ်တည်း။ ပါဌ်ပေါင်းလည်းမဟုတ်။ ။"ရူပသိဒ္ဓိအလို ရှိထိုက်၏။

ဟေဋ္ဌာဝုတ္တနယေနေဝ သိဋ္ဌနုတော နိရုတ္တိကာ
မေဝိဒံ၊န စေသော ပုရိမပါဒေဿာ။ ။ဈာသ။

---

## ဣမသိ ထံ ဒါနိ ဟာ တော ခေသု ခ။

(အာဒေသဝိဓိသုတ်။)

၇၀၇-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ,ကာရိယတို့ကို ထုတ်ဘော်ရေးသားပါ။

၇၁၇-ဖြေ။ ။(၁) ရှေ့၌ ဎ္ဍ-သဒ္ဒါရှိခြင်း၊
(၂) နောက်၌ ထံ-ဒါနိ- ဟာ-တော- ဓ-
ပစ္စည်းတို့တွင် တခုခုရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင်(ဎ္ဍမ)
ကာရီကို (ဎ္ဍ)ကာရီယ ပြုပါ၏။

---

၇၁၈-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

၇၁၈-ဖြေ။ ။နိဿေသအလို····စ-သဒ္ဒါသည် မိမိ သုတ်၏ အစီအရင်ကို မြဲစေခြင်း သန္နိဋ္ဌာန အဝဓာရဏ အနက်ရှိပါ၏။
ရူပသိဒ္ဓိဋီကာအလို····သမ္ပိ-သဒ္ဒါကို ငင်ခြင်း အနက်ရှိပါ၏။

အဝဓာရဏံနာမ သန္နိဋ္ဌာနာဝဓာရဏာနံ ဒဠှဖွံ။
နိဿေသ။
စဂ္ဂဟဏံ သမ္ပိဂ္ဂဟဏာနုကဍ္ဎနတ္ထံ။ ။ရူပသိဒ္ဓိဋီကာ။

---

## တြိထသဗ္ဗနာမိယာ သမ္ဗန္ဓာဓမေဟိ။
(အာဒေသဝိဓိသုတ်။)

၇၁၉-မေး။ ။ဤသုတ်၏ အစီအရင်ကို ဖော်ပြပါ။

၇၁၉-ဖြေ။ ။သဗ္ဗနာမ် အနက်၌ သမ္ဗန္ဓာမ် ပုဒ်တို့၏ နောက်၌ တြ-ထ-ပစ္စည်းသက်သော သုတ် ဖြစ်ပါ၏။

---

၇၁၀-မေး။ ။ဤသုတ်ကို (တြ-ထ-သတ္တမိယာ): ဟု မတည်ပဲ (သမ္ဗန္ဓမေဟိ)ထည့်ရခြင်း၏ အကြောင်းကို ရေးသားခဲ့ပါ။

၇၁၀-ဖြေ။ ။သုဒ္ဓနာမ်ပုဒ်ကို နစ်စေလိုသောကြောင့် တည်း။

---

၇၁၁-မေး။ ။တြ-ထ-ပစ္စည်းတို့သည် သတ္တမီအနက်၌ သာသက်နိုင်သည်၊ အခြားသောအနက်၌ မသက်နိုင်ဟု မှတ်ရအံ့လော၊ဥဒါဟရဏ် ထုတ်၍ ရှင်းခဲ့ပါ။

၇၁၁-ဖြေ။ ။

ပထမာအနက် (ယတြဟိနာမ သာဝကောပိ)

ဒုတိယာအနက် (တတ္ထ ဂန္တွာ)

စတုတ္ထီအနက် (ယတ္ထ ဒိန္နံ မဟပ္ဖလံ)

ပဉ္စမီအနက် (ယတြဟိနာမ အတ္တနောပိ မံသာနိ ပရိစ္စတ္တာနိ)

ဆဋ္ဌီအနက် (တတြိဒံ ပမာဏံ)

---

တြေ နိစ္စံ။

(အာဒေသဝိဓိသုတ်။)

၇၁၂-မေး။ ။ဤသုတ်၏ အစီအရင်ကို ဖော်ပြခဲ့ပါ။

၇၁၂-ဖြေ။ ။နောက်၌ တြ-ပစ္စည်းနှောင်းပါလျှင် တေ-သဒ္ဒါအလုံးစုံကို (အ)အဖြစ်ပြုသော သုတ် ဖြစ်ပါသည်။

---

၇၁၃-မေး။ ။"သဗ္ဗသောတသောကာရောဝ"သုတ်နှင့် ကာရီ, ကာရိယချင်း တူသောကြောင့် ဤသုတ်ကို ရော၍ တည်ထား ထိုက်ပါလျက် ခွဲခြားထားရခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

၇၁၃-ဖြေ။ ။နိစ္စဝိဓိကိုပြခြင်း အကျိုးရှိ၏။

ဝိသုံ ဥစ္စာရဏံ နိစ္စဒီပနတ္ထံ။ ။နိုဒ္ဒေသ။

---

## သဗ္ဗတော ဓိ။

(အာဒေသဝိဓိသုတ်။)

၇၁၄-မေး။ ။ဤသုတ်၏ အစီအရင်ကိုဖော်ပြခဲ့ပါ။

၇၁၄-ဖြေ။ ။သတ္တမီအနက်၌ သဗ္ဗ-သဒ္ဒါ၏နောက်၌ (ဓိ)ပစ္စည်း သက်သောသုတ်ဖြစ်ပါ၏။

---

၇၁၅-မေး။ ။"တြထသတ္တမီယာ သဗ္ဗနာမေဟိ"သုတ်မှ သဗ္ဗ-သဒ္ဒါတစ်ပုဒ်ကို အလိုက်ခံပြီးလျှင် သဗ္ဗတော-သဒ္ဒါမထည့်ဘဲ (ဓိ)ဟု တည်ထားထိုက်ပါလျက် သဗ္ဗတော- သဒ္ဒါကို အဘယ့်ကြောင့် ထည့်ရပါသနည်း။

၇၁၅-ဖြေ။ ။သဗ္ဗနာမ်ပုဒ် မှန်သမျှနှင့် ဆက်ဆံသော "သဗ္ဗနာမေဟိ" ပုဒ်ကို နစ်စေလိုသော ကြောင့်တည်း။

---

၇၁၆-မေး။ ။ဤသုတ်ဖြင့် သတ္တမီ အနက်၌သော ဓိ-ပစ္စည်းသက်နိုင်သည်၊အခြားသော အနက်တို့၌ မသက်နိုင်ဟု မှတ်သားရအံ့လော၊ ဆုံးဖြတ်ခဲ့ပါ။

၇၁၆-ဖြေ။ ။''ဝိပ္ပမုတ္တဿ သဗ္ဗဓိ'' ဟူသော ဥဒါဟရဏ်တို့၌ပဉ္စမီအနက်ဝယ်(သဗ္ဗတော)ဟူသော "ဒွိဓာကရဏ ယောဂဝိဘာဂ"ဖြင့် (ဓိ) ပစ္စည်းသက်နိုင်ပါသေး၏။

---

## ကိံ သ္မာ ဝေါ။

### (အာဒေသဝိဓိသုတ်။)

၇၁၇-မေး။ ။ဤသုတ်ဖြင့် ကိံ-သဒ္ဒါ၏ နောက်၌(ဝ) ပစ္စည်း တရတည်းသာ သက်နိုင်သည်၊ အခြားသော ပစ္စည်းတို့မသက်နိုင်ဟု မှတ်ရအံ့လော၊ ဥဒါဟရဏ်ထုတ်၍ ရှင်းခဲ့ပါ။

၇၁၇-ဖြေ။ ။(၁) ကဒါစိ၊ (၃) ကရဟာစနံ၊

(၂) ကရဟစိ၊ (၄) ကွစိ၊

ဤဥဒါဟရဏ်တို့၌ (ကိံ သ္မာ) ဟူသော "ဒွိဓာကရဏယောဂဝိဘာဂ"ဖြင့် ဒါစိ-ရဟစိ-ရဟာစနံ- ဝစိ-ပစ္စည်းများ သက်နိုင်ပါသေး၏။

---

၇၁၈-မေး။ ။ဤသုတ်၌ "ကိံ သွာ ဝေါ" ဟူ၍၎င်း၊ "ကိ သွာဝေါ" ဟူ၍၎င်း၊ ပါဌ်အထူးအထွေ ရှိခဲ့ရာ မည့်သည့်ပါဌ်၌ မှန်မည်ကို ဆုံးဖြတ်ခဲ့ပါ။

၇၁၈-ဖြေ။ ။သဒ္ဒနီတိ၌ "ကိံ သဒ္ဒေသ နိဂ္ဂဟီတလောပေါ သွိံ သေသု" ဟူသော စကားအရ ဘွိံ-သ-ဝိဘတ် နှစ်လုံးနှောင်းရှေ၌သာ ကိံ သဒ္ဒါ၏ နိဂ္ဂဟိတ်ချေရမည်ဟု မိန့်ဆိုထားသောကြောင့် နိဂ္ဂဟိတ်နှင့်တကွ "ကိံ သွာဝေါ" သာ သင့်မည်ထင်၏။

---

**ကိံသဒ္ဒါ ကပစ္စယ ဝေ၏။**

(အာဒေသဝိဓိသုတ်။)

၇၁၉-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရိ၊ ကာရိယတို့ကို ထုတ်ဘော်ရေးသားခဲ့ပါ။

၇၁၉-ဖြေ။ ။(၁) ရှေ၌(ကိံ)သဒ္ဒါရှိခြင်း၊

(၂) နောက်၌(ဝ)ပစ္စည်းနှောင်းခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင်(ကိံ) ကာရိကို(က)ကာရိယ ပြုပါ၏။

---

၇၂၀-မေး။ ။အလုံးစုံသော ဝိဘတ်ပစ္စည်းတို့ကြောင့်လည်း (ကိံ) သဒ္ဒါကို (က)ပြုနိုင်သော

ကြောင့်(ကိဿ က သမ္ပယုတ္တ)ဟု ဆိုထိုက်လျက် (ဝ)သဒ္ဒါဖြင့် မှတ်၍ ဆိုခြင်း၌ အကျိုးကိုပြခဲ့ပါ။

၇၂၀-ဖြေ။ ။(ဝ) ပစ္စည်းမှတပါးသော ပစ္စည်းနှောင်းရာ၌ (ကိံ)သဒ္ဒါကို (က)မပြုလိုပါက(က) အပြုမဖြစ်နိုင်ဟု သိစေခြင်း အကျိုးရှိ၏။

**ကိဿက သမ္ပယုတ္တာတိ ဝတ္တဗ္ဗေ ဝေတိ နိယမက ရဏံ ယတ္ထ အနုမိပွေတံ တတ္ထ နဟောတီတိ ဉာပနတ္ထံ။ ။ချာသ။**

---

၇၂၁-မေး။ ။ဤသုတ်ပါ (စ)သဒ္ဒါ၏ အကျိုးကို ရေးခဲ့ပါ။

၇၂၁-ဖြေ။ ။(ဝ) ပစ္စည်းမှ တပါးသော ထံ-ဟံ-စသော ပစ္စည်းတို့နှောင်းရာ၌ (ကိံ)သဒ္ဒါကို(က)ပြုလိုပါက (က)အပြုဖြစ်နိုင်သည်သာတည်းဟု သိစေခြင်း အကျိုးရှိ၏။

**ကိဿကဝေတိ အဝတွာ စဂ္ဂဟဏကရဏံ ယတ္ထ ပနာမိပွေတံ တတ္ထ ဘဝတျေဝါတိ ဉာပနတ္ထံ။**

ချာသ။

ရူပသိဒ္ဓိ အလို....(ဝ) ပစ္စည်းမှ တပါးသော ထံ-ဟံ-စသော ပစ္စည်းတို့ကြောင့်

လည်း (ကိံ)သဒ္ဒါကို (က)ပြုရသေး၏ဟု
သိစေခြင်း အကျိုးရှိပါ၏။

**စဂ္ဂဟဏေန ထံဟမာဒိ အဝပန္တယေပိ။**

**ရူပသိဒ္ဓိ။**

---

## ဟိံ ဟံ ဟိဉ္စနံ။

**(အာဒေသဝိဓိသုတ်။)**

၇၂၂-မေး။ ။သတ္တမီအနက်၌ ကိံ-သဒ္ဒါနောင် ဟိ-ဟံ-ဟိဉ္စနံ-ဤသုံးပစ္စည်းသာ သက်နိုင်သည်၊ အခြားသော ပစ္စည်းများ မသက်နိုင်၊ဤသို့ မှတ်သား ရအံ့လော၊

၇၂၂-ဖြေ။ ။"ကုဟိဉ္စိ"ဟူသော ဥဒါဟရဏ်၌ ဟိဉ္စိ-ပစ္စည်းလည်း သက်နိုင်ပါသေး၏။

---

၇၂၃-မေး။ ။ဟိဉ္စိ-ပစ္စည်း သက်နိုင်ပုံကို အဖြွက်မှု ပြခဲ့ပါ။

၇၂၃-ဖြေ။ ။"ဟိံ ဟံဟိဉ္စနံ"သုတ်သို့လိုက်၍လာသော (ကိံသ္မာ) ဟူသော ယောဂဝိဘာဂဖြင့် (ကိံ)သဒ္ဒါနောင် (ဟိဉ္စိ)ပစ္စည်းသက်၏။

---

## ကုဟိံ ဟံသု စ။

**(အာဒေသဝိဓိသုတ်။)**

၇၂၄-မေး။ ။ဤသုတ်၌ သုတ်လုံးအစီအရင် သုတ်စွန်း အစီအရင်တို့ကို ဘော်ပြခဲ့ပါ။

၇၂၄-ဖြေ။ ။သုတ်လုံးဖြင့် ဟိ-ဟံ-ပစ္စည်းတို့ကြောင့် (ကိ)သဒ္ဒါကို (ကု)ပြုပါ၏။သုတ်ခွန်း စ-သဒ္ဒါဖြင့် ဟိဠ္ဌနံ့, ဒါစနံ့,ဟိဋ္ဌ, ပစ္စည်းတို့ကြောင့်လည်း(ကိ)ကို(ကု)ပြုပါ၏။

---

၇၂၅-မေး။ ။သုတ်လုံးသုတ်ခွန်း မခွဲးရအောင် တခါတည်း ပေါင်းခါ(ကုဟိ-ဟံ ဟိဠ္ဌနံ့ ဒါစနံ့) ဟု ဆိုထိုက်လျက် မဆိုရခြင်း၏ အကြောင်းကို ရေးပါ။

၇၂၅-ဖြေ။ ။(၁) သုတ်ကြီးလေးမည် စိုးသောကြောင့်ငှင်း၊

(၂) ဟိဠ္ဌနံ့- ဒါစနံ့- ပစ္စည်း တို့ကြောင့် (ကု) ပြုခြင်း၏ မထင်ရှားသောကြောင့်ငှင်း၊ ခွဲးခြား၍ တည်ရပါ၏။

---

## တမ္မာ စ။

## (အာဒေသဝိဓိသုတ်။)

၇၂၆-မေး။ ။ဤသုတ်၏ အစီအရင်ကို သိသာရုံဘော် ပြခဲ့ပါ။

၇၂၆-ဖြေ။ ။သဗ္ဗဓိအနက်၌ (တ)သဗ္ဗနာမ်ပုဒ်နောင် ဟိ-ဟံ-ပစ္စည်း သက်သော သုတ်ဖြစ်ပါသည်။

---

၇၂၇-မေး။ ။(တမှာ)ဤမျှသာ မဆိုပဲ(စ)ကို ထည့်ရခြင်း၏ အကျိုးကို ရေးသားခဲ့ပါ။

၇၂၇-ဖြေ။ ။တ-သဗ္ဗနာမ်ပုဒ်၏ နောက်၌ (ဟိဋ္ဌိမနံ) ပစ္စည်း မသက်ရဟု နစ်စေခြင်း အကျိုး ရှိ၏။

---

၇၂၈-မေး။ ။ဤသုတ်ဖြင့် သတ္တမီအနက်မှ တပါးသော အနက်တို့၌ ပစ္စည်းသက်နိုင် မသက်နိုင် ဆုံးဖြတ်ခဲ့ပါ။

၇၂၈-ဖြေ။ ။"တဟံ တဟံ ဩလောကေန္တော"၌ ဒုတိယာ အနက်၌လည်း သက်နိုင်ပါသေး၏။

(အာစရိယဝါဒ။)

---

ဣမသ္မာ ဟာဓ စ။

(အာဒေသဝိဓိသုတ်။)

၇၂၉-မေး။ ။ဤသုတ်၌(စ)သဒ္ဒါ၏ အနက်ကိုပြ၍ ထို (စ)သဒ္ဒါဖြင့် သိစေအပ်သော ရုပ်အထူး များကို ပြခဲ့ပါ။

၇၂၉-ဖြေ။ ။စ-သဒ္ဒါသည် အဝဓာရဏအနက် ရှိ၏။ ထို စ-သဒ္ဒါဖြင့်....

(၁) ဣမ ၏နောက်၌သာ ဟ-ဓ-ပစ္စည်း သက်ရမည်ဟူသော "ဂဟေတဗ္ဗ"

(၂) ဒါနိ- ပစ္စည်းလည်း သက်ရသေး၏ ဟူသော"အနုညာတ"
(၃) ဟ-ဓ-ပစ္စည်း တို့သည် (ရှမ)မှ တပါးသော ပုဒ်နောင် မသက်ရ ဟူသော "နိပ္ပဏ္ဏတဗ္ဗ" အနက် တို့ကို ပြပါ၏။

---

**ယတော ဟိံ။**

**(အာဒေသဝိဓိသုတ်။)**

၇၃၀-မေး။ ။ယ-သဗ္ဗနာမ်ပုဒ်နောင်(ဟိံ)ပစ္စည်းသက်သော သုတ်ဖြစ်သောကြောင့် "ဟိံ-ဟံ ဟိဉ္စနံ"သုတ်မှ (ဟိံ)ပစ္စည်းကို အလိုက်ခံပြီးလျှင်(ယတော)ဤမျှသာ မတည်မူ၍ (ဟိံ)ကို ထည့်ရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

၇၃၀-ဖြေ။ ။ဟံ-ဟိဉ္စနံ-ဟ-ဓ- ပစ္စည်းတို့လည်း ရောယောင် လိုက်လာ ကြမည် စိုး၍ ၎င်းတို့ကို နှစ်စေလိုသောကြောင့် (ဟိံ)ကို ထည့်ရပါ၏။

---

**ကာလေ။**

**(အဓိကာရသုတ်။)**

၇၃၁-မေး။ ။ဤ"ကာလေ" ဟူသော အဓိကာရသုတ်

ကို မိန့်ဆိုရခြင်း၏ အကျိုးကို ရေးသား ပြခဲ့ဆိုပါ။

၇၃၁-ဖြေ။ ။ဆိုလတ္တံ့သော....

(၁) ဒါ၊ (၃) ဒါနိ၊
(၂) ဒါစနံ၊ (၄) ရဟိ၊
(၅) ဓုနာ၊

ဤငါးပစ္စည်းတို့သည်(ကာလ)အနက်သာ ဖြစ်ကုန်၏ဟု သိရခြင်းအကျိုးရှိပါ၏။

---

## ကိံ သဗ္ဗေကညကုဟိ ဒါ ဒါစနံ။

(အာဒေသဝိဓိသုတ်။)

၇၃၂-မေး။ ။ဤသုတ်၏ အစီအရင်ကို ထုတ်ဘော် ရေးသားခဲ့ပါ။

၇၃၂-ဖြေ။ ။ကာလသတ္တမီအနက်၌ ကိံ-သဗ္ဗ-အည-ဧက-ယ- ဟူသော သဗ္ဗနာမ် ပုဒ်တို့၏ နောက်၌ ဒါ-ပစ္စည်းသက်၍ ကု-သဒ္ဒါ၏ နောက်၌ဒါစနံ-ပစ္စည်း သက်ခြင်းကိုစီရင် သောသုတ်ဖြစ်ပါ၏။

---

၇၃၃-မေး။ ။ဤသုတ်ဖြင့် (ကိံ)သဒ္ဒါ၏ နောက်၌သာ ဒါစနံ-ပစ္စည်း သက်၏။ (ကု) သဒ္ဒါ၏ နောက်၌ ဒါစနံ-ပစ္စည်း မသက်၊သို့ပါလျက်

အဘာယ်အကျိုးငှါ (ကိံ ဟိ)ဟု မဆိုပဲး (ကုဟိ)ဟု ဆိုရပါသနည်း။

၇၃၃-ဖြေ။ ။ဒါစန်-ပစ္စည်း နှောင်းရာ၌ (ကိံ)သဒ္ဒါကို (ကု)အဖြစ်ပြုရသည်ဟု မှတ်ခြင်း အကျိုး ငှါ (ကု)ဟူ၍ မိန့်ဆိုရပါ၏။

ဒါစနံ ပစ္စယေ ပရေ နိစ္စံ ကုအာဒေသော
ဟောတီတိ နိယမတ္ထံ ကုတိ ပုန ဝုတ္တံ။
နိဒ္ဒေသသ။

---

## သဗ္ဗဿ သော ဒါမှိ ဝါ။

(အာဒေသဝိဓိသုတ်။)

၇၃၄-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ,ကာရိယ တို့ကို ရေးသားဘော်ပြပါ။

၇၃၄-ဖြေ။ ။(၁) နောက်၌ ဒါ-ပစ္စည်းနှောင်းခြင်း၊
(၂) ရှေ့၌ သဗ္ဗ-သဒ္ဒါရှိခြင်း၊
ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပါလျှင်(သဗ္ဗ) ကာရီကို (သ)ကာရိယ ပြုပါ၏။

---

၇၃၅-မေး။ ။"ကိံ သဗ္ဗညော" သုတ်မှ (သဗ္ဗ)သဒ္ဒါ အလိုက်ခံပြီးလျှင် (သောဒါမှိဝါ) ဤမျှသာ တည်ထိုက်ပါလျက် (သဗ္ဗ)သဒ္ဒါ ထည့်ရ ခြင်း၏ အကြောင်းကို ပြဆိုပါ။

၇၃၅-ဖြေ။ ။(သမ္ဘ)သဒ္ဒါအလိုက်ခံပါလျှင်(ကိံအညာ) စသော သဒ္ဒါတို့လည်း လိုက်ကြမည် ဖိုး သောကြောင့် (သမ္ဘ)သဒ္ဒါကို ထည့်ရပါ သည်။

---

**တမ္ဗာ ဒါနိ စ။**

**(အာဒေသဝိဓိသုတ်။)**

၇၃၆-မေး။ ။ဤသုတ်၏ အစီအရင်ကို ထုတ်ဘော် ရေးသားခဲ့ပါ။

၇၃၆-ဖြေ။ ။ကာလသတ္တမီအနက်၌ (တ)သဗ္ဗနာမ်ပုဒ် ၏ နောက်၌ ဒါနိ-ဒါ-ပစ္စည်း သက်သော သုတ်ဖြစ်ပါ၏။

---

၇၃၇-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏အနက်ကို ဘော်ပြ ခဲ့ပါ။

၇၃၇-ဖြေ။ ။"ကိံ သဗ္ဗညေ" သုတ်မှ ဒါ-ပစ္စည်းကို ငင်ခြင်းအနက်ရှိပါ၏။

**စဂ္ဂဟဏံ ဒါပစ္စယာနုကဍ္ဎနတ္ထံ။**

**ရူပသိဒ္ဓိဋီကာ။**

---

၇၃၈-မေး။ ။စ-သဒ္ဒါဖြင့် မငင်သော်လည်း ဒါ-ပစ္စည်း လိုက်လာမည် မဟုတ်လော၊ အဘယ် ကြောင့် ငင်ရပါသနည်း။

၇၄၈-ဖြေ။ ။ဤသုတ်၌ တိုက်ရိုက်ထက်၌ ဒါနိ-ပစ္စည်း ရှိ၍, ဒါ- ပစ္စည်းသည် အဘက်ခံရမည့် စိုးသဖြင့် မလိုက်လာဝံ့ရှာ၊ ထို့ကြောင့် ငင်ရပါသည်။

---

## ရူမသဒ္ဒါ ရပဟိရနှာဒါနိ စ။

(အာဒေသဝိဓိသုတ်။)

၇၄၉-မေး။ ။ဤသုတ်၏ အစိအရင်ကို ဖော်ပြပါ။

၇၄၉-ဖြေ။ ။ကာလသဒ္ဒမှ အနက်၌ ရူမ- သဒ္ဒါ၏ နောက်၌ ရပဟိ-ရနှာ-ဒါနိ- ပစ္စည်း သက် ခြင်းကို စီရင်သော သုတ်ဖြစ်ပါ၏။

---

၇၅၀-မေး။ ။"တမှာဒါနိ စ" သုတ်မှ ဒါနိ-ပစ္စည်းကို အလိုက်ခံခါ (ရူမသဒ္ဒါ ရပဟိ ရနှာ စ) ဤမျှ သာ တည်ထိုက်ပါလျက် ဒါနိ-သဒ္ဒါ ထည့် ရခြင်း၏ အကြောင်းကား အဘယ်နည်း။

၇၅၀-ဖြေ။ ။ဒါနိ-ပစ္စည်း အလိုက်ခံလျှင် ဒါ-ပစ္စည်း လည်း လိုက်လာမည်ကို စိုးရိမ်ရပါသည်။ ထို့ကြောင့် ဒါနိ-ပစ္စည်းကို ထည့်ရပါ၏။

အနုဝတ္တနဒါပစ္စယံ နိဝတ္တေတုံ ရူမ အနုဝတ္တ မာနေ သိဒ္ဓေပိ ဒါနိပစ္စယော ဂဟိတော။

နိဒ္ဒေသ။

---

၇၄၁-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ထင်ရှားစွာ ဖော်ပြခဲ့ပါ။

၇၄၁-ဖြေ။ ။ကာလသတ္တမျန္တ-သဒ္ဒါတို့ကို နောက်သို့ မလိုက်နိုင်ရန် ငင်ခြင်းအနက်ရှိ၏။

စဂ္ဂဟဏံ ကာလေ သတ္တမျန္တေ သန္ဓီနံ အနုကဍ္ဎ

နတ္ထံ။ ။နိဒ္ဒေသ၊

(၁) "အစ္စာ,အစ္စု" (၂) "သစ္စာ,သစ္စု"

(၃) "အပရစ္စာ, အပရစ္စု" တို့၌ ကာလ-သမာန-အပရ-သဒ္ဒါတို့၏ နောက်၌ စ္စာ-ပစ္စည်း၊ စ္စု-ပစ္စည်း သက်ခြင်းကို ဆည်းခြင်း အနက်ရှိပါ၏။ ။ (ရူပသိဒ္ဓိ)

---

## တောရပဟိမှ ၈။

### (အာဒေသဝိဓိသုတ်။)

၇၄၂-မေး။ ။ဤသုတ်၏ အင်္ဂါများနှင့် ကာရီ,ကာရိယ တို့ကို ထုတ်ဖော် ရေးသားခဲ့ပါ။

၇၄၂-ဖြေ။ ။(၁) နောက်၌ ရဟိ-ပစ္စည်းနှောင်းခြင်း၊

(၂) ရှေ့၌ ကာလ-သဒ္ဒါရှိခြင်း၊

ဤသို့ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံပါလျှင် (ကာလ) ကာရီကို (တေ)ကာရိယ ပြုပါ၏။

၇၄၃-မေး။ ။(တော ရဟိဒ္ဓိ စ)ဟု ဝိဘတ်နှင့်တကွ မဆိုမူ၍, အဘယ်ကြောင့်(တော ရဟိဒ္ဓိစ) ဟု မိန့်ဆိုရပါသနည်း။

၇၄၃-ဖြေ။ ။ဝိဘတ်မဲ့ အဝိဘတ္တိကအားဖြင့်ညွှန်ပြလိုသောကြောင့်တည်း။

ဘောတိ အဝိဘတ္တိကနိဒ္ဒေသော။ ။နိဒ္ဒေသ၊

---

အခုနှဲမ္ဘိ စ။

(အာဒေသဝိဓိသုတ်။)

၇၄၄-မေး။ ။ဤသုတ်၏ အင်္ဂါနှင့် ကာရီ, ကာရိယ တို့ကို ဖော်ပြခဲ့ပါ။

၇၄၄-ဖြေ။ ။(၁) နောက်၌ ရနှာ-ပစ္စည်း နှောင်းခြင်း၊
(၂) ရှေ့၌ ဣမ-သဒ္ဒါရှိခြင်း၊
ဤအင်္ဂါနှင့် ပြည့်စုံပါလျှင် အလုံးစုံသော (ဣမ)ကာရီကို (အ)ကာရိယ ပြုပါ၏။

---

၇၄၅-မေး။ ။ဤသုတ်ပါ စ-သဒ္ဒါ၏ အနက်ကို ဖော်ပြခဲ့ပါ။

၇၄၅-ဖြေ။ ။သဒ္ဒါကြီး, နိဒ္ဒေသတို့၏ အလို။ ။ဤသုတ်၏ အစီအရင်ကို မြဲစေသော သန္နိဋ္ဌာန အဝဓာရဏ အနက်ရှိ၏။

ဣမာပိ စဂ္ဂဟဏံ သန္နိဋ္ဌာနတ္ထံ။ ။နိဒ္ဒေသ၊

စူဠနိရုတ္တိအလို။ ။အဇ္ဇ-အဇ္ဇု-တို့၌ ဇ္ဇ-

၉၂-ပစ္စည်း နှောင်းရာ၌လည်း (ဣမ) ကို (အ)ပြုရခြင်းကို ဆည်းပါ၏။

---

၇၄၆-မေး။ ။ဝိဘတ်အမည်ကိုရကောင်းသောပစ္စည်းများကို....

(၁) ဂဟိတဂ္ဂဟဏနည်း (ယူအပ်ပြီးလျက် ထပ်၍ ယူသောနည်း)

(၂) အဂ္ဂဟိတဂ္ဂဟဏနည်း (မယူအပ်သေးသည်ကိုသာ ယူသောနည်း)

ဤနှစ်နည်းအားဖြင့် ရေတွက်ပြခဲ့ပါ။

၇၄၆-ဖြေ။ ။(၁) ဂဟိတဂ္ဂဟဏနည်း။

| | | | |
|---|---|---|---|
| (၁) တော၊ | (၆) ဟိံ၊ | (၁၁) ဟ၊ | (၁၆) ဒါနိ၊ |
| (၂) တြ၊ | (၇) ဟံ၊ | (၁၂) ဓ၊ | (၁၇) ဒါ၊ |
| (၃) ထ၊ | (၈) ဟိဉ္စနံ၊ | (၁၃) ဟိ၊ | (၁၈) ရဟိ၊ |
| (၄) ဓိ၊ | (၉) ဟိံ၊ | (၁၄) ဒါ၊ | (၁၉) ဓုနာ၊ |
| (၅) ဝ၊ | (၁၀) ဟံ၊ | (၁၅) ဒါစနံ၊ | (၂၀) ဒါနိ၊ |

ဤသို့ နှစ်ဆယ် ရှိပါ၏။

(၂) အဂ္ဂဟိတဂ္ဂဟဏနည်း။

| | | |
|---|---|---|
| (၁) တော၊ | (၆) ဟိံ၊ | (၁၁) ဒါ၊ |
| (၂) တြ၊ | (၇) ဟံ၊ | (၁၂) ဒါစနံ၊ |
| (၃) ထ၊ | (၈) ဟိဉ္စနံ၊ | (၁၃) ဒါနိ၊ |
| (၄) ဓိ၊ | (၉) ဟ၊ | (၁၄) ရဟိ၊ |
| (၅) ဝ၊ | (၁၀) ဓ၊ | (၁၅) ဓုနာ၊ |

ဤသို့(၁၅)ပစ္စည်း ရှိပါ၏။

၇၄၇-မေး။ ။ကာလ သတ္တမီ အနက်၌ သက်သော ပစ္စည်းများကို....
(၁) ဂဟိတဂ္ဂဟဏ၊
(၂) အဂ္ဂဟိတဂ္ဂဟဏနည်း တို့ဖြင့် ရေ တွက်ပြခဲ့ပါ။

၇၄၇-ဖြေ။ ။(၁) ဂဟိတဂ္ဂဟဏနည်း။

(၁) ဒါ၊ (၄) ဒါ၊
(၂) ဒါစနံ၊ (၅) ရဟိ၊
(၃) ဒါနိ၊ (၆) ရှနာ၊
(၇) ဒါနိ၊

ဤသို့:(၇)ပစ္စည်း ရှိပါ၏။

(၂) အဂ္ဂဟိတဂ္ဂဟဏနည်း။

(၁) ဒါ၊ (၃) ဒါနိ၊
(၂) ဒါစနံ၊ (၄) ရဟိ၊
(၅) ရှနာ၊

ဤသို့ (၅)ပစ္စည်း ရှိပါ၏။

---

၇၄၈-မေး။ ။အကာလသတ္တမီအနက်၊ သို့မဟုတ် ဒေသ-ဝတ္ထု-အနက်တို့၌ သက်သော ပစ္စည်းများကို....
(၁) ဂဟိတဂ္ဂဟဏနည်း၊
(၂) အဂ္ဂဟိတဂ္ဂဟဏနည်း၊
အားဖြင့် ရေတွက်ပြခဲ့ပါ။

၇၄၈-ဖြေ။ ။(၁) ဂဟိတဂ္ဂဟဏနည်း။

(၁) တော၊
(၂) တြ၊
(၃) ထ၊
(၄) မိ၊
(၅) ဝ၊
(၆) ဟိံ၊
(၇) ဟံ၊
(၈) ဟိဋ္ဌနံ၊
(၉) ဟိံ၊
(၁၀) ဟံ၊
(၁၁) ဟ၊
(၁၂) ဓ၊
(၁၃) ဟိံ၊

ဤသို့ (၁၃)ပစ္စည်း ရှိပါ၏။

(၂) အဂ္ဂဟိတဂ္ဂဟဏနည်း။

(၁) တော၊
(၂) တြ၊
(၃) ထ၊
(၄) မိ၊
(၅) ဝ၊
(၆) ဟိံ၊
(၇) ဟံ၊
(၈) ဟိဋ္ဌနံ၊
(၉) ဟ၊
(၁၀) ဓ၊

ဤသို့(၁၀)ပစ္စည်း ရှိပါ၏။

ဝိဘတ္တိပစ္စယအခန်း ပြည့်ရုံပြီ။

# ဥပသဂ္ဂ-နိပါတ အခဏ်း။

## သမ္ဗာသမာဝုသောပသဂ္ဂနိပါတာဒီပကံ ခ။

(လောပဝိမိသုတ်။)

၇၄၉-မေး။ ။ဤသုတ်၏ အစီအရင်ကို သိသာအောင် ဖော်ပြရေးသားခဲ့ပါ။

၇၄၉-ဖြေ။ ။(၁) အာဝုသော-ဟူသော အာလုပ်ပုဒ်၊

(၂) ဥပသာရပုဒ်၊

(၃) နိပါတ်ပုဒ်တို့၏ နောက်၌ ဝိဘတ်(၇)သွယ်တို့၏ ချေခြင်းကို စီရင်သော သုတ်ဖြစ်ပါသည်။

---

၇၅၀-မေး။ ။အာဝုသော-ပုဒ်သည် နိပါတ်ပုဒ်၌အတွင်း ဝင်ပြီး ဖြစ်ပါလျက် အဘယ်အကျိုးငှါ သီးခြားခွဲ၍ ထုတ်၍ ထားအပ်ပါသနည်း။

၇၅၀-ဖြေ။ ။ကေဝုစ်သချာ, ဗဟုဝုစ်သချာ တည်းဟူသော သချာနှစ်ပါးနှင့်တကွ ဖြစ်သည်၏ အဖြစ်ကို ပြခြင်း အကျိုးငှါ သီးခြားခွဲ ထုတ်၍ ထားအပ်ပါ၏။

**ဒွေ စ အာဝုသော တိမဿ ဝိသုံ ဂဟဏံ သသင်္ချာ ဒီပနတ္ထဉ္စ ဒဋ္ဌဗ္ဗံ။ ။ရူပသိဒ္ဓိ။**

---

၇၅၁-မေး။ ။ဤသုတ်ဖြင့် ဥပသာရပုဒ်၊ နိပါတ်ပုဒ်တို့၏ နောက်၌ ဝိဘတ် (၇)သွယ်လုံးကို ချေနိုင်မချေနိုင် အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

၇၅၁-ဖြေ။ ။ဥပသာရ ပုဒ်တို့၏ ကေဝုစ် စသော သင်္ချာ-အတိတ်စသော ကာလအပြား မရှိခြင်းကြောင့် ဥပသာရပုဒ်တို့၏ နောက်၌ ပထမာဝိဘတ်သာ သက်နိုင်၍ ပထမာ ဝိဘတ်ကိုသာ ချေရပါသည်။ နိပါတ်ပုဒ်တို့၏ နောက်၌ကား ဝိဘတ်(၇)သွယ်လုံး သက်နိုင်-ချေနိုင်ပါ၏။

တေသံ သင်္ချာကာလာဒိဘေဒါဘာဝါ တေဟိ ပဌမေကဝစနမေဝ ဟောတိ။ ။ရူပသိဒ္ဓိ။

---

၇၅၂-မေး။ ။ဥပသဂ္ဂ ပုဒ်ကို ဝစနတ္ထပြု၍ အနက်ပေး ပြီးလျှင် ဥပသဂ္ဂသဒ္ဒါကိုလည်း ထုတ်ဆိုခဲ့ပါ။

၇၅၂-ဖြေ။ ။ဥပေစ္စ အတ္ထံ သဇ္ဇန္တီတိ ဥပသဂ္ဂါ။

ယေပဒါ၊အကြင်- ပ-စသော ပုဒ်တို့သည်။ ဥပေစ္စ၊ ဓာတ်နာမ်တို့သို့ ကပ်၍။ အတ္ထံ၊ ဓာတ်နာမ်တို့၏ အနက်ကို။ သဇ္ဇန္တိ၊စီရင် တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။

တော ပဒါ၊ထို ပ-စသော ပုဒ်တို့သည်။ ဥပ
သဂ္ဂါ၊ဥပသဂ္ဂမည်ကုန်၏။

ဥပသဂ္ဂ သို့မဟုတ် ဥပသာရ သရုပ်။

| | | | |
|---|---|---|---|
| (၁) ပ၊ | (၆) ဒု၊ | (၁၁) ပရိ၊ | (၁၆) အာ၊ |
| (၂) ပရာ၊ | (၇) သံ၊ | (၁၂) အဓိ၊ | (၁၇) အတိ၊ |
| (၃) နိ၊ | (၈) ဝိ၊ | (၁၃) အဘိ၊ | (၁၈) အပိ၊ |
| (၄) နီ၊ | (၉) အဝ၊ | (၁၄) ပတိ၊ | (၁၉) အပ၊ |
| (၅) ဥ၊ | (၁၀) အနု၊ | (၁၅) သု၊ | (၂၀) ဥပ၊ |

ဤသို့ နှစ်ဆယ်တိတိရှိပါ၏။

---

၇၅၃-မေး။ ။ဥပသာရ- ပုဒ်တို့၏ အပြားကို ခွဲဝေ
လျက် ဥဒါဟရဏ် တခုစီနှင့် ထုတ်ပြ
ခဲ့ပါ။

၇၅၃-ဖြေ။ ။(၁) ဓာတွတ္ထ ဗာဓက (ဓာတ်အနက်ကို
တားမြစ်တတ်သော ဥပသာရပုဒ်)

ဥဒါဟရဏ်"ပရာဇေတိ" ရှုံး၏။

(ဤ၌ ဇိဓာတ်၏ အောင်ခြင်းအနက်ကို တားမြစ်သည်)

(၂) ဓာတွတ္ထာနုဝတ္တက (ဓာတ်အနက်သို့
အစဉ်လိုက်တတ်သော-ဥပသာရပုဒ်)

ဥဒါဟရဏ်"အနုဂစ္ဆတိ"သွား၏။

(ဤ၌ ဂမု-ဓာတ်၏ သွားခြင်းအနက်သို့ အစဉ်လိုက်သည်)

(၃) ဓာတွဋ္ဌပိသေသက (ဓာတ်အနက်ကို အထူးပြုတတ်သော-ဥပသာရပုဒ်)
ဥဒါဟရုဏ်“ဥဂ္ဂစ္ဆတိ”တက်၏။
(ဤ၌ ဂမု-ဓာတ်၏ သွားခြင်း ကြိယာကို အထူးပြုသည်)

ဓာတွတ္ထံ ဗာဓတေ ကောစိ၊ ကောစိ တမနုဝတ္တတေ။
တမေဝညော ဝိသေသေတိ၊ ဥပသဂ္ဂဂတီ တိဓာ။
ရူပသိဒ္ဓိ။

---

၇၉၄-မေး။ ။နိပါတ-ပုဒ်ကို ဝစနတ္ထပြု၍ အနက်ပေး ပြီးလျှင် ဥပသာရ ပုဒ်တို့၏ သရုပ်သဏ္ဍာန်ကို ထုတ်ပြသကဲ့သို့ နိပါတ် ပုဒ်တို့၏ သရုပ် သဏ္ဍာန်ကို မထုတ် ဆိုခြင်း၏ အကြောင်းကို ပြဆိုပါ။

၇၉၄-ဖြေ။ ။ပဒါနံ အာဒိ မဇ္ဈန္တေသု နိပတန္တီတိ နိပါတာ။

ယေ ပဒါ၊အကြင် စ-စသောပုဒ်တို့သည်။ ပဒါနံ၊ ပုဒ်တို့၏။ အာဒိမဇ္ဈန္တေသု၊ အစ, အလယ်,အဆုံးတို့၌။ နိပတန္တိ၊ ကျတတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ ပဒါ၊ထို-စ-စသော ပုဒ်တို့သည်။ နိပါတာ၊ နိပါတ မည်ကုန်၏။

နိပါတ်ပုဒ်သည်အရေအတွက်အတိုင်းအရှည်၏ အစွမ်းဖြင့် အဆုံးမရှိ၊ ထို့ကြောင့် သရုပ်သဏ္ဍာန်ကို မထုတ်ဆိုနိုင်ပါ။

**အမှာ။**

**(ကစ္စာယနဗောဓိနီကာသစ်၌ကား ပဌာန-ဥပလက္ခဏာ-နည်းအားဖြင့်( ၂၁၇)ပါးသရုပ်အရေအတွက်ရှိ၏-ဟု အာစရိယဝါဒ ထုတ်ပြသေး၏။)**

---

၇၅၅-မေး။ ။နိပါတ်ပုဒ်တို့၏ အစ,အလယ်, အဆုံးတို့၌ ကျနေပုံကို ဥဒါဟရဏ်ထုတ်၍ ပြခဲ့ပါ။

၇၅၅-ဖြေ။ ။

(က) "သေယျထာပိ"ဒွေခါသေလာ၊ **(အစ၌ ကျနေပုံ)**

(ခ) ယော'ပန'ဘိက္ခု၊ **(အလယ်၌ ကျနေပုံ)**

(ဂ) ဖိနဝစနယုတ္တံ'ဟိ'။ **(အဆုံး၌ ကျနေပုံ)**

---

၇၅၆-မေး။ ။နိပါတ်ပုဒ်တို့၏ လက္ခဏာကို သချာစွာ ဘော်ပြခဲ့ပါ။

၇၅၆-ဖြေ။ ။(၁) နာမ်ပုဒ်, အာချာတ်ပုဒ်, ဥပသာရ ပုဒ်တို့မှ လွတ်ကင်းခြင်း၊

(၂) ပုဒ်လေးပါးတို့၏ အကြား၌ ကျခြင်း၊

(၃) လိင်သုံးပါး, ဝိဘတ် (၇)သွယ်တို့ကြောင့် မပျက်ခြင်း၊

ဤသို့ လက္ခဏာသုံးပါး ရှိပါ၏။

**မုတ္တံ ပဒတ္တယာ ယသ္မာ၊ တသ္မာ နိပတတျန္တရာ။**
**နေပါတိကန္တိ တိဝုတ္တံ၊ ယံ အဗျယသ လက္ခဏံ။**

ရူပသိဒ္ဓိ၊

---

၇၉၇-မေး။ ။နိပါတ်ပုဒ်တို့၏ အတိုင်းအရှည် ပမာဏ အဆုံးမရှိသော်လည်း အနက်တို့နှင့် ယှဉ်သောအားဖြင့် အကျဉ်းချုပ် သရုပ်ကို ထုတ်ပြခဲ့ပါ။

၇၉၇-ဖြေ။ ။(၁) ပဒပူရဏ၊

(၂) အတ္ထပူရဏ၊

(၃) ဝိဘတ္တိယုတ္တ၊

(၄) အဝိဘတ္တိယုတ္တ၊ နိပါတ် ပုဒ်အားဖြင့် လေးပါး ရှိပါ၏။

---

၇၉၈-မေး။ ။ဥပသာရပုဒ်, နိပါတ်ပုဒ်, ပစ္စည်းတို့သည် မည်သည့်အနက်များကို ဟောနိုင်သည်ဟု ဆော်ပြခဲ့ပါ။

၇၉၈-ဖြေ။ ။ဥပသာရပုဒ်, နိပါတ်ပုဒ်, ပစ္စည်းတို့သည် မည်သည့် အနက်တို့ကို ဟောသည်ဟု မသတ်မှတ် မပိုင်းခြားနိုင်ပါ၊များစွာသော အနက်တို့ကိုပင် ဟောပါ၏။

**ဥပသဂ္ဂါ နိပါတာ စ၊ ပစ္စယာ စ ဣမေ တယော။**

**နေကေနေကတ္ထဝိသယာ၊ ဣတိ နေရုတ္တိကာ ဗြုဝုံ။ ။**

---

၇၉၉-မေး။ ။ဥပသာရပုဒ်နှင့် နိပါတ်ပုဒ်တို့၏ အထူးကို ခွဲဝေပြခဲ့ပါ။

၄၅၉-ဖြေ။ ။(က) ဓာတ်နာမ်တို့၏ အနက်သို့ကပ်၍ စိရင်တတ်သော ပုဒ်တို့ကား ဥပသာရပုဒ်တို့တည်း။

(ခ) ပုဒ်တို့၏ အစ,အလယ်, အဆုံး၌ ကျတတ်သော ပုဒ်တို့ကား နိပါတ်ပုဒ်တို့တည်း။

(ဤကား အထူး)

ဥပေစ္စတ္ထံ သဇန္တီတိ၊ ဥပသဂ္ဂါတိ ပါဒယော။
စာဒိ ပဒါဒိ မဇ္ဈန္တေ၊ နိပါတာ နိပတန္တီတိ။ ။

ရူပသိဒ္ဓိ။

ဥပသာရ,နိပါတ်,ခဏ်း ပြည့်ရုံပြီ။

---

ရူပသိဒ္ဓိနိဂမနံ။

ပုလ္လိင်္ဂံ ဣတ္ထိလိင်္ဂဉ္စ၊ နပုံသကမထာပရံ။
တိလိင်္ဂဉ္စ အလိင်္ဂဉ္စ၊ နာမိကံ ပဉ္စဓာ ဌိတံ။ ။

ပုလ္လိင်္ဂံ၊ သန့်ရှင်းသော အခြင်းအရာရှိသော ပုရိသ-စသောနာမ်ဝုဏ်း၊ဣတ္ထိလိင်္ဂဉ္စ၊ မသန့်ရှင်းသော အခြင်းအရာရှိသော ဣတ္ထိ- စသော နာမ်ဝုဏ်း။နပုံသကဉ္စ၊ နှစ်ပါးသော အခြင်းအရာမှ လွတ်သော နပုလ္လိင်ရှိသော စိတ္တ-စသော နာမ်ဝုဏ်း။အထာပရံ၊ ထိုမှတပါးသော။တိလိင်္ဂဉ္စ၊ လိင်သုံးပါးရှိသော သဗ္ဗနာမ်ဝုဏ်း။အလိင်္ဂဉ္စ၊ လိင်သုံးပါးမရှိသော တုမှ

စသော နာမ်ဝင်း။ဣတိ၊ဤသို့။နာမိကံ၊ နာမ်ပုဒ်သည်။ပဉ္စဓာ၊ ငါးပါးအပြားဖြင့်။ဌိတံ၊တည်၏။

နာမ်ကျမ်းပြည့်စုံပြီ။

---

နိဂမန။

ကောဏ္ဍညာဒိဘိဓာနေန၊
အောင်မြေဘုမ်စံ နိဝါသိနာ။
ကတာ ဋီကာ သမတ္တေသာ၊
နာမကပ္ပဿ ဝဏ္ဏနာ။ ။

---

ကိုပေါ်ရင်-ရတနာ့ဝါဒီပိဋကတ်စာအုပ်ဆိုင်ကြီး။ ဆိုင်နံပါတ် ၆၉-၇၀။
ရွှေတိဂုံဘုံရားကြီး-ဈေးတော်ရုံ။ ရန်ကုန်မြို့။

---

| စာအုပ်မျိုး။ | ကျပ် | ပဲ |
|---|---|---|
| အဿျင်စန္ဒိမာမှ-ဓမ္မပဒဝတ္ထုတော်ကြီး၊ | | |
| ပဌမတွဲ .... .... | ၃ | ၈ |
| ဒုတိယတွဲ .... | ၃ | ၈ |
| တတိယတွဲ .. .... | ၃ | ၈ |
| စတုတ္ထတွဲ .... .... | ၃ | ၈ |
| ပဉ္စမတွဲ .... .... | ၃ | ၈ |
| နယပ္ပဒေသသချာတွက်ပုံ .... | ၁ | |
| အလင်္ကာစာကိုယ်ဋီကာ ၃-ကျမ်း ခင်မကန်တိုက် စာချဘုန်းတော်ကြီး ဦးသီလာစာရ၊ | ၃ | |
| ဋီကာကျော်နိသျသစ်-ထန်းတောမှ .... | ၃ | |
| ဂန္ထိရကဗျာ-လယ်ဋီဆရာတော် ...., | ၁ | |
| ဝေဿန္တရာဂီတိကျမ်း။လယ်တီပဏ္ဍိတ | ၁ | ၈ |
| ကုသဂီတိကျမ်း လယ်တီပဏ္ဍိတ .... | ၁ | ၈ |
| လယ်တီပဟောကိန်းဘာရားစာ | ၁ | ၈ |
| ရွှေရေးဆောင်နိယံ .... .... | | ၆ |
| ဂန္ထိရတ္ထနိယာမပိသဋ္ဌနာကျမ်း ရွှေရေးဆောင်နိယံအဖြေ ဦးကြည်-ပ-ဒု-တ | ၃ | ၈·စီ |
| သောတုဇနပဟိတကာရီကျမ်း-ဦးကြည် | ၁ | ၈ |
| ပါတိမောက္ခအမေး-အဖြေ၊ဦးဇောတိပါလ | ၁ | ၈ |

| စက္ကူဖုံး။ | ကျပ် | ပဲ |
|---|---|---|
| သင်္ဂဟာအမေး-အဖြေနှင့် သန္ဒါအမေး အဖြေ၊ } ဦးဇောတိပါလ။ | ၁ | ၈ |
| သဒ္ဒတ္ထဘေဒစိန္တာ အမေး-အဖြေနှင့် ကစ္စာယနသာရအမေး-အဖြေကျမ်း ဦးဇောတိပါလ။ | ၁ | ၈ |
| သာတ္ထလက္ခဏာအဘိဓာန် .... | ၂ | ၈ |
| ဝိသုဒ္ဓိမဂ်သံခိပ်ကျမ်းကြီး-ပဌမတွဲ .... | ၂ | |
| ၎င်း ဒုတိယတွဲ .... | ၃ | |
| လောကဓာတ်ဆေးကျမ်းနှင့် ဓာတုပြသံသဓာတ်ကျမ်း ယောအတွင်းဝန် .... | ၂ | |
| ဥတ္တမပုရိသဒီပနီကျမ်း၊လယ်တီဆရာတော် | ၁ | ၈ |
| ဝိရတိသီလဝိနိစ္ဆယကျမ်း၊ ၎င်း | | ၁၀ |
| ဓာတုဝိနိစ္ဆယရူပကဏ္ဍကျမ်း၊ဦးပန်းသာ | ၁ | ၈ |
| ဒါန-သီလ-ဘာဝနာ ရှုဘွယ် .... | | ၄ |
| တရားအခြံ-ဓမ္မသာသိနီကျမ်း .... | | ၈ |
| သမ္မဒါဖွင့်အကျယ်ကျမ်း .... | ၁ | ၄ |
| မေတ္တာဖွင့်အကျယ်လက်စွဲကျမ်း .... | ၁ | ၄ |
| မာဓဝနိဒါန်းဆေးကျမ်းကြီး .... | ၂ | ၈ |
| အနာဂတဝင်ဝတ္ထု .... .... | ၁ | ၄ |

| စာအုပ်ဖိုး။ | ကျပ် | ပဲ |
|---|---|---|
| ဒါဌာဓာတုဝင်ဝတ္ထု .... .... | ၂ | ၄ |
| ရာဇသေဝကဒီပနီကျမ်း .... | ၄ | ၈ |
| ရာဇပါမောက္ခ-ဓမ္မပါမောက္ခ-ဓမ္မသာရ ပါမောက္ခ-ပကိဏ္ဏကပါမောက္ခ ၄-စောင်တွဲ၊ | ၄ | ၈ |
| မြို့ပြင်ကြီး ၅-စောင်တွဲ .... .... | ၄ | ၈ |
| နယသာသမ္ပုဏ္ဏဆန်းဂဏ္ဌိ- ပဌမ၊ .... | ၃ | ၈ |
| ၎င်း ဒုတိယ၊ .... | ၃ | |
| ဂန္ထိရတ္တဒေသနာ ၄-စောင်တွဲ .... | ၄ | |
| ပရမတ္ထသရုပဒီပကကျမ်းနှင့် ပဋ္ဌာနလီသပုဿာကျမ်း၊ .... | ၄ | |
| မဏိမဉ္ဇူနိဿယ ပဌမတွဲ.... .... | ၄ | |
| မနုကျယ်ဓမ္မသတ်-မြန်မာ၊ .... | ၆ | ၈ |
| မဂ္ဂါဓိဂမဒီပနီကျမ်း .... .... | ၃ | |
| မရဓ-ရသဝါဟိနီသိဟဠဝတ္ထု .... | ၄ | ၈ |
| တိပိဋကဝိနိစ္ဆယကျမ်း ရှင်းကိုင်းဆရာတော် } ပ-ဒု .... | ၄ | ၈စီ |
| နရသာသနကျမ်း .... .... | ၅ | |
| ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိ .... .... | ၃ | |
| ဝိထိပုံ-သိမ်ပုံ-ဆန်းပုံကျမ်း | ၅ | ၈ |
| ဇင်းမယ်ပဏ္ဏာသကျမ်း .... | ၆ | |

| စက္ကူဖိုး။ | ကျပ် | ပဲ |
|---|---|---|
| အဋ္ဌသာလိနီဂဏ္ဌိသစ် .... .... | ၄ | |
| နိဗ္ဗာနသရူပဒီပကကျမ်း-မြို့ပြင်ကြီး .... | ၄ | |
| ပရမတ္ထဝိနိစ္ဆယဓာတ်ကျမ်း-ဦးတိုးမင်း | ၃ | |
| ဘာသုတိ-တွက်ရိုးစကားပြေကျမ်း.... | | ၁၀ |
| သူရဿတိနီတိ၊လယ်တီပဏ္ဍိတ- ပ-ဒု | ၁ | ၈ ၆ |
| ခန္ဓသရူပဝိပဿနာရှုဘွယ်-ဦးဇာဂရ | ၁ | ၈ |
| မဇ္ဈိမဒေသသာသနာဝင်ကျမ်း-ဦးသီလာစာရ | ၄ | |
| ပဋ္ဌာနအခြေနည်းပြကျမ်း-ပဌမတွဲ ပဌမပြန်စာမေးပွဲအတွက် | ၁ | ၄ |
| ကူးသန်းရောင်းဝယ်ရေးဂဏန်းသင်္ချာ | ၁ | ၄ |
| အမျိုးသမီးတာဝန်ခေါ်-အိမ်သူလမ်းညွှန် | | ၈ |
| ဝိမာနဝတ္ထုဘာသာပြန်-ပဌမတွဲ .... | ၁ | ၈ |
| ပါတိမောက္ခဝတ္ထုဒီပကကျမ်း-ဝိနည်း ဆိုင်ရာ-ဆရာတော်-ဦးသာကိန္ဒ | ၁ | ၄ |
| အနုဒီပနီကျမ်း-ကန်ဦးဆရာတော် .... | ၄ | |
| စွယ်စုံကျော်ထင်ကျမ်း-ပဌမတွဲ .... | ၄ | |
| စေတိယင်္ဂဏဝိနိစ္ဆယကျမ်း .... | | ၁၂ |
| ဆန္ဒောဘာရတီ .... .... | ၁ | ၄ |
| ကာလကြီးငိုကာအဟော .... | ၁ | ၈ |

မန္တလေးမြို့ ရွှေရေးဆောင် ဆရာတော်ဘုရားကြီး ဦးကြည်သည်
သဒ္ဒပါရဂူ ပြုလုပ်လိုသူတို့အကျိုးငှါ ရေးသားစီရင်တော်မူခဲ့သော

ရိုက်ပြီးကျမ်းများ။

ရွှေရေးဆောင် နိယံအဖြေဖြစ်သော ဂန္ထိရတ္တနိယာမဝိသဇ္ဇနာကျမ်း၊
ပဉ္စမ-ဒုတိယ-တတိယ-၃အုပ်-တအုပ်-၃ ကျပ်-၈-ပဲ စီ၊
သောတုဇနဟိတ ကာရီကျမ်း၊ တအုပ်-၁-ကျပ်-၈ ပဲ၊
ရွှေရေးဆောင်နိသံ- ၆-ပဲ၊

မန္တလေး ရွှေမြို့တော် မစိုးရိမ်တိုက် မရိယဏ္ဍိ နယူပဒေသကျောင်း
နာယက ပရိယတ္တိသာသနဟိတ ဓမ္မာစရိယစာချဆရာတော်ဦးဇောတိပါလ
အရှင်သူမြတ် ရေးသားစီရင်တော်မူအပ်သော ကျမ်းများ။

သင်္ဂဟာအမေးအဖြေနှင့်သဒ္ဒါအမေးအဖြေ
၂-စောင်တွဲ-ဦးဇောတိပါလ } ၁ ကျပ် ၈-ပဲ၊
ပါတိမောက္ခအမေးအဖြေ- ၄င်း ၁-ကျပ် ၈-ပဲ
သဒ္ဒတ္ထဘေဒစိန္တာ အမေးအဖြေနှင့်
ကစ္စာယနသာရ အမေးအဖြေ
၂-စောင်တွဲ-ဦးဇောတိပါလ } ၁-ကျပ် ၈-ပဲ၊

ရန်ကုန်မြို့ ဇဟာနီးတောရဆရာတော်အသျှင် စန္ဒိမာမူ-ဓမ္မပဒဝတ္ထုတော်ကြီး
ပ-ဒု-တ-စ-ပဉ္စမ-တအုပ် ၃-ကျပ်-၈ပဲ စီ

မှာကြားရန်ဌာန။ ။ကိုပေါ်ရင် မခေါ်ရင်။
ရတနာဥဂါဒီ ပိဋကတ်စာအုပ် ဆိုင်ကြီး။
နံပါတ်-၆၉-၇၀ ရွှေတိဂုံဘုရားကြီး ဈေးတော်ရှေ့
ရန်ကုန်မြို့။

ဦးသိန်း-ဒေါ်ဖွားတင်-သား မောင်စံဝ သက်နိုးနှင့်
ပရိက္ခရာ ကုန်သည်။
ဆိုင်နံပါတ် ၁၁-၁၂၊ ဈေးချိုဘော် စီရုံ၊ မန္တလေးမြို့။